
www.burmeseclassic.com


လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အား စိစစ်မှုမမ်ပတည်းဖြတ်သည်။

# ဗေဒင်ပြိုင် မဂ္ဂဇင်း

**သားကောင်းမီခင်ဂါထာ**

ယောမေ အယံ ဘန္တေ၊
ကုစ္ဆိဂတော ကုမာရသောဝေါ၊
ကုမာရိကာဝါ၊
သော ဘဂဝန္တံ သရဏံ ဂစ္ဆတိ ဓမ္မဉ္စ။
ဘိက္ခုသံဃဉ္စ ဥပါသကံတံ၊
ဘဂဝါ ဓာရေတု၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။





လိုတရစေသော ထူးဆန်းသည့်
ပန်ကာလေး (စာ - ၉၁)

သားယောကျ်ားလေး
ရလိုသော် (စာ - ၆၉)

နဂါးတို့တိုင်းပြည်မှ ဗုဒ္ဓမြတ်စွယ်တော်ကို
ဖူးမြော်ခြင်း (စာ - ၁၇)

www.burmeseclassic.com

www.burmeseclassic.com

**လာဘ်မိုးရွာဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါပေဟာတု ဘဝါဘဝေ။

မင်္ဂလာစွယ်တော်

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ် (၂၇၇)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

[illegible]ထုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွာ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
[illegible]ဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဝင်
အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

[illegible] - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ [illegible]မှ ပုံနှိပ်သည်။

[illegible] - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်

[illegible] - ရုကီ၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ဖိုးအောင်၊ စလွင်မောင် တို့က ပန်းချီဆွဲ၍ [illegible]ရုံးစရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။

BURMESE CLASSIC

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့[illegible] သုတအဖြာဖြာကိုလည်းကောင်း။ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း။ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် [illegible]ကြောင်းအရာများ။ ဝေဒပါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ။ ထူးခြားသော စေတီပုထိုးများ။ ရဟန်း[illegible]များအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ။ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော [illegible]ဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် [illegible]သဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း။ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း။ ၎င်းတို့၏ စွမ်းဆောင်ချက်[illegible]ကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရှုမဝ မဂ္ဂဇင်း

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ် (၂၇၇)

## မာတိကာ

### ရှောင်ပြန် ကဗျာ

သက်ဝေကိုကို၊ စိုးတင့်ထူး(မအူပင်)၊ မောင်ခေတ်ထွန်း။
အောင်ရာဇာ(ဥက္ကလာ)။ မောင်မိုးလှိုင်(သစ္စာမြေ)၊
သွေးရည်၊ တက္ကသိုလ်စိုးယဉ်၊ ဝေယံမြင့်(ဗိုလ်ကလေး)

### ရှောင်ပြန် အခန်းဆက်ရသ


မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရှုပ်တော်ပုံ(၅)
မောင်ယဉ်မွန်(မော်စနေခြည်) —— ၁၃၈
မွန်းတည့်ချိန်မှာ အရိပ်ရှာသူ(၈)
ကျော်မြသန်း —— ၁၅၈
ဘဝအသနျှေ(၈)
မင်းဘိခ် —— ၁၇၄






ကျွန်ုပ်နှင့် ရဟန္တာ ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ၏
ဘဝဖြစ်စဉ်တော်စဉ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ

မင်းတိုင်ပင် (မြစ်ရောင်စမြဲ)



စာ-၄၈







www.burmeseclassic.com

## လိုတရစေသော ရှုးဆန်းသည့် ပန်ကာစဆေး

မင်းသိခ်



စာ - ၉၁

## မြန်မာ့ရေးရာ


နဂါးတို့တိုင်းပြည်မှ ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ခြင်း
ဘဒ္ဒန္တရာဇိန္ဒ(နဂါးကိုးကောင်ဆရာတော်) —— ၁၇

နတ်ဘီလူးတို့၏ ကုသိုလ်တော်နှင့် ဘီလူးညီနောင်ဆရာတော်
ဦးအောင်(ယုဇနဥယျာဉ်မြို့တော်) —— ၂၃

ရှေးဟောင်းမော်ဘီရာဇဝင် သမိုင်းဝင်
ရွှေမော်တင်ဘုရားနှင့် အရံဘုရားများ
ခွေမြင့်သူ(ကြေး/မြေ) —— ၃၀

ရှစ်သောင်းပုထိုးတော်ကြီး
လေးဝတီကျော် —— ၃၅


ဒေဝမည်တွင် သိမ်မြို့ရှင်
စေတိုင်တည် —— ၄၁

ဖူးကြရည်မျှော် ဇလုံတောင်တော်
မြန်နှံ့ရှင် —— ၄၅

ကျွန်ုပ်နှင့် ရဟန္တာ ဝိဇ္ဇာမဟိဒ္ဓိသိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ၏
ဘဝဖြစ်တော်စဉ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ
မင်းတိုင်ပင်(မြရောင်မြေ) —— ၄၈


## အမည်းစပေးခြင်း နှင့် တွက်နည်း





ထူးမိုးနိုင်

စာ - ၇၂

## ရောင်မြန် ရသ


အယောင်ဆောင်တစ္ဆေ
ဝိတ်ာမြိုး —— ၁၁၄

ရွှေမာယာ
တင်ဝင်းလှ —— ၁၂၈

ဆေးကောင်းတစ်ခွက်နှင့်သူ့အတွက်
မနုဿကျော်ဝင်း/ —— ၁၆၀

နှန်ချွန်ရွာမှ နိမိတ်ဆန်း
ကိုမောင်သန်းဝင်း —— ၂၀၈

ရာမ၊ လက္ခဏ၊ သီတာဒေဝီ
ပထမံဆရာကြီးဦးအောင်သူ —— ၂၁၆

ကျားတစ်ခုန် ကြွေတစ်လက် ရွှေကွက်သားသူ အောင်လံရ
ကျော်မင်းနိုင် —— ၂၄၀

အလွမ်းတွေ ဝေခဲ့သည်
မြမြလှိုင် —— ၂၆၂


စာ - ၁၃၃



မှော်နှင့် ဂမ္ဘီရ

နေအောင်တင့်(...)


အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး


လာဘ်မိုးရွေ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)

၅၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com





## လောကီရေးရာ

မင်္ဂလာကျက်သရေ ရှိပါစေ
နိုင်မမ(ပညာရေး) ———————— ၂၂
ရွှေရင်အေးမြ ချမ်းသာရ
မြင့်မြတ်ကျော်ခေါင် ———————— ၅၁
လူသားကို စောင့်ရှောက်သော လောကပါလတရား
စာဘဂ္ဂျာမြဝင်း ———————— ၅၆
ကြံတောသုသာန်၌ နိမိတ်ကြီးလေးပါး ဆုံစည်းခြင်း
ညွန့်သစ် ———————— ၅၉
ရေခဲ့ဓွေးဆောင်းပါးနောက်ဆက်
မောင်အေးသန့် ———————— ၆၁
ဗုဒ္ဓအလိုကျ ဘဝနေထိုင်မှုပုံစံ
ဆင်ဖြူကျွန်းမြင့်သိန်း ———————— ၆၃
ကျွဲငမန်းနှင့် ဂန္ဓာရသစ်တခါး
ထင်ကျော်စွာ(ဂန္ဓီရရွာစု) ———————— ၆၆
ခုက္ခ၏ အလှတရား
အောင်ရဲဆွေ ———————— ၉၇
ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်
[illegible]
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ———————— ၁၀၁
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ———————— ၁၀၃
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ———————— ၁၀၄
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ———————— ၁၀၅
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———————— ၁၀၆
တပေါင်းလ၏ အခါတော်နေ့
တက္ကသိုလ်သျှင်ဥက္ကာ ———————— ၁၀၇
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ
ကေတီအောင်သိန်း ———————— ၁၁၀
စိန်ဒိုးစည် လွယ်သလေလေ
ဖြိုးဟန်ကျော်(ကော်သ) ———————— ၁၁၂
လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော် တည်ထားကိုးကွယ်ပူဇော်ရခြင်း
သဒ္ဓါကျောက်ဆရာတော် ———————— ၁၂၁



www.burmeseclassic.com





## လောကီရေးရာ

မှော်နှင့် ဂန္တီရ
နေလင်းအောင်(စလေ) —— ၁၂၃
မွေးနေ့လက်ဆောင်
မောင်မောင်မြင့်အေး —— ၁၃၄
ရှေးခြေတစ်လှမ်းတိုးလိုက်သော စာရေးဆရာအသင်း
တက္ကသိုလ်သခ် —— ၁၅၄
မေတ္တာရိပ်မှ စွန့်ပယ်ခံ သိုးမည်းလေးများ
အောင်ကျော်ညို(ဆင်ချဲစိပ်) —— ၁၈၆
မြို့ရန်ကုန်ဝန်းကျင်မှ ဂန္တီရဆန်းကြယ်ဖြစ်ရပ်များ
ပထမံဝိဇ္ဇာအောင် —— ၁၈၇
ပန်းသီးရွှန်းနီနှင့် နှင်းဆီဥယျာဉ်
မောင်ကောင်းမြင့် —— ၁၉၇
ငါးထောင့်ကြယ်နှင့် ထူးခြားသော စွမ်းအင်များ
သရဖီ —— ၂၀၀
အမျိုးကို စောင့်ရှောက်သည့်ဘုရင်
ခင်မောင်အေး(မန္တလေး) —— ၂၀၁
ဂန္တီရဆန်တဲ့ တရုတ်နဂါး
ပန်းချီမြတ်အောင် —— ၂၀၃
ဟန်ကျပန်ကျ မဂ္ဂဇင်း
အောင်ကောင်းမြဲ(သာကေတ) —— ၂၀၄
ပထမံကြီးပေးတဲ့ ဆင့်ဂံနေ့မှာ
မော်တင်သိန်းဇော်ဇ —— ၂၃၀
စောင့်ရင်းနဲ့ ပန်းတွေနွမ်း
ရှယ်လီသိန်းမောင် —— ၂၃၃
ဘဝအမောစင်မယ့် လှတောတစ်ခွင်ဟာသများ
ဦးကောင်းထူး —— ၂၃၅
အမြန်ဆုံးရောင်းလို့ထွက်ပါစေ
မင်းသူကျော် —— ၂၅၆
နိမ္မာန်လမ်းပြ ဝိပဿနာတရားတော်(၂)
မဟာထွန်း —— ၂၅၇
အစွမ်းထက်တဲ့ ထန်းလျက်ယတြာ
ဓာက်လှမျိုးသစ် —— ၂၇၉

### မြို့ရန်ကုန်ဝန်းကျင်မှ
## ဂန္တီရဆန်းကြယ် ဖြစ်ရပ်များ (၅)

ပထမံဝိဇ္ဇာအောင် စာ - ၁၈၇



စာ - ၁၉၇

### မြည်တွင်းမြည်ဝ
## ဝိညာဉ်လောက ယုံကြည်ချက်များ

လုတိုး(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ———————— ၁၉၃







## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

သားယောက်ျားလေး ရလိုသော်
ကျီးမန်းတင်ဝင်း(ပေါင်းတည်) ———————— ၆၉
ခမည်းပေးခြင်းနှင့် တွက်နည်း
လှမိုးနိုင် ———————— ၇၂
ကလေးသူငယ်များ မာတြာနှစ်ဖမ်းခြင်းမှ ကင်းဝေးလိုလျှင်
တင့်ထွေး(ဗေဒပဝတီ) ———————— ၇၅
သားလိုမှာ သမီးလိုမှာ ရစေနိုင်တဲ့ ဂါထာများ
အေးဖေသိန်း(ရွှေကန်) ———————— ၇၇
သားသမီးရတနာများ ရရှိစေရန်
လှိုင်ထွားဦး ———————— ၇၉
သူငယ်နာရောဂါ
ဝင်းဇော်(သုံးဆယ်) ———————— ၈၂
စနေသားဦး မွေးသူများ ကောင်းအောင်စာတ်ဆင်နည်းနှင့်
သားသမီး အဖတ်မတင်သူများအတွက် စာတ်ဆင်နည်း
ဆရာဝေယံဦး ———————— ၈၅
သားကောင်းမီခင်ဂါထာ
အောင်သာထွန်းဝေ ———————— ၈၉
လိုတရစေသော ထူးဆန်းသည့် ပန်ကာလေး
မင်းသိမ်ိ ———————— ၉၁




လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com



## ရောင်ပြန်ပေဒင်


သိဒ္ဓိစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ———— ၂၈၅


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ———— ၂၉၄


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ———— ၂၉၆







## ရောင်ပြန် တိုင်းရင်းဆေး


အာဟာရပြည့် ဆေးဖက်ဝင် သစ်ပင်သီးနှံများ
သုတေသီဆရာငြိမ်း ———— ၂၆၇
တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုမှုများ
ဒေါက်တာသက်ဆွေ ———— ၂၇၀
ဆရာကိုသိဟပြောတဲ့ အနာပဆုပ်
သစ္စာဝါဒီမြတ်စောလင်း ———— ၂၇၇



**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**


**လာဘ်မိုးရွာ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)
၅၂ - လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


www.burmeseclassic.com

www.burmeseclassic.com

# လိုတရစေသော ထူးဆန်းသည့် ပန်ကာလေး



ဤလိုတရစေသော ထူးဆန်းသည့် မနောမယပန်ကာပုံကို
မိတ္တူကူးယူ၍ လိုသလို အသုံးပြုနိုင်သည်။

www.burmeseclassic.com


www.burmeseclassic.com

# နွေဦးသို့ သဇင်လည်ပြန်

**သက်ဝေထိုဝ**

- နောက်ဆုံးတောင်ကုန်းကို
  ငါတို့
  ဘယ်လိုသိမ်းပိုက်ကြမှာလဲ...။

- တောင်ကုန်းတွေက
  ဖောက်ပြန်ခဲ့တာ ကြာပြီ မောင်...။ ။



T.Z.T 2016

www.burmeseclassic.com

www.burmeseclassic.com

# ရွှေဆောင်သူ

## ဇော်ဇော်ရှမ်း

- ငွေဆောင်နှားလား။ ဖြောင့်ဖြောင့်သွားသော်
  နောက်နွားစဉ်လိုက်၊ ဖြောင့်ဖြောင့်လိုက်၏။

- ရွှေဆောင်နှားလော။ ကောက်ကောက်သွားသော်
  နောက်နွားစဉ်လိုက်၊ ကောက်ကောက်လိုက်၏။

- ဖြောင့်သွား ကောက်သွား။ လမ်းမှားလမ်းမှန်
  ရွေးချယ်မှုနှ၍ သတိသမ္ပဇဉ်
  ဉာဏ်နှင့်ယှဉ်ကာ၊ ဆင်ခြင်သတိ
  မြော်မြင်ကြည့်မှ၊ ပီသခေါင်းဆောင်
  ရွှေဆောင်နိုင်သူ ဖြစ်ပေအံ့။

- သို့မဟုတ်ပဲ
  အယူလွဲသော်
  နောက်ထဲရောက်မှာ သေချာသည်။




www.burmeseclassic.com

www.burmeseclassic.com

# ညခရီးသည်

မိုးအောင်မျှား(သရုပ်)

● စိတ်ဆိုတာ
အရိုင်းဝိုင်းလှည့်စားပါဘိ
ပုံပြောနေမယ် ပမာသွင်…။

● မကောင်းသည့် သည့်စိတ်
ကောင်းသည့် သည့်စိတ်
ချိတ်ချင်သလို ချိတ်နိုင်ပေါ့
ကိုယ့်စိတ်ကို အလိုလိုက်လေလေတော့
အနှောင်တိုက်ပျံ…။

● အမိုက်ကို အမှောင်ထင်
အနှောင်မြှီးပေမယ့် လောင်ပေါ်…။

● အကောင်းအဆိုး မရှိ
အကြောင်းအလဲ မသိရ
သတိတွေ အလိမ်ကိုက်ကင်းသည့်ပ
ကိုယ့်မြို့ဆင်ရှုမှတ်လို့
ဘယ်ရွာဝင် ရောက်ပါစေတော့
မကြောက်ပေါင်
နောက်မရောင် ဆေးဒဏ်စကားတွေနဲ့
သောကတွေ လွှမ်းစွားနေတယ်
(ညအို…)
မောပါလိုက်သွား…။ ။




www.burmeseclassic.com

www.burmeseclassic.com

# ဝန်းပွင့် မေမေ

## အောင်ရာဇာ (ဥက္ကလာ)

- မြေပေါ်ပုံကြွ
ပန်းခရေကို၊ မွှေးရာရွေးကောက်
ဖလားမောက်ပေါ့၊ အိမ်ရောက်သည့်ခါ
နီမြာ့သီမှုန်း "ခရေကုံး" ကို
မြိုလုံးအနှံ၊ ခြေဆန့်ပတ်ရောင်း
ဝမ်းစာကျောင်းခဲ့၊
နှစ်ပေါင်းမနည်းတော့ဘူးလေ။

- ပြော်...
ပန်းအစကြွနှင့်
ပန်းတွေလည်းပွင့်၊ လမ်းတွေဖွင့်ခဲ့
သားနဲ့သမီး၊ ဘွဲ့ရပြီး၍
သီးသီးလုပ်ငန်း၊ ဝင်ရောက်ထမ်းရွက်
ရာထူးတက်လည်း၊ ငြိမ်သက်မနေ
အို...အမေသည်၊ ခရေပင်အောက်
နေ့စဉ်ရောက်၍
ကောက်ယူပန်းများ သီကုံးဆဲ။ ။



www.burmeseclassic.com

www.burmeseclassic.com


# သုည ဇနကာ

**ဆောင်းနှင်းသျှင် (သစ္စာငြိမ်)**

● "တစ်"ကအစ
ကိုးကသောင်းခုံး ရှေ့မသုံးဘဲ
ရှေ့ခုံး "သုည"၊ မင်းသုံးပြုလျှင်
နောက်ကကိန်းများ တန်ဖိုးကျ...။

● တကယ်တမ်းဆို
သူ့ကိုအနောက်၊ တန်ဖိုးဆောက်မှ
ရှေ့ကကိန်းသေ၊ အနေမြင့်မြစ်
အလှတန်ဖိုးသစ်လိမ့်မယ်...။

● ကဲ...
ရှေ့ထည့် နောက်ထည့်
ညှိနှစ်လီကို ယှဉ်ကြည့်ခဲ့ရစ်
မင်းသုံးဖြစ်လျှင်၊ ချစ်သောသုည
နေရာချပြီး...
နောက်ထားနော် သူငယ်ချင်း...။ ။



TZT 2016

www.burmeseclassic.com


www.burmeseclassic.com

# သင်ခန်းစာ

[illegible]

- ကျောက်စိမ်းကျွတ်ရာ [illegible] ။

- ဘဝတစ်သက်တာ သင်ခန်းစာ [illegible] ရလာခဲ့တော့ ။




www.burmeseclassic.com

www.burmeseclassic.com

# ဒါဇင်နှင်းဝိ

## ကမ္ဘာ့ဆိုက်ပိုးမယ့်

- ဆံပြုတ်သွားကြွေး ပါးရေတွန့်ခဲ့ပြီ
မျက်စိနှင့်နား ဝေဝါးမှုန်ဝေ
ခါးလေကိုင်းအကွေး တောင်ဝှေးအားမှီ
ယိုင်လဲတော့သွား။ အသားအရေမြင်
ချိုးချွင်းပေပေ။ တွဲပို့ကြွသည့်
အသာ သာရေပေါ်နေ၏
ရင်တွင်းစိတ် ရွှမ်းဆီထိ။

- ဖေဖေတို့ခေါ် မြေအပေါ်တွင်
မော်ခေါသသာရေ ကြည်နူးမှုရှိ
တစ်ခုမျှ ပျော်ရွှင်ခဲ့ပါ
ကြားရမိကြ၊ သံပေးဝေလွှ ထိုတစ်ချေး။

- တစ်နေ့မှာတော့ ငါပင်ဘုံသို့
ရောက်ခဲ့ရ၊ ဆက်ရှုမှာပါ
သုဝါခေါပင်။ 'အသိသင်းကာ
"မိန့်ကာသိုလ်၊ သိလကာသိုလ်
ဘာသနာကာသိုလ်"၊ ပြန့်လိုပြီ
နေ့ညီနှိုင်းစောင်း။ ခါးမနှောင်းနှင့်
သံချောင်းခေါက်သံ နားဆင်မလော့။ ။




www.burmeseclassic.com

www.burmeseclassic.com

# ကဗျာသတ်ဘောင်


## သော်ကျွန်း (မှုံစာလေး)

● အတည်အခံနဲ့
ကြည်သန့်မှာ လေကဲ့ဖွဲ့လို့
ပေးပါလှည့် တောင်းတဲ့ကဗျာ။

● စပ်နည်းမညီ ထုံးမကျလျှင်
လုံးဝပယ်ပါ။

● ကဗျာသီ ချိုင်းပေါက်တွင်းက
တစည့် သိုင်းကွက်မနင်းပါက
ငြိမ်းမရအောင် တွဲစပ်ကာ
တစယ် ဗျည်းနဲ့သာရေ

● မိတ်ဆွေချစ် စာရေးသူနဲ့
အကဗျာ ပွင့်လွှာဦးကို
နှုတ်ဆိုပန်ပို့ ။



T.Z.T 2016

www.burmeseclassic.com

www.burmeseclassic.com

## နဂါးတို့တိုင်းပြည်မှ

# ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ခြင်း

ဘဒ္ဒန္တရာဇိန္ဒ(နဂါးကိုးကောင်ဆရာတော်)

ကျွန်ုပ်တို့အဖို့ တရုတ်ပြည်သူ့သမ္မတ မြန်မာနိုင်ငံသို့ တတိယအကြိမ်မြောက် ဘုရားဖူးခရီးထွက်ရန် ကုသိုလ်ကံဖန် လာပြန်ပြီဖြစ်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံလည်းဖြစ်၍ ဗုဒ္ဓဘာသာခြင်းလည်းတူပြီး အယူဝါဒ တူမျှသည်ဖြစ်ရာ ကျွန်ုပ်အဖို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အလည်အပတ် ဘုရားဖူးခရီးသွားရောက်ရန် ယေဘုယျကတည်းကပင် ဆန္ဒပြင်းပြခဲ့သည်။ ကျွန်ုပ်၏ ဆန္ဒ ပြင်းပြမှုကြောင့်ပဲလား နတ်ကောင်းနတ်မြတ်များ၏ စောင့် ရှောက်မစမှုကြောင့်ပဲလား မပြောတတ်။ ရောက်မယ်ရောက် တော့လည်း တစ်ခေါက်မက နှစ်ခေါက်မက ယခုအခါ တတိ ယအခေါက်ပင် သွားရောက်လေ့လာရန် အခွင့်အရေးရခဲ့ပြီ ဖြစ်ပါသည်။

ဤကဲ့သို့ ကျွန်တော် အင်မတန်မှ ရောက်သွားဖူးလို လှသော တရုတ်နိုင်ငံနှင့် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ် ရာ စွယ်တော်ဘုရားကို ဖူးခွင့်ရရန်အတွက် အခွင့်အလမ်း များကို လမ်းဖွင့်ပေးသော မန္တလေးမြို့ အခြေစိုက်ကောင်စစ် ဝန်ချုပ်ရုံးမှ ပုဂ္ဂိုလ်အကြီးအကဲများ။ ဒုတိယတရုတ်ကောင်စစ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ချုပ် မစ္စက်ကျွန်ယီလင်၊ ဖူးကျင့် တရုတ်ဘာသာဝင် စာသင်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးထွန်းနိုင်၊ ဒုတိယ ကျောင်းအုပ် ဒေါက်တာ မီမီထွေး စသည့် ပုဂ္ဂိုလ်များအား အထူးပင် ကျေးဇူးတင်ရှိလှပါသည်။

ယခု တတိယအကြိမ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရာခရီးစဉ်တွင် ကျွန်တော် အပါအဝင် မြန်မာနိုင်ငံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာတော်ကြီး ၁၇ ပါးနှင့်အတူ တရုတ်ကောင်စစ်ဝန်ရုံးမှ စကားပြန်နှစ်ဦးတို့ ဖြစ်သည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ၁၇ ပါးမှာ လက်ပံတောင်းဆရာတော်၊ အာရှအလင်းရောင် ဆရာတော်၊ နေပြည်တော် သီဟိုဠ်ဆရာတော်၊ အောင်ပင်လယ် နဂါးကိုးကောင်ဆရာတော်၊ ဇေတဝန်ကာရုံကျောင်းဆရာတော်၊ ပြည်လုံးချမ်းသာ ဆရာတော်၊ မဟာဝိဇိတာရာမဆရာတော်၊ မန်ကျည်းတောဆရာတော်၊ ပုဂံရွှေဂူဆရာတော်၊ မင်းကွန်း မဟာသာလဆရာတော်၊ ယင်းတိုက်ပင်ဆရာတော်၊ ရွှေစာရံ ဆရာတော်၊ ကံတက်ကုန်းဆရာတော်၊ တောင်စလင်းဆရာ တော်(၁)၊ တောင်စလင်းဆရာတော်(၂)တို့ ဖြစ်သည်။ ခရီးစဉ် တွင် ဖူးကျင့် ကွန်ဖူးရှပ် တရုတ်ဘာသာ သင်ကြားရေး စင်တာမှ ဒုတိယကျောင်းအုပ် ဒေါက်တာ ဒေါ်မီမီထွေးနှင့် ဆရာမထက်ထက်တို့လည်း လိုက်ပါလာခဲ့သည်။

ကျွန်ုပ်တို့ မန္တလေးမြို့ တံတားဦး နိုင်ငံတကာ လေ ဆိပ်မှ စတင်ထွက်ခွာသောနေ့မှာ ၁၉.၆.၂၀၁၆ နေ့ ညနေ ၃း၃၀ အချိန်ဖြစ်သည်။ လေယာဉ်စီးချိန် ၁း၃၀ နာရီအကြာ ညနေ ၅ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်း နိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်သည်။ တရုတ်စံ





www.burmeseclassic.com

www.burmeseclassic.com




တော်ချိန်သည် မြန်မာစံတော်ချိန်ထက် တစ်နာရီခွဲခန့်စော သည်ဖြစ်ရာ မြန်မာစံတော်ချိန် ၅ နာရီတွင် တရုတ်စံတော် ချိန်မှာ ၆း၃၀ နာရီ ဖြစ်နေပြီဖြစ်၍ မှောင်စပျိုးနေပေပြီ။

ကူမင်းမှတစ်ဆင့် ပေကျင်းသို့ လေယာဉ်ပြောင်း၍ စီးခဲ့ကြရာ ပေကျင်းမြို့သို့ နံနက် ၄ နာရီတွင် ရောက်ရှိပြီး NOVOTAL HOTEL သို့ နံနက် ၅း၃၀ နာရီ ၌ ရောက်ရှိခဲ့ကြသည်။ မိမိတည်းခိုရသော အခန်းမှာ ဟိုတယ် ခုနစ်ထပ်၊ အခန်းနံပါတ်(၇၀၀၅) ဖြစ်သည်။ တစ်နာရီကျော် ကျော်မျှ ခေတ္တနားနေပြီးနောက် နံနက် ၇း၀၀ နာရီတွင် အရုဏ်ဆွမ်းဘုဉ်းပေးပြီးမှပင် ခေတ္တခဏ ကျိန်းစက်ခွင့်ရတော့ သည်။

နေ့ဆွမ်းကို ဟိုတယ်မှာပင် ဘုဉ်းပေးပြီးနောက် ယနေ့ ၂၀-၆-၂၀၁၆ ခရီးစဉ်ကို စတင်ပါတော့သည်။ ယနေ့အဖို့ ကျွန်ုပ်တော်တို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာ တော်များအား လင်ကွမ်းဘုရားကျောင်းရှိ စွယ်တော်စေတီ နှင့် တရုတ်မြန်မာချစ်ကြည်ရေးအသင်းများသို့ ဆက်လက်ပို့ ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဗုဒ္ဓ၏ မြတ်စွယ်တော်စစ်စစ်ကို ကိုယ်တိုင်ကိုယ်ကျ ဖူးခွင့်ရမည်ဖြစ်၍ ကျွန်ုပ်မှာ ဝမ်းသာမဆုံးတော့ပေ။ ယခင် တစ်ကြိမ် ရောက်ခဲ့ဖူးပြီးသော်လည်း ကျွန်ုပ်အဖို့ ဖူး၍မဝနိုင် သေးပါ။


စင်စစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ သည် သမိုင်းသက်တမ်း ကာလရှည်စွာကတည်းက နှစ်နိုင်ငံ ရှေ့လမ်း၊ ငွေလမ်းဖောက်ခဲ့ပြီး ချစ်ကြည်ရင်းနှီးပြီးဖြစ်ပါသည်။ ပထမမြန်မာနိုင်ငံတော်ကို ထူထောင်၍ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာကို ထွန်းကားစေခဲ့သော ပုဂံပြည့်ရှင် အနော်ရထာ မင်းကြီးလက်ထက်မှစ၍ ယနေ့တိုင် ခေတ်အဆက်ဆက် မင်းအဆက်ဆက်တို့ အဆက်အသွယ်မပြတ် ကူးလူးဆက်ဆံ ခဲ့ကြ၊ ကုန်သွယ်ခဲ့ကြသည် မဟုတ်ပါလော။

လင်ကွမ်းဘုရားကျောင်းသည် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပျော်ရာ အထွတ်အမြတ်ဒေသဖြစ်သည်။ လင် ကွမ်းဘုရားကျောင်းတွင် စွယ်တော်စေတီတော်သည် တောင် မြင့်တောင်ခါးပမ်းတွင် တည်ရှိ၍ ကားရပ်နားရာနေရာမှ တစ် ဖာလုံခန့် တောင်တက်ခရီးကို လမ်းလျှောက်တက်ကြရသည်။ ကျွန်ုပ်မှာ ယခင်တစ်ခေါက်က ခြေညှပ်ဖိနပ်ဖြင့် လမ်းလျှောက် ခဲ့ရသဖြင့် အခက်မပြေ ဖြစ်ခဲ့ရသည်။ ယခုတစ်ခေါက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကြို့တင်ပြင်ဆင်၍ တရုတ်ဘုန်းတော်ကြီးသုံး အဝတ်ဖိနပ်ကို စီးခဲ့ရသဖြင့် သက်တောင့်သက်သာ ရှိပါသည်။

တောင်ခြေတွင် ဘုရားဖူးခရီးသွားများအတွက် အမှတ်တရပစ္စည်းဆိုင်များ၊ ဘာသာရေးအဆောက်အဦးများ၊ ကျောင်းဆောင်များဖြင့် အစီအရီတွေ့ရသည်။ တောင်ခြေတစ်နေရာတွင် ကားရပ်နားပြီးသည်နှင့် စွယ်တော်စေတီတော်ရှိရာသို့ ခရီးဆက်ချီတက်ခဲ့ကြရာ ဘုံအဆင့်ဆင့်ဖြင့် တင့်တယ်ကြည်ညိုဖွယ် ကောင်းလှသော စွယ်တော်မြတ်စေတီကို အဝေးမှပင် လှမ်းမြင်ဖူးတွေ့နေရသည်။

စွယ်တော်စေတီတော်မြတ်တည်ရှိရာ ရင်ပြင်တော်သို့ သွားရာလမ်းတွင် ကွင်းပြင်ကျယ်နှင့်တကွ နတ်ကွန်း၊ နတ်နန်းများကို ပြ်ခြာခဏ တွေ့ရသည်။ တရုတ်ဒေသခံများက နတ်ကွန်း၊ နတ်နန်းများရှေ့တွင် အမွှေးနံ့သာတိုင်များ အစုလိုက်အစည်းလိုက် မီးရှို့ပူဇော်၍ အလုအယက်ဆုတောင်းလျက်ရှိကြသည်။ အမွှေးနံ့သာတိုင်များ အဆင့်ဆင့်ပူဇော်နိုင်ရန် မီးဖိုများ၊ မီးပုံများ အဆင်သင့်ရှိနေသည်။

ထို့နောက် လင်ကွမ်းဘုရားကျောင်းပေါ်သို့ ဆရာတော်ထံ ဦးစွာရောက်၍ နှုတ်ဆက်ဖူးမြော်ခဲ့ကြသည်။ လင်ကွမ်းကျောင်းဆရာတော်က မြန်မာနိုင်ငံတော်ကြီးတစ်ပါးလျှင် ယွမ်ငွေ တစ်ထောင်ကျပ်စီ လှူဒါန်းသည်ကို လက်ခံရရှိခဲ့သည်။ လင်ကွမ်းကျောင်းဆရာတော်မှာ သက်တော်ကြီးရင့်ပြီဖြစ်သော





www.burmeseclassic.com

www.burmeseclassic.com

လည်း ဖော်ရွေပြုံးရွှင်လျက်ရှိသည်။ မြန်မာဘုန်းတော်ကြီးများအပေါ်၌လည်း တလေးတစား ဆက်ဆံသည်ကို တွေ့ရ၍ ကြည်နူးပီတိဖြစ်ရသည်။ ယခင်တစ်ခေါက်ကလည်း မြန်မာဘုန်းတော်ကြီးတစ်ပါးလျှင် ယွမ် ၃၀၀၀ စီ လှူဒါန်းခဲ့သေးသည်ကို အမှတ်ရမိသည်။

ထို့နောက် စွယ်တော်စေတီသို့ တက်ရောက်၍ မြတ်စွယ်တော်ကို အနီးကပ် ဖူးမြော်ခဲ့ကြသည်။ ယခုဖူးတွေ့ရသည့် စွယ်တော်မှာ မြတ်စွာဘုရား၏စွယ်တော်(အံသွားတော်)အစစ်ပင်ဖြစ်သည်။ အရှေ့သွားတော်က သီဟိုဠ်ကျွန်း၌ရှိသည်။ မြတ်စွယ်တော်ကို ရှင်ကျန်းဒေသကတစ်ဆင့် ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပထမဦးဆုံး ရှင်ကျန်းဒေသသို့ရောက်ရှိ၍ ဘုရင်ဧကရာဇ် မင်းဆက်တစ်ဆက်ပြောင်းတိုင်း မြို့တော်တစ်နေရာသို့ ပြောင်း၍ ကိုင်တွယ်တော်မူခဲ့ရာ ၎င်းမှ နန်ကင်းသို့ရောက်သည်။ ပါရှန်ဝါဒီဆရာတော်မှ နန်ကင်းသို့ပင့်ဆောင်တော်မူလာခဲ့ခြင်းဖြစ်သည်။ နန်ကင်းမှ ချန်အန်းသို့ရောက်သည်။

မြောင်မင်းဆက်လက်ထပ်ရောက်ခါမှ ယခုတည်ရှိရာ ပေကျင်း(ယခင် ယန်ကျင်း) (ခ) ပီကင်းသို့ ပင့်ဆောင်တော်မူလာခဲ့ခြင်းဖြစ်သည်။ ရုစ်နိုင်ငံ ပူးပေါင်းတိုက်ခိုက်မှုကြောင့် ယခင်တည်ထားသော ကျောင်းတော်မှာ မီးလောင်ပျက်စီးခဲ့ရသည်။ အတွင်းဂန္ဓကုဋီတိုက်၌ ကျောက်မျက်ရတနာများ ဌာပနာတိုက် တည်ရှိသည်။ ၁၉၅၈ ခုနှစ် ဝန်ကြီးချုပ်ချူအင်လိုင်းလက်ထက်မှ စတင်၍ အသစ်တည်ထားကိုးကွယ်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် မြတ်စွယ်တော်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ စေတီတော်မှာ ရွှေအစစ်ဖြင့် ပြုလုပ်ထားပြီး ရွှေချိန်ပိဿာ ၃၀၀ ရှိ၍ အဖိုးတန်ကျောက်မျက်ရတနာများစွာ ဌာပနာထားသည်။

စွယ်တော်စေတီတော်၏ အတွင်းပိုင်းမှာ ကြောင်လိမ်လှေကားသဖွယ် ပြုလုပ်ထားပြီး အတွင်းပိုင်းအားလုံးကို ကျွန်းသားများဖြင့် ပြုလုပ်ထားသည်။ ဘုံအဆင့်ဆင့်သို့ ကြောင်လိမ်လှေကားဖြင့် တက်ခဲ့ကြရသည်။ ကျွန်းသားများမှာ အိစက်ညက်ညော၍ အရောင်တဖိတ်ဖိတ်တောက်နေသည်။ ဤကျွန်းသားများအားလုံးကို ဗုဒ္ဓမြတ်စွယ်တော်အတွက် ကျွန်ုပ်တို့မြန်မာနိုင်ငံမှ လှူဒါန်းခဲ့ခြင်းဖြစ်သည်ဟု ဆရာတော်မှ သိရှိခဲ့၍ ဝမ်းသာဂုဏ်ယူမိသည်။ မြန်မာနိုင်ငံ၏ ကျေးဇူးကိုသိသဖြင့် မြန်မာနိုင်ငံသားများကိုသာ အထူးသဖြင့် ဦးစားပေး၍ တက်ရောက်ဖူးမြော်ခွင့်ပေးထားကြောင်းလည်း ဆက်၍မိန့်သည်။

စွယ်တော်စေတီတော်မှ အဆင်းတွင် အမှတ်တရပစ္စည်းဆိုင်များကိုဖြတ်၍ ပြန်ခဲ့ရသည်။ အမှတ်တရပစ္စည်းဆိုင်များတွင် ဘုရားဖူးသူများမှ အမှတ်တရပစ္စည်းများ ဝယ်ယူနေကြသည်မှာ စည်ကားလှသည်။ ဈေးကတော့ တော်တော်ကြီးသည်။ မြန်မာဘုရားဖူးဧည့်သည်တချို့ကတော့ တရုတ်ယွမ်ငွေများကိုကိုင်ကာ ခပ်လွယ်လွယ် ဝယ်ယူနေကြသည်။ ယွမ်ငါးရာ တစ်ထောင်ကို ရုတ်တရက် မစဉ်းစားလျှင် မဆန်းဘူးဟု ယူဆသော်လည်း မြန်မာငွေနှင့် တွက်မိပါက တစ်သောင်း၊ နှစ်သောင်း ဖြစ်နေမည်ကို စဉ်းစားမိဟန်မတူပေ။

စွယ်တော်စေတီတော်မှအပြန်တွင် တရုတ်မြန်မာ ချစ်ကြည်ရေးအသင်းသို့ လိုက်ပါပို့ဆောင်ပါသည်။ တရုတ်မြန်မာချစ်ကြည်ရေးအသင်းကို ၁၉၅၂-၉၅၃ ခုနှစ်က တည်ထောင်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ခေတ္တရပ်ဆိုင်းခဲ့ပါသည်။ ၂၀၁၀ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဗုဒ္ဓဘာသာအဖွဲ့၊ ပညာရေးအဖွဲ့၊ လူမှုရေးအဖွဲ့ စသည်ဖြင့် အဖွဲ့ပေါင်း ၁၀ ကျော်ကို ဖိတ်ခေါ်ခဲ့သည်။ တရုတ်မြန်မာ ချစ်ကြည်ရေးအဖွဲ့မှ ကျောင်းသားကျောင်းသူ ၂၀၀ ကျော်ကိုလည်း အခမဲ့ကူညီခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြေပေါ်သို့ တတိယအကြိမ်မြောက် ရောက်ရှိခဲ့ပြီး ပထမဦးဆုံးနေ့မှာပင် ဗုဒ္ဓမြတ်စွယ်တော်စေတီတော်ကို ဖူးမြော်ကြည်ညိုခွင့်ရသဖြင့် ဝမ်းမြောက်ပီတိဖြစ်ရသည်မှာ ပြောမပြတတ်အောင်ပင် ရှိနေပါတော့သည်။

သဗ္ဗေသတ္တာ အဝေရာ ဟောန္တု...

**ဘဒ္ဒန္တရာဇိန္ဒ(နဂါးကိုးကောင်ဆရာတော်)**



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာကျက်သရေ ရှိပါစေ

**နိုင်မမ(ပညာရေး)**

နံနက်စောစော အိပ်ရာမှထပါ။ မျက်နှာကိုယ်လက်တို့အား သန့်ရှင်းပါ။ ပြီးပါက အိမ်တံခါးကို အသံမမြည်အောင်ဖွင့်ပါ။ ထို့အတူ ပြတင်းတံခါးပေါက်များကိုလည်း အသံမကြားအောင် ဖွင့်ပါ။ ထိုသို့ဖွင့်သည့်အခါဝယ်...

"ဟေ မိတ္တံ၊ ဟေ ဓနံ၊ ဟေ လာဘံ
ဟေ သုခံ၊ ဟေ ဇေယျ။ ဟေ မင်္ဂလံ
သဗ္ဗသိဒ္ဓိ ဒေဟိ ဒေဟိ"

ဆိုသော မိတ်ခေါ် ဥစ္စာခေါ် လာဘ်ခေါ် ချမ်းသာခြင်းခေါ် အောင်မြင်ခြင်းခေါ် မင်္ဂလာခေါ်သည့် သိဒ္ဓိအလုံးစုံပြီးမြောက်စေသည့် ဂါထာတော်အား ရွတ်ပွားလျက် "သတ္တဝါအပေါင်း ကျန်းမာချမ်းသာကြပါစေ"ဟူ၍ မေတ္တာပို့ရပါမည်။

ညနေပိုင်းသို့ရောက်ပါက ဆီမီးထွန်းမင်္ဂလာကို ပြုလုပ်ရပါမည်။

ညနေ ၆း၀၀ နာရီ နေဝင်လုဆဲအချိန်၌ အိမ်ရှိဘုရားအား ဆီမီးထွန်းကာ ပူဇော်ရပါမည်။ ဆီမီးထွန်းသည်ဆိုရာဝယ် ဆီမီးခွက်ထဲသို့ ပဲဆီ၊ နှမ်းဆီ၊ မုန်ညင်းဆီ၊ ငနေကြာဆီ၊ သံလွင်ဆီ၊ ထောပတ်ဆီ၊ အကြော်ခံဆီ စသည်ဖြင့် တစ်ခုခုသောဆီကို အသုံးပြုရပါမည်။ ဖယောင်းတိုင်ကို မသုံးရပါ။ ခွက်အတွင်းရှိနေသော ဆီတွင်းသို့ မီးစာကိုထည့်ကာ ထွန်းညှိပူဇော်ရပါမည်။ မနက်ပိုင်းကိုသော်လည်းကောင်း။ ညနေခင်းကိုသော်လည်းကောင်း ပုံမှန်မပျက်မကွက် လုပ်ဆောင်သွားပါလျှင် မိတ်ဆွေကောင်းများ ရောက်ရှိလာပါလိမ့်မည်။ ဥစ္စာပစ္စည်းများ ရောက်ရှိလာပါလိမ့်မည်။ လာဘ်လာဘငွေကြေးများ ဝင်လာပါလိမ့်မည်။ စိတ်ချမ်းသာမှု ရရှိလာပါလိမ့်မည်။ အောင်မြင်မှုတွေ ရရှိလာပါလိမ့်မည်။ အလုံးစုံသိဒ္ဓိမြောက်သည့်တဝဲ့ ကျက်သရေမင်္ဂလာမှန်သမျှ ပြည့်ဝလာပါလိမ့်မည်။

မနက်ခင်း၌ ဘုရားရှင်အား ဆွမ်းကပ်၍ ညနေခင်း၌ ရေပူရေချမ်းများ ကပ်နိုင်ပါသည်။ မင်္ဂလာပြုနေချိန်ဝယ် ကျက်သရေမင်္ဂလာကင်းမဲ့သည့် အလွမ်းသီချင်းများ၊ ဝမ်းနည်းကြေမှု ဆူဆူပူပူသီချင်းများ ဇာတ်လမ်းဇာတ်ထုပ်များကို မဖွင့်ရပါ။ သာယာချိုမြ မင်္ဂလာပြည့်ဝသည့် သီချင်းများကို ဖွင့်နိုင်ပါကြောင်း။

နိုင်မမ(ပညာရေး)




www.burmeseclassic.com

www.burmeseclassic.com

# နတ်ဘီလူးတို့၏ ကုသိုလ်တော်နှင့် ဘီလူးညီနောင်ဆရာတော်

ဦးအောင်(ယုဇနဥယျာဉ်မြို့တော်)




တစ်နေ့သော ညနေခင်းတွင်ဖြစ်သည်။ ညနေစာ ထမင်းကို ခပ်စောစော စားပြီးသည်နှင့် ကျွန်ုပ်တစ်ဦးတည်း ခြံထဲတွင် ကုလားထိုင်တစ်လုံးနှင့်ထိုင်ရင်း လက်ဖက်ရည်ကြမ်းနှင့် စီးကရက်ကို သောက်ကာ ထမင်းလုံးစီရင်း အနားယူနေစဉ် ကားဟွန်းသံကြား၍ ခြံဝသို့ လှမ်းကြည့်မိလိုက်၏။ ကျွန်ုပ်၏ ညီမတော်လင်မယားဖြစ်သည့် ခင်မောင်ဇော်နှင့် လှဲ့လှဲ့အောင်တို့ ခြံဝင်းထဲသို့ ကားနှင့် ဝင်လာကြသည်ကို တွေ့ရှိရပါသည်။ ကားပေါ်မှဆင်းသည်နှင့် ညီမတော်မှ "ကိုကြီးအောင်. . .နေကောင်းလား" ဟု လှမ်းမေးရင်း "ဟောဒီမှာ. . .ကိုကြီးအောင်ညီက ဘုရားဒကာလုပ်နေပြီ။ ဗွာပနာပိတ်ဖို့အတွက် ကိုကြီးအောင်နဲ့ တိုင်ပင်ချင်လို့ လာကြတာ။ စကားပြောနိုင်ကြဦး" ဟုပြောရင်း ကျွန်ုပ်၏ဇနီးထံသို့ ဝင်သွားပါတော့သည်။

ကျွန်ုပ်နှင့် ခင်မောင်ဇော်တို့ နှစ်ဦးသား ခြံထဲတွင်ထိုင်၍ ခင်မောင်ဇော်မှ ကျိုက်ထီးရိုးရသေ့တောင်တန်းရှိ ကုဋ္ဌာသသောင်ပေါ်၌ ဘီလူးညီနောင်ချောင်တိုက်တွင် ၎င်းတို့ မိသားစု ကိုးတောင်ပြည့်စေတီတစ်ဆူ တည်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း။ ဘီလူးညီနောင်ကျောင်းတိုက် ဆရာတော် ဦးသုမနမှ တာဝန်ယူ၍ ဆောင်ရွက်ပေးနေကြောင်း။ မကြာမီ ရက်အတွင်းတွင် ဌာပနာပိတ်တော့မှာ ဖြစ်၍ မြတ်စွာဘုရားဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များကို ဌာပနာသွင်း၍ ပူဇော်လိုသဖြင့် ကျွန်ုပ်တွင် ဆက်သွယ်မှုများရှိပါက ဆောင်ရွက်ပေးစေလို၍ လာရောက်တိုင်ပင်ကြကြောင်း ပြောပါသည်။

ကျွန်ုပ်ကလည်း ကျွန်ုပ်ကိုးကွယ်သည့် ရာဇဂြိုဟ်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဇေယန္တမှ ယခင်က အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်မြို့၌ ၆ဂ ဝါမျှ သီတင်းသုံးနေထိုင်တော်မူခဲ့ပြီး ယခု အခါ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၌ သီတင်းသုံးနေထိုင်တော်မူကြောင်း။ သက်တော် ၁၀၂ နှစ် ကျော်လွန်ပြီဖြစ်၍ သက်တော်ရှည် ဆရာတော်ကြီးတစ်ပါးလည်း ဖြစ်ပြီးလျှင် နိုင်ငံတော်မှလည်း "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို ကပ်လှူပူဇော်ထားကြောင်း ဆရာတော်ဘုရားကြီးထံတွင် ရာဇဂြိုဟ်မှ ပင့်ဆောင်လာခဲ့သော ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များ၊ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၏ ဓာတ်တော်များအပြင် အခြားဘုရားလက်ထက်တော်က ရဟန္တာများ ဓာတ်တော်များလည်း ဆရာတော်ကြီး၏ကျောင်းတိုက်တွင် ပူဇော်ထားရှိကြောင်း ထိုဓာတ်တော်စစ် ဓာတ်တော်မှန်များကို ခင်မောင်ဇော်၏ဘုရားတွင် ဌာပနာထား၍ ပူဇော်နိုင်ရန် လျှောက်ထားပေးမည်ဖြစ်ကြောင်း ပြောဆိုသည်။

ဆက်လက်၍ ခင်မောင်ဇော်မှ ထိုဓာတ်တော်များကို ဆရာတော်ကြီးမှ ပေးလှူ၍ ဌာပနာသွင်းပူဇော်ခွင့်ရပါက ကျွန်ုပ်ကိုလည်း ဘီလူးညီနောင် ဆရာတော်အား ဖူးမြော်ရန် ပို့ကခဲ့စေလိုကြောင်း။ ဌာပနာပိတ်ရာတွင်လည်း ပါဝင်စေလိုကြောင်း ပြောကြား၍ ရာဇဂြိုဟ်ဆရာတော်ကြီးထံသွားကြရန် နေ့ရက်ကိုရွေး၍ ချိန်းဆိုလိုက်ကြပါသည်။


ဌာပနာပိတ်ရက် တစ်ရက်အလို

www.burmeseclassic.com

တွင် ကျွန်ုပ်နှင့် ခင်မောင်ဇော်တို့နှစ်ဦး ဓာတ်တော်များကိုပင့်ဆောင်ကာ ကျိုက်ထီးရိုးရသေ့တောင်တန်းရှိ ကုဏ္ဍာသယ ဘီလူးညီနောင်ကျောင်းတိုက်သို့ ထွက်ခဲ့ကြရာ နေ့လယ် ၁၁ နာရီခန့်တွင် ဘီလူးညီနောင်တောင်ခြေသို့ ရောက်ခဲ့ကြပါတော့သည်။

ဘီလူးညီနောင် ကျောင်းတိုက်မှာ ရသေ့တောင်သို့ ဖြတ်ကျော်၍ ၁၅ မိနစ်မျှ ခြေလျင်လျှောက်ရပါသည်။ လမ်းတွင် ဝေပုလ္လကျောင်း၊ ကုဏ္ဍာသယကျောင်းတို့ကို ကျော်လွန်ပြီးသည်နှင့် တောင်တစ်လုံးပေါ်တွင် ဘီလူးရုပ်တုကြီးကို ထင်ရှားစွာ တွေ့ရှိရပါသည်။ ဘီလူးကြီးများမှာ အလွန်လက်ရာမြောက်ပြီး ညနေခင်း နေဝင်ဖျိုးဖျအချိန်၌သော်လည်းကောင်း၊ နံနက် လင်းအရုဏ်တက်ချိန်၌လည်းကောင်း အမှတ်တမဲ့မြင်တွေ့ရပါက တကယ့် သက်ရှိဘီလူးကြီးများ ထိုင်နေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ တောင်ပတ်လည်တွင်လည်း ကြီးမားသော ဘီလူးရုပ်တုကြီးများမှာ အစောင့်အရှောက်များပမာ ဖြစ်နေပြီး ထိုဘီလူးရုပ်ကြီးများကို ဖြတ်ကျော်၍ တောင်ပေါ်သို့ ရောက်ရှိသွားသည့်အခါ၌ ပေ ၂၅၀ × ပေ ၁၀၀ ခန့် ကျယ်ဝန်းသည့် တောင်မျက်နှာပြင်ပေါ်တွင် ကြွေပြားများ အပြည့်ခင်းထားသည့် ရင်ပြင်တော်၌ ကိုးတောင်အမြင့်ရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ နဂါးရုံဘုရားတစ်ဆူ၊ ကိုးတောင်ပြည့် စေတီတော်တစ်ဆူနှင့် အဘဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင် စသော ပုဂ္ဂိုလ်ထူးများ၏ ဓာတ်ခန်း၊ သူရဿတီမယ်တော်၊ ကွမ်ရင်မယ်တော်၊ အစ်မတော်မြနန်းနွယ်၊ အမေစံပယ်၊ ဆေးဘိုးတော် စသော ရုပ်တုများကိုလည်း တွေ့ရှိရပါသည်။

ရင်ပြင်တော်ဘေးတွင် အာရုံ တန်ဆောင်းကြီးတစ်ခု တည်ရှိပြီး ဘုရားဖူးများနားနေနိုင်အောင် ကျယ်ဝန်းပ သည်။ ခေါင်းရင်းနံရံတွင် ဘီလူးခေါင်ကြီး နှစ်လုံးကို လက်ရာမြောက်စွာ ရု လုံးရုပ်ကြွဖော်ထားပြီး အလယ်တွ ဘီလူးညီနောင်ဆရာတော် ကုဏ္ဍာသယ ဦးသုမန၏ပုံတော်ကို ချိတ်ဆွဲထားသည





www.burmeseclassic.com

www.burmeseclassic.com

မှာ အသက်ဝင်လှပြီး ဘီလူးညီနောင်ကျောင်းတိုက်၏ အမည်နာမကို ပိုမိုထင်ရှား ပေါ်လွင်စေပါသည်။ အာရုံခံတန်ဆောင်းမှ ဆင်းသွားပါက သံဃာတော်များ၏ နှစ်ထပ် ကျောင်းသင်္ခမ်းတစ်လုံး ဘုရားဖူးဧည့်သည်များ တည်းခိုရန် သုံးခန်းတွဲ တိုက်ကျောက်တစ်လုံးနှင့် ၎င်းတောင်ခြေ၏ အနောက်ဘက်တွင် လှေခါးထစ် ၂၀ မျှ ဆင်းသွားပါက ဘုရားဖူးများ ချက်ပြုတ်စားသောက်နိုင်ရန် မီးဖိုခန်းနှင့်တွဲလျက် ထမင်းစားဆောင် စသည်တို့အပြင် လူနှစ်ရပ်ခန့်နက်သော အုတ်ရေလှောင်ကန်ကြီးလေးလုံးနှင့် ရဟန်းတော်များအတွက်ကုဋီ၊ ကျား/မများအတွက် အိမ်သာစသည်တို့ကိုလည်း သန့်ရှင်းသပ်ရပ်စွာရှိကြသည်ကို တွေ့ရပါသည်။

၎င်းအုတ်ကန်ကြီးများထဲသို့ ရေကိုသိုလှောင်ထားနိုင်ရန် တောင်ခြေဆင်ခြေလျှော၌ရှိသော လျှိုမှ ကျနေသည့် စိမ့်စမ်းချောင်းလေးမှရေကို အုတ်ကန်တစ်ခုတည်ဆောက်၍ ခံထားကာ ၎င်းအုတ်ကန်မှတစ်ဆင့် တောင်ပေါ်ရှိရေကန်များသို့ ရေစုပ်စက်များကို အသုံးပြု၍ ရေလှောင်ထားခြင်း ဖြစ်ပါသည်။ မိုးကာလကုန်ဆုံး၍ နွေရာသီသို့ ရောက်ရှိသောအခါနှင့် သင်္ကြန်ရက်များတွင် ဒုလ္လဘရဟန်းခံရှင်ပြုပွဲများ၌ ထိုရေလှောင်ကန်များမှ ရေကို ဘုရားဖူးပရိသတ်များ သုံးစွဲနိုင်ကြသဖြင့် ဆရာတော်ဦးသုမနမှ ပင်ပန်းခံကာ ဆောင်ရွက်ပေးထားခြင်းကို တွေ့ရသဖြင့်လည်း ဆရာတော်ဘုရား၏ အမျှော်အမြင်ကြီးမားမှု၊ စေတနာထားရှိမှုတို့ကို ထင်ရှားစွာ တွေ့မြင်နိုင်ရပါသည်။

နောက်တစ်နေ့တွင် ခင်မောင်ဇော်တို့မိသားစု လှူဒါန်းထားရှိသော စေတီတော်၏ ဌာပနာတိုက်တွင် ကျွန်ုပ်တို့ပင့်ဆောင်လာသော ဗုဒ္ဓဓာတ်တော်ကြုတ်များ၊ ရဟန္တာဓာတ်တော်ကြုတ်များကို ဌာပနာသွင်း၍ ပူဇော်ကြပြီးသည့်နောက် ညချမ်းအေးအေးတွင် ဆရာတော်ဦးသုမနနှင့် စကားလက်ဆုံပြောဆိုကြရင်း ဤတောင်တော်၏ သမိုင်းဖြစ်စဉ်ကို မိန့်ကြားတော်မူပါ၍ ကျွန်ုပ်မှ လျှောက်ထားတောင်းပန်ခဲ့ရာမှ ယခု ဆက်လက်ဖော်ပြမည့် ဘီလူးညီနောင်ကျောင်းတိုက်နှင့် ဘီလူးရုပ်တုများ၊ စေတီတော်၊ ရုပ်ပွားတော်များ၊ တောင်ပိုင်ဘိုးဘိုးကြီး၊ ဆေးဘိုးတော် စသည့် တောင်တော်၏ ထူးခြားလှသော သမိုင်းကြောင်းကို သိရှိခဲ့ရပါတော့သည်။

လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလ ၁၉၉၅ ခုနှစ်လောက်၌ ကျိုက်ထီးရိုးရသေ့တောင်တော်ဆရာတော် ဦးစန္ဒိမာ၏တောင်တော်တွင် ကျောက်မြောင်းဈေးလမ်းနေ ဦးမောင်နီ၊ ဒေါ်လှလှသန်းတို့မှ ရဟန်းခံရှင်ပြုအလှူတော်ကို မြိမ့်မြိမ့်သဲမျှ ကျင်းပပြုလုပ်ခဲ့ရာ ယင်းအလှူတော်တွင် ဆရာတော်ဦးသုမနမှာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ရဟန်းအဖြစ် ခြောက်ဝါမျှ သီတင်းသုံးနေထိုင်ခဲ့ရာမှ တစ်နေ့တွင် စွန်တောင်ရှိ သိမ်သမုဒ်ပွဲသို့ ရသေ့တောင်မှ ဆရာတော်ဦးစန္ဒိမာနှင့်အတူ ဦးပဥ္စင်းဦးသုမနလည်း လိုက်ပါခဲ့ရလေသည်။ ရသေ့တောင်မှ ၁၅ မိနစ်ခန့် လျှောက်လာခဲ့ကြရာမှ စွန်တောင် သိမ်သမုတ်ပွဲမှ အပြန်တွင် ဦးပဥ္စင်းဦးသုမနအား ယခု ဤတောင်မှာတစ်ပါးတည်း သီတင်းသုံးရမည်။ ဦးပဥ္စင်းအတွက် တစ်ပါးတည်း သီတင်းသုံးနိုင်အောင် တဲကျောင်းတစ်လုံးဆောက်ပေးပြီး ဒီတောင်မှာ သီတင်းသုံး၍ သာသနာ့လုပ်ငန်း ဆောင်ရွက်လိမ့်မည်ဟု မိန့်တော်မူပြီး သိမ်သမုတ်ပွဲပြီးသည်နှင့် နှစ်ရက်၊ သုံးရက်ခန့်အကြာတွင် ဦးပဥ္စင်း ဦးသုမနအား ဤတောင်ပေါ်၌ တစ်ပါးတည်း ကျောင်းထိုင်၍ သီတင်းသုံးစေခဲ့ပါသည်။

ဦးပဥ္စင်းဦးသုမနမှာ ရဟန်းလည်း ဖြစ်ခါစ တစ်ဝါမှပင် မရသေး။ တောင်ကြီးတစ်လုံး၏ထိပ် သပြေပင်ကြီးအောက်တွင် တဲတစ်လုံးဖြင့် တစ်ပါးတည်း သီတင်းသုံးခဲ့ရာ ကြောက်သည့်စိတ်ကတစ်မျိုး၊ မနေရဲသည့်စိတ်ကတစ်ဖုံနှင့် ဆွမ်းခံ၍ ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ပုတီးတစ်ကုံးဖြင့်သာ မျက်စိစုံမှိတ်၍ အချိန်ကုန်ခဲ့ရပါတော့သည်။ ဆရာတော်ဦးစန္ဒိမာအားလည်း တစ်ပါးတည်း သီတင်းမသုံးရဲကြောင်း လျှောက်ထားရန်လည်း မဝံ့။ စသည်တို့ဖြင့် တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီးတစ်လ အလုပ်စခန်းနှင့်သာ အချိန်ကို လွန်မြောက်စေခဲ့ရလေသည်။

တစ်ညတွင် ကျိန်းစက်တော်မူနေစဉ် အိပ်မက်ထဲ၌ ဘီလူးမကြီးတစ်ကောင် ပေါ်လာပြီး ၎င်းမှာ ယခင်ဘဝဟောင်းက ဦးပဥ္စင်း၏ အမိဖြစ်ခဲ့ဖူးကြောင်း။ မိမိကို အလွယ်တကူသိနိုင်



www.burmeseclassic.com

www.burmeseclassic.com

ရန် အမေစံပယ်ဟု မှတ်ထားနိုင်ကြောင်း၊ ဤတောင်၌ သာသနာတော်အစွန့်ရှည်ရာရှည်ကြောင်းဖြစ်အောင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းများ လုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောကြားလာပါသည်။ ဦးပဥ္စင်းဦးသုမနမှာ အစတွင် ကြောက်ရွံ့မှုရှိခဲ့သော်လည်း ဘဝဟောင်းက အမေတော်ခဲ့သည်ဟု သိရသည့်အခါတွင် အကြောက်အလန့် ပြေပျောက်၍ အမေစံပယ်ပြောသလို ဘုရားတည်၊ ကျောင်းဆောက်လုပ်ရန်အတွက် မိမိမှာ ဘာမျှမရှိဘဲ ဘယ်လိုလုပ်ပြီး ဒီလုပ်ငန်းတွေကို လုပ်လို့ရနိုင်ပါ့မလဲ စသည်ဖြင့် ပြန်၍ပြောဆိုရာ ကိုယ်လုပ်စရာရှိတဲ့ လုပ်ငန်းကိုသာလုပ်၊ တို့ကိုလည်း မေတ္တာပို့၊ အမျှဝေ၊ သူ့အလိုလို ဖြစ်လာလိမ့်မယ်၊ အမေတို့လည်း ကူညီမယ်ဟု ပြောဆိုကာ အိပ်မက်မှ ပျောက်ကွယ်သွားပါတော့သည်။

ဦးပဥ္စင်း ဦးသုမန၏စိတ်၌လည်း ဒီမှာ ဘာတွေဖြစ်နေသည်မသိ။ ဒုလ္လဘာတော်ခဲ့ရာကနေ ရဟန်းဘဝ၌ မြဲနေပြီး ဆရာတော် ဦးစန္ဒိမာကလည်း ဘာအကြောင်းမှရှင်းမပြဘဲ ဒီတောင်မှာ တစ်ပါးတည်း သီတင်းသုံးခိုင်းပြန်တယ်။ အခုလည်း သာသနာ့လုပ်ငန်းတွေ လုပ်ရမယ်ဆိုပြီး ဘဝဟောင်းက အမေတော်တဲ့ ဘီလူးမကြီးက လာပြောနေပြန်ပြီ။ ဒီမှာလည်း ဒီလုပ်ငန်းတွေလုပ်စရာဆို တို့ တစ်ပြားမှလည်းမရှိဘူး။ အလိုလို ဖြစ်လာလိမ့်မယ်လို့လည်း ပြောတယ်ဟု တစ်ပါးတည်း စဉ်းစားရင်း မေတ္တာပို့ အမျှဝေနှင့် အချိန်ကုန်ခဲ့ရပါသည်။

ဤသို့ နေလာရာမှ နှစ်လခန့်ကြာမြင့်လာသောအခါတွင် တစ်ခါတစ်ရံ တောင်အောက်သို့ဆင်းရာမှ ထိုးလာခဲ့သော ထီစာရွက်များထဲမှ မမျှော်လင့်ဘဲ ထီဆုကြီးတစ်ဆု ပေါက်ခဲ့ပါတော့သည်။ ထီပေါက်၍ရလာသော ငွေများကို ဘာလုပ်ရကောင်းပါ့မလဲဟု စဉ်းစားနေရာ မထူပါဘူး။ အမေစံပယ်ပြောသလို ငါ ဘုရားတည်တဲ့အလုပ်ကို စလုပ်တာပဲကောင်းပါတယ်ဟု ဆုံးဖြတ်ကာ ထိုညဉ့်ပင် အမေစံပယ်အား တိုင်တည်၍ မိမိဘုရားဆင်းတုတော်တစ်ဆူ စ၍တည်တော့မည်ဖြစ်ကြောင်း စိတ်ဖြင့်အသိပေးကာ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူကို ကိုးတောင်ပြည့် တည်ရန်အတွက် တောင်တော်၏ထိပ် အစွန်းတွင် စီစဉ်ပါတော့သည်။

ဆရာတော် ဦးစန္ဒိမာအားလည်း လျှောက်ထား၍ တောင်ခြေဝန်းကျင်ရှိ ပန်းရန်လက်သမားတတ်သော ပုဂ္ဂိုလ်များ၊ ကျောင်းဝန်းကျင်ရှိ ရဟန်းများဖြင့် မိမိအာရုံတွင် ပေါ်ပေါက်လာသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို စတင်တည်ပါတော့သည်။ ထိုသို့ ဗုဒ္ဓဆင်းတုတော်တည်ထားနေစဉ်အတွင်းတွင် ဘီလူးများ၊ သိုက်များ၊ တောင်ပိုင်ဘိုးဘိုးကြီး စသည်တို့ကို မကြာခဏ အိပ်မက်၌ မြင်တွေ့၍လည်းကောင်း၊ ဘုရားဖူးများ တသဲသဲရောက်လာပြီး တဖွဲဖွဲလှူဒါန်းကြ၍လည်းကောင်း၊ အိပ်မက်ဖြင့် ရသေ့တောင်အနီး ကုက္ကုဋ္ဌာသံဃတောင်၌ ရဟန်းတစ်ပါး သာသနာပြုနေသည် သွား၍လှူကြဟုပြော၍ လာရောက်လှူ

ဒါန်းကြသဖြင့်လည်းကောင်း တောင်တော်ကြီးမှာ တဖြည်းဖြည်းနှင့် မပြတ်ရအောင် လှူဒါန်းမှုတွေများလာပြီး ထပ်မံ၍ နဂါးရုံဘုရားတစ်ဆူ တံခွန်တိုင်ဝိဇ္ဇာတန်ဆောင်း၊ ဆေးဘိုးတော်၊ တောင်ပိုင်ဘိုးဘိုးကြီး စသည်ဖြင့် လေးငါးနှစ်အတွင်း ပြုလုပ်ဖြစ်သွားပါတော့သည်။

ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း၌လည်း ဘီလူးများမှ မကြာခဏ အိပ်မက်ပေးကာ ၎င်းတို့မှာ လူများကြောက်ရွံ့ရသော ဘီလူးမျိုးတွေမဟုတ်ကြောင်း၊ သာသနာတော်ကို စောင့်ရှောက်သော နတ်ဘီလူးမျိုးနွယ်တွေဖြစ်ကြောင်း၊ အရှင်ဘုရား၏ သာသနာလုပ်ငန်းတွင် ဝိုင်းဝန်းပံ့ပိုးကြရန် အမေစံပယ်မှ တာဝန်ပေးထား၍ အလှူပုဂ္ဂိုလ်များကို ပဋ္ဌာန်းဆက်လိုက်၍ လှုံ့ဆော်အိပ်မက်ပေးကာ လှူဒါန်းမှုပြုလုပ်စေကြောင်း ပြောဆိုလာကြပြီးလျှင် ဤတောင်တော်မှာ ဘီလူးများစောင့်ရှောက်သော တောင်ဖြစ်ကြောင်း သိကြစေရန် ဘီလူးရုပ်တုများကို အိပ်မက်ပေး၍ ထုခိုင်းကြပြန်ပါသည်။

ဦးသုမန ကိုယ်တော်မှာလည်း တဖြည်းဖြည်းနှင့် သာသနာ့ဘောင်၌ ပျော်မွေ့လာကာ တောင်တော်စောင့်ဘီလူးညီနောင်ရုပ်ကြီးနှစ်ရုပ်ကို စေတီတော်ရင်ပြင်တက်ရာ စကြံ့လမ်း၏ တစ်ဖက်တစ်ချက်စီ၌ အိပ်မက်ပေးသည့်ပုံစံအတိုင်း စတင်ပြုလုပ်၍လည်းကောင်း တဖြည်းဖြည်းဆောင်ရွက်လာရာမှ ဆရာတော်၏ ဘွဲ့တော်မှာလည်း

www.burmeseclassic.com

ဘီလူးညီနောင်ဆရာတော်ဟူ၍ ပတ်ဝန်းကျင်တောင်များ၌ တွင်လာခဲ့ပါတော့သည်။ ဗုဒ္ဓရုပ်ပွားတော်၏ အရပ်ရှစ်မျက်နှာ ကြိုပ်ခွင်များ၌လည်း တနင်္ဂနွေမှ စ၍ စနေအဆုံး ဘီလူးခေါင်းများဖြင့်သာ ပြုလုပ်၍ ကြိုပ်ခွင်သတ်မှတ်ခဲ့ရာ တောင်တစ်တောင်လုံး၌ ဘီလူးရုပ်တုများ၊ ဘီလူးခေါင်းများဖြင့်သာ ပြည့်နှက်နေပြီး ရုပ်တုများမှာ ကြောက်စရာအသွင်မဟုတ်ဘဲ တည်ငြိမ်ခံ့ညားရဲရင့်သော၊ သစ္စာရှိသော အသွင်များကို ဆောင်နေကြသည်မှာလည်း ထူးခြားမှု တပ်နှုပင် ဖြစ်ပါတော့သည်။

စေတီပုထိုး တည်ထားရုံတင်မဟုတ်ဘဲ တောင်ခြေဝန်းကျင် နွမ်းပါးသော ကလေးများအတွက် ကျောင်းစာအုပ်၊ ခဲတံများ၊ အဝတ်အစားများကို ကိုယ်တိုင်လှူဒါန်း၍လည်းကောင်း၊ အလှူခံ၍လည်းကောင်း ပေးလှူခဲ့ပြီး အနီးအနားတောင်များမှ ရဟန်းသံဃာတော်များအတွက် သင်္ကန်းပရိက္ခရာများတို့ကိုလည်းကောင်း ဆရာတော်ဦးသုမနမှ လှူဒါန်းမှုများ ပြုလုပ်ပေးနေခဲ့ပါသည်။

ဘုရားရုပ်ပွားတော်များ၊ စောင်းတန်းများဖြင့် တောင်တော်မှာ သာယာလာပြီး တောင်တော်ကိုလည်း ဂုဏ္ဍာသယ ဘီလူးတောင်ဟူ၍လည်းကောင်း၊ ဆရာတော်ကိုလည်း ဂုဏ္ဍာသယ ဘီလူးညီနောင်ဆရာတော်ဟူ၍လည်းကောင်း၊ ကျောင်းတော်ကိုလည်း ဘီလူးညီနောင်ကျောင်းတိုက်ဟူ၍လည်းကောင်း လူသိများလာပြီး လှူဒါန်းပူဇော်လိုသော ဒကာ၊ ဒကာမများ တိုးပွားလာခြင်းတို့ကြောင့် အာယာနနှ ကိုယ်တော်များအတွက် နှစ်ထပ်ကျောင်း၊ လူပရိသတ်များအတွက် သုံးခန်းတွဲကျောင်းဆောင်၊ စားဖိုဆောင်၊ ရေချိုးကန် စသည်တို့ကို ဆရာတော်မှ စနစ်တကျစီစဉ်ခဲ့ရာ ယခုအခါတွင် ပွင့်လင်းရာသီ ကျိုက်ထီးရိုးဘုရားပွဲချိန်မှ စ၍ ဘီလူးညီနောင်ကျောင်းတွင် အလှူအတန်းများ အဆက်မပြတ်ရှိနေခဲ့ပြီး သင်္ကြန်အခါကြီး ရက်ကြီးများတွင် ရက်ရှည် ဗုဒ္ဓဘာရဟန်းခံပွဲများရှိနေပြီး ရဟန်းအဖြစ်ခံယူ၍ ငွေကြေးမတတ်နိုင်သူများကိုလည်း ဆရာတော်မှ အစစအရာရာ တာဝန်ယူ၍ ရဟန်းဘောင်သို့ သွတ်သွင်းပေးကာ ဆွမ်းကွမ်းကိစ္စများကိုပါ တာဝန်ယူ၍ သာသနာအစွန့်ရှည်အောင် နှစ်စဉ် ဆောင်ရွက်ပေးတော်မူပါသည်။

ထိုသို့ ဘီလူးညီနောင်ဆရာတော်ဟု တဖြည်းဖြည်း ထင်ရှားလာသည့်အတွက် ကျိုက်ထီးရိုးတောင်တော်မြတ်၏ ဩဝါဒစရိယ နာယကဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍာဝကပင် ငါ့သားတပည့်တွေထဲမှာ လူသားရဟန်းတွေတင်မကဘူး ဘီလူးမျိုးဆက်ဖြစ်တဲ့ မြေးရဟန်းတော်တစ်ပါးပင် ပါလာတော်မူသည်။ သာသနာပြန့်ပွားစည်ပင်အောင် ဤတောင်တော်ပေါ်၌ပင် လုံ့လဝီရိယ စိုက်ထုတ်ကြိုးစားဟု ဆုံးမမိန့်ကြားတော်မူခဲ့ပြီး ဆရာတော်ကြီး ပျံလွန်တော်မမူခင်၌ ဆရာတော်ကြီး ဝတ်ရုံတော်မူသည့် သင်္ကန်းဒွိတစ်စုံကို လှူတော်မူခဲ့၍ ယခုတိုင် ဘီလူးညီနောင်ဆရာတော်မှ တရိုတသေ သိမ်းစည်းဝတ်ရုံတော်မူနေပါသည်။

ထိုသို့ နေလာခဲ့ရာမှ တောင်တော်၏ ရင်ပြင်တော်ပေါ်တွင် ရုပ်ပွားတော်များသာရှိနေ၍ စေတီတော်တစ်ဆူ ထပ်မံတည်ထားရန် ဆရာတော်အား ပုဂ္ဂိုလ်များမှ အိပ်မက် ပေးထားခဲ့ပြန်ပါသည်။ ဆရာတော်လည်း အခြားသော သာသနိက အဆောက်အအုံများနှင့် လုံးပန်းနေရသေး၍လည်းကောင်း၊ ရင်ပြင်တော်တစ်ခုလုံး အများပြည်သူ ဘုရားဖူးများ အေးချမ်းစွာ နားနေနိုင်ရန် ကြွေပြားများ ခင်းနေရ၍လည်းကောင်း၊ စေတီတော်တည်ထားရေးကိစ္စအား ရုတ်တရက် မစနိုင်သေးဘဲ ရှိနေခဲ့ပါသည်။ တစ်နေ့တွင် ကျွန်ုပ်၏ ညီတော်မောင် လင်မယားမိသားစုများ ဘီလူးညီနောင်ကျောင်းသို့ သွားရောက်ရာမှ ညဘက်တွင် ညီတော်မောင် ခင်မောင်မောင်ဇော် တရားထိုင်နေစဉ်အတွင်း ၎င်း၏နားထဲတွင် လိုအပ်နေသော စေတီတော်အား တည်ထားနိုင်ရန် ဘုရားဒါယကာ ခံယူရန်နှင့် စေတီတော်တည်ထားရမည့်နေရာ စေတီတော်ပုံတော်များကိုပါ အာရုံတွင် ထင်ဟပ်၍ ပြသလာပါသည်။

တရားထိုင်ခြင်းကိစ္စ ပြီးစီးသည့်အခါတွင် ခင်မောင်ဇော်မှ ဆရာတော်ဦးသုမနအား ထိုအကြောင်းကိစ္စကို တင်လျှောက်ရာ ဆရာတော်လည်း ထိုအခါမှ စေတီတည်ရန် အမိန့်ချမှတ်ထားသည်ကို သတိပြန်ရကာ ပုဂ္ဂိုလ်များမှ အမိန့်ချမှတ်ထားမှုကို ခင်မောင်



www.burmeseclassic.com

www.burmeseclassic.com

ဇော်အား ပြောပြကာ ပုဂ္ဂိုလ်များ အမိန့်ချမှတ်ထားသော စေတီပုံတော်၊ စေတီတည်ထားရမည့် နေရာတို့ကိုပါ ပြောပြပါသည်။ ယင်းတို့မှာ ခင်မောင်ဇော်၏ အာရုံ၌ မြင်တွေ့ရသော ပုံတော်နှင့် နေရာတို့ပါ တစ်ထပ်တည်းကျနေသဖြင့် စေတီတော်ကိုတည်ခွင့်ပြုရန် ခင်မောင်ဇော်မှ လျှောက်ထားလိုက်ပါတော့သည်။ ဤသို့ဖြင့် ဘီလူးညီနောင်တောင်တော်၌ "ကဿပဘယစေတီတော်" တစ်ဆူကို ကိုးတောင်ပြည့်တည်ထားရန် ဆရာတော် ဦးသုမနမှ စိတ်တိုင်းကျ ကြီးကြပ်ဆောင်ရွက်၍ စေတီတော်အား ဒကာ၊ ဒကာမများအဖြစ် ဦးခင်မောင်ဇော်၊ ဒေါ်လှဲလှဲအောင်တို့မှ ခံယူဖြစ်ပါတော့သည်။

စေတီတော်ဌာပနာပိတ်ချိန်၌ ဗုဒ္ဓမြတ်စွာဘုရား၏ သရီရဓာတ်တော်များ၊ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလန်တို့၏ ဓာတ်တော်များကို ရာဇဗြိုဟ်ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇယန္တနှင့် ဗုဒ္ဓပြတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတတို့မှ လှူဒါန်း၍ ပင့်ဆောင်ခွင့်ရခဲ့ပြီး "ကဿပဘယစေတီတော်" ဌာပနာတိုက်၌ ပူဇော်ခွင့်ရရှိကာ ကျွန်ုပ်သည်လည်း ဆရာတော်ဦးသုမနနှင့်ဆုံတွေ့၍ ဤကျိုက်ထီးရိုးရေသဲ့တောင်တန်းရှိ ကဿပဘယဘီလူးညီနောင် တောင်တော်နှင့် ဆရာတော်ဦးသုမနတို့၏ ဖြစ်စဉ်သမိုင်းကို သိရှိခွင့်ရရှိခြင်း ဖြစ်ပါတော့သည်။

ဆရာတော်ဦးသုမနမှ အထူးမိန့်ကြားတော်မူသည်မှာ ဘီလူးဆိုတာမျိုးဟာ အားလုံးကြောက်စရာ ထိတ်လန့်စရာမျိုးတွေ မဟုတ်တဲ့ ဤတောင်တော်၌ရှိကြသော ဘီလူးများ၊ မယ်တော်မစံပယ် ခေါင်းဆောင်သော ဘီလူးညီနောင်နှင့် နောက်လိုက်နောက်ပါ သာသနာကို စောင့်ရှောက်ကြသော အလွန်ချစ်ခင်ဖွယ်ကောင်းသော၊ ခံ့ညားသောအသွင်ရှိသော၊ ရဲရင့်သော၊ မာန်အပြည့်နှင့်သစ္စာရှိကြသော သူတော်ကောင်းနတ်ဘီလူးမျိုးတို့လည်း ဩကာသလောကတွင်ရှိကြကြောင်းကို အများပြည်သူများ သိစေချင်သည့်အပြင် သာသနာတော်စောင့် နတ်ဘီလူးများ၏ ကောင်းမှုဖြင့် ဤတောင်တော်၌ သာသနာတော် ထွန်းကားနေမှုများကို ကိုယ်တိုင်သိရှိမြင်တွေ့ချင်သောဆန္ဒ ဆရာတော်၌ ရှိနေပါ၍ ကျိုက်ထီးရိုးဘုရားဖူးလာ ခနစ်ရက်သားသမီးတို့အား ရေသဲ့တောင်ရှိ ဘီလူးညီနောင်ကျောင်းတိုက်သို့ လာရောက်၍ ဘီလူးတို့၏ ကုသိုလ်တော်ကို ကြည်နူးသာဓုအနုမောဒနာခေါ်ဆိုနိုင်ကြရန်နှင့် မိမိတို့ မနုဿလူသားများအနေဖြင့် ဘီလူးတို့ထက်ပင် ပိုမို၍ သာသနာအစွန့်ရှည်ရန် စောင့်ရှောက်ကြရန် ဆထက်ထမ်းပိုး ပိုမိုလုပ်ကိုင်သင့်ကြပါကြောင်း သိစေချင်သည့် ရည်ရွယ်ချက်ဖြင့် ဘီလူးညီနောင် ကျောင်းတိုက်သို့ တစ်ခေါက်လောက်ရောက်အောင် လာခဲ့ကြပါရန် ဖိတ်ကြားချင်ပါသည်ဟု မိန့်တော်မူပါသည်။

စာရေးသူအနေဖြင့် ယခုအသက် ၆၀ နီးကာမှ ယခင် တောင်ကတုံးသာရှိနေခဲ့သော တောင်တော်သည့် နေ့ချင်းညချင်း ကဿပဘယ ဘီလူးညီနောင်တောင်အဖြစ်လည်းကောင်း၊ ကဿပဘယဘီလူးညီနောင် ကျောင်းတိုက်အဖြစ်လည်းကောင်း၊ ရဟန်းတော်တစ်ပါးမှလည်း ဘီလူးညီနောင် ဆရာတော်ဟူ၍လည်းကောင်း ကျော်ကြားခဲ့ပြီး အေးငြိမ်းချမ်းမြေ့သော နေရာထိုင်ခင်း ကျက်သရေရှိ၍ ခံ့ညားသော အသွင်ရှိကာ ကြောက်စရာအသွင် ပျောက်နေသည့် ဘီလူးရုပ်တုများ၊ တမျှော်တခေါ် ကြည့်နိုင်သော ရှုခင်းများနှင့် ကျိုက်ထီးရိုးစေတီတော်ကြီးအား အဝေးမှပင် ထင်ရှားသပ္ပာယ်စွာ ဖူးတွေ့နိုင်သော ကဿပဘယ ဘီလူးညီနောင်ကျောင်းတိုက်သို့ ကျိုက်ထီးရိုးဘုရားဖူးလာကြရင်း တစ်ခါတစ်ခေါက် အရောက်သွား၍ နတ်ဘီလူးတို့၏ ကုသိုလ်တော်ဖြင့် ဖြစ်ပေါ်လာသော စေတီပုထိုးတော်များအား ဖူးမျှော်ကြည်ညို ကုသိုလ်တော်ယူကြပါရန် တိုက်တွန်း၍ နိဗ္ဗာန်ဆော်အဖြစ် နှိုးဆော်လိုက်ရပါတော့သည်။

ဦးအောင်

(ယုဇနဉယျာဉ်မြို့တော်)

www.burmeseclassic.com

# ရှေးဟောင်းမော်ဘီရာဇဝင်

# သမိုင်းဝင် ရွှေမော်တင်ဘုရား

# နှင့် အရံဘုရားများ

## ဆွေမြင့်သူ(ကြေး/မြေ)

### စကားချီး

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင်တွင် ပါဝင်သော မော်ဘီမြို့သည် ရန်ကုန်မြို့နှင့် မိုင် ၃၀ ခန့် ကွာဝေးပြီး မော်ဘီမြို့ အမှတ်(၂)ရပ်ကွက်တွင် ဥက္ကလာပမင်းကြီးမှစ၍ မင်းပေါင်း ၁၀ ဆက် တည်ထားကိုးကွယ်တော်မူသော "ရွှေမော်တင်" စေတီတော်မြတ် တည်ရှိသည်။ မော်ဘီဘိုးဘိုးကြီး၊ မော်ဘီချောင်းဝကိုဏ်းအုပ်ဆရာတော်၊ မော်ဘီဆရာသိန်းကြီးဆိုလျှင် ရပ်နီးရပ်ဝေးမှ လူအများ အားလုံးသိရှိကြမည်ဟု ယုံကြည်သည်။ ရွှေမော်တင်ဘုရားသမိုင်းဟု ဆိုရာဝယ် မော်ဘီရွှေမော်တင်ဘုရားကြီး၏ အရံဘုရားများဖြစ်သော ဘုရားသုံးဆူ၊ ရွှေမော်စွန်းဘုရား၊ မိုးကြိုးပစ်ဘုရား၊ လုပဒါးကန်းဘုရား၊ ပေါ်တော်မူဘုရားတို့၏ သမိုင်းကြောင်းများလည်း ရှိသည်။ ပထမဦးစွာ ရှေးဟောင်းမော်ဘီ ရာဇဝင်အား ပထမတင်ပြပါရစေ။

### ရှေးဟောင်းမော်ဘီရာဇဝင်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတည်ရှိရာ သိင်္ဂုတ္တရကုန်းသည် အရှေ့အရပ်တွင် အသိတဥ္စနခေါ် သန်လျင်မြို့နှင့် ဓါးပုံမြစ်၊ တောင်အရပ်တွင် ပေါက္ခရဝတီခေါ် တွံတေးမြစ်၊ မြောက်အရပ်တွင် ကရိယကုမ္ဘ ခေါ် ဘောင်လင်းမြို့နှင့် လှည်းကူးမြစ်၊ အနောက်အရပ်တွင် ရမ္မာနာဂခေါ် မော်ဘီမြို့နှင့် မော်ဘီမြစ်ဟူ၍ လေးမြို့ လေးမြစ် ခြံရံလျက်ရှိသည်။

မှတ်ချက် ။ ။ မှန်ရာဇဝင်၊ စေတီတော်သမိုင်းပေါင်းချုပ် စာအုပ်တွင် ရမ္မာနာဂရကို ဝါးတစ်ရာမြို့ ဝါးတစ်ရာမြစ်ဟု ပြန်ဆိုရေးသားသည်။ သမိုင်းဟောင်းတစ်စောင်တွင်မူ သိင်္ဂုတ္တရကုန်းတော်အား ရမ္မာဝတီ၊ ဓညဝတီ၊ ပစ္စယာ၊ ဥက္ကလာပဟူ၍ လေးမြို့ ခြံရံကြောင်း ဖော်ပြထားသည်။

မော်ဘီမြို့(ရှေးအခေါ် မော်ပီမြို့)သည် သိင်္ဂုတ္တရကုန်းတော်၏ အရံမြို့ ဖြစ်ကြောင်းနှင့် တောကင်းခြေများ ဝင်လာကြောင်းကို (မည်သည့်မင်း။ မည်သည့်အခါ စိုးစံကြောင်း မပါရှိဘဲ) သမိုင်းအထောက်အထား ဖော်ပြထားသည်။ ကကုသန်ဘုရားလက်ထက်၌ သိင်္ဂုတ္တရတွင်နေသော ကင်းခြေများကြီးတစ်ကောင်သည် တောဆင်ရိုင်းများကို လိုက်လံစားသောက်ရာ ၎င်းကုန်းပတ်လည် အနီးအပါးတွင် မတွေ့ရသောကြောင့် မော်ဘီတောသို့ ပြန်ဝင်သွားကြောင်း စာဟောင်းတစ်စောင်တွင် အဆိုရှိသည်။

ရှေးအခါက မော်ပီမြို့ တည်ရှိရာအရပ်သည် သိင်္ဂုတ္တရကုန်း၏ အနောက်ဘက်ရှိ မြစ်တစ်မြစ်၏ ပင်လယ်တိမ်ဖြစ်တန်ရာသည်။ ကျိုက္ကလို၊ ကျိုက္ကလော့၊ သာဓုကြီး၊ သာဓုကလေး အစရှိသည့် တောင်တန်းတစ်လျှောက် သဲဖြူတပ်ကြီးကုန်းနှင့် မော်ဘီကုန်းတန်းတစ်လျှောက် ဆက်စပ်လျက်ရှိသည်။ မော်ဘီမြို့နှင့် တွံတေးမြို့အကြားတွင် ၁၂ တောင်ခန့် ပြဲအောက်ကိုတူးလျှင် သံထည်ပုံသော ကျောက်ကြီး။



www.burmeseclassic.com

www.burmeseclassic.com

ကျောက်စာ။ သဘော်ရှက်တိုင်ပောင်းများကို တွေ့ရသည်ဟု ဆိုသည်။

မော်ဘီမြို့အား စာလိုင်းလို "မှုတပီ"ဟူ၍လည်းကောင်း "မောတပီ"ဟူ၍လည်းကောင်း ခေါ်တွင်သည်။ မြန်မာပြန်ရလျှင် "မှု"နှင့် "မော"သည် အစွန်း။ တပီသ = ဥသျှစ်၊ နှစ်ခုပေါင်းလျှင် ဥသျှစ်စွန်းဟု ဆိုလိုသည်။ မော်ဘီမြို့တွင် အမတ်အမျိုးမျိုး ထူးထွေပေါ်များကြောင်းကို ပေါရာဏဒီပနီကျမ်းတွင် ဖော်ပြပါရှိသည်။ ရွှေမော်တင်စေတီတော်မြတ်ကြီးအား မင်းအဆက်ဆက်၌ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်သူများမှာ မြို့စား၊ မှူးမတ်များပင် ဖြစ်သောကြောင့်တည်း။

## မော်ဘီမြို့တည်ခြင်း

အမရပူရမြို့တည် မင်းကွန်းစေတီတော်ကြီး ဒါယကာလက်ထက်တွင် ဟံသာဝတီမြို့ သူကြီးမောင်အိုင်၏ စစ်တမ်းအရ ဟံသာဝတီမြို့ နန်းစံတော်မူသော ပုဏ္ဏာရမမင်းလက်ထက် သက္ကရာဇ် ၆၀၀ ပြည့်နှစ်တွင် မော်ဘီမြို့ကို တည်ခဲ့ကြောင်း ဖော်ပြပါရှိသည်။ မြို့တည်ရန် ကောင်းမွန်သည့်မြေနေရာကို ရွေးချယ်ကြည့်ရှုကြပြီး အင်္ဂပူရမြို့ဟု သမုတ်၍ စံတော်မူမှ သင့်လျော်မည့်အကြောင်းကို လျှောက်ထားကြရာ သဘောတော်ကျသဖြင့် အင်္ဂပူနယ်၊ အင်းစိန်ကြီးကုန်းတန်း၊ စနေထောင့်အရပ်တွင် မြေသားမြို့ရိုးအတွင်း သံစတပ်နှင့် ခံတပ်ပြုလုပ်၍ သက္ကရာဇ် ၇၉၀ ပြည့်နှစ်တွင် စံနေတော်မူသည်။

မှတ်ချက် ။ ။ မော်ဘီမြို့သည် အင်္ဂပူမြို့ဟူ၍လည်းကောင်း၊ ဣန္ဒပူရမြို့ဟူ၍လည်းကောင်း၊ ဘင်ခမ်ပူရမြို့ဟူ၍လည်းကောင်း အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်လျက်ရှိကြသည်။

မော်ဘီမြို့တွင်းရှိ နန်းဦးကျောင်းမြို့ရိုးကို မြန်မာသက္ကရာဇ် ၁၂၆၂ ခုနှစ်တွင် တူးဖော်ကြည့်ရာ သုရင်တကာရွှတ်ပီမင်းလက်ထက်က တည်ထားခဲ့သော ဘုရားရုပ်ပွားတော်ကပ်လျက် အုတ်ချပ်အရေအတွက်များစွာ တွေ့မြင်ကြရသည်ဟု ဆိုသည်။ မော်ဘီမြို့၏ စနေထောင့်ခပ်ယွန်းယွန်းတွင် ရွှေကြီးမိဖုရား၊ ထိုက္ခမိမိဖုရား၊ ရွှေမော်တင်မိဖုရား ညီအစ်မသုံးယောက် တည်ထားကိုးကွယ်ခဲ့သော ရစ်မြောင့်ပန်းတင်ခုံ၍ စေတီသုံးဆူ ဗိုခနောက်ဆိုင် တည်ထားလျက်ရှိသည်။ ၎င်းဘုရားသုံးဆူအလယ်တွင် ရေကန်ကြီးတစ်ကန်ရှိ၍ ယင်းရေကန်အတွင်းတွင် ရွှေငါးကြင်းနှစ်ကောင်ရှိကြောင်းကို သိုက်စာတစ်စောင်မှ ညွှန်းလေသည်။

## အင်္ဂပူနတ်ဆိုးကြီး (သို့) အင်းနတ်ကြီး

မော်ဘီမြို့ (သို့) အင်္ဂပူရမြို့တည် သုရင်တကာရွှတ်ပီမင်း နတ်ရွာစံသော် အယူတိမ်း၍ နတ်စိမ်းဖြစ်သွားရာ ယခုတိုင် အင်္ဂပူနတ်ဆိုးကြီးရွှတ်ပီ ဟု ခေါ်ဆိုပြီး တင်မြှောက်ပသ ပူဇော်နေကြရ၏။ အင်းနတ်ကြီးဟုလည်းခေါ်၍ အင်းပေါ်ချိန်ကျရောက်သည့်အခါ ပူဇော်ပသကြရ၏။ ထိုမင်း နတ်ရွာစံရခြင်းမှာ အင်းစိန်တောတန်း၌ တောဆင်ရိုင်းများကို ဆင်ကြော ဆင်ဖမ်း ထွက်တော်မူရာ နာနာဘာဝ (သို့) ဥစ္စာစောင့်မ (သို့) ပရလောကမှ ယူဆရသော ထိန်ပင်ပေါ်မှ လုပယဉ်ကျေး၍ ရှုမငြီးနိုင်သော မိန်းမပျိုတစ်ယောက် ဆင်းလာကြောင်း။ ထိန်ပင်ရင်းတွင် အဖော်အခြံအရံမရှိ တစ်ကိုယ်တည်းဖြစ်နေသည့် ထိုမင်းနှင့် တွေ့ခုံကာ စကားနီးနှောကိုယ်ချင်းထိအပ် သံဝါသစပ်ယှက်ပြီးနောက် ရုတ်ခြည်းပျောက်ကွယ်သွားကြောင်း။ နန်းတော်သို့ပြန်လာရာ မိဖုရားနှင့်တကွ မှူးမတ်များအား ဖြစ်ပျက်ပုံအလုံးစုံကို ပြန်လည်ပြောပြပြီးနောက် မိန်းမော၍ နတ်ရွာစံသွားကြောင်း စစ်တမ်း၌ ဖော်ပြပါရှိသည်။


## မော်ဘီမြို့"ရွှေမော်တင်"ဘုရား

သက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် သိင်္ဂုတ္တရကုန်းတော်မြတ်၌ ဗုဒ္ဓရှင်၏ ဆံတော်ဓာတ်မြတ်ကို ဌာပနာ၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးကို ဥက္ကလာပမင်းကြီး တည်ထားကိုးကွယ်ခဲ့ကြောင်း အများသိကြသည်။ ယင်းနှစ်တွင်ပင် ဘုရားရှင်၏ နိမ္မိတဆံတော်ပွားများကို မော်ဘီနတ်ကြီးရှိရာ အရပ်သို့ မှူးမတ်ပညာရှိတို့ကိုစေလွှတ်၍ ကြံ့မော်တင်တောင်ဘက်၌ နတ်ကြီးညွှန်ပြရာ ဘုမ္မိနတ်သန့်မှန်သော နေရာကို ကုန်းမြေပြုလုပ်၍ စေတီတည်ထားကိုးကွယ်တော်မူသည်။ စေတီတော်ကို "ကျိုက်တော်ကျိုက်"ဟု ဘွဲ့ချီးတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



## စေတီတော်မြတ်ကြီး၏ ဒါယကာအဆက်ဆက်

ထို့နောက် ဟံသာဝတီမြို့ကို စိုးစံတော်မူသော "သမလမင်း" လက်ထက်တွင် ယင်းစေတီကို ကျိုက်မော်တာဟု ဘွဲ့ချီးတော်မူသည်။ သမလမင်း၏ မိဖုရားထိုက္ခပွယ်ဒေဝီ မိဖုရားဖြစ်ပြီးနောက် ငါးနှစ်အကြာတွင် ယင်းစေတီတော်ကို ဂဝံကျောက်ဖုံးအုပ်၍ မွမ်းမံတည်ပြီးလျှင် ရွှေထီးတင်လှူ၍ "ကျိုက်ထိုက္ခပွတ်" စေတီတော်ဟု ဘွဲ့ချီးတော်မူပြန်သည်။ (ထိုက္ခမီဘုရားဟုလည်း ရာဇဝင်အချို့က ဆိုသည်။)

## စေတီတော်ကြီးကို ပြုပြင်စောင့်ရှောက်သည့် ဒါယကာများ

၁။ အမတ်ကြီးလကွန်းအိမ်၊ အရိန္ဒမမင်းလက်ထက်၊ သက္ကရာဇ် ၅၄၀၊ စောင့်ရှောက်ပြုပြင်ခြင်းသာ။

၂။ အမတ်ကြီးဗညားကျန္ဒ၊ ပုဏ္ဏရိကမင်းလက်ထက်၊ သက္ကရာဇ် ၆၀၀၊ စောင့်ရှောက်ပြုပြင်ခြင်းသာ။

၃။ အမတ်ကြီးစွယ်သူရ၊ ဗညားဦးမင်းလက်ထက်၊ သက္ကရာဇ် ၇၃၁၊ စောင့်ရှောက်ပြုပြင်ခြင်းသာ။

၄။ အမတ်ကြီးစွယ်သူရ ဗညားနွဲ့(ခ)ရာဇဓိရာဇ်မင်းလက်ထက်၊ သက္ကရာဇ် ၇၃၁၊ စောင့်ရှောက်ပြုပြင်ခြင်းသာ။

၅။ မြို့စားဦးဘကောင်း။ ဗညားဓမ္မရာဇာမင်းနှင့် ဗညားရန်ခိုက်မင်းလက်ထက်၊ သက္ကရာဇ် ၇၇၅-၇၉၀၊ စောင့်ရှောက်ပြုပြင်ခြင်းသာ။

၆။ မြို့စားအမတ်ဇိန့်မြဲ၊ ရှင်စောပုဘုရင်မလက်ထက်၊ သက္ကရာဇ် ၈၁၄၊ စေတီအထွတ်တင်လှူသည်။

၇။ အမတ်ဇိန့်မြဲ၊ ဓမ္မစေတီမင်းလက်ထက်၊ သက္ကရာဇ် ၈၃၃၊ ရှင်စောပု၏ သမက်တော်။

၈။ အမတ်ဇိန့်မြဲ၊ ဗညားဟတ္ထိရာဇာမင်းလက်ထက်၊ သက္ကရာဇ် ၈၃၃၊ ဓမ္မစေတီမင်း၏ သားတော်။

၉။ သုရှင်တကာရွှတ်ပိ၊ သားတော်လက်ထက်၊ သက္ကရာဇ် ၈၃၃၊ စေတီတော်ကိုငုံ၍ သံတောင် ၈၀ မြင့်အောင် တစ်ဆင့်တည်ပြီး ရွှေထီးတင်လှူ။

၁၀။ မင်းမိဖုရား ဆင်ဖြူရှင်မင်းတြား ကုန်းဘောင်ခေတ် ရွှေထီးတင်လှူ၍ ရွှေလုံးပြည့်ကပ်လှူ။

၁၁။ မော်ဘီချောင်းဝဆရာတော်၊ ဆင်ဖြူရှင်မင်းတြား လက်ထက်၊ သက္ကရာဇ် ၁၂၄၄ မူလရှိရင်းစွဲ ဘုရားငုတ်တိုကို အလုံးခြုံ၍ အမြင့်အတောင် ၅၀ ထပ်မံတည်ထား။

၁၂။ မြို့အုပ်ဦးအောင်မင်း။ ဆင်ဖြူရှင်မင်းတြားလက်ထက်၊ သက္ကရာဇ် ၁၂၄၅ ထီးတော်တင်လှူ။

**မှတ်ချက်** ။ ။ စေတီတော်မြတ်ကြီးကို ခေတ်အဆက်ဆက် မော်ဘီမြို့စား။ မြို့သူကြီးအဆက်ဆက်တို့ကို နှစ်စဉ်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရာမှ စေတီတော်ပျက်စီးယိုယွင်းခြင်းကို နောက်ဆုံး ပြုပြင်မွမ်းမံတည်ဆောက်၍ ရွှေထီးအထွတ် တင်လှူခဲ့သူမှာ ၁၂၇၄ ခုနှစ်၊ မော်ဘီမြို့နယ် လိပ်ကုန်းတိုက်နယ်၊ ရိုးကြီးကျေးရွာနေ သိမ်ကြီးဒါယကာဦးရွှေရောင်၊ ဒေါ်သဲဝါတို့ဖြစ်ကြောင်း သိရှိရပါသည်။

ရွှေမော်တင်စေတီတော်မြတ်ကြီးကို ဗုဒ္ဓဟူးနေ့ဘုရားပွဲတော်ကို နှစ်စဉ် တန်ခူးလတွင် ကျင်းပမှုဇော်ကြောင်း သိရှိရပါသည်။




www.burmeseclassic.com

www.burmeseclassic.com

## မော်ဘီမြို့ ရွှေမော်တင်စေတီတော်မြတ်ကြီး၏ အရံဘုရားများ

### (က) ရွှေမော်စွန်းဘုရား

ဟံသာဝတီမြို့ကို ထီးနန်းစိုးစံတော်မူသော သမလမင်း၏ မိဖုရား "ထိုက္ခမီဒေဝီ"သည် ရွှေမော်တင်ဘုရားကို ပြုပြင်သည့်အခါ ရေကျော်ချောင်းအရှေ့ဘက် ရွာရှည်ကုန်းတွင် ကုသိုလ်တော်ပွားအဖြစ် "ရွှေမော်စွန်း"ဘုရားကိုလည်းကောင်း၊ ရေကျော်ရွာတောင်ဘက်တွင် စေတီတစ်ဆူကိုလည်းကောင်း တည်တော်မူသည်။ ၎င်းဘုရားများကို တန်ခူးလပြည့်နေ့တွင် ထီးတော်တင်၍ ပွဲတော်ကျင်းပပြုလုပ်သည်။ ရွှေမော်စွန်းဘုရားသည် ဖိနပ်တော် ၁၂ တောင် ၁ မိုက်ရှိ၍ ဉာဏ်တော် ၂၅ တောင်ထွာရှိသည်။ မြောက်ဘက်မျက်နှာတွင် ဘုရားဦးအာရုံခံတန်ဆောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။



ရွှေမော်စွန်းဘုရား

နှောင်ကာလရှည်ကြာသော် ၎င်းစေတီတော်သည် အုတ်အနည်းငယ်နှင့် တောင်ပို့သာသာ ရှိနေခဲ့ရာ ၁၂၆၄ ခုနှစ်၌ ချောင်းဝဂိုဏ်းအုပ်ဆရာတော်ကြီးက ပန္နက်ရိုက်၍ အုတ်မြစ်ချပြီး ထပ်မံပြုပြင်ခဲ့ကြောင်း၊ ဉာဏ်တော်အမြင့်နှင့် ဖိနပ်တော်မှာ မူလအတိုင်းဖြစ်ကြောင်း၊ စေတီတော်သည် ပန္နက်ချစဉ်က မိုးမောင်းကြီးကျရောက်ခဲ့ကြောင်းနှင့် သက္ကရာဇ် ၁၂၆၇ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်နေ့ မွန်းတည့်အချိန်တွင် ထီးတော်ကို အောင်မြင်ပြီးစီးစွာ တင်လှူနိုင်ခဲ့ကြောင်း သိရှိရပါသည်။

### (ခ) ဘုရားသုံးဆူနှင့် သောက်ရေကန်ကြီး

ဟံသာဝတီ"သမလ"မင်းသည် "ကျွန်တော်"နှင့် "မယ်ကွန်လှ"တို့၏ တစ်ဦးတည်းသော သမီးကလေး နုနုထွင်ထွင် "ကပိတော်"ကို လိုက်လံရှာဖွေပြီးနောက် (မယ်တော်ချောင်းတောင်ဘက်ရှိ ဘုရားအနီး၌)ထိုက္ခမီဒေဝီ မဟေသီဘွဲ့ ချီးမြှင့်၍ မိဖုရားမြှောက်တော်မူသည်။ ကပိတော်သည် ထိုဘုရား၏ တန်ခိုးတော်ကြောင့် ထိုက္ခမီမိဖုရားကြီးဖြစ်ရသည်ဟု ဝမ်းမြောက်လျက် ဘုရားစေတီပျက်ကို မွမ်းမံပြင်ဆင်ပြီးနောက် ရှေးက ရွှေကြိုးမိဖုရား၊ မော်တင်မိဖုရားနှင့် ထိုက္ခမီမိဖုရားတို့ တည်သွားသော ဖိုခနောက်ဘုရားစေတီပျက် သုံးဆူကို အောက်ဖိနပ် ပန်းတင်ခုံကအစ မွမ်းမံပြင်ဆင်တော်မူပြီးနောက် အထက်ငှက်ပျောဖူးအထိ ရွှေချတော်မူ၍ ရွှေထီးအတွင့်တင်လှူတော်မူသည်။ ထိုဘုရားသုံးဆူကို "ထိုက္ခမီစေတီ"ဟု ဘွဲ့ချီးမြှင့်၍ ၎င်းဘုရားသုံးဆူအလယ်တွင် စတုရန်းလေးထောင်ခန့်ရှိ ရေကန်ကြီးတူးဖော်လေသည်။ ထိုရေကန်ကြီးတူးဖော်ရာတွင် အကြိမ်ဖန်များစွာ ပြိုကျနေသဖြင့် ရှမ်းမောင်နှမနတ်နှစ်ပါးအပေါ် သမလမင်း၏ အမိန့်ဖြင့် ကျွဲကူးရွာကလေးနေ ပဲ့နင်းကြီး "ဘိုးပသီ"နှင့် ဇနီး ဒေါ်မိလေးတို့၏သား မောင်ပန်းမွှေးမှာ အရှင်လတ်လတ် မြေမြှုပ်၍ စတေးခံခဲ့ရရှာသည်။


### (ဂ) ရွှေနံ့သာဘုရား

ဘုရားသုံးဆူနှင့် သောက်ရေကန်ကြီးတွင် စတေးခံရသော သားမောင်ပန်းမွှေး သိမ်းမနိုင်းစိန်တို့ကြောင့် ရင်ကွဲနာကျ၍ သေရရှာသော ဇနီးဒေါ်မိလေးတို့ကို ရည်မှန်း၍ ဘိုးပသီသည် အလှူဒါနများပြုပြီးနောက် ယင်းဘုရားသုံးဆူအနီး



www.burmeseclassic.com

www.burmeseclassic.com




ရှိ သားသမီးတို့ မြှုပ်နှံရာတွင် တရားအားထုတ်နေသည်။ မြို့စားကြီးဦးသာကောင်း၏ အစောင့်အရှောက်ကို ခံယူနေရာမှ မြို့စားကြီးနှင့် ဘိုးပသီတို့သည် ဘုရားသုံးဆူ၏ ဂန္ဓကုဋိ ဒေါင့်တွင် သွားလေသူများကို ချည်နှောင်၍ လှမ်းစေတီတစ်ဆူ တည်ထားကိုးကွယ်သည်။ ယင်းလှမ်းစေတီကို "ရွှေနံ့သာ" ဘုရားဟု ခေါ်လျက် ဒေသခံတောင်သူများ မိုးမရွာလျှင် ၎င်းဘုရားကို ရေသပ္ပာယ်၍ ဆုတောင်းခြင်းဖြင့် လိုက်အင်ဆန္ဒပြည့်စုံကြောင်း သိရှိရသည်။

## (ဃ) မိုးကြိုးပစ်ဘုရား

ဝါးတရာရွာတွင် မြို့အုပ်ဦးဖဲ ရုံးစိုက်သည့်အခါ ဆိတ်ရွာနေ ဘိုးရွှေနု၊ မသင့်တို့လင်မယားသည် သဂွံရွာနှင့် ဥတိုရွာအနောက်မြောက်ထောင့်၌ ရှေးအခါက ကျွဲသုံးကောင်နှင့် ကရင်ကြီးတစ်ယောက်တို့ မိုးကြိုးပစ်ခံရ၍ သေဆုံးသောကုန်း၌ ၁၂၃၂ ခုနှစ်တွင် ဘုရားစေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။ ၎င်းဘုရားသည် ဘိုးရွှေနုဘုရားဟု အမည်တွင်ခဲ့သော်လည်း မိုးကြိုးပစ်သောကုန်းတွင် ဘုရားတည်ထားသောကြောင့် မိုးကြိုးပစ်ဘုရားဟု ခေါ်ကြသည်။ သက္ကရာဇ် ၁၂၅၉ ခုနှစ်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်သောကြောင့် ၎င်းဘုရား၏ ထီးတော်နှင့် ငှက်မြတ်နားမျှ၊ ခရာသီးများ အောက်သို့ပြိုကျလျက်ရှိရာ ၁၂၆၅ ခုနှစ်တွင် ချောင်းဝဂိုဏ်းအုပ် ဆရာတော်ဘုရားက ပြန်လည်ပြုပြင်၍ ထီးတော်တင်လှူ၊ အောင်မြင်ကြောင်း သိရှိရပါသည်။

## (င) လှပဓါးကုန်းဘုရားစေတီ

သက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် ကညင်တပင်ကျေးရွာနေ မြန်မာ-ကရင်လူမျိုး "ကိုထိုချ"က တည်ထားကိုးကွယ်သည်။ ဇရပ်လည်း တည်ဆောက်ခဲ့သည်။ ၎င်းရှိစဉ်က နှစ်စဉ် ဘုရားပွဲတော် ကျင်းပပြုလုပ်၍ သံဃာတော်များအား ဆွမ်းကြီးလောင်းလှူသည်။ သက္ကရာဇ် ၁၂၃၅ ခုနှစ်တွင် ၎င်းတည်ဆောက်ခဲ့သော ဇရပ်ကြီးနှင့်တကွ ဘုန်းကြီးကျောင်းလည်း တောမီးလောင်၍ ပါသွားသည်ဟု သိရှိရပါသည်။

## (စ) ပေါ်တော်မူဘုရား

ဗာရာဏသီမင်း အတိတ်ကာလက ရာဂရသေ့ကြီး ဖြစ်၍ စုတေခဲ့သောနေရာ၊ ယင်း၏ ရုပ်အလောင်းကို ကျန်ရစ်ခဲ့သော တပည့်ရသေ့များက သင်္ဂြိုဟ်သောနေရာတွင်) တည်ထားကိုးကွယ်သည်။ ရာဂရသေ့သချိုင်းတော်ဘုရားဟု ဆိုသည်။ ထို့နောက် ပုပ္ပားစောရဟန်းမင်း ဖြို့ကြွင်းသက္ကရာဇ် ၇၃၃ ခုနှစ်တွင် ဟံသာဝတီမြို့ကို စိုးစံတော်မူသော ဓမ္မစေတီမင်းသည် သီဟိုဠ်ကျွန်းမှ ကြွလာသော ရဟန်းတော်များ ပင့်ဆောင်လာသည့် ဓာတ်သား အရိုးဓာတ်တော်ရုပ်ပွားတော်သုံးဆူကို ရာဂရသေ့သချိုင်းတော်ဘုရားကို ပြုပြင်၍ ဌာပနာသွင်း ပူဇော်စေရန် မော်တီမြို့စား အမတ်ကြီးဗိန္ဒုမြအား တာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**ရွှေမြင့်သူ(ကြေး/မြေ)**

**ဝန်ခံချက်** ။ မော်တီဆရာသိန်း၏သား မော်တီဦးလှဖေ စီစဉ်ပြုစုသည့် "မွန် မြန်မာရာဇဝင်သမိုင်းအစောင်စောင်မှ မော်တီဆရာသိန်းကြီး ခေည်းပူးရရှိသော မော်တီမြို့ရွှေမော်တင်ဘုရားသမိုင်း"စာအုပ်မှ ကောက်နုတ်ဖော်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ရှစ်သောင်းပုထိုးတော်ကြီး

## လေးဝတ်ကျော်

မုန္ဒမြိတ်စွာ သက်တော်ထင်ရှားရှိစဉ်ကပင် ဓညဝတီပြည်ရှင် စန္ဒသူရိယမင်း၏ သဒ္ဓါကြည်ညို ဖူးမျှော်လိုသောဆန္ဒကြောင့် ဘုရားကိုယ်တော်တိုင် ရခိုင်ပြည်သို့ ကြွရောက်တော် မူခဲ့လေသည်။ စန္ဒသူရိယမင်း လျှောက်ထားတောင်းပန်ခြင်းကြောင့် ရုပ်ရှင်တော် မဟာမုနိကို သွန်းလုပ်စေခဲ့သည်။ စန္ဒသူရိယမင်းနှင့် မိဖုရား၊ ညီတော်၊ နှမတော်တို့နှင့် တိုင်းသားပြည်သူအပေါင်းတို့အား မေ့စကြာတရားတော်နှင့် ဘုရားဆင်းတုတော် ကိုးကွယ်ခြင်းဖြင့် အကျိုးဖြစ်ထွန်းခြင်းကို သတ္တုဗိမ္မ ပူဇနီယာနိသံသ သုတ္တန်တရားတော်ဖြင့် ဘုရားသခင် ချီးမြှင့်တော်မူခဲ့လေသည်။ ထိုအခါ စန္ဒသူရိယဘုရင် မိဖုရားကြီး ပဒုမ္မဒေဝီ၊ ညီတော်ဥရုဝေလ၊ နှမတော် ဥမ္မာဒေဝီတို့နှင့် ရှစ်ထောင်သော ပရိသတ်တို့ သောတာပန်တည်ခဲ့ကြလေသည်။ ထိုအချိန်မှစပြီး ရခိုင်ပြည်တွင် သာသနာတော်သည် နေရောင် လရောင်ပမာ အစဉ်ထွန်းလင်းခဲ့ပေသည်။

စန္ဒသူရိယမင်း နောက် ၄ဆက်မြောက်ဖြစ်သော သူရိယစက္ကမင်းသည် (ဘီစီ ၃၁၆-၂၇၂)တွင် ဓညဝတီထီးနန်းကို ဆက်ခံစိုးစံခဲ့သည်။ ထိုအချိန်၌ အိန္ဒိယပြည် ပါဋလိပုတ်တွင် အသောကမင်း (သိရိဓမ္မာသောကမင်း) အုပ်စိုးသောအချိန်ဖြစ်သည်။ အသောကမင်း ဆည်းကပ်ကိုးကွယ်သော ရဟန္တာအသျှင် မဟာဆေဋ္ဌလိပုဏ္ဏတိဿမထေရ်စေလွှတ်သဖြင့် အသျှင်ဗာကုလမထေရ်နှင့် အရှင်တိဿမထေရ်တို့သည် ဘုရား၏ ဓာတ်တော်မွေတော်များကို ယူဆောင်၍ သူရိယစက္ကမင်းအား စေတီတည်ရန် ပေးအပ်ခဲ့လေသည်။ ထိုဓာတ်မွေတော်များကို မြတ်စွာဘုရား ရခိုင်ပြည်သို့ ကြွ ရောက်ခဲ့စဉ် သေလာဂီရိမောရပဗ္ဗတတောင်တော်မှ နေ၍ ဗျာဒိတ်ပေးခဲ့သော နေရာလေးဆယ့်ရှစ်ခုတွင် ၄၁ ပနာ၍ စေတီတည်ထားကိုးကွယ်ခဲ့သည်။ အခြားသင့်တင့်လျောက်ပတ်သော နေရာတို့၌လည်း စေတီတော်နှစ်ရာကို တည်ထားခဲ့လေသည်။

ဓညဝတီခေတ် ကုန်ဆုံးပြီးနောက် ဝေသာလီခေတ်၊ ပဉ္စာခေတ်၊ ပုရိန်ခေတ်၊ နေရဉ္စရာခေတ်၊ လောင်းကြက်ခေတ် လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်တို့တွင် အုပ်စိုးခဲ့သော ဘုရင်မင်းအဆက်ဆက်တို့သည် မရေမတွက်နိုင်အောင် များ





www.burmeseclassic.com

www.burmeseclassic.com

ပြားသော စေတီပုထိုးများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ယင်းကြောင့် "သခင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" ဟု ဆိုရိုးစကား ပေါ်ပေါက်ခဲ့သည်။ ထိုခေတ်အဆက်ဆက်က တည်ထားကိုးကွယ်ခဲ့ကြသော စေတီပုထိုးများအနက် မပြို မပျက်ဘဲ စေတီပုထိုးအနည်းငယ်သာ ကျန်ရှိနေခဲ့သည်။ ယင်းစေတီပုထိုးများကို ဖူးမျှော်ကြည်ညိုရန် မြန်မာနိုင်ငံတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်များ နှစ်စဉ်နှစ်တိုင်း လာရောက်ခဲ့ကြသည်။ ၎င်းပြင် ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသုတေသီတို့ လာရောက်ခဲ့ကြသည်။

ယင်းတို့အနက် အထင်ရှားဆုံး လူသိများသော ပုထိုးတော်မှာ သျှစ်သောင်းပုထိုးတော်ကြီးဖြစ်သည်။ သက္ကရာဇ် ၇၉၃ ခုနှစ်တွင် မင်းဗာဘုရင် ထီးနန်းရ၍ တစ်နှစ်ကြာသောအခါ သျှင်မြဝါနှင့် မဟာပညာကျော်တို့က သူရတန်မင်းထံ ပေးအပ်ခဲ့ရသော ဘင်္ဂါတစ်ဆယ့်နှစ်မြို့ကို ပြန်လည်သိမ်းယူရန် ဘုရင်အား အကြံပြုခဲ့ကြသည်။ ယင်းကြောင့် မဟာပညာကျော်အား မဟာနန္ဒသူရိယဘွဲ့တံဆိပ် ပေးအပ်ပြီး စစ်သူကြီးအရာ၌ထားလျက် စစ်ချီရန် စီမံခန့်ခွဲစေခဲ့သည်။ သက္ကရာဇ် ၇၉၄ ခုနှစ်၊ တန်ခောင်မုန်းလဆန်း ၉ ရက်နေ့ စစ်ထွက်လေသည်။ သူရတန်မင်း အရေးနိမ့်သဖြင့် ဘင်္ဂါ တစ်ဆယ့်နှစ်မြို့ကို မင်းဗာဘုရင်ထံ ပြန်လည်ပေးအပ်ခဲ့ရသည်။ သမီးတော် ပင်သီဒေါလ်(ပဲသီဒါ)ကိုလည်း မင်းဗာဘုရင်သို့ ပေးဆက်လိုက်သည်။ စစ်ေ◌ ာင်ပြီး၍ မင်းဗာဘုရင်သည် ဗုဒ္ဓဂယာသို့ သွားရောက်ကာ မဟာဗောဓိစေတီတော်၌ ကုသိုလ်ကောင်းမှုအစုစု ပြုခဲ့သည်။ မိစ္ဆာလူမျိုးတို့ ဖျက်ဆီးထားသည့် စေတီပုထိုးတို့မှ မရေမတွက်နိုင်အောင် များပြားသော ဓာတ်မွေတော်တို့နှင့် ဗုဒ္ဓဂယာမှ စောင့်ရှောက်သူကင်းမဲ့နေသော ဗုဒ္ဓ၏ သီရိပါဒ ခြေတော်ရာကို တစ်ပါတည်း ရခိုင်ပြည်သို့ ပင့်ဆောင်ယူခဲ့သည်။ ကုလားမင်းသမီး ပဲသီဒါကို မြောက်ဦးမြို့ နန်းတော်အတွင်း၌ မထားဘဲ ယခု ပုဏ္ဏားမြို့အနီးရှိ ကျွန်းတွင် သီးခြားနန်းဆောက်၍ ထားခဲ့သည်။ ထိုကျွန်းကို ပဲသီဒါနန်းရှိသောကြောင့် ပဲသီတာနန်းကျွန်းဟု ခေါ်ကြသည်။ နောက်နှစ်များစွာ ကြာသောအခါ ပဲသီတာကျွန်းမှ ပဲစီနန်းကျွန်းဟု ယခုတိုင် ခေါ်နေကြသည်။

မင်းဗာဘုရင်သည် ပင့်ဆောင်ခဲ့သော ဓာတ်မွေတော်



သျှစ်သောင်းပုထိုးတော်ကြီး၊ လိုဏ်အတွင်းမှ ဗုဒ္ဓဆင်းတုတော်

တို့ကို ဌာပနာပြီး စေတီတည်ရန်အတွက် အဂ္ဂစိန္တေယျဆရာတော်၊ အဂ္ဂမုနိဆရာတော်၊ သျှင်မြဝါ၊ အမတ်ပညာရှိဝိမလ၊ မဟာပညာကျော်တို့နှင့် တိုင်ပင်ညှိနှိုင်းလေသည်။ ဘဝရှင်မင်းဗားကြီး မိန့်ဆိုတော်မူသည်မှာ ငါဘုရင်မင်းမြတ်သည် ရှေးအတိတ်ကာလက ပွင့်တော်မူလေပြီးသော ဘုရားရှင်တို့ကိုကား ရုပ်တုတော် ထုလုပ်၍ ကိုးကွယ်ရလေပြီ။ နောင်လာသျှစ်သောင်းဘုရားအပေါင်းတို့၏ ရုပ်ပုံတော်ကိုကား မဖူးရသေး။ ထို့ကြောင့် ငါဘုရင်မင်းမြတ်သည် နောင်လာလတ္တံ့သော မြတ်ဘုရားရှင်တို့၏ ရုပ်တုတော်ကို ကိုးကွယ်ဖူးမြော်ချည်သည်ဟု ဆိုတော်မူသည့်အတိုင်းပင်လျှင် ကြီးစွာသောကျောက်ညိုတို့ကို ရှင်တော်ဘုရား၏ ပုံတော်အတိုင်း ဘုရားအဆူနှစ်သောင်း၊ ရတနာခုနစ်ပါးဖြင့်ပြီးသော ရုပ်တုတော်အဆူပေါင်း ခြောက်သောင်းတို့ကို မှန်ဝမှန်ပုံ၌ တည်ထား


www.burmeseclassic.com

ရှာဘ်မူလေသည်။ ထို့နောက်တစ်ဖန် စေတီတော်မြတ်ကြီး၏ ရှေ့တော်တွင် ကျောက်အုတ်တံတိုင်းတို့ဖြင့် ပတ်ပတ်လည် ရံအပ်သော အဟာရံအတွင်း ကြီးစွာသော သိမ်တော်မြတ်ကို တည်ထားဆောက်လုပ်တော်မူ၏။ စေတီတော်ကြီး၏ မဟာရံ အတွင်းတွင်လည်း များစွာသော စေတီတော်တို့ကို တည်ထား သေးသည်ဟု ဆရာကြီး ဦးဦးသာထွန်းရေးထားသော မြောက်ဦးမြို့ ဘုရားသမိုင်းတွင် ရေးသားဖော်ပြထားပေသည်။ ရမ်းဗြဲမြို့ တောင်ကျောင်းဆရာတော် ရေးသားထားသော ရခိုင်ရာဇဝင်သစ်ကျမ်းတွင် "ဘုရင်မင်းဗာကြီးလည်း ဘုရင်ကိုးပလောင်းစစ်ကို အောင်ပြီးလျှင် သက္ကရာဇ် ၈၉၇ ခုနှစ်၊ လက်ယာရစ် လှည့်ပတ်လျက် အကောက်အကွေးများစွာဖြင့် စီရင်အပ်သော လိုဏ်ခေါင်းကြီးဝယ် ရှစ်သောင်းလေးထောင်သော ရုပ်တုတော်တို့ကို သင့်လျော်ကောင်းမွန်စွာ ထပ်မံပြုပြင်၍ ကြီးစွာသော အမှုသဘင်ကို စီရင်ကြီးပမ်းလျက် လှူဒါန်းတော်မူလေသည်"ဟု ရေးသားဖော်ပြထားခဲ့သည်။

ပညာရှိများ၏ တွက်ချက်မှုအရ နန်းတော်၏ မြောက်ဘက်ရှိ ဖိုးခေါင်တောင်ကိုညှိပြီး သက္ကရာဇ် ၈၉၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့ မြေမနာ နေလနက္ခတ်မပုပ်သောနှစ်တွင် လုပ်ငန်းကို စတင်ပြီး ၄င်းနှစ် တန်ဆောင်မုန်းလပြည့်စနေနေ့တွင် ပုထိုးတော်ကြီးကို စတင်တည်ဆောက်ခဲ့လေသည်။ သျှင်မြဝါသည် အပြည့်ပြည့်ကို သျှင်ငယ်ရစ်ဝန်းအေးမှုထမ်းဟု ဥဒါန်းကျူးလျက် ရွှေပနက်သဲတိုင် စိုက်ထူခဲ့လေသည်။ ပုထိုးတော်ကြီးကို သျှစ်သောင်းပုထိုးတော်ကြီးဟူ၍လည်းကောင်း၊ ပေါ်တူဂီရန်ကို အောင်မြင်သဖြင့် ရန်အောင်ဇေယျ ပုထိုးတော်ကြီးဟူ၍လည်းကောင်း ခေါ်တွင်စေခဲ့သည်။ တစ်ရှေ့ရှစ်ခန်းသော ဗွာပနာကို မြေအောက်ခန်းတွင် စီရင်ပြီးနောက် မဏ္ဍိုင်ငါးရပ်ကို စတည်တော်မူလေသည်။

**ပဌမ မဏ္ဍိုင် တည်တော်မူခြင်း**

ပဌမ မဏ္ဍိုင်တွင် မြတ်စွာဘုရား၏ပုံတော်ကို ပုထိုးတော်ကြီး၏ ဗဟိုအလယ် ဂန္ဓကုဋီတိုက်၌ တည်ထားခဲ့သည်။ မြတ်စွာဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူ၍ အရှေ့လောကဓာတ်သို့ ရှေ့ရှုလျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေသော ပုံသဏ္ဌာန်ကို ရည်ရွယ်၍ ကျောက်ညိုတစ်လုံး



**သျှစ်သောင်းပုထိုးတော်ကြီး လိုဏ်အတွင်းမှ ဗုဒ္ဓဆင်းတုတော်**

ကို ထုလုပ်ပြီး ကြာပလ္လင်ပေါ်တွင် ပစက်မုဒြာအတိုင်း ထိုင်တော်မူပုံ တည်ထားခဲ့လေသည်။ အရှေ့ဖက်သို့ ရှေ့ရှု၍ တည်ထားခြင်းမှာ ဉာဏ်ကမ္ဘာ၌ အဖြစ်အပျက်များကို သဟာဇာတ အညမညအားဖြင့် မကင်းမကွာ ကျေးဇူးပြုတတ်သော ဓာတ်ရှစ်ပါးကို ဂြိုဟ်ရှစ်လုံးဟူ၍လည်းကောင်း၊ နတ်ကြီးရှစ်ပါးဟူ၍ လည်းကောင်း နတ်တို့၏ အသီးသီးတည်ရှိသော ဗွာန ရှစ်ကွက်ကို အရပ်ရှစ်မျက်နှာဟူ၍လည်းကောင်း လောက၌ ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ ထိုဂြိုဟ်ရှစ်လုံးတွင် တနင်္လာဂြိုဟ်မင်း၏ တည်ရာအရပ်သည် အရှေ့လောကဓာတ်အရပ် ဖြစ်သောကြောင့် စန္ဒရာအမည်ရှိသော တနင်္လာဂြိုဟ်မင်းကို အကြောင်းပြုတော်မူသဖြင့် ထိုအရပ်ကို မျက်နှာမူ၍ ပြော်စွာ

www.burmeseclassic.com

ဘုရားသည် ဗောဓိမဏ္ဍိုင်၌ ထိုင်တော်မူလေသည်။ အဘယ် ကြောင့်ဆိုသော် စန္ဒရာအမည်ရှိသော လမင်း၏ ဣန္ဒြိပါဒ် တန်ခိုးတော်မြတ်သည်လည်း သတ္တလောက၌ အရောင်ကို ထွန်းလင်းတော်မူသောအခါ လူသတ္တဝါပေါင်းတို့သည် မနော စိတ်ဓာတ်ဖြင့် ကြည်လင်ခြင်းသို့ ရောက်ကြလေသောကြောင့် ထိုအရာတို့ကို ဘုရားကိုယ်တော်မြတ်လည်း အကြောင်းပြု တော်မူသဖြင့် ထိုဂြိုဟ်မင်း၏ တည်ရာအရပ်၌ အာရုံပြု လျက် ဘုရားအဖြစ်ကို ရခဲ့လေသည်။

## ဒုတိယမဏ္ဍိုင် တည်တော်မူခြင်း

ကေသရာဇာခြင်္သေ့မင်းသည် ရတနာရွှေဂူ၌ တစ် ကိုယ်တည်း အောင်းလေ့ရှိသည်။ တိရစ္ဆာန်အပေါင်းတို့ကို တန်ခိုးဣဒ္ဓိပါဒ်ဖြင့် စိုးပိုင်နိုင်ခဲ့သည်။ ထိုခြင်္သေ့မင်း အင်္ဂါစုံ ၏အရပ်မှာ အရှေ့တောင်ထောင့် ဖြစ်လေသည်။ ဘုရား လောင်း တောထွက်တော်မူသောအခါ ဆံတော်ကိုပယ်ပြီး နောက် ကင်္ခိကာရ ဖြပ္ပါကြီးသည် ကြာသကန်းကို ဆက်ကပ် လှူဒါန်းခဲ့လေသည်။ ထိုဖြပ္ပါကြီးပုံကို ထုလုပ်၍ အထိမ်း အမှတ်အဖြစ် အင်္ဂါထောင့် အရှေ့တောင်အရပ်၌ ဒုတိယ မဏ္ဍိုင်အဖြစ် တည်ထားခဲ့လေသည်။

## တတိယမဏ္ဍိုင် တည်တော်မူခြင်း

သိကြားမင်းသည် ကာမစိတ္တိတန်ခိုးဣဒ္ဓိပါဒ်ဖြင့် လော က်တွင် သတ္တဝါအပေါင်းတို့အား မကောင်းသူပယ်၍ ကောင်း သူကို ကူညီကယ်မသောသူဖြစ်သည်။ ၎င်းပြင် မြတ်စွာဘုရား ၏ သာသနာတော်ကို စောင့်ရှောက်သူလည်းဖြစ်သည်။ ထို့ ကြောင့် သိကြားမင်းကြီးသည် ရောဝဏ်ဆင်တော်ကိုစီးပြီး မိဖုရားများဖြစ်ကြသော သုစိတ္တာ၊ သုနန္ဒာ၊ သုပဘာ၊ သုမာ လာတို့ ခြံရံလျက် တနင်္ဂနွေအရပ် အရှေ့မြောက်ထောင့်တွင် တတိယမဏ္ဍိုင်အဖြစ် တည်ထားခဲ့လေသည်။

## စတုတ္ထမဏ္ဍိုင် တည်တော်မူခြင်း

ဘဒ္ဒကမ္ဘာဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် လောက ကို စောင့်ရှောက်ရန် လောကပါလနတ်ကြီးလေးပါး ပေါ်လာ ခဲ့သည်။ အရှေ့အရပ်ကို ဓတရဋ္ဌနတ်မင်းကြီး၊ တောင်အရပ် ကို ဝိရူဠကနတ်မင်းကြီး၊ အနောက်အရပ်ကို ဝိရူပက္ခနတ် မင်းကြီး၊ မြောက်အရပ်ကို ကုဝေရနတ်မင်းကြီးတို့ စောင့် ရှောက်ကြသည်။ ထိုနတ်မင်းကြီးလေးပါးတို့အား အထိမ်း အမှတ်အဖြစ် ပုထိုးတော်ကြီး၏ ရာဟုထောင့်အရပ် အနောက် မြောက်ထောင့်တွင် စတုတ္ထမဏ္ဍိုင်အဖြစ် တည်ထားခဲ့လေ သည်။

## ပဉ္စမ မဏ္ဍိုင်တည်တော်မူခြင်း

သျှစ်သောင်းပုထိုးတော်ကြီး၏ ဒါယကာဖြစ်သော မင်းဗာမင်းမြတ်၏ ပုံတော်ကို မိဖုရားကြီးဖွားစောမင်းအား လက်ျာဘက်၌ထားလျက် ကုလားမင်းသမီး ပဲသီဒါကို လက်ဝဲ ဘက်၌ထား၍ စနေထောင့် အနောက်တောင်အရပ်၌ ဖြပ္ပါ မင်းကဲ့သို့ ဝတ်ဆင်ပြီး ပဉ္စမ မဏ္ဍိုင်အဖြစ် တည်ထားခဲ့သည်။ ဂန္ဓကုဋီတိုက်အတွင်း ကိန်းဝပ်တော်မူသော ဗုဒ္ဓရုပ်တော်အား လေးပါးသော ပုဂ္ဂိုလ်တို့က ခြံရံခစားသောသဘောပင် ဖြစ် လေသည်။

ပုထိုးတော်ကြီးကို လိုဏ်ငါးထပ်ဖြင့် တည်ဆောက် ထားသည်။ ပထမလိုဏ်ထပ်မှာ ဘုရင်မင်းကြီး ဘုရားဖူးနေ စဉ်သော်လည်းကောင်း၊ ဥပုသ်ဆောင်ဝင်နေစဉ်သော်လည်း ကောင်း အစောင့်အရှောက်များ နေရာအဖြစ် အသုံးပြုခဲ့ သည်။ ဒုတိယလိုဏ်ထက်တွင် မြတ်စွာဘုရား၏ နှမောင်းရာ ဖြစ်တော်ပေါင်းစုံကို နံရံအပြည့် ရုပ်ကြွများဖြင့် ထုလုပ်ဖော် ပြထားသည်။ အပေါ်ဆုံးအဆင့်တွင် တစ်ရာ့တစ်ပါးသောမင်း များ၊ နဂါးမင်း၊ ဂဠုန်မင်း၊ ဂုမ္ဘာန်မင်း၊ ယက္ခမင်း၊ ဂန္ဓဗ္ဗနတ် မျိုးနတ်မင်းများ ကြာဖူးကိုင်လျက် ဘုရားကို ကြည်ညိုနေပုံ များ ထုလုပ်ထားသည်။ တောင်ဘက်တွင် မြတ်စွာဘုရား နစဉ်ဘဝက ဖြစ်ခဲ့သော ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်မှ အကြောင်းအရာများကို သရုပ်ဖော် ထုလုပ်ထားသည်။ ထို ဇာတ်တော်များအနက် အသဝေမန္တဇာတ်၊ ပညာရှိယုန်မင်း၊ ဒုဒ္ဒက္ကဇာတ်လမ်း၊ မာရယုမင်းသားနှင့် ဘီလူးငဆဒ္ဒန်စစ်ထိုး ခန်း၊ ဝေဿန္တရာဇာတ်မှ မဒ္ဒီမိဖုရားသစ်သီးရှာခန်း၊ စန္ဒကန္နရီ ဇာတ်လမ်း စသည်တို့ကို သရုပ်ဖော် ထုလုပ်ထားသည်။ ယင်းတောင်ဘက်တွင်ပင် မြတ်ဘုရား ကျင်လည်ခဲ့သော တိရစ္ဆာန်ဘဝများမှ သူတစ်ပါး၏ အနှိပ်စက်ခံခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com

ဘ၀ပေါင်း ထုလုပ်ဖော်ပြထားသည်။ ကြိုးကြာငှက် ၁၆ ဘ၀၊ ဟင်္သာငှက် ၉ ဘ၀၊ ခိုငှက် ၆ ဘ၀၊ ကျီးငှက် (ကြက်တူရွေး) ၃ ဘ၀၊ ကရဝိတ်ငှက် ၅ ဘ၀၊ ကိန္နရာ ၄ ဘ၀၊ စာမရီ သားကောင် ၁၅ ဘ၀၊ မျောက် ၁၀ ဘ၀၊ ဆင် ၁၁ ဘ၀၊ နွား ၁၄ ဘ၀၊ မြင်း ၁ ဘ၀၊ ကျွဲ ၈ ဘ ၀၊ ဥဒေါင်း ၂ ဘ၀၊ သာလိကာငှက် ၇ ဘ၀၊ ကြက် ၁၂ ဘ၀၊ ဝက် ၁၃ ဘ၀ အားလုံး ၁၃၆ ဘ၀ ဖြစ်ခဲ့သည်။

ဒုတိယလိုဏ်ထိပ် အနောက်ဘက်နံရံတွင် သက္ကဇာဇာတ် (ကျေးဇူးမသိတတ်သော ခြင်္သေ့နက်ဇာတ်)၊ စူဠပဒုမဇာတ်၊ ကျေးဇူးသိတတ်သောလိပ်၊ ဒသပါတိကညီနောင်တစ်ကျိပ်ဇာတ်လမ်း၊ ၎င်းပြင် ဆီမီးခွက်အကာ၊ ပုဝါအကာ၊ စည်အကာ၊ ထောင့်ချိုးထောင့်မှန်အကာတို့ကို သရုပ်ဖော်ထုလုပ်ထားသည်။ ထိုခေတ်အားကစားနည်းဖြစ်သော ကျင်ကိုင်သတ်လက်ပန်းသတ်ဟန်၊ တုတ်သိုင်းကစားဟန် စသည်တို့ကိုလည်း သရုပ်ဖော်ထုလုပ်ထားသည်။ သေနင်္ဂဗျူဟာကျမ်းလာ ဆင်များကို စစ်ထိုးရာ၌ အသုံးပြုရန်အတွက် လေ့ကျင့်နေဟန် ဒိုင်းလွှားများကိုင်ပြီး တိုက်ပွဲဝင်ဟန် စသည့်ရုပ်တုများကိုလည်း သရုပ်ဖော် ထုလုပ်ထားသည်။ ရှေးခေတ်တူရိယာများ ဖြစ်သော စောင်းကောက်၊ ဗျစောင်း၊ ညှင်း၊ ပတ်သာ၊ ခွက်လောင်း၊ စည်ကြီး၊ စည်းခပ်၊ လကွင်း၊ ခရာကောက်၊ ခရာမြှား၊ ပလွေ စသည်တို့ တီးမှုတ်ဟန် ရုပ်တုများကိုလည်း ထုလုပ်ထားသည်။

ဒုတိယလိုဏ်ထပ်၏ မြောက်ဘက်နံရံတွင် ဘူရိဒတ်နဂါးမင်းဇာတ်၊ ဇနက္ကဇာတ်၊ ဇဝနဟင်္သာမင်းဇာတ်၊ စူဠဟံသ၊ မဟာဟံသဇာတ်၊ ပံသုဘုန္ဒိကျီးမင်းဇာတ်၊ သဉ္စည်းဝလုလင်ကို ကျားကိုက်ခန်း၊ ဥတေနဇာတ် စသည်တို့ကို သရုပ်ဖော်ထုလုပ်ထားသည်။ နံရံရှိ အရုပ်များကို ရှေးအခါက ကြွေရည်သုတ်လိမ်းပြီး ဆေးရောင်စုံခြယ်ထားခဲ့သည်။ ဆေးကြွင်းဆေးကျန်များကို ယနေ့တိုင် အချို့အရုပ်များတွင် မြင်တွေ့နိုင်သေးသည်။ ဤအထပ်တွင် လမ်းတစ်လျှောက် လက်ျာဘက်၌ ထပ်၍ ဝသုန္ဒရီနှင့် ဝသုန္ဒရာရုပ်တုများကို တွေ့နိုင်သည်။ ဤအရုပ်များမှာ သိမ်၏ နိမိတ်တိုင်များဖြစ်သည်ဟု အဆိုရှိသည်။ နံရံဖောင်းရစ် အဆင့်သုံးဆင့်တွင် ဆီမီးခွက်ထွန်းညှိရန် ကျောက်ကို ထွင်းလုပ်ထားသည့် ကျောက်ခွက်ငယ် ၁၁၀၄ ခုရှိသည်။

ပုထိုးတော်ကြီး အနောက်ဘက်တွင် ကပ်လျက်ခန်းမ တစ်ခု ရှိသည်။ ဤခန်းမမှာ ရှေးအခါက ဘုရင်များ ဗုဒ္ဓဘိသေက ဘိသိက်ခံယူရာ ဘိသိက်ခန်းမဖြစ်သည်။ ဘိသိက်ခံယူမည့် ဘုရင်၏ အဝတ်တန်ဆာအတိုင်း ဝတ်ဆင်ထားသော ဗုဒ္ဓရုပ်တုတော်ကို ရတနာကိုးပါးဖြင့် သွန်းစေခဲ့သည်။ ထိုဆင်းတုတော်မှာ ဘုရင်၏ အတိုင်းအတာဖြင့် တစ်မိုက်၊ တစ်တောင်၊ တစ်ထွာ ကြိုက်သလို သွန်းနိုင်သည်။ ထိုဆင်းတုတော်ကို ဘုရင်၏ဦးခေါင်းတွင်တင်၍ သံဃရာဇာဆရာတော် (သာသနာပိုင်ဆရာတော်)နှင့် အခြားသက်တော်ဝါတော်ကြီးသော သံဃာတော်များရှေ့မှောက်၌ ဘုရင်ကိုယ်တိုင် ကျိန်ဆိုပွဲ ပြုလုပ်ရသည်။ ဤသို့ပြုလုပ်ခြင်းကို ဗုဒ္ဓဘိသေက ဘိသိတ်သွန်းလောင်းသည်ဟု ခေါ်သည်။ ဘုရင်အဝတ်တန်ဆာအတိုင်း ဝတ်၍ သွန်းလုပ်ထားသောဘုရားကို ဘိသေကမုနိဟု ခေါ်သည်။ ရခိုင်လူမျိုးတို့က မဟာကျိန်ဘုရားဟု ခေါ်ကြသည်။ ထိုဘိသိက်ခန်းမ၏ တောင်ဘက်၌ ကပ်လျက် ဘုရင်၏ ဥပုသ်ဆောင်ရှိသည်။ ဒုတိယထပ်၏ ပတ်လည်တွင် ဂူပေါက်သုံးဆယ့်တစ်ပေါက်ရှိ၍ ဂူတစ်ပေါက်စီတွင် ကျောချင်းကပ်ပြီး ကျောက်ဆင်းတုနှစ်ဆူစီရှိသည်။

တတိယလိုဏ်ထပ်နှင့် စတုတ္ထထပ်ရှိသော နေရာကို အတွင်းပတ်ဟုခေါ်သည်။ အရှေ့ဘက်ရှိ ဝင်လမ်းအတိုင်း အနောက်ဘက်သို့ ဝင်သွားရသည်။ အနောက်ဘက်မှ တစ်ဖန်ချိုးပြီး မြောက်ဘက်သို့ သွားရသည်။ မြောက်ဘက်မှ တစ်ဖန်ချိုးပြီး အရှေ့ဖက်သို့ ဝင်ရသည်။ ထိုမှတစ်ဖန် လှေကားဖြင့်တက်လျှင် ဗုဒ္ဓ၏ခြေတော်ရာရှိရာ အခန်းသို့ ရောက်သည်။ ဂန္ဓကုဋီတိုက်ဝင်လမ်း၏ လက်ျာဘက်တွင် ကျရောက်သည်။ ဤလိုဏ်တွင်း၌ အမိုးကို ကျောက်တုံးများဖြင့် သပ်သပ်စီ ပေါင်းကူးပြုလုပ်ထားသည်။ အထဲတွင် လိုဏ်သံလုံးဝ မရှိသည်ကို ထူးဆန်းစွာ တွေ့ရှိရပေမည်။ ဗုဒ္ဓခြေတော်ရာမှာ မင်းဗာဘုရင်ဗုဒ္ဓဂါယာမှ ပင့်ဆောင်ခဲ့သော သီရိပါဒခြေတော်ရာဖြစ်သည်။ ရွှံ့စေးတွင် ဖိနှင်းထားဟန်ဖြစ်သည်။

ထိုခြေတော်ရာမှ အနောက်ဘက်သို့ ဝင်သွားလျှင် အုတ်နံရံနှစ်ဘက်၌ ဂူသွင်းဘုရား ဆင်းတုများကို ဝဲယာတစ်လျှောက် ဖူးမြင်ရပေမည်။ အနောက်ဘက်မှတစ်ဖန် တောင်


www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ သွားရသည်။ တောင်ဘက်မှတစ်ဆင့် အရှေ့ဘက်သို့ ဆက်သွားပါက စေတုတ္ထလိုဏ်ထပ်၏ အခုံးသို့ ရောက်သည်။ ဤအခုံးခန်းသည် ဂန္ဓကုဋိတိုက်ဝင်လမ်း၏ လက်ဝဲဘက်တွင် ရှိသည်။ ဤစေတုတ္ထလိုဏ်ထပ်တွင် ဂူသွင်းဘုရားနှစ်ဆယ့်ရှစ်ဆူရှိသည်။ သမ္ဗုဒ္ဓေဂါထာတော်အရ တည်ထားခြင်းဖြစ်သည်။

ပုထိုးတော်ကြီး၏ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်ရှိ တံတိုင်းပေါ်တွင် ပုထိုးများ တည်ထားလျက်ရှိသည်။ တောင်ဘက်တွင် အရံပုထိုးကြီးတစ်ဆူနှင့် ပုထိုးငယ်တစ်ဆယ့်ခုနစ်ဆူ၊ အနောက်ဘက်တွင် ပုထိုးငယ်သုံးဆူရှိသည်။ မြောက်ဘက်တွင် ပုထိုးကြီး တစ်ဆူနှင့် ပုထိုးငယ်တစ်ဆယ့်လေးဆူရှိသည်။ ပုထိုးငယ်နှစ်ဆူကြားတွင် ကျောက်ပြားကို အရုပ်နှစ်ဘက်ထုထားသော ကျောက်ချပ်များရှိသည်။ တောင်ဘက်ရှိ အရုပ်များအကြောင်းကို မှတ်မိစေရန် လက်ာဖြင့် ရေးစပ်ထားခဲ့သည်။

အိုလေပြည်သူအိုလူများတို့ သက္ကရာဇ်ရှစ်ရာ ကိုးဆယ်မှာလျှင် စွန်းအင်ခုနစ်၊ ဖြစ်သည့်ကောဇာ၊ တည်သည့်ရာကား။ မည်သာထွင်ထ၊ မြတ်ဗုဒ္ဓလျှင်၊ ဖြစ်ထများစွာ၊ စုငါးရာနှင့်၊ နောင်လာသျှစ်သောင်း။ ဘုရားပေါင်း၏ ရုပ်ပေါင်းများစွာ၊ ရှိသည်မှာကြောင့်၊ မည်သာတွင်လျောင်း။ ရှင်သျှစ်သောင်းတွင်၊ တင့်ကြောင်းတည်ရာ၊ တောင်မျက်နှာ၌၊ ဖြစ်ဒသည်မှန်စွာ၊ ရုပ်ပေါင်းမှာကား။ အရှေ့ကစ၊ နောက်သို့ကျအောင်၊ များမြောင်မနုသ၊ လူထိုမျှတို့၊ သိကြစေဗ့ာ၊ မော်ကွန်းဖြာအံ့၊ သည်မှာအစပဌမကား။ ကြီးလှတန်ခိုး။ ဝတိန်ခိုးသည်၊ ဟိုးဟိုးကျော်သား။ နတ်သိကြားလျှင်၊ ထင်လှဘုန်းသန်၊ ရောဝဏ်ကို၊ စီးဟန်တုံမြောက်၊ ထိုကလျှောက်သော်၊ အုံလောက်စရာ၊ မဟာပိန္နဲ နတ်သူရဲလျှင်၊ ဆက်ကဲလွန်စွာ၊ ကောသရာကို၊ မှန်စွာစီးဘိ၊ မြတ်ဘုန်းရှိလျှင်၊ နေလေကျင်သည်၊ မည်တွင်ဝိမလ၊ အမဓ္ဓနှင့်၊ မဟိသကျွဲ၊ ထိုကလွဲသော်၊ နေပျော်မျောက်မင်း။ တွင်ခြင်းနာမ၊ ကြီးတေဇာနှင့်၊ အာဋ္ဌာဝက၊ မနုသနှင့် သီဟာရာဇာ၊ မည်သညာဟု၊ ဒေဝါဘီလူး။ စွယ်ပြူးတူးနှင့်၊ ရှုးရှုးမျက်စိ၊ ရှိလေဘိမှ၊ ကင့်ကရာ၊ ထိုပြဟ္မာလျှင်၊ နေလာပြီးသော်၊ မယ်တော်နတ်သား။ ကြာဖူးများဖြင့်၊ ညွတ်တွားကော်ရော်၊ ပူဇော်ပေမှ၊ မည်လှတွင်သီး။ စစ်သူကြီးဟု၊ ဣတိသိင်္ဂ၊ ရသေ့လှကို၊ မိန်းမသိဋ္ဌိလိကာ၊ လုပ္ပစ္စာလျှင်၊ ဖျက်လာပေဟန်၊ ဆင်ဆဒ္ဒန်နှင့်၊ မာန်ဘုန်းကြီးစွာ၊ ကောသရာကာ၊ စဉ်လာမည်မှတ်၊ ဘူရိဒတ်ဟု၊ ပြုလတ်သေချာ၊ ရုပ်ပေါင်းမှာကား။ ပဥ္စကား။ တစ်ဆယ့်ငါးတည်း။ ခြားနားသေသပ်၊ ရှိတုံလတ်တွေ၊ ကျန်လေတစ်ဘက်၊ မျက်နှာထက်တွင်၊ ကိုင်လျက်သောင်းသောင်း။ ကြာဖူးပေါင်းနှင့်၊ အလောင်းမှန်စွာ၊ နတ်များပါသည်၊ နောင်လာအစဉ်မှတ်စေတည်း။

မြောက်ဘက်တွင်ရှိသော အရုပ်များအကြောင်းကို ရေးထားသည့်စာကို မတွေ့ရသေးပါ။ သို့သော် ယခုတွေ့ရသော အရုပ်များမှာ ဆဒ္ဒန်ဆင်မင်းရုပ်၊ ဘူရိဒတ်နဂါးမင်းရုပ်၊ မာရယုနှင့် ဘီလူးငဆဒ္ဒန်စစ်ထိုးခန်း။ မာရယုနှင့် ရုပ်တမာလာမင်းသမီးတွေ့ခန်း။ သူရဿတီမယ်တော်ပုံတို့ ဖြစ်ကြသည်။

ပုထိုးတော်ကြီးအတွင်းရှိ ဘုရားရုပ်တုတော်၏ ပုံတော်များမှာ လက်ဟန်အားဖြင့် မုခ်ဝထိပ်ရှိ ရုပ်တော်မှုဆင်းတုတော်မှာ ဗျာဒိတ်ပေးနေပုံ ဝရဒမုဒြာပုံ ဖြစ်သည်။ ပစင်္ကမုဒြာ၊ ဘုမ္မဖဿမုဒြာ၊ မျာနမုဒြာ၊ ဂုမဓ္မနှုဒေသနာမုဒြာ စသော မုဒြာအမျိုးမျိုးကိုလည်း တွေ့ရှိရပေသည်။ ပုထိုးတော်ကြီးခေါင်မိုးပေါ်တွင် ထူပါပုံစေတီကြီး နက္ခတ်နှစ်ဆယ့်ခုနစ်လုံးရည်ရွယ်၍ တည်ထားခြင်းဖြစ်သည်။ ပုထိုးတော်ကြီး၏ အလျား ၁၆၀ ပေ၊ အနံ ၁၂၄ ပေ ရှိပြီး သိမ်တော်ကြီးအလျား ၇၀ ပေ၊ အနံ ၄၆ ပေ ရှိကာ အောက်မဟာရံမှ ဗဟိုစေတီကြီး ဖျားထိအမြင့် ဂ၆ ပေရှိသည်။ ဤပုထိုးတော်ကြီးသည် ရခိုင်တို့၏ ရှေးဟောင်းပြတိုက်ကြီးသဖွယ်ဖြစ်၍ အစဉ် တည်တံ့စေရန် ထိန်းသိမ်းပြုပြင်သင့်ပေသည်။

**လေးဝတီကျော်**

ကျမ်းကိုး

၁။ မြောက်ဦးမြို့ ဘုရားသမိုင်း။ ဆရာကြီးဦးဦးသာထွန်း (လေးဝတီကျော်)။

၂။ ရခိုင်ရာဇဝင်သစ်ကျမ်း။ ရမ်းဗြဲမြို့တောင်ကျောင်း ဆရာတော်။

၃။ ထင်ရှားသော သမိုင်းဝင်ဘုရားများ။ ဆရာကြီး ဦးကျော်ကျော်လှ။



www.burmeseclassic.com

www.burmeseclassic.com

# ဒေဝမည်တွင် သိမ်ဖြူရှင်

● စေတိုင်းတည်



### မွှင်ရှစ်ပါးနှင့် တိုင်ကြီးရှစ်လုံးအကြောင်း

ပုထုဇဉ်ဆိုတာ အာရုံမှန်သမျှကို တပ်မက်စိတ်နဲ့ နာရီတွေကို တစ်တုံးစီ ကျော်နင်းသူများသာ။ ကျွန်ုပ်ကိုယ်တိုင်လည်း ရာသီများစွာကို ခြေချရင်း အညွန့်အခက်၊ အပွင့်အလက်ဖြစ်သော ရသာအာရုံမှန်သမျှကို ခပ်သောက်ခဲ့ဖူးပါတယ်။ ဒါပေမယ့်လည်း ကိုယ်တိုင် သီကုံးပန်ဆင်ခဲ့တဲ့ ရာသီပန်းပွင့်တွေကိုတော့ နှလုံးသားနနထက်ဆီမှာ ပွင့်လန်းစေခဲ့ရာက ကဗျာသီ။ တသီးတွေအဖြစ်နဲ့တောင် လှဝေနေဆဲပါ။

အဲဒီအထဲကမှ ရာသီကောင်းတွေနဲ့ ကြီးရင့်လာခဲ့တဲ့ စကားပန်းတွေရှိသလို လှိုင်းထန်ရေဆန် ဥတုဆိုးဒဏ်ကို တွန်းလှန်လိုက်ရတဲ့ ခပ်မှောင်မှောင်ရနံ့ဆိုးတွေလည်း ပါတတ်ဖြူပါတယ်။ ဒါတွေကို မျက်မှောက်ခေတ် ဂိုဒေါင်တစ်လုံးထဲမှာ သိုလှောင်သိမ်းဆည်းရင်းပေါ့။

ဒီလိုနဲ့ ဒီလိုနဲ့ သက်သတ်လွတ် ဘွဲ့ခံ အရှင်ဥဿျ သာဂရ ဆရာ့တော်ဘုရားခြေတော်ရင်း ဝတ်ဆင်းခဲ့ရပြန်ပါတယ်။ လောကခံဆိုသော မုန်တိုင်းကြားမှာ ကူးရင်းခတ်ရင်း သက်စွန့်နှင်ခဲ့ရသူမို့ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ သိမ်မြတ်မဟာရဲ့ ထူးခြားမွန်မြတ် ဂုဏ်ခြပ်ကိုမသိခဲ့။ ကိုယ်ခိုကိုးနေသောအရိပ်ရဲ့ သံစပင်ကိုမသိသော လူအန္တ တစ်ယောက်နှယ်။ စာသမားပေသမားဆိုသော်လည်း သာသနာဝင်မှာ သမိုင်းတွင်တဲ့ သိမ်ဖြူရှင်ကိုတော့ မသိခဲ့။ မောဟတွေတွေပြောကာ မိုက်လုံးကြီးနေသော စာပေသမားလို့ပဲ ဆိုပါပေတော့။

သို့သော်လည်း ဆရာတော်ဘုရားရဲ့ သုတရိပ်မှာ ဆိပ်ခဲ့ရသူမို့ **“ငါ့နေရာဟာ အောင်သူမြေ၊ အောင်သူတွေရဲ့ အောင်ထီးကနုက်”** ရယ်လို့ သိလာခဲ့ရပါတယ်။ ဆရာတော်ဘုရားကြီးဟာ သာသနာနဲ့အပ်စပ်သော ပစ္စည်းလေးပါးကို တပ်မက်သောစိတ်ဖြင့် အလှူမခံခဲ့ပါဘဲ ဖြစ်သလို ကြုံသလိုသာ ၁၃၅၃ ခုနှစ်မှာ နိုင်ငံတော်အစိုးရက ဆောက်လုပ်လှူဒါန်းအပ်တဲ့ တစ်ထပ်ကျောင်းလေးထဲမှာသာ ဇရာအနှိပ်စက်ဒဏ်ကို မညည်းညူဘဲ သင်္ခါရကို သံဝေဂယူရင်း ညှိုသောအရောင်ရှိသောပင် ကိုယ်အရေပါးပါးပေါ်မှာ လျော့ရဲရဲ ပျင်းတွဲကာမနေတဲ့အပြင် ယမ်းခါတုန်ရီခြင်းလည်းမရှိဘဲ ကြည်လင်သောသပ္ပာယ်မှုတို့နဲ့ သက်တော် ၉၁၊ သိက္ခာတော် ၇၁ ဝါ တိုင်ခဲ့ပါတယ်။

www.burmeseclassic.com

ဆရာတော်ဘုရားကြီးဟာ ကျောင်းသားဘဝကပင် အသားငါးမျိုးကို စားသုံးရန် မငံ့ရဲခဲ့ဘဲ လောကသဘောအရ အများနှင့်အဆင်ပြေအောင်သာ ဘုဉ်းပေးသုံးဆောင်တော်မူခဲ့ရာ သက်တော် ၃၀ နှစ်အရောက်တွင် အသွေးလွှတ်၊ အသားလွှတ်ကို ဘုဉ်းပေးခဲ့တာ နှစ်ပေါင်း ၆၁ နှစ်တိုင်တိုင် ကြာခဲ့ပါတယ်။

ဆရာတော်ဘုရားကြီးဟာ ထိုမျှသာမကသေးဘဲ မံသစက္ခုနဲ့မမြင်နိုင်၊ ဒိဗ္ဗစက္ခုနဲ့သာ တွေ့မြင်နိုင်တဲ့ ရေပိုးရေမွှား ကုန်းပိုးကုန်းမွှား တိရစ္ဆာန်အများတို့ အကာလမရဏ မဖြစ်စေရေးအတွက် ကိုယ်လက်သုံးသပ် ရေချိုးတော်မူသောအခါမှာပင် အဘယ်မည်သော ဆပ်ပြာကိုမှ မသုံးခဲ့ပါဘူး။ သို့တိုင်အောင် ဆရာတော်ကြီးရဲ့အသားတော်မှာ ကြည်လင်ကာ နဝါပျိုဆဲပါ။

ဆရာတော်ဘုရားကြီးသည် သာသနာတော်တစ်ရပ်လုံးအတွက် အရေးပါလှတဲ့ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်မြတ်ကြီးကို အထူးကြောင့်ကြစိုက်ပုံကလည်း အတုယူစရာပါ။

"ငါ သဲတစ်ဆုပ်နိုင်ရင် သဲတစ်ဆုပ်၊ ဘိလပ်မြေတစ်ထုပ်နိုင်ရင် တစ်ထုပ်နဲ့ ပြုပြင်မယ်ကွ"

အမြဲလိုလို စကားစပ်မိတိုင်း ပြောလေ့ရှိသလို -

"ဟော့ကောင် ကောဝိဒ၊ ဒီသော့ဟာ သာမညသော့ မဟုတ်ဘူးကွ။ ဝင်ကိုးဝင်မှာပါတဲ့ သာသနာ့ဝင်သော့။ ဒါကြောင့် လူလာတိုင်း ပေးဖွင့်လို့မရဘူး။ ငါတို့၊ မင်းတို့ဟာ သိမ်ဖြူတော်ကြီးသာသနာစောင့်ရတဲ့ သာသနာစောင့်တွေကွ"

သိမ်ဖြူတော်မြတ်ကြီးရဲ့ တံခါးမကြီးသော့ကို ကိုင်ရင်း ဆရာတော်ဘုရားကြီးသည် သာသနာအတွက် သစ္စာပန္နက်တိုင် စိုက်နက်ခဲ့ဖူးပါတယ်။

ဆရာတော်ဘုရားကြီး အမိန့်ရှိသလိုပါပဲ။ သူထိန်းသိမ်းစောင့်ရှောက်ပူဇော်ခဲ့တဲ့ သိမ်ဖြူတော်မြတ်ကြီးအတွင်းသို့ ဝင်ရောက်ဖူးမြော်လိုက်သည်နှင့် သက်တမ်းရာကျော် ကြာပြီဖြစ်သော စကျင်ကျောက်သားပေါ်မှာ လက်ရာမြောက်စွာ အပူဇော်ခံလျက်ရှိတဲ့ ဉာဏ်တော် ၄ တောင် ၁ မိုက်ရှိတဲ့ ဇိနယံသီဘွဲ့မြတ်ချီသော ဘုမိဖဿရုပ်ရှင်တော်မြတ်ကြီးကို အရင်ဆုံး ဖူးမြော်ခွင့်ရမှာ ဖြစ်ပါတယ်။ ရုပ်ရှင်တော်မြတ်ကြီးကို ကြည်ညိုရင်း နှလုံးသားမှာ အအေးကြီးအေး၊ အငြိမ်းကြီးငြိမ်းစေခဲ့ပါတယ်။ ပုံတော်မှဆီ ဂုဏ်တော်ချီရင်း မိမိရင်တွင်းမှာ အစဉ်အောင်းနေတဲ့ ကိလေသာအပူဟာ ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်းတန်ခိုးတော်ကြောင့် အနုသယအားဖြင့် မကင်းပျောက်နိုင်သေးသော ကိလေသာတို့ဟာ နေလာနှင်းပျောက် အလင်းရောက်ခဲ့ပါတယ်။

မဟာဇိနယံသီ ရုပ်ရှင်တော်မြတ်ကြီးရဲ့ ဝဲယာတို့ဆီမှာ ဉာဏ်တော်အမြင့် ၄ တောင်တိတိ ဂုဏ်ရောင်ရှိသည့် မဟာသီရိဇိနနဲ့ မဟာအတုလဇိနဘွဲ့တော်သသည့် ဘုမိဖဿရုပ်ရှင်တော်မြတ်နှစ်ဆူတို့မှာလည်း နေမင်း၊ လမင်းတို့အလယ် တင့်တယ်ဖွယ်ဖြစ်စေသော နက္ခတ်တာရာကြယ်အို့နယ်၊ ရှေးမှုမပျက် နန်းမူဆက်သောလက်ရာ ကြည်ညိုစရာများကြောင့် လူပြိန်းသူပြိန်းတို့ရဲ့ ကိလေသာနှလုံးအိမ်ကို ယူသိမ်းလျက် အအေးဓာတ် ကိန်းစေခဲ့ပြန်ပါတယ်။

ထိုရှင်တော်မြတ်ဘုရားတို့ သီတင်းသုံး ကိန်းဝပ်စံပယ်ရာ သိမ်ဖြူတော်မြတ်ကြီးဟာ အမြင့် (၂၄ ပေ ၈ လက်မ) ထက်မှာရှိသော တောင်တော်ကြီးထက်တွင် ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်မြတ်ကြီးသည်လည်း အမြင့်ပေ (၅၅ ပေ ၇ လက်မ)ရှိသော အမိုးပြာသာဒ် စုလစ်မွမ်းချွန်တို့ဖြင့် ကရဝိက်ငှက်မင်းကြီးသည် ဟိုးတိမ်စွန်ဖျားဆီသို့ ငွားငွားဆင့် ဝါးဝါးဝင့်ကာ ယွန်းကြွမလိုဟန်။

အလွန်တရာထူထဲသော အုတ်ရိုးကြီးများနှင့် ခံ့ညားကြီးမားလှသော လုံးပတ် (၈ ပေ ၆ လက်မ)တိတိရှိ တိုင်လုံးတော်ကြီး ရှစ်လုံးတို့သည် သာသနာရဲ့ ရန်အဖြာဖြာကို ကြံ့ခိုင်စွာ ရပ်တည်မည့်အလား မြတ်ဘုရား၏အရိုက်အရာကို ဆက်လက်ထိန်းသိမ်းမည့်သဏ္ဍာန်။ ထိုအသွင်တို့ကြောင့် တစ်ကြိမ်တစ်ခါ အခွင့်သာလို့ ရောက်လာခဲ့ကြသော ဘုရားဖူး ဓမ္မသူတော်စင်များသည် သိမ်တော်၏အဆင်း တောင်မြတ်မဟာ၏ တင့်တယ်ခြင်းတို့ကြောင့် မခွဲမခွာလို စွဲနိုင်ကာ သံယောဇဉ်ပိုခဲ့ကြရပြန်ပါတယ်။

ရံခါ နွေလေညင်းလေး၏ သွဲ့သွဲ့နွဲ့နွဲ့ တိုက်ခတ်သော ရာဆီသို့ အလိုက်သင့် ကိုင်းညွှတ်ယိမ်းထိုးနေသော ထန်းပင်ညီနောင်တို့သည် မင်းမြတ်နှစ်ပါးတို့ အလုနှယ် အကာကွယ်နေ

www.burmeseclassic.com

ကြပုံက နေပူ၊ ဘဝင်ဆူ၊ ကိလေသာအပူမီးနေကြသော လောကလူသားများအတွက် သံဝေဂ ဓမ္မတွေ ပေးနေသလို၊ ပျော့လွန်းသောအရာသည် လိုရာမရောက်၊ မာလွန်းသော အရာသည်လည်း ကြွပ်ဆပ်ခြင်းဖြင့် ခရီးမပေါက်သကဲ့သို့ မဇ္ဈိမပဋိပဒါ အလယ်အလတ်အကျင့်မှသာလျှင် ခရီးတွင်နိုင်ပေတော့သည့်အဖြေ။

"ချစ်သား သုဘဒ္ဒ၊ ငါဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးမှာ မဂ္ဂင်တရား ရှစ်ပါးဆိုတာရှိတယ်။ အဲဒီအကျင့်မြတ်တရားကို ပွားဖော်နေသမျှကာလပတ်လုံး ငါဘုရားသာသနာမှာ ရဟန္တာဆိုတာ မဆိတ်သုဉ်းဘူး သုဘဒ္ဒ"

ဘုရားရှင်ရဲ့ တရားဒေသနာတော်အဆုံးဝယ် ဘာသာအယူအကြည်မရှိသော ပရိဗိုဇ်ကြီးသုဘဒ္ဒသည် ပစ္ဆိမသာဝက ရဟန္တာအရှင်မြတ်အဖြစ် သာသနာ့တာဝန်ကို ထမ်းယူတော်မူခဲ့ပါတယ်။

သမ္မာဒိဋ္ဌိ-သစ္စာလေးပါးကို ကောင်းစွာမြင်ခြင်း။ သမ္မာသင်္ကပ္ပ-ဝိတက်သုံးပါးမှကင်း၍ ကောင်းသောအကြံကိုကြံခြင်း။ သမ္မာဝါစာ-ဝစီဒုစရိုက်လေးပါးမှကြဉ်၍ ကောင်းသောစကားကိုဆိုခြင်း။ သမ္မာကမ္မန္တ-ကာယသုစရိုက်သုံးပါးမှ ကြဉ်၍ ကောင်းသောအမှုလုပ်ခြင်း။ သမ္မာအာဇီဝ-အဓိမ္မိကဝါဏိဇ္ဇငါးပါးမှကြဉ်၍ အသက်မွေးခြင်း။ သမ္မာဝါယမော-ကုသိုလ်တရားတို့ကို ဖြစ်အောင်လုပ်ခြင်း၊ သမ္မာသတိ-နီဝရဏတရား စသည်တို့ကို အဖန်ဖန်အောက်မေ့ခြင်း။ သမ္မာသမာဓိ-ကုသိုလ်တရားတို့ကို အာရုံ၌ တည်ကြည်မြဲမြံစွာထားနိုင်ခြင်းဆိုသော မဂ္ဂင်ရှစ်ပါးသည် တခြားတခြားသော ဘုရားတို့နှင့် မယှဉ်သော တရားမြတ်ပေတည်း။

မြတ်ဗုဒ္ဓသည် သူကိုယ်တိုင်ကျင့်၍ သူကိုယ်တိုင်သိလာသော ဓမ္မအပေါ်၌ ရဲစွာတာဝန်ယူခဲ့သော လောက၌ ငြိမ်းချမ်းခြင်းကို အလိုရှိသူ၊ အောင်မြင်မှုကို အလိုရှိသူ၊ စင်ကြယ်လိုသူသည် မြတ်ဗုဒ္ဓရှာဖွေပေးခဲ့သော မဂ္ဂင်ရှစ်ပါးလမ်းသို့ လျှောက်တတ်ရမည်။ လျှောက်တတ်သော် အဘယ်မှာ မရောက်ဘဲရှိပါအံ့နည်း။

ကောင်းသော ဉာဏ်အမြင်ရှိသောသူသည် ကောင်းသောအကြံအစည်ကိုသာ ကြံစည်ပေတော့မည်။ သူပိုင်နာရီတို့သည် သူတစ်ပါးကိုလည်း မထိခိုက်သလို၊ ကိုယ်တိုင်လည်း မနစ်မွန်းတော့။ ထိုသူ၏အလုပ်သည်လည်း မိမိ သူတစ်ပါး နှစ်ဦးသားတို့ မထိခိုက်သော ကောင်းသောအလုပ်ပင်တည်း။ ထိုအလုပ်ကောင်း ရှိသောသူ၏ အသက်မွေးမှုသည် ဒုစရိုက်အကုသိုလ်တရားတို့ မရောယှက်နိုင်။ ကောင်းစွာလုံ့လပြုအပ်သော ထိုသူသည် ကောင်းသော သတိတရားတွေရှိသော စက္ကန့်တွေနဲ့သာ။ ထိုသတိတရားတို့သည် သမာဓိပွား လေ့ကားထစ်တို့ပင်တည်း။ ထိုသို့သော လူသား၏ နာရီတိုင်း၊ ရာသီတိုင်းတွင် အတ္တမထိ၊ ဆူးမငြိခဲ့။ အန္တရာယ်ခပ်သိမ်းတို့မှ ကင်းငြိမ်းသော ထိုသူသည် အေးငြိမ်းသော နေရာတို့၌သာ...။

ဤသို့ဖြင့် မဂ္ဂင်ရှစ်ပါးသည် ကမ္ဘာ့လူသားများအတွက် အလုတန်ဆာဖြစ်သလို ထိုရှစ်ပါး အကျင့်မြတ်တရားကို ရည်ရော်၍ ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာ့ဗိသုကာပညာရှင်တို့သည် ခြူးပန်းခြူးနွယ် နတ်ပန်းနတ်နွယ်တို့ဖြင့် တန်ဆာဆင်ယင်အပ်သော ရှစ်ပါးသော တိုင်တော်မြတ်ကြီးတို့ဖြင့် ထမ်းယူပင့်ဆောင် တည်နေတော်မူသော သိမ်ဖြူတော်မြတ်ကြီးသည် ရန်သူငါးပါး သဘာဝဘေးဒဏ်ကြားမှာ ခိုင်ခိုင်ခံ့ခံ့ တည်တံ့နေပေသည်။

မဂ္ဂင်ရှစ်ပါးဆီသို့ ညွှန်းဆိုသက်သေ သမုတ်ပေသော တိုင်တော်ကြီး ရှစ်လုံးတို့သည် ကောင်းကင်ဝတိံနတ်နန်းဆီသို့ ကြွမြန်းမည့်အလား ထင်မှားရာက ကနုတ်ပန်းအသွယ်သွယ်တို့ဖြင့် တန်ဆာဆင်ယင်အပ်သော အမိုးပြာသာဒ်ကြီးလေးဆောင်တို့ကို ထမ်းရင်းထိန်း၊ ထိန်းရင်းထမ်းတော်မူကာ နန်းမူဟန် မဟာဆန်နေခြင်းတွေသည်ပင် အဖဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးကို အမိရွှေရတနာ ပြည်မြန်မာရင်ခွင်တော်ပေး ပတ္တမြားဆင်တော်မူသကဲ့သို့ ရှိတော်မူလျက်ပင်။

မြင့်မြင့်မားမား တင့်တင့်တွားတွားလျက်ရှိသော ထန်းပင်ညီနောင်တို့ထက်တွင် နွေအလှကို တွန်ပြနေကြသော ဥဩမောင်နှံတို့က သာယာနာပျော်ဖွယ် တွန်ကျူးသံတို့သည်ကား သိမ်ဖြူတော်မြတ်ကြီး၏ အရှေ့မြောက်ထောင့်တွင်ရှိသည့် ကမ္ဘာ့လူသား နိယာမတရား ဒုက္ခသည်များကို ငြိမ်းအေးသက်သာစေတတ်သော သိင်္ဂါအဖုံဖုံတို့ကို အလိုရှိတော်မူကြသော လူနတ်ပြဟ္မာ ခပင်းများစွာတို့အတွက် လောကီသိဒ္ဓိ

www.burmeseclassic.com

www.burmeseclassic.com

လောကုတ္တရာသိဒ္ဓိများကို ပြီးမြောက်စေတတ် သိဒ္ဓိမြွတ်တို့ကို ရအပ်ခံစားအပ်သော နာမပညတ် သိဒ္ဓိဓာတ်တို့ဖြင့် သိဒ္ဓိရှင်စေတီတော်မြတ်ကြီးကို ပူဇော်နေသလို။

"ဘုရားလေးငယ်ငယ်၊ ကိုးတောင်ပြည့်တယ်၊ ငယ်သာငယ် ကယ်ဆယ်မည့်ဘုရား။ တို့မြန်မာ ကမ္ဘာသားတွေ ကစ်သုံးပါးလွတ်မယ်ကွဲ့၊ မှတ်တော့အလား"

ဆိုသော တဘောင်စနည်းအတိုင်း ဒေဝသာရ ရဟန္တာ သိမ်ဖြူတော်မြတ်ကြီးနဲ့ သိဒ္ဓိရှင်စေတီတော်မြတ်တို့မှာ အဓိဋ္ဌာန်အောင်လိုသူများအတွက် အောင်ပန္နက်အောင်ဓာတ်ဆိုရင် မမှားနိုင်။ အဘယ်ကြောင့်ဆိုသော် ဤသိမ်ဖြူတော်မြတ်ကြီး၌ ရေးမထွကရှိနှင့်ကြသော တန်ခိုးကြီးနတ်များသည် လောကီသိဒ္ဓိ၊ လောကီဟိတ်ပင်တည်း။ သိမ်ဖြူတော်ကြီးကို သမုဂ်တော်မူအပ်သော ရဟန္တာအရှင်သူမြတ်များမူကား လောကုတ္တရာသိဒ္ဓိ လောကုတ္တရာဟိတ်ပင်တည်း။

ဤသို့သော ဟိတ်ဓာတ်နှစ်ပါးတွင် မေတ္တာပွားဝင်ပါက အဘယ်သို့သောကိစ္စသည် မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။

"ဟော့ကောင် ကောဝိဒမင်းက သိမ်ဖြူတော်မြတ်ကြီးကို ဘာမှတ်လို့လဲ၊ မင်းကွန်းဆရာတော်ဘုရားကြီးတို့တောင် ဒီသိမ်ဖြူတော်ကြီး မရောက်ဖူးခင်က သိမ်ပျက်ကြီးလို့တောင် အထင်ရောက်ခဲ့သေးတယ်၊ ဟော . . . ကိုယ်တော်တိုင်လည်း လာကြည့်ရော အံ့ဩလို့ မဆုံးပါရောလား။ မင်းကွန်းဆရာတော်ဘုရားကြီးဟာ သိမ်ဖြူတော်မြတ်ကြီးကို သေချာစွာ ဖူးမြော်ကြည်ညိုသွားတယ်၊

ဒါတင် မကသေးဘူးကွ။ လောကီသိဒ္ဓိမှာ ဘွဲ့တော်သတင်းကြီးတဲ့ ဗားမဲ့ဆရာတော်ဘုရားကြီးရဲ့ တပည့်အဘိုးကလေးဝဆရာတော်ဘုရားတောင် ဒီသိမ်ဖြူတော်မြတ်ကြီးမှာ အဓိဋ္ဌာန်ဝင်ရသေးတယ်ကွ။ လျှောက်ပြောရင် လောကီစကားတွေဖြစ်ကုန်မှာစိုးလို့ မင်းအရိပ်ပြရင် အကောင်မြင်ရတယ်၊ အဲဒါဟာ ဝိဇ္ဇာအလုပ်ပဲကွ။ မင်းတို့ခေတ်မှာက ဟန်ဝိဇ္ဇာတွေ၊ အတုတွေ ဗလချာတွေသာ များပါတယ်ကွာ။ အေး . . . မင်းမှတ်ထား။ ဒီနေရာဟာ အဖြူစင်ဆုံးနေရာ အောင်မြေကွ။ ပေါက်ချင်လို့ ရောက်လာတဲ့သူတွေ မြောက်အောင်သာ လုပ်ကြပေတော့"

ကျေးငှက်ရှင် ဆရာတော်ဘုရားကြီးရဲ့ စကားအဆုံးဝယ် "ငါသည် ကံကောင်းပေစွတကား။ ကံကြီးပေစွတကား။ ကံထူးပေစွတကား" ဒီအတွေးကြောင့် ကျွန်ုပ်ရဲ့ခန္ဓာကိုယ် အနှံ့အပြားဆီ၌ ဖရဏာပီတိတရားတို့သည် ဝွမ်းဆီထိသို့နယ် တဖွားဖွား ရင်ထဲမှာကြီးထွားလာရာကနေ ကိုယ့် data မှာ အခုလို ကဗျာထုတ်ခဲ့ပါတယ်။

တကယ်တဲ့တကယ်
အံ့ဩဖွယ် အသွယ်သွယ်နဲ့
အိုဘယ့် အိုဘယ့် သိမ်ဖြူတော်
ငါးမည်ရသနော်
ပြာသာဒ်နဲ့ဘုံကျော်
တိုင်ရှစ်မော် အတော်ကြွားပေသမို့
မဂ္ဂင်တော်အဆီအနှစ်ကိုလှ
ယူတတ်သူ ကမ္ဘာမှလွှားနိုင်ရဲ့
ယောကျ်ားဆို တံခွန်ကြွားသူတို့
အောင်ရာမြေ ဓာတ်စခန်းပေမို့
သိဒ္ဓိဝင်အပြီး။

အမှန်တကယ်ကိုပင် ပြော၍မခုံး ရေး၍မကုန်သော လောကီလောကုတ္တရာ သိဒ္ဓိအပေါင်းတို့၏ စုဝေးရာနေရာမြတ်ပေတည်း။ ကျေးငှက်ရှင်ဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့သလို ဤနေရာ၊ ဤတောင်ထွတ်သည် အောင်တစ်မွတ်တို့၏ဌာနမို့ လာရောက်အဓိဋ္ဌာန်ဝင်သူများသည် မအောင်ရိုးထုံးစံမရှိ။ အံ့ဩလောက်အောင်ပင် အောင်မြင်မှုရခဲ့သည်ကို ကိုယ်တွေ့ကြုံမှ ယုံလိုသူများ အဓိဋ္ဌာန်ဝင်သင့်သော မြေမြတ်မဟာ ဖြစ်ကြောင်း။

*စေတိုင်းတည်ပါစေ . . .။*

**စေတိုင်းတည်**

ကျမ်းညွှန်း
- မဟာမရိနိဗ္ဗာနသုတ်
- ရွှေတိဂုံစေတီတော်ဘုရားသမိုင်း
- သိမ်ကြီးကိုးသိမ်သမိုင်း။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်တစ်ဝှမ်း သာသနာ့နယ်မြေများစွာ ထူးခြားစွာ တည်ရှိပေသည်။ စာရေးသူတို့ အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူပါက သတ္တ ဓါ အပေါင်းအတွက် တရားရေအေးတိုက်ကျွေးမည့် တောင်ထူးတောင်မြတ်အား ပြပါဆိုလျှင် မုံရွာမြို့မှဖြတ် လည်းကောင်း၊ မန္တလေးမြို့မှ ဖြတ် လည်းကောင်း၊ ရွှေဘို–မြစ်ကြီးနားလမ်းအတိုင်း သွားရပါမည်။ အင်းတော်လေးထိသွား ဖန်းမောက်သို့ ရောက်ရှိပေမည်။

တော၊ တောင် ၊ ရေမျက်နှာပြင် အမြင့် ပေပေါင်း ၃၀၉၀ ပေ မြင့်မားခြင်း၊ တောင်တက်လမ်းမှာ မြေလွှာပြတ်ရွှေ့ကြောများရှိခြင်း၊ တောင်ကြောလမ်းအနေအထား၊ အကွေ့အဝိုက်များခြင်း၊ တောနက်ခြင်း၊ ကျဉ်းမြောင်းသော တောင်ကြားလမ်းရှိခြင်း၊ တစ်ဖက်တွင် တောင်ကမ်းပါးယံမှာ စိမ်းစိုနက်ကျုံးသော သစ်တောချောက်များက သွားရတာက ရင်တလှပ်လှပ်ဖြစ်သဖြင့် တောင်ပေါ်တက်လျှင် ဒေသခံ တောင်တက်ကားမောင်းကျွမ်းကျင်သူကိုသာ ငှားသင့်သည်။

ဒေသခံဦးဇင်းလေးက စာရေးသူတို့အား သိသမျှ ရာဇဝင်ပြောပြလာသည်။


"ဒီတောင်တော်က နောင်ပွင့်တော်မူမယ့် အရိမေတ္တေယျဘုရားရှင်ကြွရောက် တရားရေအေးတိုက်ကျွေးမယ့်နေရာလို့ ဂေါတမဘုရားရှင် ကြွရောက်တော်မူပြီး ဗျာဒိတ်ပေးခဲ့တဲ့နေရာထူးပါပဲ"

"အရှင်ဘုရား ဂေါတမဘုရားရှင်က ဘယ်နှစ်ခါမြောက်က ဒီနေရာကို ကြွရောက်တာပါလဲ"

"ကောဇာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ဝါတော် ၂၀ မှာ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်တို့ရဲ့ အလယ်ဗဟိုကျတဲ့နေရာမှာ အရင်က ဂေါတောပလ္လင်တောင်တော် (အခု–ဇလုံတောင်)မှာ

# ဖူးကြရည်မျှော် ဇလုံတောင်တော်

မြနနီးရှိန်





www.burmeseclassic.com

www.burmeseclassic.com

ရောပတာ နနုဂါးမင်း ပင့်လျှောက်ချက်အရ ခုနစ်ရက်သီတင်းသုံးတော်မူခဲ့တယ်"

"မြတ်စွာဘုရားက တစ်ပါးတည်းကြွလာတာလားဘုရား"


"စာထဲမှာတော့ သိကြားမင်းဖန်ဆင်းတဲ့ နတ်ပန်းရထား ၅၀၀ နဲ့ ရဟန္တာငါးရာခြံရံပြီး ကောင်းကင်ခရီးကကြွလာချိန်မှာ ဒီနေရာအရောက်မှာ နဂါးမင်းက ပင့်ဖိတ်လျှောက်ထားခဲ့လို့ သီတင်းသုံးခဲ့တာ။ နဂါးသားအဖက ဆွမ်းကပ်တော်မူတဲ့အခါ ဆွမ်းဘုဉ်းပေးပြီးလို့ ကျန်တဲ့ဆွမ်းများကို ရတနာ၊ စိန်ကျောက်များဖြစ်စေသတည်းဆိုပြီး အဓိဋ္ဌာန်ပြု ကြွဖြန့်တော်မူခဲ့တယ်တဲ့"

"အဲဒါက ဘယ်လိုအတိတ်နမိတ်များလဲ ဦးဇင်း"

"ဦးဇင်းတို့ ဒေသခံတွေရဲ့ ယုံကြည်မှုကတော့ မြတ်စွာဘုရား ချီးမြှင့်တဲ့ အတိတ်နမိတ်ကြောင့် ဒီမြို့ရဲ့ မြောက်ဘက်မှာ ဖားကန့်ကျောက်စိမ်းတွင်းတွေရှိတာယ်။ အရှေ့၊ အနောက်၊ တောင်ဘက်က ဒေသတွေမှာ ရွှေကြော၊ ရွှေတွင်းတွေ ရှိနေတယ်။ အရပ်လေးမျက်နှာ ပတ်ပတ်လည်မှာ တိုင်းပြည်ရဲ့ရတနာ ကျွန်းသစ်တော်ကြီးတွေက မြင်တဲ့အတိုင်းပဲလေ"

"နောက်ပြီး ဂေါ်တော့ပလ္လင်တောင်ကနေ ဇလုံတောင်က ဘယ်လိုဖြစ်သွားရတာလဲဘုရား။ တောင်အမြင့်ကရော ဘယ်လောက်ရှိလဲ ဘုရား"

"ဟိုးလွန်ခဲ့တဲ့ အနှစ်တစ်ရာဝန်းကျင် မြန်မာပြည်မြေပုံမှာ သာလွန်တောင်လို့ ဖော်ပြထားတာပါ။ ဒါပေမဲ့ တောင်ရဲ့ပုံသဏ္ဌာန်က 'ဇလုံ'မှောက်



ထားနဲ့တူလို့ ဇလုံတောင်ဆိုပြီးခေါ်ခဲ့တာ အခုထိပဲ။ တောင်ရဲ့အမြင့်က ပေ ၆၆၆ ပေမြင့်တယ်"

"ဒါဆို မြတ်စွာဘုရားကြွပြီး နောက်ပိုင်း ဒီတောင်ပေါ်မှာ သာသနာပွင့်လင်းခဲ့တာမျိုး ရှိခဲ့လား ဦးဇင်း"

"အင်း ... ရှိခဲ့တယ်။ သကရာဇ် ၅၉၂ ခုနှစ်၊ နှစ်ကိုးရာနီးပါးကာလက အရှင်မဟာ့ဘွဲ့တော်အမည်ရတဲ့ ရှင်အရဟံနဲ့ သူ့တပည့်အရှင်အာစာရတို့၊ ဒီတောင်ပေါ်ကို ကြွရောက်တော်မူခဲ့ပြီး ဂူဗ္ဗာသဃ လိုတရ ချမ်းသာကြီး အောင်ခံတော်မူဘုရားနဲ့ အောင်ဆုပန်ဘုရားကို ဦးစွာတည်ထားပူဇော်ခဲ့ကြသည်။ အဲဒီနောက်ပိုင်းကာလ ၁၂၁၁ ခုနှစ်မှာ ဝိဇ္ဇာမဟိဒ္ဓိအရှင် ဘုန်းတော်ကြီးဦးသာအေးဆိုသူက အဲဒီဘုရားနှစ်ဆူကို ပြန်လည်ပူဇော်ခဲ့ပြီး "အောင်ကျော်အေးအောင်" "ဇလုံတောင်" ဆိုပြီး ကမ ည်းတင်ခဲ့ပြန်သည်"

တကယ်တော့ ဇလုံတောင်ပေါ်သို့ ခြေကျင်တက်ကြွရပါသည်။ ငယ်သူများရော၊ ဇရာအရွယ်များပါ သတိနဲ့ကုပ်ကပ်တွယ်တက်ရသလို ကျောက်တောင်နှစ်လုံးကြား ခပ်ကျဉ်းကျဉ်း လူသွားလမ်းကို အသာတိုးဇွေ့ တက်ရသည်။

အချို့နေရာမှာ အုတ်လှေကားအတိုင်း ကွေ့ပတ်တက်ရပေသည့် ကြည်ညိုသဒ္ဓါစိတ်ကြဲနေ ပင်ပန်းခြင်းမရှိပေ။ တောင်အမြင့်ရောက်လေတိုင်း တောင်တော်၏ ထူးခြားမှုများ ဂမ္ဘီရဆန်ခြင်းများ တွေ့မြင်ရလေသည်။

"ဒကာမကြီးတို့ သတိထားနော်"

"ဘုရား ... ဘုရား ..."

စာရေးသူတို့ ကြောက်မိတာ အမှန်ပဲ။ အပေါ်က ကျောက်တုံးကြီးနဲ့ အောက်ကျောက်တုံး နှစ်ခုကြားမှ တံတားလည်းမဟုတ်၊ ကျောက်ကြောပေါ်မှာ ဖြတ်ကူးရပေမည်။ အကာအရံလည်းမရှိ။ ဘေးနှစ်ဖက်စလုံးမှာ အလွန်နက်ရှိုင်းသော ချောက်ကြီးများက အသည်းတထိတ်ထိတ်၊ ကြောက်လန့်စရာပင်။ စာရေးသူအပါအဝင် နှလုံးမကောင်းသူတွေ၊ ခြေလှမ်းပ်ပ်မိသည်။

နောက်ဆုံးတော့ မြတ်စွာဘုရားရှင်အား အာရုံပြုကာ ဖြတ်ကျော်းတော့သည်။

www.burmeseclassic.com

"လာ ... ဒကာမကြီးတို့"

ဦးဖင်းလေးက လမ်းပြပေါ်သည်။ ပြီးတော့ ထူးခြားသန်းကြွယ်မှုကိုလည်း ရှင်းပြသည်။

"ဒကာမကြီးတို့ ဒီဇလုံတောင်မကြီးထိပ်ပေါ် မတက်ခင် ကျောက်တောင်နှစ်ခု တွေ့တယ်မဟုတ်လား။ အဲဒီ သားတော်၊ သမီးတော် ကျောက်တောင်ပဲ။ တောင်ထိပ်မှာက ခမည်းတော်၊ မယ်တော် ကျောက်တောင်နှစ်လုံးပူးတွဲနေတာပဲ။ သတိထားမိကြလား"

မြန်ရဦးတော့။ လှမ်းကြည့်မိသည်။ ဦးဖင်းကပင်ဆက် –

"လာ ... လာ ... ဒီထဲဝင်ပြီးမှ တောင်ပေါ်ဆက်တက်ရမှာ"

"ဟင် ..."

ကျောက်တုံးနှစ်ခုကြား အကွာအဝေးက လွန်စွာကျဉ်းမြောင်းလှသည်။ ကျဉ်းကျဉ်းကျပ်ကျပ်နှင့် ဂူ၏ပုစ္ဆာတစ်ခုတော့ ဖြစ်နိုင်သည်။

"ဒီကျောက်တံခါးက ကျဉ်းကျဉ်းကျပ်ကျပ်ဆိုတော့ မဝင်ရဲကြဘူးလေ။ မစိုးရိမ်ပါနဲ့ ဒကာမကြီးတို့ရယ်။ ဝတဲ့ခန္ဓာကိုယ်မဲဖြစ်ပါစေ၊ အကြောင်းဆက်၊ ပဋ္ဌာန်းဆက်တွေလည်းရှိမယ်။ အကုသိုလ်လည်း ကင်းတဲ့လူဆိုရင် ကျောက်တံခါးအတွင်းဝင်ပြီး တောင်ပေါ် ဆက်တက်နိုင်ကြပါတယ်"

"အဲ ... အကုသိုလ်မကင်း၊ တောင်ပေါ်ခရီးမှာ မဟုတ်တဲ့အပြုအမူများ။ ပြုလုပ်ထဲ့ဖူးတဲ့လူဆိုရင် ပိန်ပိန်၊ ဝဝ ကျောက်တံခါးကို မဖြတ်ကျော်နိုင်ကြဘူး။ ဝင်လို့လည်းမရပါဘူး။ ဒါဟာ ဒီဇလုံတောင်တော်ရဲ့ ထူးခြားအံ့ဖွယ်ပါပဲ"

ဦးဖင်းလေးကလည်းရှင်းပြ။ ခက်ခက်ခဲခဲ ရောက်ရှိခိုက်လေးမှာ စာရေးသူတို့ အလုပ်စခန်းဝင်ခဲ့ကြပြီ။ ဦးဖင်းလေးပြောပြသော ဆုတောင်းကိုလည်း သေသေချာချာ ဆုတောင်းခဲ့မိသည်။

"ဒီဘုဒြေကန္တာကြီးမှာ လူဖြစ်ခိုက်ဗုဒ္ဓဘာသာဝင်ဖြစ်ရတာ မြတ်သလို၊ ဇလုံတောင်သာသနာမြေပေါ် ဦးခိုက်ခွင့်ရ၊ ဇလုံတောင်စာရင်းဝင်မှ ဘုရားမပွင့်မီ ကျွတ်တမ်းမဝင်နိုင်သေးရင် အရိမေတ္တေယျဘုရားရှင်နဲ့ မလွဲတော့ဘူးလို့ အဆိုရှိသလို၊ ဟောဒီ 'ဇလုံတောင်တော်စာရင်းမဝင်လျှင် မေတ္တေယျရှင်နဲ့ လွဲလိမ့်မည်' လို့လည်း ဆိုကြမေတယ်။ အခုဒကာမကြီးတို့ အနောင့်အယှက်၊ အခက်အခဲမရှိ ကုသိုလ်ထူးစွာ လာရောက်ဖူးမြော်ခွင့်ရတာ ရှေးက ပဋ္ဌာန်းဆက်ကုသိုလ်ကြီးခဲ့လို့ပဲလို့ ဦးဖင်းပြောချင်တယ်"

"တင်ပါ့ဘုရား။ ဦးဖင်းကိုလည်း ကျေးဇူးတင်ပါတယ်။ ကြုံတင် ချိန်းထားတာမဟုတ်ဘဲ ခုလို ကြုံဆုံရတာကို အံ့ဩမိပါတယ်။ တပည့်တော် ဆောင်းပါးရေးရင် အရှင်ဘုရားကို ပူဇော်ခွင့်ပြုပါဘုရား"

"ဒါတော့ သည်းခံပါ ဒကာမကြီး။ ဦးဖင်းနဲ့ဒကာမကြီးတို့က သံသရာခရီးသွားရင်း ဆုံကြတယ်ပဲ မှတ်ယူပါကွဲ့။ ကဲ ... အားလုံး ကျန်းမာ၊ ချမ်းသာ ဘေးရန်ကင်းကွာကြပါစေ"

ဦးဖင်းလေးအား နိုင်စွမ်းသမျှ လှူဒါန်းရှိခိုးပူဇော်မိတော့သည်။

မွေ့မိတ်ဆွေများလည်း ဇလုံတောင်စာရင်းဝင်အောင် ကုသိုလ်ဝေမျှ ဖွင့်ဖော်ပေးလိုက်ပါတော့သည်။

**မြနန်းရှင်**



www.burmeseclassic.com

# ကျွန်ုပ်နှင့် ရဟန္တာ ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ၏

# ဘဝဖြစ်တော်စဉ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ

## မင်းတိုင်ပင် (မြရောင်ခြေ)



သမိုင်းဆိုသည်မှာလည်း လူ့သဘောသဘာဝအလျောက် ဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ ဖြစ်တည်ရာများကို စုစည်းမှတ်တမ်းတင်ထားခြင်း၊ သဘာဝလောကကြီး၏ ပြောင်းလဲပြုပြင်မှုတို့ကို လေ့လာသုံးသပ်ခြင်း၊ ထူးခြားဖြစ်ရပ်များကို မှတ်တမ်းတင်ထားခြင်းကို အကြောင်းပြုလျက် ကုန်ဆုံးသည်မရှိ ပျောက်ပျက်သည်မရှိ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များထဲ၌ မှတ်တမ်းတင် ကျော်ကြားခဲ့သော သမိုင်းအမွေသည် အတိတ်အကြောင်းအရာကို ပစ္စုပ္ပန်ကာလ၌ ပြန် ရေးသားခြင်း၊ ဖော်ပြခြင်းက သက်သေခံနေပေသည်။ ယခု ကျွန်ုပ်ရေးသားရန် ခေါင်းစဉ်ပါ ပုဂ္ဂိုလ်ကြီးများတွင် လင်သက်ကွင်းကျောင်းလေးကျောင်းတိုက်မှ ကျေးဇူးတော်ရှင် ဆရာတော်ဦးနေမိန္ဒ၏ ထေ ပ တ္တိ ပင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## မွေးဖွားစာတိမြေနှင့် သာသနာ့အမွေ

ပုသိမ်ခရိုင်မြောက်ပိုင်း၊ ရေကြည်မြို့နယ်အနီး ထယ်ပြင်စုရွာမှ ခမည်းတော်အဘ ဦးချို၊ မယ်တော်မိခင် ဒေါ်ချက်ဖြူတို့မှ သားသမီး ခုနစ်ယောက်ရှိသည့်အနက် ဆဋ္ဌမမြောက်(အတိဇာတ)သား ဖြစ်ပါသည်။ သက္ကရာဇ် တွက်စစ်သော် သာသနာတော် သက္ကရာဇ် ၂၄၂၄ ခု၊ ကောဇာသက္ကရာဇ် ၁၂၄၂ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ စနေနေ့ နံနက် ၉ နာရီအချိန်တွင် ဖြစ်ပါသည်။ ဆရာတော်၏ ဥပမိရုပ်သည်ကား ထွားကျိုင်းသန်မာသော ရူပကာယဥပမိ၊ သမ္ပတ္တိ အောင်မြင်ပြည့်ဝသော သဒ္ဒိုကယ်တို့ကြောင့် ပုဂ္ဂိုလ်ထူး ဖြစ်လိမ့်မည်ဟု နိမိတ်စကားအရ (သင်္ကေတ ပဓန်သစ္စ၊ လောက သမုတိ ကာရဏာ) ဟု ခေါ်တွင်၍ မောင်ဖိုးမင်း (ခ) မောင်ဘိုးခါး ဟူ၍ ခေါ်ကြပြန်သည်။ ၁၂၅၃ ခုနှစ်တွင် ၁၁ နှစ်သားအရွယ် လင်းသက်ကွင်းကျောင်း ဆရာတော် အရှင်ဇိနထံတွင် ပညာသင်ကြားစေခဲ့ပြီး ၁၂၅၇ ခုနှစ်၊ တပေါင်းလတွင် ဦးကြီးတော် ဆရာတော်ဘုရားကြီး ဦးဇိနအား ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂကို ခံယူတော်မူခဲ့ပါသည်။ ဘွဲ့တော်မှာ အရှင်နေမိန္ဒ ဖြစ်ပါသည်။ ၁၂၆၂ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် လင်းသက်ကွင်းခဏ္ဍသိမ်၌ ဦးကြီးတော် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ရဟန်းဒကာ ၊ ဒကာမများမှာ လင်းသက်ကွင်းရွာအုပ်စု၊ ကွမ်းသီးချောင်းရွာမှ ဦးထွန်းလှ၊ ဒေါ်စော မိသားစုတို့မှ ပစ္စယာနုဂ္ဂဟ ခံယူပါသည်။ ကျောင်းသားဘဝ၊ ရှင်သာမဏေဘဝ၊ ရဟန်းဘဝတိုင် ဦးကြီးတော်သူ ဆရာတော်ဘုရားကြီးထံတွင် လောကီ၊ လောကုတ်ပညာတို့အား ပရိယတ္တိ၊ ဝိသာရဒ ပဋိကတ္တယဆေက၊ ပိဋကတ္တယပါရဂူ၊ ဂန္ထန္တရဝိညူ ကတိတစ်ဆူ ဖြစ်တော်မူသည့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ သုံးဖြာပိဋကတ် ပါဠိအရပ်ရပ်ကို အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူတတ်မြောက်ခဲ့ပါသည်။

## သာသနာပြုခရီး စွမ်းဆောင်မငြီး

ဆရာတော်ဘုရားကြီး၏ သာသနာတော်အတွင်း သိက္ခာတော် ၆၀ ဝါတိုင်တိုင် သံသရာခရီးတစ်လျှောက် နယ်တကာ ၊ မြို့တကာသို့ လှည့်လည်၍ ဆုံးမသွန်သင် ဓမ္မသဘင်များ ဟောကြားတော်မူခဲ့ပါသည်။ ထို့ပြင် သီလတည်းဟူသော မြေပြင်၌ တောင့်တင်းခိုင်မာ ရဲတင်းစွာ ရပ်တည်လျက် သမာဓိတည်းဟူသော ကျောက်သားထက်၌ ပညာတည်းဟူသော ဓားကို ထက်လှစွာသွေးပြီး ဝိဇ္ဇာတည်းဟူသော အသိဉာဏ်ကို ဖြန့်ဖြူးလျက် အကုသိုလ်ရန်သူစစ်ကို တိုက်ခိုက်အောင်ပွဲခံ၍ ခုတ်ထွင်ရှင်းလင်းစေရန် တရားဓမ္မများဖြင့် ဟောကြားသွန်သင်ခဲ့ပါသည်။ နယ်ချဲ့ခေတ် ကျွန်သဘောက်ဘဝ ကျရောက်နေချိန်တွင်လည်း အမျိုးဘာသာ သာသနာတော်ကြီးအတွက် အသက်ကို ပဓာနမထားဘဲ နယ်ချဲ့ရန်အား တွန်းလှန်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေး ရဲရဲဝံ့ဝံ့ ဟောကြားတော်မူခဲ့ပါသည်။ တပည့်များအားလုံး ကျောသားရင်သား မခွဲခြားဘဲ တန်းတူထားပြီး ပညာသင်ကြားပေးခဲ့ပါသည်။ ဆရာတော်၏ ပညာရည်နို့ သောက်စို့ခဲ့ကြသော တပည့်များစွာ မွေးဖွားနိုင်ခဲ့၏။ လောကီလောကုတ်တွင် တပည့်များ ယနေ့တိုင် ရှိနေဆဲပင်ဖြစ်၏။ ထင်ရှားသောတပည့်မှာ ယခု လင်းသက်ကွင်း မဟာတိုက်ကျောင်းဆရာတော်ကြီး ဦးစက္ကပါလ သက်တော် ၈၇ နှစ်ပင် ဖြစ်ပါသည်။ ဆရာတော်ကြီး ဦးနေမိန္ဒမှာ ရေကြည်မြို့နယ်လုံးဆိုင်ရာ သံဃဥက္ကဋ္ဌ၊ ဂဏပါမောက္ခတစ်ပါး ဖြစ်တော်မူခဲ့ပါသည်။

## ကျောက်ထီးတန့် ပညာပြု

ကျောက်ထီးတန့် နိုင်ပြုစရာ
ထေရ်မဟာကား သိက္ခာကာမ
သီလအစ ခြောက်ဖြာနာ့ယက
ဂုဏ်ပေါင်းခလျက် ငါးဝဆရာ
ကျင့်ဝတ်တာနှင့် ဒကာမေတ္တာ
ကရုဏာတို့ ပေက္ခာပေါင်းစပ်
မြင့်မြတ်အကျင့် ရှုန်းတင့်တောဇာ
ဂဏစရိ ဂုဏာဒိတို့
ပေါ်ကြည့်ကြွယ်ဝ ပေစွတကား။

ဆရာတော်ဘုရားကြီးသည် ကျောက်ထီးကဲ့သို့ မြ



www.burmeseclassic.com

www.burmeseclassic.com

တည်ကြည်သော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံခြင်း၊ သိက္ခာသုံးပါးကို အလိုရှိခြင်းနှင့်လည်း ပြည့်စုံခြင်း၊ ထကြွနိုးကြား သနားသည်းခံ ဝေဖန်ထောက်ရှု ခြောက်ခုအစုံ နာယကဂုဏ်နှင့်လည်း ပြည့်စုံခြင်း၊ အကုသိုလ်ကို မပြုရန်တားမြစ်၊ ကုသိုလ်ပြုရန် တိုက်တွန်းတော်မူခြင်း၊ တပည့်များကို အတတ်ပညာ မျှဝေသင်ပေးခြင်း ဟူသော မေတ္တာနှင့် ကရုဏာပြည့်စုံ၍ ခန္တီမေတ္တာ ပြည့်စုံတော်မူခြင်းကြောင့် ရှီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကို မတုန်မလှုပ် သိက္ခာ ဣန္ဒြေတို့နှင့် ပြည့်စုံတော်မူပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် နိုင်ခံ့မြဲမြံသော ကျော်ကီးနှင့် အလားတူပါပေသည်။

## မရဏာနုဿတိ အမြဲရှိ

ဆရာတော်ဘုရားကြီး သက်တော် ၈၀ တွင် မြတ်ဗုဒ္ဓသော်မှ ရှောင်လွှဲ၍မရသော ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတရားတို့၏ ဖြစ်၍ပျက်မှု အစုစုတို့၏ ဖြစ်ခြင်းပျက်ခြင်းများကို ခံစား၍ ရောဂါစွဲကပ်ပါ၏။ ဇရာ၏ ထုထောင်းခြင်း နှိပ်စက်ခြင်း ဗျာဓိတရားတို့က ဖိစီးလာ၏။ ပေါင်ကိုက်သော ရောဂါက နှိပ်စက်လှ၏။ နေမထိ ထိုင်မသာ ဖိစီးမှုကြောင့် ရောဂါဒဏ်ကို ခံစားနေရပါသည်။ သို့သော် ဆရာတော်ဘုရားကြီးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတို့၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းကို ရှုပွားပြီး ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်းတရားကို ရွတ်ပွားသရဇ္ဈာယ်နေပါ၏။ တပည့် ဒကာ၊ ဒကာမများက ရန်ကုန်မြို့သို့ ပင့်ဆောင်ရန် လျှောက်ထားမည်ဖြစ်ရာ တပည့်ကြီး ဦးစက္ကပါလမှ တတ်ကျွမ်းသော သမားတော်ကြီးများနှင့် ကုသမည်ဖြစ်ပါသည်။ ရန်ကုန်မြို့တွင် နားနေ၍ ဆေးရုံတွင်ပြသမည်ဟု တိုင်ပင်ပြီး ဆရာတော်ကြီးအား ပင့်လျှောက်၍ အစီအစဉ်တကျ ဆောင်ရွက်တော်မူရာ ဤသို့ မိန့်ကြားပါတော့သည်။

"ငါ၏ခန္ဓာသည် လောကုတ္တတရားအရ ဖွဲ့စည်းထားသော ခန္ဓာရုပ်ကလာပ်ဖြစ်၍ တစ်နေ့ ပျက်ချိန်တန်ပျက်ရမည်။ မင်းတို့ ရန်ကုန်မှာတော့ သချိုင်းမရှိဘူးလား၊ ဖြစ်လျှင် ပျက်ရမည်။ အနိစ္စံ မရဏံ မေ ဓုဝံ ငါ၏ သေခြင်းတရား မြဲ၏။ ရှင်တော်မြတ်ဘုရားသော်မှ ခန္ဓာငါးပါး ချုပ်နာမ်တရားရှိသောကြောင့် ခန္ဓာ ပရိနိဗ္ဗာန်စံခဲ့ရသေးသည် မဟုတ်လားကွယ့်။ ငါ ယခုလည်း နေကောင်းသင့်သလောက် ကောင်းနေပါပြီ။ လမ်းပင်လျှောက်နိုင်လာပြီ"

ချက်ချင်းပင် မတ်တတ်ရပ်၍ လမ်းလျှောက်ပြပြီး အကောင်ပကာတိ ဖြစ်သွားပါသည်။ ယခုလို ရောဂါဝေဒနာခံစားနေရခြင်းကို တပည့်အပေါင်းတို့အပေါ်၌ မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရား ကြီးမားလွန်းသောကြောင့် ငွေကုန်ကြေးကျများခြင်း၊ ပင်ပန်းခြင်း၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲ မဖြစ်စေလိုခြင်း၊ အလုပ်အကိုင်မပျက်စေခြင်းတို့ဖြစ်မည်။ မိမိသာ ဆင်းရဲဒုက္ခခံမည်၊ သူတစ်ပါး ဒုက္ခမရောက်လိုဟူသော သူတော်ကောင်းကြီးတို့၏ နှလုံးမူကား မေတ္တာတရား ကြီးမားခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

"ဘုန်းကြီးသေရင် ရွာကြေသကွ၊ ငါပျံတော်မူရင် ကြာရှည်မထားကြနဲ့ အမြန်သာချပစ်ကြ"ဟု မိန့်ခဲ့သေး၏။

ထိုသို့ မေတ္တာတရားကြီးမားသော ကျေးဇူးတော်ရှင် ဦးနေမိန္ဒသည် သက်တော် ၈၀၊ ဝါတော် ၆၀ ဝါအရ ၁၃၂၂ ခု၊ ကဆုန်လပြည့်ကျော် ၁ ရက် အင်္ဂါနေ့ မွန်းလွဲ ၃ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ယခုအခါ ဆရာတော်ကြီး၏ တပည့် ဆရာတော် ဦးစက္ကပါလမှ ဆက်လက်၍ သာသနာတော်မြတ်ကြီးအား စည်ပင်တိုးတက်ရန် ဆောင်ရွက်နေပါသည်။ ရေကြည်မြို့နယ်လုံးဆိုင်ရာ သံဃဥက္ကဋ္ဌ၊ ဂဏပါမောက္ခ ဆရာတော်ကြီး ဦးနေမိန္ဒသည်လည်း ရဟန္တာ၊ ဝိဇ္ဇာ၊ မဟိဒ္ဓိ၊ သိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးတစ်ပါး ဖြစ်တော်မူပါသည်။

*ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။*

**မင်းတိုင်ပင်(မြရောင်ဓမ္မ)**

၀၉-၃၁၀၇၈၃၆၂၊ ၀၉-၂၅၀၂၅၈၅၀၁



www.burmeseclassic.com

www.burmeseclassic.com



# ရွှေရင်အေးမှ ချမ်းသာရ

မြင့်မြတ်ကျော်ခေါင်

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ သန့်သန့်ပြန့်ပြန့် ဝတ်ဆင်လာသည့် လွန်စွာလိုက်ဖက်ညီလှသည့် စုံတွဲတစ်တွဲ ရောက်ရှိလာ၏။

ရောက်ရောက်ချင်းပင် အမျိုးသမီးလေးသည် သူ့ပိုက်ဆံအိတ်ထဲမှ စာအိတ်လေးတစ်လုံးကို ထုတ်ယူလေ၏။ ထို့နောက် ကျွန်ုပ်အား စာအိတ်လေးကို လှမ်းပေးရင်း ထိုအမျိုးသမီးလေးက ...

"ကျွန်မတို့ မြောက်ဒဂုံမှာနေပါတယ်။ ဆရာ့သူငယ်ချင်း မမြမြသန့်က ကျွန်မတို့အဖြစ်အပျက်တွေကို သိသွားပြီး ဆရာ့ဆီကို သွားသာသွားတွေ့လိုက်လို့ဆိုပြီး နချက်ချင်းလွှတ်လိုက်တယ်။ သူကိုယ်တိုင်လည်း စာရေးပေးလိုက်တယ်"

ဟု ပြောပြောဆိုဆို စာကိုပါ လှမ်းပေးလေ၏။ ကျွန်ုပ်လည်း သူငယ်ချင်း မမြမြသန့် ရေးပေးလိုက်သည့်စာကို ဖွင့်ဖတ်လိုက်၏။

*သို့ ...*

*သူငယ်ချင်း ဆရာမြင့်မြတ်ကျော်ခေါင်ရေ ...*

*ကျွန်မတို့ မိသားစုနဲ့ဆွေမျိုးရင်းချာကဲ့သို့ နေကြသူများ ဖြစ်ပါတယ်။*

*သူတို့အလွန်အခက်အခဲတွေကြုံတွေ့နေရပါတယ်။ သူတို့ဖြစ်သမျှကိစ္စအဝဝကိုလည်း မခြွင်းမချန် ပွင့်ပွင့်လင်းလင်းပြောပြဖို့ မှာလိုက်ပါတယ်။*

www.burmeseclassic.com

*လိုအပ်သမျှ ယတြာကိစ္စအားလုံးကိုလည်း ယုံကြည်စွာ ဆောင်ရွက်ပါ့မယ်လို့ ကျွန်မကို ဝန်ခံသွားကြပါတယ်။*

*လေးစားစွာဖြင့်*
*မမြမြသန့်*
*မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံ။*

စာဖတ်ပြီးနောက် သူတို့ဇနီးမောင်နှံအား တစ်ချက်ကြည့်လိုက်ကာ နိမိတ်တစ်ခုကို ဖမ်းလိုက်ပြီး ကျွန်ုပ်က

"မွေးနေ့သက္ကရာဇ်တွေ ပြောပါဦး"ဟု မေးလိုက်၏။ ဇနီးဖြစ်သူ သည် အသင့်ယူလာသည့် စာရွက်လေးကို ကျွန်ုပ်အား လှမ်းပေးလေ၏။

၎င်းတို့၏ ဇာတာများကို စနစ်တကျ တွက်ချက်လိုက်ပြီးနောက် သူတို့၏ နမိတ်များနှင့်ပူးတွဲ အဖြေထုတ်လိုက်ကာ ကျွန်ုပ်က ...

"ကုန်ပြီ မဟုတ်လား"

ဟု မေးလိုက်ရာ မျက်လုံးလေး အပြူးသားနှင့် လင်မယားနှစ်ယောက်စလုံးက ...

"ဗျာ"

"ရှင်"

ဟု ပြိုင်တူအံ့သြစွာ ရေရွတ်လိုက်ကြလေတော့၏။ ကျွန်ုပ်က ...

"အိမ်ထောင်ဦးစီးက အမိကပိုကျတာဆိုတော့ အမိကကျတဲ့လူရဲ့ ဇာတာနဲ့ပတ်သက်ဆက်နွယ်သမျှ ကံကြမ္မာ အဆင့်ဆင့်ကို မြှင့်တင်စွမ်းဆောင်သွားနိုင်ရင် အဆင်ပြေ အောင်မြင်ချမ်းသာလာမှာပေါ့။ အခုတော့ ကိုယ့်လူတို့ရဲ့အဖြစ်က ချမ်းသာရပါစေလို့ သဘောကောင်းစွာနဲ့ ရွှေထုပ်ကြီး ပုံအပ်လိုက်မိကြတာကိုး"

ဟု ပြောလိုက်ရာ ချွေးပြန်နေသည့် မျက်နှာကြီးကို လက်ကိုင်ပဝါနှင့် သုတ်လိုက်ရင်း အိမ်ထောင်ဦးစီးက

"မှန် ... မှန်လိုက်တာ ဆရာရယ်။ ခုတော့ အားလုံးတက်တက်ကို ပြောင်သွားပြီ ဆရာရယ်"

ဟု လေသံသဲ့သဲ့လေးနှင့် ပြောလေ၏။

ကျွန်ုပ်က ...

"ကဲ ... လက်ရှိဘဝဖြစ်စဉ်ကို အကြမ်းဖျင်းလေး ပြောပြပါဦး။ ဒါမှ ဘာဆက်လုပ်သင့်တယ်ဆိုတာလေးကို စဉ်းစားကြည့်လို့ရမှာပေါ့"

ဟု ပြောလိုက်ရာ ခပ်တွေတွေလေး စဉ်းစားနေပြီးမှ အိမ်ထောင်ဦးစီးက ...

"ကျွန်တော့်နာမည်က ကိုလှမင်းပိုင်ပါ။ ကျွန်တော်တို့အဖြစ်က ဒီလိုပါ ဆရာရယ်။ နိုင်ငံခြားသွားပြီး စီးပွားရှာလို့ ခိုင်ခိုင်မာမာ ဖြစ်လောက်ပြီဆိုပြီး ပြန်လာခဲ့ကြတာ။ ကံကောင်းချင်တော့ ကုမ္ပဏီတွေ ထောင်ခွင့်ရတဲ့ အချိန်ဖြစ်နေတာပေါ့။ အဲဒီမှာ ကုမ္ပဏီတစ်ခုထောင်ဖို့ မိတ်ဆွေတွေနဲ့ တိုင်ပင်မိတာပေါ့။ အဲဒီမှာ အကြံပေးတဲ့ မိတ်ဆွေတစ်ယောက်က ကျောက်ပုစွန်လုပ်ငန်းကို ချပြတယ်။ နိုင်ငံခြားပို့မယ်။ အဲဒီအကျိုးအမြတ်ကို တွက်ပြတော့ ဟုတ်ပြီ ... ချမ်းသာဖို့ လမ်းကြောင်းလို့ သေချာယုံလိုက်တယ်။ ဒါနဲ့ပဲ ဆုံးဖြတ်ချက်ချပြီး လုပ်လိုက်မိတော့တာ"

ဟု ပြောကာ နဖူးမှ ချွေးများကို လက်ကိုင်ပဝါနှင့် သုတ်ပြန်လေ၏။

ကျွန်ုပ်လည်း ဇာတာရှင်၏ကံကြမ္မာဖြစ်စဉ်တို့ကို နားထောင်နေရင်းမှ ဆက်စပ်သုံးသပ်နေမိလေ၏။

ထို့နောက် စိတ်မောအားငယ်သော လေသံလေးနှင့် ကိုလှမင်းပိုင်က

"ဆုံးဖြတ်ပြီးတာနဲ့ လုပ်ငန်းပုံစံတွေဆွဲပြီး ငွေတွေကိုစတင်ပြီး ထုတ်ပေးရတော့တာပဲ။ ငါးဖမ်းစက်လှေတွေ ဝယ်ရတယ်။ ဖမ်းမိလာတဲ့ပုစွန်တွေကို ထားဖို့ အအေးခန်းတွေ စီစဉ်ရတယ်။ ကုမ္ပဏီထောင်ဖို့ကိစ္စတွေ ဆောင်ရွက်ရတယ်။ လုပ်လိုက်ရတဲ့ အလုပ်တွေ ရှုပ်နေသလို၊ ထုတ်လိုက်ရတဲ့ငွေတွေလည်း သောက်သောက်လဲပေါ့။ အိမ်မှာဆိုလည်း မိတ်ဆွေမျိုးစုံနဲ့ စားလိုက်၊ သောက်လိုက် ပျော်လိုက်ပါးလိုက်ပေါ့။ အဲ ... မျှော်လင့်ချက်ကြီးကတော့ အကြီးကြီးပဲပေါ့ ဆရာရယ်။ အဲဒီတုန်းက အက်(စ်)ဆီးကားလေးက နှစ်စီးရှိနေလေတော့ သွားရလာရတာလည်း အဆင်ကိုပြေလို့ပေါ့။ ခုတော့"

ဟု ပြောကာ သူ့ဇနီးဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်၏။ ထို့နောက် လေပူလေးတစ်ချက်ကို ဝူးခနဲ မှုတ်ထုတ်လိုက်ကာ အားငယ်သော မျက်နှာလေးနှင့် ကိုလှမင်းပိုင်က ...

"ခု ... ခုတော့၊ ကုန် ... အားလုံးကုန်ပြီ ဆရာ"

ဟု ပြောကာ တုံးတိတိနှင့်ပင် စကားကို ရပ်ပစ်လိုက်လေ၏။

ဇာတာရှင်၏ စိတ်ပိုင်းဆိုင်ရာ မွေးရာပါဗီဇနှင့် ခံစားတုံ့ပြန်မှုတို့ကို သတိဖြင့် တစ်သက်တာ မှတ်သားဆောင်ရွက်နိုင်အောင် ညွှန်ကြားပေးရန် တာဝန်ရှိလာလေ၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ပင် ကျွန်ုပ်က ...

"ကုန်ပုံကုန်နည်းလေး ဆက်ပါဦး ကိုယ့်လူရာ"

ဟု မေးလိုက်ရာ ဖနီးဖြစ်သူက

"ပြောမပြတတ်အောင်ပါပဲ ဆရာရယ်။ ဘယ်လိုကုန်လို့ ကုန်သွားမှန်းကို မသိလိုက်ရပါဘူး။ ဒါပေမယ့် ကျွန်မတို့ တကယ့်ကို အားလုံးကုန်သွားတာ"

ဟု ရိုးစင်းစွာ ဖွင့်ပြောပြီး ခံစားချက်မဲ့လုနီးပါး မျက်နှာလေးနှင့် ထိုင်နေလေတော့၏။

ထို့နောက် ချည့်နဲ့သော လေသံလေးနှင့် ကိုလှမင်းပိုင်က ...

"အဲဒီတုန်းက လုပ်ကြတာကတော့ အစွမ်းကုန်ပါပဲ။ လိုသမျှငွေတွေ ထုတ်လိုက်ရတာ ကျွန်တော်တို့ရှာသမျှငွေတွေ တတိတိနဲ့ ကုန်လာနေတော့တာပေါ့။ ဖမ်းမှာက ကျောက်ပုစွန်၊ ဖမ်းမိလာတာက ပုစွန်အစုံပဲ ဆရာရေ့။ ဆွေမျိုးတွေ၊ အိမ်နီးချင်းတွေ ပေးလို့လည်းမကုန်၊ ဝေလို့လည်း မခန်းတော့ဘူး။ နောက်ဆုံး ပုပ်လာကုန်ကြပြီဆိုမှ ငမိုးရိပ်ချောင်းထဲ သွားသွန်ပစ်လိုက်ရတဲ့အထိ ဖြစ်လာတော့တာ။ ဒါပေမယ့် ကျောက်ပုစွန်ကတော့ ဖြစ်ဖြစ်မြောက်မြောက် မရဘူး ဆရာရယ်။ တဖြည်းဖြည်းနဲ့ ကျောက်ပုစွန်မရဘဲ ငွေတွေပဲ ရေထဲသွန်ပစ်လိုက်သလို ကုန်သွားတာ ပလုံခနဲတောင် အသံမကြားလိုက်ရဘူး။ ရှာထားသမျှ ခြတွေ၊ အက်ဆီးကား၊ နှစ်စီးအပြင် အတွင်းလက်ဝတ်ရတနာ ပစ္စည်းတွေပါ အားလုံးကုန်သွားရတော့တာပါပဲ ဆရာရယ်"

ဟု ပြောရင်း မောသွားဟန်ဖြင့် သက်ပြင်းရှည်ပြီးကို လေးလေးပင်ပင်ကြီး ချလိုက်လေ၏။

သူတို့၏ဖြစ်စဉ်လေးကို နားထောင်စဉ်းစားရင်း ပညာခန်းအဖြေတစ်ခုအရ ကျွန်ုပ်က ...

"ဘာမှကို မကျန်အောင် ကုန်သွားတာ သေချာတယ်နော်"

ဟု မေးလိုက်ရာ ဖနီးဖြစ်သူက

"ဟုတ် ... ကျွန်မအတွင်း ပစ္စည်းခုနစ်စုံပါ ကုန်သွားတာ။ အားလုံးကုန်တာ။ အဲ ... ခုနေတဲ့ မပြီးမပြတ် တိုက်ပေါင်းလောင်းလေးတစ်ခုပဲ ကျန်တော့တာ။ အဲ ... အဲဒီတိုက်လည်း ခုတော့ ရောင်းပစ်ရတော့မယ့် အခြေအနေကို ရောက်နေပြီ ဆရာ"

ဟု မျှော်လင့်ချက်မဲ့ လေသံလေးနှင့် ပြောရှာလေ၏။ ကျွန်ုပ်က

"အားလုံးကုန်တာ သေချာပြီဆိုရင်တော့ ..."

ဟု ပြောလိုက်ကာ စာရေးစက္ကူ အလွတ်နှစ်ရွက်နှင့် ဘောလ်ပင်တို့ကို ကိုလှမင်းပိုင်ရှေ့သို့ လှမ်းချပေးလိုက်၏။ ထို့နောက် ကျွန်ုပ်က ...

"လူ့ဘဝမှာ အသက်နဲ့ပစ္စည်း ဥစ္စာနှစ်ခုဟာ ဒွန်တွဲနေကြတယ်နော်။ အဲဒီနှစ်ခုထဲက ဘယ်ဟာက ပိုအရေးကြီးဆုံးလဲ"

ဟု မေးလိုက်ရာ ကိုလှမင်းပိုင်းတို့ ဇနီးမောင်နှံနှစ်ယောက်က ...

"အသက် ... အသက်က ပိုအရေးကြီးတာပေါ့ ဆရာ"

ဟု ဖျတ်ခနဲ ပြိုင်တူဖြေလိုက်ကြလေ၏။ ကျွန်ုပ်က ...

"မှန်လိုက်တာ ကိုယ့်လူတို့ရာ။ အသက်က လောကမှာ အလွန့်အလွန်ကို အရေးကြီးတာလေ။ အခု ကိုယ့်လူတို့ဖြစ်စဉ်ကို သုံးသပ်ကြည့်ရင်လည်း ကျုပ်တို့ပညာအရ သိပ်အရေးကြီးတဲ့ ကာလတစ်ခုကို ဖြတ်သန်းနေရတဲ့အချိန်မှာ အပေးအယူတစ်ခုကို လုပ်သွားနေကြစမြဲပဲ။ အဲဒီ အပေးအယူ လုပ်ရတဲ့ပုံကတော့ ကိုယ့်လူရဲ့အသက်နဲ့ ကိုယ့်လူရဲ့ပိုင်ဆိုင်သမျှ စီးပွားဥစ္စာတွေ အားလုံးကို အလဲအယူ လုပ်လိုက်ရတာပဲ"

ဟု ရှင်းပြလိုက်ရာ အံ့ဩထိတ်လန့်သော အသံတို့နှင့်အတူ လင်မယား နှစ်ယောက်စလုံးသည် ...

"အောင်မလေး ဘုရား ... ဘုရား"

ဟု ပြိုင်တူရေရွတ်လိုက်ကာ မျက်လုံးများပြူးကျယ်သွားကြလေတော့၏။ ကိုလှမင်းပိုင်၏ ဇာတာလေးကို အသေးစိတ် သုံးသပ်လိုက်ပြီး မဟာဘုတ်ပညာ၏ လျှို့ဝှက်ချက် အဆီအနှစ်များကို စုစည်းလိုက်ကာ ကျွန်ုပ်က ...

"ဘုရားသိ၊ တရားသိ၊ ဘုရားတွေ့၊ တရားတွေ့တဲ့နေ့ ရောက်ပြီဆိုရင်တော့ နေ့ချင်းညချင်းကြီးကို ချမ်းသာရတော့မှာပါ။ ကိုယ့်ရဲ့ပညာအရ ကိုယ့်လူတို့ရဲ့ စီးပွားဥစ္စာရှိသမျှ ကုန်ပြီဆိုတော့ အသက်ကံကောင်းပြီပေါ့။ ဘယ်လောက်တောင် ကံကောင်းတာလဲဆိုတော့ ကိုယ့်လူတို့မှာ ဒီအသက်ရှိနေသေးသရွေ့ ကံကောင်းတာ။ ဒီအသက်ရှိနေသေးသမျှ လိုတရစေတဲ့ စီးပွားဥစ္စာ၊ ဉာဏ်ပညာ၊ တရားထူး တရားမြတ်တွေရပြီး ချမ်းသာရပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ယုံလိုက်ကိုယ့်လူတို့ရေ ...''

ဟု ပြောလိုက်၏။ ကျွန်ုပ်ရှင်းပြလိုက်သည်ကို နားလည်သဘောပေါက်သွားကြသော ဟန်လေးဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကာ တိုးညင်းသော လေသံလေးဖြင့် ...

''အသက်ရှိနေသေးသရွေ့ ချမ်းသာပြီ။ ဟုတ်လိုက်တာ''

ဟု ယုံကြည်မျှော်လင့် အားရှိလာသော ဟန်လေးဖြင့် ပြောလိုက်ကာ သူတို့ဇနီးမောင်နှံသည် ပြိုင်တူပြုံးလိုက်ကြလေ၏။ ကျွန်ုပ်က ...

''ကိုယ့်လူရဲ့ဇာတာက မဟာဘုတ်အရ (၄)ကြွင်း၊ ကြာသာပတေးဆိုတော့ မခံချင်စိတ်က ကြီးလွန်းတယ်။ အဲဒီစိတ်ကြောင့် ကျေနပ်ရောင့်ရဲမှုဆိုတဲ့ အလွန်နည်းပြန်တယ်။ အဲဒါကြောင့်မို့ စိတ်အပြောင်းအလဲ အလွန်မြန်တယ်။ အဲဒီစိတ်ကြောင့် မခံချင်စိတ် ဖြစ်လွယ်တယ်။ မခံချင်စိတ်ကြောင့်ပဲ ဖြတ်လမ်းလုပ်ငန်းတွေ လုပ်လိုစိတ် ကြီးမားလာတယ်။ အဲဒီစိတ်တွေရဲ့အားတွေ စုစည်းလိုက်တော့ လောဘကြီးတဲ့ဟန်က ပေါ်လွင်နေတတ်တယ်။ အရေးကြီးဆုံး အထူးသတိထားရမယ့် စိတ်ကတော့လူတွေကို **အယုံလွယ်တတ်လွန်းတာပါပဲ**။ ခုပြောခဲ့တဲ့ စိတ်ပိုင်းဆိုင်ရာတွေကို အထူးသတိထားဖို့ လိုတယ်နော်''

ဟု ပြောလိုက်ရာ ဇနီးဖြစ်သူက

''ဟုတ်တယ် ... ဟုတ်တယ်။ ယုံလိုက်တာမှ အားလုံးကို အကြွင်းမဲ့ကို ယုံလိုက်တာများ ကုန်တဲ့အထိပါပဲ ဆရာရယ်''

ဟု ပြောလေ၏။ ကျွန်ုပ်က ...

''ကိုယ့်လူက ကုန်တာတောင် နည်းသေးတယ်လို့ ထင်နေဦးမှာ''

ဟု ပြောလိုက်ရာ ကိုလူမင်းပိုင်က ...

''ဟုတ်''

ဟု လွှတ်ခနဲ ပြောလိုက်မိရာမှ ပြုံးစိစိလေး ဖြစ်သွားလေ၏။

ထို့နောက် ကျွန်ုပ်က ..

''အထူးခြားဆုံးတစ်ခု ရှိသေးတယ်။ အဲဒါက ဇာတာရှင်တွေရဲ့ ဘဝတစ်ကွေ့မှာ ဘုမသိ ဘမသိ သဘောမျိုးနဲ့ အိမ်ထောင်ပြုရတတ်ပြန်တယ် ကိုယ့်လူရေ''

ဟု ပြောလိုက်ရာ ကိုလူမင်းပိုင်က ...

''အင်း ... တကယ်''

ဟု ပြောလိုက်ရင်း ဇနီးဖြစ်သူအား လှည့်ကြည့်လိုက်၏။ တံတောင်နှင့်လှမ်းတွတ်လိုက်ရင်း ကိုလူမင်းပိုင်အား မျက်စောင်းတစ်ချက်ကိုပါ ဇနီးချောလေးက ထပ်ဆင့်ပြီး ထိုးလိုက်လေ၏။ ထို့နောက် ကျွန်ုပ်က ...

''စီးပွားရေးလောကထဲ ဖြတ်သန်းရင်တော့ အတိုက်အခံ ရန်ပေါ်များမယ်။ အလုပ်မှာ လက်တွေ့ဆန်ပေမယ့် စီးပွားရေး လောဘကြီးလိုက်မိရင်တော့ အုံ့ညြလောက်အောင်ကို ရုတ်တရက်ကြီး ပျက်စီးသွားရတတ်တယ်။ အဲဒီ အကြောင်းတရားတွေကိုတော့ စီးပွားဖြစ်ကြီးပွားတိုးတက်လိုတဲ့အချိန်တိုင်း အထူးကို သတိထားပေတော့ ကိုယ့်လူတို့ရေ ...''

ဟု ဘဝတစ်သက်တာအတွက် သတိထားရမည်များကိုပါ ရှင်းလင်းပြလိုက်၏။

ကိုလူမင်းပိုင်က ...

''ဟုတ်ပြီ ... ဒါတစ်သက်လုံးအတွက်ဆိုတာ သိရပြီ။ ဒါပေမယ့် လက်ရှိဒုက္ခကို ဘယ်လိုလုပ်ရမှာလဲ ဆရာ။ အဲ ... အဲ ... ဒါ''

ဟု စကားထစ်နေရှာလေ၏။ ကျွန်ုပ်က ...

''အဲဒါက သိပ်တန်ဖိုးရှိတယ် ကိုယ့်လူရေ့။ အဲဒီတန်ဖိုးရှိတဲ့ **နဝင်း** ယတြာကို ယုံယုံကြည်ကြည်သာ လုပ်စမ်းပါ။ ဒုက္ခတွေမှုချကို ကင်းပအောင် မြင်သွားပါလိမ့်မယ်''

ဟု ပြောလိုက်ရာ ကြည်လင်သွားသော မျက်နှာလေးနှင့် ကိုလူမင်းပိုင်က ...

''ယုံကြည်ပါတယ် ဆရာရယ်။ ဒုက္ခကလွတ်ဖို့က အဓိကပဲ။ နဝင်း ယတြာကို ချီးမြှင့်ပါခင်ဗျာ''

ဟု ကတိပေးလေတော့၏။ ကိုလူမင်းပိုင်ရဲ့ ဇာတာကို ပြန်စစ်ဆေးလိုက်ပြီးနောက် ကျွန်ုပ်က ...

''ကိုယ့်လူအတွက် မဟာဘုတ်ပညာရဲ့ **နဝင်းဂြိုဟ်တိုင်ယတြာကို** မှတ်ပေးတာ့။ ကိုယ့်လူရဲ့မွေးနံ့ထောင့်ဖြစ်တဲ့ ကြာသာပတေးဂြိုဟ်တိုင်ရဲ့ ရုပ်ပွားတော်မြတ်ရှေ့ ပန်းအိုးအသစ်တစ်လုံးထဲမှာ **ကံကော် ၁၅ ညွန့်** ကိုအပ်ချည်နဲ့ ၁၈ ပတ်ချည်ပြီး ထိုးလှူပူဇော်ပါ။ ပြီးတော့မှ ဂြိုဟ်တိုင်အောက်မှာရှိတဲ့ ကြွက်မင်းရှေ့မှာ **အုန်း ၆ ညွန့်ကို** အပ်ချည်နဲ့ ၁၈ ပတ်ပတ်ပြီး အညွန့်တွေကို ထောင်ပြီး လှူဒါန်းလိုက်ပါ။ ရေသက်စေ့သပ္ပာယ်ပြီး ဖယောင်းတိုင် ၉ တိုင်၊ အမွှေးတိုင် ၉ တိုင်တို့ ထွန်း

www.burmeseclassic.com

ညှိပူဇော်ရပါမယ်။ အဓိက အရေးကြီးဆုံးကတော့ ဒီနဝင်းဂြိုဟ်တိုင်ယတြာကို ဆောင်ရွက်ပေးရမယ့် နေ့သားက အင်္ဂါသား ဖြစ်ရမယ် ကိုယ့်လူရေ့”

ဟု ရှင်းပြလိုက်လေ၏။ ကျွန်ုပ်ပြောသမျှကို စေ့စပ်သေချာလှစွာ လိုက်လံရေးမှတ်ပြီးနောက် ကိုလှမင်းပိုင်က –

“ဘယ်အချိန်မှာ ယတြာတွေကို ဆောင်ရွက်ရမှာလဲ၊ ဘယ်နှကြိမ်အထိ ဆောင်ရွက်ရမှာလဲ ဆရာ။ ကျွန်တော်က အရမ်းကို အောင်မြင်မှုရချင်တာပါ”

• ဟု မျှော်လင့်ကြီးစွာသော အသံကြီးဖြင့် မေးလေ၏။ ကျွန်ုပ်က ...

“ဟုတ်ပြီ။ တကယ်အောင်မြင်ချင်ရင် နဝင်းစီးပညာရဲ့ နဝင်းချိန်ဖြစ်တဲ့ မွေးနေ့နံနက် ၉း၀၀ နာရီ ၄၅ မိနစ်မှာ စနစ်တကျ မမှားမယွင်းအောင် သေသေချာချာလုပ်ပေတော့။ လုပ်ပြီးရင်တော့ ဂြိုဟ်တိုင်ရှေ့မှာ သုဂတောဂုဏ်တော်ကို ပုတီး ၉ ပတ်စိပ်ပြီးတဲ့အခါမှာ မေတ္တာပို့အမျှဝေပြီး လိုတဲ့ဆုကို ယုံကြည်စွာ တောင်းပေတော့။ ပုံမှန် တစ်လတစ်ကြိမ် ယတြာလုပ်နိုင်ရင်တော့ ပိုပြီးကောင်းတယ် ကိုယ့်လူရေ့။ လုပ်သမျှ သုခအဖြာဖြာ ခံစားပိုင်ဆိုင်ရလာပါလိမ့်မယ်”

ဟု ပြောလိုက်၏။

ကိုလှမင်းပိုင်သည် လိုက်လံရေးမှတ်ပြီးနောက် မျှော်လင့်ယုံကြည်သော မျက်ဝန်းအစုံနှင့် ကျွန်ုပ်အား လှမ်းကြည့်ကာ နှုတ်မှပြောရန် ဟန်ပြင်လိုက်စဉ် ကျွန်ုပ်က ...

“အနာဂတ် အောင်မြင်ချမ်းသာမှုတွေကို တစ်သက်တာ ပိုင်ဆိုင်ရဖို့အတွက် ဘဝမှာ လျှို့ဝှက်ဆန်းကြယ်လွန်းတဲ့ မဟာကံကြမ္မာ တံခါးကြီးတွေကို ဖွင့်နိုင်ဖို့ နဝင်းသော့တွေ ပိုင်ဆိုင်ကိုင်ဆောင်ထားနိုင်ရင်တော့ ကြော့ကြော့မော့မော့လေး ပြည့်စုံချမ်းမြေ့ကြွယ်ဝလာပါလိမ့်မယ်။ အဲဒီတော့ ကိုယ့်လူအတွက် တစ်သက်တာ နဝင်းသော့တွေပေးလိုက်မယ်။ ပထမနဝင်းသော့က ဖြတ်လမ်းသဘောပါသည့် စီးပွားရေးများ မလုပ်ခြင်းဆိုတဲ့သော့ပဲ။ ကိုယ့်လူက ချမ်းသာချင်လွန်းတယ်။ ဒီတော့ ငွေ ... ငွေ ... ငွေဆိုပြီး လောဘတွေနဲ့ရှာမယ်။ မှောင်ခို၊ လောင်းကစား၊ ဥပဒေမဲ့ လုပ်မယ်။ လုပ်လည်းလုပ်ရော အားလုံးတကက်တက်ပြောင်ရောပေါ့။ ဒုတိယ နဝင်းသော့ကတော့ မခံချင်စိတ်၊ လောဘစိတ်ကို ထိန်းသိမ်းနိုင်ခြင်းဆိုတဲ့ သော့ပဲ။ ကိုယ့်လူရဲ့ဇာတာအရ ဟန်ကောင်းတယ်။ ဂုဏ်ရှိရှိလေး နေချင်တယ်။ မာန်မာနလည်းကြီးတယ်။ အဲဒီ မာန်မာနတွေ၊ ဂုဏ်တွေကို ထိခိုက်လာရင်တော့ လက်တုံ့ပြန်တော့တာပဲ။ အဲဒီလို လက်တုံ့ပြန်တဲ့နေ့က ကိုယ့်လူဘဝပျက်တဲ့နေ့ပဲဆိုတာ မှတ်လိုက်ပေတော့ ...။ အရေးကြီးဆုံး တတိယနဝင်းသော့ကတော့ လုပ်ငန်းအမျိုးမျိုး မပြောင်းလဲခြင်း၊ သို့မဟုတ် တစ်ခုခုကို ဇောက်ချလုပ်ကိုင်ခြင်း ပြုနိုင်မယ်ဆိုရင်တော့ ကျုပ်ပညာအရ တာဝန်ယူတယ်။ ရာသက်ပန်ကို ကြီးပွားလွယ်မယ်”

ဟု မဟာဘုတ်နဝင်းပညာသော့တွဲကြီးကို ရှင်းလင်းမှတ်သိလွယ်အောင် ပြောပြလိုက်၏။

စိတ်ဝင်စားလွန်းစွာ ရေးမှတ်ပြီးနောက် ကိုလှမင်းပိုင်က ...

“ဟုတ်ပြီ ... ရပြီ ဆရာ။ ခုမှပဲ ခေါင်းထဲရှင်းသွားတော့တယ်။ စီးပွားပျက်ရတဲ့အကြောင်း သိပြီ။ စီးပွားတက်အောင် ဆောင်ရွက်ရမယ့်အကြောင်းလည်းသိရပြီ။ ဒီနေ့ကစပြီး နဝင်းသော့တွေကို ပိုင်အောင်ကြိုးစားပြီး အနာဂတ် အောင်မြင်မှုတံခါးတွေကို အကုန်ဖွင့်ပစ်လိုက်မယ်ဆရာရေ့”

ဟု အားရပြုံးရွှင်စွာ ပြောရင်း အိတ်ထဲမှ စာအိတ်လေးတစ်လုံးကို ထုတ်ယူကာ ငွေဖလားထဲသို့ လှမ်းထည့်လိုက်လေ၏။

ထို့နောက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား နှစ်ယောက်သား ဦးတိုက်ပူဇော်ကြလေ၏။ ပေါ့ပါးလန်းဆန်းသွားသောဟန်ဖြင့် ကိုလှမင်းပိုင်က ..

“စိတ်ထဲမှာ အေးသွားပြီ။ စမ်းတဝါးဝါးနဲ့ သွားနေရတဲ့ဒုက္ခက လွတ်ရပြီလို့ ကျွန်တော် ယုံကြည်မိတယ်ဆရာ။ ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ တစ်ပတ်တစ်ကြိမ် မပျက်မကွက် နဝင်းယတြာကြီးကို ဆက်ဆက်ကို သွားလုပ်ပါ့မယ် ဆရာရယ်”

ဟု လေးလေးနက်နက် ကတိပေးကာ ကိုလှမင်းပိုင်တို့ဇနီးမောင်နှံသည် ကျွန်ုပ်အား လေးစားစွာ နှုတ်ဆက်ကြပြီး ပျော်ရွှင်ချမ်းမြေ့သောဟန်ဖြင့် ပြန်သွားကြလေတော့သတည်း။


ဣန္ဒြိတံပေါ့န္တ၊

မြင့်မြတ်ကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



# လူသားကိုစောင့်ရှောက်သော လောကပါလတရား

■ စာဘဏ္ဍာမြဝင်း

ဟိရီ၊ ဩတ္တပ္ပနှင့် ပြည့်စုံတော်မူသော အတုမရှိ ဗုဒ္ဓမြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူခဲ့၏။ "ရဟန်းတို့ ဖြူစင်သော သဘောရှိသော တရားနှစ်ပါးသာလျှင် လောကကိုစောင့်ပေး၏။ ဖြူစင်သောတရားနှစ်ပါးဟူ သော်ကား ဟိရီ၊ဩတ္တပ္ပဖြစ်၏။ ထိုတရားနှစ်ပါးသာ လောကကို မစောင့် သည်ဖြစ်အံ့ ကြက်၊ ဝက်၊ ဆိတ်အစ ရှိသော တိရစ္ဆာန်သားငါးကဲ့သို့ လောကသည် အပိုင်းအခြားမရှိသောအဖြစ်သို့ ရောက်ရာ၏။ "ဟိရီ၊ဩတ္တပ္ပတည်းဟူသော တရားနှစ်ပါးစောင့်ရှောက်သောကြောင့် လူတို့သည် အပိုင်းအခြားကို မလွန်မူ၍ အရောအယှက် မရှိသည်ဖြစ်၏" ဟု ဟောတော်မူခဲ့ပါသည်။

မကောင်းမှုဒုစရိုက်ပြုရမည်ကို ရှက်ခြင်းသဘောသည် ဟိရီဖြစ်၍ ကြောက်လန့်ခြင်းသဘောသည် ဩတ္တပ္ပဖြစ်သည်။ အကြင်သူသည် မိမိ၏ဂုဏ်သိက္ခာကို စောင့်



www.burmeseclassic.com

www.burmeseclassic.com

ရှောက်လေ့ရှိသူတို့၌ ဟိရိတရားထင်ရှားသကဲ့သို့ ဆရာ/ မိဘ ဆွေမျိုးစသူတို့နှင့် အခြားလူများကို လေးစားသူသည် ဩတ္တပ္ပတရား ထင်ရှားပေသည်။

ဥပမာ "ငါသည် အမျိုးကောင်းတစ်ယောက် ဖြစ်၏။ ငါ့လိုအမျိုးကောင်းသူက မကောင်းမှုကိုပြုနေလျှင် (ဥပမာ အရက်သောက်နေလျှင်) ရှက်စရာဖြစ်ပေလိမ့်မည်" ဟု မိမိအမျိုးဂုဏ်ကို စောင့်ထိန်းသောအားဖြင့် မကောင်းမှုပြုလုပ်ရမည်ကို ရှက်၏။ ပညာတတ်အရာရှိ တစ်ဦးကလည်း လာဘ်စားခြင်း၊ အောက်လက်ငယ်သားကို ညှဉ်းဆဲခြင်းစသောမကောင်းမှုပြုနေလျှင် (နိုင်ငံဥစ္စာ၊ သူတစ်ပါး ဥစ္စာ တံစိုးလက်ဆောင် မတရားယူလျှင်) ရှက်စရာဖြစ်တော့မည်။ ဤသို့ မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ရာ၏။ မိမိမှာရှိသော ဂုဏ်တစ်ခုခုကို လေးစားရာ၌ ဟိရိတရားသည် ထင်ရှားလေသည်။

ငါတစ်ယောက်က မကောင်းမှု (လာဘ်စားခြင်း၊ နိုင်ငံပိုင်ပစ္စည်းခိုးယူခြင်း ...)ကို ပြုလိုက်လျှင် ငါ့ဌာန၊ ငါ့အလုပ်၊ ငါ့နိုင်ငံ၊ ငါ့ဆွေမျိုး၊ မိဘ စသည်တို့၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသဖြင့် သူတစ်ပါး၏ကဲ့ရဲ့မှုကို ခံရနိုင်၏။ နာမည်ပျက်စာရင်းဝင်နိုင်၏။ ဥပဒေနှင့်ငြိစွန်း၍ အမှုကိစ္စဖြစ်နိုင်၏။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်လိမ့်မည်။ ဤကဲ့သို့ စဉ်းစားဝေဖန်ချင့်ချိန်တတ်ပြီး ဒုစရိုက်ပြုရမည်ကို ကြောက်လန့်တတ်လျှင် ဩတ္တပ္ပဖြစ်လေသည်။ မိမိရာထူး ဂုဏ်သိက္ခာကိုလည်း မငဲ့၊ ဆရာမိဘ တိုင်းပြည်နိုင်ငံကိုလည်း မငဲ့ဘဲ ဖောက်ပြန်သူသည် ဟိရိ၊ ဩတ္တပ္ပ နှစ်မျိုးလုံးကင်း၍ ဒုစရိုက်အမှုတွေ ပြည့်နေသောသူသာ ဖြစ်ပါသည်။

လူသည် လူ့ယဉ်ကျေးမှုအသိုင်းအဝိုင်း၌ ပတ်ဝန်းကျင်နှင့် ဆက်ဆံနေကြရသော ကမ္ဘာရွာကြီးခေတ် ဖြစ်နေပါပြီ။ မကောင်းမှုဒုစရိုက်ပြုလုပ်ခြင်းကို ရှက်ရွံ့တတ်၊ ကြောက်လန့်တတ်မှသာ အမျိုးဘာသာ၊ သာသနာနှင့် မိမိလူမျိုး၏ထုံးဓလေ့ ယဉ်ကျေးမှုကို လေးစားလိုက်နာကြမှသာ လူ့လောက တည်မြဲနိုင်ပါလိမ့်မည်။ အဝတ်အစား၊ အနေအထိုင်၊ အပြုအမူ၊ အပြောအဆို ယဉ်ကျေးသိမ်မွေ့လျက် လူသားပီသစွာ နေထိုင်ကျင့်ကြံနေကြမှသာ၊ တစ်နည်းအားဖြင့် အရှက်တရားကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ လူ့လောက သာယာချမ်းမြေ့ပါမည်။ အရှက်တရား ဆိုသော လူ့ယဉ်ကျေးမှုနှင့် မဆီလျော်သော ဖောက်သွဲ ဖောက်ပြန်မှုများ ပြုလုပ်နေကြပါက လူ့တိရစ္ဆာန်လောက ဖြစ်သွားနိုင်ပါသည်။

ထို့အတူ မကောင်းမှုဒုစရိုက်မှုတို့ကို စိုးရိမ်ကြောက်ရွံ့ထိတ်လန့်မှု မရှိကြဘဲ လူသားတို့ ပြုလုပ်နေကြပါက လူသားလောကသည် ပျက်စီးသွားမည်သာဖြစ်၏။ လူ့ယဉ်ကျေးမှု၊ လူ့စည်းကမ်းကျင့်ဝတ်များကို လူလူချင်း စာနာထောက်ထားညှာတာကြမှသာ လောကသာယာနိုင်ပါလိမ့်မည်။

ဟိရိတည်းဟူသော အရှက်တရားသည်ကား မိမိကိုယ်ကို အကြီးအမြတ်ပြု၍ လေးပါးသော အကြောင်းကြောင့်ဖြစ်၏။

(၁) အမျိုးကိုစောင့်သည့်လည်းတစ်ပါး၊
(၂) အသက်အရွယ်ကိုထောက်၍ စောင့်သည့်လည်းတစ်ပါး၊
(၃) ရဲရင့်သောအဖြစ်ကိုထောက်၍ စောင့်သည့်လည်းတစ်ပါး၊
(၄) ပညာသတိ အကြားအမြင်ကိုထောက်၍ စောင့်သည့်လည်းတစ်ပါး။

ဩတ္တပ္ပတည်းဟူသော အကြောက်သည်ကား တစ်ပါးသူကို အကြီးအမြတ်ပြု၍ လေးပါးသောအကြောင်းဖြင့်ဖြစ်၏။

(၁) ကဲ့ရဲ့ခြင်းကို ကြောက်သည့်လည်းတစ်ပါး၊
(၂) ဥစ္စာဆုံးပါးခြင်းကို ကြောက်သည့်လည်း တစ်ပါး၊
(၃) ဘေးဒဏ်ကို ကြောက်သည့်လည်းတစ်ပါး၊
(၄) အပါယ်လေးပါးကို ကြောက်သည့်လည်း တစ်ပါး။

အထက်ပါ ဟိရိနှင့် ဩတ္တပ္ပတရားနှစ်ပါးသည် ကမ္ဘာသူ၊ ကမ္ဘာသား လူအများကို သားနှင့်အမိ၊ မောင်နှင့်နှမ လူ့စည်းကမ်း၊ လူ့ယဉ်ကျေးမှု၊ လူ့ဝတ္တရားနှင့်အညီ စောင့်ရှောက်တတ်သောကြောင့် လောကပါလ (ကမ္ဘာစောင့်တရား)ဟု မြတ်စွာဘုရားကိုယ်တိုင် မိန့်တော်မူခဲ့၏။ ဖြူစင်သန့်ရှင်း အပြစ်ကင်းအောင် ပြုတတ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သုက္ကပက္ခခေါ် ဖြူစင်သောတရားဟု ခေါ်ကြပါသည်။

ကျွန်ုပ်တို့နေထိုင်ကြသော လူ့ကမ္ဘာမြေလောက၌ ဤတရားနှစ်ပါးသာ မရှိပါမူ (မစောင့်ထိန်းကြပါက) တိရစ္ဆာန်တို့နှင့်မခြားဘဲ မှားချင်တိုင်းမှား၍၊ မကြားကောင်း မနာသာ ဖြစ်ကြရ၏။ ယခုအခါ လူဦးရေပေါက်ကွဲပြီး စားဝတ်နေရေး အစစအရာရာ အကျပ်အတည်းများကြောင့် ပို၍အရေးကြီးသော ကာလဟု ဆိုနိုင်ပါသည်။ ဟိရီ၊ ဩတ္တပ္ပ ကင်းသူတို့နှင့်သာ များစွာ ပေါင်းသင်းဆက်ဆံရန် အပြောအဆို၊ အကျင့်အကြံ အသွားအလာမှစ၍ လျှပ်ပေါ် လော်...နကြကာ အမြင်မတော်၊ အကြားမတော်စရာတွေ များလှချေပြီ။ ၂၁ ရာစု မီဒီယာ ဖွံ့ဖြိုးသုံးစွဲမှု ကြောက်စရာ ကောင်းလောက်အောင် တိုးတက်နေမှုမှတစ်ဆင့် ဖြစ်ပျက်နေသည့် ကျော်မကောင်းကြားမကောင်း အနိဋ္ဌာရုံများကို အားလုံး သတိထားကြရမည်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ဤအတိုင်းသာ ဆက်သွားကြလျှင် မကြာခင် အမြီးပေါက်ကြလိမ့်မည်ဟုသာ ဆိုချင်ပါတော့သည်။

လူ့ဘဝကို လွန်စွာရရှိခဲ့သည်ဟု နားလည်ပြီးဖြစ်ကြ၏။ ထို့ကြောင့် လူကိုယ်၌ရှိသော အင်္ဂါအမျိုးမျိုးတို့သည် ရခဲ့သောအရာတွင် ပါဝင်ပြီးဖြစ်လေသည်။ ဤကမ္ဘာမြေပေါ်၌ ဖြစ်လာကြသော သတ္တဝါအမျိုးမျိုးတို့တွင် လူသည် အထွတ်အမြတ်ဆုံး၊ မင်္ဂလာအရှိဆုံးဖြစ်၏။ လူ့လောကကို ဟိရီ၊ ဩတ္တပ္ပတရားနှစ်ပါးက စောင့်ရှောက်နေသောကြောင့် လောကပါလတရားဟု ခေါ်ဆိုခြင်းပင်။

ရှင်မဟာရဋ္ဌသာရ စာဆိုတော်ရေးဖွဲ့သော ဘူရိဒတ် ဇာတ်ပေါင်းပျို့၌ ...

"ရှက်ကြော်ဟူသား၊ လူတို့အတွက်၊ ဟီရောတပ်ကို၊ မလတ်မလွတ်၊ စောင့်ရှောက်တတ်သား၊ သူမြတ်ကြံမိ၊ အရာသီကား၊ ဇာတိပဿ၊ သူရအစစ်၊ တဟုသစ်ဟု၊ စင်စစ်လေးထွေပြားသတည်း"

ဤကဲ့သို့ စပ်ဆိုတော်မူသည့်အတိုင်း လူတို့၏ အကွပ်အထိန်းလောက၏ အစောင့်ခေါ် ဟိရီ၊ ဩတ္တပ္ပ တရားနှစ်ပါးကို –

(၁) အမျိုးမြတ်သောသူ၊

(၂) အရွယ်ဆုံး၍ အသက်ကြီးရင့်သူ၊

(၃) သူရသတ္တိနှင့် ပြည့်စုံ၍ ရဲရင့်သောသူ၊

(၄) အကြားအမြင်များသောသူ၊

ဤပုဂ္ဂိုလ် လေးပါးတို့သည် ကောင်းစွာ စောင့်ရှောက်တတ်၏ဟု ဆိုပါသည်။ မကောင်းမှုမှရှက်ခြင်း ဟိရီတရား၊ မကောင်းမှုမှ ကြောက်လန့်ခြင်း ဩတ္တပ္ပတရား နှစ်ပါးကို စောင့်ရှောက်ကျင့်ကြမည်ဆိုလျှင် မကောင်းမှုမပြုဟူသော အဓိပ္ပာယ်လည်း ရောက်လေသည်။ ရှင်မဟာရဋ္ဌသာရ၏ အာဘော်၌ ရဲရင့်သောသူတို့သည် ဟိရီ၊ ဩတ္တပ္ပ ပြည့်စုံစွာနှင့် မကောင်းမှုကို မပြုဟုဆိုနိုင်ပါသည်။ သူရသတ္တိနှင့် ပြည့်စုံသောသူတို့သည် မကောင်းမှုကို ပြုလေ့မရှိကြောင်း တည့်မှန်တော်ဖြောင့်ကြောင်း အောက်ပါအတိုင်း ဘူရိဒတ်ဇာတ်ပေါင်းပျို့မှ ကူးယူဖော်ပြရင်း ဤလောကပါလဆောင်းပါးကို အဆုံးသတ်လိုက်ပါသည်။

"သူရသံတ္တိ၊ ချို့ဘိကြံနိုင်၊ ငါ့သံတိုင်ကို၊ စွဲကိုင်လက်နက်၊ စိန်သန့်လျက်ဖြင့်၊ ကြောက်မက်လန့်ကြိမ်း၊ သိကြားခြိမ်းလည်း၊ မတိမ်းမပြို၊ ကံကုသိုလ်မှ၊ အလိုမသွေ ဖြောင့်တန်းစေအံ့၊ ကြောက်ချေသာအား၊ အယူမှားသော်၊ ယောကျ်ားဤသူ၊ ရဲစွမ်းဟူလျက်၊ ကြောက်မှုကြောက်ထား၊ ပြစ်တင်များအံ့၊ မှုသားမစွဲ၊ ဆိုတိုင်းမြဲသည်၊ သူရဲတွေငေါ်၊ နူတ်နတ်သော်ကား၊ မချော်ယုံယုက်၊ တခွန်းမြက်က၊ ဆိုချက်ဒဏ်ရာ၊ မှန်ကန်စွာ၏ ငါတည်းစောင်ပင်။ နှလုံးသွင်းမူ၊ ရဲခြင်းစွမ်းခြင်း၊ ကင်းသသူအား၊ မဟူစကောင်း၊ နူတ်လျှာပြောင်းပိမ့်၊ မိုက်ကြောင်းကျင့်သွပ်၊ ငါမအပ်ဟု၊ ကိုယ်ကွပ်တတ်နိုင်အားသတည်း"

*မေတ္တာဖြင့် ...*

စာဘဏ္ဍာမြဝင်း

www.burmeseclassic.com

# ကြံ့တောသုသာန်၌ နိမိတ်ကြီးလေးပါး ဆုံစည်းခြင်း

■ ညွန့်သစ် ■

(၁)

ဗုဒ္ဓဝင်ဝေါဟာရလာ နိက္ခမပါရမီ၏အကြောင်းဖြစ်သော သူအို၊ သူနာ၊ သူသေ၊ ရဟန်းစသော နိမိတ်ကြီးလေးပါးတို့သည် ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ကြံ့တောသုသာန်သချိုင်းတွင် လာရောက်ဆုံစည်းခဲ့ကြလေသည်။

ငှင်းနေ့မှာ စာရေးဆရာငြိမ်းကျော် အသုဘပို့၊ သချိုင်းမြေချသည့် အခမ်းအနားတွင် မမျှော်လင့်ဘဲ လာရောက်ဆုံစည်းခဲ့ကြခြင်း ဖြစ်ပေသည်။ မိမိသည် ပန်းချီဆရာယဉ်မင်းသိုက်နှင့်အတူ စာရေးဆရာငြိမ်းကျော် အသုဘပို့ရန်အတွက် ကြံ့တောသုသာန်ထဲ ဝင်လာခဲ့ကြသည်။ ကြံ့တောသချိုင်း အဝင်အဝနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု၏ ဂူဗိမာန်ကို လှမ်းမြင်လိုက်ရသည်။ ဗိမာန်ထိပ်နားတွင် ဘိုလပ်မြေကိုင်ထားသော လက်ဗလာကြီးနှစ်ချောင်းထောင်ကာ အထိမ်းအမှတ်လုပ်ထားသည်ကို အထင်းသား မြင်တွေ့လိုက်ကြသည်။

သေသောအခါ

လက်ဗလာချည်း

ဘာတွေပါသွားနိုင်မည်နည်း။

မေးခွန်းတစ်ခုကဲ့သို့ မေးမြန်းထားဖူးသည့် စာတစ်ပုဒ်ထဲက ကဗျာပိုဒ်လေးတစ်ခုကို သွား၍အမှတ်ရလိုက်မိပါသည်။

(၂)

စာရေးဆရာငြိမ်းကျော်သည် ရသစာပေနယ်ပယ်တွင် ထင်ပေါ်ကျော်ကြားခဲ့သည့် စာရေးဆရာတစ်ယောက်ဖြစ်သည့်အတွက် သူ၏ အသုဘအခမ်းအနားတွင် စာရေးဆရာများ၊ ကဗျာဆရာများနှင့် စာပေချစ်သူများ လာရောက်ပို့ဆောင်ကြကာ စည်ကားသိုက်မြိုက်၍နေပေသည်။ သူသည် မသောက်မစားသော်ငြား အသည်းကင်ဆာနဲ့ ဆုံးပါးခဲ့သည်။ ဆရာယဉ်မင်းပိုက်က 'ဟိုမှာဆရာဂျမ်း'ဆိုပြီး ခပ်လှမ်းလှမ်းက လျှောက်လာနေသည့် ကဗျာဆရာကြီးတင်မိုးကို လှမ်းပြီး လက်ညှိုးထိုးပြလိုက်သည်။ သူနှင့်နှစ်ယောက်သား ဆရာဂျမ်းရှိရာဆီ ရောက်သွားကြသည်။ ဆရာသည် အဲသည်တုန်းက အသက်ခုနစ်ဆယ်ခန့် ရှိလောက်ပြီထင်သည်။ ဟိုယခင်က မြန်မာတို့၏သက်တမ်းမှာ ပျမ်းမျှလေးဆယ်ကျော် ငါးဆယ်ဟု သတ်မှတ်ထားသည်။ ယခုသက်တမ်းနှင့်ကြည့်လျှင် ဆရာဂျမ်းသည် 'သူအို'စာရင်းဝင်နေပြီဟု ဆရာပိုက်က ပြောလိုက်သည်။

မကြာခင်မှာ ကဗျာဆရာမောင်ခိုင်မာတစ်ယောက် မိမိတို့ရှိရာသို့ ရောက်လာသည်။ ဆရာဂျမ်းကို နှုတ်ဆက်ပြီး မိမိကိုမတွေ့တာကြာပြီ၊ နေထိုင်ကောင်းရဲ့လားဟု မေးလိုက်သည်။ မိမိက နေလို့ထိုင်လို့ ကောင်းတဲ့အကြောင်း၊ ခင်ဗျားကျန်းမာရေးမကောင်းဘူးဆိုတာ ကိုပိုက်ပြောလို့



www.burmeseclassic.com

www.burmeseclassic.com

သိရတဲ့အကြောင်း ပြောပြလိုက်သည်။

ဟိုတလောတုန်းက ခင်ဗျား ရန်ကုန်ဆေးရုံကြီးမှာ ဆေးတက်ကုတုန်းက တစ်ခေါက် သတင်းမေးရောက်ကြောင်း မောင်ခိုင်မာကို ပြောပြလိုက်သည်။

မောင်ခိုင်မာနှင့် မိမိတို့မှာ ငယ်ပေါင်းတွေဖြစ်လို့ သူ့အကြောင်း အတော်များများသိလေသည်။ သူဟာ အရက်ကို အတော်ကြိုက်နှစ်သက်ပြီး နေ့တိုင်းလို နှစ်နှစ်ခြိုက်ခြိုက်သောက်သည်။ ပျဉ်းမနားကနေ အင်းစိန်ပြန်ပြောင်းလာကတည်းက ကိုကြည်နိုင်နှင့် ကိုယဉ်မင်း ပိုက်တို့နှင့် တွဲဖြစ်သည်။ ညနေဘက်ရောက်လျှင် ကြုံကြိုက်ရာ အရက်ဆိုင်ကို သွားထိုင်ကြသည်။ မောင်ခိုင်မာအတွ ် တွဲသောက်ဖော်မရှိသည့်အခါ ကိုကြည်နိုင် နှင့် ကိုပိုက်တို့ကို မောင်ခိုင်မာက အတင်းသောက်ခိုင်း သည်။ သူတို့နှစ်ယောက်ကလည်း အားနာသည့်အတွက် နည်းနည်းပါးပါး လိုက်သောက်သည်။ အဲဒီတုန်းက အရက်သောက်ရင်း ဘီအီးဒီဟ်(အရက်ဖြူ)ကို အသောက်များသည်။ တစ်ရက်မှာတော့ ကိုကြည်နိုင် အရက်သောက်ပြီး အိမ်အပြန်မှာ သူ့အမေက သားအရက်သောက်လာတာ သိလိုက်တာနဲ့ နှစ်တစ်လက်မ တုတ်ကိုကိုင်ပြီး လိုက်ရိုက်လေသည်။ အဲဒီကတည်းက ကိုကြည်နိုင်တစ်ယောက် အရက်ကို မြည်းတောင်မကြည့်တော့ပါ။ ပန်းချီကိုပိုက်က တော့ အားနာနာနဲ့ ဆက်သောက်ရင်းက အရက်စွဲသွားတော့သည်။

မောင်ခိုင်မာတစ်ယောက် အသည်းရောင်ရောဂါ၊ ကျောက်ကပ်၊ ဆီးချိုနှင့် နှလုံးရောဂါစုံ စွဲကပ်နေပြီး ဆေးရုံ အကြိမ်ကြိမ် တက်နေရလေသည်။ ပန်းချီကိုပိုက်က ခုပုံ လိုဖြင့် 'သူနာ'တစ်ယောက်ပါ ဒီမှာလာပြီး ဆုံနေပြီလို့ မှတ်ချက်ချလိုက်သည်။

(၃)

အတော်လေး ကြာသွားတဲ့အချိန်မှာ သင်္ကန်းဝတ်ဖြင့် တုတ်ကောက်ကိုင်ပြီး လျှောက်လာနေသော ဦးပဥ္စင်းတစ်ပါးကို တွေ့မြင်လိုက်ရသည်။ သေချာကြည့်မှ သထုံဇင်းကျိုက်အနီးရှိ ကျိုက်ထီးဆောင်းဆရာတော် ထံပါးတွင် သင်္ကန်းဝတ်ခဲ့သော ဦးပဥ္စင်း(စာရေးဆရာ မောင်ရန်ပိုင်) ဖြစ်မှန်း သိလိုက်ရသည်။

သူရဟန်းဝတ်စဉ်က သူ၏အစ်ကိုတွေ အပါအဝင် ဆောင်းဝင်းလတ်နှင့် မိမိတို့ ဝိုင်းဝန်းလိုက်ပါ ဆောင်ရွက်ခဲ့ကြသည်။ သူဆံချသည့်အခါ မိမိနှင့် ဆောင်းဝင်းလတ်တို့ ဆံချခံပိတ်စကို ဝိုင်းကိုင်ပေးခဲ့ကြသည်။ သူရာသက်ပန် ဝတ်မည်ပြောလို့ ဆရာတော်က မဖြစ်နိုင်ကြောင်းပြောပြသည်။

မိမိနဲ့ ဆောင်းတို့ ရန်ကုန်အပြန်တွင် လမ်းစရိတ် ၅၀၀ ကျပ်ခန့်နဲ့ ကဗျာဆရာ မောင်အောင်နီအတွက် သူ ဆံမချမီဝတ်သည့် အဝတ်တစ်စုံကိုပါ ပေးလိုက်သည်။ နောက်ပိုင်းမှာ သာကေတ ငါမန္တလေးကျောင်းမှာ တည်းနေသည်ဟု သိရသည်။ ဦးပဥ္စင်းကိုတွေ့ချိန်မှာ ပန်းချီကိုပိုက်က "ဒီကနေ့ စာရေးဆရာငြိမ်းကျော် ကွယ်လွန်တဲ့ 'သူသေ'ပွဲမှာ ကျိုက်ထီးဆောင်းဆရာတော်၏ တပည့်ဖြစ်သော 'ရဟန်း'တစ်ပါး ရောက်လာခဲ့ပြီလေ"ဟု ပြောလိုက်သည်။ (နောက်ပိုင်း ဆရာတော်ပြောခဲ့သလို ကျန်းမာရေးကြောင့် သူလူထွက်လိုက်ရသည်။)

(၄)

ဧင်းဆုံစည်းမှုကြီးမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ် ခန့်လောက်က ကြံတောသုသာန်၌ စာရေးဆရာငြိမ်းကျော် အသုဘစျာပနမြေချပွဲတွင် "သူအို၊ သူနာ၊ သူသေ၊ ရဟန်း"စသော နိမိတ်ကြီးလေးပါးတွင် ပါဝင်သည့် လူသားလေးဦး၏ ဆုံစည်းမှုတစ်ခုဖြစ်ပေါ်ခဲ့သည်။ နောက်ပိုင်းတွင် အားလုံးကွယ်လွန်သွားကြပြီဖြစ်သော သူအို ဆရာတင်မိုး၊ သူနာ မောင်ခိုင်မာ၊ သူသေ ငြိမ်းကျော်နှင့် ရဟန်း မောင်ရန်ပိုင်တို့ မမျှော်လင့်ဘဲ ကြံတောသုသာန်တွင် ဆုံစည်းခဲ့ကြသည့် နိမိတ်ကြီးလေးပါးတို့ အကြောင်းဖြစ်ရပ်ကို ယခုကဲ့သို့ မှတ်တမ်းတင်ရေးဖွဲ့လိုက်ခြင်း ဖြစ်ပါသတည်း။

ညွန့်သစ်



www.burmeseclassic.com

www.burmeseclassic.com

# ငရဲခွေးဆောင်းပါး နောက်ဆက်

## မောင်အေးသန့်

၁၉၈၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် “သောင်းပြောင်းထွေလာ”တွင် ဆရာတက်တိုး၏ “ဦးညိုမြနဲ့ ငရဲခွေးဆောင်းပါး”ကို ဖတ်ရှုလိုက်ရပါသည်။ ယင်းဆောင်းပါးတွင် တက္ကသိုလ်မှ ကျောင်းသားတစ်စုက ဆရာတက်တိုးထံလာရောက်၍ လွန်ခဲ့သောနှစ် ၅၀ ခန့်က ဦးညိုမြရေးခဲ့သော “ငရဲခွေး (A hell hound at large)သည် ဆောင်းပါးဟုတ်မဟုတ်၊ မူရင်းစာကို ဖတ်ရှုလိုက်ကြပုံ၊ ဆရာတက်တိုးက ငရဲခွေးသည် ဆောင်းပါးတစ်ခုဖြစ်ပုံ၊ မကြာမီ မူရင်းဆောင်းပါးကို ရှာဖွေပေးမည်ဖြစ်ပုံစသည့်အကြောင်းအရာများ ပါဝင်ပါသည်။

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်မလာမီ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)ကျောင်းထုတ်ခံရသည်အထိ ဂယက်ရိုက်ခဲ့သော အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် ငရဲခွေးဆောင်းပါးကို စာရေးသူကိုယ်တိုင် ဖတ်ရှုလိုသည်မှာ ကြာပါပြီ။ ကံအားလျော်စွာ ၁၉၇၀ ခုနှစ် တက္ကသိုလ်ရွှေရတုသဘင်တွင် စာအုပ်စာတမ်းများ ပြသထားစဉ် ထိုဆောင်းပါးကိုပါ ထည့်သွင်းပြသထားသဖြင့် ဖတ်ရှုလိုက်ရဖူးပါသည်။

ဆရာဦးညိုမြ မကွယ်လွန်မီတစ်နှစ်က မန္တလေးမြို့ ဆရာဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ နေအိမ်တွင် ဆရာဦးညိုမြနှင့်တွေ့စဉ် ဗိုလ်ချုပ်အောင်ဆန်းရေးသည်ဆိုသော William Ernest Henley ၏ “အနိုင်မခံ”ဘာသာပြန်ကဗျာအကြောင်းကိုသာ မေးမြန်းမိပါသည်။ ငရဲခွေးဆောင်းပါးအကြောင်းကို တစ်ခွန်းတစ်ပါဒမျှ မမေးမိသဖြင့် စိတ်မကောင်းဖြစ်ရပါသည်။

သို့ဖြစ်သော်လည်း ဆရာတက်တိုး ပြန်လည် ဖော်ပြသည့်အတိုင်း ၁၉၇၁ ခု၊ နိုဝင်ဘာလထုတ် အိုးဝေရွှေရတုသဘင် လက်ရွေးစင်စာစောင်တွင် ဆရာဦးညိုမြက “ကျွန်တော် ငရဲခွေးဆောင်းပါးရေးခဲ့စဉ်က”ဟူသော ဆောင်းပါးကို ပြန်လည် ရေးသားခဲ့ပါသည်။ စာရေးသူသည် ဆရာဦးညိုမြအား ကိုယ်တိုင်ကိုယ်ကျ မမေးလိုက်ရသော်လည်း ယင်းဆောင်းပါးကို ဖတ်ရှုခဲ့ရသဖြင့် အတော်အတန် ဖြေသာရပါသည်။

[illegible]များသိပြီးဖြစ်သည့်အတိုင်း သမဂ္ဂဥက္ကဋ္ဌ ကျောင်းထုတ်ခံရသည်အထိ ဖြစ်ခဲ့သော ထိုစဉ်က ငရဲခွေးဆောင်းပါးရေးသည့် ဆရာဦးညိုမြ၏ ရည်ရွယ်ချက်မှာ တက္ကသိုလ်အာဏာပိုင်များအား အစောင်းအတေ့များဖြင့် ထိုးနှက်ရန်ပင် ဖြစ်ပါသည်။

ဆရာဦးညိုမြက သူရေးသားသော ငရဲခွေးဆောင်းပါးမှာ ကျောင်းအုပ်ကြီးစလော့ (Sloss) ၏ လက်ထောက်အဖြစ် ဆောင်ရွက်သူ မြန်အောင်ဦးတင်ကို စောင်းချိတ်ရေးသည်ဟု ထင်ကြကြောင်း၊ ပုဂ္ဂလဓိဋ္ဌာန်ဖြင့် ရေးခြင်းမဟုတ်ဘဲ နယ်ချဲ့ကို ရည်စူးရာတွင် အနီးအပါးရှိ မြန်မာများလည်း မလွဲမရှောင်သာ ထိခိုက်သွားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ပင် တစ်ချို့က မြန်အောင်ဦးတင်ကို အိမ်ပင့်၍ လွန်မိသမျှ ဝန်ချကန်တော့ခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဆရာဦးညိုမြ၏ ဆိုလိုရာမှာ အနာဒွေးအနာပေါင်းကို ခွဲစိတ်လှီးဖြတ်သည့်အခါ အသားကောင်းပါ အနည်းငယ်ရောနှောပြီး လှီးဖြတ်ခံရတတ်သည့် သဘောမျိုး ဆိုလိုဟန်ရှိပါသည်။

စင်စစ်အားဖြင့် ငရဲခွေးဆောင်းပါးတွင် အတော်အတန် ရုန့်ရင်းကြမ်းတမ်းသည့် အသုံးအနှုန်းစကားလုံးများ ပါဝင်နေပေရာ ရွှေရတုသဘင်စာစောင်၌ ဆရာဦးညိုမြက သူ၏ငရဲခွေးဆောင်းပါးပါ အကြောင်းအရာကို အသေးစိတ်မဖော်ပြတော့ဘဲ ဆိုလိုရင်းအတိုချုပ်ကိုသာ ရေးသားခဲ့ပါသည်။ ဦးစွာဆောင်းပါးကို အစီစီအ[illegible]ဘာပိုင် ယမမင်း၏ ထုတ်ပြန်ချက်တစ်ရပ်အဖြစ် ဖော်ပြပြီး နယ်ချဲ့လက်ကိုင်တုတ်အဖြစ်နှင့် အစိစိသို့ ကျရောက်လာခဲ့သည့် ငွေ့နက်ကြီး

www.burmeseclassic.com

တစ်ကောင်သည် ငရဲပြည်က လွတ်မြောက်သွားကြောင်း၊ ထိုခွေးနက်ကြီးသည် အထူးသဖြင့် တက္ကသိုလ်နယ်မြေတွင် လာသောင်းကျန်းနေသဖြင့် တွေ့ရှိသူများက ငရဲပြည်သို့ ပြန်ပို့ပေးရန်ဖြစ်ကြောင်း အကျဉ်းချုပ်မှုသာ ရေးသားခဲ့ဟန်တူပါသည်။

ငရဲခွေးဆောင်းပါးမှာ အတော်အတန်ရှည်သည့် ဆောင်းပါးတစ်စောင်ဖြစ်သည်ဟု ယခင်က ထင်မိပါသည်။ သို့သော် ဆရာ(ဒေါက်တာ)သာလှ ကျေးဇူးကြောင့် ဆောင်းပါးကို ထပ်မံဖတ်ရှုရသောအခါ ဆောင်းပါးမှာ အလွန်တိုတောင်းသည်ကိုတွေ့ရှိရပြီး တက္ကသိုလ်အာဏာပိုင်များ မခံမရပ်နိုင်ဖြစ်လောက်သည်အထိ ထိထိမိမိဖြင့် ကလိထားသည်ကို သတိပြုမိပါသည်။

၁၉၅၈ ခုနှစ်တွင် ဆရာကြီးဦးထင်ဖတ်(မောင်ထင်)နှင့်အဖွဲ့ ဦးစီး၍ အင်္ဂလိပ်ဘာသာဖြင့် New Burma Weekly အပတ်စဉ်စာစောင်ကို ထုတ်ဝေခဲ့ရာ ယင်းစာစောင်တွင် ဆရာသာလှက As I Remember the 1936 Rangoon University Strike (ကျွန်ုပ်မှတ်မိသမျှ ၁၉၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ်သပိတ်)ဆောင်းပါးကို အပိုင်းငါးပိုင်းခွဲ၍ အပတ်စဉ် ရေးသားခဲ့ဖူးပါသည်။ ၁၉၅၈ ခု၊ ဩဂုတ်လ ၂ ရက်နေ့ထုတ် ထိုဆောင်းပါး၏ အပိုင်း-၅ နိဂုံးတွင် မကြာမီက ဦးညိုမြထံမှ ရရှိခဲ့သော ငရဲခွေးဆောင်းပါးကို ဦးညိုမြ၏ ခွင့်ပြုချက်ဖြင့် စာဖတ်ပရိသတ်များ ဟာဒယ နှလုံးရွှင်ပြုံးစေရန်အလို့ငှာ ပြန်လည်ဖော်ပြလိုက်ပါသည်ဟု နိဂုံးချုပ်ထားပါသည်။ ငရဲခွေးဆောင်းပါးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**A HELL HOUND AT LARGE**

Escaped from Awizi a devil in the from of a black dog.

Had been, during it's brief span on earth a base odject of universal odium and execration, sentenced to eternal damnation for churlishness, treachery, ruffianism pettifogging, etc. A pimping knave with avuncular pretensions to some cheap wiggling wenches from a well-known hostel, he was also a hectic popularity hunter, shamming interest in sports, concerts and other extra-curricular student activities. His only distinguishing marks were buboes and ulcers due to errant whoring. Will finder please kick him back to hell.

Yama-Min.

ဖော်ပြပါ ငရဲခွေးဆောင်းပါးကို တတ်အားသရွေ့ အဓိပ္ပာယ်ပြန်ဆိုလိုက်ပါသည်။

ခွေးနက်ကြီး အသွင်ဖြင့် အဝီစိမှ ထွက်ပြေးလွတ်မြောက်သွားသော မိစ္ဆာကောင်

ထိုသတ္တဝါသည် တိုတောင်းသော သက်တမ်းကာလတွင် လူအများ၏ စက်ဆုပ်ရွံရှာဖွယ်၊ ရှုတ်ချကျိန်ဆဲမှန်းတီးဖွယ် သတ္တဝါတစ်ကောင်ဖြစ်ပြီး ရိုင်းပျစော်ကားလှည့်ဖြား ကောက်ကျစ်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ မဖြစ်ညစ်ကျယ်ဘားနှပ်သိမ်ဖျင်းစွာ ငြင်းခုံပြောဆိုခြင်း စသည့် ပြစ်မှုများကြောင့် အဝီစိတွင် ချီးကပ်အောင် ကျခံနေရသည်။ ယုတ်ညံ့သိမ်ဖျင်း လှည့်ဖြားပြောဆိုတတ်သူဖြစ်သည့်အလျောက် နာမည်ကြီးကျောင်းဆောင်တစ်ခုမှ မိန်းမပေါ့ မိန်းမပျက်များကို "သမီးရဲ့ ဦး" ပုံစံဖြင့် ချဉ်းကပ်သူ၊ ထင်ပေါ်ကျော်ကြား လူသိများရန် အရူးအမူးကြိုးပမ်းသူ၊ ကစားခုန်စား၊ ကျောင်းပြေ ဇာတ်စသည့် ပညာရေးဘက်စုံဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ဝါသနာပါသယောင် ဟန်ဆောင်တတ်သူလည်းဖြစ်သည်။ သူ၏ထင်ရှားသော အမှတ်လက္ခဏာများမှာ ဗျူဗို အနာဆိုးစသော ကာလသားရောဂါများဖြစ်ပြီး ယင်းအနာရောဂါများမှာ အပျော်အပါးလိုက်စားသောကြောင့် ရရှိခဲ့ခြင်း ဖြစ်သည်။

ထိုသတ္တဝါကို တွေ့ရှိသူများက ကျေးဇူးပြု၍ အဝီသို့ ကန်ချလိုက်ပါကုန်။

ယမမင်း

**မှတ်ချက်**


မူရင်း အင်္ဂလိပ်ဆောင်းပါးပါ ဇဝိဟာရအချို့မှာ အတန်ရှန့်ရင်းကြမ်းတမ်းသဖြင့် ဦးညိုမြက အနည်းငယ်ပြုပြင်ထားကြောင်း "သောင်းပြောင်းထွေလာ" တွင် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာသာလှ(ကွယ်လွန်) ပြန်လည်ရေးသားသည်ကို ဖတ်ရှုလိုက်ရသည်။ ၁၉၇၀ ပြည့်နှစ် တက္ကသိုလ်ရွှေရတုသဘင်ပွဲတွင် စာအုပ်စာတမ်းများ ပြသထားစဉ် ဦးညိုမြရေးသားသည့် အင်္ဂလိပ်ဘာသာမူရင်း "ငရဲခွေးဆောင်းပါး"ကို ကူးယူထားသော်လည်း အသိမ်းလွန်သဖြင့် ယခု မဖော်ပြနိုင်သည်ကို ခွင့်လွှတ်ပါရန်။

မောင်အေးသိန်း



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓအလိုကျ ဘဝနေထိုင်မှုပုံစံ

ဆင်ဖြူကျွန်း မြင့်သိန်း

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ပင်ကိုယ်အားဖြင့် အတန်အသင့် ဘာသာတရား အသိရှိကြပါသည်။ မိဘဘိုးဘွားဘီဘင် ထက်ထက်ကာစပြီး မြတ်ဗုဒ္ဓ၏ ဩဝါဒ၊ ကျမ်းဂန်ဒေသနာလာ အဆုံးအမများ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု၊ဓလေ့ထုံးတမ်းစဉ်လာ၊ နီတိစကားများကို နားရည်ဝခဲ့ကြ၏။ ၃၈ ဖြာမင်္ဂလာတရားနှင့်အညီ ပြုမူကျင့်ကြံ နေထိုင်ကြပါသည်။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကိုလည်း အခါအားလျော်စွာ ကြိုးပမ်းအားထုတ်ကြ၏။ လူ့ဘဝတစ်ဘဝသည် သံသရာနှင့် နှိုင်းယှဉ်သော် အလွန်တိုတောင်းပါသည်။ နှစ်ကာလအပိုင်းအခြား တစ်ခုမျှသာ ဖြစ်သည်။ မြတ်စွာဘုရားက ဒေသနာတွင် ... "မနုဿတ္တဘာဝေါ ဒုလ္လဘော" ဟု ဟောကြားထား၏။ လူ့ဘဝသည် ရခဲလှဘိခြင်း၊ ဗြဟ္မာ့ပြည်က အပ်တစ်ချောင်းနှင့် လူ့ပြည်ကအပ်တစ်ချောင်း ထိချင်သာထိမည်၊ လူဖြစ်ဖို့ ခက်ခဲကြောင်း တရားပွဲတွင် နာကြားဖူးပါသည်။ လူ့ဘဝရသခိုက် လူဖြစ်မရှုံးဖို့ အရေးကြီးပါ၏။ လူဖြစ်ရကျိုးနပ်ဖို့ သတိချပ်ရပါမည်။

အမေရိကန် စာရေးဆရာကြီး မော်ကော်မောဘားစ်က "ဘဝဆိုတာ တိုတောင်းတဲ့ ခရီးတစ်ခု ဖြစ်ပါတယ်။ အသက်ရှင်နေတုန်း ကောင်းမွန်ရိုးစင်း

www.burmeseclassic.com

www.burmeseclassic.com

စွာ ရှင်သန်ခြင်းဖြင့် နေထိုင်ပါ" (Life is a very short trip, while a live, good living) ဟုမိန့်ဆိုထားပါသည်။

မြတ်ဗုဒ္ဓသည် "လောကီအာရုံများကို တွယ်တာမက်မောနေသရွေ့ ဘဝဆက်လက် တည်မြဲရေးအတွက် လိုအင်ဆန္ဒရှိနေသရွေ့ ဒုက္ခမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းမရှိပေ" ဟု ဟောကြားခဲ့၏။ ကျွန်ုပ်တို့၏ လိုအင်ဆန္ဒသည် ဘဝဆက်လက်တည်တံ့ရေးအတွက် အရေးကြီးသောအရာဖြစ်သည်။ ဘဝဖြစ်နေသမျှ ကာလပတ်လုံး ဒုက္ခကိုရှောင်လွှဲ၍ ရလိမ့်မည်မဟုတ်ပါ။ ဘဝသည် တန်ဖိုးရှိဖို့ တန်ဖိုးထားတတ်ဖို့၊ သူတစ်ပါးကောင်းကျိုး ဆောင်ရွက်ပေးနိုင်ဖို့၊ အရည်အချင်းရှိဖို့ လိုအပ်ပါ၏။ လူ့ဘုံလောကဝယ် တစ်စုံတစ်ယောက်သည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပစွတည်း ဟူသော သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံလျှင် ကလျာဏပုထုဇဉ်ဖြစ် သွားနိုင်ပါသည်။ မည်သူမဆို အန္ဓပုထုဇဉ်မှ ကလျာဏပုထုဇဉ်ဖြစ်အောင် ကြိုးစားအားထုတ်သင့်ပါ၏။

ပညာရှိ သူတော်ကောင်းများက ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာကုသိုလ်တို့သည် လူ့ဘဝတွင် ချိုမြိန်လှသည့် အရသာများဖြစ်သည်ဟု မိန့်ဆိုကြသည်။ လောကလူ့ဘုံ၌ ကိုယ်ကျင့်နှင့်ပညာကို အချိုးညီညီ အသုံးချတတ်လျှင် ဘဝနေထိုင်မှုပုံစံမှန်ကန်၍ ကြီးပွားလာစေမည်ဖြစ်၏။ ယေဘုယျအားဖြင့် ပုထုဇဉ်တို့သည် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် တခြားသူများအပေါ် ပုံချတတ်ကြသည်။ မိမိကိုယ်နှင့် ပတ်သက်ပြီး ရိုးသားဖြောင့်မတ်မှု ရှိသည်ဆိုလျှင် ပြဿနာ၏ အရင်းအမြစ်ကို ခြေရာကောက်နိုင်လိမ့်မည်ဖြစ်၏။ လူ့သဘာဝမှာ ကိုယ့်မျက်ချေး ကိုယ်မမြင်၊ သူများမျက်ချေးကို မြင်တတ်ကြသည်။ သူတစ်ပါးကို လက်ညှိုးထိုးလျှင် ကျန်သည့်လက်လေးချောင်းက မိမိကိုပြန်ထိုးသည်ဟု ဆိုလေ့ရှိကြ၏။ ကောင်းမှုဟူသမျှ၌ မကောင်းသောအကျိုးလည်း ရှိနေတတ်သည်။ တစ်ပြိုင်တည်းမှာပင် မကောင်းမှုဟူသမျှ၌လည်း ကောင်းသောအကျိုး ရှိနေတတ်သည်။ ပမာဆိုရသော် မိုးတိမ်နှင့် လေမုန်တိုင်းမရှိလျှင် သက်တန့်ရောင်ဘယ်မှာ ရှိနိုင်မည်နည်း။

သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းသည် ပြဿနာပေါင်းများစွာ မဖြစ်နိုင်စေရန်အတွက် ကူညီပေးနိုင်သည်။ မိမိတို့၏ ကိုယ်ကျိုးကိုသာ ကြည့်သော အတ္တစွဲကို လျှော့ချကြမည်ဆိုလျှင် ထိပ်တိုက်ရင်ဆိုင် ပဋိပက္ခဖြစ်ခြင်း၊ ခိုက်ရန်ဒေါသ ဖြစ်ပွားခြင်း၊ အကြမ်းဖက်ခြင်းများမှ ကင်းဝေးနိုင်ကြမည် ဖြစ်၏။ ပုထုဇဉ်တိုင်းတွင် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိများ ကြီးမားကြပြီး မခွာမဖြုတ်နိုင်ကြပေ။ ဘုရားသားတော် သံဃာတို့၏ ဆုံးမဩဝါဒကို လိုက်နာကျင့်သုံးသူများသည် ရေရှည်တည်တံ့မှုရှိသော ရွှင်လန်းချမ်းမြေ့မှု အစစ်အမှန်ကို ရရှိကြပါသည်။

မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်တွင် "လွန်စွာချုပ်တည်းမှုတည်းဟူသော သည်းခံခြင်းသည် အလွန်မြတ်သောအကျင့် ပေတည်း" (ခန္တီပါရမံတပေါတိတိက္ခာ)ဟု ဟောကြားခဲ့၏။ ဤကမ္ဘာလောက၌ ဘဝနှင့် တစ်ထပ်တည်းမကျ (မကိုက်ညီ)သောအခါ တစ်ဦးနှင့်တစ်ဦး၊ အုပ်စုတစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံရာတွင် ပဋိပက္ခများ၊ ဝိရောဓိများ ဖြစ်ပွားလေ့ရှိကြပါသည်။ ခွင့်လွှတ်ခြင်းသည် မေတ္တာတရားကြီးမားခြင်း၊ စိတ်ထားမြင့်မြတ်ခြင်းကို ဖော်ညွှန်းပြသခြင်း ဖြစ်၏။

လူ့အစတွင် မိမိဖြစ်ချင်သည်က ဆန္ဒ၊ ဖြစ်နေတာက ဘဝ၊ ဖြစ်သင့်ဖြစ်ထိုက်သည်ကို လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဘဝမရှိက အလုပ်မရှိနိုင်။ ဘဝကို အလုပ်ဖြင့်တည်ဆောက်ရမည် ဖြစ်၏။ ထို့ပြင် လောကဓံရှစ်ပါးကိုလည်း ကြံ့ကြံ့ခံနိုင်ရမည်ဖြစ်ပါသည်။ စိတ်ရှည်သည်းခံ ခွင့်လွှတ်ခြင်းတရားများ မကျင့်သုံးသူတို့သည် ဘဝ၌ ထင်ပေါ်ကျော်ကြားလောက်သည့် မည်သည့်အောင်မြင်မှုမျိုးကိုမျှ မရနိုင်ပေ။ ခန္တီပါရမီဖြည့်ဆည်းကျင့်သုံးနိုင်မှသာ မိမိတွင် ဖြစ်နေသည့် ဆင်းရဲဒုက္ခများ၊ အခက်အခဲများ ကြံ့ကြံ့ခံနိုင်သောသူတစ်ယောက်ဖြစ်လာနိုင်သည်။ စိတ်ရှည်သည်းခံခြင်းတရားသည် လောကဓံရှစ်ပါးကို ခံနိုင်ရည်ရှိခြင်း၊ ကြိုးစားအားထုတ်ခြင်းတို့ကို ဖြစ်စေ၏။ စိတ်ရှည်သည်းခံ ခွင့်လွှတ်ခြင်းမရှိသော သူအားလုံး



www.burmeseclassic.com

www.burmeseclassic.com

တို့သည် လောကကြီး၌ ကြီးပွားတိုးတက်ဖို့ မျှော်လင့်ချက်မရှိပေ။ သည်းခံလျှင် နိဗ္ဗာန်ရောက်ဟူသည့် ဆိုရိုးစကား စာရေးသူ ကြားဖူးပါသည်။ စိတ်ရှည်သည်းခံခြင်းတရား လိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်မှန်သမျှကို ပညာရှိသူတော်စင်အားလုံးကလည်း ချစ်ခင်လေးစား ချီးကျူးကြလိမ့်မည် ဖြစ်၏။

ကျွန်ုပ်တို့သည် အကောင်းဆုံးကို မျှော်လင့်၍ အဆိုးဆုံးအတွက်လည်း အသင့်ပြင်ထားရမည်။ သို့မှသာ ဘဝ၏အခက်အခဲကို ရင်ဆိုင်ဖြေရှင်းနိုင်ပြီး အောင်မြင်မှုရသည့်အခါ၌ ရောင့်ရဲကျေနပ်နိုင်မည် ဖြစ်ပါသည်။ ခန္တီတည်းဟူသော သည်းခံခြင်းနှင့် မေတ္တာတည်း ဟူသော ပလက်ဖောင်း (ကြေးလမ်း)မရှိဘဲ နိဗ္ဗာန်လမ်းကြောင်းပေါ် ဖြောင့်ဖြောင့်လှမ်းလျှောက်၍ မရနိုင်ပေ။ ပုထုဇဉ်တို့သည် များသောအားဖြင့် အနိစ္စ (မမြဲခြင်းတရား)ကို နိစ္စဟုလည်းကောင်း၊ ဒုက္ခကို သုခဟုလည်းကောင်း၊ အနတ္တ(အစိုးမရခြင်း)ကို အတ္တဟုလည်းကောင်း ထင်မှတ်ကြပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာသုံးပါးကို အမြဲတစေ နှလုံးသွင်းဆင်ခြင်သွားရမည် ဖြစ်ပါသည်။ မည်သည့် ဘဝနယ်ပယ်တွင်မဆို အောင်မြင်ရေးသော့ချက်မှာ မိမိ၏ စိတ်နေစိတ်ထားသာ ဖြစ်၏။ ပုထုဇဉ်တို့၏ အမြင့်ဆုံးရည်မှန်းချက် ပန်းတိုင်ကား လောကီတစ်ဘဝတာ ချမ်းသာကောင်းစားရေးကို ဦးတည်၍ အရိယာတို့၏ ရည်မှန်းချက်ပန်းတိုင်ကား အတုမရှိ ငြိမ်အေးချမ်းသာ လောကုတ္တရာနိဗ္ဗာန်ကို ဦး တည်ပါသည်။ ထို့ပြင် လူတိုင်း လူတိုင်းသည် "ချင်သုံးချင်"ကို ဆင်ခြင်နိုင်ရန် လိုအပ်၏။ ဤချင်သုံးချင် ဟူသည်ကား စားချင်၊ လှချင်၊ ကြွားချင် ဟူ၍ဖြစ်၏။ ဤသည်ကား မင်္ဂလာတရား ၃၈ ပါးတွင် သန္တုဋ္ဌိစ (တင်းတိမ်ရောင့်ရဲလွယ်ခြင်း)မင်္ဂလာနှင့် ပြည့်စုံသည်ဟု ဆိုနိုင်၏။ မြတ်စွာဘုရားက ဒေသနာတော်၌ "အပ္ပမာဒေါ အပတံပဒံ"(ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာနိဗ္ဗာန် အကြောင်းဖြစ်သည်။)ဟု ဟောကြားထားပါသည်။

ကျွန်တော်တို့သည် လူ့ဘဝဝယ် "ကုသိုလ်ပညာ၊ ကျန်းခန့်သာ၍ ဥစ္စာတန်ခိုး၊ တစ်မျိုးမျိုးမျှ အကျိုးမထွက်၊ ထို့နေ့တွက် သက်သက်ဝမ်းနည်းဖွယ်" ဖြစ်၏။ ယခုအချိန်အခါတွင် အမြို့မြို့အနယ်နယ်တွင် တရားရိပ်သာများ ဖွင့်လှစ်ထားရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း လူနည်းစုလောက်သာ တရားစခန်းဝင်နိုင်၍ လူအများစုမှာ သားရေးသမီးရေး၊ စီးပွားရေးတို့၌ လုံးပန်းနေကြရသဖြင့် ရိပ်သာသို့ မဝင်နိုင်ကြပါဟု စာရေးသူ ထင်မြင်မိ၏။ ဗုဒ္ဓဘာသာဝင်တို့ နေ့စဉ်နေ့တိုင်း ဘုရားရှိခိုး၊ ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဂါထာမန္တန်များ ရွတ်ဖတ်ခြင်းသည် သမထကျင့်စဉ်မျှသာ ဖြစ်ပါသည်။ သံသရာမပြတ်ဘဲ လည်ဦးမည်ဖြစ်၏။ အမှန်စင်စစ် ဝိပဿနာကျင့်စဉ်သာလျှင် ဘုရားအလိုတော်ကျဟု ဆိုနိုင်သည်။ ဝိပဿနာတရားအားထုတ်ရခြင်းကြောင့် အကျိုးငါးမျိုး ရရှိပါသည်။ ၎င်းတို့မှာ (၁) စိတ်ကြည်လင်ခြင်း၊ (၂) စိတ်ဓာတ်ခိုင်မာလာခြင်း၊ (၃) ရောဂါဝေဒနာ ပျောက်ကင်းခြင်း၊ (၄) ဉာဏ်ပညာ ထက်မြက်လာခြင်း၊ (၅) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းတို့ ဖြစ်ကြ၏။ ဂေါတမဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခါနီး ညီဘွား အာနန္ဒာအား နောက်ဆုံးမှာကြားခဲ့ပုံမှာ "ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် ပျက်သောသဘော ရှိကုန်၏။ မြဲမြဲသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ တိုးပွားပြည့်စုံအောင် အားထုတ်ရစ်ကြလော့"ဟူ၍ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် အားလုံးအဖို့ တရားထိုင်ခြင်း(အာနာပါနရှုမှတ်ခြင်း)သည်သာ ပစ္စုပ္ပန်တမလွန် ချမ်းသာနှစ်တန် ရရှိမည်ဖြစ်၏။ အသေမဦးခင် ဉာဏ်ဦးဖို့ အရေးကြီး၏။ အသက်ကြီးသူဖြစ်ဖြစ်၊ ငယ်ရွယ်သူဖြစ်ဖြစ် ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်သင့်ပါသည်။ မည်သူမဆို စိတ်ကောင်းရှိ၊ သီလမြဲ၊ ဝိပဿနာစွဲပါလျှင် သံသရာဝဋ္ဋဆင်းရဲမှ ကျွတ်မည်မလွဲ ကေန်ဖြစ်ပါတော့သည်။

ဆင်ဖြူကျွန်းမြင့်သိန်း



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲငမန်း နှင့် ဂမ္ဘီရသစ်တံခါး

ထင်ကျော်စွာ(ဂမ္ဘီရရွာစု)

ဤလောကတွင် ရှေးအခါမှ မျက်မှောက်ခေတ်တိုင် ဂမ္ဘီရဆန်သော ဖြစ်ရပ်ဆန်းများ ဖြစ်တည်ပေါ်ထွန်းခဲ့ပြီး ပေါ်ထွန်းဆဲလည်း ဖြစ်ပါ၏။ သိပ္ပံခေတ် အဆွေးအမြင်အရ တိုက်ဆိုင်မှုဟု ဆိုကြပါသည်။ တကယ်တော့ ကိုင်တွယ်ပြလို့မရသော နက်နဲသိမ်မွေ့သည့် ပညာရပ်တို့ရှိသည်။ အနုမာနခေါ် ဆံခြည်မျှင်မျှရှိ အတွေးကွန်ရက်တို့ဖြင့် အနုသယမှန်း ဆတွေးခေါ်ခြင်းဖြင့်သာ ကောက်ချက်ချနိုင်သည်။ သို့ပါ၍ အကျွမ်းမဝင်သေးသည့် သီးခြားပညာရပ်နယ်ပယ်များ ရှိနေပါဦးမည်။ ဤသို့ တွေးတောယူဆချက်များနှင့်အတူ "ကျွဲငမန်း ဝတ္ထုတိုအဖြစ်မှန်"အား ရေးသားဖော်ထုတ်တင်ပြလိုက်ရပါတော့သည်။

× × ×

အချိန်ကာလအားဖြင့် ခရစ်သက္ကရာဇ် ၁၉၆၀ ပြည့်ဝန်းကျင်၊ ၁၉၆၁ ခုနှစ်ကပင် မြန်မာနိုင်ငံ အောက်ပိုင်း မြေလတ်မြို့တစ်မြို့၏ "ကုမုဒြာစု"ခေါ် ရွယ်ငယ်လေးတစ်ခုက အဖြစ်အပျက်ဖြစ်ပါ၏။ အရပ်အခေါ် ဂမုတ်ဒရာဟုတွင်သော ထိုရွာတွင် ဆယ်ကျော်သက်အရွယ် ကျွဲငမန်းခေါ် လူငယ်လေးရှိသည်။ ငယ်စဉ်က အတန်းကျောင်းမတက်မီပင် လောကီပညာရပ်တို့နှင့် ရင်းနှီးခွင့်ရခဲ့သည်။ သူ့ဖခင် ကျွဲငထန်းအသားအရေ့ဆွေးပိပိ တစ်ရွာလုံးက ကျွဲငမန်းဟု ခေါ်ကြသည်။

ကျွဲငထန်းမှာ သည်ရွာနှင့် အောက်ကင်းရွာခြေတွင် ကျွဲတစ်ရှဉ်နှင့် လယ်တစ်ပွဲစီရှိသေးသည်။ ကျွဲငထန်းမှာ တောသူဌေးစာရင်းဝင်ဖြစ်၍ ရွာဦးကျောင်းတွင် အလှူအတန်း မပြတ်လှ။ ဆရာဒကာလိုဖြစ်နေ၍ ဘုန်းကြီးကျောင်းက ကျောင်းအိပ်ကျောင်းစားခေါ်ထားသည်။ ငမန်းအဖို့ အတန်းကျောင်းမတက်မီပင် စာပေမျိုးစုံ သင်အံရသည်။ ရွာဦးဘုန်းကြီးမှာ ကုလားပြည်သို့ ရောက်ဖူး၍ အင်္ဂလိပ်စာပါ ကျွမ်းကျင်တတ်မြောက်နှံ့စပ်သူဖြစ်သည်။ ထို့ကြောင့် ဘာသာရေးရာ၊ လောကီရေးရာ၊ အင်္ဂလိပ်စာအားလုံးနှင့် အရွယ်ငယ်ငယ်တုန်းမှာ ထိတွေ့ခွင့်ရသည်။

စာကဗျာနှင့်ပတ်သက်၍ ငမန်းမှာ တတ်သိကျွမ်းကျင်လောက်အောင် အထောက်အပံ့တစ်ခုရှိပါသေးသည်။ ရွာဦးကျောင်းတွင် ခန်းနေဦးငင်း ဦးဇင်းညိုရှိသေးသည်။

လူဝတ်ကြောင်တွင် လူပျိုကြီးဖြစ်၍ ဓုလ္လဘဝတ်ရာမှ မထွက်တော့ဘဲ ရဟန်းဝတ်မြဲနေသည်။ စာကဗျာ တတ်ကျွမ်းနှံ့စပ်ခဲ့သည်။ ဘုန်းကြီးကျောင်းသားအစုအဝေးကို စာချိုးကဗျာ စပ်သင်သည်။ စကားဝိုင်းသိမ်းလျှင် ကျောင်းသားတိုင်း လက်တွေ့ဖွဲ့ ကဗျာတစ်ပုဒ်ဆိုပြမှ ထလို့ရသည်။ စကားဝိုင်းသိမ်းခွင့်ပေးသည်။ ကြာတော့ စာပေဟာ၊ ကဗျာပေဟာ ဖြစ်လာသည်။

ဘုန်းကြီးက သာရေး နာရေးအလှူကထိန်ကြွလျှင် ငမန်းအဖို့ ကျောင်းသားအဖြစ် လိုက်ရသည်။ တစ်နယ်တည်းက ဘုန်းကြီးကျောင်းသားချင်းခင်ကြ၊ သူငယ်ချင်းတွေ ဖြစ်ကြသည်။ ဘုန်းကြီးချင်း၊ ကျောင်းသားချင်း ဆက်မိကတော့ နွေဖက်တွင် နှစ်ရွာ၊ သုံးရွာခြား ဘုန်းကြီးကျောင်းတွင်သွား၍ နေဖြစ်ကြသေးတယ်။ ကံကုန်းကျောင်းဘုန်းကြီးကျောင်းသား စိန်ထွားတို့နှင့် အဖွဲ့ကျလို့ တစ်နွေ ကျောင်းအိပ်ကျောင်းစား နေဖြစ်သေးသည်။ တခြားနယ်က ကျောင်းသားအသစ်တွေနဲ့ပါ သိကျွမ်းရင်းနှီးပြန်သည်။ မြစ်ကူးချောင်းဖျားကနေ အညာမြေ အညာကြောက ကျောင်းသားအခုံး ဆုံကြရ အတွေ့အကြုံအစုံ ဆိုခွင့်ရသည်။

ဂမ္ဘီရနယ်တွင် သစ်တံခါးဆိုသည်



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ သူပြောလိုပြောမဟုတ်ဘဲ သစ်တံခါးနှင့် နီးနီးစပ်စပ် ထိတွေ့ရင်းနှီးရာ မေမန်းမှာ ကြုံလာခဲ့သည်။ သစ်တံခါးသည် အပင်တို့၏ ထူးထူးခြားခြား ဖြစ်ထွန်းမှုပင်။ သစ်ပင်စည်ကနေ ကိုင်းတံနှစ်ခုပါ ဝလုံးပုံစံကိုင်းထွက်ပြီး အထက်မှာ ပြန်ပြီးစုဆုံနေသည်။ ပြန်ဆက်သည့်နေရာတွင် တစ်လုံးတည်း ပြန်ဖြစ်သွားသည်။ ဤသို့ သစ်ကွင်းကြီးဖြစ်နေခြင်းကို သစ်တံခါးဟု ခေါ်ကြပါသည်။

သစ်တံခါး၏ ထူးခြားချက်ကတော့ သစ်တံခါးရှိရာ သစ်ပင့်ဝန်းကျင် ကိုက် ၂၀ ခန့်တွင် မီးမကျူး၊ မီးမလောင်နိုင်ပါ။ အိမ်ထောင်ကျသည့် ဇနီးမောင်နှံတို့ သားသမီးမရနိုင်လျှင် သစ်တံခါး၌ စီရင်ဆုတောင်းကြသည်။ အပင်ကိုးရာပတ်လည် ပန်း၊ ဆီမီးတို့ လှူဒါန်းပြီး သားဆုပန်လျှင် သားသမီးရသည်ဟုဆိုသည်။ ထူးခြားချက်တစ်ခုမှာ သစ်တံခါး၏ တစ်ဖက်မှ ကြည့်နိုင်သော အတွေ့အမြင်တစ်ခုဖြစ်သည်။ ဝိဉာဉ်ဖြစ် သွားလာလှုပ်ရှားနေရသော ပရလောကသားတို့ ရှိသည်။ ထိုပရလောကသားများ လှုပ်ရှားပြသမှုကို မြင်တွေ့နိုင်ခြင်းဖြစ်ပါ၏။ ကျွဲမေမန်းကား သစ်တံခါးနှင့် သူ့ဘဝ တစ်သားတည်းကျအောင် တွေ့ကြုံခဲ့ရပါတော့သည်။

ကျွဲမေမန်းနေသော ရွာ၏မြောက်ဘက်တွင် တောအုပ်ရှိသည်။ ထိုတောအုပ်အတွင်းရှိ ကျွဲတည်းပင်၌ သစ်တံခါးရှိသည်။ မေမန်းတို့အိမ်မှ ကွမ်းတစ်ယာညက်ခန့် သွားလျှင် ထိုနေရာသို့ ရောက်သည်။ တစ်ညတွင် အိမ်နောက်ဘက် ကျွဲတင်းကုပ်အား ခြင်ယင်မီးထည့်ရန် ထွက်လာခဲ့သည်။ ထိုနေရာမှ နွားရိုင်းသွင်းချိန်လောက်တွင် တောအုပ်ဆီ ဦးလှည့်ခဲ့သည်။ အိမ်မှအသင့်ပါလာသော အမွှေးတိုင်တို့ဖြင့် သစ်ပင်တွင် မီးညှိပူဇော်လိုက်သည်။ တတ်သလောက်၊ မှတ်သလောက် ပြောဆိုတိုင်တည်လိုက်သည်။

သစ်တံခါးကို မျက်နှာစာပြု၍ ရသော တစ်ဖက်က ကိုင်းဆုံတွင် ထိုင်လိုက်သည်။ ကွမ်းနှစ်ယာခန့်အကြာထိ ဘာမှထူးခြားသည်ကို မတွေ့ရသေးပေ။ လရောင်များပင် တိုးထွက်လာချေပြီ။ သစ်တံခါး၏မြင်ကွင်းမှ အပင်အောက်တွင် လူနှစ်ယောက် ငုတ်တုတ်ထိုင်နေသည်ကို မြင်ရသည်။ လရောင်ဖြင့် သေချာကြည့်တော့ အသက်သုံးဆယ်ကျော် မိန်းမတစ်ဦးနှင့် ဆယ်နှစ်ခန့်ရှိ ကောင်လေးတစ်ယောက်ဖြစ်နေသည်။ ထိုနှစ်ဦးသည် ငြိမ်ချက်သားကောင်းနေရာမှ ထိုမိန်းမနှုတ်မှ ပြောလာသည်။

"ချောင်းတိမ် . . . ချောင်းတိမ်" ဆိုသော ရေရွတ်သံ ဖြစ်သည်။ ထို့နောက်မှ နှစ်ယောက်သား တီးတိုးပြောဆိုကြပြန်သည်။ နားစိုက်၍နားထောင်သောအခါ ချောင်းတိမ်တွင် သူတို့ဆံထုံး ပြုတ်ကျပြီးထင်၍ ပြောကြောင်း၊ ချောင်းတိမ်တွင် မကျခဲ့ဘဲ ရှိသေးကြောင်း နောက်လမ်းမှာ မကျအောင် ပိတ်စနှင့် ပတ်မှဖြစ်မည်ဖြစ်ကြောင်း ပြောနေကြသည်။

ထိုအခါ တစ်ယောက်မှ ခေါင်းကို နှိမ့်လိုက်ပြီး ပါလာသော အဝတ်ပုဆိုးဖြင့် လွှမ်းအုပ်ပေးလိုက်သည်။ ထိုအခိုက်မှာပင် ကောင်းကင်ပြင်၌ တိမ်မည်းများ တရိပ်ရိပ်ဖြတ်သန်း သွားလာမှုကြောင့် အမှောင်ကျသွားသည်။ မြင်ကွင်းအားလုံး ပျောက်ကွယ်သွားလေသည်။ မေမန်းလည်း တိမ်ရိပ်များ ကင်းစင်သည့်အထိ စောင့်ကြည့်နေရသည်။ မကြာမီ လရောင်များ ပြန်ပြီး တိုးထွက်လာပါပြီ။ စောစောက နှစ်ယောက်ကိုလည်း မတွေ့ရတော့ပေ။ မေမန်းလည်း စာချီဖြင့် မှတ်သားလိုက်ပါသည်။ ချောင်းတိမ် ခေါင်းနိမ်၊ ပိတ်လွှမ်း ကွယ်ပျောက်ဟူ၍ ဖြစ်ပါတော့သည်။ အိမ်သို့ လာလမ်းအတိုင်း ပြန်ခဲ့ပါသည်။

အိမ်ပြန်ရောက်၍ ထိုနေ့ညအဖို့ တစ်ရေးမှုပင် မနိုးတမ်း အိပ်ပျော်သွားခဲ့သည်။ မနက်လင်းအားကြီးမှ အိပ်မက်တစ်ခုကြောင့် လန့်နိုးလာပါသည်။ အိပ်မက်မှာ ညက တကယ်သွားခဲ့သော သစ်တံခါးမြင်ကွင်းထဲမှ မြင်ရပုံဖြစ်သည်။ ကလေးငယ်တစ်ယောက်မှာ သေနတ်ပစ်တမ်း ကစားရန် သူ့ရှေ့ရှိ သစ်ပင်နှစ်ပင်ပူးကြား သေနတ်ပြောင်းကို ထည့်လိုက်သည်။ ခိုင်းပွင့်သော သေနတ်သံကို ကြားလိုက်သောအခါ ထိုကလေးငယ်မှာ နောက်က ပစ်လိုက်သည်ထင်၍ ကိုယ်ခန္ဓာကို စောင်းလှဲလိုက်ရာ လက်တွင်းသေနတ်ဒင်ကို နိပ်မိလျက်သား ဖြစ်သွားသည်။ မေမန်း၏ ခြေထောက်များပါ ယောင်များလှုပ်ယမ်းမိရာ အိပ်ရာအခင်းနှင့် ဖျာတို့ပါ နေရာပျက်ကုန်သည်။ အိပ်ခန်းခြေရင်းဘက်မှ မလွယ်ပေါက်နေရာပင် ပေါ်သွားလေသည်။ မေမန်းမှာ စာချီ၍ မှတ်သားလိုက်ပြန်သည်။

မောင်းချိန် ပြောင်းလီန်၊ အိပ်ခန်း မလွယ်ပေါက် ဟူ၍ ဖြစ်ပါတော့သည်။

ထိုမနက်ခင်းတွင်ပင် အိမ်ရှေ့ညခန်းတွင် မလာစဖူး ရွာလယ်က ကိုဒေါင်းစိန်ရောက်နေသည်ကို မေမန်းတွေ့လေသည်။ ပြန်သွားပြီးမှ မေမန်းအမေကို



www.burmeseclassic.com

www.burmeseclassic.com

မေးကြည့်ရာ အောက်ကွင်းကျွဲအနာမြုံဆေး မေးချင်လို့ ကိုငထန်းရှိမရှိ လာမေးကြောင်း ပြောပြသည်။ ငမန်းမှာ ကိုဒေါင်းစိန်ကို လုံးဝမယုံပေ။ ထို့ကြောင့် သူ့အမေကိုပြောလိုက်သည်။

"ကျွဲ၊ နွား သတ်တဲ့စက် သားသတ်ရုံကို တစ်နယ်လုံးက အကောင်တွေ ရှာဖွေပို့နေတဲ့ စိတ်ကြမ်းသမားက ကျွဲဆေးကုဖို့ လာမေးတာ မဖြစ်နိုင်လိုက်တာဗျာ။ လိမ်တာပဲဖြစ်ရမယ်။ ဟုတ်ပြီ ဟုတ်ပြီ။ အရင်ရထားတဲ့ စာချိုးနဲ့ညီအောင် စီရင်ရမယ်။ အဲ ••ဒီလို ဒီလိုဖြစ်မယ်•••။

ဒေါင်းစိန် ပေါင်းလိမ်၊ စိတ်ကြမ်း အလည်ရောက်၊ ဟာ••ဟုတ်ပြီ ဒါဆို စာချိုးကိုက်သွားပြီ"

ငမန်းက သူ့အတွေးအကြံနှင့် စာချိုးလေးချိုးဖြစ်ပုံကို အကျဉ်းမျှ သူ့ဖခင်အား ပြောပြသည်။ စာချိုးသုံးခုကို ပြန်၍ ရေရွတ်ကြည့်သည်။ ချောင်းတိမ်-ခေါင်းနိမ့်-ဝိတ်လှမ်း-ကွယ်ပျောက်။ မောင်းချိန်-ပြောင်းလိမ်-အိပ်ခန်း-ဒလွယ်ပေါက်။ ဒေါင်းစိန်-ပေါင်းလိမ်-စိတ်ကြမ်း-အလည်ရောက်တို့ ဖြစ်ပါသည်။ သူ့ဖခင် ငထန်းမှာ အဓိပ္ပာယ်ပေါ်လွင်သော စာတန်းကြောင့် တွေတွေထူးထူး မမေးတော့ပေ။

ထိုနေ့ည အိပ်ရာဝင်ချိန်တွင် ရန်သူလာလျှင်နှိုးသည့် ခြင်္သေ့ဖြူဂါထာကိုရွတ်သည်။ ဆုံးမပါသော အရွက်တစ်ခုကို ချူး၍ ခုနစ်ခေါက်ရွတ်သည်။

"ဥ၊ ခြင်္သေ့ဖြူ ရန်သူလာ ငါ့ကိုနှိုး"ဟူ၍ သစ်ရွက်ကို ကိုင်ကာ ခုနစ်ခေါက်မန်းရသည်။ ပြီးနောက် ခေါင်းအုံးကို သုံးချက်မျှရိုက်လိုက်သည်။ ခေါင်းအုံးကို အထက်အောက်လှန်ပြီး အိပ်လိုက်ပါတော့သည်။ ညဥ့်နက်ပေပြီ။ တစ်အိမ်လုံး အိမ်သားများ အိပ်ပျော်နေသည်မှာ တုတ်တုတ်ပင်မလှုပ်ကြ။ ငမန်း အိပ်ရာထက်တွင်ပင် လန့်နိုးလာပါသည်။ နားစွင့်လိုက်ပြီး ငုတ်တုတ်ထထိုင်မိသည်။ ခပ်လှမ်းလှမ်းမှ ခြေသံပြင်းပြင်း လာနေကြောင်း သိလေသည်။ ငမန်းမှ ပြောလိုက်သည်။

"ဖေကြီးထထ လူဆိုးတွေလာနေပြီ"ဟု ဖြစ်၏။

ကျွဲငထန်းမှာ ပါးပါးလျားလျား လူးလဲထလာသည်။ အိပ်ခန်းအောက်ရှိ မလွယ်ပေါက်ကိုဖွင့်ကာ အိမ်အောက်သို့ ဆင်းသည်။ တစ်အောင့်ကြာသောအခါ ခြေသံများနီးသထက် နီးလာသည်။ အိမ်ရှေ့တံခါးမကြီးကို သေနတ်ဒင်ဖြင့် ထုနက်ပါတော့သည်။ ခေါင်းဆောင်ဟု ထင်ရသူက အသံပြုသည်။

"တံခါးဖွင့်စမ်းဟေ့•••ကိစ္စရှိလို့ မဖွင့်ချင်လည်းရအောင် ဖွင့်ရမှာပဲဟေ့"

ငမန်းတို့အမေမှာ ထဖွင့်ပေးလိုက်သောအခါ အိမ်တွင်းကို မွှေနှောက်ရှာဖွေကြသည်။ ရောက်လာသူမှာ သုံးဦးသော ဓားပြများဖြစ်ကြသည်။ ငါးမိနစ်ခန့်အကြာတွင် ခေါင်းဆောင်လုပ်သူမှ

"ဟေ့•••ငထန်း ဘယ်မှာလဲ။ အနေ့က အိမ်မှာရှိနေတယ်လို့ သတင်းရပြီးသားကွ။ ဘယ်မှာပုန်းနေသလဲ ရှာဦးကွာ"ဟု ပြောသည်။ အတန်ကြာ ရှာဖွေပြီးသည်အထိ မတွေ့၍ ပြန်ထွက်ရန်ပြင်ကြသည်။ ဓားပြနောက်လိုက်တစ်ယောက်မှ လာရင်းကိစ္စ မအောင်မြင်၍ စိတ်တိုကာ မှန်ဗီရိုကို ခြေဖြင့် ကန်လိုက်ရာ မှန်များကွဲသွားသည်။

မှန်ဗီရိုမှ မှန်ကွဲရှ၍ သွေးများထွက်လာသည်။ ဓားပြများသည် ဓားစာခံအဖြစ် မိခင်ဒေါ်စိမ်းခင်ကို ကွင်းပြင်သို့ ခွဲခေါ်သွားသည်။ ငမန်းကလည်း သူ့မိခင်၏ဘေးမှ ကပ်၍ လိုက်ပါသွားသည်။ ဓားပြများသည် "ချောင်းတိမ်"နေရာ အရောက်တွင် ငမန်းတို့သားအမိကို ထိုင်ခိုင်းလိုက်ပြီး ခေါင်းကို နှိမ်လိုက်ကာ ဒေါ်စိမ်းခင်အား ပုဆိုးပိုင်းဝိတ်စဖြင့် အပေါ်မှ လွှမ်းအုပ်လိုက်သည်။ ထို့နောက် လိုက်မကြည့်ရန် ကြိမ်းမောင်းပြီး ဓားပြသုံးယောက်မှာ ချောင်းတိမ်မှ ကွယ်ပျောက်သွားပါတော့သည်။

နောက်နေ့တွင် ကိစ္စများ ပြီးပြတ်သွား၍ အကြောင်းရင်းကို ငမန်းသိချင်၍ မေးဖြစ်သည်။ ကျွဲငထန်းမှာ လူဆိုးလူမိုက်တစ်ယောက် ရှိခဲ့ဖူးသည်။ ထိုတူဖြစ်သူ လူမိုက်မှာ မရှိတော့သော်လည်း ငထန်းအား သူ့တူ၏ ဆိုးမိုက်မှုများကို လက်စားလာချေခြင်းဖြစ်သည်။

ငမန်း စာချိုးချိုးဖြစ်ခဲ့ခြင်းကို စဉ်းစားနေသည်။ သစ်တံခါးမြင်ကွင်းမှ စာချိုး၊ အိပ်မက်က မြင်ကွင်းစာချိုးနှင့် ကိုဒေါင်းစိန်အိမ်ရောက်လာသော စာချိုးတွေကို ဘယ်လိုရလိုက်ပါလိမ့်ဟု တွေးနေမိသည်။ အကြားအမြင်ဗဟုသုတအရမှ သစ်တံခါးတွင် အစောင့်အရှောက်ကြီး၏ဟု သိရသည်။ သစ်တံခါးပေါ်ထွန်းချိန်မှစ၍ သာမန်သစ်ပင်စောင့်မှ သူ့ထက်မြင့်သော အစောင့်အရှောက်တစ်ဦး လဲလှယ်ရသည်ဟုပင် ကြားဖူးသည်။ ဤသည်တို့မှာ တကယ်များ ဟုတ်လေမလားဟု စဉ်းစားကြည့်သည်။ မည်သို့ပင်ဖြစ်စေ သစ်တံခါးဂမ္ဘီရမှာ လျှို့ဝှက်ဆန်းကြယ်စွာပင် ရှိနေလောက်သည်ဟုသာ တွေးမြင်မိပါတော့သည်။

ထင်ကျော်စွာ (ဂမ္ဘီရချာရ)



www.burmeseclassic.com

www.burmeseclassic.com

# သားယောကျ်ားလေး ရလိုသော်

ကြီးမနိုးတင်ဝင်း(ပေါင်းတည်)

ကျွန်ုပ်သည် လူပျိုကြီးဘဝဖြင့် မြန်မာပြည်အရပ်ရပ်တွင် ဝန်းထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်၏။ ၁၉၉၄-ခုနှစ်တွင် အလွန်သာယာ၍ နေချင်စဖွယ် ကောင်းလှသော မော်လမြိုင်မြို့မှနေ၍ မဟာရန်ကုန် ရွှေမြို့တော်ကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ကျလာသည်။

ရန်ကုန်သို့ ရောက်သောအခါ သက်ဆိုင်ရာ တိုင်းရုံးသို့ သတင်းပို့ရလေ၏။ သတင်းပို့ပြီးသောအခါ ကျွန်ုပ်အား ရန်ကုန်မြို့တော်ကြီး၏ မြို့လည်းမဟုတ်၊ မြို့အစွန်လည်းမဟုတ်သော လှိုင်မြို့နယ်တွင် တာဝန်ထမ်းဆောင်ရလေ၏။ လှိုင်မြို့နယ်တွင် တာဝန်ထမ်းဆောင်ရင်းမှ ထိုမြို့နယ်အတွင်းရှိ ပိတောက်ချောင်းဟူသော အရပ်တွင် တာဝန်ကျပြန်လေ၏။

ထိုပိတောက်ချောင်းနယ်မြေအတွင်း၌ အုတ်ကျင်းဟူသော ရပ်ကွက်တစ်ခုရှိလေ၏။ ထိုရပ်ကွက်အတွင်းတွင် သစ်ပင်များဖြင့် အုပ်ဆိုင်းသာယာလှပသော ရဲကင်းလေးတစ်ခုတွင် တာဝန်ထမ်းဆောင်ရင်း ယခု ကျွန်ုပ်၏ ချစ်ဇနီး 'မိုး' နှင့် တွေ့ကာ နဖူးစာ ရှာလည်း၍ အိမ်ထောင်ကျခဲ့လေတော့၏။

ကျွန်ုပ်သည် များစွာသော လူပျိုကြီးတို့၏ ထုံးစံအတိုင်း အကြောင်ကြောင်နိုင်လွန်းလှသည်ဖြစ်ရာ အိမ်ထောင်ကျခါစအချိန်၌ ကိစ္စများမြောင်လှတို့သော(အိမ်ထောင်သည်ဘဝ) နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရလေတော့သည်။

ဟိုအကြောင်းအရာလေးများပေါ်လာလျှင် ဟိုလူ့ကို မေးမြန်းလိုက်၊ ဒီအကြောင်းအရာလေးများပေါ်လာလျှင် သည်လူ့ကို မေးမြန်းလိုက်နှင့် အိမ်ထောင်သည်ဘဝတွင် လအတန်ကြာလာ၏။

ဤသို့ဖြင့် လအတန်ကြာသောအခါ တစ်ခုသောနေ့တစ်နေ့၌ ကျွန်ုပ်၏ဇနီး မိုးသည် နံနက်စာ မစားမီ တဝေါဝေါနှင့် အန်လို့သာ နေလေတော့၏။ ကျွန်ုပ်လည်း ထုံးစံအတိုင်း ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ အခြားသူများအား ဘာဖြစ်တာလဲ မသိဘူးဟု မေးမည်အကြံနှင့် အပြင်သို့ ထွက်မည်ပြုရာ မိုးက လက်ကာပြပြီး မျက်စောင်းထိုးကာ ကျွန်ုပ်အကြံကို သိနေပုံဖြင့် 'ဦးရေ..ဘယ်သွားဦးမလို့လဲ' ဟု မေးလိုက်၏။ ကျွန်ုပ်နှင့် မိုးမှာ အသက်ကွာလွန်းလှသည်ဟု မပြောလိုသော်လည်း မိုးက ကျွန်ုပ်အား မရခင်ကတည်းက 'ဦး' ဟု ခေါ်သည်မှာ နှုတ်ကျိုးနေလေ၏။

(ကျွန်ုပ်အိမ်ထောင်ကျစဉ်ကာလက အသက်မှာ များစွာ မကြီးလှသေး။ ၃၅ နှစ် ကျော်ရုံသာ ရှိသေး၏)

ထို့နောက် မိုးသည် ကျွန်ုပ်အား 'ဦးကလည်း မသိဘူးလား၊ ဟိုဟာလေ ဟိုဟာ' ဟု ပြောရာ ကျွန်ုပ်မှာ မျက်လုံးအဝိုင်းသားနှင့် 'ဘာလဲ မိုးရဲ့၊ ရှင်းရှင်းပြောစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောရ၏။ ထိုအခါ မိုးက သူ့လက်နှစ်ဖက်ကို ရှေ့တွင် ဝိုင်းပြလိုက်ရာ ကျွန်ုပ်မှာ သဘောပေါက်သွားပြီး သဘော အကျကြီးလည်း ကျသွားလေတော့သည်။

ထိုသူ့သဘောအကျကြီး ကျနေမှု၏ နောက်ဝယ် စိုးရိမ်ပူပန်မှုတစ်ခုလည်း ကပ်၍ပါလာ၏။ ထိုစိုးရိမ်ပူပန်မှုမှာ ကျွန်ုပ်၏ မျိုးဆက်ရင်သွေးငယ်အကြောင်းပင် ဖြစ်၏။ ကျွန်ုပ်သည် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများအပြင် ကာတွန်းများလည်း ရေးသူဖြစ်၏။ ဘာပဲပြောပြော ကျွန်ုပ်မွေးသော ကလေးကို ယောကျ်ားလေး ဖြစ်စေချင်၏။ မိုး၏ သဘောထားမှာလည်း သားဦးမွေးသော ကလေးမှာ ယောကျ်ားလေးသာ ဖြစ်စေချင်ပြန်သည်။

ဤသို့ဖြင့် မမွေးရသေးသော ကလေးအား ယောကျ်ားလေး ဖြစ်စေချင်သောဆန္ဒသည် ကျွန်ုပ်တို့နှစ်ဦးစလုံးတွင် တစ်စ တစ်စ ကြီးထွားလာလေတော့၏။ မိုးမှာလည်း မစားနိုင်မသောက်နိုင်နှင့် အိပ်ရာထဲတွင် ခွေနေလေ၏။

သူနေမကောင်း၍ အိမ်နီးနားချင်းနှင့် ခင်မင်ရင်းနှီးသူများက လာရောက်မေးမြန်းကြ၏။ ကျွန်ုပ်တို့ ဇနီးမောင်နှံလည်း ထိုဧည့်သည်များကို ဧည့်ခံစကားပြောရင်း ယောကျ်ားလေး ရလိုကြောင်း ထုတ်ဖော်ပြောကြားမိ၏။

လာသော ဧည့်သည်အချို့မှာ 'ရွှေတိဂုံဘုရား သွားပြီး ဆုတောင်းပါလား' ဟု ပြော၏။ ကျွန်ုပ်တို့လည်း

"ဟင်…ဟုတ်လား၊ ဘယ်လို ဆုတောင်းရမှာလဲ"

ဟု မေးရာ မည်သူမျှ ရေရေရာရာ မပြောနိုင်အောင် ဖြစ်နေပြန်၏။

တစ်နေ့…

ကျွန်ုပ်တို့ အိမ်ရှေ့အိမ်မှ ကိုဝင်းနိုင်၏မိန်းမ မပြုံး တစ်ယောက် သူ၏သားလေး 'ထွဋ်ကိုကိုနိုင်' ကို ချီကာ ကျွန်ုပ်တို့အိမ်သို့ အလည်ရောက်လာ၏။ ထုံးစံအတိုင်း သားယောကျ်ားလေး ရလိုကြောင်း အကြောင်းအရာသို့ စကားစပ်မိပြန်၏။

မပြုံးက သားယောကျ်ားလေး ရလိုလျှင် ရွှေတိဂုံဘုရားသို့ ဘယ်နေ့နံ၊ ဘယ်ထောင့်မှာ ဘယ်လို ဆုတောင်းရမည်ဆိုသည်များကို အားတက်သရော ပြောလေတော့၏။

"ကျွန်မရဲ့ ဒီသားလေး ကိုယ်ဝန်ရခါစက ကျွန်မတို့ ဒီလိုပဲ ဆုတောင်းဖို့ ပြောကြလို့ ကျွန်မ သွားပြီးဆုတောင်းရတယ်"

"ကျေးဇူးပဲ မပြုံး"

ဤသို့ဖြင့် ကျွန်ုပ်တို့ ဇနီးမောင်နှံလည်း အလုပ်ပိတ်ရက် တနင်္ဂနွေနေ့တွင် ရွှေတိဂုံဘုရားသို့ ရောက်ခဲ့လေတော့၏။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသည် ရွှေရောင် တဝင်းဝင်းဖြင့် အုံ့ချီး၍ မကုန်နိုင်လောက်အောင် သပ္ပာယ်နေလေတော့၏။ စေတီတော် ရင်ပြင်ပေါ်တွင် ဘုရားဖူးလာသူများမှာလည်း အလွန်စည်ကားလျက် ရှိသည်ကို တွေ့ရ၏။ မြောက်ဘက်စောင်းတန်းမှ တဖြည်းဖြည်းတက်လာပြီး လက်ယာရစ်အတိုင်း လျှောက်လာကြရင်း သန့်ရှင်းရေး အမျိုးသမီးငယ်လေးတစ်ဦးအား…

"သမီးရေ…ကလေးဆုတောင်းတဲ့နေရာ ဘယ်နေရာလဲကွ"

ဟု မေးလိုက်၏။ အမျိုးသမီးငယ်လေးက သွက်လက်စွာပင် –

"ဟိုအင်္ဂါထောင့်မှာ ဦးရဲ့၊ လာ…လာ သမီးလိုက်ပို့ပေးမယ်၊ အဲဒီမှာ ဒီလိုပဲ ဆုလာတောင်းတဲ့သူတွေ အမြဲတမ်းရှိတယ်"

"ဟေ…ဟုတ်လားကွ၊ ကဲ…ဒါဆို ပို့ပေးပါဦးကွာ"

မကြာမီ ရွှေတိဂုံစေတီတော်၏ အင်္ဂါထောင့်သို့ ရောက်လာလေ၏။ ထိုအင်္ဂါထောင့်တွင် ပုံ၌မြင်ရသည့်အတိုင်း နတ်ရုပ်တစ်ရုပ်က ကလေးငယ်တစ်ဦး(ယောကျ်ားလေး)ကို ချီထားသော ရုပ်တုကို တွေ့လိုက်ရ၏။ ထိုရုပ်တုတွင် ပန်းများ၊ အမွှေးတိုင်များ၊ ဖယောင်းတိုင်များ ဆက်ကပ်ပူဇော်ထားသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ အကြိမ်ပေါင်းများစွာ ရောက်ဖူးသော်လည်း ထိုနေရာကို အရှတ်တမဲ့ပင် ဖြတ်ကျော်ကာ သွားခဲ့၏။ သတိမထားမိ။ ထခုလို စေ့စေ့စပ်စပ်သေချာစွာ မတွေ့ဘူးခဲ့။ သေချာကြည့်လျှင် ထိုကလေးငယ် ရုပ်တုလေးအား ရွှေချထားသည်ကို ထင်ရှားစွာ တွေ့ရ၏။

ထိုရုပ်တု သမိုင်းကြောင်းသည် မည်သို့ရှိမှန်း သိသော်လည်း ကျွန်ုပ်တို့ရှေ့မှာပင် သားဆုလာပန်သော ဇနီးမောင်နှံ စုံတွဲအား တွေ့ရ၏။ သူတို့လည်း တခြားသူများက မှန်တယ်ဟု ပြောကြ၍ လာရောက်ခဲ့ကြောင်း ကေားစပ်မိရင်း ပြောဖြစ်ကြ၏။ ကျွန်ုပ်တို့သည် ထိုရုပ်တု ရှေ့တွင် လက်အုပ်ချီ၍ သားဆုပန်ခဲ့ကြလေ၏။ ဆုပန်ပြီးသောအခါ စေတီတော်ကြီးကို တစ်ပတ် ဖူးမြော်၍ အိမ်သို့ ပြန်ခဲ့ကြ၏။

ထူးခြားသည်ဟု ဆိုရမည်လား၊ တိုက်ဆိုင်သည်ဟု ပြောရမည်လား၊ စိတ်စွဲလမ်း၍လား မသိ။ မကြာမီ ကျွန်ုပ် အိပ်မက် မက်လေ၏။ ထိုအိပ်မက်ထဲတွင် ကျွန်ုပ်တို့ မွေးသောကလေးသည် ယောကျ်ားလေးဖြစ်ကြောင်း ထိုကလေး စနေနေ့ ၁၂ နာရီကျော် တနင်္ဂနွေနေ့ အရုဏ်ဦးပိုင်းတွင် မွေးမည်ဟု အိပ်မက်မြင်မက်လေ၏။

နံနက်လင်းသော် မိုးအား အိပ်မက်အကြောင်း ပြောပြရာ 'ဦးက စိတ်စွဲနေလို့လည်း ဖြစ်ချင်ဖြစ်မှာပါ၊ ဒါမှမဟုတ် တကယ်မွေးမှာမို့လို့လည်း အိပ်မက်ပေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့'ဟု ပြော၏။ ထိုသို့ အိပ်မက်မက်သည့်အကြောင်း ရင်းနှီးသူများအား ကြိုတင်ပြောထားလိုက်သည်။

ဤသို့ဖြင့် တစ်နေ့၊ တစ်ရက်၊ တစ်လ၊ နှစ်လနှင့် ကိုယ်ဝန်အရင့်အမာ ဖြစ်လာသောအခါ အထူးကုများနှင့် ပြသခြင်း၊ အားဆေးများသောက်ခြင်း စသည်များကို ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်လည်း အလုပ်အများကြီး များလျက်ရှိနေတော့၏။

တစ်ညသည်...

'ဦးရေ ဗိုက်နာလာပြီ' ဟု ပြော၍ ကျွန်ုပ်လည်း စိုးရိမ်ကာ အိမ်နီးချင်းများအား မေးရာ ဒေါ်စိန်၊ မညို၊ မမော်၊ မသင်းနှင့် မခင်လေးတို့ ရောက်လာကြပြီး ဆေးရုံသို့သွားရန်ပြော၏။

မကြာမီ ဗဟိုအမျိုးသမီး ဆေးရုံကြီးသို့ ရောက်ရှိလာ၏။ အရေးပေါ်ဌာနတွင် ဆရာမများနှင့် စမ်းသပ်ခြင်း၊ လိုအပ်သော ဆေးဝါးများ ဝယ်ယူခြင်း စသည့် လိုအပ်သည်များ ပြုလုပ်ပြီး မွေးဖွားဆောင်သို့ ရောက်ခဲ့တော့၏။ ကျွန်ုပ်လည်း လိုအပ်သည့် အနီးပိတ်၊ ခြင်ထောင်၊ ဓာတ်ဘူး စသည့် ဝေယျာဝစ္စများ ထည့်ထားသော ဆွဲခြင်းကြီးနှစ်လုံး ကိုဆွဲကာ ပုဆိုးတိုတိုဝတ်ပြီး ချွေးများပင် ပြန်နေလေ၏။

ဆေးရုံတွင် ကျွန်ုပ်ကဲ့သို့သော မွေးလူနာများစွာကို တွေ့ရ၏။ မွေးခန်းထဲမှ ငယ်သံပါအောင် ဟစ်လိုက်သော အသံများကလည်း မကြားချင်မှအဆုံး ဖြစ်နေ၏။ ကျွန်ုပ်ဇနီးလည်း မွေးခန်းထဲသို့ ဝင်သွားချိန်၌ ကျွန်ုပ်မှာ အပြင်က စိတ်စောစွာ(ရင်တမမ)ဖြင့် စောင့်၍ကျန်ခဲ့၏။

သိပ်မကြာလိုက်။

ကျွန်ုပ်နှင့်အတူ လိုက်ပါစောင့်ရှောက်သော မခင်လေးမှ ကျွန်ုပ်၏ဇနီး ကောင်းမွန်အောင်မြင်ချောမောစွာ မွေးပြီဖြစ်ကြောင်း လာရောက်၍ပြော၏။ မွေးသည့်ရက်ကို တွက်ကြည့်လိုက်တော့ ၁၃၆၁-ခုနှစ်၊ တပေါင်းလပြည့်နေ့ တနင်္ဂနွေနေ့ဖွား သားယောကျ်ားလေး ဖြစ်နေကြောင်း အံ့သြစွာ သိရလေ၏။

ကျွန်ုပ်၏သား မမွေးခင်က 'တနင်္ဂနွေနေ့မှာ သားယောကျ်ားလေး မွေးမယ်'ဟူသော အိပ်မက်သည် ဒက်ထိကွက်တိ မှန်နေလေတော့သတည်း။

---

**ကျီးမနီးတင်ဝင်း(ပေါင်းတည်)**



www.burmeseclassic.com

www.burmeseclassic.com

# ခမည်းပေးခြင်း နှင့် တွက်နည်း




လှမိုးနိုင်

"ဒီ အပိုကြီးတစ်ယောက် ခဏခဏဖျားနေတာလာ ကျေ တစ်ခုခု ခမည်းလိုပြီထင်တယ်"

ယင်းသို့ ရှေးလူကြီးသူမများ ပြောကြသံကို ကြားဖူးကြပါလိမ့်မည်။

"ဒီအပိုကြီးဟာ ခြေနှစ်ချောင်း ခမည်းလိုနေပြီ၊ ချစ်သူယောက်ျားမရှိလို့ နေထိုင်မကောင်း ဖြစ်တာနဲ့ တူတယ်၊ ခြေနှစ်ချောင်းမဝင်စေချင်ရင် ကြက်ဖလေးတစ်ကောင် ခမည်းပေးမှဖြစ်မယ်"

ဟု ဆိုလိုပါသည်။ ခြေနှစ်ချောင်းနှင့် ကြက်ဖလေးဝင်လာရင် ခြေနှစ်ချောင်းနှင့်ချစ်သူ(သို့မဟုတ်) ယောက်ျား မဝင်တော့ဘူး၊ ကျိန်းကျေသွားပြီဟု ဆိုချင်သည်။ ခမည်းလိုတယ်ဆိုသော အဓိပ္ပါယ်သည် ကျိန်းကျေအောင် ယတြာချေခြင်းသဘော ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာအဘိဓာန် စာမျက်နှာ(၄၅)တွင် "မကျန်းမာသော အသေး ကျန်းမာလာအောင် ရည်ရွယ်၍ လူကြီးမိဘက ပေးသော ဆက်ဆောင်ပစ္စည်း" ကို ခမည်း(ခမဲ) ဟု ခေါ်သည်ဟု ဖွင့်ဆိုထားပါသည်။

ခမည်း(ခမဲ)ဆိုသော ဝေါဟာရ၏ မူလ အဓိပ္ပါယ်မှာ ချစ်ခင်မြတ်နိုးအပ်သူ ဖြစ်သည်။ ပုဂံ ကျောက်စာများနှင့် အင်းဝခေတ်မှစ၍ ပျို့ကဗျာ လင်္ကာများတွင် ဖခင်ကို ဖြစ်စေ၊ သားကိုဖြစ်စေ၊ သားချင်းများကိုဖြစ်စေ၊ ခမည်း ဟူသော ဝေါဟာရဖြင့် သုံးစွဲခဲ့ကြကြောင်း တွေ့ရသည်။ ယခုထက်တိုင် မင်းမျိုးမင်းနွယ်များနှင့် ရဟန်းသံဃာများ၏ ဖခင် ကို "ခမည်းတော်"ဟု ခေါ်ဝေါ်သုံးစွဲလျက် ရှိနေသေးသည်။

အမွေမှုမွှေသတ်ကျမ်းတွင်

"မုဏ္ဍာန်-သားသမီးတို့ အား။ ပရိယာ ဖေနဒေတိ-ပရိယာယ် ခမည်းပေး၏"

ဟု ရေးသားကြသည်။

ကဗျာ ဗန္ဓသာရကျမ်း၏ ရေးရတုများတွင် "ရွှေတောင်ခမည်း" ဟု တွေ့ရှိရသည်။ စိန္တကျော်သူ ဦးဩ၏ ကာဝိလက္ခဏာ သတ်ပုံသံပေါက်ကျမ်းတွင် "တစ်သမတ် ရည်။ ချစ်အားသည်။ ခမည်းဖခင်ဆို"ဟု ပါရှိ ပါသည်။

နှစ်ပရိစ္ဆေဒ ကြာရှည်စွာ လက်ခံလိုက်နာ ကျင့်သုံးလာခဲ့သော မြန်မာ့ဓလေ့ထုံးစံဖြစ်သည့် မိဘတို့သည် သားသမီးတို့ကို ပုခက်တင်သောအခါ၌ လည်းကောင်း။ ခေါင်းဆေးမင်္ဂလာပြုသောအခါ၌ လည်းကောင်း။ နားထွင်းသောအခါ၌လည်းကောင်း ချစ်မြတ်နိုး၍ မေတ္တာ ဆက်ဆောင်ပေးသည်ကို "ခမည်းပေးသည်"၊ "ခမည်းဖွဲ့သည်" ဟု ပြောဆိုသုံးနှုန်း တတ်ကြသည်။

ရှေးအခါက ခမည်းပေးခြင်းအမှုကို မင်္ဂလာအခါ ထိစ္စများနှင့် နာဖျားမကျန်းမာသည့်အခါ ယတြာ၊ ပရိယာယ်အဖြစ် ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ယခု ခေတ်၌မူ ခမည်းပေးသည်ဟုဆိုလျှင် မမာမကျန်းသဖြင့် ခမည်းလို၍ ခမည်းပေးသည်ဟု နားလည်ကြသည်။

ဗေဒင်ယတြာများကို ယုံကြည်သူတို့သည် မိမိတို့ သားမြေးများ မမာမကျန်းဖြစ်လျှင် ဗေဒင်မေးမြန်းလေ့ ရှိသည်။ အချို့ပုဂ္ဂိုလ်များသည် စုတ်လာဘ် ကြီးမားလှသဖြင့် ဝင်ကိန်းရှိသော စုတ်လာဘ်များ မဝင်သောကြောင့် မကျန်းမမာ ဖြစ်နေသည်ဟု ဗေဒင်ကိန်းခန်းအရ ဗေဒင်ဆရာတို့က အဟောထုတ်လေသည်။

ထိုအခါမျိုးတွင် ဗေဒင်ဟောကိန်း အညွှန်းအတိုင်း မမာ မကျန်းသူအား လူကြီးမိဘများကဝင်မည့် စုတ်လာဘ်များကို ရည်စူး၍ ခမည်းပေးရလေသည်။

ဥပမာ-ဤသူငယ်ကား မြေကို ခမည်းလိုသည်၊ ဤသူငယ်ကား နီသောကျောက်မျက်ရတနာကို ခမည်း လိုသည်···စသည်ဖြင့် ဟောပါက ထိုဟောချက်အတိုင်း ခမည်းပေးလေ့ ရှိကြသည်။

ဆင်ကို ခမည်းလိုသည်ဟု ဟောကိန်းရှိပါမူ ဆင်ကို ဝယ်မပေးနိုင်သော မိဘတိုဘွားများအဖို့များစွာ အခက်ကြုံ ရပေမည်။ သို့ရာတွင် ဤနေရာမျိုး၌ ပရိယာယ်အားဖြင့် ခမည်းပေးနိုင်လေသည်။ သက်ရှိဆင် ခမည်းအဖြစ် မပေး နိုင်သော် ရွှေ ငွေ၊ သစ်သား စသော ပစ္စည်းမျိုးစုံတို့ဖြင့် ပြုလုပ် ထားသော ဆင်ရုပ်ကို ပေးနိုင်သည်။

"ခြေနှစ်ချောင်း စုတ်ဝင်ရန်ရှိသည်" ဟူသော ဗေဒင် စကားမှာ လက်ထပ်ထိမ်းမြားရန်လိုသည်ဟု ဆိုပေသည်။ အခြေအနေအရ မမာမကျန်းသူသည် လက်မထပ် နိုင်သေးလျှင် ကြက်ဖကိုဖြစ်စေ၊ ကြက်မကိုဖြစ်စေ ပုဂ္ဂိုလ်နှင့် လိုက်လျောညီစွာ ပရိယာယ် ခမည်းပေး ခြင်းဖြင့် ဗေဒင်အလိုအတိုင်း ပြီးမြောက်စေနိုင်သည်။

ထို့ပြင် ကလေးသူငယ်များတွင် စွဲကပ်တတ် သော နားပြည်ယိုခြင်း၊ နားလေးခြင်း စသောအခါ မျိုးများ တွင်လည်း လူကြီးမိဘများက ခမည်းပေး လေ့ရှိကြသည်။ ဤသို့ ခမည်းပေးသည် အကြောင်းမျိုးကို ရည်ရွယ်၍ အဇ္ဇာရာသီမွှေသတ်လင်္ကာတွင် "လူတုံတွာလျှင်၊ ဖျားနာရှိသော။ ခမဲပေးနှင့်..."စသည်ဖြင့် စပ်ဆိုထားလေသည်။ "ပေးကားပေး၏ မရ" ဟူသော သဘောမျိုးကို ပြောဆိုလိုသည့် အခါမျိုးတွင်

www.burmeseclassic.com

"မောဆောင်အစေး ခမည်းပေးသို့" ဟု ဥပမာ နိုင်းနိုင်း တင်စားပြောဆိုလေ့ရှိကြသည်။

ခမည်းပေးခြင်းကို သိသော်လည်း ခမည်းကို မည်သို့ မည်ပုံ ပေးရမည်ကို သိရှိသူ အလွန်နည်းပေသည်။ ရှေးလူကြီးသူမများက ဆရာစားချန်ခဲ့သောကြောင့် ဖြစ်သည်။ တွက်ချက်ရာတွင် အလွန်လွယ်ကူပြီး ခမည်းပေးရာတွင်လည်း အဆင်ပြေသော နည်း(ပုံသေနည်း) ရှိပါသည်။

ထို့ကြောင့် မြန်မာ့ဓလေ့ထုံးစံ ခမည်းပေးခြင်းကို ယုံကြည်လိုက်စား သူများအတွက် ခမည်းပေးရာတွင် စနစ်တကျပေးနိုင်ရန် "ခမည်းတွက်နည်း"ကို နည်းစနစ်မှန်ကန်စွာ ပေးနိုင်ကြစေရန် ရည်ရွယ်၍ စေတနာဖြင့် ရေးသား တင်ပြလိုက်ပါသည်။

**ခမည်းတွက်နည်း**

မွေးလာသူ၏ အသက်ကိုတည်・・・・

မွေးနံရော・・・

(၇) ခုနစ်နှင့်စား・・・အကြွင်းကိုကြည့်၍

(၁) ခုကြွင်း・・・ဖခင်

(၂) ခုကြွင်း・・・မိခင်

(၃) ခုကြွင်း・・・အစ်မ

(၄) ခုကြွင်း・・・ရဟန်း

(၅) ခုကြွင်း・・・ညီမ

(၆) ခုကြွင်း・・・အဒေါ်

(၀) ကြွင်းလျှင်・・・ကြီးကြီးတို့မှ ပေးရမှာ ဖြစ်ပြီး ပေးရမည့် ပစ္စည်းလက်ဆောင်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

(၁) ခုကြွင်း・・・အနီရောင်ပစ္စည်း

(၂) ခုကြွင်း・・ အဖြူရောင်ပစ္စည်း

(၃) ခုကြွင်း・・・အညိုရောင်ပစ္စည်း

(၄) ခုကြွင်း・・ အဝါရောင်ပစ္စည်း

(၅) ခုကြွင်း・・・အမည်းရောင်ပစ္စည်း

(၆) ခုကြွင်း・・・အဖြူရောင်ပစ္စည်း

(၀) ကြွင်းလျှင်・・・အနီရောင်ပစ္စည်း

ဥပမာ(၁)

အသက်(၁၂)နှစ် ဗုဒ္ဓဟူးသားကို ခမည်းပေးမည်ဆိုပါစို့။

မွေးလာသူ၏အသက်ကိုတည်။ ၁၂ နှစ်

```
မွေးနံရော         =  ၄(ဗုဒ္ဓဟူးသား)
     (၇)ခုနှင့်စား     ၇ | ၁၆
                          ၁၄
                         ----
                           ၂ (အကြွင်း)
```

အကြွင်း(၂)ဖြစ်သောကြောင့် ကလေး၏မိခင် ဖြစ်သူမှ ခမည်းပေးရမှာဖြစ်ပြီး ပေးရမည့်ပစ္စည်းမှာ အဖြူရောင် ပစ္စည်းတစ်ခုဖြစ်သည်။

ဥပမာ(၂)

အသက်(၁၆)နှစ် သောကြာသမီးကို ခမည်းပေးမည် ဆိုပါစို့။

မွေးလာသူ၏အသက်ကိုတည်။ ၁၆ နှစ်

```
မွေးနံရော         =  ၆(သောကြာသမီး)
     (၇)ခုနှင့်စား     ၇ | ၂၂
                          ၂၁
                         ----
                           ၁ (အကြွင်း)
```

အကြွင်း(၁)ဖြစ်သောကြောင့် ကလေး၏ဖခင် ဖြစ်သူမှ ခမည်းပေးရမှာဖြစ်ပြီး ပေးရမည့်ပစ္စည်းမှာ အနီရောင် ပစ္စည်းတစ်ခုဖြစ်သည်။

ထို့ကြောင့် စာဖတ်သူ မိတ်ဆွေများ ဘေးဘယာ ဝေးကွာ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်・・・

**လှမိုးနိုင်**



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသူငယ်များ မာတြာနတ်ဖမ်းခြင်းမှ ကင်းဝေးလိုလျှင်

## တင့်ထူး(ဇေယျဝတီ)

မြန်မာလူမျိုးတို့သည် မိရိုးဖလာ ထုံးတမ်းစဉ်လာအရ ကလေးသူငယ်များကို မာတြာနတ်က စောင့်ရှောက်သည်ဟု ယုံကြည်ထားကြသည်။ ကလေးသူငယ် တစ်စုံတစ်ခုဖြစ်၍ ဆရာဖြင့်ခေါ်ပြီး ဆေးကုသရာတွင် ဝမ်းချုပ်၊ လေချုပ်၍ ဗိုက်အောင့်ပြီး ငိုယိုနေလျှင် ဆရာက ကလေး၏ စအိုဝထဲသို့ ကွမ်းရိုး၏ထိပ်ကို ကိုက်မွှာ၍ထည့်ကာ ဝမ်းချူပေးလိုက်ခြင်းဖြင့် ဝမ်းလေတို့သွားခြင်းဖြင့် ဝမ်းချုပ်လေချုပ် သက်သာပျောက်ကင်းသွားလေသည်။ သို့သော် ဆေးဆရာဖြင့် ခေါ်ပြီး ဆေးကုသပေးသည့်တိုင်အောင် ရောဂါပျောက်သင့်ပါလျက် မပျောက်ဘဲ ဖြစ်နေပါလျှင် မာတြာနတ်ဖမ်းစားသည်ဟု စွဲလမ်းယုံကြည်ကြလေသည်။

မာတြာစွဲသူငယ်နာမျိုး သုံးပါးရှိ၏။ သုံးပါးသော မာတြာစွဲသူငယ်နာလက္ခဏာများမှာ

(၁) တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် လန့်၍ ငိုနေလျှင် ဒေဝမာတြာနတ်စွဲသောရောဂါဖြစ်၏။

(၂) မျက်စိစိုက်လျက်ကြည့်၍ ပြင်းပြစွာ လူးလဲ၍ ငိုလျှင် ယက္ခမာတြာနတ်စွဲသော ရောဂါဖြစ်၏။

(၃) အမြှုပ်တစီစီနှင့် ပူလိုက်ချမ်းလိုက်ဖြစ်ကာ သွားတကြိတ်ကြိတ်ပြုလျက် ဟိန်းဟဲညည်းညူနေပါက မုဏ္ဍမာတြာနတ်စွဲကပ်နေသော ရောဂါဖြစ်သည်။

ထို့အပြင် ကလေးသူငယ်သည် ချည့်နဲ့ခြင်း၊ ခြေလက်သေးခြင်း၊ ကြုံလှီခြင်းဖြစ်နေလျှင် မြေစွဲသူငယ်နာစွဲကပ်နေသူဖြစ်၏။ ထို့အပြင် ချွေးများထွက်၍ ဆေးပေးသော် သက်သာသလိုဖြစ်ပြီး တစ်ဖန် မချမ်းမသာ အဖန်တလဲလဲနာသော သူငယ်နာကို စုန်း၊ နတ်တို့ ဖမ်းစားသည့် သူငယ်နာပင်ဖြစ်သည်။

ထိုလက္ခဏာများဖြစ်၍ မာတြာနတ်ဖမ်းစားခဲ့သော် နှစ်အပိုင်းအခြားအလိုက် ဆေးကုသပေးနိုင်လေသည်။

သူငယ်မွေးဖွား၍ ၁ ရက်၊ ၁ လ၊ ၁ နှစ်အတွင်း နာလျှင် ပဋိသန္ဓေကိုစောင့်သော ဒေဝမည်သည့် မာတြာနတ်ဖမ်းစားခံရခြင်းဖြစ်ကာ ဝမ်းရောင်၏။ ချမ်းအေး၏။ အငိုများ၏။ ထိုသို့ဖြစ်လျှင် ခေါ်ပတောင်းတွင် ထမင်းငါးဆုပ်၊ တံခွန်လေးတိုင်၊ ပန်းလေးပွင့်ထည့်၍ အရှေ့မြောက်ထောင့်အရပ်သို့ မွေးဖွားသည့်အချိန်တွင် သွားရောက်စွန့်ပစ် ပို့ပေးရသည်။

၂ ရက်၊ ၂ လ၊ ၂ နှစ်အရွယ်တွင် နာလျှင် ပဋိသန္ဓေစောင့်နတ် မာတြာဖမ်းစားခြင်းဖြစ်၍ ဝမ်းသွားခြင်း၊ အထက်တွင် အော့အန်ခြင်းဖြစ်၍ ခေါ်ပတောင်းတွင် ဂျုံဖြင့် ဘီလူးရုပ်လုပ်၍ ထမင်းငါးဆုပ်၊ မုန့်ခုနစ်ချပ်၊ လက်ဖက်တစ်ထုပ်ထည့်၍ အနောက်မြောက်ထောင့်အရပ်သို့ မွေးဖွားသည့်အချိန်တွင် စွန့်ပို့ပေးရသည်။

၃ ရက်၊ ၃ လ၊ ၃ နှစ်အရွယ်တွင်နာလျှင် ပဋိသန္ဓေကိုစောင့်သော ဘီလူးဒေဝနတ်မင်း ဖမ်းစားခံရခြင်း ဖြစ်၏။ ခေါင်းလေး၏။ ရင်ပြည့်၏။ ပျို့လည်းပျို့၏။ လက်တတုန်တုန်ရှိလေသည်။

ခေါ်ပတောင်းတွင် ပန်းသုံးပွင့်၊ ထမင်းသုံးဆုပ်၊ မုန့်ညက်ကို လူရုပ်၊ တံခွန်သုံးတိုင်ထည့်၍ မွေးသည့်အချိန် အရှေ့အရပ်သို့ ပို့စွန့်ပေးရသည်။

၄ ရက်၊ ၄ လ၊ ၄ နှစ် အရွယ်တွင် နာလျှင် ပဋိသန္ဓေကိုစောင့်သော ဒေဝနာဂနတ် ဖမ်းစားခံရခြင်းဖြစ်ကာ ကျောပူ၏။ အော့အန်၏။ ခြေအေး၏။

ခေါ်ပတောင်းတွင် ဂျုံဖြင့် ဘီလူးရုပ်လုပ်၍ထည့်၍



www.burmeseclassic.com

www.burmeseclassic.com

မုန့်လေးချပ်၊ ငါးလေးကောင်၊ ပန်းလေးပွင့်၊ ထမင်းလေးဆုပ် ထည့်၍ မွေးဖွားချိန်တွင် အရှေ့တောင်ထောင့်အရပ်သို့ ပို့စွန့်ပေးရသည်။

၅ ရက်၊ ၅ လ၊ ၅ နှစ် အရွယ်တွင်နာလျှင် ပဋိသန္ဓေကိုစောင့်သောနတ်က ဖမ်းစားခြင်းဖြစ်၍ ပူတုံချမ်းတုံရှိ၏။ မနေသာ မထိုင်သာရှိ၏။ ခါးလည်းညောင်း၏။ ခြေလက်လေး၏။

ထမင်းငါးဆုပ်၊ မုန့်ငါးချပ်၊ ငါးပြေမငါးကောင် တံစို့ထိုးကင်၊ ပန်းငါးပွင့်၊ ဆီမီးငါးတိုင်၊ တံခွန်ငါးတိုင်ကို ခေါ်ပတောင်းတွင်ထည့်၍ တောင်စူးစူးအရပ်သို့ ဖွားသည့်အချိန်တွင် စွန့်ပို့ပေးရသည်။

၆ ရက်၊ ၆ လ၊ ၆ နှစ်အရွယ်အတွင်းနာလျှင် ပဋိသန္ဓေကိုစောင့်သော ကာလဒေဝနတ် ဖမ်းစားခြင်းဖြစ်၍ ကိုယ်ပူ၏။ တသိမ်းသိမ်းတဝေဝေရှိ၏။ ငိုတုံရယ်တုံဖြစ်၍ ပျို့အန်ခြင်းဖြစ်၏။

ခေါ်ပတောင်း၌ ထမင်းခြောက်ဆုပ်၊ မုန့်ခြောက်ချပ်၊ သစ်သီးခြောက်မျိုး ကိုယ်နှင့်တိုင်းပြီး ပန်းကုံးထည့်၊ ပေါက်ပေါက်၊ ပန်း၊ နံ့သာရေဖျန်း၍ မွေးဖွားချိန်၌ အနောက်မြောက်အရပ်သို့ ပို့စွန့်ပေးရ၏။

၇ ရက်၊ ၇ လ၊ ၇ နှစ်အရွယ်အတွင်း နာလျှင် ပဋိသန္ဓေကိုစောင့်သော သူရက်ကန္တမည်သော နတ်ဖမ်းစားခံရ၍ အော့အန်၏။ ပူတုံချမ်းတုံရှိ၏။ ခြေလေး၏။ ခေါ်ပတောင်းတွင် မုန့်ညက်ကို လူရုပ်လုပ်၍ ဘုမ္မိအရပ်ကို ပို့စွန့်ပေးရသည်။

၈ ရက်၊ ၈ လ၊ ၈ နှစ်အရွယ်အတွင်း နာလျှင် ခေမာဂီနတ်က ဖမ်းစားခံရခြင်းဖြစ်ကာ နေ့မသိ ညမသိ ပူ၏။ ငိုဖန်များ၏။ စိတ်ကြမ်းတမ်း၏။ နှုတ်လျှာလေး၏။ တမှိန်းမှိန်းနေတတ်၏။

ခေါ်ပတောင်းတွင် ထမင်းတစ်စလောင်းထည့်၊ ပန်း၊ ပေါက်ပေါက်ထည့်၊ ဆီမီးနှစ်တိုင်၊ တံခွန်နှစ်တိုင်၊ ပန်းနံ့သာရေဖျန်း၍ အနောက်မြောက်ထောင့်အရပ်သို့ မွေးဖွားသည့်အချိန်တွင် စွန့်ပို့ပေးရသည်။

၉ ရက်၊ ၉ လ၊ ၉ နှစ်အရွယ်တွင်နာလျှင် ပဋိသန္ဓေကိုစောင့်သော အာကာသဒေဝနတ် ဖမ်းစားခြင်းဖြစ်၍ အေးတုံတုံရှိကာ ကျောဝမ်းပူ၏။ အထက်သို့ကြည့်၏။ မျက်စိနီ၏။

ခေါ်ပတောင်းတွင် ထမင်းတစလောင်းထည့်၊ မုန့်ဆီကြော်ခုနစ်ချပ်၊ ငါးကြော်ခုနစ်ကောင်၊ ပေါက်ပေါက်၊ နံ့သာရေများလောင်း၍ နေဝင်လျှင် အိမ်ခေါင်မိုးမှာတင်ကာ ကျီးမနိုးခင် မြောက်စူးစူးအရပ်သို့ ပို့ပေးရသည်။

၁၀ ရက်၊ ၁၀ လ၊ ၁၀ နှစ်အတွင်းနာလျှင် ပဋိသန္ဓေကိုစောင့်သော ရက္ခဒေဝနတ်ဖမ်းစားခြင်းဖြစ်၍ ခေါင်းခဲ၏။ သွားစေ့၏။ ငိုဖန်များ၏။ ဝမ်းသွား၏။ သွားလည်း ကြိတ်ကြိတ်မည်၏။

ခေါ်ပတောင်းတွင် မုန့်ကို နတ်ရုပ်လုပ်၍ ပန်းကိုးပွင့်၊ ထမင်းကိုးဆုပ်၊ နံ့သာရည်၊ ထောပတ်ဖျန်း၍ မွေးနံ့ဂြိုဟ်အရပ်သို့ စွန့်ပို့ရသည်။

၁၁ ရက်၊ ၁၁ လ၊ ၁၁ နှစ်အတွင်းနာလျှင် ပဋိသန္ဓေကိုစောင့်သော သရသောနတ်ဖမ်းစားခံရခြင်းဖြစ်ကာ ငိုဖန်များ၏။ နှလုံးတုန်၏။ ကိုယ်ပူ၏။ ထိတ်လန့်၏။ ပူတုံ၊ ချမ်းတုံဖြစ်၏။

ခေါ်ပတောင်းတွင် ပေါက်ရှက်ခြောက်ရှက်ခင်း၍ ထမင်းဆယ်ဆုပ်၊ မုန့်ဆယ်ချပ်၊ ငါးကြော်ဆယ်ကောင်၊ တံခွန်ငါးတိုင်၊ ဆီမီးငါးတိုင်၊ ပန်းပေါက်ပေါက်ထည့်၊ နံ့သာရည်ဖျန်း ချမ်းသာပါစေဆုတောင်း၍ အိမ်ခေါင်မိုးမှာတင်၍ မိုးသောက်က ကျီးမနိုးခင် သစ်ပင်ပေါ်ကို ပို့စွန့်ပေးရသည်။

၁၂ ရက်၊ ၁၂ လ၊ ၁၂ ရက်အတွင်းနာလျှင် ပဋိသန္ဓေကိုစောင့်သော စန္ဒီနတ်က ဖမ်းစားခြင်းဖြစ်၍ ပူတုံချမ်းတုံ ဖြစ်လေသည်။

ခေါ်ပတောင်းတွင် ငှက်ပျောရွက်ကို ဖက်ခွက်ထိုး ထမင်းဆယ်ဆုပ်ထည့်၊ ထောပတ်မုန့်ကို ချိုချဉ်ရသာမျှထည့်၍ နံ့သာရည်ဖျန်း၊ ဆီမီး၊ တံခွန် တစ်တိုင်းစီထည့်ပြီး နံ့ဂြိုဟ်သင့်ရာ အရပ်မှာ နံသင့်ရာ ရက္ခစိုးစောင့်သည့် သစ်ပင်မှာ ပို့လေလျှင် ချမ်းသာရလေသည်။

ကလေးသူငယ်များ မာတြာဖမ်းစားခြင်းကို ကျေးလက်တောရွာများ၌ အများဆုံး ယုံကြည်ကြကာ နှစ်အပိုင်းအခြားလိုက် ဖမ်းစားခံရပါလျှင် အထက်တွင်ဖော်ပြထားသည့် အသက်အရွယ်၊ ရောဂါများနှင့် ကုသပေးပုံ မာတြာတို့အတိုင်း ဆောင်ရွက်ပေးကြခြင်းဖြင့် ပျောက်ကင်းနိုင်မည်ဖြစ်ပါကြောင်း အကြံပြု တိုက်တွန်းဖော်ပြပေးအပ်ပါသည်။

တင့်ထူး(ဓေယျဝတီ)

မှီငြမ်း ။ နတ်ပူဇော်ပသနည်း၊ သုတေသီမြင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# သားလိမ္မာ သမီးလိမ္မာ ရစေနိုင်တဲ့ ဂါထာများ

**အေးဖေသိန်း(ရွှေကန်)**

အိမ်ထောင်ရှင်တိုင်းလိုပင် မိမိတို့ မွေးဖွားလာမည့် မွေးဖွားပြီးဖြစ်သည့် သားသမီးများကို သားလိမ္မာလေးများ၊ သမီးလိမ္မာလေးများ ဖြစ်စေလိုကြမည်သာ ဖြစ်ပါသည်။ မိမိတို့၏ သားသမီးလေးများ လိမ္မာရေးခြား ရှိကြပါက မိဘတို့ စိတ်ချမ်းသာပြီး မျက်နှာပွင့်လန်းကြကာ သားသမီးအတွက် ဂုဏ်တက်ရပေသည်။ ထိုသို့ မဟုတ်မူဘဲ သားဆိုး၊ သမီးဆိုးများ ဖြစ်နေကြပါမူ လူပုံအလယ် မသွားရဲ မလာရဲ ဖြစ်ကြရကာ စိတ်ဆင်းရဲ သောကအမျိုးမျိုး ခံစားကြရပြီး သားသမီးတို့အတွက် မိဘဂုဏ်ပျက် ဖြစ်ကြရပေသည်။ ထို့ကြောင့် အစွမ်းထက်မြက်လှသည့် ဂါထာတော်များကို အကျိုးတရား ရကြစိမ့်သောငှာ စေတနာသဒ္ဓါ ထက်သန်စွာဖြင့် တင်ပြလိုက်ရပေသည်။

**သားကောင်းမိခင်ဂါထာ**

ယောမေ အယံ ဘန္တေ၊
ကုစ္ဆိဂတော ကုမာရဝသောဝေါ၊
ကုမာရိကာဝါ၊
သော ဘဂဝန္တံ သရဏံ ဂစ္ဆတိ ဓမ္မဉ္စ။
ဘိက္ခုသံဃဉ္စ ဥပါသကံတံ၊
ဘဂဝါ ဓာရေတု၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

**ဂါထာအနက်**

ဘန္တေ-အရှင်ဘုရား၊ မေ-တပည့်တော်၏၊ ကုစ္ဆိ ဂတော-ဝမ်း၌တည်သော၊ ကုမာရဝသောဝေါ-အကြင်သတို့သားသည်လည်းကောင်း၊ ယာအယံကုမာရိကာဝါ-အကြင်သတို့သမီးသည်လည်းကောင်း၊ အတ္ထိ-ရှိ၏။ သော-ထိုသန္ဓေသားသည်၊ ဘဂဝန္တံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆတိ-ဆည်းကပ်ပါ၏။

ဓမ္မဉ္စ-တရားတော်မြတ်ကိုလည်း၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆတိ-ဆည်းကပ်ပါ၏။

ဘိက္ခုသံဃဉ္စ-ရဟန်းသံဃာတော်ကိုလည်း၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆတိ-ဆည်းကပ်ပါ၏။

ဘဂဝါ-မြတ်စွာဘုရားသည်၊ တံ-ထိုပဋိသန္ဓေသားကို၊ အဇ္ဇတဂ္ဂေ-ယနေ့မှစ၍၊ ပါဏုပေတံ-အသက်ထက်ဆုံး၊ သရဏံ-ဆည်းကပ်ခြင်းသို့၊ ဂတံ-ရောက်သော၊ ဥပါသကံ-ရတနာသုံးပါးကို ဆည်းကပ်တတ်သူဟူ၍၊ ဓာရေတု-မှတ်ယူတော်မူပါဘုရား။

ဤဂါထာတော်သည် မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်တွင် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ဂါထာတော် ဖြစ်ပါသည်။ ဗောဓိမင်းသား၏ မယ်တော်သည် ယခင်က သားသမီးများ မွေးဖွားခဲ့သော်လည်း အဖတ်မတင်ခဲ့ချေ။ သို့နှင့် ဗောဓိရာဇ ကုမာရမင်းသား ကိုယ်ဝန်ပဋိသန္ဓေဆောင်မိသည်နှင့် အထက်ပါ 'သားကောင်းမိခင်ဂါထာ'ကို ရွတ်ဆို၍ ဘုရားရှင်အား ကန်တော့ခဲ့ပါသည်။

ဤသို့ဖြင့် ဗောဓိမင်းသားနှင့် နောင်မွေးဖွားလာ



www.burmeseclassic.com

www.burmeseclassic.com

သမျှ သားသမီးများမှာ လိမ္မာယဉ်ကျေးကြ၍ အသက် (၁၂၀)အထိ ရှည်ကြသည်ဟု မှတ်သားရပါသည်။

သို့ပါ၍ အထက်ပါဂါထာတော်သည် သားကောင်း၊ သမီးကောင်းတို့၏ မိခင်ဖြစ်လိုသော အမျိုးသမီး အိမ်ထောင်ရှင်များ အထူးရွတ်ဆိုပွားများသင့်သော ဂါထာတော် ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်သည့်အချိန်မှစ၍ ကိုယ်-စိတ်နှစ်ပါး ကြည်လင်စွာထား၍ ရွတ်ဆိုပွားများပေးပါက သားသမီး အဖတ်တင်နိုင်သည်သာမက မွေးလာသော သားသမီးလေးများသည် လိမ္မာရေးခြားရှိ၍ လူတော်လူကောင်းများ ဖြစ်လာကြကာ အသက်လည်းရှည်ကြမည် ဖြစ်ပါသည်။ မိခင်၊ ဖခင် နှစ်ဦးလုံး ရွတ်ဆိုပွားများပေးသော် အတိုင်းထက်အလွန် ကောင်းမွန်ပေမည်။

မိမိတို့သားသမီးများ ပဋိသန္ဓေရှိစဉ်က အထက်ပါဂါထာကို လက်လှမ်းမမီခဲ့သူများ ထိုဂါထာတော်ကို ပွားများကျင့်ကြံခဲ့ကြပြီး မွေးဖွားလာပြီးနောက် ဆက်လက်ရွတ်ဆိုပွားများရမည့် ဂါထာကို သိလိုကြသူများအတွက် အစွမ်းထက်သည့် ဂါထာတော်တစ်ပုဒ်ကို ဆက်လက်တင်ပြပါမည်။

မိမိတို့၏ သားသမီးများ အရွယ်ရောက်လာကြပြီးနောက် အလိမ္မာတရား မရှိပါက၊ ရတနာသုံးပါးနှင့် ဆရာသမား၊ မိဘများအပေါ် ရိုသေကိုင်းရှိုင်းမှု မရှိပါက ယခုဖော်ပြမည့် 'သားကောင်းသားမြတ် ဂါထာတော်' ကို ရွတ်ဆိုကြရပါမည်။ ဤဂါထာတော်မှာ ဗောဓိမင်းသား၏ အထိန်းတော်ကြီး ရွတ်ဆိုပွားများခဲ့သည့် ဂါထာ ဖြစ်၏။ မိခင်၊ ဖခင်၊ အဘိုး၊ အဘွား၊ အဒေါ်၊ ဦးလေး၊ အုပ်ထိန်းပေးရသူ စသည်များက ရွတ်ဆိုပေးနိုင်ကြပါသည်။ ထိုသို့ ရွတ်ဆိုကြရာတွင် (ဗောဓိရာဇကုမာရော)ဆိုသည့်နေရာတွင် မိမိတို့ ရွတ်ဆိုပေးလိုသည့် သားသမီး၊ ကလေး စသည်တို့၏အမည်ကို ထည့်သွင်း၍ ရွတ်ဆိုကြရပါမည်။ သို့မဟုတ် ယောကျ်ားလေး ဖြစ်ပါက (ဒါယကော၊ ဒါယကော)ဟူ၍လည်းကောင်း၊ မိန်းကလေးဖြစ်ပါက (ဒါယိကာ၊ ဒါယိကာ) ဟူ၍လည်းကောင်း ထည့်သွင်း ရွတ်ဆိုနိုင်ကြပါသည်။

**သားကောင်းသားမြတ် ဂါထာတော်**

**အယံဘန္တေ(ဗောဓိရာဇကုမာရော)**
**ဘဂဝန္တံ သရဏံ ဂစ္ဆတိ ဓမ္မဉ္စ။**
**ဘိက္ခုသံဃဉ္စ ဥပါသကံ တံဘဂဝါဓာရေတု၊**
**အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။**

## ဂါထာအနက်

ဘန္တေ-အရှင်ဘုရား၊ အယံ-ဗောဓိကုမာရအမည်ရှိသော သတို့သားသည်၊ ဘဂဝန္တံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆတိ-ဆည်းကပ်ပါ၏။ ဓမ္မံ-တရားတော်မြတ်ကိုလည်း၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆတိ-ဆည်းကပ်ပါ၏။ ဘိက္ခုသံဃဉ္စ-ရဟန်းသံဃာကိုလည်း၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆတိ-ဆည်းကပ်ပါ၏။ ဘဂဝါ-မြတ်စွာဘုရားသည်၊ တံ-ထိုဗောဓိကုမာရသတို့သားကို၊ အဇ္ဇတဂ္ဂေ-ယနေ့မှ အစပြု၍၊ ပါဏုပေတံ-အသက်ထက်ဆုံး၊ သရဏံ-ဆည်းကပ်ခြင်းသို့၊ ဂတံ-ရောက်သော၊ ဥပါသကံ-ရတနာသုံးပါးဆည်းကပ်သူဟူ၍၊ ဓာရေတု-မှတ်ယူတော်မူပါ အရှင်ဘုရား။

စာရေးသူသည် 'သားကောင်းသားမြတ်ဂါထာ' တွင် သမီးလေး၏ အမည်နှင့် သားကလေး၏ အမည်ကို ထည့်၍ တတ်အားသမျှ ရွတ်ပွားခဲ့ရာ ပိုမို၍ လိမ္မာရေးခြားရှိလာကြပါသည်။ ရတနာသုံးပါး၊ မိဘ၊ ဆရာများကို ရှိခိုးကန်တော့ပြီး ငါးပါးသီလခံယူကာ မေတ္တာပို့ပြီးသည့်နောက် စိတ်နှလုံးရှင်ကြည် အေးချမ်းသည့် အချိန်လေးတွင် ဖော်ပြပါ ဂါထာတော်များကို ရွတ်ဆိုပွားများကြည့်ကြစေလိုပါသည်။ သားသမီးအတွက် ဂုဏ်တက်ကာ စိတ်ချမ်းသာကြမည်ကား ဧကန်မုချသာတည်း။

---

**အေးဖေသိန်း(ရွှေကန်)**

---

www.burmeseclassic.com

www.burmeseclassic.com

# သားသမီးရတနာများ ရရှိစေရန်

လှိုင်ဘွားဦး

ဆောင်းရာသီ၏ အေးချမ်းလှသော နေ့တစ်နေ့ မနက်ခင်းတွင် ကျွန်ုပ်၏ဗေဒင်ဟောခန်းရှိရာ ကျိုက္ကဆံဘုရား အနောက်ဘက်မုခ်သို့ မလဲ့တို့ လင်မယားနှစ်ယောက် ရောက်ရှိလာလေ၏။

၎င်းတို့နှစ်ဦးသည် ကျွန်ုပ်၏ ဟောခန်းတွင်းသို့ ဝင်လာလာချင်းတွင် မလဲ့မှ "ဆရာရေ ကလေးတော့ မွေးပြီးသွားပြီ၊ မိန်းကလေးမွေးတယ်။ အခု အမြင်ထွက်လို့ရတာနဲ့ ကလေးနာမည်ပေးဖို့ ဆရာ ဆီကိုလာခဲ့တာ။ ပြီးတော့ ကိုအောင်ကလည်း ဆရာ့ ဆီတစ်ခါမှ မရောက်ဖူးတာနဲ့ ခေါ်လာခဲ့တာ၊ ကိုအောင်ကလည်း ဆရာ့ကို တွေ့ချင်နေတာပဲ" ပြောရင်း သူမ၏ ခင်ပွန်းဖြစ်သူနှင့် မိတ်ဆက်ပေး လေ၏။

ထိုအခါ ကျွန်ုပ်မှ ...

"မလဲ့ကတော့ ကျွန်တော့်ဆီ မကြာခဏ ရောက်တော့ မောင်နှမတွေလို ဖြစ်နေပြီ။ ကိုအောင် ကတော့ အလုပ်တစ်ဖက်နဲ့ဆိုတော့ ဘယ်အားမလဲ။ ဒီလိုပဲ တကူးတကလာမှသာတွေ့ ဖြစ်ကြမှာလေ"

ဟု ပြန်ပြောလိုက်ရာ ကိုအောင်မှ ...

"အလုပ် မအားတာလည်းပါတယ် ဆရာ ပြီးတော့ ကျွန်တော်က ဗေဒင်တွေ ဘာတွေ မေးလေ့ မေးထလည်း မရှိဘူး။ ဒီလိုလည်း တခါမှ မသွားဖူးဘူး။ မလဲ့ကတော့ ကလေးလိုချင်တာနဲ့ ကလေးရှုးရှုးပြီး ဟိုသွားလိုက်၊ ဒီသွားလိုက် ဟိုဟာလုပ်လိုက် ဒီဟာ လုပ်လိုက်လုပ်နေတာ ကျွန်တော်လည်းကြာတော့ ပြောမရလို့သာ လွှတ်



www.burmeseclassic.com

www.burmeseclassic.com

ထားရတာ စိတ်ထဲမှာတော့ သိပ်အယုံအကြည် ရှိတာ မဟုတ်ခဲ့ပါဘူး။ အခုမှ ကိုယ်တွေ့ ကျွန်တော် တို့လိုချင်တဲ့ သမီးလေးရလာလို့ ဆရာ့ကို ကျေးဇူးတင်ကြောင်း ပြောဖို့လာတွေ့တာပါ"

ဟု ပြန်ပြောလေ၏။

ကျွန်ုပ်လည်း ကိုအောင်၏ စကားကို နားထောင်ရင်း လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က မလဲ့ ကျွန်ုပ်ဗေဒင်ဟောခန်းသို့ ရောက်ရှိလာချိန်ကို ပြန်သတိရမိလေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်၏ ဗေဒင်ဟောခန်းသို့ အသက် (၃၅)နှစ်ဝန်းကျင်ခန့်ရှိ ဖြူဖြူသန့်သန့် အမျိုးသမီးတစ်ဦး ရောက်ရှိလာလေ၏။ ၎င်းအမျိုးသမီးမှ ကျွန်ုပ်ရှေ့ ရောက်ရောက်ချင်းပင်

"ဆရာ ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောခွင့်ပေးပါ။ ကျွန်မက အိမ်ထောင်သည် တစ်ယောက်ပါ။ ကျွန်မတို့ အိမ်ထောင်သက် (၁၀)နှစ်ကျော်ပါပြီ။ အခုထိ ကလေး မရသေးလို့ ဆရာရဲ့ ပညာနဲ့ ကူညီပေးပါ။ နည်းမျိုးစုံနဲ့ ကလေးရဖို့ ကြိုးစားရင်း ကျွန်မ အသက်က (၄၀)နားနီးလာတော့ မရတော့မှာ စိုးရိမ်လာတယ်။ အရွယ်လွန်မှ မွေးရ ဖွားရခက်မှာကိုလည်း စိုးရိမ်လို့ပါ။ ဆရာ ကူညီပါအုံး"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်မှ . . .

"ကလေး လိုချင်တာတော့ ဟုတ်ပါပြီ။ ညီမတို့ လင်မယားနှစ်ယောက် ဆေးစစ်ပြီးပြီလား။ ဆေး ပညာအရ တစ်ယောက်ယောက်က မြုံနေတာမျိုး ဆိုရင်တော့ မရနိုင်ဘူး။ ပြီးတော့ အိမ်ထောင်ကျပြီး တစ်ခါမှ ကိုယ်ဝန် မရဖူးတာလား။ ဘာဆေး တွေရော သုံးသေးလဲ"

ဟု သေသေချာချာ မေးမြန်းရလေ၏။

မလဲ့မှ "ဆေးလည်းစစ်ပြီးပါပြီဆရာ၊ ဆရာဝန်ကတော့ နှစ်ယောက်လုံးမှာ ချို့ယွင်းချက်မရှိဘူးလို့ ပြောပါတယ်။ အိမ်ထောင်ကျခါစ ၄/၅ နှစ်တုန်းကတော့ ကလေး ယူဖို့ အဆင်မပြေသေးတာနဲ့ တားဆေးတွေသုံးပါတယ်။ အဲဒီနောက် ကလေးယူမယ်ဆိုပြီး ဘာဆေးမှမသုံးတော့ ပါဘူး။ အဲဒီနောက်ပိုင်း တစ်ခါတော့ ကိုယ်ဝန်ရဖူးပါတယ်။ ဒါပေမယ့် လနုနုမှာပဲ ပြန်ပျက်သွားပါတယ်။ အဲဒီနောက်ပိုင်း ဘာမှမထူးခြားတော့ပါဘူး"

ဟု ပြန်ပြောလေရာ . . .

"အဲဒီလို ဆိုရင်တော့ ကျွန်တော်တို့ရဲ့ အဘဆရာကြီး မင်းသိခ်ပေးခဲ့တဲ့ ပညာရပ်နဲ့ ကလေးရအောင် စီရင်ပေးလို့ ရပါတယ်။ တစ်ရက်မှာ ကျွန်တော့်ဆီကို ကျောက်ဖရုံသီး တစ်လုံးရယ်၊ အဲဒီ ကျောက်ဖရုံသီးကို လုံအောင်ထုပ်လို့ ရမယ့် အနီရောင်ရှမ်းပန်းနီစရယ် ယူလာခဲ့"

ဟု လိုအပ်သည်များမှာကြား၍ ပြန်လွှတ် လိုက်လေသည်။

၎င်းနောက်တွင် မလဲ့မှာ ကျွန်ုပ်ထံသို့ မှာကြားသည့် ပစ္စည်းများယူလာ၍ ကျွန်ုပ်မှ အစီအရင်များ ပြုလုပ်ပေးလိုက်လေရာ နောက်(၃)လခန့်တွင် ကိုယ်ဝန် စတင်ရရှိကြောင်း။ သန္ဓေသားမြဲရန် ဆောင်ရွက်ပေးပါဟု ထပ်မံ၍ ရောက်ရှိလာလေ၏။

ထို့နောက်တွင်ကား ကလေးမွေးဖွားမည့် ရက်ကောင်း ရက်မြတ်အား ရွေးချယ်ပေးပါရန် ထပ်မံရောက်ရှိလာပြန်၏။

ကျွန်ုပ်မှာ မလဲ့လာရောက်တိုင်း လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ရာ အခုအခါတွင်တော့ ကလေးနာမည် ရွေးချယ်ပေးရမည့် အချိန်ရောက်ရှိလာပေပြီဖြစ်သည်။

"ဆရာ ကျွန်မတို့ သမီးလေးကို နာမည်လှလှ ကောင်းကောင်းလေး ရွေးပေးပါနော်"

ဟုသော မလဲ့၏ စကားသံကြားမှ ကျွန်ုပ်လည်း ပစ္စုပ္ပန် အခြေအနေသို့ ပြန်ရောက်ရှိသွားလေ၏။

"စိတ်ချပါ ကလေးအတွက် ဘုန်းတန်ခိုး တက်စေမယ့် သက်ရှည်ကျန်းမာပြီး ထူးချွန်တဲ့ သမီးလှရတနာဖြစ်စေမယ့် နာမည်ကို ဆရာကြီး မင်းသိခ်ရဲ့ မူအတိုင်း ရွေးပေးလိုက်ပါမယ်။ နာမည်နဲ့အတူ ကလေးဘဝ တစ်သက်တာ အတွက် ဆောင်ရန်၊ ရှောင်ရန်တွေပါရေးထားတဲ့ နာမည်ပေးစာအုပ်ကို နောက်နှစ်ရက်နေတော့ လာယူလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ်မှ ပြန်ပြောလိုက်ရာ ကိုအောင်နှင့် မလဲ့ တို့ ဇနီးမောင်နှံနှစ်ယောက် ကျွန်ုပ်ကို နှုတ်ဆက်၍ ပြုံးပျော်စွာနှင့် ပြန်သွားကြလေတော့သတည်း။

မလဲ့တို့ ဇနီးမောင်နှံအတွက် ကလေးရရှိရန် ဆောင်ရွက်ပေးခဲ့သော အစီအရင်အား မလဲ့တို့လို ကလေးမရ၍ စိတ်ညစ်နေကြသော ဇနီးမောင်နှံများအတွက် အသုံးပြုနိုင်ရန် မေတ္တာနှင့် မချွင်းမချန် ဖော်ပြပေးလိုက်ပါသည်။ သား/သမီး ရတနာများတိုးပွား၍ ပျော်ရွှင်ကြပါစေ။

အနာလွတ် ကျောက်ဖရုံသီးတစ်လုံးပေါ်တွင် အောက်တွင် ဖော်ပြထားသော နေ့သားအလိုက် အင်းကို သံချွန်ဖြင့် ရေးခြစ်၍ အင်းပေါ်၌ နံ့သာဖြူ နံ့သာနီများ ပက်ဖျန်းပါ။ ပြီးက အနီရောင် ရှမ်းပန်းနီဖြင့် လုံခြုံအောင်ထုပ်ပါ။ လင်မယား (၂)ယောက် အိပ်သော အိပ်ယာခေါင်းရင်းတွင်ထားအိပ်ပါ။ (၃) ညထားအိပ်ပါ။ (၃)ညပြည့်သော် နံနက်စောစော ကျိုးမနိုးခင် မြစ်ဆိပ်မှာ ရေလွှားမျှောပါ။ (၃)လမှ (၇)လအတွင်း ကလေးရမည်။ တစ်ကြိမ်သာပြုလုပ်ရမည်။

ကျောက်ဖရုံသီးတွင် ဆွဲရသော အင်းမှာ နေ့သားအလိုက် ကွဲပြား၏။

တနင်္ဂနွေသမီး

| | | |
|---|---|---|
| ၁ | ၆ | ၄ |
| ၈ | ၁ | ၂ |
| ၇ | ၅ | ၀ |

တနင်္လာသမီး

| | | |
|---|---|---|
| ၂ | ၀ | ၅ |
| ၈ | ၂ | ၇ |
| ၄ | ၆ | ၁ |

အင်္ဂါသမီး

| | | |
|---|---|---|
| ၇ | ၁ | ၆ |
| ၈ | ၇ | ၄ |
| ၅ | ၀ | ၂ |

ဗုဒ္ဓဟူးသမီး

| | | |
|---|---|---|
| ၄ | ၂ | ၀ |
| ၈ | ၄ | ၅ |
| ၆ | ၁ | ၇ |

ကြာသပတေးသမီး

| | | |
|---|---|---|
| ၅ | ၇ | ၁ |
| ၈ | ၅ | ၆ |
| ၀ | ၂ | ၄ |

သောကြာသမီး

| | | |
|---|---|---|
| ၆ | ၄ | ၂ |
| ၈ | ၆ | ၀ |
| ၁ | ၇ | ၅ |

စနေသမီး

| | | |
|---|---|---|
| ၀ | ၅ | ၇ |
| ၈ | ၀ | ၁ |
| ၂ | ၄ | ၆ |

လှိုင်ဘွားဦး
(သာယာရွှေပြည့်ဟိန်း)
ကျိုက္ကဆံဘုရား အနောက်မုခ်



www.burmeseclassic.com

www.burmeseclassic.com



# သူငယ်နာရောဂါ

## ဝင်းဇော်(သုံးဆယ်)

ကလေးငယ်များနှင့် မကင်းနိုင်သောရောဂါမှာ သူငယ်နာရောဂါပင် ဖြစ်ပါသည်။ ၎င်းရောဂါသည် မွေးကင်းစမှ သုံးလအတွင်း၌သာ အဖြစ်များတတ်သည်။ အချို့မှာလည်း သူငယ်နာသွေးမကုန်မချင်း ဆက်လက်၍ ဖြစ်တတ်ပါသည်။

စာရေးသူသည် စာရေးရန်တွေးနေစဉ် လက်သည်းကို သွားဖြင့် ကိုက်ဖဲ့နေတတ်သည်။ အတွေးလွန်သွားသည့်အခါ လက်သည်းအကိုက်လွန်ပြီး အသားပဲ့ထွက်သွားသည့်အထိ ဖြစ်သွားမှ နာကျင်ရမှန်း သတိဝင်လာသည်။ ထိုသို့ဖြစ်သည်ကို အဘိုးဆရာသိန်းက ကျွန်တော့်အား သူငယ်နာမကုန်သေးဟု ပြောသည်။ ကျွန်တော် လက်ခံပါသည်။ ဘာကြောင့်ဆိုတော့ ယခုအသက် ၅၀ ကျော်လာသည့်တိုင် လက်သည်းကိုက်ရသည်ကို အရသာတွေ့ကောင်းနေတုန်းမို့ ဖြစ်ပါသည်။

တချို့အသက်အရွယ်ကြီးရင့်လာသည့်တိုင် ပါးစပ်ရွဲ့၊ ပါးရွဲ့ ခန္ဓာကိုယ်တွန့်လိမ်နေသော သူငယ်နာသမားများကို မြင်တွေ့ဖူးသည်။

၎င်းသူငယ်နာစွဲကပ်နေသော ကလေးကို ပထမဦးဆုံး ကုသရန်မှာ သွေးသားသန့်စင်၍ အပုပ်စင်ကြယ်စေရန် အဓိကဖြစ်ပါသည်။ ၎င်းနောက်ထွက်သော အနာအမျိုးမျိုးတို့မှ အနံ့၊ မနံ့၊ ပြည်တို့ စင်ကြယ်စေရန် ဒုတိယအရေးကြီးပါသည်။

ထို့နောက် အသည်းအားကောင်း၍ သန့်စင်သောသည်းခြေရည်ဖြစ်စေရန်နှင့် ဆေးအာဟာရတို့ကိုပေးရန် လိုအပ်ပါသည်။

သွေးသန့်စင်၍ အသည်းအားကောင်းစေသော သူငယ်နာဆေး အမျိုးမျိုးတို့ရှိရာ "သူငယ်နာဆေးကြီး ဖော်စပ်နည်း"မှာ -

| | |
|---|---|
| မြက်မုန်ညင်းဥ | ၁ ကျပ်သား |
| ကွမ်းရွက် | ၁ ကျပ်သား |
| နနွင်းတက် | ၁ ကျပ်သား |
| မဖောက်ထုံး | ၁ ကျပ်သား |
| ကြွပ်ဆီး | ၁ ကျပ်သား |

၎င်းဆေးငါးမျိုး ၁ ကျပ်သားစီကိုစု၍ အမှုန့်ကြိတ်ထားရမည်။ သူငယ်တို့ညှော်မိလျှင် ၎င်းဆေးကို သင့်တင့်ရုံယူ၍ ကြက်ဟင်းခါးရွက်ပြုတ်ရည်နှင့်ရော၍ တိုက်ပါ။ ဖျား၍ ငန်းဖမ်းမေးခိုင်နေသည်ရှိသော် ဆားချက်ရည်နှင့်ရော၍ တိုက်ပါ။ ကာလရောဂါဖြစ်ခဲ့သော် လက်ထုပ်ကြီးပြုတ်ရည်နှင့် ရော၍တိုက်ရမည်။ သူငယ်တို့နှင့် လျော်ညီသင့်မြတ်သော ဆေးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မိခင်၏ နို့သန့်စင်ပြီး ပေါ်များစေလျက် မနးဆိပ်ဖြေနိုင်သော ဆေးနည်းမှာ –

ဝက်မြေစာဥအခြောက်မှုန့် ၂၅ ကျပ်သား
ပရန္နဝါ ၂၅ ကျပ်သား
ရှင့်မတက်ကြီးဥ ၂၅ ကျပ်သား
ထုံးရေစိမ်ဘဲဥအခြောက်မှုန့် ၂၅ ကျပ်သား

ငှင်းဆေးလေးမျိုးကို သစ်သီးမှထုတ်ယူသော သကြားမှုန့် ၅၀ ကျပ်သားနှင့် ရောချ၍ ငှင်းဆေးမှုန့် နှစ်ဇွန်းကို ဖန်ခွက်တွင် ရေတစ်ဝက်ထည့်၍ အပေါ်ရေကြည်ကို ကလေးအား လက်ဖက်ရည်ဇွန်းနှင့် နံနက်၊ ည တစ်ဇွန်းစီ တိုက်ပေးပါ။

မှတ်ချက် ။ ။ ဆေးသောက်စဉ် မိခင်၏သားမြတ်(နို့အုံ)မှာ ကြီးမားလာတတ်ပါသည်။ ပထမနို့ရည်များကို ညှစ်ထုတ်ပစ်ရမည်။ ဒုတိယနို့ရည်ကိုသာ ကလေးငယ်ကိုတိုက်ပါ။ ထိုနို့တိုက်၍ ကလေး၏အနာများ ကြွလာလျှင် လက်ချားမီးရေနှင့် အနာကိုဆေးကြောပြီး သွပ်ဖြူနှင့် အုန်းဆီဖျော်၍ လိမ်းပေးရပါမည်။

သူငယ်နာရင်လူးဆေး ၁၀ ကျပ်သား
မုန်ညင်းဆီ ၁၀ ကျပ်သား
ပျားဖယောင်း ၁၀ ကျပ်သား
ရှိန်းခို ၁၀ ကျပ်သား
ပရုတ် ၁၀ ကျပ်သား

ငှင်းဆေးလေးမျိုးကို ပုလင်းတစ်လုံးထဲတွင်ထည့်၍ သမအောင်မွှေပေးပါ။ ရင်ပြည့်ခြင်း၊ ရင်ကျပ်ခြင်း၊ ရင်မောက်ခြင်း၊ ဝမ်းရောင်ခြင်း၊ ပျို့အန်ခြင်း စသည့် ဝမ်းနှင့်ဆက်သက်သော ရောဂါဝေဒနာဟူသမျှတို့ကို အထက်ပါဆေးဖြင့် ရင်ဘတ်နှင့်ဝမ်းပြင်ကို လိမ်းပေးသပ်ပေးရပါမည်။

ငှင်းဆေးသည် ပရုတ်ဆီကဲ့သို့ ချွဲပစ်ပစ်နေရာ ရင်ကိုနှိပ်ပြီး ဆေးနှင့်သပ်ချပေးပါက လေအောက်ဘက်သို့ လျှောပြီး မကြာမီ သက်သာလာပါလိမ့်မည်။ ထို့နောက် ရင်ဘတ်ပေါ်သို့ အဝတ်မထူမပါးနှင့်အုပ်၍ ကလေးကို ထွေးပိုက်ထားပါက အခိုးပွင့်၍ရောဂါကို ပျောက်ကင်းသွားစေပါသည်။

### သူငယ်နာ ဝမ်းနုတ်ချွဲကျဆေး

၁။ နံ့သာဖြူ ၄ ပဲသား
၂။ နံ့သာနီ ၂ ပဲသား
၃။ သစ်ဂျပိုး ၄ ပဲသား
၄။ ဆေးဒန်း ၁ ပဲသား
၅။ ကန့် ၁ ရွေးသား
၆။ ပဒဲကော ၄ ပဲသား
၇။ ဇာတိပ္ဖိုလ်သီး ၁ ပဲသား
၈။ လေးညှင်း ၁ ပဲသား
၉။ မုန်ညင်းဥ ၄ ပဲသား
၁၀။ သနပ်ဘောအစေး ၈ ပဲသား

ငှင်းဆေး ၁၀မျိုးကို ညက်အောင်ကြိတ်ပါ။ ထို့နောက် ပဲနောက်စေ့ခန့် အလုံးကလေးများပြုလုပ်ပါ။ နံနက်တစ်လုံး၊ ညတစ်လုံး ကလေးငယ်ကို ရေအေးနှင့်တိုက်ပါ။ ဝမ်းသက်သည်ကို မကြောက်ပါနှင့်။ ကျောပူခေါင်းပူဖြစ်လျှင် ကြက်ဟင်းခါးရွက်ရည်၊ ကွမ်းရွက်ရည်၊ ဆန်ပုံးရည်၊ ဆီ ဤလေးပါးနှင့် ရော၍ လူးပေးရပါသည်။

### သူငယ်နာပေါင်းချုပ်ဆေး

ကတိုးကြောင်ဘို ၁ ကျပ်သား
ကြက်သွန်ဖြူ ၁ ကျပ်သား
ကလသရမူလီရွက် ၁ ကျပ်သား

ထိုဆေးသုံးမျိုးကို နွားနက်ကျင်ငယ်ရည်နှင့် ညက်နေအောင်ကြိတ်ပါ။ ထို့နောက် ပဲစေ့လုံးခန့်လုံး၍ နေ့တစ်ကြိမ် ညတစ်ကြိမ် မျိုရမည်။

မှတ်ချက် ။ ။ ဤဆေးကို သားသမီးမမွေးဖွားသော မိန်းမများ စားသုံးသင့်ပါသည်။

သူငယ်နာမှန်သမျှနှင့် သင့်မြတ်သောဆေးဖြစ်ပါသည်။

### သူငယ်နာပေါင်းချုပ်ဆေး(တစ်နည်း)

၁။ ဇာတိပ္ဖိုလ်သီး ၂ ပဲသား
၂။ ဇာတိပ္ဖိုလ်ပွင့် ၂ ပဲသား
၃။ လေးညှင်း ၂ ပဲသား
၄။ လက်ချား ၂ ပဲသား
၅။ ဒုတ္တာ ၂ ပဲသား
၆။ ကျောက်ချဉ် ၂ ပဲသား
၇။ ဆောင်မေးခါး ၂ ပဲသား
၈။ ဖဝက်သာ ၂ ပဲသား



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၉။ | ကရဝေးရွက် | ၂ ပဲသား |
| ၁၀။ | တြိကဋုတ်သုံးပါး | ၂ ပဲသားစီ |
| ၁၁။ | ဖီယာ | ၆ ပဲသား |
| ၁၂။ | ကြာ | ၆ ပဲသား |
| ၁၃။ | စမုံငါးပါး | ၂ ပဲသားစီ |
| ၁၄။ | ပန္နပမွ | ၂ ပဲသားစီ |
| ၁၅။ | ကတြဲသချေ | ၂ ပဲသား |
| ၁၆။ | မုတ် | ၂ ပဲသား |
| ၁၇။ | ကြောင်ပန်းရွက် | ၂ ပဲသား |
| ၁၈။ | စူလနဖာ | ၂ ပဲသား |
| ၁၉။ | မှန်ရောင်သီခွေ | ၁ ကျပ်သား |
| ၂၀။ | ပင်လယ်ရေမြှုပ် | ၂ ပဲသား |
| ၂၁။ | သစ်ကြိုပိုး | ၂ ပဲသား |
| ၂၂။ | ချင်းခြောက် | ၈ ပဲသား |
| ၂၃။ | ပိတ်ချင်း | ၃ ကျပ် ၄ ပဲသား |

ဆေးအားလုံးကို ညက်နေအောင်ကြိတ်၍ ဖန်ပုလင်းထဲတွင် လေလုံအောင် ပိတ်ထားပါ။ ၎င်းဆေးကို ရာသီအားလျော်စွာ ကလေးငယ်၏အရွယ်ကိုချင့်၍ တိုက်ရမည်။

သူငယ်များ သွားရည်ယိုသော်၊ လျှာဝါးသော်၊ နားယားသော်၊ ဒူးကြီး ဒူးသေး၊ ဒူးဘေးလက်ကျည်ကျိုး၊ မျက်စိမိုတ်၊ တစ်ခြမ်းသေ၊ နဖူးချွေးထွက်၊ ခေါင်းချွေးထွက်၊ ကျောပူ ခေါင်းပူ၊ မျက်ချေးမျက်ဝတ်ထွက်၊ တစာစာငို၊ ညဥ့်အခါ ရေသောက်များ၊ မီးသွေးစား၊ မြေကြီးစား၊ ချောင်းဆိုး၊ သလိပ်ကပ်၊ အရိုအချွဲ၊ အချွဲ၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းကိုက်၊ ဝမ်းကျ၊ အော့အန်၊ ချောင်းတဟဲဟဲဆိုး၊ ခြေလက်စုပ်၊ အရိုးစုပ်၊ အသားစုပ်၊ လက်သည်းကိုက်၊ ခြေသည်းကိုက် စသော သူငယ်နာအားလုံးကို အထက်ပါဆေးအား တိုက်ကျွေးပါ။

### သူငယ်နာအဆုတ်ရောင်နေးများ

၎င်းရောဂါသည် ရေချိုးမှား၍သော်လည်းကောင်း၊ မကောင်းသော အနံ့ဆိုးများကြောင့်လည်းကောင်း၊ မိခင်ဖြစ်သူက ပူ၊ စပ်၊ ဖန်-စသော အစားအစာများကို ဖြစ်ပေါ်လာသော နို့ကိုစို့နေခိုက်၊ ရေချိုးမိလျှင်သော်လည်းကောင်း ဖြစ်တတ်ပါသည်။

အခြားသော သူငယ်နာမျိုးစုံနှင့်ယှဉ်၍ ဖြစ်ပေါ်သော ရောဂါတို့၏ အကြောင်းအမျိုးမျိုးတို့ကြောင့် အဆုတ်တစ်နေရာမှ ရောင်ကားပြီး ဖျားသောအဖျား ဖြစ်ပါသည်။

ကုသရာတွင် အရေးကြီးသောအချက်မှာ ကလေးနှင့်မမျှသော အပူကိုငြိမ်းစေ၍ ဝင်လေထွက်လေကို ကျပ်တည်းစွာကား ရောင်နေသည်ကို အဆုတ်များ လပ်သွားရန်နှင့် အရေထူ၊ အရေပါးမှ အဖွဲ့အပမ်းကြီး၍ ကိုယ်ရေပူနေမှုကို ငြိမ်းသတ်ရန်အတွက် ဓာတ်မျှ၍ ကြေသက်ပွင့်ကာ အနိုးပါသော ဆေးများဖြင့် မိခင်နှင့်ကလေးကိုပါ လိမ်းပေးရမည်။ တိုက်ပေးရမည်။

သူငယ်နာပေါင်းချုပ်ဆေးကို တိုက်ကျွေးသော်လည်း အဆုတ်ပေါက်ပိတ်ခြင်း၊ အဖွဲ့အပမ်းမပြီးချင် ရှိနေသေးလျှင် ကွမ်းရွက်၊ လက်ချာ၊ ပြဒါး၊ပရုတ် စသော ဆေးများနှင့် အသက်အရွယ်အလိုက် အင်အားကိုချင့်ချိန်၍ ဆေးတိုက်ကျွေးရမည်။

မှတ်ချက် ။ ။ အနိုးပါရှိသော ဆေးများကို ကျော၊ ရင်၊ ငယ်ထိပ်မှ လိမ်းပေးခြင်း၊ ဝမ်းထဲသို့ ဆေးအနံ့ဝင်အောင် မကြာမကြာအုပ်ပေးပြီး အပူ၊ အကျ၊ အတက်၊ အဖွဲ့ သက်သာသောအခါ အေး၊ ဆိမ့်၊ ခါး၊ မွှေးသော ဆေးများကို နံ့သာငါးပါး၊ စပါးကြီးသည်းခြေ၊ ငါးကြင်းသည်းခြေတို့ဖြင့် ရောနှော၍ ကလေးအား လျှာပွတ်ပေးခြင်း၊ လိမ်းတိုက်ပေးခြင်း ပြုလုပ်ရပါမည်။

သူငယ်နာရောဂါသည် အတက်အကျ၊ ကယောင်ကတမ်း၊ ငန်းဖမ်း သည်လက္ခဏာမှာ လေဝင်လေထွက် အဆုတ်လမ်းပိတ်၍ ချောင်းဆိုးချေဆတ်မှုကို အမြန်ပျောက်ကင်းစေနိုင်သည့် ပဒိုင်းပန်းရွှေနွယ်ပါသော ဆေးများဖြင့် လုပ်ပေးရပါသည်။ အနံ့ပါသော ဆေးများဖြင့်လည်း ပြုလုပ်ပေးနိုင်ပါသည်။

သစ်ဥ သစ်ဖုပါသော ဆေးတို့ဖြင့်မလုပ်နိုင်မှသာ ပြဒါး၊ စိန်နီ၊ မြင်းသွား စသော ဓာတ်တို့ကိုသာ အသုံးပြုသင့်ပါကြောင်း အကြံပေးရေးသား တင်ပြလိုက်ရပါသည်။

**ဝင်းဇော် (သုံးဆယ်)**

၀၉ ၂၆၁၀၉၃၇၂



www.burmeseclassic.com

www.burmeseclassic.com

# စနေသားဦးမွေးသူများ ကောင်းအောင်မာတ်ဆင်နည်း နှင့် သားသမီးအဖတ်မတင်သူများအတွက် မာတ်ဆင်နည်း

ဆရာဝေယံဦး(လူမှုထူးချွန် ဒုတိယဆင့်)

တနင်္ဂနွေနေ့ဖြစ်၍ စာရေးသူ၏ ရန်ကင်းတိုက်ခန်းရှေ့ရှိ ဗေဒင်ဟော ခန်း ပိတ်ပါသည်။ အလုပ်ပိတ်ရက် ဖြစ်၍ ညီမများမှာ အိမ်မှုကိစ္စများဖြင့် လုံးချာလည်နေကြသော်လည်း ဝက် သားတုတ်ထိုးနှင့် ဝက်သားဖက်ထုပ် လုပ်စား၍ ပိုမို အလုပ်ရှုပ်စေပါသည်။ ညီမအေးအေးမူက အကောင်းကြိုက်မို့ ရုံးပိတ်ရက်များတွင် နေအိမ်မှာ အစား အသောက်တစ်ခုခုကို စီမံချက်ပြုတ် လေသည်။ စာရေးသူတို့မိသားစုမှာ စာရေးသူနှင့် အပျိုကြီးဖြစ်သော ညီမ အေးအေးမူ၊ ညီမ ကေသွယ်လွင်နှင့် သမီးနှစ်ယောက် ယုကေခိုင်နှင့် မိုးကေ ခိုင်၊ ညီမအငယ်ဆုံး ဖြူဖြူခိုင်၊ သူ၏ ခင်ပွန်း ကိုကြည်အောင်၊ ညီမ ဖြူဖြူ ခိုင်၏သားနှစ်ယောက် ထက်ခိုင်ဇော် နှင့် ဟိန်းသူရိန်တို့ ဖြစ်ကြသည်။ တူမ မိုးကေခိုင်နှင့် တူဖြစ်သူ ဟိန်းသူရိန်တို့ မှာ အသက် ၁၂ နှစ်ရှိကြပြီး ဟိန်းသူ ရိန်က မိုးကေခိုင်ထက် လအနည်း ငယ်သာ ကြီးပါသည်။ ဤတွင် ညီမ အပျိုကြီးအေးအေးမူ၏ အချက်အပြုတ် စီမံမှုကောင်းပြီး အရသာရှိသော အစား အသောက်များကြောင့် တူဖြစ်သူ ဟိန်း သူရိန်မှာ အရွယ်နှင့်မလိုက်အောင် အရပ်အမောင်းမြင့်မြင့်နှင့် ဖက်တီးပုပ် ဖြစ်နေသည်။ သို့သော် ပတ်ဝန်းကျင်ရှိ လူအိုများစုက သူ့အား ချစ်ကြသည်။

စာရေးသူသည် ဗေဒင်ဟော ခန်းပိတ်သော်လည်း ရန်ကင်းတိုက် ခန်းလေးမှာ ကျဉ်းကျပ်၍ စာရေးသူ၏ ဗေဒင်ဟောခန်းလေးမှာပင် ဝက်သား တုတ်ထိုး၊ ဝက်သားဖက်ထုပ်များကို အချဉ်ဖြင့် တို့စားလိုက်၊ ရေနွေးကြမ်း သောက်လိုက်နှင့် အလုပ်ရှုပ်နေ၏။

“ဘဘဦးကိုလတ် ဖုန်းလာနေ တယ်”

စာရေးသူ၏တူမ ယုကေခိုင်က စာရေးသူအား အော်ခေါ်နေ၍ စာရေး သူလည်း တိုက်ခန်းအတွင်းသို့ဝင်၍ ဖုန်းကိုင်အပြီးမှာ -

“ဟဲလို...ဟဲလို”

“ဆရာဝေယံဦးလား။ သမီးပါ ဆရာ...စုစုခိုင်ပါ”

“ဟဲ့...ဘယ်ကနေ ဆက်နေ တာလဲ”

“နေပြည်တော် ပညာအိမ်ရာက နေ ဆက်နေတာဆရာရဲ့။ ဆရာ့ကို မေးစရာရှိလို့”

“ပြော...ဘာလဲ၊ မြန်မြန်ပြော။ ဖုန်းဆက်တာကြာရင် ဖုန်းခကုန်တယ်”

“ဆရာကလည်းလေ အရေးထဲ မှပဲ၊ ပြောပါ့မယ်။ သမီးသိချင်တာက သားဦးစနေဖွားရင် ကောင်းအောင် ဗေဒင်ပညာခန်းအရ ဘာလုပ်ရမလဲ ဆရာ။ သားဦးစနေမွေးရင် မိဘတွေ မှာ စိတ်သောကရောက်ရတယ်...။ မကောင်းတဲ့အကျိုးတွေ၊ အနိုက်အတန့် တွေ တွေ့ရကြုံရတာ များကြတယ်။ သမီးကို ဗေဒင်ကြည့်သူတွေမေးကြ လို့ ဆရာ့ဆီဖုန်းဆက်မေးတာပါ။ သမီး ကိုယ်တိုင်မလာနိုင်လို့ ဆရာ့ကို မရှိ မသေပြုတယ်လို့ မထင်ပါနဲ့ဆရာရယ်။ သမီး တောင်းပန်ပါတယ်။ အဲဒါလေး ပြောပြပါလား ဆရာ”

“ဒီအကြောင်းက ဖုန်းနဲ့သာပြော ရရင် စကားတွေက အရှည်ကြီးပဲ။ စာရေးပြီးပို့လိုက်မယ်။ ဟိုမှာကော အဆင်ပြေရဲ့လား”

“အဆင်ပြေပါတယ် ဆရာ...။ နောက်မှ ဆရာ့ဆီ လာဦးမယ်။ သမီး ဆီ ဆက်ဆက်စာရေးနော်”

“အေး...ဒါပဲသမီး။ ဖုန်းချလိုက် တော့”



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူလည်း ဖုန်းချလိုက်ပြီး စာရေးသူ ဗေဒင်ဟောခန်းထဲသို့ ပြန်ထွက်လာရင်း သားဦးစနေ မွေးရင် ကောင်းအောင် ဘာလုပ်ကြမလဲဆိုတဲ့ ခေါင်းစဉ်နဲ့ ရောင်ပြန်မဂ္ဂဇင်းတိုက်သို့ စာမူပို့ရန်တွေးပြီး လက်တွေ့အကောင်အထည်ဖော်ရန် ပြင်ဆင်ပါတော့သည်။

× × ×

သားဦးစနေ မီးလို မွေ့ဟူသော စကားအရ စနေအဦးဖွားသော မိဘတို့မှာ စိတ်သောကရောက်ရခြင်း စသော မကောင်းကျိုးတို့ကို အခိုက်အတန့် တွေ့ကြုံရသည်က များကြသဖြင့် ဓာတ်ဆင်လျက် ကောင်းမွန်အောင် ပြုလုပ်သင့်ပါသည်။

ပြုလုပ်ရန် ဥပမာ -

တနင်္ဂနွေမိဘများ၌ အစဦး စနေ သားသမီးမွေးခဲ့ပါလျှင် မိဘနှစ်ပါးစလုံး အာယုဖြစ်သော တနင်္လာ အရှေ့အရပ်တွင် မွေးနံ့ပင်ဖြစ်သော အုန်းပင်ကို ဖြစ်စေ၊ အင်ပင်ကိုဖြစ်စေ ထိုအပင်အောက်တွင် တတ်နိုင်သမျှ ကန်တော့ပွဲပြင်ခြင်း၊ မတတ်နိုင်သူမှာ ဆူးမပါသောပန်းကို တင်လှူပေးခြင်း စသည်တို့ကို တစ်ခုမကျန် စုံလင်စွာပြု၍ ဆုတောင်းရမည်ဖြစ်ပါသည်။

ဤတွင် ကန်တော့ပွဲပေးရာ၌ ငါးပွဲဖြစ်၍ အလိုက်သင့်ထားရမည်။ မတတ်နိုင်သူများမှာ ဆူးမပါသောပန်း ငါးပန်းကန်ပြားကို တစ်ပန်းကန်လျှင် ဆူးမပါသောပန်း ၁၀၈ ပွင့်ထည့်၍ ထား ကန်တော့ပွဲ၊ ပန်းပွဲ အစုံအလင် ပြုနိုင်သူအဖို့ သာ၍ကောင်းပါ၏။ ထို ငါးပွဲတွင် ပထမပွဲကို ရတနာသုံးပါးအား မှန်း၍လှူ၊ ဒုတိယပွဲကို သမ္မာဒေဝနတ်၊ တတိယပွဲကို ရက္ခစိုးနတ်၊ စတုတ္ထပွဲကို ဘုမ္မစိုးနတ်၊ ပဥ္စမပွဲကို ဆိုင်ရာနတ်များအား အသီးသီးရည်စူး၍ လှူဒါန်းပြီး ဆုတောင်းရမည်ဖြစ်ပါသည်။

## စနေကို ၈ နေ့ အမိ၊ အဘ အုပ်သော သစ်ပင်များ

တနင်္ဂနွေ - အမိ၊ အဘ၌ စနေကို တနင်္ဂနွေအုပ်သဖြင့် ထနောင်း။

တနင်္လာ - အမိ၊ အဘ၌ စနေကို တနင်္လာအုပ်သဖြင့် နပ်ချို၊ နွယ်ချို။

အင်္ဂါ - အမိ၊ အဘ၌ စနေကို အင်္ဂါအုပ်သဖြင့် တဖောင်း။

ဗုဒ္ဓဟူး - အမိ၊ အဘ၌ စနေကို ဗုဒ္ဓဟူးအုပ်သဖြင့် ဒေါင့်ဒလိမ်။

ကြာသပတေး-အမိ၊ အဘ၌ စနေကို ကြာသပတေးအုပ်သဖြင့် တမာ။

သောကြာ - အမိ၊ အဘ၌ စနေကို သောကြာအုပ်သဖြင့် ဒဟတ်။

စနေ - အမိ၊ အဘ၌ စနေကို စနေအုပ်သဖြင့် ဒူးရင်း။

ဤသို့ စသည်ဖြင့် ရှစ်ခု ရှစ်နေ့တို့အတွက် အလွယ်တကူကောက်ယူစေနိုင်ရန် ဖော်ပြလိုက်ရပေသည်။

ဓာတ်ဆင်ရန် ဥပမာ -

အဘက တနင်္ဂနွေ၊ အမိကလည်း တနင်္ဂနွေဖြစ်၍ သားဦးစနေဖွားခဲ့လျှင် ထနောင်းသား နှစ်ခုကို သားစနေ၏ ဘုမ္မိဖြစ်သော သောကြာ မြောက်အရပ်သို့ စနေ၏ဆပွတ်ဖြစ်သော ကြာသပတေးသားသမီးကို စွန့်ခိုင်းပါလေ။ စွန့်ရာတွင် ဝေးရာအရပ်ဖြစ်ပါစေ။ ဤသို့စွန့်ရာ၌ ဘုမ္မိဖြစ်သော သောကြာ မြောက်အရပ်နှင့် စွန့်သောသားသမီးမှာ ကြာသပတေးတို့ကို ပုံသေမှတ်ကာ ပြုလုပ်ရမည်။

အကယ်၍ . . .တနင်္လာအဘ၊ တနင်္လာအမိတို့သည် သားဦးစနေဖွားမြင်လည်း နပ်ချိုကို အထက်ကနည်းအတိုင်း မြောက်အရပ်သို့ ကြာသပတေးသားသမီးကို စွန့်ခိုင်းရပါမည်။ မိဘနှစ်ပါးသည် အင်္ဂါဖြစ်က တဖောင်း၊ ဗုဒ္ဓဟူးဖြစ်က ဒေါင့်ဒလိမ်၊ စနေဖြစ်က ထနောင်း၊ ကြာသပတေးဖြစ်က တမာ၊ သောကြာဖြစ်က ဒဟတ်၊ ရာဟုဖြစ်က ဒူးရင်း အညွန့်အခက်များကို မြောက်အရပ်သို့ ကြာသပတေးသားသမီးအား စွန့်ခိုင်းရမှာ ဖြစ်ပါသည်။

အကယ်၍ တနင်္ဂနွေအဘ၊ တနင်္လာအမိဖြစ်လျှင် ထနောင်း၊ နပ်ချို နှစ်ခုကိုတွဲ၍ ပြုလုပ်နိုင်သည်။ တနင်္လာ အဘ၊ အင်္ဂါအမိဟူ၍ ကွဲလွဲချက်ရှိက နပ်ချိုနှင့် တဖောင်း နှစ်ခုကိုတွဲ၍ ပြုလုပ်နိုင်သည်။

အဘက ဗုဒ္ဓဟူး၊ အမိက စနေဖြစ်လျှင် ဒေါင့်ဒလိမ်နှင့် ထနောင်းနှစ်ခုကို တွဲ၍ပြုလုပ်နိုင်ပါသည်။

ဤကား မိဘနှစ်ပါးတို့သည် သားဦးစနေ မွေးဖွားလျှင် ကောင်းအောင် ဓာတ်ဆင်နည်း ဖြစ်ပါသည်။

ယခုတစ်ဖန် သားသမီးအဖတ် တင်အောင် ဓာတ်ဆင်နည်းကို ဆက်လက်တင်ပြပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

## သားသမီးအဖတ်တင်စေခြင်
## ဓာတ်ဆင်ပုံ

လောကမှာ လူတို့တွင် သားသမီးမရခြင်း၊ အကြိမ်ကြိမ်ဖွားသော်လည်း အဖတ်မတင်ခြင်း စသည်တို့မှ လွတ်ကင်းရန် ပြုပေးပါဟု ပေါ်ပေါက်လာသော အမှုကိစ္စ၌ မိဘတို့၏ ဇာတာမှာ ပုတ္တရာဘာဝခွင်တွင် ပါပချဉ်းနင်းခြင်း၊ ကံနိမိတ်ကို ပထမကြည့်ရှု၍ ထံရင်းအကြောင်းကောင်းသော သောမ၊ ဗုဒ္ဓရခွင်၌ ဗုဒ္ဓဟူးစသည့် ကောက်ချက်မတွေ့မှ ထိုလူအား သတိထား၍ ဓာတ်ဆင်ခြင်းကိုပြုရမှာဖြစ်သည်။ ကံနည်းသောသူကို ဓာတ်ဆင်၍ ပြုပေးခဲ့လျှင် ဆရာအပေါ် နောင်အခါ မဖြစ်မှာ ပြစ်တင်စွပ်စွဲခြင်း ခံရတတ်သောကြောင့် မူလအကြောင်းအရင်းကို ကောင်းမကောင်း သတိပြု၍ ရှာဖွေတွက်စစ်ပြီးမှ ပြုသင့်ပါသည်။

အဖတ်မတင်သူ၊ ခဏခဏပျက်သူတို့မှာ မိဘတို့ကို စန်းလက်ဖွားသော သူငယ်၏ပျက်ရသော အကြောင်းကို ရှာလျက် ယတြာပြုပြီးမှ ဓာတ်ဆင်၍ ပေးပါ။ ဤသို့ ဓာတ်ဆင်ပေးရာ၌ ယတြာကို ပထမပြုသင့်၏။ သို့မှသာ ဆရာမှာလည်း ပေါ်ထင်ကာ ယက်ရှင်မှာလည်း လိုအင်ဆန္ဒပြည့်စုံပြီး အကျိုးထူးခံစားရသော အစီအရင်ဖြစ်ပါသည်။

ဥပမာ - ၅ ကြိမ်သားသမီး အတွက် ဓာတ်ဆင်ရန်...

ကြာသပတေး၏ အာယုအရပ်မှာ ဆိုအပ်သော အနောက်မြောက်ထောင့်တွင် တတ်နိုင်သူမှာ ကန်တော့ပွဲ ၅ ပွဲပြင်၍ အလိုက်သင့်ထား၊ မတတ်နိုင်သူများမှာ ဆူးမပါသော ပန်း ၅ ပန်းကန်ကို တစ်ပန်းကန်လျှင် ပန်း ၁၀၈ ပွင့်စီ၊ သို့မဟုတ် အညွန့် ၁၀၈ ညွန့် ထည့်၍ထား။ ကန်တော့ပွဲ၊ ပန်းပွဲ အစုံအလင်ပြုက သာ၍ကောင်းပါ၏။ ထို ၅ ပွဲမှာလည်း ပထမပွဲကို ရတနာသုံးပါးအား မှန်း၍လှူ။ ဒုတိယပွဲကို သမ္မာဒေဝနတ်၊ တတိယပွဲကို ရက္ခစိုးနတ်၊ စတုတ္ထပွဲကို ဘုမ္မစိုးနတ်၊ ပဉ္စမပွဲကို ဆိုင်ရာနတ်များအား အသီးသီးရည်စူး၍ လှူဒါန်းပြီး ဆုတောင်းပါ။

အထောက်သာဓက သက်သေမှာ -

> တေသံ ဒိဝါစ ရတ္တောစ၊
> ဟရန္တိ ယေဗလိ၊
> တသ္မာ ဟိ နေ
> ရက္ခတ အပ္ပမတ္တာ။

ဟူသော ရတနသုတ်ပါဠိတော်အရ ဗလိနတ်စာ လှူဒါန်းကြသဖြင့် ထိုထိုနတ်တို့ စောင့်ရှောက်ကြောင်း သိနိုင်ပါသည်။ ထိုကြာသပတေးနံ အပင်ရင်းတွင် ခင်းထားသောနေရာနှင့် ကန်တော့ပွဲတို့ကို ပြင်ဆင်လှူဒါန်းဆုတောင်း၍ အရပ်ရှစ်မျက်နှာတွင် မိမိနံကို ကြာသပတေးအုပ်သော အရွက်၊ အကိုင်း။ ဝတ္ထုတစ်ခုခုကို ⁽ ဓာတ်စီးထား၍လည်းကောင်း၊ ရှစ်ခုစလုံးတို့ကို ပေါင်းစည်း၍ ထိုပွဲရှေ့တွင် ဆုတောင်းအပ်နံပြုပါလေ။

အရပ်ရှစ်မျက်နှာတွင် ကြာသပတေးနံအုပ်သောအပင်များကို အဆင်သင့်သိလွယ်ရန် ဖော်ပြရလျှင် -

၁။ တနင်္ဂနွေ - အရှေ့မြောက်အရပ်တွင် ဓောင်မည်းဖြူ။

၂။ တနင်္လာ - အရှေ့အရပ်တွင် ကင်ပွန်းခက်၊

၃။ အင်္ဂါ - အရှေ့တောင်အရပ်တွင် စံပယ်ခက်၊

၄။ ဗုဒ္ဓဟူး - တောင်စူးစူးအရပ်တွင် လက်ပံခက်၊

၅။ စနေ - အနောက်တောင်ထောင့်အရပ်တွင် တမာခက်၊

၆။ ကြာသပတေး - အနောက်စူးစူးအရပ်တွင် ပေါက်ပန်းဖြူ။

၇။ ရာဟု - အနောက်မြောက်အရပ်တွင် ရင်းမာခက်၊

၈။ သောကြာ - မြောက်စူးစူးအရပ်တွင် သပြေခက်၊

၎င်းအခက် ရှစ်မျိုးကို အထက်က အဆိုပါအတိုင်း စည်း၍ မိမိနံပင်အောက်မှာ ကန်တော့ပွဲတွင်ထား၍ "ခုနစ်ရက်သားသမီးတွင် မိမိနှင့်တိုက်သောနေ့သားကို ကောင်းမွန်စွာ ရပါစေသတည်း"ဟု ဆုတောင်းပတ္ထနာပြုပြီးမှ ကန်တော့ပွဲတို့ကို အစီအစဉ်အတိုင်း စွန့်ရမည်။ စွန့်ရန်မှာ ရတနာသုံးပါးပွဲကို ရဟန်းသံဃာ လိုရာကိုလှူ။ ဒုတိယ သမ္မာဒေဝနတ်ပွဲနှင့် ပဉ္စမဆိုင်ရာနတ်ပွဲကို ကူညီဝိုင်းဝန်းသူတို့အား အလိုရှိသလိုပေးပါ။ တတိယ ရက္ခစိုးပွဲကို သစ်ပင်ခွကြားမှာတင်၍ လှူထား။ စတုတ္ထ ဘုမ္မစိုးနတ်ပွဲကို ထိုသစ်ပင်ရင်းတွင် စွန့်လှူထားခြင်း စသည်ကို အလိုက်သင့်ပြုလုပ်ရမည်။

ကန်တော့ပွဲ ပြုလုပ်နိုင်သူများမှာ ထိုပွဲမှ သစ်သီးတစ်ခုခုကို တောင်းခံယူ၍စား၊ ပန်းကိုသာပြုနိုင်သူတို့မှာ



www.burmeseclassic.com

www.burmeseclassic.com

တချို့တောင်းခံယူဆောင်၍ မိမိအိပ်ရာခေါင်းရင်း၌လည်းကောင်း၊ ခေါင်းအုံး၌လည်းကောင်း၊ ဦးခေါင်း၌လည်းကောင်း ထားအိပ်ခြင်း၊ ပန်ဆင်ခြင်းပြုနိုင်သည်။ ထို့ပြင် အခက်ရှစ်ခက်စည်းလျက် ပွဲတင်ထားသော အကိုင်းအခက်တို့ကို ယူဆောင်ခဲ့ပြီး ရေလောင်းပြီးလျှင် မိမိအိမ်၏ သင့်ရာ အရပ်ရှစ်မျက်နှာအရပ်၌ မိမိအိပ်သောအခန်း၏ အရပ်ရှစ်မျက်နှာ၌လည်းကောင်း ထား၍ မပျောက်မပျက်ပြုထားပါ။ ၎င်းအခက်များ ရက်ကြာ၍ လဲလှယ်လိုလျှင် ရှိပြီးအဟောင်းကို မစွန့်ပစ်ဘဲ အသစ်ထပ်မံ၍ ထားရလေ၏။ ဤသို့ပြုသဖြင့် ညီညွတ်မည့် အကြောင်းရင်း ပါသူမှာ နိမိတ်ထူး၊ အိပ်မက်ထူးများကို ထင်ရှားစွာတွေ့မြင်ပါလိမ့်မည်။

## သားသမီး အဖတ်မတင်သူ စာတ်ဆင်ပုံ

သားသမီးမွေးလျက် အဖတ်မတင်သော မိန်းမတို့မှာ အထက်ကပြဆိုခဲ့သောနည်းကို ယုဉ်မီ၍ အစဉ်အတိုင်းပင် တစ်ခုမလွဲ ဒွာန်ကရိယာ်းကျကျပြုပြီးသောအခါ၌ မွေးနံပင်တွင် ရှစ်မျက်နှာအခက်တို့ကို မဆွဲမချိတ်ဘဲ မြစ်တွင်ဖြစ်စေ၊ တနင်္ဂနွေ၊ တနင်္လာ စဉ်လျက် ဘုမ္မိအရပ်တို့တွင် ဆပွတ်သားသမီးကို ဆုတောင်း၍ စွန့်ခိုင်းပါ။

၁။ တနင်္ဂနွေနေ့ အောင်မည်းဖြူခက် တောင်အရပ်တွင် သောကြာသားကို စွန့်ခိုင်းပါလေ။

၂။ တနင်္လာနေ့တွင် ကင်ပွန်းခက်ကို အနောက်တောင်အရပ်တွင် စနေသားကို စွန့်ခိုင်းပါလေ့။

၃။ အင်္ဂါနေ့ စံပယ်ခက်ကို အနောက်အရပ်တွင် တနင်္ဂနွေသားကို စွန့်ခိုင်းပါလေ။

၄။ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် လက်ပံခက်ကို အနောက်မြောက်အရပ်တွင် တနင်္လာသားကို စွန့်ခိုင်းပါလေ။

၅။ စနေနေ့ တမာခက်ကို မြောက်အရပ်တွင် ကြာသပတေးသားကို စွန့်ခိုင်းပါလေ။

၆။ ကြာသပတေးနေ့ ပေါက်ပန်းဖြူခက်ကို အရှေ့မြောက်အရပ်တွင် အင်္ဂါသားကို စွန့်ခိုင်းပါလေ။

၇။ ဗုဒ္ဓဟူးနေ့ ညပိုင်းမှာ ရင်းမာခက်ကို အရှေ့အရပ်တွင် တနင်္လာသားကို စွန့်ခိုင်းပါလေ။

၈။ သောကြာနေ့ သပြေခက်ကို အရှေ့မြောက်အရပ်တွင် ဗုဒ္ဓဟူးသားကို စွန့်ခိုင်းပါလေ။

ဤသို့ ခုနစ်နေ့ ရှစ်ခုတွဲလျက် ဆုတောင်း၍ စွန့်ခြင်းကို ပြုလုပ်ပြီးမှ အထက်က မိမိအိမ်တွင် အတွင်းရှစ်မျက်နှာ၌ထားသော အစီအရင်တို့ကို ပြုရမည်။

ကန်တော့ပွဲ ငါးပွဲအနက် အလယ်ရက္ခစိုးပွဲမှ သစ်သီး၊ ပန်း အချို့တို့ကို ဆုတောင်းပတ္ထနာပြု၍ စားခြင်း၊ ဆောင်ခြင်းတို့ကို စုံလင်စွာ ပြုလုပ်ပါက အကြောင်းနိမိတ်ထူးများကို ထင်ရှားစွာတွေ့မြင်ရပါလိမ့်မည်။ ထိုနိမိတ်ကို ယူဆ၍ မကောင်းတွေ့လျှင် မအောင်မြင်ဟုမှတ်၊ ထို့ကြောင့် နောက်ထပ် ရက်ကောင်းနေ့ကောင်း မွေးနေ့နှင့် ဆုံအောင် ရွေးချယ်၍ ပြန်ပြုလုပ်ရမှာဖြစ်ပါသည်။

၁ နွေသားသမီး၏ အာယုဗြိုဟ်ထောင့်(၂ လာအရပ်) = အရှေ့အရပ်

၂ လာသားသမီး၏ အာယုဗြိုဟ်ထောင့် (၃ဂါအရပ်) = အရှေ့တောင်အရပ်၊

၃ ဂါသားသမီး၏ အာယုဗြိုဟ်ထောင့် (၄ဟူးအရပ်)= တောင်အရပ်

၄ ဟူးသားသမီး၏ အာယုဗြိုဟ်ထောင့် (စနေအရပ်) = အနောက်တောင်အရပ်၊

၅. တေးသားသမီး၏ အာယုဗြိုဟ်ထောင့်(ရာဟုအရပ်)= အနောက်မြောက်အရပ်၊

၆ ကြာသားသမီး၏ အာယုဗြိုဟ်ထောင့် (၁နွေအရပ်)= အရှေ့မြောက်အရပ်၊

စနေသားသမီး၏ အာယုဗြိုဟ်ထောင့် (၅တေးအရပ်) = အနောက်အရပ်။

**ဆရာဝေယံဦး**
**လူမှုထူးချွန်(ဒုတိယဆင့်)**

ကျမ်းကိုး

အင်္ဂဝိဇ္ဇာအဖွင့် ဟိတသိဒ္ဓိခေါ် ဓာတ်ရိုက်ဓာတ်ဆင် ငါဘုရင်ကျမ်း၊ ၁၉၆၀။



www.burmeseclassic.com

www.burmeseclassic.com

# သားကောင်းမိခင်ဂါထာ

အောင်သာထွန်းဝေ

သားသမီးရတနာကို မိခင်တိုင်းက လိုလားကြသည်။ သားလိမ္မာ၊ သမီးလိမ္မာများကို ရရှိကြဖို့ မိဘတို့သည် မိမိတို့တတ်သည့် နားလည်သည့် နည်းလမ်းများဖြင့် ကောင်းမှုပြု တောင်းဆုပြုလေ့ ရှိကြပါသည်။

စာရေးသူသည် ဆရာစဉ်ဆက် ပြောစကားအရ မှတ်သားခဲ့ရသော နည်းကောင်းတစ်ခုကို လက်တွေ့ အသုံးချခဲ့ဖူးပါသည်။ စာရေးသူ၏ အသိမိတ်ဆွေ ဇနီးမောင်နှံနှစ်ဦးသည် သားသမီးရစေကြောင်း နည်းလမ်းကောင်းကို လာရောက်တောင်းခံခဲ့ပါသည်။

သူတို့ ဇနီးမောင်နှံသည် လက်ထပ်ပြီးခါစ ဇနီးမောင်နှံ ဖြစ်သည်။ သူတို့လိုချင်သည့် ဆန္ဒမှာ သားဦး ယောက်ျားလေးဖြစ်ပြီး လိမ္မာယဉ်ကျေးသည့် သားကောင်းရတနာလည်း ဖြစ်စေရပါမည်။ ယောက်ျားလည်း ပီသရပါမည်။

စာရေးသူက နည်းပေးဖို့တော့ မခက်ပါ။ ယုံယုံကြည်ကြည်နှင့်သာ ဆောင်ရွက်ဖို့လိုကြောင်း ပြောပြီး အောက်ပါအတိုင်းနည်း လမ်းပေးခဲ့ပါသည်။

ရွှေတိဂုံစေတီ အင်္ဂါထောင့်တွင် ဗြဟ္မာမင်းသားပိုက် ရုပ်တု ၂ ခု ရှိပါသည်။

ယောက်ျားလေး လိုချင်သော မိဘတို့သည် မြတ်စွာဘုရား၏ လက်ယာဘက်တွင်ရှိသော ဗြဟ္မာမင်းထံတွင် သားဆုပန်ရပါမည်။ မိန်းကလေးအလိုရှိသော မိဘတို့သည် လက်ဝဲဘက်တွင်ရှိသော ဗြဟ္မာမင်းထံတွင် သားဆုပန်ဆင်ရပါမည်။ သားဆုပန်ဆင်ပုံမှာ...

(၁) ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ စသည်တို့ကို ဆက်ကပ်လှူဒါန်းရပါမည်။ ငါးပါးသီလ ဆောက်တည်ရပါမည်။

(၂) ထို့နောက် မိမိပြုသမျှ ကောင်းမှုကုသိုလ် အဝဝကို အလုံးစုံသော နတ်လူပြဟ္မာ သတ္တဝါများနှင့်တကွ ဗြဟ္မာသားပိုက် ရုပ်တုကြီးများကိုပါ လေးလေးနက်နက် အမျှအတန်း ပေးဝေရပါမည်။

(၃) ထို့နောက် မိမိသားဆုပန်လိုသော ဗြဟ္မာရုပ်တုကြီးရှေ့တွင် မိမိလိုချင်သော သားသမီးရတနာကို သုံးကြိမ်တိုင်တိုင် ဆုတောင်းရပါမည်။

(၄) ယောက်ျားလေး လိုချင်သော မိဘများက ယောက်ျားလေးပုံ အရုပ်လှလှလေးတစ်ရုပ်ကို ဗြဟ္မာရုပ်တုကြီး၏ ခြေထောက်နားတွင် ချထားရပါမည်။ မိန်းကလေး လိုချင်သော မိဘများလည်း ထို့အတူ ပြုလုပ်ရပါမည်။

(၅) အကယ်၍ ရွှေတိဂုံစေတီတော်သို့ သွားရလာရ ခက်ခဲပါက ဗြဟ္မာမင်းသားပိုက် ရုပ်တုပုံများကို ဓာတ်ပုံရလျှင် မှန်ပေါင်သွင်းပြီး မိမိနေအိမ်မှနေ၍ အထက်ပါအတိုင်း ဆောင်ရွက်သွားရမည်။

(၆) တစ်ကြိမ်တစ်ခါတည်းကို ယုံယုံကြည်ကြည်ဖြင့် ဆောင်ရွက်လျှင်ရပါသည်။ အကယ်၍ မိမိဆန္ဒအလျောက် အကြိမ်ကြိမ်အခါခါ ဆောင်ရွက်လျှင်လည်း ပို၍အကျိုးထူးပါသည်။

စာရေးသူသည် အထက်ပါနည်းကို ထိုဇနီးမောင်နှံအား လက်ဆင့်ကမ်း၍ ပေးလိုက်ပါသည်။ ဇနီးမောင်နှံ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးလုံး ယုံယုံကြည်ကြည်ဖြင့်ပင် ရုံးပိတ်ရက်တစ်ရက်တွင် ရွှေတိဂုံစေတီတော်၌ ဆောင်ရွက်ခဲ့ပါသည်။ သူတို့သည် အလွယ်တကူ ဝယ်ယူရရှိသော ဖိုးဝရုပ်လှလှလေးတစ်ခုဖြင့် တောင်းဆုပြုခဲ့ပါသည်။

ယုံကြည်မှု၏ အကျိုးကို ခံစားကြရပါသည်။ သူတို့ လိုလားသည့်ဆန္ဒအတိုင်း သားဦးကလေးမှာ ယောကျ်ားလေးဖြစ်ပြီး ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ် သားလေးကို ပိုင်ဆိုင်ခဲ့ရပါသည်။ စာရေးသူကိုလည်း သူတို့ဆန္ဒပြည့်ဝသည့်အကြောင်း သတင်းကောင်းပါးခဲ့ပါသည်။

ဤဖြစ်ရပ်သည် ယုံတမ်းစကား မဟုတ်ပါ။ အမှန်တကယ် ကောင်းကျိုးဖြစ်ထွန်းခဲ့သဖြင့် ရှေးလူကြီးမိဘဆရာတို့၏ လက်ဆင့်ကမ်းစကားကို နည်းကောင်းတစ်ခုအနေဖြင့် ပြန်လည်ဖော်ထုတ်ပေးခြင်း ဖြစ်ပါသည်။ ကာယကံရှင်ဇနီးမောင်နှံက သူတို့၏ အမည်နာမကို ထုတ်ဖော်ရေးသားခွင့်မပြု၍ ဖြစ်ရပ်မှန်ကိုသာ အမည်နာမ မဖော်ဘဲ တင်ပြရခြင်း ဖြစ်ပါသည်။

ဤနည်းလမ်းအတွက် အချိန်နှင့်ရက် ရွေးစရာမလိုပါ။ ယုံကြည်မှုသာ လိုပါသည်။ အရုပ် မတတ်နိုင်သူများအတွက်လည်း လက်အုပ်ချီ အာရုံပြု၍ ဆုတောင်းနိုင်ပါသည်။

သားကောင်းရတနာ၊ သမီးကောင်းရတနာ လိုချင်သည့် မိဘတိုင်းအတွက် စာရေးသူ လက်ဝယ်ရရှိထားသည့် နည်းလမ်းကို အပြည့်အစုံ ဖော်ပြလိုက်ပါသည်။ ထိုကဲ့သို့ သားဆုပန်ပြီးနောက် အိမ်ထောင်ရှင် အမျိုးသမီးသည် 'သားကောင်းမိခင် ဂါထာတော်' ကို အစဉ်ရွတ်ဆိုနေရမှာမည်။

ထိုဂါထာတော်ကို မြတ်စွာဘုရားကိုယ်တိုင် မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်တွင် ဟောကြားတော်မူခဲ့ပါသည်။ ဤသုတ်တော်ကို အကျယ် မညွှန်းလိုတော့ပါ။

အထူးဆိုရသော်...

သားသမီး အဖတ်တင်လိုသူများ ဖော်ပြပါ သားကောင်းမိခင် ဂါထာကို ယုံကြည်စွာ ရွတ်ဆိုပွားများပါ။

မွေးဖွားလာသော ကလေးများအား လိမ္မာရေးခြားရှိရေး၊ လူကောင်းလူတော်ကလေးများ ဖြစ်လာကြပြီး အသက်ရှည်ကြစေလိုလျှင် ဤဂါထာကို ရွတ်ဆိုပွားများပါဟူ၍သာ တိုက်တွန်းလိုပါသည်။

**သားကောင်းမိခင်ဂါထာ**

**ယော မေ အယံ ဘန္တေ၊**
**ကုစ္ဆိဂတော ကုမာရော ဝေါ၊**
**ကုမာရိကာ ဝေါ၊**
**သော ဘဂဝန္တံ သရဏံ ဂစ္ဆတိ ဓမ္မဉ္စ။**
**ဘိက္ခုသံဃဉ္စ ဥပါသကံ တံ၊**
**ဘဂဝါ ဓာရေတု၊**
**အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။**

ဂါထာအနက်

ဘန္တေ-အရှင်ဘုရား။ မေ-တပည့်တော်၏။ ကုစ္ဆိဂတော-ဝမ်း၌တည်သော။ ယောအယံကုမာရသော ဝေါ-အကြင်သတို့သားသည်လည်းကောင်း။ အတ္ထိ-ရှိ၏။ သော-ထိုသန္တေသားသည်။ ဘဂဝန္တံ-မြတ်စွာဘုရားကို။ သရဏံ-ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ-ဆည်းကပ်ပါ၏။ ဓမ္မဉ္စ-တရားတော်မြတ်ကိုလည်း။ သရဏံ-ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ-ဆည်းကပ်ပါ၏။ ဘိက္ခုသံဃဉ္စ-ရဟန်းသံဃာတော်ကိုလည်း။ သရဏံ-ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ-ဆည်းကပ်ပါ၏။

ဘဂဝါ-မြတ်စွာဘုရားသည်။ တံ- ထိုပဋိသန္ဓေသားကို။ အဇ္ဇတဂ္ဂေ-ယနေ့မှစ၍။ ပါဏုပေတံ-အသက်ထက်ဆုံး။ သရဏံ-ဆည်းကပ်တတ်သူဟူ၍။ ဓာရေတု-မှတ်ယူတော်မူပါဘုရား။

အောင်သာကြွန်းဝေ




www.burmeseclassic.com

www.burmeseclassic.com

# လိုတရစေသော ထူးဆန်းသည့် မန္တာလေး

မင်းသိခ်



တစ်နေ့သ၌ ရောင်ပြန်မဂ္ဂဇင်းမှ အယ်ဒီတာ မောင်မောင်မြင့်အေးသည် ကျွန်ုပ်ထံသို့ ရောက်လာ၏။ သူ၏ လက်ထဲတွင် ကျွန်ုပ်စားရန်အတွက် ထည့်၍ယူလာသော ထမင်းချိုင့် တစ်ချိုင့်လည်း ပါလာ၏။ ကျွန်ုပ်သည် သူ၏ ထမင်းချိုင့်ကို လွန်စွာ စိတ်ဝင်စားနေ၏။ ထို့ကြောင့်...

"ဘာဟင်းလဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ၎င်းက...

"ဝက်သားဟင်း ဆရာကြီး"

ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က...

"စကားစပ်လို့ ပြောဦးမယ်ကွ၊ ငါတို့အမေဘက်က အမျိုးတစ်မျိုးလုံး က ဝက်သား မစားကြဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ အမေ့ဘက်က မျိုးဆက်တစ်နေရာမှာ ဝက်သားမစား တဲ့ လူတစ်ယောက် ပါလာလိမ့်မယ် ကွ၊ အဲဒီကနေ ဆင်းသက်ပြီး ဝက် သားမစားတဲ့ အစဉ်အလာ ဖြစ်လာ ဟန်တူတယ်။ တို့အမေလည်း မစား ဘူးကွ၊ အိမ်ပေါ်ကို ဝက်သား[illegible] တာ မပြောနဲ့၊ ဝက်ဆိုတဲ့ အသံထွက်



www.burmeseclassic.com

www.burmeseclassic.com

ကိုတောင် မပြောရဘူးကွ၊ မျိုးရိုးအစဉ်အလာကို စောင့်ထိန်းတဲ့သဘောပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက...

"အဲဒီလိုဆို ဆရာကြီးကော မစားဘူးပေါ့"

ဟု ပြန်၍မေးလေ၏။

"ငါကတော့ စားတယ်ကွ၊ အဲဒီအသားကို ကြိုက်လည်းကြိုက်တယ်၊ အသားရယ်၊ အဆီရယ်၊ အခေါက်ရယ် သုံးမျိုးစလုံး စားလို့ကောင်းတယ်ဟေ့၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ အမေ့အိမ်မှာနေရင်တော့ ဘယ်စားလို့ရမလဲ။ အပြင်မှာ စားတာပေါ့၊ ဒါပေမဲ့ အိမ်ကနေ ထွက်သွားကာနဲ့ ထမင်းဆိုင်မှာစားရင် ဝက်သားပဲ စားတယ်၊ အဲဒီအသံထွက်ကို ငါကြိုက်တယ်ကွ၊ ဝက်လို့အသံထွက်ရင် နှုတ်ခမ်းလေးကိုဝိုင်းပြီး အသံထွက်ရတာ၊ အဲဒီအသံထွက်ဟာ ဆိုလို့ သိပ်ကောင်းတာပဲ"

"ဝက်"

ဟု ကျွန်ုပ်က ရွတ်ဆိုလိုက်လေ၏။

"ဆရာကြီးဆီကို ကျွန်တော် ထမင်းချိုင့် ယူလာရတာ ထမင်းချိုင့်က အခက်အခဲ မဟုတ်ဘူး၊ ဒီထမင်းချိုင့်ဖိုးကလည်း ပြဿနာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အင်းစိန်ကနေ သုဝဏ္ဏကို ကားစီးရတာ ဒုက္ခပေါ့ ဆရာရယ်၊ ဟင်းတွေ ဖိတ်မကျအောင် ဂရုစိုက်ရတယ်၊ နောက်က ဆောင့်တွန်းလိုက်လို့ ချိုင့်ကြီးပြုတ်မကျအောင် ထိန်းထားရတယ်၊ ဆရာက ပြီးခဲ့တဲ့လ ရောင်ပြန်မဂ္ဂဇင်းမှာ ကားရောင်းနည်းလို့ ရေးထားတယ်၊ ကားရောင်းချင်တဲ့လူတွေကတော့ ကြိုက်ကြမှာပေါ့။ ဒါပေမဲ့ အဲဒီအကြောင်းအရာဟာ ကျွန်တော်တို့နဲ့ မပတ်သက်ဘူး ဆရာရဲ့၊ ကျွန်တော်တို့မှာ ရောင်းစရာ ကားမှမရှိဘဲ၊ ရောင်းစရာ မြေလည်း မရှိဘူး။ အမှန်တကယ် ဆရာကြီး ရေးသင့်တာက ကားမရှိတဲ့လူမျိုးက လိုချင်ရင် ဘယ်လိုလုပ်ရမလဲ ဆိုတာမျိုး ဆရာကြီးတို့ ပညာမှာ ပါသလား၊ ပါရင် အဲဒါကို ရေးပြပါ"

ဟု ပြောလေ၏။

"ဒါကတော့ မောင်မောင်မြင့်အေးရယ်၊ ကားလိုချင်ရင် ပိုက်ဆံရှာပေါ့၊ ကားဝယ်ဖို့ ပိုက်ဆံရရင် ဝယ်ပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်မောင်မြင့်အေးက ရယ်လေ၏။

"ဒါကတော့ ဆရာကြီး ပြောမှလား ဆရာကြီးရယ်၊ ပိုက်ဆံရှိရင် ဝယ်လို့ရတာပေါ့၊ အခုဟာက ပိုက်ဆံမရှိလို့ ခက်နေတာ၊ ဆရာကြီးကတော့ ဆရာကြီးဟာ ဆရာကြီး ဟုတ်နေတာပဲ၊ ဆုတောင်းပြည့်နေတာပဲ၊ လိုချင်တာလေးတွေ သူ့ဟာသူ ဖြစ်ဖြစ်လာတယ်၊ ဥုံကလေးရွတ်လိုက်၊ ဆုတောင်းပြည့်လိုက်နဲ့၊ လိုတာပြည့်နေတာပဲ၊ အေးချမ်းနေတာပဲ။ ကျွန်တော်တို့ကတော့ မအေးချမ်းဘူး ဆရာရဲ့၊ ပြီးတော့ ဆရာကြီးမှာက မိန်းမလည်း မရှိ၊ သားသမီးလည်း မရှိဆိုတော့ ကျွန်တော်တို့လောက် ပူစရာ ပင်စရာ မရှိဘူးပေါ့"

"ကျွန်တော်တို့မှာကတော့ မိန်းမလည်း ရှိတယ်၊ သားနှစ်ယောက်လည်း ရှိတယ်၊ အားလုံးကလည်း စားကောင်းသောက်ကောင်းတဲ့ အရွယ်တွေချည်းပဲ။ တစ်ခု ပူဆာလို့မှ မပြီးသေးဘူး၊ နောက်တစ်ခု ပူဆာပြန်ရော ဆရာရေ၊ ကျွန်တော့်မှာ အဲဒီသုံးယောက်နဲ့ ဂျင်ဂျင်ကို လည်နေတော့တာပဲ၊ ကြာတော့လည်း ဆရာရယ် ပူပန်များတော့ ကျွန်တော့်ဆံပင်တွေ ကျွတ်လာတယ်၊ အခုတော့ တော်တော်ပြောင်သွားပြီ ဆရာရဲ့၊ စိတ်ညစ်လိုက်တာများ မပြောပါနဲ့တော့ ဆရာရယ်"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က...

"ဘာဖြစ်လို့ စိတ်ညစ်တာလဲ မောင်မောင်မြင့်အေးရဲ့"

ဟု မေးရာ မောင်မောင်မြင့်အေးက...

"ဆံပင်တွေကျွတ်ပြီး ခေါင်းနည်းနည်းပြောင်လာလို့ စိတ်ညစ်တာပေါ့"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က...

"ဘာဖြစ်လို့ ဒီဆံပင်တွေက ကျွတ်ရတာလဲ"

ဟု မေးရာ မောင်မောင်မြင့်အေးက...



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ညစ်လို့ ကျွတ်တာပေါ့ ဆရာကြီးရယ်"

ဟု ပြောလေ၏။

"နေစမ်းပါဦး၊ မောင်မောင်မြင့်အေးရယ်၊ မင်းဥစ္စာကလည်း စိတ်ညစ်လို့ ထိပ်ပြောင်၊ ထိပ်ပြောင်လို့ စိတ်ညစ်လုံးလည်ချာလည်ပတ်လိုက်နေပါလား"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် အယ်ဒီတာ မောင်မောင်မြင့်အေးသည် ရယ်လေ၏။

"အဲဒါတွေ မပြောပါနဲ့တော့ ဆရာကြီးရယ်၊ ကျွန်တော်တို့မှာ ကားရောင်းစရာ မရှိဘူး၊ အိမ်တွေ မြေတွေလည်း ရောင်းစရာမရှိဘူး၊ ကားလိုချင်တယ်၊ အိမ်တွေ မြေတွေ လိုချင်တယ်၊ အဲဒါ နည်းရှိရင် ပြောစမ်းပါ ဆရာကြီးရဲ့"

ဟု ပူဆာလေတော့၏။

"ကဲ ဒီလိုဆိုရင်တော့ မင်းကို အလွန်အင်မတန် ထူးဆန်းတဲ့ မနောမယပန်ကာ ဆိုတဲ့အကြောင်းကို ရှင်းပြရမှာပဲ"

ဟု ပြောလိုက်လျှင် မောင်မောင်မြင့်အေးက…

"ကျွန်တော်ဖြင့် မကြားဖူးပါဘူး ဆရာရယ်၊ အခု ပန်ကာတွေက ဂျပန်လုပ်လည်း ရှိတယ်၊ ထိုင်းက လုပ်တာလည်း ဝင်တယ်၊ တရုတ်က လုပ်တာလည်း ဝင်တယ်၊ ပုံစံတွေ အမျိုးမျိုးရှိတာပဲ။ အဝိုင်းတွေလည်း ရှိတယ်၊ ထောင်လိုက်တွေလည်း ရှိတယ်၊ ဒါပေမဲ့ ဆရာပြောတဲ့ မနောမယပန်ကာ ဆိုတာတော့ မပါဘူး ဆရာကြီးရဲ့"

ဟု ပြောလျှင် ကျွန်ုပ်က…

"မင်းပြောတဲ့ ပန်ကာတွေက လေရအောင်လုပ်တဲ့ ပန်ကာတွေပါကွာ၊ အဲဒါကလည်း လူတိုင်းနဲ့ မတည့်ဘူးကွ၊ တချို့လူတွေ တစ်နေ့လုံး ပန်ကာခံပြီး ရေချိုးလို့ လေဖြတ်သွားကြတာလည်းရှိတယ်၊ ငါပြောတဲ့ ပန်ကာက အဲဒီပန်ကာမျိုး မဟုတ်ဘူးကွ၊ လိုတရတဲ့ ပန်ကာမျိုး"

ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်မောင်မြင့်အေးက…

"သေသေချာချာ ပြောစမ်းပါ ဆရာကြီးရယ်၊ လိုတရဆိုတော့ အိမ်တို့၊ မြေတို့၊ မော်တော်ကားတို့၊ အလုပ်တို့၊ ရွှေတို့၊ ငွေတို့ အကုန်လုံး ပါမှာပေါ့"

ဟု ပြောပြန်လေ၏။

"အေး ဟုတ်တယ်၊ အကုန်လုံးပါတယ်၊ အဲဒါက ဒီလိုကွ၊ တစ်နေ့မှာ ငါ့ဆီကို ယဉ်ကျေးသိမ်မွေ့တဲ့ လူငယ်လေးတစ်ယောက် ရောက်လာတယ်။ သူနဲ့ ငါနဲ့က မသိပါဘူး၊ သူပြောပြချက်အရ သူဟာ တောင်ဥက္ကလာ၊ (၃)ရပ်ကွက်၊ ငွေကြာယံရိပ်သာ၊ နှင်းဆီလမ်း၊ အမှတ်(၈) မှာ နေတယ်လို့ ဆိုတယ်ကွယ့်။ သူ့နာမည်က မောင်အောင်ကျော်စောတဲ့။ သူဟာ တစ်နေ့မှာ ငါ့ဆီကို ရောက်လာတယ်၊ ရောက်လာတာလည်း မနက်အစောကြီးပဲကွ၊ သူကို ငါက တွေ့တော့ ဘာကိစ္စလဲလို့ မေးလိုက်တယ်"

"အဲဒီအခါမှာ သူက ဆရာ့ကို စာအုပ်လေး တစ်အုပ် ပေးချင်လို့ပါလို့ ပြောတယ်၊ သူ့စကားကိုလည်း ကြားရော ငါဟာ သိပ်ပြီးအံ့သြသွားတယ်၊ များသောအားဖြင့် ငါ့ဆီကိုလာရင် ဘာလေးညာလေး ပေးပါဆိုပြီး လာတောင်းတဲ့သူ များတယ်၊ သူကတော့ လာပေးတဲ့လူ ဖြစ်နေတယ်"

"အဲဒီတော့ ငါက လုပ်စမ်းပါဦး မောင်အောင်ကျော်စောရယ်လို့ ပြောလိုက်တော့ သူက ဒီစာအုပ်က ကျွန်တော့်စာအုပ်ပဲ၊ ဒါပေမဲ့ ဆရာ့ကိုတော့ အပိုင်ပေးလို့ မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အစ်မ အမေရိကားသွားတုန်းက ဝယ်ပြီး ကျွန်တော့်ကို လက်ဆောင်ပေးတဲ့ စာအုပ်ဖြစ်နေလို့ပါပဲ။ အဲဒီတော့ ကျွန်တော် ဆရာ့ကို ဒီစာအုပ်ကို ငှားမယ်၊ ဆရာ ဖတ်ပြီးရင် ကျွန်တော့်စာအုပ်ကို ကျွန်တော့်ကို ပြန်ပေးပါလို့ ပြောတယ်။

ပြီးတော့ သူဟာ ငါ့ကို စာအုပ်လေးတစ်အုပ် ပေးသွားတယ်။ အဲဒီစာအုပ်ကလေးက စာမျက်နှာ ၂၂ မျက်နှာ ပါတယ်။ စာအုပ်ရဲ့နာမည်က တယ်လီကပ်ပါဝါ "TELE-CULT POWER" လို့ ခေါ်တယ်။ စာအုပ်ရဲ့ အဖုံးမှာက အုပ်ရေ သုံးသိန်းကျော် ရိုက်နှိပ်ခဲ့ရသည်လို့ ပါတယ်။ အဲဒီစာအုပ်ကို ရေးတဲ့ စာရေးဆရာ ဒါမှမဟုတ် ကျမ်းပြုဆရာနာမည်က ရီဆီးပီကျူးဗင်းလို့ ဆိုတယ်။ သူဟာ




www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ရဲ့ တစ်နေရာမှာ ပန်ကာပုံလေးတစ်ခု ဖော်ပြထားတယ်ကွယ့်၊ ဟောဒီပန်ကာလေးမျိုးပါပဲ”

ဟု ဆိုကာ ကျွန်ုပ်သည် စာအုပ်၏ တစ်နေရာမှ ပန်ကာပုံလေးကို ဖော်ပြလိုက်လေ၏။



“ဒါလေးကို ကျမ်းပြုဆရာက ဟာစ်နီစကုပ်လို့ နာမည်ပေးထားတယ်၊ ဟာစ်နီဆိုတာ စိတ်ညှို့တာကွ၊ ဟာစ်နီစကုပ်ဆိုတာ စိတ်ညှို့တဲ့ ကိရိယာပေါ့ကွာ”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် အယ်ဒီတာ မောင်မောင်မြင့်အေးက…

“စာအုပ်နာမည်က ခပ်ဆန်းဆန်းပဲ ဆရာရဲ့၊ တယ်လီကပ်ပါဝါလို့ ရေးထားတယ်ဆို၊ တယ်လီကပ်ဆိုတာ အင်္ဂလိပ်စကားမှာ မတွေ့ဖူးသလောက်ပါပဲ”

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

“မင်း ဘယ်တွေ့ဖူးမလဲကွ၊ ဒါဟာ ထွင်ထားတဲ့ စကားပဲ၊ တယ်လီနဲ့ ကပ်နဲ့ကို ပေါင်းထားတာ၊ တယ်လီဆိုကာက မင်းသိတဲ့အတိုင်း တယ်လီဖုန်း၊ တယ်လီဗေးရှင်းလို့ ရှိတယ်မဟုတ်လား။ အဲဒီမှာ တယ်လီဆိုတဲ့ စကားလုံးက အဝေးကို ပြောတာကွ၊ ကပ်ဆိုတာက ဩကပ်တစ်ကနေ လာတာ၊ လောကီပညာကို ပြောချင်တာပေါ့၊ ပါဝါဆိုတာက စွမ်းရည်တန်ခိုးကို ခေါ်တာ။ အဲဒီတော့ အဝေးကနေ လုပ်ယူလို့ရတဲ့ လောကီပညာရဲ့ စွမ်းရည်ပေါ့”

“အဲဒီမှာ သူက နမူနာအဖြစ် ရေးပြထားတာကတော့ ကျန်းမာရေးအတွက်ကို မနောမယပန်ကာကိုကြည့်ပြီး ရောဂါပျောက်အောင် ကုတာကို ဖော်ပြထားတယ်။ ဒါပေမဲ့ ကျမ်းပြုဆရာက ပန်ကာလေးရဲ့ ဗဟိုချက်ကို ၈ လက်မ ဒါမှမဟုတ်ရင် ၁၅ လက်မ အကွာကနေ ဆေသေချာချာ ထိုင်ပြီး ကြည့်ပါတဲ့၊ ခန္ဓာကိုယ်မှာရှိတဲ့ အကြောတွေကို လျှော့ပါတဲ့၊ ဘာကိုမှ တွေးကြံမနေပါနဲ့တဲ့၊ စိတ်ဟာ လုံးလုံးကြီး ဗလာဟင်းလင်း ဖြစ်နေပါစေတဲ့၊ ပြီးတော့မှ ကိုယ်လိုချင်တဲ့အရာကို ပါးစပ်က ဖြည်းဖြည်းမှန်မှန် ရွတ်ဆိုပေးပါတဲ့။ ဥပမာ အိမ်ပိုင်မရှိသေးတဲ့လူက ရွတ်မယ်ဆိုပါတော့။ အဲဒါကို နမူနာအဖြစ် ပြောပြမယ်၊ ဟောဒီလို ရွတ်ရင် ရတာပေါ့ကွယ့်”

“ငါဟာ မကြာခင်အချိန်ကာလအတွင်းမှာ
အိုးပိုင် အိမ်ပိုင် ရတော့မယ်။
ငါ့မှာ အိမ်ဝယ်စရာ ငွေမရှိပေမယ့်
ဟောဒီ ‘မနောမယပန်ကာ’ လေးရဲ့
အစွမ်းကြောင့် တစ်နည်းနည်း၊ တစ်ပုံပုံနဲ့
အိမ်ပိုင်လေးတစ်လုံး ရမယ်။
အိမ်ပိုင်တစ်လုံးရဖို့ သေချာနေပြီ။
တစ်နာရီထက် တစ်နာရီ၊
တစ်နေ့ထက် တစ်နေ့ ရဖို့ နီးကပ်လာပြီ၊
မလွဲမသွေ ရကို ရမယ်။”

“မောင်မောင်မြင့်အေးရေ ဒီစာက နမူနာအဖြစ် ရေးပြထားတာ၊ ဒီထက်ကောင်းအောင် ရေးနိုင်ရင်လည်း ရေးပေါ့ကွယ်။ ဒါက အိမ်အတွက် ရေးပြထားတာ၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ဘဲ တခြားပစ္စည်း လိုချင်ရင်လည်းကွယ် ဒီလိုပဲ နေ့ာမယပန်ကာလေးနဲ့ အလုပ်လုပ်ရမှာပေါ့''

ဟု ကျွန်ုပ်က ပြောလိုက်ရာ အယ်ဒီတာ မောင်မောင်မြင့်အေးက…

''ဆရာကြီးဟာ တော်တော့်ကို စိတ်ကူးယဉ်တဲ့ ထိုစွပဲ၊ ပြီးတော့ ဒီအလုပ်ဟာ ကမ္ဘာ့ဌာန်းထိုင်တဲ့အလုပ်နဲ့ အတူတူပါပဲလား။ အဲ…အဲ…မဟုတ်ဘူး၊ ကသိုဏ်းကြည့်တဲ့အလုပ်နဲ့ တူနေပါလား၊ ဆရာကြီးပြောသလို ဒီပန်ကာလေးကို ကြည့်ပြီး ရွတ်ဆိုလို့ အိုးပိုင်၊ အိမ်ပိုင် ရမယ်ဆိုရင် ဆင်းရဲလူ ဘယ်ရှိတော့မလဲ၊ အကုန်လုံး လုပ်ကုန်ကြတော့မှာပေါ့''

ဟု ပြောလေ၏။

''ဒီလိုရှိတယ် မောင်မောင်မြင့်အေးရဲ့၊ ငါတို့ ဓါတ်မမြတ်စွာဘုရားက နိဗ္ဗာန်ရောက်ဖို့ ဟောပြောခဲ့တာပဲ၊ အဲဒီနိဗ္ဗာန်ရောက်ကြောင်း တရားတွေလည်း ဆရာတော်ကြီးတွေလည်း ဟောပြောနေတာပဲ၊ ဒါပေမဲ့ လုပ်နိုင်တဲ့လူ ဘယ်နှယောက် ရှိလို့လဲကွယ်''

''အဲဒီလိုပဲ ဒါလေးကိုကြည့်ပြီး ဒီဟာလေးကို ရွတ်ဆိုပါဆိုတာ အပြောကတော့ လွယ်တယ်၊ နေ့စဉ်ရက်ဆက် ရွတ်ဆိုရမယ်ဆိုတာ လွယ်တဲ့အလုပ်တော့ မဟုတ်ဘူးကွယ်၊ ဒါကြောင့် တစ်လလောက်လုပ်ပြီး ကိုယ်လိုချင်တာ မရတဲ့အခါမှာ လူဟာ စိတ်ပျက်လာတာပဲ။ အဲဒီမှာ ဖြစ်မှာမဟုတ်ပါဘူးကွာဆိုပြီး ရပ်ပစ်လိုက်တတ်တယ်။ မင်းကို ငါ တစ်ခုပြောမယ်၊ မင်းဝင်ငွေအနေနဲ့ တစ်နှစ်အတွင်း မော်တော်ကားတစ်စီး ရနိုင်ပါ့မလား''

ဟု ကျွန်ုပ်က မေးလိုက်လျှင် မောင်မောင်မြင့်အေးက သူ၏ နဖူးကြီးကို လက်ဝါးဖြင့် ပုတ်ရင်း…

''ကျွန်တော့်ဝင်ငွေနဲ့ မရနိုင်ပါဘူး ဆရာရယ်''

ဟု ပြန်၍ပြောလေ၏။

''အေး…ငါ မင်းကို ပြောမယ်၊ ဒီမနောမယ ပန်ကာလေးကို တစ်နေ့ကို တစ်နာရီကြည့်ပြီး ငါပြောသလို ရွတ်ဆို၊ မင်း တစ်နှစ်အတွင်း ရလိမ့်မယ်၊ ကြားထဲမှာ ပျက်ရက်တွေ ဘာတွေ မလိုဘူး၊ ဆက်တိုက်ရွတ်ရမယ်၊ အဲဒီလိုလုပ်ရင်းနဲ့ တစ်နေ့မှာ မင်းလိုချင်တဲ့ကားကို ရနိုင်တဲ့ နည်းတွေ မင်းခေါင်းထဲကို ဖျတ်ခနဲ ရောက်လာလိမ့်မယ်တဲ့၊ အဲဒီအတိုင်းသာလုပ်၊ လုပ်မကြည့်သေးဘဲ မရပါဘူး ဆိုတဲ့ စကားမျိုး၊ နည်းလမ်းကို အပြစ်တင်တဲ့ စကားမျိုး မပြောနဲ့။ မင်းကို ငါ နည်းပေးတာ အင်္ဂလိပ်စာအုပ်ကို ဖတ်ပြီး ကိုယ်တိုင်လုပ်မကြည့်ဘဲ ပေးတာ မဟုတ်ဘူး၊ ငါကိုယ်တိုင် စမ်းကြည့်ပြီးပြီ၊ အတော့်ကို ထူးခြားတာပဲ၊ ဒီမနောမယ ပန်ကာလေးက မင်းဘဝကို အမြစ်ကနေ ပြောင်းပြန်လှန်ပြီး ပြောင်းလဲပစ်လိမ့်မယ်ဟေ့၊ ဒါနဲ့ပတ်သက်လို့ ငါ စာအုပ်တစ်အုပ် ရေးနေတယ်''

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက…

''ဆရာကြီးက ဒီလောက် အာမခံနေမှတော့ စမ်းကြည့်ရတာပေါ့ ဆရာကြီးရယ်၊ ကျွန်တော်ပြောတဲ့ ဒီအကြောင်းအရာလေးကို ဝါသနာပါတဲ့လူတွေ စမ်းကြည့်နိုင်အောင် ရောင်ပြန်မဂ္ဂဇင်းထဲမှာ ထည့်လိုက်မယ်''

ဟု ပြောဆိုကာ ကျွန်ုပ်အား ပြုံးမြ၍ ထွက်သွားလေ၏။

မောင်မောင်မြင့်အေး၏ အပြုံးသည်-

''မော်တော်ကား ရတာ၊ မရတာ အပထား၊ မဂ္ဂဇင်းအတွက် ဆောင်းပါးတစ်ပုဒ်တော့ ရပြီ''

ဟူသော အဓိပ္ပာယ်များ ပါဝင်နေသည်တကား။

**သဗ္ဗေသတ္တာ ကမ္မဿကာ**
**မင်းသိခ်**

*(မှတ်ချက် - ၄င်းမနောမယ ပန်ကာပုံလေးသည် ဆရာကြီး မင်းသိခ်၏ တရားကျင့်ရာ အခန်းတွင်း၌ ချိတ်ဆွဲထားကြောင်း တွေ့နေရသည်မှာ ကြာပါပြီ။*

*ယခု မိမိအိမ်တွင်လည်း ၄င်းပန်ကာပုံလေးကို ချိတ်ထားပါသည်။*

*စာဖတ်ပရိသတ်များ မိမိကဲ့သို့ အကျိုးရှိစေရန် ပန်ကာပုံလေးကို လက်ဆောင်အဖြစ် ဖော်ပြလိုက်ပါသည်။ စမ်းသပ်ကြည့်ကြပါကုန်)*



www.burmeseclassic.com

www.burmeseclassic.com

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက်

## ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါဒီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာ့နာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဝုဏ်ကိုငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အစီစီတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါဒီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဝွတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com



# ဒုက္ခ၏ အလှတရား

အောင်ရဲဆွေ

အိုခြင်းသည်ဒုက္ခ ...
နာခြင်းသည်ဒုက္ခ ...
မပြည့်စုံခြင်းသည်ဒုက္ခ ...
ဆင်းရဲခြင်းသည်ဒုက္ခ ...
အလိုမပြည့်ခြင်းသည်ဒုက္ခ ...

ဤသို့သော၊ ထိုသို့သော ဒုက္ခပေါင်း မြောက်မြားစွာ ရှိသည်။ အနန္တကမ္ဘာ ရှိသည်။ မရေမတွက်နိုင်အောင် ရှိသည်။ ဒုက္ခတစ်မျိုးနှင့်တစ်မျိုး အသွင်သဏ္ဍာန် မတူခြင်းသာရှိလေသည်။

မည်သူမဆို ဒုက္ခတစ်မျိုးမဟုတ် တစ်မျိုးနှင့်နေ့စဉ် ကြုံတွေ့ရမည်ဖြစ်သည်။ ငယ်သူလည်း ငယ်သူအလျောက်၊ ကြီးသူလည်း ကြီးသူအလျောက် ဖြစ်သည်။ နိမ့်သူလည်း နိမ့်သူအလျောက်၊ မြင့်သူလည်း မြင့်သူအလျောက် ဖြစ်သည်။ ကြီးပွားသူလည်း ကြီးပွားသူအလျောက်၊ ဆင်းရဲသူလည်း ဆင်းရဲသူအလျောက် ဖြစ်သည်။ ပြည့်စုံသူလည်း ပြည့်စုံသူအလျောက်၊ ချို့တဲ့သူလည်း ချို့တဲ့သူအလျောက် ဖြစ်လေသည်။

သံသရာခရီးသည်နှင့်ဒုက္ခ၊ ဒုက္ခနှင့် သံသရာခရီး

www.burmeseclassic.com

www.burmeseclassic.com

သည် ဒွန်တွဲလျက်ရှိလေသည်။ ဝိညာဉ်ချည်း ရှိပါစေ။ ဒုက္ခက လက်တွဲ၏။ ရုပ်နှင့်နာမ်ရှိလျှင်လည်း ဒုက္ခက ဖက်တွယ်၏။ ဒုက္ခသည် သာမှုမေါ်ခ်းသည် မဟုတ်ချေ။ အိုမှ ကန်ကျောက်သည် မဟုတ်ချေ။ သည်ဘဝ၊ သည်ရုပ်၊ သည်ခန္ဓာ၊ သည်အမည်နှင့် ဟိုဘဝ၊ ဟိုရုပ်၊ ဟိုခန္ဓာ၊ ဟိုအမည်နှင့် သံသရာပတ်နေသမျှ ကာလပတ်လုံး ထက်ကြပ်မကွာ လိုက်ပါ၏။ ပုထုဇဉ်တို့နောက်ကို မဆိုထားဘိ။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ ဗုဒ္ဓလောင်းလျာ စသူတို့ နောက်ကိုလည်း လိုက်လေသည်။

အချို့သည် ဒုက္ခအားစမ်းမှုကိုပင် မခံစားနိုင်ကြပေ။ ညည်းညူကြ၏။ စိတ်ကျကြ၏။ ပစ္စုပ္ပန်အကျိုးစီးပွားအတွက် အလွယ်လမ်းလိုက်ကြ၏။ ကောင်းမှု၊ မကောင်းမှုဟု မတွေးတောကြပေ။ လတ်တလော အဆင်ပြေရေးကို အလေးပေးကြ၏။ နောင်မှ နောင်တရကြ၏။ ထိုသူတို့ကား အသိဉာဏ်နုံနဲ့သူများ ဖြစ်ကြ၏။ ကြံ့ခိုင်သူများ မဟုတ်ကြပေ။ ဆင်းရဲသည်ကို အစဉ်၊ ချမ်းသာသည်ကို အပင်ဟု ထင်မှတ်ကြသူများ ဖြစ်ကြ၏။ ရေပွက်မျှစည်းစိမ်ကို ယစ်မွေ့သူများ ဖြစ်ကြ၏။ မိုက်လုံးထွားနေသည့် ကိုယ့်မျက်ချေးကိုယ် မမြင်သူများ ဖြစ်ကြသည်။ ဒုက္ခ၏အလှတရားကို မမြင်တွေ့၊ မခံစားရသည့် သတိမဲ့ ဂူမမြင်သူများ ဖြစ်ကြ၏။

သို့ဖြစ်၍ ၎င်းတို့သည် ဒုက္ခကို အလိုလိုက်နေရင်း မျက်မုန်းကျိုးကြ၏။ အော့နှလုံးနာကြ၏။ နှာခေါင်းရှုံ့ကြ၏။ ဒုက္ခကို ဗီလိန်ဟုမြင်ကြ၏။ မတရား ညှဉ်းပန်းနှိပ်စက်သည့် မကောင်းဆိုးဝါးဟု သတ်မှတ်ကြ၏။

စင်စစ်ဒုက္ခသည် အဆွေခင်ပွန်းစစ် ဖြစ်၏။ ကြံ့ခိုင်မှုစွမ်းရည်ပြည့်ဝအောင် လေ့ကျင့်ဘက်ဖြစ်၏။ သတိတရားလက်မလွှတ်ရန် တပ်လှန့်သူဖြစ်၏။ သစ္စာတရား၏ လေးနက်မှုကို စိုက်ထူသူဖြစ်၏။ အခြေအနေနှင့် အချိန်အခါအရ နေထိုင်တတ်ရန် စွမ်းဆောင်သူဖြစ်၏။ ဒုက္ခ၏အလှတရားသည် ဤမျှ မကပေ။ ဟိမဝန္တာချီးမွမ်းခန်းပင် ငိုရမည်ဖြစ်၏။

နေမိမင်းကြီးသည် မိမိ၏ဦးခေါင်းတော်မှ ဆံပင်ဖြူကို တွေ့မြင်ရသည်နှင့် 'အိုနေပြီ ... အိုနေပြီ' ဟူသော အဆွေခင်ပွန်းကောင်းဒုက္ခ၏ သံချောင်းခေါက်သံကို သတိပြုမိ၏။ နေမိမင်းကြီးသည် 'နာရဦးမည်၊ သေရဦးမည်' ကို ဆင်ခြင်မိ၏။ သို့သော် အပယ်ခံဖြစ်နေပြီ၊ ဆန်ကုန်မြေလေး ဖြစ်နေပြီဟု စိတ်မလျှော့ပေ။ ဘာလုပ်မည်နည်း၊ ဘယ်လမ်းလျှောက်မည်နည်းဟု ဉာဏ်မျက်စိဖွင့်၏။ သားတော်ကာဠာ ရဇနအား ထီးနန်းကို လွှဲအပ်လိုက်၏။ ရဟန်းပြု၏။ တောထွက်၏။ လူဖြစ်မြတ်အောင်၊ အနေမြတ်၊ အသေမြတ်အောင် စေ့ဆော်သော ဒုက္ခ၏မိတ်ဆွေကောင်း ခင်ပွန်းစစ်ပီသမှုပင်ဖြစ်၏။

တေမိယမင်းသားသည် ခိုးသူတို့အား ဖခမည်းတော် ကာသိမင်းကြီး၏ တရားစီရင်ပုံကို မြင်တွေ့ရာ အတော်တုန်လှုပ်သွားသည်။ ကိုယ်တိုင် ဗာရာဏသီပြည့်ရှင်မင်းဖြစ်စဉ်က တရားစီရင်ခဲ့သည်ကိုလည်းကောင်း၊ ငရဲတွင် အနှစ်ရှစ်သောင်း ခံခဲ့ရသည်တို့ကိုလည်းကောင်း ထိုးထွင်းသိမြင်၏။ တစ်ဖန်ပြန်လည် မခံစားရရန် 'သံသရာပတ်မလား၊ သံသရာဖြတ်မလား' ဟု ဒုက္ခ၏နှိုးစက်သံကို အာရုံပြုမိ၏။ မိခင်ဟောင်း ထီးချက်စောင့်နတ်သမီး အကြံပြုသည့်အတိုင်း ဆွံ့အ၊ နားမကြားဟန် နေ၏။ သံသရာတွင် ကြံ့ခိုင်မှုရှိရန် ဒုက္ခနှင့်တွဲဖက်လေ့ကျင့်၏။ ဆင်ဖြင့်နင်းဟန်ပြုခြင်း၊ မြွေဖြင့်ကိုက်ဟန်ပြုခြင်း၊ သန်လျက်ဖြင့် ခုတ်ဟန်ပြုခြင်း၊ တစ်ကိုယ်လုံး တင်လဲရည်များလူးကာ မှက်၊ ခြင်၊ ယင်များ ကိုက်စေခြင်း၊ ကျင်ကြီးကျင်ငယ်အလူးလူးဖြင့် နေထိုင်စေခြင်း စသည့် ဒဏ်အမျိုးမျိုးကို ခံနိုင်ရည်စွမ်းရှိအောင် လေ့ကျင့်၏။ ဤသို့သော ဒုက္ခ၏ကူညီပံ့ပိုးမှုကြောင့် အလိုချင်ဆုံး၊ အတောင့်တဆုံး ရဟန်းဘဝကို တေမိယမင်းသား ရရှိလေသည်။

ဇနက္ကမင်းသားသည် ဖခင်၏အရိုက်အရာ မိထိလာပြည်၏ ထီးနန်းကို ရလို၏။ ဥစ္စာပစ္စည်းများကိုလည်း မိမိစွမ်းပကားဖြင့်သာ ရလို၏။ ထို့ကြောင့် ရေကြောင်းခရီးဖြင့် ကုန်သွယ်မှုပြု၏။ ရည်ရွယ်ချက်ကြီးမားမြင့်မြတ်သူတို့တွင် ကြံ့ခိုင်စွမ်းရည် ပြည့်ဝရ၏။ သတိမြဲမြဲရ၏။ ပညာဉာဏ်ကို မြေကတုတ် ပြုရ၏။ ဇနက္ကမင်းသား၏ ထိုစွမ်းရည် ချို့တဲ့၊ မချို့တဲ့ သိရန်ဒုက္ခသည် မုန်တိုင်းအသွင် တိုက်ခတ်၏။ သင်္ဘောပျဉ်ချပ်များကို ခွဲဖျက်ပစ်၏။ သင်္ဘောစမ်းသို့ ရေများဝင်အောင်ပြု၏။ သင်္ဘောကို တဖြည်းဖြည်း နှစ်မြှုပ်ပစ်၏။ ဇနက္ကမင်းသား၏ အပေါင်းအဖော်တို့သည် ကြံ့ခိုင်မှု သတိ၊ ပညာဉာဏ်ချို့တဲ့မှုတို့ကြောင့် ရေစာ၊ ငါးစာ ဖြစ်ကြ၏။ ဇနက္ကမင်းသားမူ ဒုက္ခ၏အခြေအနေကို သုံးသပ်၏။



www.burmeseclassic.com

www.burmeseclassic.com

ရင်ဆိုင်နိုင်ရန် ပြုသင့်သည်တို့ကို ပြု၏။ ထောပတ်နှင့် သကြား နယ်၍ ဝအောင်စား၏။ ပုဆိုးနှစ်ထည်ကို ဆီဆွတ်၍ ခိုင်ခိုင်ဝတ်၏။ ရွက်တိုင်ထိပ်သို့တက်၏။ ငါး၊ လိပ်၊ မကောင်းတို့နှင့် လွတ်အောင် အားစိုက်ခုန်ချ၏။ ဒုက္ခနှင့် အားပြိုင်၏။ သမုဒ္ဒရာစောင့်နတ်သမီး မဏိမေခလာနတ်သမီး၏ ကူညီမှုကိုပင် လက်မခံခဲ့ပေ။ "ကမ်းသို့ မည်သည့်အခါရောက်မည်ကို မပြောနိုင်။ ကမ်းရောက်အောင် ကူးခပ်နေရမည်မှာ မိမိ၏ဝန်ဖြစ်သည်" ဟုပင် ရဲရင့်စွာမြွက်ကြား၏။ ဒုက္ခသည် ဇနက္ကမင်းသားကို အကျေနပ်ကြီး ကျေနပ်သွား၏။ အလျှော့ပေးလိုက်၏။ မိတ္ထီလာပြည်တွင် မိတ္ထီလာပြည့်ရှင်ဖြစ်အောင်ပင် ထမ်းတင်လိုက်လေသည်။ ဒုက္ခ၏ အားစမ်းမှုကို အောင်မြင်ခြင်းပင် ဖြစ်လေသည်။

သုဝဏ္ဏသာမသည် ပီဠိယက္ခမင်း၏ မြားဒဏ်ကြောင့် မြားဆိပ်တက်၏။ မေ့မြောသွား၏။ ဒုကူလနှင့် ပါရိကာတို့သည် ပီဠိယက္ခမင်း အကူအညီနှင့် သုဝဏ္ဏသာမဆီ ရောက်လာကြ၏။ သားအဖြစ်ကို မြင်တွေ့ရာ နှလုံးကြေတွဲကြ၏။ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိကြပေ။ 'သစ္စာပြုရန်မှတစ်ပါး အခြားမရှိ' ဟူသော ဒုက္ခ၏စေ့ဆော်မှု အသိဝင်သွား၏။ ဒုကူလနှင့် ပါရိကာလည်း သစ္စာပြုကြ၏။ "ငါ့သား သာမသည် ကုသိုလ်တရားကို လေ့ကျင့်လေ့ရှိ၏။ ချစ်သောစကားကို ဆိုလေ့ရှိ၏။ မိဘတို့ကို လုပ်ကျွေးပြုစု၏။ လူကြီးမိဘတို့ကို ရိုသေ၏။ မိမိတို့အသက်ထက် သားကို ချစ်မြတ်နိုး၏။ ဤမှန်သော သစ္စာစကားကြောင့် အဆိပ်ပြေပါစေသား။ ငါတို့ပြုခဲ့သော ကုသိုလ်အစွမ်းကြောင့် အဆိပ်ပြေပါစေသား" ဟူ၍ ဖြစ်သည်။ သုဝဏ္ဏသာမ၏ မိခင်ဟောင်း ဗဟုန္ဒရီနတ်သမီးလည်း သားဟောင်းအတွက် မချိအောင်ခံစားရ၏။ သစ္စာပြု၏။ "ကျွန်ုပ်သည် ဂန္ဓမာဒနတောင်၌ နှစ်ပေါင်းကြာရှည်စွာ နေခဲ့ပါသည်။ ထိုသို့နေစဉ်အတွင်း သုဝဏ္ဏသာမထက် ပို၍ချစ်မြတ်နိုးသူ မရှိပါ။ ဂန္ဓမာဒနတောင်ရှိ ပန်းတို့သည် ရနံ့မွှေးကြိုင်နေပါသည်။ မမွှေးသောပန်းဟူ၍ တစ်ပင်မျှ မရှိပါ။ ဤမှန်သော သစ္စာစကားကြောင့် အဆိပ်ပြေပါစေသား" ဟု ဖြစ်လေသည်။ ထို့ဖြင့် သုဝဏ္ဏသာမသည် အသက်ချမ်းသာရာ ရလေသည်။ ထို့အတူ စန္ဒကုမာရမင်းသားလည်း ယဇ်ပူဇော်ခံရလုဆဲဆဲကွင် မိဖုရားစန္ဒာဒေဝီ၏ သစ္စာပြုမှုကြောင့် အသက်ချမ်းသာရာ ရလေသည်။ သစ္စာတရား၏ လေးနက်မှုကို ဒုက္ခက ဖော်ကျူးခြင်းပင် ဖြစ်လေသည်။

မဟော်သဓာသည် အရှေ့ယဝမဇ္ဈကုန်းရွာက သိရိဝဍ္ဍန သူဌေးကြီးနှင့် သုမဏာဒေဝီတို့၏ သားဖြစ်သည်။ ဝိဒေဟရာဇ်မင်းကြီး၏ မွေးစားသားလည်းဖြစ်၏။ မိဖုရား ဥဒုမ္ဗရဒေဝီ၏ မွေးစားမောင်ငယ်လည်း ဖြစ်၏။ လူ၊ နတ်၊ သတ္တဝါတို့၏ ပူဇော်အထူးကိုခံရသော ပညာရှိသုခမိန်လည်း ဖြစ်၏။ ပစ္စည်းဥစ္စာများစွာ ကြွယ်ဝနေသည်ဖြစ်သော ပုဂ္ဂိုလ်လည်းဖြစ်၏။ သို့သော် မဟော်သဓာသည် သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒအမတ်တို့၏ အကောက်ကြံမှုကို ခံရသည်။ ဝိဒေဟရာဇ်မင်းကြီး၏ သက်ာမကင်းအောင် ပြုမူခြင်းခံရသည်။ ငြိုငြင်မှုကို ခံရသည်။ ဒုက္ခက အခြေအနေ၊ အချိန်အခါအလျောက် နေထိုင်ရန် သတိပေး၏။ မဟော်သဓာသည် သိုသိပ်စွာနေထိုင်၏။ တောင်ယဝမဇ္ဈကုန်းရွာတွင် အိုးအလုပ်သမား လုပ်၏။ အလွန်ညံ့ဖျင်းသော သလေးထမင်းကိုစား၏။ ရှုံ့အလူးလူးဖြင့်နေ၏။ ဝိဒေဟရာဇ်မင်းကြီးအား နတ်မေးသည့် ပုစ္ဆာလေးခုကို သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒတို့ မဖြေနိုင်မှ မဟော်သဓာကို လာရောက်ပင့်ဆောင်ကြသည်။ ထိုအခါ မဟော်သဓာမှန်း သိကြသည်။ မဟော်သဓာ၏ အနေအထိုင် ကျစ်လျစ်မှုကို သိရသည်နှင့် ဝိဒေဟရာဇ်မင်းကြီးလည်း အမြင်ကြည်လင်သွား၏။

ဤသို့သော ဒုက္ခ၏အလုပ်တရားများကို ဆင်ခြင်မိသူကား နည်း၏။ ဒုက္ခ၏အကာကို ထိုးထွင်း၍ အနှစ်ကို မြင်သူကား ရှား၏။ ဒုက္ခ၏အလုပ်တရားကို မြင်၍ ခံစားသိတတ်၊ ခံယူတတ်သောအခါ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွား ဖြစ်ထွန်း၏။

ထို့ကြောင့် "ဒုက္ခသည် အဖိုးအနဂ္ဃ ထိုက်တန်သော ချောက်မျက်ရတနာတို့ထက် တန်ဖိုးမြင့်မား၏။ ကြင်စဦးထက် နှစ်လိုဖွယ်ကောင်း၏။ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ တော်လေးဝင်ထက် ချစ်မြတ်နိုးဖွယ်ကောင်း၏" ဟု နှလုံးပိုက်ကြပါကုန်။

အောင်ရဲဆွေ



www.burmeseclassic.com


www.burmeseclassic.com

## ရောင်ပြန်မဟူရာ ပြက္ခဒိန်

### ၁၃၇၈-ခုနှစ်၊ တပို့တွဲလ - တပေါင်းလ

# 2017 FEBRUARY

| | | |
|---|---|---|
| ဗုဒ္ဓဟူး Wednesday | 1 ၅ | |
| ကြာသပတေး Thursday | 2 ၆ ရက်ရာဇာ | |
| သောကြာ Friday | 3 ၇ | |
| စနေ Saturday | 4 ၈ | 18 ၇ |
| တနင်္ဂနွေ Sunday | 5 ၉ | 19 ၈ အမြိတ္တာစုတ်ရက် |
| တနင်္လာ Monday | 6 ၁၀ | 20 ၉ |
| အင်္ဂါ Tuesday | 7 ၁၁ ရက်ရာဇာ | 21 ၁၀ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 8 ၁၂ | 22 ၁၁ |
| ကြာသပတေး Thursday | 9 ၁၃ ရက်ရာဇာ | 23 ၁၂ ရက်ရာဇာ |
| သောကြာ Friday | 10 ၁၄ | 24 ၁၃ |
| စနေ Saturday | 11 ၁၅ တပို့တွဲလပြည့် | 25 ● တပို့တွဲလကွယ် |
| တနင်္ဂနွေ Sunday | 12 ၁ ပြည်ထောင်စုနေ့ | 26 ၁ ရက်ရာဇာ |
| တနင်္လာ Monday | 13 ၂ | 27 ၂ |
| အင်္ဂါ Tuesday | 14 ၃ ရက်ရာဇာ | 28 ၃ |
| ဗုဒ္ဓဟူး Wednesday | 15 ၄ ယတြာရက်ကြီး | |
| ကြာသပတေး Thursday | 16 ၅ ရက်ရာဇာ | |
| သောကြာ Friday | 17 ၆ | |



၁. ၂. ၂၀၁၇    စန်းပြောင်းရက်စွဲ    ၁၂. ၂. ၂၀၁၇

### ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၂. ၂. ၂၀၁၇ တနင်္ဂနွေနေ့ ည ၉ နာရီ ၂၅ မိနစ်တွင် ကုမ်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၃. ၂. ၂၀၁၇ သောကြာနေ့ နေ့လည် ၂ နာရီ ၂ မိနစ်တွင် မကာရရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၂. ၂. ၂၀၁၇ ဗုဒ္ဓဟူးနေ့ ည ၇ နာရီ ၃၂ မိနစ်တွင် ကုမ်ရာသီသို့ ပြောင်းသည်။

### ၂၀၁၇ ခုနှစ်အတွက် နေသင်္ကြန်ကျွတ်နှင့် စန်းယှဉ်ချိန်

(၂၅. ၂. ၂၀၁၇)စနေနေ့ နံနက် ၈ နာရီ ၇ မိနစ် ၀ စက္ကန့်။

(၁၉. ၂. ၂၀၁၇)ရက်သည် အမြိတ္တာစုတ်ကျ၍ အကောင်းဆုံးရက် ဖြစ်သည်။

### အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။
တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။
အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။
ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။
ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။
သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။
စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်**

**နွယ်သာကီအောင်**

ပွင့်လင်းရာသီသို့ ရောက်ခဲ့ပြန်ပါပြီ။

ရဂုံမြိုင်တွင်း တောလုံးလင်းသား ဆိုသည့်အတိုင်း သွားလမ်းသာ၍ လာလမ်းသင့်စေရန် ခြောက်သွေ့သော အနေအထား ဖြစ်နေခဲ့လေပြီ။ လူတိုင်းပင် စားဝတ်နေရေးအတွက် သွားလာလှုပ်ရှားနေကြရာ လောကီရေးရာကို အကြောင်းပြုလျက် အကျိုးရှိစေနိုင်မည့် လမ်းညွှန်ကလေးအဖြစ် ဤအကြောင်းရပ်ကို လစဉ်မပြတ် ရေးဖြစ်နေပါသည်။ သည်အတွက် စာဖတ်သူတို့ အကျိုးရှိမည်ဆိုပါလျှင် ...

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

ဖေဖော်ဝါရီလ (၂)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၉)၊ (၂၃) စသော ရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

ဖေဖော်ဝါရီလ (၉)၊ (၁၇)၊ (၂၅)၊ (၂၆)၊ (၂၇) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ ရေနေသတ္တဝါဖမ်းဖို့ရာ

ဖေဖော်ဝါရီလ (၉)၊ (၂၅)၊ (၂၈) စသောရက်များသည် ရေနေသတ္တဝါများဖြစ်ကြသည့် ငါးများ၊ ပုစွန်များ အစရှိသည်တို့ကို ဖမ်းယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၁၀)၊ (၁၂)၊ (၁၉)၊ (၂၅) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ထုတ်လုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

ဖေဖော်ဝါရီလ (၃)၊ (၇)၊ (၁၄)၊ (၁၆)၊ (၂၇)



www.burmeseclassic.com

www.burmeseclassic.com

စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်း ကိစ္စရပ်များအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **ခရီးဝေးနီး ထွက်ဖို့ရာ**

ဖေဖော်ဝါရီလ (၂)၊ (၃)၊ (၇)၊ (၉)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၅) စသောရက်များသည် ရပ်ဝေးရပ်နီး ခရီးထွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

ဖေဖော်ဝါရီလ (၃) (၇)၊ (၉)၊ (၂၃)၊ (၂၇) စသောရက်များသည် လယ်ထွန်မင်္ဂလာ ပြုလုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ဖို့ရာ**

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၃) (၇)၊ (၉)၊ (၁၀)၊ (၁၆)၊ (၂၃) စသောရက်များသည် ယှဉ်ပြိုင်ရမည့်ကိစ္စများနှင့် စပ်လျဉ်း၍ အဆင်ပြေအောင် ဆောင်ရွက်နိုင်သည့် ရက်ကောင်းများ ဖြစ်ကြပါသည်။

၉။ **ကျောင်း/အိမ်ဆောက်ဖို့ရာ**

ဖေဖော်ဝါရီလ (၂)၊ (၃)၊ (၇)၊ (၉)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၅)၊ (၂၇) စသောရက်များသည် ကျောင်းများ၊ လူအိမ်အဆောက်အအုံများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **အရောင်းအဝယ်ပြုဖို့ရာ**

ဖေဖော်ဝါရီလ (၃)၊ (၇)၊ (၉)၊ (၂၃)၊ (၂၇) စသောရက်များသည် ကုန်ရောင်းကုန်ဝယ်ပြုလိုသည့် ကိစ္စရပ်များ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဖေဖော်ဝါရီလ (၃)၊ (၇)၊ (၉)၊ (၂၃)၊ (၂၇) စသောရက်များသည် သီးနှံမျိုးစေ့များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **ရေတွင်းရေကန် တူးဖို့ရာ**

ဖေဖော်ဝါရီလ (၃)၊ (၇)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၇)၊ (၂၃)၊ (၂၅) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **အတတ်ပညာ သင်ဖို့ရာ**

ဖေဖော်ဝါရီလ (၃)၊ (၇)၊ (၁၇)၊ (၂၃) စသောရက်များသည် အတတ်ပညာများကို သင်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **မင်္ဂလာအခါပေးလိုလျှင်**

ဖေဖော်ဝါရီလ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈) စသော ရက်များသည် မင်္ဂလာအခါပေးသင့်သည့် ရက်များ ဖြစ်ကြပါသည်။

၁၅။ **ရှင်ပြုနားသ ပြုဖို့ရာ**

ဖေဖော်ဝါရီလ (၃)၊ (၇)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၇) စသောရက်များသည် ရှင်ပြုနားသမင်္ဂလာ ကျင်းပပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **လက်ထပ်မင်္ဂလာ ကျင်းပရာ**

ဖေဖော်ဝါရီလ (၁)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၃)၊ (၂၅) စသောရက်များသည် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

ဖေဖော်ဝါရီလ (၁)၊ (၃)၊ (၇)၊ (၁၉)၊ (၂၅) စသောရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ **နွယ်သာကီအောင်**



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ

# သည့်လမှာ

**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်**

■ တောကကိုရင် ■

မိမိတို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်ရွယ်ကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဖေဖော်ဝါရီလ (၃)၊ (၇)၊ (၉)၊ (၂၃)၊ (၂၇) ကျရောက်သော ရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ ဖေဖော်ဝါရီလ (၉)၊ (၂၅)၊ (၂၆) ကျရောက်သော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ ဖေဖော်ဝါရီလ (၁)၊ (၃)၊ (၇)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၅၊ (၂၇)၊ (၂၈) ကျရောက်သော ရက်များ၌ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ ချုံနွယ်၊အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ၊အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ ဖေဖော်ဝါရီလ (၃)၊ (၇)၊ (၉)၊ (၂၃)၊ (၂၇) ကျရောက်သော ရက်များ၌ သီးနှံမျိုးစေ့တို့ကိုကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

■ တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ ဖေဖော်ဝါရီလ (၂)၊ (၆)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၆) စသောရက်များသည် "**နန္ဒာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရား၊ဂူ၊ကျောင်း၊ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၂။ ဖေဖော်ဝါရီလ (၇)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၇) စသောရက်များသည် "**ဘဒ္ဒြာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာ ပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဖေဖော်ဝါရီလ (၃)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် "**ဇယာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသောအမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဖေဖော်ဝါရီလ (၄)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၄) စသောရက်များသည် "**ရိတ္တာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဖေဖော်ဝါရီလ (၁)၊ (၅)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၅) စသောရက်များသည် "**ပုဏ္ဏာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပွဲသွင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဖေဖော်ဝါရီလ (၁၆) ရက်၊ (၁၉) ရက်တို့သည် "**အမြိတ္တရုတ်**"တွင် ကျရောက်လေရာ မည်သည့်အနှောင့်အယှက် အခက်အခဲတို့နှင့် ကြုံတွေ့စေရကာမူ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ကြပါသည်။

၇။ ဖေဖော်ဝါရီလ (၂)၊ (၇)၊ (၉)၊ (၁၄)၊ (၁၆)၊ (၂၁)၊ (၂၃)၊ (၂၆) စသောရက်များသည် "**ရက်ရာဇာ**" တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း အမှုကိစ္စများကို ဆောင်ရွက်နိုင်ပါကြောင်း။

**နေမျိုးထွဋ်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

**မဟာဒွိကျော်ခေါင်**

**၁။ တနင်္ဂနွေသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၉)၊ (၁၀)၊ (၁၆)၊ (၂၂)၊ (၂၃)၊ (၂၄) စသောရက် များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၂။ တနင်္လာသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၅)၊ (၇)၊ (၈)၊ (၉)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများ ဖြစ်ကြ၏။

**၃။ အင်္ဂါသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၅)၊ (၇)၊ (၈)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၂၂) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၄။ ဗုဒ္ဓဟူးသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၅)၊ (၆)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၅။ ကြာသပတေးသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၅)၊ (၆)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၆။ သောကြာသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၄)၊ (၅)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၇)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၇။ စနေသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၄)၊ (၇)၊ (၉)၊ (၁၀)၊ (၁၁)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၈။ ရာဟုသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၆)၊ (၇)၊ (၁၂)၊ (၁၃)၊ (၂၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

■ မဟာဒွိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လပွားအတွက် ဟောစာတမ်း

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

■ ဆရာမိုးဟန်ကြွယ်

မိသားစုအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်ရပ်များ ကြုံလာရတတ်သည်။ အလုပ်ကိစ္စမှ ငွေကြေးများ ဝင်လာတတ်သည်။ လုပ်ငန်းခွင်၌ တပည့်လက်အောက်ငယ်သားကိုသာ လွှတ်မထားဘဲ မိမိကိုယ်တိုင် ဦးဆောင်လုပ်ပါမှ အကျိုးအမြတ်ခံစားရပါလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက အထက်အကြီးအကဲများ၏ သူကောင်းပြုမြှောက်စားခြင်းကို ခံရတတ်သည်။

အစုစပ်လုပ်ငန်း လုပ်ကိုင်ပါက ငွေကြေးအရှုပ်အထွေးများနှင့် ကြုံမည်။ သားသမီးပညာရေးအတွက် စိတ်သောကရောက်စရာ ကြုံမည်။ အကောင်အထည်ဖော်လိုသော ကိစ္စကို အကောင်အထည်မဖော်နိုင်ဘဲ ဖြစ်နေတတ်သည်။ ဂုဏ်သိက္ခာထိခိုက်စေသော ကိစ္စရပ်များ ပေါ်လာတတ်သည်။ ဖခင် (သို့မဟုတ်) ကြီးကဲသူတစ်ဦးအတွက် စိတ်သောကရောက်စရာ ကြုံတွေ့ရဦးမည်။

ရာသီဖျားဝေဒနာကို ဦးဦးဖျားဖျား ခံစားရမည်။ ငွေများဝင်လာမည်။ စုမိဆောင်းမိဖြစ်မည်၊ ပျို့ရွယ်သူများအဖို့ လက်ထပ်မင်္ဂလာပြုရန် အကြောင်းကိစ္စ ပေါ်လာလိမ့်မည်။ လူကြီးသူမများက ကြီးကြပ်စီစဉ်ပေးလိမ့်မည်။ ရပ်ဝေးနေ သူငယ်ချင်းမိတ်ဆွေတစ်ဦး ရောက်ရှိလာတတ်သည်၊ အကျိုးပြုမည့် မိတ်ဆွေကောင်း ဖြစ်ပါသည်။ ဘာသာရေးကိစ္စများတွင် ထူးခြားမှုများနှင့် ကြုံတွေ့ရတတ်သည်၊ အလှူဒါနများ ပြုလုပ်ရတတ်သည်။

ကံပေးသော ငွေကြေးပစ္စည်းများ ရရှိမည် ခရီးဝေးသွားရောက်ရတတ်သည်၊ အိမ်ထောင်ဖက်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ ဆေးဝါးကုသမှုကို ခံယူရတတ်သည်၊ ငွေကုန်ကြေးကျများမည်။ ငွေကြေးဆုံးရှုံးခြင်းများ ဖြစ်တတ်သည်။ လုပ်ငန်းသစ်များ လုပ်ဆောင်ရန် မသင့်တော်သေးပါ။ မမျှော်လင့်ဘဲ ကံစမ်းမဲသော်လည်းကောင်း၊ အောင်ဘာလေထီသော်လည်းကောင်း ပေါက်တတ်သည်။ လက်ဆောင်ပစ္စည်းများ ရောက်ရှိလာတတ်သည်။ အလုပ်အကိုင်လုပ်မည်ဆိုလျှင် အစစအရာရာ တတ်သိနားလည်သူများနှင့် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း လုပ်ဆောင်သင့်သည်။ မိမိ၏ဆုံးဖြတ်ချက်ထက် အများ၏ဆုံးဖြတ်ချက်ကို ချသင့်ပါသည်။

ကျန်းမာရေးနှင့်စပ်လျဉ်း၍ အကြောပိုင်းဆိုင်ရာဝေဒနာများ ခံစားရတတ်သည်။ အိမ်ထောင်ရေးကိစ္စများတွင် အရှုပ်အထွေးများ ပေါ်လာတတ်သည်။ အချုပ်အနှောင်ခံရတတ်သည်။ သွေးတိုးနှင့်ပတ်သက်သော ရောဂါများခံစားရတတ်သည်။ ရေလမ်းခရီးကို ရှောင်သင့်ပါသည်။ လူယုံ၏ ဒုက္ခပေးခြင်းကို ခံရတတ်သည်၊ ယုံစားမိသမျှ အလိမ်ခံရခြင်းကြုံမည်။ အချစ်ရေးကိစ္စများတွင် နှစ်ဦးသဘောတူ ပြေလည်သော်လည်း ကြီးသူတို့၏ ဟန့်တားမှုကို ခံရတတ်သည်။

စီးပွားရေးလုပ်ငန်းကိစ္စများတွင် အခက်အခဲအဖုအထစ်များ၊ မပြေလည်မှုများနှင့် ကြုံတွေ့ရတတ်သည်။ မောင်နှမသားချင်းများကြောင့် လုပ်ငန်းအစီအစဉ်များ ပျက်တတ်သည်။ ဘာသာရေးကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်ရတတ်သည်။ ပြည်ပခရီးသို့ သွားရတတ်သည်။ ရွှေစသော အဖိုးတန်ရတနာပစ္စည်းများ ဝင်လာတတ်သည်။ ဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရောက်ရတတ်သည်။

***ယတြာပြုလုပ်လိုပါက*** - ၃၁ ဘုံသားများအား မေတ္တာပို့၍ ကုသိုလ်ဘာဂကို အမျှဝေပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# တပေါင်းလ၏ အခါတော်နေ့

## (မြတ်ဗုဒ္ဓ၏ပြည်တော်ဝင်နေ့)

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

တစ်နှစ်တာကာလ၏ နောက်ဆုံးလ - ဖြစ်သော တပေါင်းလ။

ထိုလကား လတကာတို့အနက်မှ သာယာမှုအထူးခြားဆုံး ဖြစ်လေရကား 'တပေါင်းသာခေါင် လမျှားနောင်' ဟု သတ်မှတ်ခဲ့ကြသည်။ ထိုတပေါင်းလတွင် တပေါင်းလပြည့်နေ့သည် ဂေါတမဘုရားရှင်အဖို့ ဖွားရာဇာတိဖြစ်သော ကပိလဝတ်နေပြည်တော်သို့ မြန်းကြွရောက်ရှိတော်မူသည့် မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့ ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ တပေါင်းလပြည့်နေ့သည် ထူးခြားမွန်မြတ်လှသော နေ့တစ်နေ့ပင် ဖြစ်တော့သည်။

အဆိုပါနေ့ ဖြစ်ပေါ်ပုံကား ...

ထိုအချိန်က ဂေါတမမြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်လျက် အင်္ဂတိုင်းသားများနှင့် မဂဓတိုင်းသားများအား တရားရေအေး တိုက်ကျွေးတော်မူလျက်ရှိပါသည်။ အဆိုပါသတင်းကို ကပိလဝတ်နေပြည်တော်မှနေ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ကြားသိလိုက်ရလေသည်။ ထိုအခါတွင် ခေါင်းဆောင်အမတ် ၁၀ ဦးတို့ကို နောက်ပါ အခြွေအရံတစ်ထောင်စီဖြင့် ၁၀ ကြိမ်ခွဲလျက် ဘုရားရှင်အား ပင့်ဆောင်ရန် ရာဇဂြိုဟ်သို့ စေလွှတ်တော်မူခဲ့လေသည်။

ကနဦး ရောက်ရှိသွားကြသော အမတ်များသည် ဘုရားရှင်နှင့် တွေ့ဆုံပြီး တရားတော်ကို နာကြားမိလေသောအခါဝယ် ကပိလဝတ်သို့ မပြန်ဖြစ်ကြတော့ဘဲ တစ်ဦးစတ်ချန် သာသနာ့ဘောင်သို့ ရောက်ရှိသွားခဲ့ကြပြီး နောက်ဆုံးတွင် 'ပေဟိဘိက္ခုဟန်း'တွေချည်း ဖြစ်ခဲ့ကြလေသည်။ ထိုအခါတွင် မင်းကြီးသည် ကြံရည်ဖန်ရည်ထက်မြက်သော ကာဠုဒါယီအမတ်အား ဦးဆောင်စေလျက် နောက်ဆုံးအသုတ်အဖြစ် ရာဇဂြိုဟ်သို့ စေလွှတ်တော်မူခဲ့သည်။

မည်သို့ပင်ဖြစ်စေ ကာဠုဒါယီအမတ်လည်း ဘုရားရှင်ထံမှ တရားရေအေး အမြိုက်ဆေးကို သုံးဆောင်ပြီးသောအခါဝယ် ပေဟိဘိက္ခုဖြစ်ခဲ့ရပြန်ပါသည်။ ထို့နောက် တရားအဆင့်ဆင့်ကို ပွားများအားထုတ်တော်မူခဲ့ရာ အာသဝေါကုန်ခန်းသည့် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။ သို့ပါသော်ငြား ကာဠုဒါယီမထေရ်သည် ဂုဏ်ယူခဲ့သည့်တာဝန်၊ ပေးခဲ့သည့် ကတိကို မေ့လျော့မသွားခဲ့။ ထို့ကြောင့်လည်း ရာသီဂိမန္တ တပေါင်းလ၏ သာယာပုံကို ဂါထာတော်ပေါင်း ၆၄ ဂါထာ သီကုံး၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ကျေးဇူးတော်ကို သိသောအားဖြင့် ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ပြန်လည်မြန်းကြွတော်မူပါရန် အချိန်သင့်ပြီဖြစ်ကြောင်း တပေါင်းလပြည့်နေ့တွင် လျှောက်တင်ပန်ကြားခဲ့လေသည်။

**နာတိ သီတံ နာတိဥဏှံ၊**

**နာတိ ဒုဗ္ဘိက္ခ ဆာတကံ။**

**သဒ္ဒလာ ဟရိတာ ဘူမိ၊**

**ဧသ ကာလော မဟာမုနိ။**

"မုနိတို့၏ သခင်ဖြစ်တော်မူသော မြတ်စွာဘုရားဆောင်းဦး၊ နွေဦး တပေါင်းလ ဤအခါထူးသည် အေးလည်းမအေးလွန်းလှပါဘုရား၊ ပူလည်း မပူလွန်းလှပါဘုရား။ ကောက်ပဲသီမ်းစ ဥတုမျှ၍ အာဟာရမွတ်ရှားခေါင်းပါးခြင်း၊ ဆာလောင်ခြင်းမှလည်း ကင်းရှင်းလှပါသည်ဘုရား။ မြေပြင်သည်လည်း နေဇာမြက်ညွန့် ပေါက်ရောက်ရှင်သန်၍ မြစိမ်းရောင်လွှမ်း စိုပြည်လန်းဆန်းနေပါသည်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းနှင်းနွေဦး တပေါင်းလ ဤအခါထူးသည် မွေးရပ်ဌာနေ ကပိလဝတ်နေပြည်သို့ ကြွချီရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား"

ထိုသို့သော လျှောက်တင်ချက်အရ ဂေါတမဘုရားရှင်လည်း ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၂၀၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်မြို့မှ ယူဇနာခြောက်ဆယ် (လအားဖြင့် နှစ်လတာမျှ) ဒေသစာရီ ကြွချီတော်မူခဲ့သည်။

ဤတွင် မြတ်စွာဘုရားရှင်မှ ကပိလဝတ်နေပြည်တော်သို့ မြန်းကြွတော်မူလာသည့်အတွက် ဗုဒ္ဓဘာသာတော် သမိုင်း၌ အကျိုးဆက်များဖြစ်ပေါ်လာခဲ့လေသည်။ ထိုအကျိုး ◌ာက်များကား –

(၁) နိဂြောဓာရုံ ကျောင်းတော်ကြီး ပေါ်ပေါက်လာခဲ့ခြင်း၊

(၂) သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်များကို နုတ်ပယ်သောအားဖြင့် ပေါက္ခရဝဿမိုးကို ရွာသွန်းစေခဲ့ခြင်း၊

(၃) ဂါထာတစ်ထောင်ဖြင့် ဆင်ယင်အပ်သော ဝေသန္တရာဇာတ်တော်ကြီးကို ဟောကြားတော်မူခဲ့ခြင်း၊

(၄) မဟာဓမ္မပါလ ဇာတ်တော်ကြီးကို နာကြားရ၍ ခမည်းတော်ကြီး အနာဂါမ်တည်ပြီး နောင်သောအခါ အရဟတ္တဖိုလ်တည်ခြင်း၊ မိထွေးတော် ဂေါတမီ သောတာပန်တည်ခြင်း (နောင်သောအခါ ဘိက္ခုနီသာသနာ ထူထောင်ခွင့်ကြုံခြင်း)

(၅) ယသော်ဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကို ဟောကြားတော်မူခဲ့ခြင်း၊

(၆) ဇနပဒကလျာဏီ မင်းသမီး၏ ကြင်ယာတော် နန္ဒမင်းသား ရဟန်းဖြစ်ခြင်း၊

(၇) သားတော်ရာဟုလာ အမွေတောင်းသဖြင့် သာမဏေဘဝသို့ ရောက်ရှိစေခဲ့ခြင်း၊

(၈) သာကီဝင်အမျိုးမှ မင်းသားတစ်ထောင်တို့ ရဟန်းဘဝသို့ ရောက်တော်မူကြခြင်း၊

(၉) ကာဠုဒါယီမထေရ်ကို 'ဆွေမျိုးအပေါင်းတို့ မြတ်စွာဘုရားရှင်အပေါ် ကြည်ညိုစေရန် စွမ်းဆောင်ရာ၌ အမြတ်ဆုံးဘွဲ့ (ကုလပ္ပသာဒ) ဧတဒဂ်'အား ချီးမြှင့်တော်မူခြင်း၊

(၁၀) အရှင်သာရိပုတ္တရာ လျှောက်ထား၍ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူခြင်း

အစရှိသည့် အကျိုးဆက်များ ဖြစ်ပေါ်လာခဲ့သည်။

မိမိတို့ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားသော နိုင်ငံဖြစ်ပါသည်။ အဆိုပါ တပေါင်းလပြည့်၊ ဗုဒ္ဓဘုရားရှင် ပြည်တော်ဝင်အခါတော်နေ့နှင့် စပ်လျဉ်း၍ အင်းဝခေတ်၌ ပေလေးပင် ရှင်လေးပါးအနွယ်ဝင် ရဟန်းစာဆို ရှင်အုန်းညို့က ဂါထာ ၆၀ ပျို့ ရေးဖွဲ့ခဲ့လေရာ ထိုပျို့အစုထဲမှ အောက်ပါပျို့အဖွဲ့ကလေးကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

*"ကပိလတွင်။ မွေးဘသုဒ္ဓေါ်၊ ဒကာတော်နှင့်၊ ယသော်ဓရာ၊ ဗိမ္ဗာမြောက်သား။ သည်းချာရာဟု၊ မျှော်ရာရှလျက်၊ တစ်စုတစ်ရုံး။ ပန်းနွယ်ကုံးမျှ၊ သက်လုံးမေတ္တာ၊ ပြက်ကြင်နာသော်၊ ဖူးပါလှချင်၊ ငါ့သခင်ကို၊ သို့ပင်ဆိုတမ်း။ နှစ်ခွလွှမ်း၍၊ မျက်ရမ်းထိထိ၊ မြော်ချင်ဘိဟု၊ ကြားသိတုံလို၊ တစ်သောင်းဗိုလ်တွင်၊ ကျွန်ကိုနောက်ဆင့်၊ ချီပင့်ရရှာ၊ ဤအခါကား။ ပေါမာချမ်းဆောင်း။ ကြွလဲပြောင်းသား။ တပေါင်းနွေလ၊ ဂိမာနပဟု၊ သာလှမျှော်မှု၊ သည်ရတု၌၊ ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း။ ပွင့်ရောင်တိချည်။ ဖြင်ပေါ်ပြည်းဓား၊ မယ်းတော်ကောင်း။ ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ထွာသည်၊ သွားခါကာလ၊ တန်ပြီဘုရား"*

ကျမ်းကိုး

- အခါတော်နေ့များ (မာဓဂီ၊ သာစည်)
- ဂါထာ ၆၀ ပျို့ (ရှင်အုန်းညို)
- ကိုယ်ပိုင်မှတ်စုများ။

တက္ကသိုလ်သျှင်ဥက္ကာ
(မဟာဝိဇ္ဇာ၊ ကျမ်းပြု)



www.burmeseclassic.com

www.burmeseclassic.com

# တာရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၇ ခုနှစ် ၊ ဖေဖော်ဝါရီလ**

## တရုတ်နှစ်ဖွားသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

ပြောဆိုဆက်ဆံမှု သတိနှင့်ဆင်ခြင်ပါ။ လက်အောက်ငယ်သားများ၊ သားသမီးများ တော်လှန်ပုန်ကန်မှု ကြုံမည်။ စီးပွားရေးလုပ်ငန်း ပြိုင်ဘက်နှင့် အဆင်ပြေအောင်ပေါင်းပါ။ ရုံးဝန်ထမ်း အလုပ်သမားများတို့ကို သေသေချာချာ စေ့စေ့စပ်စပ်ရွေးချယ်ခန့်ထားပါ။ နေအိမ်တံခါး လုံခြုံစွာပိတ်ထားပါ။ သူခိုးဘေးကြုံရတတ်၏။ အိမ်တွင်း၌သာနေပါ။ ပြင်ပသိပ်မထွက်ရ။ သူတစ်ဖက်သား၊ ဇနီးသားသမီးအပေါ် တတ်နိုင်သရွေ့ ညှာတာခွင့်လွှတ်ပါ။ သဘောထားကြီးကြီးထားပါ။ စိတ်ချမ်းသာမည်။ ငွေကြေးချွေတာသုံးပါ။ စုဆောင်းထားပါ။

**ရှောင်ကြဉ်ရန်အချက်များ**

ငွေကြေးပြတ်လပ်မှု ကြုံလိမ့်မည်။ မိမိရုံးတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတွင်ဖြစ်စေ ပြောဆိုဆက်ဆံမှု အထူးဆင်ခြင်ပါ။ အိမ်ထောင်စု မိသားစုအတွင်း၌ သဘောကွဲလွဲမှုဖြစ်တတ်ပါသည်။ လူပျို အပျိုများ အနေဖြင့်လည်း ပြောဆိုဆက်ဆံမှု သတိနှင့် ဆင်ခြင်ရပါမည်။ ချစ်သူချင်း အထင်လွဲမှု ကြုံရတတ်ပါသည်။ ပြင်ပထွက်လျှင် ခိုက်ရန်ဖြစ်ပွားမှု၊ မတော်တဆထိခိုက်မှု ကြုံတတ်သဖြင့် သတိနှင့် သွားလာရပါမည်။ ခါးပိုက်နှိုက် ခံရနိုင်သဖြင့် သတိနှင့် လုံလုံခြုံခြုံနေပါ။ ရုပ်ရှင်ရုံ၊ ဈေးသွားလာမှု ဆင်ခြင်ပါ။

**နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

ခရီးထွက်နိုင်၏။ ခရီးဝေးသွား၍ ကုန်ရောင်းကုန်ဝယ်လုပ်လျှင် အကျိုးထူးရှိမည်။ ငွေကြေးပြတ်လပ်မှု ကြုံနိုင်သဖြင့် စနစ်တကျသုံးစွဲပါ။ ရေကြောင်းခရီး၊ လေကြောင်းခရီးသွားနိုင်ပါသည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်၏။ လုပ်သာလုပ်ပါ။ တွေးမနေပါနှင့်၊ ဝေးမနေပါနှင့်။

**ရှောင်ကြဉ်ရန်အချက်များ**

ငွေကြေးသုံးဖြုန်းမှု မပြုလုပ်သင့်။ ငွေကုန်ကြေးကျများမည်။ စီးပွားရေးလုပ်ငန်းပြိုင်ဘက် အနှောင့်အယှက်ပေးတတ်၏။ သတိနှင့် ဆင်ခြင်ပါ။ ပြင်ပ၌ မတော်တဆထိခိုက်မှု ဖြစ်တတ်သဖြင့် ပြင်ပသွားလာမှု အထူးသတိနှင့် ဆင်ခြင်ကြရပါလိမ့်မည်။ ခရီးထွက်နိုင်သော်လည်း မိုးလေဝသကြည့်ပြီး သွားလာပါ။ ဆင်ခြင်ပါ။ ကျန်းမာရေး ဂရုစိုက်ပါ။ အစားအသောက် အနေအထိုင် ဆင်ခြင်ပါ။ ဝမ်းရောဂါဖြစ်တတ်ပါသည်။ မှည့်လွန်းသစ်သီး ရှောင်ပါ။

**ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

ငွေမြှုငွေမည်းဝင်တတ်၏။ ပြင်ပသွားလျှင် မော်တော်ယာဉ်ကို သတိထားမောင်းနှင်ကြရပါမည်။ လုပ်ငန်းပြိုင်ဘက်နှင့် ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ ငယ်သား၊ သားသမီး



www.burmeseclassic.com

www.burmeseclassic.com

များအတွက် စိတ်မအေးရပါ။ သတိနှင့် စောင့်ကြည့်ရန် လိုအပ်နေပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

သင်၏ ကံဇာတာ အလွန်နိမ့်ကျနေသဖြင့် ပြင်ပသွားလာဆက်ဆံမှု ရှောင်ပါ။ ခိုက်ရန်ဖြစ်ပွားမှု၊ သွေးထွက်သံယိုမှု ဖြစ်တတ်၏။ စကားတစ်ခွန်းကြောင့် လူသတ်မှု ကြုံရတတ်သဖြင့် ပြောဆိုဆက်ဆံမှု အထူးဆင်ခြင်ရန် လိုပါသည်။ ယာဉ်တိုက်မှု၊ ယာဉ်မှောက်မှု ကြုံတတ်၍ ညဉ့်အခါ ယာဉ်မမောင်းနှင့်။ အိမ်ပြင်ထွက်မှု ရှောင်ပါ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း မူလရှိသည့်အတိုင်း လုပ်ကိုင်ပါ။ ခရီးဝေးသွားရပါလိမ့်မည်။ ချစ်သူအသစ်တွေ့မည်။ ခေါင်းအေးအေးထားပြီး ဆုံးဖြတ်ပါ။ စိတ်ထိန်းပါ။ နိုင်ငံခြားကုန်သွယ်မှုနှင့် အကျိုးပေးမည်၊ တိုးတက်မှုရှိမည်။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်း မပြုရ။ ကျုပ်ကျုပ်ရှောင်ပါလေ။ လုပ်ငန်းပွနေတတ်၏။ ချစ်သူသစ်ကို လက်မခံရ။ ရှောင်ပါ။ မမျှော်လင့်ဘဲ သုံးပွင့်ဆိုင်အချစ် ကြုံတွေ့တတ်ပါသည်။ ရေကြောင်းခရီးကို ရှောင်ပါ။ ရေနစ်တတ်၏။ ရေဘေးသတိထားပါ။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ထီပေါက်ကိန်းရှိ၏။ ငွေဖြူငွေမည်းဝင်မည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့နိုင်၏။ ပြည်တွင်းပြည်ပတွင် ရင်းနှီးမြှုပ်နှံပါက အကျိုးထူးတွေ့ရှိမည်။ လုပ်ပါ။ တွေးမနေပါနှင့်။ ဝေးမနေပါနှင့်။ အချစ်ရေး အိမ်ထောင်ရေးကောင်း၏။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းကို လုံးဝလက်မခံရပါ။ အမှုပြဿနာ တက်တတ်၏။ လောင်းကစားဟူသမျှ ရှောင်ပါ။ ချစ်သူမကြိုက်တာ အကုန်ရှောင်ပါ။ သဘောကွဲတတ်၏။ စီးပွားရေး အခွင့်ကောင်းကို လက်မလွှတ်ရပါ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ ညှိုးနွမ်းနေတတ်၏။ ကုသိုလ်ကောင်းမှုများများလုပ်ပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ အလှူအတန်းများများ လုပ်ပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ မိမိ၏ မိသားစုကို စည်းရုံးပါ။ စီးပွားရေး တိုးတက်အောင်မြင်လာပါလိမ့်မည်။ နိုင်ငံခြားခရီးထွက်လျှင် အကျိုးရှိမည်။ နိုင်ငံခြားကုန်သွယ်မှု လုပ်ပါ။ ခရီးထွက်နိုင်၏။ သူတစ်ပါးအကူအညီကို ရယူပါ။ ဖက်စပ်လုပ်ကိုင်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်းကို တစ်ယောက်တည်း မလုပ်ရပါ။ ပျက်စီးဆုံးရှုံးတတ်၏။ ပြင်ပသွားလာမှု သတိထားပါ။ မတော်တဆ ထိခိုက်မှုကြုံတတ်၏။ ကျန်းမာရေး ဂရုစိုက်ပါ။ အစားအသောက် ဆင်ခြင်ပါ။ ဝမ်းရောဂါရတတ်၏။ နေထိုင်မှု ဆင်ခြင်ပါလေ။

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း အလုပ်ရာထူးတိုးမည်။ လစာတိုးမည်။ အထက်လူကြီး သဘောကျလက်ခံအောင် အလုပ်ကို ရိုးသားကြိုးစားစွာ လုပ်ကိုင်ပါ။ ရင်းနှီးမြှုပ်နှံနိုင်၏။ ကူးသန်းရောင်းဝယ်မှုလုပ်လျှင် အကျိုးပေးမည်။ ခရီးဝေးထွက်ပေးပါ။ အကျိုးထူးမှုရှိမည်။ လက်ထပ်နိုင်၏။ ကံထနေတတ်၏။

### ရှောင်ကြဉ်ရန်အချက်များ

လောင်းကစား၊ သောက်စားပျော်ပါးမှု ရှောင်ပါ။ ငွေဝင်တုန်း ငွေရတုန်း စုဆောင်းထားပါ။ နောင်အခါ ငွေပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါ။ စီးပွားရေး တိုးတက်မည်။ အိမ်ထောင်ကျကိန်းရှိ၏။ အခွင့်ကောင်းကို လက်မလွှတ်သင့်။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်ရလိမ့်မည်။ ထွက်ပေးပါ။ ကောင်းလှ၏။ နိုင်ငံခြားသွားလျှင် အကျိုးထူးမှုရှိမည်။ မိမိရှိရင်းစွဲ အလုပ်ကိုသာ လုပ်ပါ။ စီးပွားရေးလုပ်ငန်း အနှောင့်အယှက်ရှိမည်။



www.burmeseclassic.com

www.burmeseclassic.com

အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေမည်။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ စကားကုန်အောင် လွန်အောင် မပြောရပါ။

### ရှောင်ကြဉ်ရန်အချက်များ

လုပ်ငန်း မတိုးချဲ့ပါနှင့်ဦး။ ရင်းနှီးမြှုပ်နှံမှု ဆင်ခြင်ပါ။ စကားကုန် စကားလွန်ပြောခြင်းကို ရှောင်ပါ။ ခိုက်ရန်ဖြစ်ပွားတတ်၏။ ကျန်းမာရေးဂရုစိုက်ပါ။ နားနားနေနေ နေပါ။ အလုပ်ပင်ပန်းလှပြီး နာဖျားတတ်ပါသည်။

### မွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိဘာသာ အေးအေးဆေးဆေးနေပါ။ အိမ်တွင်း၌သာနေပါ။ မိမိ မိသားစုနှင့် ပျော်ပျော်နေပါ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါလိမ့်မည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်း လက်မထပ်သင့်သေးပါ။ ခဏခေတ္တစောင့်ကြည့်ရန် လိုပါသည်။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ လေ၊ သင်္ဘော မစီးရ၊ ရေဘေးကြုံရတတ်၏။ ရေဘေး ကြိုတင်ကာကွယ်မှု သေသေချာချာ ပြုလုပ်ထားပါ။ ယာဉ်မောင်းလျှင် သတိထားပါ။ ယာဉ်တိုက်မှု ဖြစ်ပွားတတ်၏။ လူမှုဆက်ဆံရေး ရှောင်ပါ။ လူမှုရေး ပြဿနာတက်တတ်၏။

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

နိုင်ငံခြားခရီးထွက်လျှင် ကောင်း၏။ နိုင်ငံခြားကုန်သွယ်မှု အကျိုးပေးမည်။ သွင်းကုန်လုပ်ငန်းသည် ထုတ်ကုန်လုပ်ငန်းထက် ပိုမိုအကျိုးပေးမည်။ လုပ်ဖြစ်အောင်လုပ်ပေးပါလေ။ အထက်လူကြီးနှင့် ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ အထင်လွဲခံရတတ်၏။ စေ့စပ်နိုင်၏။ ခရီးသွားနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

လောလောဆယ်အားဖြင့် လက်မထပ်သင့်သေး။ နိုင်ငံခြားမှပြန်လာမှ လက်ထပ်လျှင် ကောင်းမည်။ ခဏခေတ္တ ရှောင်နိုင်သင့်ပါသည်။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ ပြည်တွင်း၌ ကုန်သန်းရောင်းဝယ်မှုကို လုံးဝ(လုံးဝ) ရှောင်ပါ။ အရှုံးပေါ်တတ်ပါသည်။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ မြင့်မားထွန်းလင်းတောက်ပ လန်းလန်းဆန်းဆန်း ရှိနေမည်။ စီးပွားရေး လုပ်ငန်းကိုင်ငန်း တိုးချဲ့လုပ်ကိုင်နိုင်၏။ ရင်းနှီးမြှုပ်နှံမှုလုပ်လျှင် အကျိုးရှိပါလိမ့်မည်။ စက်မှုလုပ်ငန်း အထည်ချုပ်လုပ်ငန်းလုပ်လျှင် ကိုက်မည်။ လုပ်ပါ။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ပြည်တွင်း၌ ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းကို ရှောင်ပါ။ အကျိုးပေးမည် မဟုတ်ပါ။ စက်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှု လုပ်နိုင်ပါသည်။ ကျန်းမာရေး ဂရုစိုက်ပါ။ စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ နာဖျားတတ်၏။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ နိမ့်ကျညှိုးနွမ်းနေတတ်သဖြင့် စီးပွားရေးတိုးချဲ့လုပ်ကိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းကို ရှောင်ပါ။ စီးပွားရေး ခဏခေတ္တ နားနေပါဦး။ စေ့စပ်နိုင်၏။ ကျန်းမာရေး စားသောက်နေထိုင်မှု ဆင်ခြင်ပါလေ။ ရောဂါဝေဒနာမှ [illegible] ၏။ ငွေမည်းဝင်တတ်၏။ ကုသိုလ်ကောင်းမှုများများလုပ်ပေးပါ။

### ရှောင်ကြဉ်ရန်အချက်များ

မိတ်ဆွေအပေါင်းအသင်း၊ ဇနီး၊ မိသားစုအတွင်း၌ သဘောကွဲလွဲမှု ကြုံမည်။ ပြောဆိုဆက်ဆံမှု အထူးဆင်ခြင်ပါလေ။ လူမှုရေး၊ ငွေရေးကြေးရေး အမှုပြဿနာတက်တတ်၏။ ငွေမည်းဝင်လျှင် လုံးဝ လက်မခံကြရ။ သတိကြီးစွာထားပြီး ရှောင်ကြဉ်မှ တော်ရုံကျမှု ဖြစ်မည်။ သူတစ်ပါးကိစ္စ မဆိုင်လျှင် ဝင်မစွက်သင့်။ ရှောင်နေပါ။ အေးအေးနေပါလေ။

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)


*Ref:-*

တရုတ်နက္ခတ္တဗေဒပညာ၊ ၂၀၁၇ ခုနှစ်၊ မလေးရှား



www.burmeseclassic.com

www.burmeseclassic.com



# စိန်အိုးစည် လွယ်သလေလေ

## (လူများများနဲ့ လုပ်တဲ့အလုပ် အဆင်ပြေစေရန်)

ဖြိုးဟန်ကျော် (ကော့သ)

ကျွန်ုပ်၏ ဗေဒင်ဟောခန်းသည် ရွှေတိဂုံဘုရားအရှေ့ဘက် မုခ်ဝထိပ်၌ရှိ၍ နေ့စဉ် ကျွန်ုပ်နေထိုင်ရာ ဝေဇယန္တာအိမ်ရာမှ "ကက" အငှားယာဉ်စီး၍ အလုပ်ခန်းသို့ သွားလေ့ရှိ၏။ တစ်နေ့သ၌ ကျွန်ုပ်၏အလုပ်ခန်းသို့ သွားရန် အငှားယာဉ်ကို မိနစ်အတော်ကြာ စောင့်နေစဉ် ကျွန်ုပ်ရှေ့၌ ရုတ်တရက် အငှားယာဉ်တစ်စီး ထိုးဆိုက်ပြီး –

"ဆရာ . . .ဘယ်သွားမလို့လဲ။ ဘုရားကိုပဲလား။ ကျွန်တော်လိုက်ပို့ပါရစေ"

ဟု ပြောဆိုလိုက်သည့်အတွက် ကျွန်ုပ်လည်း ကားမောင်းသူကို လှမ်းကြည့်လိုက်ရာ ကျွန်ုပ်ထံတွင် မကြာခဏ ဗေဒင်လာမေးလေ့ရှိသော အငှားကားမောင်းသူ ကိုကျော်နီဖြစ်နေ၏။ ကျွန်ုပ်က –

"ဟုတ်ပါတယ် ကိုကျော်နီ။ ကျွန်တော့်အလုပ်ခန်း သွားမလို့ပါ"

ဟု ပြောပြောဆိုဆို သူ၏တစ်ဖက်မှ လွတ်နေသော ရှေ့ခန်းတွင် ဝင်ထိုင်လိုက်၏။ ကိုကျော်နီသည် အလုပ်ကို အလွန်ကြိုးစားသူဖြစ်၏။ ကျွန်ုပ်နှင့် စသိစကပင် သူသည် ကားမောင်းသော အလုပ်ကိုလုပ်၏။ လမ်းကြုံတိုင်းလည်း အကျွန်ုပ်၏ အလုပ်ခန်းသို့လာပြီး ဆွဲကောင်းရန် ဝင်ငွေကောင်းရန် ယတြာများ ဝင်တောင်းလေ့ရှိ၏။

"ဆရာနဲ့ ကြုံတုန်း ကားဆွဲကောင်းမယ့် နည်းလမ်းလေးများ ညွှန်ပေးပါဦးဆရာ။ ကျွန်တော့်ကားပေါ် တင်ခေါ်လာပြီး အခွင့်အရေးတောင်းတာ မဟုတ်ပါဘူး။ ဆရာ့ဆီကို လာတိုင်း 'ယနေ့လူပြည့်ပြီ၊ မနက်ဖြန် စောစောလာပါ'ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ထားတာ အမြဲတွေ့နေရတော့ အရှေ့ကလူတွေကို အားနာပြီး ဆရာ့ဆီကို မဝင်ဖြစ်တာ တစ်လကျော်သွားပြီ။ ဒါကြောင့်ပါ ဆရာ"

ကျွန်ုပ်သည် ကိုကျော်နီအား ပြုံး၍ လှည့်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား ကြုံတိုင်း ကျွန်တော့်ဆီမှာ ယတြာဝင်ယူနေတာပဲ မဟုတ်လား။ ဘာများ လိုအပ်သေးလို့လဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ -

"ဟုတ်ပါတယ်ဆရာ။ ဆရာပေးလိုက်တဲ့ ယတြာတွေနဲ့လည်း ကျွန်တော် အောင်မြင်ပါတယ်။ ပိုပြီး အောင်မြင်ချင်လို့ပါ"

သူနှင့်ကျွန်တော်သည် ပြောပြောဆိုဆိုနှင့် ကျွန်ုပ်၏ အလုပ်ခန်းရှေ့သို့ ရောက်လာပြီး ကားကို ရပ်လိုက်စဉ် -

"ခင်ဗျား ပိုပြီး ကားဆွဲကောင်းချင်ရင်တော့ ကျွန်တော့်အလုပ်ခန်းကို လိုက်လာခဲ့"

"ဖြစ်ပါ့မလားဆရာ။ ရှေ့မှာစောင့်နေတဲ့သူတွေရှိနေတော့ ကျွန်တော်ဝင်လာရင် နောက်က မေတ္တာပို့နေပါဦးမယ်"

ဟု ပြောရင်း ကျွန်ုပ်၏ အလုပ်ခန်းတွင်းသို့ လိုက်ဝင်လာခဲ့၏။ ကျွန်ုပ်က -

"ဒီလိုပါ ကိုကျော်နီ၊ ခင်ဗျားကို ကားပေါ်မှာ ယတြာပေးလိုက်ရင်. ရပါတယ်။ ဒါပေမယ့် ကျွန်တော့်ပညာကို လေးစားတယ်။ လမ်းကြုံတိုင်းတောင်း။ လမ်းကြုံတိုင်းပေးတဲ့ အပေါစားပညာလည်းမဟုတ်ဘူး။ တချို့လူတွေက ကျွန်တော့်ကို အိမ်ပင့်ကြတယ်။ ကျွန်တော့် ဗေဒင်ဆရာသက်တမ်းတစ်လျှောက်မှာ တစ်ခါမှ အိမ်မှာလိုက်ပြီး ဟောပြောလေ့မရှိဘူး။ ဟောလည်းမဟောဘူး။ အရိပ်ခိုချင်ရင် အရိပ်အောက်ကို လာရတယ်။ အရိပ်က ရွေ့မလာဘူး။ ခင်ဗျားလည်း အရိပ်ခိုချင်ရင် အရိပ်အောက်ကို ဝင်ရမှာပေါ့"

ဟု ပြောလိုက်ရာ ကိုကျော်နီက -

"ကျွန်တော် သဘောပေါက်ပြီဆရာ။ အခု ဆရာ့ အရိပ်အောက်ကို ရောက်နေပြီ။ ကျွန်တော့်ကို ကူညီပါ"

ကျွန်ုပ်လည်း တတ်ကျွမ်းထားသော ဇော်သပညာရပ်ဖြင့် တွက်ချက်ပြီး -

"ကားရဲ့အတွင်းမှာ အိုးစည်လေးတစ်လုံး ချိတ်ဆွဲထားပါ"

"ကားရဲ့အတွင်း ဘယ်နေရာမှာ ဆွဲထားရမလဲ ဆရာ"

"ခင်ဗျားကားရဲ့အတွင်း နောက်ကြည့်မှန်မှာ ချိတ်ဆွဲထားပါ"

"နောက်ပြီး ဘာများဆက်လုပ်ရဦးမလဲ ဆရာ"

"နေ့ကောက်တစ်နည်းက မိမိလုပ်တဲ့ အလုပ်တွေမှာ လူဝင်ကောင်းအောင် လူလာအောင် လုပ်တဲ့ယတြာနည်းပါ"

"ဘယ်အလုပ်တွေမှာ အသုံးပြုလျှင် ရနိုင်ပါသလဲ ဆရာ"

"ခင်ဗျားတို့လို အငှားကားမောင်းတဲ့သူတွေ၊ ကျူရှင်ဆရာတွေ၊ အလှပြင်ဆိုင်တွေ၊ ဗီဒီယိုပြစားတဲ့သူတွေ၊ ဈေးဆိုင်ဖွင့်တဲ့သူတွေလည်း သုံးလို့ရပါတယ်"

"အဲ့ဒီနည်းလေး ကျွန်တော် လိုချင်ပါတယ် ဆရာ"

"ရပါတယ် ကိုကျော်နီ။ လိုက်မှတ်ထားပါ။ ကျွန်တော် ရှင်းပြပါ့မယ်"

"မိမိ၏မွေးနေ့နံနက် ၉ နာရီ ၄၅ မိနစ်အချိန်မှာ လင်ပန်းတွင် အကြော်ဆယ့်နှစ်မျိုး ပတ်ပတ်လည် ထားရမယ်။ အကြော်ဆယ့်နှစ်မျိုးမှာ ဗယာကြော်တစ်တစ်မျိုးကတော့ အဓိက ပါရမယ်။ မိမိအိပ်နေကျ ခေါင်းအုံးကို ဘုရားစင်ရှေ့မှာ ခုံငယ်တစ်လုံးပေါ်မှာတင်ပြီး အဲဒီခေါင်းအုံးပေါ်မှာ အကြော်ဗန်းကို တင်ရမယ်။ ပြီးလျှင် ဗန်းအလယ်မှာ ဖယောင်းတိုင်တစ်တိုင် ထွန်းရမယ်။ ပြီးရင် ဘုရားစင်ရှေ့မှာ ထိုင်ပြီး မိမိဖြစ်ချင်တဲ့ဆန္ဒကို လိုက်လိုက်လဲ့လဲ့ ဆုတောင်းပါ"

ထိုအခါ ကိုကျော်နီက -

"ဘာတွေ ဆုတောင်းရမှာလဲ ဆရာ။ ဗန်းက ဘယ်လိုဗန်းကို အသုံးပြုရမလဲ ဆရာ"

"ခင်ဗျားကားဆွဲတဲ့သူက ခင်ဗျားကားကို လူငှားမပြတ်လာအောင်၊ ကျူရှင်ဆရာ၊ အလှပြင်လုပ်ငန်း၊ ဈေးဆိုင်တွေ၊ ဗီဒီယိုရုံတွေမှာလည်း လူမပြတ်ဘဲ အလုပ်ဖြစ်အောင်ပေါ့။ လင်ပန်းကတော့ ကြေး၊ စတီး၊ ဒန်၊ သတ္တု၊ ကြိုက်ရာ သုံးလို့ရပါတယ်"

ကိုကျော်နီသည် ကျွန်ုပ်ပြောဆိုသမျှကို တစ်လုံးမကျန် လိုက်မှတ်ပြီးနောက် -

"ကျေးဇူးတင်ပါတယ် ဆရာ။ နံနက်တိုင်း ဆရာ့ဆီကို ကျွန်တော် လာကြိုပါ့မယ်"

ဟု ပြောဆိုနှုတ်ဆက်ရင်း ကျေနပ်သော အမူအရာဖြင့် ပြန်သွားလေတော့၏။

**ဖြိုးဟန်ကျော်(ဇော်သ)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အယောင်ဆောင်တစ္ဆေ

ပီတာမြဦး

"ခင်ဗျားတို့ (D.E) သွားစစ်ရမှယ့်ထောင်က ဖကယ့်နာမည်ကြီးတဲ့ထောင်ပဲဗျ"

တစ်နေ့ နံနက်ပိုင်းတွင် အင်းစိန်ရုံးချုပ်(ဦး)ဌာနမှ ဦးစီးအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဦးက ကျွန်ုပ်အား ပြောလိုက်ခြင်းဖြစ်၏။

"ဘယ်လို နာမည်ကြီးတာလဲဗျ"

"အဲဒီထောင်ကို ဒီအီးလာစစ်တဲ့အဖွဲ့တွေကို သရဲခြောက်လွှတ်သတဲ့ဗျ"

"ဟုတ်လား၊ အဲဒါ ဘယ်လိုသဘောလဲဗျ"

"အင်း . . . ကြည့်ရတာ သူတို့ထောင်မှာ ပြဿနာဖြစ်လို့ ဒီလို ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့တွေဖွဲ့ပြီး အစစ်ဆေးခံရတာကို မကျေနပ်တဲ့သဘောထင်တယ်"

"သြော် . . . လက်ရှိဝန်ထမ်းတွေက မဟုတ်ဘဲ သရဲက မကျေနပ်လို့ခြောက်လွှတ်တာပေါ့နော်"

"ဆိုပါတော့ဗျာ"

"ဒါဆို ဒီသရဲက ဘယ်ကဖြစ်လာတာလဲဗျ"

"အင်း . . . ဝန်ထမ်းတစ်ယောက်သေပြီး မကျွတ်မလွတ်ဘဲ သရဲဖြစ်နေတာနဲ့ တူပါတယ်။ ဒီသရဲက ဘယ်တုန်းက ဖြစ်လာလဲလို့တော့ ဘယ်သူမှ မပြောနိုင်ပေမယ့် သူတို့ ထောင်ကို အင်မတန်ချစ်တဲ့ ဒေသခံ ဝန်ထမ်းတစ်ယောက် သေပြီး သရဲဖြစ်နေတာလို့တော့ ယူဆကြတယ်တဲ့"

"ဟုတ်လား၊ ဒါနဲ့ သရဲက ဘယ်လိုခြောက်တာလဲဗျ"

"သူခြောက်ပုံက နည်းနည်းထူးခြားတယ်။ တခြားသရဲတွေလို ပြူးတူးပြတဲ့နဲ့လူကို ကြောက်ပြီးထွက်ပြေးချင်အောင် ခြောက်တာမျိုးတော့ မဟုတ်ဘူး။ ဒီသရဲက ခြောက်လို့ခြောက်မှန်း မသိအောင် အလွန်ညင်သာတယ်ဆိုပဲ"

"တစ်မျိုးပါလား"

"အဲဒီထောင်ကို နောက်ဆုံး ဒီအီးသွားစစ်ခဲ့တာ ထောင်ပိုင်ကြီး ကိုဗိုလ်နောင်တို့အဖွဲ့တဲ့။ ကိုဗိုလ်နောင်က အဖွဲ့ဥက္ကဋ္ဌ။ အဖွဲ့ဝင်တွေက ထောင်မှူးကြီးအေးသောင်နဲ့ ထောင်မှူး မြင့်ဝေတို့တဲ့။ ထုံးစံအတိုင်း ထောင်က ဧည့်ရိပ်သာမှာ ညအိပ်တည်းခိုရတာပေါ့။ ကိုဗိုလ်နောင်က မနက်စောစောထပြီး လမ်းလျှောက်တတ်တော့ မနက်မနိုးမှာစိုးလို့ နာရီကို မနက် ၅ နာရီခွဲ နှိုးစက်ပေးထားတယ်တဲ့။ သူအိပ်ပျော်တုန်း နှိုးစက်မြည်လို့ ကြည့်လိုက်တော့ မနက် ၃ နာရီခွဲပဲ ရှိသေးသတဲ့။ ဒါနဲ့ သူများ မှားပေးမိသလားတွေးလို့ မနက် ၅ နာရီခွဲ ပြန်လုပ်ထားလိုက်တယ်။ ပြန်အိပ်လို့ သိပ်မကြာဘူး နှိုးစက်ထပ်မြည်လို့ ကြည့်လိုက်တော့ မနက် ၄း၂၀ နာရီပဲ ရှိသေးတယ်။ ဒီလိုနဲ့ ခဏခဏ နှိုးစက်မြည်နေတော့ တစ်ညလုံးအိပ်မရဘဲ မိုးလင်းသွားရောတဲ့။ ဒီတော့မှ သရဲခြောက်တာပဲလို့ တွေးမိသတဲ့ဗျ"

"အင်း . . . နှိုးစက်သရဲပေါ့"

"ထောင်မှူး အေးသောင်ကျတော့ တစ်မျိုးဗျ။ သူ မနက်စောစော ရေချိုးခန်းဝင်ပြီး ရေချိုးဆပ်ပြာတိုက်နေတုန်း ရေပြတ်သွားတယ်တဲ့။ ဒါနဲ့ အပြင်ထွက်ကြည့်တော့ အပေါ် တိုင်ကီက ရေချိုးခန်းထဲရေဆင်းတဲ့ ပိုက်ခလုတ်ပိတ်ထားတာ တွေ့ရတယ်။ ဒါနဲ့ ပိုက်ဖွင့်ပြီး ရေဆက်ချိုးတုန်း ရေပြတ်သွားပြန်တယ်။ ဒီလိုနဲ့ နှစ်ခါသုံးခါ ဖြစ်တော့မှ သရဲခြောက်မှန်း သတိထားမိတော့တယ်။ အဲဒါ လူစောင့်ထားပြီး စောင့်ကြည့် ခိုင်းထားမှ ရေဆက်ချိုးလို့ရသတဲ့ဗျ"

"အင်း . . . ရေစက်သရဲပေါ့"

"အဲ . . ထောင်မှူးမြင့်ဝေ အလှည့်မှာတော့ အတော် ကိုးရိုးကားယားဖြစ်အောင် အခြောက်ခံရတယ်တဲ့။ နောက်တစ်နေ့မနက် ဒီအီးစစ်ဖို့ ယူနီဖောင်းဝတ်တော့ အောက်ခံဘောင်းဘီ ရှာမရဘူးတဲ့။ ဘောင်းဘီအပိုလည်း မပါ

www.burmeseclassic.com

တော့ ရိပ်သာအနံ့ လိုက်ရှာတာလည်း မတွေ့ဘူးတဲ့။ နောက်ဆုံး ဝန်ထမ်းတွေ အကူအညီနဲ့ လိုက်ရှာနိုင်းတော့မှ တွေ့ရတော့သတဲ့"

"ဘယ်မှာလဲ"

"ရိပ်သာနောက်က သရက်ပင်ကြီးရဲ့ ကိုင်းတစ်ကိုင်းပေါ် ရောက်နေသတဲ့ဗျ"

"တော်တော်နောက်တဲ့ သရဲပဲ"

"ကျွန်တော် သိသလောက်ကတော့ ဒီလောက်ပဲ။ ခင်ဗျားတို့အဖွဲ့လည်း သတိဝီရိယနဲ့ နေကြထိုင်ကြပေါ့ဗျာ...ဟဲ...ဟဲ"

"ကျေးဇူးပဲ"

ကျွန်ုပ်မှာ မည်သို့ဖြစ်စေကာမူ အထက်မှ တာဝန်ပေးချက်အရ ထိုထောင်သို့ သွားရောက်စစ်ဆေးရပေတော့မည်။ သို့ဖြစ်၍ အခြားထောင်များတွင် တာဝန်ကျနေသော ဒီအီးအဖွဲ့ဝင် ထောင်မှူးကြီးစိုးလှိုင်နှင့် ထောင်မှူးခင်ဇော်တို့အား တယ်လီဖုန်းဖြင့် ဆက်သွယ်၍ အဆိုပါထောင်သို့ သန်ဘက်ခါ အရောက်လာကြရန် ချိန်းဆိုလိုက်သည်။

အဆိုပါထောင်သို့ သတ်မှတ်ရက် ညနေပိုင်းမှာပင် ကျွန်ုပ်နှင့် အဖွဲ့ဝင်များ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြ၏။ လူစုံသည်နှင့် ကျွန်ုပ်က စတင်ရှင်းပြသည်။

"အမှုကတော့...ဒီထောင်က ထောင်မှူးလှသန်းကို ဒုတိယတပ်ကြပ်အေးစိုးက လာဘ်ပေးလာဘ်ယူကိစ္စနဲ့ လက်မှတ်ထိုး တိုင်ကြားထားတဲ့ အမှုပဲ။ တိုင်စာမှာ ပစ်စာနဲ့ တိုင်ကြားစာဆိုပြီး နှစ်မျိုးရှိတဲ့အထဲမှာ ဒီစာက တိုင်တဲ့လူကိုယ်တိုင်လက်မှတ်ထိုး တိုင်ထားတာဆိုတော့ ပိုပြီးလေးနက်မှုရှိတယ်။ အဲဒါကြောင့် အများအယွင်းမရှိအောင် သေချာစစ်ဆေးကြရလိမ့်မယ်နော်"

"ဟုတ်ကဲ့ ဆရာ"

"ကဲ...ဒီတော့ ထောင်မှူးကြီးစိုးလှိုင်က တိုင်ကြားခံထားရတဲ့ ထောင်မှူးလှသန်းကို အခုညနေမှာပဲ ထုချေလွှာတောင်းလိုက်ပါ။ မနက်ဖြန်မနက် ၈ နာရီ စစ်မယ်လို့"

"ဟုတ်ကဲ့ဆရာ။ ကျွန်တော် ခုပဲ လုပ်လိုက်ပါ့မယ်၊ ဒါနဲ့ဆရာ ဒီထောင်က ဒီအီးလာစစ်တဲ့အဖွဲ့ဝင်တွေကို သရဲခြောက်တတ်တယ်ကြားတယ်။ ဟုတ်လား ဆရာ"

ထောင်မှူးကြီး ဦးစိုးလှိုင်က မေးသည်။

"ဟုတ်တယ် ဆရာ။ ကျွန်တော်လည်း အဲလိုကြားတယ်။ ဒီရိပ်သာမှာ တောင် ညအိပ်ရမှာ ခပ်လန့်လန့်ပဲ"

ထောင်မှူးခင်ဇော်ကပါ ဝင်ပြောသည်။

"အင်း...ဒါတွေက ကောလာဟလတွေလည်း ဖြစ်ချင်ဖြစ်နိုင်တယ်။ ဒီအီးအဖွဲ့တိုင်းကိုတော့ ခြောက်တာဟုတ်ချင်မှဟုတ်ပါလိမ့်မယ်။ သို့ပေမယ့်လည်း မဆိုးရိမ်ကြပါနဲ့လေ။ ညအိပ်ရာဝင်ရင် ဘုရားရှိခိုးပြီး သဗ္ဗေသတ္တာဝေနေယျာတွေကို မေတ္တာပို့ အမျှဝေပြီးမှ အိပ်ကြပေါ့ဗျာ"

"ဟုတ်ကဲ့ ဆရာ"

ထိုပထမညမှာကား အားလုံး ကျွန်ုပ်ပြောသည့်အတိုင်း ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေပြီး အိပ်ကြ၍လားမသိ အနှောင့်အယှက်ကင်းစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ကြသည်။

ကျွန်ုပ်သည် နောက်တစ်နေ့ နံနက် ၅ နာရီ အိပ်ရာမှထကာ ကိုယ်လက်သုတ်သင်၍ ဘုရားဝတ်ပြုကာ နံနက် ၅ နာရီခွဲခန့်တွင် အကျဉ်းထောင်ကို အပြင်မှ တစ်ပတ်ပတ်ကြည့်ရန် ဧည့်ရိပ်သာမှ ထွက်လာခဲ့၏။

ဤသည်မှာ ကျွန်ုပ် ဒီအီးစစ်ဆေးရန်ရောက်သည့် ထောင်တိုင်းတွင် လုပ်နေကျအကျင့်တစ်ခုဖြစ်၏။

**"အင်း...ကြည့်ရတာ ကျွန်တော်တို့ သုံးယောက်ထဲမှာ ခင်ဗျားတော့ ပွဲဆော်ဦး တဇွေအခြောက်ခံရပြီနဲ့တူတယ် ကိုစိုးလှိုင်"**

www.burmeseclassic.com

www.burmeseclassic.com

ပထမအဆင့်အနေနှင့် အကျဉ်းထောင်ကို အပြင်ဘက်မှပတ်လျက် အုတ်ရိုး၏အမြင့် အကျဉ်းထောင်သက်တမ်း အရာရှိနှင့် ဝန်ထမ်းများအိမ်ရာတည်ဆောက်ထားပုံများနှင့် ပတ်ဝန်းကျင်အခြေအနေများကို လေ့လာအကဲခတ်လေ့ရှိ၏။

ဒုတိယအဆင့်အနေနှင့် အကျဉ်းထောင်ဘူးဝရှိ ဂိတ်မကြီးပေါ်သို့တက်ကာ အပေါ်စီးမှနေ၍ အကျဉ်းသားအိပ်ဆောင်များ၊ တိုက်ခန်းများ၊ မျှော်စင်များ၊ ဖိုကြီးနှင့် အလုပ်ဘက်တို့ တည်ဆောက်ဖွဲ့စည်းထားပုံ စသည်တို့ကို အာရုံသွင်း လေ့လာတတ်သည်။

သို့မှသာ အမှုစစ်ဆေးသည့်အခါ အချင်းဖြစ်နေရာ ထောင်တွင်းအနေအထား စသည်တို့ကို မျက်စိထဲ ပြန်လည်မြင်ယောင်လာကာ အမှုသွားအမှုလာကို ဆင်ခြင်သုံးသပ်သည့်အခါများစွာ အထောက်အကူရနိုင်သောကြောင့် ဖြစ်ပါသည်။

"ဩော်…ဆရာကြီးက ဒီအီးစစ်ဖို့ ရောက်လာတဲ့ ညှော်သည်ထောင်ပိုင်ကြီးထင်တယ်"

ကျွန်ုပ် ညှော်ရိပ်သာမှထွက်လာပြီး အကျဉ်းထောင် ဘူးဝအရောက်တွင် ထောင်တံခါးရှေ့၌ ဝန်ထမ်းတစ်ဦး အလေးပြု နှုတ်ဆက်သည်ကို တွေ့ရသဖြင့် ကျွန်ုပ်က ပြန်အလေးပြုလိုက်သည်။ ဝန်ထမ်းမှာ ယူနီဖောင်း အပြည့်အစုံဝတ်ထားပြီး ပခုံးခေါက်ပေါ်တွင် ငွေကြယ်တစ်ပွင့်တပ်ထားသော အမျိုးသမီးထောင်မှူး ဖြစ်သည်။

"ဟုတ်ပါတယ်ကွယ်။ ဒါနဲ့ သမီးက ဘယ်သူလဲ"

"သမီးက ထောင်မှူးမြင့်မြင့်ဦးပါ။ ထောင်ဖွင့်ပြီး အိမ်ခဏပြန်ဖို့ ထွက်လာတာပါ"

"သမီးက ဘယ်လိုင်းမှာနေတာလဲ"

"ထောင်အနောက်ဘက်က လိုင်းမှာပါ"

"ဟုတ်လား။ ဒါဆို အတော်ပဲ။ ဆရာလည်း ထောင်တစ်ပတ်ပတ်ကြည့်မလို့ ထွက်လာတာပါ"

"ရပါတယ်။ ဒါဆို သမီးလိုက်ပြပေးပါ့မယ်"

ထောင်မှူး မြင့်မြင့်ဦးဆိုသူမှာ အသားဖြူဖြူ၊ ကိုယ်လုံးသွယ်သွယ်ဖြင့် ရှေ့မှ ဦးဆောင်လျှောက်သွားသည်။ ကျွန်ုပ်က ထောင်အုတ်ရိုးပတ်လည် အတိုင်း နောက်က လိုက်ခဲ့သည်။

"ဒါက ထောင်ပိုင်ကြီးအိမ်ပါ။ ဟိုဘက် အုတ်ရိုးထောင့်နားက ထောင်မှူးကြီးနေတာပါ ဆရာ"

ထောင်မှူး မြင့်မြင့်ဦးက လက်ညှိုးထိုး၍ လိုက်ရှင်းပြသည်။

"ဟောဒါက ထောင်မှူးတွေ နေတာပါ။ သူ့ဘေးက တဲပ်ကြပ်ကြီးနဲ့ အကြပ်တွေလိုင်းပါ ဆရာ"

ထောင်မှူးမြင့်မြင့်ဦးမှာ အသက်နှစ်ဆယ်ကျော်ရုံသာ ရှိသေးပုံရပြီး နဖူးကျဉ်းကျဉ်း၊ နာတံပေါ်ပေါ်၊ နှုတ်ခမ်းမထူမပါးနှင့် မိန်းမချောတစ်ယောက်ဖြစ်၏။ နက်မှောင်သော မျက်ခုံးများအောက်က အရည်လဲ့နေသော မျက်လုံးရွဲကြီးများက မြင်ရသူကို ရင်ဖိုစေလောက်၏။ အထူးသဖြင့် ပိတုန်းရောင်တမျှ နက်မှောင်ပြီး တံကောက်ကွေးထိရောက်အောင် ဖားလျားချထားသော ရှည်လျားသည့် ဆံကေသာက သူမ၏ အလှကျက်သရေကို ထူးထူးခြားခြား တင့်တယ်စေ၏။

ထောင်မှူးမြင့်မြင့်ဦးက ကျန်ဝန်ထမ်းများကို ဆက်လက်ရှင်းပြပြီး အုတ်ရိုးအနောက်ဘက်နားအရောက်တွင် ကျွန်ုပ်အား အလေးပြုလိုက်၏။

"ဒီရှေ့ကလိုင်းမှာ ကျွန်မနေပါတယ်ဆရာ။ ခွင့်ပြုပါဦး"

"ဩော်…အေးကွယ်"

ထောင်မှူးမြင့်မြင့်ဦးက ပြောပြီးသည်နှင့် ခြေလှမ်းကျဲကြီးများဖြင့် ခပ်သွက်သွက် ထွက်သွားသည်။ သူမ၏ ရှည်လျားသော ပိတုန်းရောင် ဆံကေသာမှာ လေအဝှေ့တွင် တလွင့်လွင့် တလွှားလွှားဖြင့် သူ့နောက်က ပါသွားသည်။ ကျွန်ုပ်က သူမ နှစ်ခန်းတွဲ အိမ်တစ်လုံးပေါ် တက်သွားသည်အထိ ရပ်ကြည့်နေမိပြီးမှ ညှော်ရိပ်သာဘက်ဆက်လျှောက်လာခဲ့သည်။

"မနေ့ ညဦးပိုင်းထဲက နောက်ဖိတ်တွေနဲ့ သေသေချာချာတပ်ပြီး ထားခဲ့တာပါကွာ။ ခုမနက် ဝတ်ခါနီးမှ တစ်ပွင့်ရှာမရှတော့ဘူးလေ"

ထောင်မှူးကြီးစိုးလှိုင်က ထောင်မှူးခင်ဇော်အား ပြောနေသံ ကြားလိုက်ရ၏။

"စောစောစီးစီး ဘာတွေဖြစ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ငွေ့ရိပ်သာထဲဝင်ရင်း မေးလိုက်သည်။ ထောင်မှူးကြီးစိုးလှိုင်က -

"ကျွန်တော် ညကတည်းက ပခုံး ဒေါက်တွေမှာ ငွေကြယ်နှစ်ပွင့်စီ သေချာတပ်ထားခဲ့တာ။ အခု ယူနီဖောင်း ဝတ်မယ်လုပ်တော့ ကြယ်တစ်ပွင့်ရော နောက်ပိတ်နှစ်ခုပါ မတွေ့တော့ဘူး ဆရာ။ ရှာတာလဲ နံ့နေပြီ"

"ရှာတော့ကြည့်ဦးပေါ့ဗျာ။ မတွေ့တော့လည်း ဒီထောင်က အရာရှိတစ်ယောက်ယောက်ဆီမှာ အပိုရှိမှာပေါ့"

ကျွန်ုပ်က ပြောပြောဆိုဆို အဝတ်အစားလဲကာ ရေချိုးခန်းထဲ ဝင်ခဲ့သည်။ ရေချိုးပြီး၍ ယူနီဖောင်းလဲပြီးချိန်တွင် ဝန်ထမ်းတစ်ယောက်က မြီးရှည်သုံးပွဲနှင့် ဟင်းခါးခွက်များလာပို့သည်။ ကျွန်ုပ်တို့သုံးယောက် တစ်ယောက်တစ်ပွဲစီ ယူ၍ နံနက်စောစော စားလိုက်ကြ၏။

ထိုစဉ် ထောင်မှူးကြီးက -

"ဟိုက်...အံ့ဩစရာပဲ"

"ဘာဖြစ်လို့လဲ"

"ဆရာ ဒီမှာကြည့်လေ။ ကျွန်တော် ဟင်းချိုသောက်မလို့ ခပ်လိုက်တာ ဇွန်းပေါ်မှာ ကြယ်ပွင့်ကြီး ပါလာတယ်"

ကျွန်ုပ် ငုံ့ကြည့်လိုက်ရာ ဇွန်းထဲတွင် ငွေကြယ်တစ်ပွင့်နှင့် နောက်ပိတ်နှစ်ခုကို တွေ့လိုက်ရ၏။

"ဒါ ခင်ဗျားကြယ်လား ကိုစိုးလှိုင်"

"ဟုတ်ကဲ့၊ နောက်ပိတ်အနီရောင်တွေနဲ့ ကျွန်တော့်ကြယ်ပွင့်ပါဆရာ။ ဘယ့်နှယ်လုပ် ဟင်းချိုခွက်ထဲ ပါလာတာလဲ မသိဘူး"

ထောင်မှူးခင်ဇော်က မျက်လုံး ပြူးကြီးဖြင့် -

"တော်တော် အံ့ဩစရာပဲဆရာ"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်ကာ ပြုံးပြလိုက်သည်။

"အင်း...ကြည့်ရတာ ကျွန်တော်တို့သုံးယောက်ထဲမှာ ခင်ဗျားတော့ ဗွေဆော်ဦး တစ္ဆေအခြောက်ခံရပြီနဲ့ တူတယ် ကိုစိုးလှိုင်"

ထောင်မှူးကြီးစိုးလှိုင်က ဘာမှ ပြန်မပြောတော့ဘဲ ဟင်းရည်ထဲက သူ့ကြယ်ပွင့်ကို ဆယ်ယူကာ ရေဖြင့် သေချာ ဆေးကြော၍ သူ၏ပခုံးဒေါက်ပေါ် ပြန်တပ်လိုက်တော့၏။

ကျွန်ုပ်တို့ ထောင်ထဲဝင်လာကြချိန်တွင် ရုံးခန်းထဲ၌ အတိုင်ခံရသူ ထောင်မှူးလှသန်းနှင့် စာဖြင့်တိုင်ကြားသူ ဒုတိယတပ်ကြပ်အေးစိုးတို့ ရောက်ရှိနေလေပြီ။ ကျွန်ုပ်က ဒုတိယတပ်ကြပ်အေးစိုးအား စတင်မေးလိုက်သည်။

"မင်းက ဒုတပ်ကြပ်အေးစိုးနော်"

"ဟုတ်ပါတယ်"

"တို့က ယောဒိက ထောင်မှူးလှသန်းအပေါ် မင်းတိုင် ကြားထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဌာနဆိုင်ရာအနေနဲ့ အရေးယူဖို့ လာခဲ့တာပဲ"

"ခင်ဗျာ"

ဒုတပ်ကြပ်အေးစိုးက မျက်လုံး မျက်ဆန်ပြူးကာ ပါးစပ်အဟောင်းသားဖြင့် -

"ခင်ဗျာ...ကျွန်...ကျွန်တော် ဘယ်သူ့ကိုမှ မတိုင်ပါဘူးဆရာ"

သူက ဖြေသည်။

"ဟုတ်ရဲ့လားကွယ်။ ဒီမှာကြည့်ဦး။ ဒါ မင်းတိုင်ထားတဲ့စာနဲ့ မင်းလက်မှတ်မဟုတ်လား"

ကျွန်ုပ်က တိုင်စာရွက်ကို သူ့အား လှမ်းပေးလိုက်သည်။ သူက အစအဆုံး ဖတ်ကာ -

"ဒါ...ဒါ ကျွန်တော်ရေးတဲ့စာ မဟုတ်ဘူး။ ကျွန်တော့်လက်ရေးလည်း မဟုတ်ဘူး။ ကျွန်တော့်လက်မှတ်လည်း

**ကျွန်ုပ်တို့ ဝင်လာချိန်တွင် ထောင်မှူးခင်ဇော်မှာ မျက်နှာဖြူဖပ်ဖြူရော်နှင့် တုန်လှုပ်ချောက်ချား နေဟန် တွေ့လိုက်ရ၍ ကျွန်ုပ်လှမ်းမေးလိုက်မိသည်။ သူက ဘာမှမပြောဘဲ သူ့ရှေ့ရှိ ရုပ်မြင်သံကြားစက်ကိုသာ လက်ညှိုးထိုးပြသည်။**



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး။ ပြီးတော့ ဒီစာထဲက ကိစ္စတွေကိုလည်း ကျွန်တော် တစ်ခုမှ မသိဘူးဆရာ”

“ဟုတ်လား။ ဒါဆို မင်း ဒီစာနှစ်ကြောင်း ကူးရေးပြီး လက်မှတ်ထိုးပြပါ”

ဒုတိယတပ်ကြပ်အေးစိုးက စာနှစ်ကြောင်းကူးယူကာ လက်မှတ်ထိုး၍ ပြပေးသည်။ ကျွန်ုပ်က မူရင်းတိုင်စာနှင့် တိုက်ဆိုင် နှိုင်းယှဉ်ကြည့်သည်။ လက်ရေးချင်းကလည်း လုံးဝမတူ။ လက်မှတ်နှင့်လည်း တခြားစီ။

ကျွန်ုပ် နားလည်လိုက်ပေပြီ။

တိုင်စာနှစ်မျိုးရှိသည့်အနက် ပစ်စာဆိုလျှင် ဒီအီးအဖွဲ့က ခပ်ပေါ့ပေါ့ စစ်ဆေးမည် စိုးရိမ်၍ လေးလေးနက်နက်ရှိစေရန် ဝန်ထမ်းတစ်ယောက်၏ နာမည်ကို အတုထည့်ကာ လက်မှတ်အတုထိုး၍ တိုင်ကြားလိုက်ခြင်းသာ ဖြစ်ပေမည်။

“တိုင်စာ”ဟန်ဆောင်ထားသော “ပစ်စာ”ပါပေ။

သို့တစေ ဒီအီး၏ လုပ်ထုံးလုပ်နည်းအရ ၁၉၄၀ ပြည့်နှစ် ဂျီဆာကူလာ(၁၅) အတိုင်း ဆက်လက်စစ်ဆေးရမည်သာ ဖြစ်၏။ ထို့ကြောင့် ထိုနေ့က တိုင်စာပါ အကြောင်းအရာများနှင့် ဆက်နွယ်မကင်းသော ဝန်ထမ်းများကို ခေါ်ယူစစ်ဆေးခဲ့၏။ ထို့နောက် သက်ဆိုင်ရာ အကျဉ်းသားအချို့ကိုလည်း ခေါ်ယူစစ်ဆေးခဲ့၏။

ညနေပိုင်းတွင် ကျွန်ုပ် အညောင်းပြေ ထမ်းလျှောက်ထွက်လာရာ ထောင်မှူးကြီးမိုးလှိုင်လည်း လိုက်ပါလာသည်။ ထောင်မှူးခင်ဇော်မှာ ထိုနေ့စစ်ချက်များကို လက်နှိပ်စက်ရိုက်ရန် ညှော်ရိပ်သာ၌ နေရစ်ခဲ့၏။

ထိုနေ့ညနေတွင် ဒေသခံ အငြိမ်းစား ထောင်ပိုင်ကြီးတစ်ဦးထံသို့ပါ ဝင်ရောက် ဂါရဝပြုခဲ့ကြသေးရာ ကျွန်ုပ်တို့ ညှော်ရိပ်သာသို့ ပြန်ရောက်ချိန်ဝယ် ည ၈ နာရီပင် ထိုးလုပါလေပြီ။

“ဟင်…ကိုခင်ဇော် ဘာဖြစ်နေတာလဲ”

ကျွန်ုပ်တို့ ဝင်လာချိန်တွင် ထောင်မှူးခင်ဇော်မှာ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် တုန်လှုပ်ချောက်ချားနေဟန် တွေ့လိုက်ရ၍ ကျွန်ုပ်လှမ်းမေးလိုက်မိသည်။ သူက ဘာမှမပြောဘဲ သူ့ရှေ့ရှိ ရုပ်မြင်သံကြားစက်ကိုသာ လက်ညှိုးထိုးပြသည်။ ထိုအချိန်တွင် တီဗွီမှ ပြည်တွင်းသတင်းလာနေသည်ကို တွေ့ရ၏။

“တီဗွီက ဘာဖြစ်လို့လဲ ကိုခင်ဇော်”

ထောင်မှူးခင်ဇော်က တံတွေးတစ်ချက် အတန်တန် မျိုချပြီးမှ လေသံတိုးတိုးနှင့် -

“ကျွန်တော် ဆရာတို့ထွက်သွားကတည်းက စစ်ချက်တွေ လက်နှိပ်စက်ရိုက်နေခဲ့တာပါ။ ည ၇ နာရီထိုးတော့ ခဏနားပြီး မြဝတီကလာတဲ့ ကိုးရီးယား ဇာတ်လမ်းတွဲကို ထိုင်ကြည့်နေခဲ့တယ်။ ပထမတစ်ပိုင်းပြီးသွားလို့ ကြော်ငြာဝင်တုန်း ကျွန်တော် နောက်ဖေးအိမ်သာဝင်ပြီး အပေါ့သွားခဲ့တယ်။ ပြန်လာလို့ တီဗွီကိုကြည့်လိုက်တော့ မြဝတီမဟုတ်ဘဲ မြန်မာ့ရုပ်မြင်ဖြစ်နေတယ်။ ကျွန်တော်က ငါသေချာ ချိန်ထားခဲ့ရက်နဲ့ ဘယ်လိုဖြစ်ရတာလဲလို့ တွေးပြီး တီဗွီကို မြဝတီလိုင်း ပြန်ပြောင်းလိုက်တယ် ဆရာ”

“အင်း”

“နောက် ဒုတိယတစ်ပိုင်းပြီးလို့ ကြော်ငြာဝင်နေတုန်း လက်နှိပ်စက်ထဲက ရိုက်လက်စ စစ်ချက်တစ်မျက်နှာကို ပြီး အောင်ဆက်ရိုက်လိုက်တယ်။ ပြီးတာနဲ့ တီဗွီကို လှမ်းကြည့်လိုက်တော့ မြဝတီမဟုတ်တော့ဘဲ မြန်မာ့ရုပ်မြင်လိုင်း ဖြစ်နေပြန်တယ်။ အဲဒါ ကျွန်တော့်စိတ်ထဲ သံသယဝင်လာတာနဲ့ ဘေးပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်မိတယ်။ ခက်တာက ညှော်ရိပ်သာထဲ ကျွန်တော်တစ်ယောက်ပဲ ရှိတယ်။ အနောက်က တံခါးတွေရော၊ ရှေ့တံခါးမကြီးပါ အားလုံးပိတ်ထားတယ်။ ဘာလို့ တီဗီလိုင်း ပြောင်းသွားရတာလဲ တစိမ့်စိမ့်တွေးရင်း မြဝတီလိုင်း ဆက်ကြည့်တယ်ဆရာ”

“အင်း”

“ဒါပေမယ့် စိတ်ထဲ သံသယဖြစ်နေတာနဲ့ ဇာတ်လမ်းထဲ စိတ်မဝင်စားနိုင်တော့ဘူး။ ဒါကြောင့် စမ်းသပ်ကြည့်တဲ့ သဘောနဲ့ ကြော်ငြာဝင်တုန်း နောက်ဖေးဘက် ခဏသွားနေလိုက်တယ်။ ပြန်လာတော့ မြန်မာ့ရုပ်မြင်လိုင်း ပြန်ဖြစ်နေပြန်ရော။ အဲဒီမှာ ကျွန်တော် ကြက်သီးမွေးညင်းတွေထပြီး တစ်ကိုယ်လုံး ချွေးတွေပြန်နေတုန်း ဆရာတို့ ပြန်ရောက်လာတာပါပဲ”

ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပြုံးပြလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း • • •ကိုခင်ဇော်ကတော့ ကိုယ်တို့အဖွဲ့ထဲမှာ ဒုတိယမြောက် တစ္ဆေခြောက်ခံရပြန်ပြီထင်တယ်ဗျ"

ထောင်မှူးကြီးစိုးလှိုင်က ဘာမှ မပြောသော်လည်း ကျွန်ုပ်အားလှမ်းကြည့်သော မျက်လုံးများထဲတွင် ဒီတစ်ခါ ဆရာအလှည့်ပဲနော်"ဟု ပြောနေသယောင် ထင်မိသည်။

ကျွန်ုပ်က စိတ်ထဲက ပြုံးလိုက်မိသည်။ ကျွန်ုပ် အကျဉ်းထောင်လုပ်သက် နှစ်ပေါင်းနှစ်ဆယ် ကျော်လာခဲ့သည့်တိုင်အောင် တစ္ဆေသရဲ တစ်ကြိမ်တစ်ခါ ခြောက်လှန့် မခံရဖူးသေးပေ။ ကျွန်ုပ်ကပဲ ဘုန်းမြင့်နေလို့လား။ တစ္ဆေကပဲ မခြောက်ရဲလို့လား။ ဘာကြောင့်မသိသော်လည်း လုပ်သက်တစ်လျှောက် တစ္ဆေသရဲ အခြောက်ခံရသည့်ရာဇဝင် မရှိခဲ့ပေ။

ယခုလည်း ကိုစိုးလှိုင်နှင့် ကိုခင်ဇော်တို့ တစ္ဆေအခြောက်ခံရသည့်တိုင် ကျွန်ုပ်ကိုကား ဘယ်သရဲတစ္ဆေ နာနာဘာဝကမျှ လာခြောက်လိမ့်မည်ဟု ကျွန်ုပ် မယုံကြည်ခဲ့ပါချေ။

သည်အတိုင်းသာဆို မနက်ဖြန်ကျန်သောဝန်ထမ်းများကို စစ်ပြီးသည်နှင့် ဒီအီးလည်းပြီးပေတော့မည်။ နောက်တစ်ည ဖြတ်ကျော်ပြီးသည်နှင့် လာသမျှ ဒီအီးအဖွဲ့ဝင်များထဲတွင် ကျွန်ုပ်တစ်ဦးတည်းသာ တစ္ဆေအခြောက်မခံရသူအဖြစ် စံချိန်တင် ဂုဏ်ယူဝင့်ကြွားနိုင်ပေလိမ့်မည်။

နောက်တစ်နေ့ နံနက်တွင် အမျိုးသမီးဝန်ထမ်းများအား ခေါ်ယူစစ်ဆေးခဲ့သည်။ ထိုအထဲမှာ ထောင်မှူးယုယုသော်ဆိုသူကို စစ်ဆေးအပြီးတွင် ကျွန်ုပ်က မှာလိုက်သည်။

"သမီးပြန်ရင် ထောင်မှူးမြင့်မြင့်ဦးကို လွှတ်လိုက်ပါကွယ်"

"ရှင်• • •"

ထောင်မှူးယုယုမော်က ကျွန်ုပ်ပြောသည်ကို နားမလည်ဟန် မျက်လုံးပြူးကြီးဖြင့် လှမ်းကြည့်သည်။

ကျွန်ုပ်က -

"ဟိုလေ• • •အနောက်ဘက်လိုင်းက နှစ်ခန်းတွဲအိမ်မှာနေတဲ့ ထောင်မှူးမြင့်မြင့်ဦးလေကွယ်။ သူ့ကိုလွှတ်လိုက်ဖို့ ပြောတာလေ"

သူက အံ့အားသင့်ဟန်ဖြင့် -

"ဆရာ• • •ဟိုလေ ဒီထောင်မှာ အမျိုးသမီးထောင်မှူးဆိုလို့ ကျွန်မတစ်ယောက်တည်းရှိတာပါ။ ဆရာပြောတဲ့ ထောင်မှူးမြင့်မြင့်ဦးဆိုတာ တစ်ခါမှတောင် မကြားဖူးပါဘူး"

ကျွန်ုပ်က မျက်ခုံးနှစ်ဖက်မြင့်ကာ

"ဟုတ်ရဲ့လားကွယ်။ တစ်နေ့မနက်ကတောင် ဆရာနှင့် ထောင်တစ်ပတ် အတူလျှောက်ရင်း ဝန်ထမ်းအိမ်ရာတွေကို ရှင်းပြခဲ့သေးတာပဲဟာ။ ပြီးမှ ထောင်အနောက်ဘက်က သူ့အိမ်ပေါ် တက်ကျန်ရစ်ခဲ့တာလေ"

"အနောက်ဘက်လိုင်းက ဘယ်အိမ်ပေါ်လဲ ဆရာ"

"ဟို နှစ်ခန်းတွဲ အိမ်ကြီးပေါ်မှာလေကွယ်"

သူမက မျက်လုံးပြူးကာ -

"ဟာ• • •ဆရာကလည်း၊ အဲဒီ အနောက်ဘက်လိုင်းက နှစ်ခန်းတွဲအိမ်ကြီးက အမိုးတွေ ကြမ်းပြင်တွေ ပျက်စီးနေလို့ ရုံးချုပ်ကို ပြင်ဆင်ထိန်းသိမ်းစရိတ်နဲ့ ပြုပြင်ခွင့်တင်ထားရတယ်လေ။ အဲဒီအိမ်မှာ လူမနေတာဖြင့် ကြာလှပြီပဲဟာ"

"ဟော• • •"

ကျွန်ုပ်က အာမေဋိတ်သံတစ်ချက် ထွက်ကျသွားကာ မယုံကြည်နိုင်စွာ ထပ်မေးလိုက်သည်။

"ဒါ • • •ဒါဖြင့် ဒီထောင်မှာ ထောင်မှူးမြင့်မြင့်ဦးဆိုတာ တကယ်မရှိဘူးပေါ့"

"ဟုတ်ကဲ့ပါ။ ထောင်မှူးဆိုလို့ ကျွန်မတစ်ယောက်တည်းရှိတာပဲဟာ"

ကျွန်ုပ်တစ်ကိုယ်လုံး ခြေးစက်တောင့်တင်းသွားကာ ရင်ခုန်သံ တဒိန်းဒိန်းမြည်သံကိုပင် ကြားလိုက်ရသလိုထင်မိသည်။ ကျွန်ုပ်မျက်စိထဲ၌ ထိုနေ့က နက်မှောင်ရှည်လျားသော ဆံကေသာ တလွင့်လွင့် တလွှားလွှားဖြင့် နှစ်ခန်းတွဲအိမ်ပေါ် တက်သွားသော ထောင်မှူးမြင့်မြင့်ဦးဆိုသူကို ပြန်လည်မြင်ယောင်လာကာ ခေါင်းနားပန်းကြီးစွာ ကြက်သီးတဖြန်းဖြန်း ထမိပါတော့၏။

လက်စသတ်တော့ ကျွန်ုပ်မှာ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဒီအီးအဖွဲ့ဝင်သုံးယောက်အနက် ကျွန်ုပ်သည်သာ ခြောက်လို့ခြောက်မှန်းမသိအောင် ပထမဗွေဆော်ဦး တစ္ဆေအခြောက်ခံခဲ့ရသူပါတကား။

[illegible]တာမြဦး



www.burmeseclassic.com

www.burmeseclassic.com

# လျှောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်

## တည်ထားကိုးကွယ်ပူဇော်ရခြင်း

သဒ္ဒါကျော်ဆရာတော် ( သံတွဲမြို့ )

လျှောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်အား တည်ထားကိုးကွယ်ရခြင်းမှာ တစ်နေ့တွင် ရာဟုအသူရိန်နတ်မင်းအား အခြားအခြားသော အသူရိန်နတ်မင်းများမှ လောကထွင်၌တင် ဗုဒ္ဓဘုရားရှင်အား သွားရောက်ဂါရဝပြုရန် တိုက်တွန်းကြကုန်၏။

ထိုသောအခါ ရာဟုအသူရိန်နတ်မင်းမှ ဘုရားရှင်သည် မိမိထက် အသက်လည်းငယ်၊ ဂါတော်လည်းငယ်၊ ခန္ဓာကိုယ်အနေအားဖြင့်လည်း ဂါရဝပြုနိုင်သော အနေအထားမရှိဟူသည့် အကြောင်းပြချက်ဖြင့် အမြင်ငြင်းပယ်လေ့ရှိသည်။

တစ်နေ့သောအခါ ရာဟုအသူရိန်နတ်မင်းနှင့် ဘုရား[illegible]တို့ မမျှော်လင့်ဘဲ ဆုံတွေ့လေသည်။ ဘုရားရှင် ကိုယ်တော်မြတ်သည် အရှေ့ဘက် စကြဝဠာသို့ ခြေထောက်ထား၍ တောင်[illegible]စကြဝဠာအား လက်တော်ဖြင့် ထိစေလျက် သီတင်းသုံးနေတော်မူသည်။

ထိုသောအခါ ရာဟုအသူရိန်နတ်မင်းသည် မိမိစိတ်[illegible] ထင်မှတ်ထားသည်ထက် သာလွန်နေသော ဘုရားရှင်၏[illegible]ကိုယ်အား မြင်တွေ့ရလေသောအခါ ကြောက်ရွံ့ ထိတ်လန့်၍ ထွက်ပြေးလေသည်။

ဤသည်ကို အကြောင်းပြု၍ ဥဏ်တော် လွန်စွာကြီး[illegible]သော လျှောင်းတော်မူရုပ်ပွားတော်များအား တည်ထားကိုး[illegible]ခြင်း ဖြစ်စေခဲ့ပါသည်။ လျှောင်းတော်မူဗုဒ္ဓရုပ်ပွားတော်[illegible] တည်ထားကိုးကွယ် ပူဇော်လှူဒါန်းခြင်းဖြင့် ရာဟုဂြိုဟ်[illegible] [illegible]ောင်းမှုဆိုးကျိုးများအား တားဆီးကာကွယ်ပပျောက်စေ[illegible]သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆင်းတု၊ ရုပ်ပွားတော်များအား [illegible] ထိုင်၊ ရပ်၊ သွား အရိယာပထလေးပါးဖြင့်သာ မူဗာည် [illegible]ဆစ်ကိုးကွယ် ပူဇော်နေကြခြင်းဖြစ်သည်။

ဒေသနကာလကွဲပြားခြားနားမှုကြောင့် ဖြစ်စေ၊ ကျောက်ဆစ်သမား၊ ကြေးသွန်းသမား၊ ပန်းပု၊ ပန်းရန်၊ ပန်းချီဆရာတို့၏ စိတ်ကူးကြောင့်ဖြစ်စေ ဘုရားရှင်ကိုယ်တော်မြတ်၏ ဆံတော်အနေအထား၊ ပုံပန်းသဏ္ဍာန် အနေအထားတို့မှာ ကွဲပြားခြားနားမှုမှာ အနည်းနှင့်အများ ရှိလာကြပါသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ထုလုပ်ကိုးကွယ်သော ဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုတော်များမှာ မြန်မာမှု မြန်မာဟန် ပေါ်လွင်မှုရှိစေသော်လည်း အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ထိုင်း အစရှိသော နိုင်ငံများ၌ ထုလုပ်ကိုးကွယ်သော ဆင်းတုတော်၊ ရုပ်ပွားတော်များမှာ တိုင်းနိုင်ငံများနှင့် ဆက်နွှယ်နေသည့် ဟန်ပန်လက်မှုလက်ရာများကိုသာ တွေ့မြင်ရပါသည်။

ဘုရားရှင် ကိုယ်တော်မြတ်၏ လက်[illegible]တော်အနေအထား၊ သင်္ကန်းဝတ်ရုံတော်မူပုံ အနေအထား၊ လျှောင်းတော်မူပုံများပါ ထုဆစ်ရာတွင် ကွဲပြားမှုရှိလာကြပါသည်။

သို့ပါသောကြောင့် မြန်မာနိုင်ငံတွင်းရှိ တည်ထားကိုးကွယ် ပူဇော်လျက်ရှိကြကုန်သော လျှောင်းတော်မူ ရုပ်ပွားတော်များ၏ မုဒြာ အနေအထားများအား ရှင်းလင်းတင်ပြ ပူဇော်လိုက်ရပါကြောင်း•••။

၁။ လက်ယာနံတောင်းသို့စောင်းလျက် ဦးခေါင်းတော်အား လက်ယာလက်ဖြင့်ထောက်ကာ လက်ယာခြေပေါ်သို့ လက်ဝဲခြေကို စဉ်းငယ်မျှသာ ကပ်ထားသောပုံတော်။

၂။ လက်ယာနံတောင်းသို့ စောင်းကာ ခြေတော်ကို ပထမပုံဟန်တိုင်းထားလျက် ဦးခေါင်းတော်ကို လက်ဖြင့်မထောက်၍ လက်ယာတံတောင်ဆစ်ဖြင့် အုံးဝန်းကိုထောက် ကာ ရှေ့ကိုချထားသောပုံတော် ဖြစ်သည်။

ဤအနေအထား မုဒြာပုံတော်မှာ လာရောက်ဖူးမြော်ကြကုန်သော ဧည့်ပရိသတ်အပေါင်းတို့အား တွေ့ဆုံဟောပြောသြဝါဒပေးနေသော ပုံတော်အနေအထားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၃။ လက်ယာနံတောင်းသို့ ဦးခေါင်းတော်ပူးကပ်၍ နှစ်ထပ် ဓုကုဋ္ဌသင်္ကန်းတော်အား ခေါင်းအုံးထားသည့် ပုံတော်ဖြစ်သည်။ ဤမှခြား ပုံတော်များမှာ ပရိနိဗ္ဗာန်စံဝင်တော်မူသော ပုံတော်ဖြစ်သည်။

လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်၏ လက်တောက်ထားဟန်ကို အစွဲပြု၍ သုံးမျိုးခွဲခြား ကွဲပြားသွားပြန်ပါသည်။ ထို့ပြင် ဘုရားရှင်၏ ဦးခေါင်းတော်ထားရာအရပ်အား အစွဲပြု၍ ခေါ်ဝေါ်ကွဲပြားသော အမည်တော်လေးပါး ရှိပါသည်။

၁။ ဦးခေါင်းတော်အား အရှေ့အရပ်ထားသောပုံတော်ကို ရှင်ပင်သာလျောင်း(သို့မဟုတ်) ရွှေသာလျောင်း ရုပ်ပွားတော်ဟု ခေါ်ဆိုကြပါသည်။

၂။ ဦးခေါင်းတော်အား တောင်အရပ်သို့ထားသော ပုံတော်ကို ရှင်ပေါင်းကဲရုပ်ပွားတော်ဟု ခေါ်ဆိုကြပါသည်။ တချို့ ညောင်ခံရုပ်ပွားဆင်းတုတော်၊ အဂ္ဂမုနိရုပ်ပွားဆင်းတုတော် ဟုလည်း ခေါ်ဆိုကြပါသည်။

၃။ ဦးခေါင်းတော်အား အနောက်အရပ်သို့ ထားသော ပုံတော်ကို ရှင်ပင်နေရဗန် (သို့မဟုတ်) နေရဗဏ်ဆင်းတုရုပ်ပွားတော်ဟုလည်း ခေါ်ဆိုကြပါသည်။

၄။ ဦးခေါင်းတော်ကို မြောက်အရပ်သို့ ထားသောပုံတော်ကို ရှင်ပင်နိဗ္ဗာန်(သို့မဟုတ်) ကုသိနာရုံဆင်းတုရုပ်ပွားတော်ဟုလည်း ခေါ်ဆိုကြပါသည်။

လျောင်းတော်မူ ဆင်းတုရုပ်ပွားတော်များအား အမည်နာမဘွဲ့တော်များအား လွယ်ကူစွာ မှတ်သားနိုင်သည့် လင်္ကာသံပေါက်ကိုလည်း ရေးသားပူဇော်လိုက်ရပါသည်။

အရှေ့ဦးခေါင်း ရွှေသာလျောင်း ပေါင်းလဲဒက္ခိဏာ
အနောက်နေရဗန် မြောက်နိဗ္ဗာန် လေးတန်ခေါ်ဝေါ်ဟာ။

နိဗ္ဗာန်နေရဗန် ဤနှစ်တန် ခေါ်ပြန်ကုသိနာ ဟူ၍ ဖြစ်ပေသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း ကျွန်ုပ် လက်လှမ်းမှီနိုင်သမျှသော လျောင်းတော်မူရုပ်ပွားတော်များအား ရေးသားပူဇော်တင်ပြလိုက်ရပါသည်။

(၁) ဧရာဝတီတိုင်း ပုသိမ်ခရိုင်နှင့် နတ်မော်ရှင်သာလျောင်းရုပ်ပွားတော်။ ဉာဏ်တော် အလျား ၂၅၂ ပေ။

(၂) တနင်္သာရီတိုင်း ထားဝယ်မြို့ ရွှေသာလျောင်းရုပ်ပွားတော်၊ ဉာဏ်တော်အလျား ၂၄၃ ပေ။

(၃) ရန်ကုန်မြို့ ခြောက်ထပ်ကြီးရွှေသာလျောင်းရုပ်ပွားတော်။ ဉာဏ်တော်အလျား ၂၁၆ ပေ။

(၄) တနင်္သာရီတိုင်း မြိတ်မြို့ ရွှေသာလျောင်းရုပ်ပွားတော်။ ဉာဏ်တော်အလျား ၁၉၂ ပေ။

(၅) ပဲခူးမြို့ ရွှေသာလျောင်းရုပ်ပွားတော်။ ဉာဏ်တော်အလျား ၁၈၀ ပေ။

(၆) ပဲခူးမြို့ စိန်သာလျောင်းရုပ်ပွားတော်။ ဉာဏ်တော်အလျား ၁၅၀ ပေ။

(၇) ကချင်ပြည်နယ် မိုးညှင်းမြို့ ရွှေသာလျောင်းရုပ်ပွားတော်။ ဉာဏ်တော်အလျား ၁၂၀ ပေ။

(၈) ကချင်ပြည်နယ် မိုးကောင်းမြို့ ရွှေသာလျောင်းရုပ်ပွားတော်။ ဉာဏ်တော်အလျား ၉၀ ပေ။

(၉) ကချင်ပြည်နယ်၊ ---မြို့ ရွှေသာလျောင်းရုပ်ပွားတော်။ ဉာဏ်တော်အလျား ၃၇ ပေ၊ ၆၂ လက်မ။

(၁၀) မကွေးတိုင်းဒေသကြီး ဖိုလ်ဝင်တောင် ရွှေသာလျောင်းရုပ်ပွားတော်။ ဉာဏ်တော်အလျား ၃၀ ပေ။

ထို့ပြင် တည်ထားဆောက်လုပ်ဆဲ (ဆောက်လုပ်ပြီး) လျောင်းတော်မူ ရုပ်ပွားတော်များမှာ မုံရွာမြို့ ဗောဓိတစ်ထောင်သာသနာ့မြေရှိ လျောင်းတော်မူရုပ်ပွားတော်။ ပဲခူးမြို့ မြသာလျောင်းရုပ်ပွားတော်။ မုဒုံမြို့ ရွှေသာလျောင်းရုပ်ပွားတော်များလည်း ရှိကြပါသည်။ ယနေ့ ကျွန်ုပ်တိုင်ထည်ထား ဆောင်ရွက်တော်မူခဲ့သော လျောင်းတော်မူ ရုပ်ပွားတော်များမှာ သံတွဲမြို့ ဝိန်းတောကြီးကျေးရွာအုပ်စု ဝိန်းတောလေးရွာလယ်ရှိ ရေးနှစ်ပေါင်း ၉၀ ကျော်က တည်ထားတော်မူခဲ့၍ ပြိုကျပျက်စီးနေခြင်းကို ၄-၁-၂၀၀၇ ခုနှစ်တွင် ဉာဏ်တော်အလျား ၃၆ ပေရှိ အောင်သိဒ္ဓိရှင်လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူ။

လက်ရှိ ကျွန်ုပ် သီတင်းသုံးနေထိုင်ရာ ခုတောင်းပြည့်သဒ္ဓါကျော်တောရမဟာအောင်မြေ သာသနာတော်၏ ကျောက်တောင်ထိပ်တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ တစ်ကမ္ဘာလုံး တစ်ပြည်လုံး ညောင်ခံကရုဏာမသေ အေးငြိမ်းချမ်းသာ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးကိုလည်း ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်၊ တနင်္ဂနွေနေ့တွင် တည်ထားဆောင်ရွက်တော်မူခဲ့ပါသည်။

မှတ်ချက် ။ ။ ကျွန်ုပ် လက်လှမ်းမမှီ၍ လျောင်းတော်မူရုပ်ပွားတော်များ တည်ရှိရာ မြို့ ကျေးရွာ၊ တိုင်းဒေသကြီးများ ကျန်ရှိခဲ့ပါက နားလည်သဘောပေါက် ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

**သဒ္ဓါကျော်ဆရာတော် (သံတွဲမြို့)**



www.burmeseclassic.com

www.burmeseclassic.com



# မော်နှင့် ဂမ္ဘီရ

နေအောင်လင်း(စလေ)

မော်ဆိုသော ဝေါဟာရ စကားတစ်လုံးမှာ စာနှင့်ရေး ပြလျှင် တစ်လုံးတည်းသာဖြစ်သည်။ သို့သော် မော်ဟူသည့် ဝေါဟာရ အခေါ်ဝေါ်အား အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုတာ တွေ့ ရ သည်။ ကဝေသာရ မဟေသရကျမ်းလာ မော်ခြောက်မျိုး အား ဤသို့ တွေ့ရှိရသည်။

ဆေးမော်၊ အင်းမော်၊ ရက္ခမူမော်၊ ပထမံမော်၊ စမော်၊ သမာဓိမော်တို့ဖြစ်ကြောင်း မှတ်သားသိရှိရသည်။ ထိုမော်တို့မှာ ဆေးအတတ် လက်ဖွဲ့အင်းအိုင် မန္တန်တို့နှင့် စီရင်ရသော အင်းအတတ်မော်၊ ရက္ခသစ်ပင်တို့အား အမှီပြု ၍ စီမံပြုလုပ်ရသော အတတ်မော်၊ အင်းအိုင်လက်ဖွဲ့တို့နှင့် စီရင်ရသည့် စမော်၊ ပထမံထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့ စီမံ အပ်သော ပထမံမော်၊ ကျင့်ကြံအားထုတ်သူတို့၏ သမာဓိ အပေါ်မူတည့်ကာ မြင်နိမိတ်ကြားနိမိတ်တို့ဖြင့် သိရှိနိုင်သည့် သမာဓိမော်တို့ပင် ဖြစ်သည်။ ဖော်ပြပါ မော်အတတ်ပ ဒ တို့က လျှို့ဝှက်သ ည်၊ နက်နဲသည်ဟု ဆိုရမည်။

ရေးသားဖော်ပြမည့်မော်ကား ထိုကဲ့သို့ လျှို့ဝှ သည်၊ န က်နဲသည်၊ သိမ်မွေ့သည်ဟု မဆိုနိုင်ပါ။ သို့ လော ကီ သားများအဖို့ ပစ္စက္ခအနေပေါ်မူတည်ကာ မ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ဆန်း၍နေသည်ကို လေ့လာတွေ့ရှိရသည်။ အခေါ်အဝေါ်ကလည်း မျက်မှောက်ကာလ ရေပန်းစားနေသည့်မှာ မော်အား တကယ် လောကီစီးပွားဥစ္စာချမ်းသာအား လက်တွေ့ပေးစွမ်းနိုင်သည့် ရတနာသိုက်ကြီးသဖွယ် ထင်မှတ်ကာ နေကြခြင်းပင် ဖြစ်သည်။

ထိုမော်တို့မှာ မိုးကုတ်ကျောက်စိမ်းဒေသတွင် ကျောက်စိမ်းမော်၊ ရေနံထွက်ရှိရာဒေသတွင် ရေနံမော်၊ ရွှေထွက်ရာဒေသတွင် ရွှေမော် စသည်စသည် သဘာဝသယံဇာတ ထွက်ရှိရာ ဒေသအချို့အား မော်ဟုတင်စားကာ ခေါ်ဝေါ်နေခြင်းဖြစ်သည်။

မိုးကုတ်ဒေသ ကျောက်စိမ်းမော်၊ သပိတ်ကျင်းဒေသ ရွှေထွက်ရှိရာဒေသ ရွှေမော်နေရာတစ်ဝိုက် လွန်ခဲ့သည့် ဆယ်စုနှစ် တစ်စုကျော်ကျော်ကာလများဆီ ရွှေမော်တို့ တည်ရှိရာ ဒေသတို့အား အများပင် ကြားသိထားပါသည်။ ကိုယ်ကိုင်ကိုယ်ကျတော့ ရောက်ဖူးသလားမေးလျှင်တော့ လုံးဝမရောက်ဖူးပါ။ မိုးကုတ်ဒေသ ကျောက်စိမ်းမော်မှာ မောင်နီတော့ ကျောက်စိမ်းပွင့်လို့ သိန်း ၅၀၀၊ သိန်း ၁၀၀၀ တန်ပွင့်ပြီး တိုက်နဲ့ကားနဲ့ ကြီးပွားနေပြီ၊ ချမ်းသာနေပြီဆိုသည့် သတင်းတို့အား မကြာခဏ ကြားဖူးပါသည်။ မကြာခဏဆိုသော်လည်း နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ တစ်ဦးတလေ ပေါက်မြောက်သွားတာ ကြားရခြင်းမျိုးဖြစ်ပါသည်။ ရွှေမော်၊ ကျောက်စိမ်းမော်နေရာဆီ သူများ ချမ်းသာကြီးပွားနေတာ မြင်ကြကြားရလို့လည်း စိတ်ကူးထဲ စိတ်ကူးနဲ့ တောင် မယဉ်ခဲ့မိတာ ဝန်ခံရမည်ဖြစ်သည်။

သပိတ်ကျင်းဒေသ ရွှေမော် ရွှေထွက်တဲ့နေရာဆီ ရွှေတွေ တစ်နေ့တစ်နေ့ စက်နဲ့ကျင်သူတွေ ငါးမူးသားရတယ်၊ တစ်မတ်သားရတယ်။ ဘယ်နလ ဘယ်နနှစ်နေပြီး လုပ်ကိုင်လိုက်ရလျှင် ချမ်းသာတယ်ဟူသည့် သတင်းတို့အားလည်း ကြားရပါတယ်။ ဒါပေမယ့် စိတ်ကူးထဲ မယဉ်ခဲ့မိပါဘူး။ ကိုယ်တိုင်သွားပြီး လုပ်ကိုင်ဖို့ဆိုတာ ဝေလာဝေးပါပဲ။

ရွှေကျင်တွေ ခေတ်စားနေချိန် စာရေးသူတို့နယ်က အချို့ကြီး အပွကြဲချင်သူတချို့ သပိတ်ကျင်းတက်ပြီး ရွှေကျင်မည်ဟုဆိုကာ စက်လှေစင်းလုံး၊ ရွှေကျင်ဖို့စက်တို့ဝယ်ပြီး အဖွဲ့လိုက် တက်သွားခဲ့ကြသည်။ သိပ်မကြာလိုက် အဖွဲ့ထဲက ကိုညာဏ်မောင်(နာမည်လွှဲဖြစ်ပါသည်)ဆိုသူမှာ အရင်က သပိတ်ကျင်းရွှေမော်ရှိရာဆိုတာ ဝေလာဝေး။ မန္တလေးမြို့ကိုပင် တစ်ခါမှ မရောက်ဖူးသူဖြစ်သည်။ ရွှေကျင်အဖွဲ့နဲ့အတူ မိသားစုနဲ့ခွဲပြီး လိုက်သွားခြင်းဖြစ်သည်။ သင်္ချိုင်းရှိရာ ခြေသိတယ်ဟု ပြောရမလား။ သင်္ချိုင်းရှိရာ ခြေသိတယ်ဆိုတာ ထိုလူမျိုးပင် ဖြစ်ပေလိမ့်မည်။ ရွှေကျင်သည့်နေရာ တောင်ကြို တောင်ကြား လျှိုမြောင်ကြားတွေဖြတ်ရင်း ၁၅ ရက်လောက် အကြာမှာပဲ ငှက်ဖျားမိပြီး အပြင်းအထန် နာမကျန်းဖြစ်ကာ အသက်ပါ ဆုံးရှုံးသွားရပါတော့သည်။ ကျန်တဲ့ အဖွဲ့ထဲကသူတွေလည်း နောက်ကြောင်းပြန်လှည့်လာရပါတော့သည်။ ရွှေကျင်ဖို့ဝယ်သွားသည့် စက်လှေ၊ စက်တွေလည်း မလုပ်မဖြစ်တော့။ အထက်မှာပင် လျှော့ဈေးပေါ့ဈေးနှင့် ပြန်၍ အရှုံးခံကာ ရောင်းထားပစ်ခဲ့ရသည်။ ငွေကုန်လူပန်းနှင့် ရွှေမော်က ပြန်၍လာခဲ့ကြရသည်။ ဒါကတော့ ရွှေမော်အား အထင်ကြီးကာ တက်သွားခဲ့ကြသူတချို့၏ ဖြစ်ပျက်တစ်ခုပင်ဖြစ်သည်။

ထိုနည်းတူ မိုးကုတ်ဒေသကျောက်စိမ်းတွင်း ကျောက်တူးတက်သွားသူ တချို့လည်း လူတစ်ရာမှာ တစ်ယောက်လောက်သာ ကျောက်ကောင်းပွင့် ပေါက်မြောက်ချမ်းသာတာ မြင်တွေ့ကြားနေရပေမယ့်လည်း ကျန်တဲ့သူတွေထဲက အချို့ ဘဝပျက်၊ ဆေးစွဲ၊ ငှက်ဖျားမိ၊ ငှက်ဖျားပိုးဝင်ကာ သေဆုံးတာ ဘယ်နှစ်ယောက်ဆိုတာ မည်သူမှ အတိအကျ စာရင်းပြုစု ထားလို့ မသိနိုင်။ ၂၀၁၅၊ ၂၀၁၆ စပ်ကူးမပ်ကူးကာလ ကြားရသည့်သတင်းတို့တွင်လည်း ကချင်ပြည်နယ်၊ ဖားကန့် လုံးခင်းဒေသတွင် စွန့်ပစ်မြေစာပုံတွင် ရေမဆေးကျောက် ရှာဖွေသူတို့ မြေစာပုံလျှောကျ နစ်မြုပ်သေဆုံးရသည့်သတင်းကို ကြားရသည်။ ထိုဖြစ်ရပ်တို့မှာ မော်နှင့် ဆက်နွှယ်ပတ်သက်၍ ကြုံတွေ့ရသည့် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတချို့ပင်ဖြစ်သည်။

လွန်ခဲ့သည့် ၁၀ နှစ်ဝန်းကျင်ကလည်း မော်တစ်မော် အကြောင်း သတင်းကြားရသည်။ စာရေးသူတို့ဒေသနှင့် ထို မော်တည်ရှိရာဒေသ ခရီးအဝေးကြီးတော့မဟုတ်။ ငွေချိ အရှေ့ဘက် ခြောက်မိုင်ခရီးကွာ ငါးလျှံတောင် ရေနံမော် ပင်ဖြစ်ပါသည်။ လူတချို့၏အမြင်မှာ ရေနံမော်ပင်ဖြစ်စေ၊ ကျောက်စိမ်းမော် ရွှေမော်ပင်ဖြစ်စေ ဒီမော်တို့တွင် ငွေနိုးမြုပ်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ လုပ်ကိုင်လိုက်ရလျှင် တစ်ချိတည်းနဲ့ပင် ခေတ်ကာလအခေါ်အရ လောပန်သူဌေးကြီးတွေ ဖြစ်သွားမည်ထင်နေသူများ ရှိသည်။ လျှော်တောင်ရေနံ မှော်ကိုလည်း စာရေးသူ မရောက်ဖြစ်ခဲ့ဖူးပါ။ ရေနံမှော်တွင် ရေနံတွင်းတူးပြီး ရှိစုမဲ့စု ယာမြေကိုင်းမြေက လုပ်ကိုင်လို့ရလာတဲ့ ရှိစုမဲ့စု ရွှေတိုရွှေစ ငွေတိုငွေစလေးတွေ ရေနံတွင်းထဲ အကျမခံနိုင်ပါ။ ထိုလောက်သတ္တိမကောင်းတာ ဝန်ခံရမည် ဖြစ်သည်။

တချို့သူများကတော့ ရေနံတွင်း ရေနံမှော်သွားပြီး တွင်းပိုင် တွင်းစားကြီးတွေဖြစ်ရင် တစ်နေ့ ရေနံဘယ်နှစည် ထွက်သတဲ့ စတဲ့သတင်းကြားနဲ့ ရွှေ၊ ငွေ၊ စပါး ရောင်းရငွေ ပဲရောင်းရငွေ၊ နှမ်းရောင်း၊ နွားရောင်း၊ မြေပေါင်လိုက်သွားသူတွေ စာရေးသူတို့ ဒေသတွင်းမှာပင် အများရှိသည်။ အခြားဒေသတို့ကလည်း ရှိသည်။ လာကြသည်။ လျှော်တောင် ရေနံမှော်ပေါက်ခါစ ချောက်မြို့ဈေးတောင်ဘက် ပလက်ဖောင်းထမ်းမကြီး လိုင်းပေါင်းစုံ ကားဂိတ်ဝကနေ လျှော်တောင်၊ လျှော်တောင်နဲ့ ပြေးဆွဲနေတဲ့ ဒိုင်နာကားလေးတွေ ဥဒဟို။ အဲဒီကားတွေမှာ ဂျင်းဘောင်းဘီဖင်ကျပ်နဲ့ ကျောပိုးအိတ်ကိုယ်စီနှင့် လူငယ်တို့လည်း သူ့ထက်ငါ လျှော်တောင်ရေနံမှော်မှာ နေ့စားတွင်းရိုက် ရေနံခပ် အလုပ်သွားကြတာ ဥဒဟိုပါဘဲ။

တစ်နေ့ ကားပေါ် လျှော်တောင် ရေနံမှော်ကပြန်လာတဲ့ လူငယ်တစ်ယောက်တွေ့လျှင် လျှော်တောင် ရေနံမှော်က ရေနံတော်တော်ထွက်သလား မေးကြည့်သည်။

ဘယ်ကလာ ရေနံတော်တော်ထွက်ရမှာလဲ။ ရေနံကနားလည်တဲ့သူတွေပြောတော့ ရေနံက ရေနံကြောကြီးမဟုတ်ဘူးတဲ့။ မြေအောက်မှာ ရေနံက အိုင်ကလေးလို စုနေတာလို့ပြောပါတယ်။ ကြာရင်တော့ ဟိုတွင်းကစုပ်၊ ဒီတွင်းကစုပ်နဲ့ ရေနံကြော တဖြည်းဖြည်းခန်းပြီး အထွက်က နည်းသွားမှာပဲ။

မြေနေရာ တွင်းတစ်တွင်းတူးရင် ဘယ်လောက်ဆိုပြီး လူ့အသိက ပြန်ရောင်းစားတဲ့သဘောပဲဟု ပြောသည်။

လျှော်တောင် ရေနံတွင်းတွင် နေ့စားတွင်းရိုက် ရေနံခပ် လုပ်ကိုင်ခဲ့သူ လူငယ်တစ်ယောက်အားတွေ့၍ မေးမြန်းကြည့် ရာတွင်လည်း ဤသို့ပင်ဖြေတာ တွေ့ရသည်။

ညီညီ ရေနံတွင်းက တစ်နေ့တစ်နေ့ စည်တော်တော်များများ ထွက်သလား။ စက်နဲ့စုပ်ခပ်ရင်ကော မရဘူးလား။

အစ်ကိုကလည်း ဘယ်ကလာပြီး စက်နဲ့စုပ်လို့ရမှာလဲ။ ရေတွင်းတူးသလို လက်ရိုက်တွင်းလေးတွေထဲကနေ ကွန်ကျူးပိုက်ကို ရေတွင်းရေခပ်သလို ချက်သားတပ်ပြီး ကြိုးနဲ့ ချည်ချသွား။ ပြီး လက်က ရေဆွဲသလို ဆွဲခပ်ရတာ။ အစ်ကိုပြောသလို စက်နဲ့ခပ်ရရင် တွင်းလုပ်တဲ့သူအားလုံး သူဌေးတွေ ချည်းဖြစ်တာ သေချာတယ်။

သို့သော် ထိုသို့မဟုတ်။ တွင်းထဲ နွားကျ၊ နှမ်းတင်း တစ်ရာကျ၊ ရွှေကျ၊ ငွေကျသူတွေကသာများတာ ကြုံရသည်။

လျှော်တောင် ရေနံမှော်တွင် စာရေးသူတို့ဒေသက တောနေတောင်သူ လယ်သမား ယာသမားတွေထဲက အချို့ကြီး အပွကြံချင်သူ သူဌေးဖြစ်ချင်သူတို့ တက်သွားကြသည်။ ခင်မင်ရင်းနှီးသူ ရွှေရိပ်မျိုးရိပ် မကင်းသူတို့လည်း ရွှေရောင်း၊ ပဲရောင်း၊ နှမ်းရောင်းကာ ရေနံမှော်ဆီ အရောက်ချီတက်သွားကြသည်။ နောက်တော့ အကြားနဲ့လက်တွေ့ အလွန်ကွာခြားကာ တွင်းတစ်တွင်းတူးရသည်။ မြေဖိုး၊ ငွေအား၊ လူအားရလာသည်။ ရေနံထွက်နှုန်းက မကာမိတော့။ တွင်းမှာ ကြာကြာလုပ်၍ မနေနိုင်တော့။ အရှုံးနှင့်ရပ်ကာ အိမ်ယာပြန်လာကြရသည်။

ဆူးတောက သန်းဝင်းတော့ ရေနံတွင်းထဲ နွားကျလို့တဲ့။ သစ်တိုက်ရွာက ကိုဇမောင်ဝင်းလည်း ရေနံတွင်းထဲ နှမ်းတင်းတစ်ရာကျလို့ဆိုသည့် သတင်းတို့ ထွက်ခဲ့သည်။

လူပြိန်းတွေး တွေးသူတွေက ရေနံတွင်းက တစ်ထွာတစ်မိုက် နွားကျတယ်၊ နှမ်းတင်းတစ်ရာကျတယ်ဟုခိုကာ မဖြစ်နိုင်တာကွာလို့ဆိုကာ မယုံရဲယုံရဲနှင့် ပြောသံတို့ကြားရသည်။

ရေနံတွင်းလေး တစ်ထွာတစ်မိုက် နွားကျတယ်ဆိုတာ အိမ်မှာရှိသူ နွားတွေ၊ ကျွဲတွေ၊ နှမ်း၊ ပဲ၊ စပါးတွေရောင်းပြီး ရသည့်ငွေတို့အား ရေနံတွင်းမြေနေရာဝယ်၊ တွင်းတူးမိလို့ အမြတ်မကျန် အရှုံး စုန်းစုန်းမြုပ်သွားတဲ့သဘောပြောမှ ကျေးလက် တောသူတောင်သားအချို့ သဘောပေါက်သွားကြသည်။

စာရေးသူလည်း ရေနံတွင်းထဲ နွားကျလို့ဆိုတဲ့ သတင်း ကြားရတော့ ဂျပန်ခေတ် ဂျပန်အလိုရှိတွေ အဝယ်တော်တို့က မြို့ပိုင်မင်းအား အစီရင်ခံနေသည့် မြို့အုပ်မင်းစားပွဲပေါ်က ဝါးလုည်းများအကြောင်း သတိရမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"နွားဘယ်နကောင်လဲ"

"ဆယ်ကောင်ပါဘုရား"

"ဝါးဘယ်နစီးလဲ"

"ဆယ်စီးပါဘုရား"

မြို့ပိုင်မင်းက ဆို့နေ့ာက် စားပွဲပေါ်တင်ထားလိုက်ဟု၍ ဖြစ်သည်။ တကယ်တမ်း စားပွဲပေါ်တင်ထားလိုက်ဆိုသည်မှာ နွားဆယ်ကောင်၊ ဝါးဆယ်စီးမဟုတ်ဘဲ နွားဆယ်ကောင် ဝါးဆယ်စီးနှင့် ညီမျှသည့်ငွေကိုအား မြို့အုပ်မင်းက စားပွဲပေါ်တင်ထားခိုင်းခြင်း ဖြစ်သည်။

ရေနံမော်တွင် ရေနံတွင်းထဲ နွားကျသူများလည်း ထိုနည်းတူ ရေနံတွင်းတူးရာတွင် နွားရောင်းရသည့်ငွေတို့ အမြတ်မကျန် အရှုံးပေါ်၍ ပြန်ခဲ့ကြရသည်။ ရေနံတွင်းထဲ နွားကျလို့ဟူ၍ ပြောစမှတ်တွင်ရစ်ခဲ့ရသည်ကား ယနေ့တိုင်။

ထိုမော်တို့အကြောင်းကား သူပြောငါပြော ကိုယ်တိုင်မှတ်သားရသည့် မော်တို့အကြောင်းဖြစ်သည်။

ယခု ရေးသားဖော်ပြမည့် ရေမော်ကား စာရေးသူကိုယ်တိုင် မြင်တွေ့သိရှိနေသည့် ရေမော်ပင်ဖြစ်သည်။ ရေမော်တို့အား ဧရာဝတီမြစ်ရိုးတစ်လျှောက် ဖြစ်ရကြောင်းတို့ အစွန်းထွက်လျက်ရှိသည့် နေရာတို့ဒေသလည်းကောင်း၊ ရေစီးသန်သည့်နေရာ ရေခွယ်တို့အား ရေမော်ဟုခေါ်ဆိုခြင်းဖြစ်သည်။

ရေမော်အား ရေစီးသန်သည့် ကျောက်ဆောင်ကျောက်တုံး လျှပ်တာပြင်ကြီးများ အငူစွန်းသဖွယ် ချွန်းထွက်နေသည့်နေရာ ရေစီးသန်သည့် နေရာတို့အား ရေမော်ဟုခေါ်ဆိုလျက်ရှိသည်။ မြစ်ရိုးတစ်လျှောက် တွေ့ရှိရသည့် ရေမော်တိုင်းလို ရေစီးသန်တာ တွေ့ရသည်။ ရေဝဲဂယက် လှိုင်းကြီးများနှင့်အတူ ရေပြန်ဝဲ၊ စုတ်ဝဲ၊ မှုတ်ဝဲကြီးများအဖြစ်လည်း မြင်တွေ့ရတတ်သည့် နေရာများဖြစ်သည်။

ရေမော်နေရာကား ရေထန်လှိုင်းကြီးသည့်အခါ လှိုင်းအလွန်ကြီးကာ ကြက်ခွပ်လှိုင်းများ ဝဲဂယက်များကြောင့် လေသဘော်၊ ဖောင်တို့အား အချိန်မရွေး အန္တရာယ်ဖြစ်စေနိုင်သည့်နေရာလည်း ဖြစ်သည်။ ရေမော်တို့အား စလေမြို့နှင့် ချောက်မြို့အကြားမှာပင် ရေမော် ကိုးမော်အား မြင်တွေ့နိုင်သည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် အခြား ရေစီးသန်၊ ရေဆိုးသည့် ရေမော်ကြီးများ အများပင် ရှိနေခဲ့သည်။

ရေခွယ်အားလည်း ရေမော်ဟု ခေါ်ဆိုကာ ဖောင်နှင့် လှေသဘော် ရေလမ်းခရီးသွားလာသည့် ယာဉ်များအဖို့ အန္တရာယ်အများဆုံး ကြုံတွေ့ရသည့် နေရာလည်းဖြစ်သည်။

မျက်မှောက်ကာလ ကျောက်စိမ်းမော်၊ ရွှေမော်တို့နှင့် ရေနံမော်တို့တွင် သွားရောက်လုပ်ကိုင်သူတို့အဖို့ ထိုမော်တွင် အလုပ်လုပ်ကိုင်ရင်း ကျောက်ပွင့်လို့ဖြစ်စေ၊ ရွှေများများရ၊ ရေနံများများတူးရလို့ဖြစ်စေ ဝင်ငွေကောင်း စီးပွားရေးလုပ်ငန်း အဆင်ပြေတာ မြင်တွေ့ရလျှင် ဒီလူတော့ မော်ပေါက်သွားတယ်ဟု ပြောဆိုလေ့ရှိကြသည်။

မော်ပေါက်သည်ဆိုသည့် စကားအား စာရေးသူကို ငယ်ငယ်က လူကြီးသူမတို့ ပြောဆိုတာ ကြားဖူးပါသည်။ လူကြီးသူမတို့ပြောသည့် မော်ပေါက်သည်ဆိုသည့်စကားမှာ မျက်မှောက်ကာလ လူတစ်ဦးတစ်ယောက် ကျောက်စိမ်းမော်မှာ ကျောက်ပွင့်၍ဖြစ်စေ၊ ရွှေမော်မှာ ရွှေအရကောင်းလို့ ချမ်းသာသွားတာ ရေနံတွင်း ရေနံအထွက်ကောင်းပြီး အမြတ်အစွန်းရချမ်းသာတာ မော်ပေါက်သည်မဆိုလိုပါ။

လူတစ်ယောက်က မိမိစိတ်ကူးတည့်ရာ တရှူးထိုးတစ်ဇောက်ကန်း စွတ်စွတ်ရွတ်ရွတ် လုပ်တတ်သူ၊ ဆင်ကန်းတောတိုး လုပ်တတ်သူတချို့အား သရော်ထားသည့် စကားတစ်ခွန်းပင်ဖြစ်သည်။ ဒီလူကတော့ကွာ ရူးကြောင်ကြောင်နဲ့ မော်ပေါက်နေသလား အောက်မေ့ရတယ်ဟု ပြောလေ့ရှိကြသည်။ မော်ပေါက်သည်ဆိုခြင်းကား ကြီးပွားချမ်းသာသွားသူအား ရည်ရွယ်ခေါ်ခြင်းမဟုတ်။ မော်ပေါက်တာနဲ့ရူးတာ အတူတူဟု ပြောလိုရင်းဖြစ်သည်။

ကာဝေသာရ မဟောသရကျမ်းလာ မော်ခြောက်မျိုးမှာတော့ လျှို့ဝှက်သည်၊ နက်နဲသည်၊ ဂမ္ဘီရဆန်သည်ဆိုပြီး လောကီလူသားတို့အဖို့ ကျောက်စိမ်းမော်၊ ရွှေမော်၊ ရေနံမော်၊ ရေမော်တို့ကား လောကီလူသားများအဖို့ လောကီချမ်းသာတို့အား ပေးစွမ်းနိုင်သလို ရေခွယ်ကဲ့သို့ သက်ရှိလူသားများအဖို့ ဆိုးကျိုးအန္တရာယ်တို့အား ပေးစွမ်းနိုင်သည့် ဖြစ်ရပ်သာဓကအား အချို့အား ရှာဖွေရေးသားဖော်ပြလိုက်ရပါသည်။

**နေလင်းအောင်(စလေ)**



www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ ထာဝရ အလှူတော်ငွေပဒေသာပင် သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရွယ် အို၊ နာ၊ သေ ဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ ရောက်လေရာရာ အရပ်ရှိဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါနမျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက် ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အစွန့်ရှည်အောင်ဆောင်ရွက်နိုင်ပြီး၊ ငွေပဒေသာပင်မှရရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပူပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်လည်း လှူရိုးလှူစဉ် အလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့လှူဒါန်းမှုကိုအမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုးကို ရည်ရွယ်ကာ • •–မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များကို တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာသူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့်• • •

ဦးညွန့်မောင် + ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင် + ဒေါ်အေးမြင့်မိသားစု၊ ဦးသိန်းဝင်း + ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး + ဒေါက်တာစောယုနွယ် မိသားစု၊ ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ်တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။


၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် (SP 044561)ဖြင့် စာရင်းဖွင့်လှစ်အပ်နှံထားပြီး၊ ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင်ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး ◆ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇

ဂေါပကအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရွှေမာယာ

တင်ဝင်းလှ

"မှုယာမိုး"

နာမည်ကလှသလို လှုကလည်း လှသည်။ အသားက ဖြူဖွေး၍ နုနေသည်။ အရပ်က ၅ ပေ ၄ လက်မ။ ခန္ဓာကိုယ်အချိုးအစားက မြင့်သော အရပ်နှင့် လိုက်ဖက်သည်။ မိန်းမပျို တစ်ဦးတွင် ရှိအပ်သည့် အလှတို့က သူ့နေရာနှင့်သူ တိတိကျကျ ပြည့်ပြည့်ဝန်းဝန်းရှိသည်။ လမ်းလျှောက်၍သွား နေသည့်အခါတွင် ကိုယ်နေဟန်က ယိမ်းနွဲ့နွဲ့။ အလင်္ကာမြောက်သော တေးသွားတစ်ခုကို စည်းချက်ညီညီ ထုတ်ဖွင့်နေသလိုရှိသည်။ သူမ၏ကိုယ်ပေါ်မှ အိမ်မက်ဆန်သော အလှတို့က ထိုစည်းချက်တို့နှင့်အညီ ကခုန်မြူးထူးလျက် ရှိကြသည်။ ညို့ပြုံ့ဖမ်းစားတတ်သော သဘောကိုဆောင်သည့် သူမ၏ အလှတို့က ရှေ့နောက်ဝဲယာတွင် ရှိကြကုန်သောသူတို့၏ ရင်ကို လှုပ်ခတ်စေသည်။ ချိုမြစေသည်။ ဆွတ်ပျံ့စေသည်။ လွမ်းမောမဆုံး ဖြစ်စေသည်။

ဤသို့သော နှစ်လိုဖွယ် အစုံစုံခြင်း ပြီးပြည့်စုံမှုတို့ကြောင့် အရပ်ဆယ်မျက်နှာ၌ ရှိကြကုန်သော အလှမြတ်နိုးသူ ကိုယ်တော်အပေါင်းတို့က သူမအပေါ် မေတ္တာတွေပို့လိုကြသည်။ ဥစ္စာတွေနှင့် ညှို့လိုကြသည်။

ထိုကဲ့သို့ ကဝေဆန်သော အလှပိုင်ရှင် ဘုရင်မလေးကား ရန်ကုန်မြို့၏ နာမည်ကျော် ဂိုဒင်ဘာယ်လီအရပ်၌ မွေးဖွားခဲ့သူ ဝင်ဒါမီယာအရပ်၌ ကြီးပြင်းခဲ့သူကား မဟုတ်ပါ။ ရန်ကုန်မြို့၏ မြို့သစ်တစ်ခုမှ သာမန်မိသားစုဝင်တစ်ဦးမျှသာ ဖြစ်ပါသည်။ မိခင်မှာ နေအိမ်တွင် ကုန်စုံဆိုင်ဖွင့်ထားသည်။ ဖခင်မှာ ပွဲစားအလုပ်ကိုလုပ်သည်။ မောင်အငယ်မှာ အထက်တန်းကျောင်းသားဖြစ်သည်။ သူမမှာမူ အာရှတိုက်အရှေ့ပိုင်း နိုင်ငံတစ်ခုမှ ဘာသာစကားတစ်မျိုးကို တတ်ကျွမ်းထားသူဖြစ်သည်။ ထိုကျွမ်းကျင်မှုကြောင့် စကားပြန် အလုပ်တစ်ခုကို သူမ ရရှိခဲ့ခြင်းဖြစ်သည်။

သူမ၏ အလုပ်ရှင်မှာ "မစ္စတာစောဂျွန်ဆင်" ဆိုသူ ဖြစ်သည်။ အသက် ၄၀ ခန့် ရုပ်ရည်သန့်ပြန့်သူ။ လူတိုင်းနှင့် အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံတတ်သူ။ စကားပြောသည့်အခါတိုင်း ပြုံး၍ပြောတတ်သဖြင့် စွဲဆောင်မှုရှိသည့် အာရှတိုက်သား အင်ဂျင်နီယာ တစ်ဦးဖြစ်သည်။ ရန်ကုန်မြို့ရှိ အကြီးစား စက်မှုဇုန်ဒေသကြီးတွင် "သန့်စင်" အမည်ရှိ ဓာတုဗေဒစက်ရုံတစ်ခုကို တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ထိုစက်ရုံကို မြန်မာပိုင် ခါကာဘိုရာဇီကုမ္ပဏီနှင့် အာရှတိုက်အရှေ့ပိုင်း နိုင်ငံတစ်ခုမှ ရွှေကြိုးကြာကုမ္ပဏီတို့ ဖက်စပ်တည်ထောင်ခြင်း ဖြစ်သည်။ တည်နေရာ၊ အလုပ်သမားနှင့် ကုန်ထုတ်လုပ်မှုအပိုင်းကို ခါကာဘိုရာဇီက တာဝန်ယူရသည်။ စက်ရုံတည်ဆောက်ခြင်း၊ အဆင့်မြင့်နည်းပညာ အသုံးပြုခြင်း၊ ဈေးကွက်ရှာဖွေခြင်းတို့ကို ရွှေကြိုးကြာက တာဝန်ယူရသည်။ ပစ္စည်းရောင်းချခြင်းအပိုင်းကိုမူ နှစ်ဖက်ပူးတွဲဆောင်ရွက်ရန် သဘောတူထားခြင်းဖြစ်သည်။

ထို့ကြောင့် စက်ရုံတည်ဆောက်ခြင်းအပိုင်းကို တာဝန်ယူရသူ ရွှေကြိုးကြာကုမ္ပဏီက စက်ရုံတည်ဆောက်တပ်ဆင်သည့် တာဝန်ခံအင်ဂျင်နီယာအဖြစ် မစ္စတာစောဂျွန်ဆင်ကို ပုတ်ပြတ်တာရမ်းခဲ့ခြင်းဖြစ်သည်။ မစ္စတာစောဂျွန်ဆင်အတွက် လုပ်ငန်းတွင် အဆင်ပြေစေရန် စကားပြန်တစ်ဦးကို ရွှေကြိုးကြာကုမ္ပဏီက ခန့်ထားပေးပါသည်။ ထိုစကားပြန်ကို မစ္စတာစောဂျွန်ဆင်က သဘောမကျသဖြင့် ငြင်းပယ်ခဲ့သည်။ သူ၏စိတ်တိုင်းကျ စကားပြန်တစ်ဦးကို သီးခြားအစီအစဉ်ဖြင့် ရွေးချယ်ခန့်အပ်ခဲ့သည်။ သူကတော့ "မှုယာမိုး" ဖြစ်ပါသည်။

သည်နှစ် ၂၀၁၅ ခုနှစ်သည် မှုယာမိုး အသက် ၂၀ ပြည့်သောနှစ်ဖြစ်သည်။ ဇာတာကို တွက်စစ်ခြင်းဖြင့် အထက်လူကြီး၏ ဆောင်မခြင်းကို ခံရကိန်းရှိနေသည်။ စုတ်လာဘ်များ ဝင်



www.burmeseclassic.com

www.burmeseclassic.com

ကိန်းရှိသည်။ အထူးအားဖြင့် အစွမ်းအစရှိသလောက် လုပ်နေမည့်နှစ်ဖြစ်သည်။

■ ■ ■

ရန်ကုန်လေယာဉ်ကွင်း၏ အရှေ့ဘက်ရှိ "အိုးရီးရင့်" ဟိုတယ်အတွင်းတွင် ဖြစ်ပါသည်။ အေးမြသော အခန်းကျယ်ကြီးအတွင်းရှိ စားပွဲဝိုင်းတစ်ခုတွင် မှုယာမိုးနှင့် သူ၏ ဘော့စ်(Boss) ဖြစ်သူ မစ္စတာစောဂျွန်ဆင်တို့ ထိုင်နေကြပါသည်။ Boss ဖြစ်သူမှာ ,စက်ရုံအတွက် လိုအပ်···ပစ္စည်းများကို စင်္ကာပူနိုင်ငံတွင် သွားရောက်ဝယ်ယူရာမှ လေယာဉ်ဖြင့် ပြန်လာခြင်းဖြစ်သည်။ မှုယာမိုးက သူ၏ Boss ကို လေယာဉ်ကွင်းတွင် လာ၍ကြိုပြီးနောက် ယခုကဲ့သို့ ဟိုတယ်တွင် ခေတ္တဝင်ရောက် ရပ်နားကြခြင်းဖြစ်သည်။

Boss က ၆ လက်မ၊ ၄ လက်မ အရွယ်ရှိသော ဖန်ဘူးအပြားလေ·းတစ်ခုကို မှုယာမိုး၏ စားပွဲရှေ့သို့ ချပေးလိုက်သည်။ နှုတ်မှလည်း -

"မင်းအတွက် အသက် ၂၀ ပြည့် မွေးနေ့ လက်ဆောင်ဖြစ်သလို ကိုယ့်ရဲ့ စင်္ကာပူပြန်လက်ဆောင် ဖြစ်ပါတယ်။ ပျော်ရွှင်စွာနဲ့ လက်ခံယူပါ" ဟု ပြောသည်။

"ကျေးဇူးပါပဲ" ဟု မှုယာမိုးက မျက်လုံးနှင့် ပြန်၍ပြောလိုက်သည်။ ပြီးတော့ ဖန်ဘူးလေး၏အဖုံးကို အသာအယာဖွင့်ကြည့်သည်။ အဖုံးကလေးပွင့်သွားသည့်အချိန်တွင် ဘူးကလေးအတွင်းမှ သာယာသော စန္ဒရားသံလေး ထွက်လာသည်။

သင်၏မွေးနေ့မှာ ပျော်ရွှင်ပါစေ ဆိုသည့် အင်္ဂလိပ်တေးသွားလေး ဖြစ်သည်။ အံ့ဩသဖြင့် မှုယာမိုး၏ မျက်လုံးလေးများ ဝိုင်းသွားသည်။ ပြီးတော့ Boss ကို တစ်ချက် လှမ်းကြည့်သည်။ Boss က သူ၏မျက်ခုံးကို အထက်သို့ ပင့်၍ ခေါင်းကို အနည်းငယ်ငဲ့၍ပြသည်။ ဘူး၏အဖုံးကို ဆက်၍ဖွင့်ကြည့်ပါဆိုသည့် သဘော။

မှုယာမိုးက အဖုံးလေးကို ဆက်၍ ဖွင့်လိုက်သည်။ အတွင်းမှ ပစ္စည်းလေးများကို မြင်ရသည့်အခါ နှုတ်ခမ်းလေးများ ဝိုင်းသွားသည်။ နှုတ်မှလည်း "အို" ဟူသော အသံလေးက အလိုလိုထွက်သွားသံည်။ ဘူး၏အတွင်းဘက်တွင် ခရမ်းရောင်ကတ္တီပါရှိသည်။ အဖုံးရှိရာ အတွင်းဘက်ကတ္တီပါပေါ်တွင် ရွှေရောင် အင်္ဂလိပ်စာပန်းစာလုံးဖြင့် "မှုယာမိုး၏ အသက် ၂၀ ပြည့် မွေးနေ့လက်ဆောင်" ဟု ရေးထိုးထားသည်။ အောက်ခံဘူးထဲတွင်တော့ တဖိတ်ဖိတ်တလက်လက်ရှိနေသော ရွှေဖြူဖြင့်ပြုလုပ်ထားသည့် ဆွဲကြိုးတစ်ကုံး။ လက်ကောက်နှစ်ကွင်း။ လက်စွပ်တစ်ကွင်းကို တွေ့ရသည်။ ဒီဇိုင်းက ဂန္တဝင်(Classic) ဆန်သလိုလို ဖန်ဆီဖြစ်သလိုလိုနှင့် နှလုံးသားကို ဖမ်းစားစေသည်။

မှုယာမိုး အနှစ်သက်ဆုံးပစ္စည်းများမှာ "ရွှေ"ဖြစ်သည်။ သူ၏တစ်ကိုယ်လုံးတွင် ရွှေတွေ တဝင်းဝင်း တလက်လက်နှင့် ရှိနေချင်သူဖြစ်သည်။ သည်ဆန္ဒများထဲတွင် ရွှေဖြူကို ဝတ်ဆင်လိုခြင်းမှာလည်း အိပ်မက်တစ်ခုဖြစ်သည်။ ထိုအိပ်မက်ကား ယခုအခါတွင် သူမ၏ လက်ထဲ၌ လာ၍မက်နေပြီဖြစ်သည်။ ဘူးလေး၏ထောင့်တွင် အီတလီကုမ္ပဏီ တစ်ခု၏အမည်ကို ဖော်ပြထားသည့် သေသပ်လှပသော စာလုံးလေးများကို မြင်ရသည်။

သူမ၏အိပ်မက်ကို ဖန်ဆင်းပေးသူ မစ္စတာစောဂျွန်ဆင်ထံသို့ မှုယာမိုး ကြည့်မိသည်။ သည်အကြည့်က အရင်အကြည့်များနှင့်မတူ။ ခပ်ဇော့ဇော့ ခပ်ဝေဝေလေးဖြစ်သည်။ ထိုအကြည့်ထဲတွင် နူးရှရှ ရင်ခုန်သံလေး ရောပါနေသည်။ ခုန်သောရင်ဖြင့်ကြည့်သော အကြည့်က ခပ်ပါးပါးလေး ငြိသွားသည့် အကြည့်မျိုးလည်း ဖြစ်နိုင်ပါသည်။

သည်အကြည့်များ၏ နောက်ပိုင်း၌ ဖြစ်ပေါ်လာသော သူတို့၏ ဆက်ဆံရေးများမှာ ပို၍ နွေးထွေးမှုရှိလာသည်။ ပို၍ စိုစိုပြည်ပြည်ရှိလာသည်။ လက်ဆောင်များလည်း ပို၍ ပို၍ များလာသည်။ စစ်မြေပြင်တွင် လူ့အင်အားကို အဓိက အသုံးပြု၍ တိုက်ခိုက်သော နည်းဗျူဟာကို "လူလှိုင်းလုံး" စစ်ဆင်ရေးဟု ခေါ်စမှတ်ပြုကြသည်။ မစ္စတာစောဂျွန်ဆင်၏ နည်းဗျူဟာကား "ရွှေလှိုင်းလုံး"စစ်ဆင်ရေးဟုခေါ်ရမည်လား မသိပေ။ မှုယာမိုး၏ကိုယ်ပေါ်တွင် ရွှေရောင်တွေ တဝင်းဝင်း တလက်လက် ရှိ၍လာခဲ့သည်။

ထိုစစ်ဆင်သူကဆင်ဘလို ခံစစ်ပြင်သူကလည်း ပြင်သည်။ လျှပ်တစ်ပြက် စစ်ဆင်သည့်ဗျူဟာကို သုံးသူက သုံးသလို စစ်ကို မြှူ၍တိုက်သည့်ဘက်ကလည်း တိုက်သည်။ မည်သို့ပင်ဆိုစေ ထိုစစ်ဆင်ရေးကား ပြောက်လခန်



www.burmeseclassic.com

www.burmeseclassic.com

အကြာတွင် မှုယာမိုးဆိုသည့် အထွတ်အမြတ် စခန်းကုန်းမို့မို့လေးထက်တွင် မစ္စတာစောဂျွန်ဆင်ဆိုသူ၏ အောင်လံကို စိုက်ရန်မှာ သေချာခဲ့ပြီဖြစ်သည်။ သို့သော်လည်း လွယ်လွယ်နှင့်တော့မရ။ အလေးအယူတော့ရှိသည်။

တင့်ခုတောင်းတင့်တယ် လက်ထပ်ရမည်။ တိုက်နှင့်၊ ကားနှင့် ပြည့်ပြည့်စုံစုံထားနိုင်ရမည်ဟူ၍ ဖြစ်သည်။ ကြိုတင်ကြေးအဖြစ် မှုယာမိုး၏ မိဘများနေသော အိမ်ကို အုတ်ပတ်ကားတက်ပေးရမည်။ မှုယာမိုးကို တောင်းရမ်းသည့် အခမ်းအနားတွင် လူကြီးများရှေ့၌ မစ္စတာစောဂျွန်ဆင်က ထိုအချက်များကို ဆောင်ရွက်ပေးပါမည်ဟု ကတိပြုရသည်။ မင်္ဂလာအခမ်းအနားကို နောက်တစ်လအကြာတွင်ကျင်းပမည်။ မစ္စတာစောဂျွန်ဆင်က သူလက်ရှိနေထိုင်သော ရှုမောသော ဥယျာဉ်အိမ်ဂေဟာအတွင်းမှ တစ်ထပ်တိုက်၊ အိမ်တောင်ပရိဘောဂနှင့် သူစီးနေသော တိုရိုတာကားတို့ကို မှုယာမိုးအား မင်္ဂလာလက်ဖွဲ့အဖြစ်ပေးကြောင်း၊ ပိုင်ဆိုင်ခွင့်နာမည်ပြောင်းသည့်ကိစ္စများကို နောက်ပိုင်းအဆင်ပြေသည့်အချိန်များတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မိဘများကို ပြောပြခဲ့သည်။

■ ■ ■

မှုယာမိုးဆိုသော နတ်မိမယ်လေးသည် စကားပြန် အလုပ်သမလေးဘဝမှ သခင်မလေးဘဝသို့ အရှင်လတ်လတ် ကူးပြောင်းခဲ့သည်။ စောဂျွန်ဆင်၏ တိုရိုတာကားမှာလည်း သခင်မလေး မောင်းသောကား ဖြစ်ခဲ့သည်။ စောဂျွန်ဆင်၏ တိုက်ကလေးမှာလည်း မိဖုရား အုပ်စိုးသော နန်းဆောင်ကလေး ဖြစ်လာခဲ့သည်။ မှုယာမိုးအတွက်မှ နတ်မိမယ်တို့ပျော်စံရာ ဘုံအမြင့်ကမ္ဘာတစ်ခုဆီသို့ ရောက်နေသည့်နှယ် အေးမြမြရှိလှသည်။

ထိုအချိုရက်များကား လမှသည် နှစ်သို့ကူးလာသည့်တိုင် ပျော်၍ကောင်းဆဲ၊ လှော်၍ကောင်းဆဲ ဖြစ်သည်။ သူတို့နှစ်ဦး၏ သီးသန့်ကမ္ဘာလေးထဲသို့ မည်သည့်ညှော်သည်မှ မလာရဟု ဆိုင်းဘုတ်တပ်၍ တားမြစ်ထားခဲ့သည်။ သည်ကြားထဲကမှ ညှော်သည်တစ်ဦးကမူ မှုယာမိုး၏ ခန္ဓာကိုယ်အတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်၍လာခဲ့သည်။ သူကတော့ "ဘေဘီ"လေးဖြစ်သည်။

■ ■ ■

စောဂျွန်ဆင် တည်ဆောက်ရသော စက်ရုံကြီးမှာလည်း ပြီးစီးခဲ့ပြီဖြစ်သည်။ နေ့ကောင်းရက်မြတ်ရွေးချယ်၍ စက်ရုံကြီးကို ဖွင့်လှစ်ရန်သာ ရှိတော့သည်။ ထိုအချိန်တွင် မစ္စတာစောဂျွန်ဆင်မှာ ပြည်ပခရီးသို့သွားရန် ကိစ္စပေါ်လာကြောင်း မှုယာမိုးကို အသိပေးခဲ့သည်။ ခရီးထွက်သည့်အခါ မပေါ့မပါးရှိနေသည့်ကြားက လေယာဉ်ကွင်းသို့ မှုယာမိုးကိုယ်တိုင် လိုက်ပို့ပေးခဲ့သည်။ ပြည်ပထွက်ခွာသည့် ဂိတ်ရှေ့တွင် စောဂျွန်ဆင်က မှုယာမိုး၏လက်ကလေးကို ကိုင်၍ နှုတ်ဆက်သည်။

"မိုးနဲ့ကလေးရဲ့ ကျန်းမာရေးကို ဂရုစိုက်ပါ။ ကိုယ်ပြန်လာရင် လက်ဆောင်တွေ အများကြီးဝယ်လာခဲ့ မယ်။ လေယာဉ်က ခေါ်နေပြီ ကိုယ်သွားမယ်နော် မိုး"

"ဘိုင့်ဘိုင်..."

စောဂျွန်ဆင်က သူ၏လက်ကို ဝှေ့ယမ်း၍ နှုတ်ဆက်ပြီးနောက် ဂိတ်ဝတွင်းသို့ ဝင်သွားသည်။ ခင်ပွန်းသည်ကို လှမ်း၍ကြည့်ရင်း မှုယာမိုး၏စိတ်တွင် ဝမ်းနည်းလာသလိုလို ခံစားရသည်။

■ ■ ■

ခင်ပွန်းသည် ပြည်ပသို့ခရီးထွက်သွားပြီး တစ်လခန့်အကြာတွင် မှုယာမိုးနေထိုင်သော တိုက်လေး၏ ဆင်ဝင်အောက်သို့ ရွှေကြိုးကြာကုမ္ပဏီမှ ကားတစ်စီး ဆိုက်ရောက်လာသည်။ ခင်ပွန်းသည်ပြန်လာပြီဆိုသော အပျော်စိတ်များဖြင့် မှုယာမိုး တံခါးဝသို့ အပြေးကလေးရောက်ခဲ့သည်။ ကားပေါ်မှ ဆင်းလာသူများမှာ ရွှေကြိုးကြာကုမ္ပဏီ၏ မန်နေဂျာ "မစ္စတာကင်"နှင့် တပည့်ဖြစ်သူတို့ဖြစ်သည်။ သူ၏ခင်ပွန်းဖြစ်သူကိုမူ မတွေ့။ တပည့်ဖြစ်သူ၏ လက်ထဲတွင် လက်ဆောင်ပန်းခြင်းတစ်ခုကို ကိုင်ထားသည်။

မှုယာမိုးက ဧည့်သည်များကို ဧည့်ခန်းသို့ခေါ်၍ ဧည့်ခံသည်။ မန်နေဂျာကြီးက မှုယာမိုးကို ပန်းခြင်းလက်ဆောင်ပေးသည်။ ပျူငှာသောစကားများဖြင့် ကျန်းမာရေးအကြောင်း၊ လူမှုရေးအကြောင်းများကို ပြောဆိုသည်။ မန်နေဂျာကြီးပြောဆိုနေသော စကားများထဲတွင် သူလာရခြင်း၏အကြောင်းရင်းကို ပြောဆိုခြင်းမပြုရသေးဟု မှုယာမိုး၏



www.burmeseclassic.com

www.burmeseclassic.com

အသိတွင် ခံစားရသည်။ သည်တော့ အိမ်ရှင်၏ ဝတ္တရားအတိုင်း ဧည့်သည်ကို လမ်းဖွင့်ပေးသောစကားကို ဆိုရသည်။

"မစ္စတာကောင်ပေးတဲ့ ပန်းခြင်းအတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မကို ပြောစရာစကားရှိမယ်ဆိုရင်လည်း အားနာစရာမလိုဘဲ ပြောနိုင်ပါတယ်ရှင်"

မူယာမိုး၏စကားကို ကြားရသ...ဖြင့် အတွက် မစ္စတာကောင်၏မျက်နှာတွင် အားနာသောအရိပ်တို့ သန်းလာသည်။

"ဒီလိုပါ"ဟု စကားစသည်။ သူပြောသောစကားများ၏ အနှစ်ချုပ်မှာ သည်...ကိုဖြစ်သည်ဟု မူယာမိုး နားလည်လိုက်ရသည်။

"သန့်စင်"ဓာတုစက်ရုံကြီး တည်ဆောက်ရန်အတွက် "ရွှေကြိုးကြာကုမ္ပဏီ"က မစ္စတာစောဂျွန်ဆင်ကို ပုတ်ပြတ်စနစ်ဖြင့် ငှားရမ်းခြင်းဖြစ်ကြောင်း။ စက်ရုံတည်ဆောက်နေသောကာလတွင် စောဂျွန်ဆင်နေထိုင်သော တိုက်၊ ပရိဘောဂများနှင့် ကိုယ်ပိုင်ကားတို့ကို စောဂျွန်ဆင်အသုံးပြုရန်အတွက် ရွှေကြိုးကြာကုမ္ပဏီက အခြားသူများထံမှ ငှားရမ်းပေးထားခြင်းဖြစ်ကြောင်း။ ထိုပစ္စည်းများကို လုပ်ငန်းပြီးပြတ်ပြီး တစ်လအကြာတွင် စောဂျွန်ဆင်က ကုမ္ပဏီသို့ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း။ ထိုသို့အပ်နှံရမည့်နေ့ရက်မှာ မနေ့က ပြည့်ခဲ့ပြီဖြစ်ကြောင်းနှင့် ပြန်လည်အပ်နှံရမည့် ပစ္စည်းစာရင်းနှင့် အထောက်အထားများကို မစ္စတာကောင်က မူယာမိုးထံသို့ ပေးပါသည်။

မစ္စတာကောင်၏ စကားအဆုံးမှာတော့ မူယာမိုး၏နှုတ်မှ "ရှင်"ဟူသော စကားတစ်လုံးသာ ထွက်နိုင်သည်။ ရင်ထဲ၌ စို့၍တက်လာသည်။ ကြားရသောစကားများကို မယုံကြည်။ စိတ်ထဲတွင်တော့ သူမ မသိသည့် ကိစ္စတွေတော့ ရှိနေပြီဟု ခံစားလာရသည်။

"ကျွန်မ ဒီကိစ္စတွေကို သိမထားခဲ့ရပါဘူး မစ္စတာကောင်"

"အို"

ဟု မန်နေဂျာ၏နှုတ်မှ အံ့ဩသံထွက်လာသည်။

"သူ အခုရက်ပိုင်းအတွင်း ပြန်ရောက်မယ်လို့ ပြောခဲ့ပါတယ်ရှင်။ သူပြန်လာမှ ဆက်ပြောကြရင် မကောင်းဘူးလား"

■ ■ ■

သည်လိုနှင့် သုံးလဆိုသောအချိန်တို့ ကုန်သွားသည်။ စောဂျွန်ဆင်၏ သတင်းကား မရခဲ့။ နောက်ဆုံးတော့ မြန်မာကုမ္ပဏီဖြစ်သော "ခါကာဘိုရာဇီကုမ္ပဏီ"နှင့် "ရွှေကြိုးကြာကုမ္ပဏီ"များထံသို့ စောဂျွန်ဆင်သတင်းကို စုံစမ်းပေးပါရန် မူယာမိုး အကူအညီတောင်းခံရသည်။

မစ္စတာစောဂျွန်ဆင်မှာ အခဝင့်မြင့် အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ သူ့ကို အလုပ်အပ်လိုပါက ပွဲစားကုမ္ပဏီများမှတစ်ဆင့် အလုပ်အပ်နိုင်သည်။ တစ်ကိုယ်ရည်သမားဖြစ်သည်။ အချုပ်အနှောင်မရှိ။ "သန့်စင်"ဓာတုဗေဒစက်ရုံစီမံကိန်းမှာ သူ့အတွက် ပြီးစီးခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အခြားအလုပ်သစ်တစ်ခုဖြင့် အခြားနိုင်ငံတစ်ခုသို့ ထွက်သွားဖွယ်ရှိကြောင်း။ မည်သည့်နေရာသို့ ရောက်နေသည်ကို မသိနိုင်ကြောင်း သတင်းသာ ပြန်၍လာသည်။

ခြောက်လကြာမြင့်ခဲ့ပြီ ဖြစ်သည်။ မူယာမိုးက သမီးငယ်ကိုလည်း မွေးဖွား ခဲ့ပြီဖြစ်သည်။ ရွှေကြိုးကြာကုမ္ပဏီက လည်း ကမ်းလှမ်းချက် အသစ်တစ်ခု ပေးသည်။ မူယာမိုး လက်ရှိနေထိုင် သော တိုက်နှင့်ကားကို ပြန်အပ်မည်ဆို ပါက အိမ်တွင်းရှိ တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် စသည့် အိမ်တွင်း အသုံးအဆောင်နှင့် ပရိဘောဂများကို မူယာမိုးအား ပေးပါမည်ဟူ၍ဖြစ်သည်။

သည်ကမ်းလှမ်းချက်ကို ကြားရ သည့်အခါ မူယာမိုး၏ အမျိုးအဆွေများ ကြားတွင် အယူအဆအမျိုးမျိုး ပေါ် ပေါက်လာသည်။ တချို့က -

"ဒါ သူတို့အချင်းချင်းပေါင်းပြီး တို ကိုရိုက်တာပဲ။ ဒါကို ငြိမ်ခံနေလို့ ဘယ် ဖြစ်မလဲ။ မင်္ဂလာဆောင်တဲ့အချိန်မှာ ပေးတဲ့ ပစ္စည်းဟာ သတို့သမီးပိုင်တာ ပဲ။ ဒါအားလုံးသိတယ်။ တရားလမ်း ကြောင်းရှိသလောက်တော့ လုပ်သင့် တယ်"

တချို့ကတော့ ဒီလိုမြင်သည်။

"ပိုင်ဆိုင်မှုအထောက်အထားက ကိုယ့်မှာ လက်ဆုပ်လက်ကိုင် ဘာမှ မပြနိုင်ဘဲနဲ့ တရားဆိုင်ရင် ကိုယ်ကနိုင် ပါ့မလား။ တစ်ဖက်ကပေးတာကို လက် ခံလိုက်တာက ပိုပြီးသင့်တော်မယ်ထင် တယ်"

တချို့ကလည်း ဒီလိုအကြံပေး သည်။

"ကုမ္ပဏီက ပေးတာကိုလည်



www.burmeseclassic.com

www.burmeseclassic.com

ထက်ခဲ့ပေါ့။ ပြီးတော့ နည်းနည်းပါးပါး အဆစ်ထပ်တောင်းရင် မကောင်းဘူး လား"

ဟူ၍ ဖြစ်သည်။

ဆွေမျိုးများကြားတွင် ထိုအယူ အဆများကို တစ်ပတ်ခန့် ပြင်းပြင်းထန် ထန် ဆွေးနွေးကြရသည်။ ဗေဒင်ဆရာ များ ပုဂ္ဂိုလ်များကိုလည်း မေးကြရ သည်။ ရှေ့နေများနှင့်လည်း တိုင်ပင်ကြ သည်။ နောက်ဆုံးတော့ တတိယနည်း လမ်းကို ရွေးချယ်လိုက်ကြသည်။

ကရုဏာကြေးအဖြစ် ကျပ်ခြောက် သိန်းနှင့် ပြောင်းရွှေ့ရန်အတွက် ရွှေကြိုး ကြာကုမ္ပဏီက ကူညီဆောင်ရွက်ပေး ရန် ညှိသည်။ ပြေလည်မှုရခဲ့သည်။

■ ■ ■

သမီးငယ်ကို ပွေ့ချီ၍ ပြောင်းရွှေ့ ရသည့်ကားပေါ်သို့ မှုယာမိုး တက်လိုက် သည်။ နောက်ဆုံးအနေဖြင့် သူဆင်း လာခဲ့သည့် အိမ်ကြီးကို ပြန်၍ကြည့်မိ သည်။

တစ်ချိန်က···

သည်အိမ်သည် သူမ၏ ပန်းသီး တစ်လုံး၊ ပျားရည်တစ်စက်၊ အိပ်မက် တစ်ခု ဖြစ်ခဲ့သည်။

သည်အိမ်သည်သာ သူမ၏နိဗ္ဗာန် တည်း။

ခုတော့···

သည်အိမ်သည် ရက်စက်ခြင်း၊ ယုတ်မာခြင်း၊ လောင်မြိုက်ခြင်းတို့၏ မျှော်စင်ရာတည်း။

သည်အိမ်သည်ကား···တချွေ ချောင်ကြီးနှယ် ကြောက်မက်ဖွယ် အကျည်းတန်၍နေသည်။

ဇာတ်ထုပ်ထဲမှာတော့ "ကိုဒါသ" က မြွေကိုက်၍သေသည်။ မှုယာမိုး ယုံကြည်အားကိုးခဲ့သည့် မစ္စတာစော ဂျွန်ဆင်ကတော့ မည်သည့်ကမ္ဘာ၊ မည် သည့်မြေမှုရာပေါ်တွင် အိပ်ပျော်နေသည် မသိတော့။ သူမ၏ အမြင်အာရုံတွင် စောဂျွန်ဆင်က လက်ဝှေ့ယမ်းနှုတ် ဆက်ခဲ့သည့် ပုံရိပ်ကို မြင်နေသည်။

"ဘိုင့်ဘိုင်"တဲ့။ တစ်နည်းအားဖြင့် တော့ တာ့တာပေါ့။

မျက်လုံးအိမ်၌ မျက်ရည်တို့ ဝေ့ဝဲ နေသည်။ မိမိသွားရမည့်လမ်း၏ တူရူ သို့ ကြည့်မိသည်။ ပြင်းသောနေပူရှိန်၏ အောက်တွင် တံလျှပ်တို့ တရိပ်ရိပ်ထ နေသည်။ ငရဲနယ်ပါတကား။

သည်တစ်ခါတော့ လမ်းမှားပါနဲ့ တော့ မပဒါရယ်ဟု မှုယာမိုး ကိုယ့်ကိုယ် ကို ပြောမိသည်။ ရှေ့ခပ်လှမ်းလှမ်းဆီ မှ သီချင်းသံတစ်ခုက ခပ်ဝေ့ဝေ့လေး ပျံ့လွင့်နေသည်။

"မှုယာမိုးတွေ ရင်မှာစွဲသွားပြီ၊ မာယာမိုးတွေ ရင်မှာစွဲ သွားပြီ။ တသွင် သွင်စီးကာနေတဲ့ စမ်းချောင်းနဲ့ နှလုံး သားငယ်လေး မျောလွင့်သွားပြီ··· ပျို့ပျို့မေရဲ့···"

မှုယာမိုး အံကိုကြိတ်မိသည်။ စိန် ခေါ်မှုဆိုတာတွေကတော့ ရှိလာဦးမှာပဲ ဆိုသည့် အသိက ခေါင်းထဲသို့ ဝင်လာ သည်။ လက်က သမီးငယ်ကို တိုး၍ ဖက်လိုက်မိသည်။

တင်ဝင်းလှ


အနုသိပ္ပံစွမ်းအားပြဒါးရှင်
အဆောင်ဓာတ်လုံး
ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါင်း ပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြား လာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလို အပ်သော ဝိယ-လာဘ-ဓနု-ပညာ စသည်တို့ အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်း စည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ် လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်း ကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင် ထားခြင်းအားဖြင့်···

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝိယ+ဓနု၊ လာဘ၊ ပညာရေး စသည် တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ် နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထား ခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်း ပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ တမေးပွဲမြေခို၊ လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်း ကျိုးမင်္ဂလာ အမြောက်အမြားနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလို ရှိပါက···

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀ ၂၂၃၃၀




www.burmeseclassic.com

www.burmeseclassic.com

# မွေးနေ့လက်ဆောင်

ဖြိုးဖြိုးမြင့်ဖေး

မနက် ၅ နာရီခွဲဆိုလျှင် ကျွန်ုပ်သည် ဘုရားခန်းထဲသို့ ကိုယ်လက်သန့်စင်ပြီး ရောက်နေတတ်၏။ အောင်မြင်ပြည့်စေ လာဘ်မိုးရွာဆိုသော ရုပ်ပွားတော်ကြီးနှင့်တကွ မိမိ၏ သာယာရွှေပြည် စာတ်ခန်းအတွင်း သီတင်းသုံးနေသော မြတ်စွာဘုရားရုပ်ပွားတော်များ။ ရှင်သီဝလိရဟန္တာ၊ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင် စသည့် ရုပ်တုတော်များကို မျက်နှာသစ်တော်ရေဖြင့် ကိုယ်တိုင်မျက်နှာသစ်ပေးခြင်း၊ ယပ်တောင်ခတ်ခြင်း၊ အလင်းတိုင်ဆက်ခြင်းတို့ကို ပြုလုပ်ရ၏။

ထိုကဲ့သို့ ပြုလုပ်နေစဉ်အတွင်း အိမ်တွင် အတူနေသော မိုးမိုးဆိုသော မိန်းကလေးက အငွေ့တထောင်းထောင်းဖြင့် ယာဂုဆွမ်းများကို ပန်းကန်လုံးများတွင်ထည့်၍ သယ်ဆောင်လာပြီး သူ့နေရာနှင့်သူ နေရာချနေ၏။ ကျွန်ုပ်လည်း သောက်တော်ရေခွက်များကို အသစ်လဲလှယ်ရ၏။

ကျွန်ုပ်တို့၏ ဘုရားခန်းတွင် သောက်တော်ရေခွက်ပေါင်း ၂၉ ခွက်ရှိ၏။ ဆီမီးအလင်းတိုင် ပူဇော်သည့်နေရာ ၁၉ နေရာရှိ၏။ ပန်းအိုးပေါင်း ၁၀ အိုးရှိ၏။

ထို့နောက် ကျွန်ုပ်သည် စွန့်ထားသော သောက်တော်ရေများကို ငွေဖလားတွင်ထည့်၍ ဒိဗ္ဗတပတိ အစချီသော ဘုဗ္ဗမင်္ဂလာ ဂါထာတော်ကြီးကို ၉ ခေါက်၊ သံဗုဒ္ဓေဂါထာတော်ကြီး ၉ ခေါက်ရွတ်ပြီး အိမ်တွင်အသုံးပြုသော မော်တော်ကားများ၏ မီးလုံးများ ရှေ့ယ်များကို လူများမျက်နှာသစ်သလို သစ်ရ၏။

ထို့နောက် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို မီးပူဇော်ခြင်း၊ ရေငန်ပိုင်ဦးရှင်ကြီးကို အလင်းတိုင်ပူဇော်ခြင်း၊ အမေနံ့ကရိုင်းမယ်တော်ကို အလင်းတိုင်ဖြင့် ပူဇော်ခြင်းများ ပြုလုပ်ရပြန်၏။

ထို့နောက် ဘုရားခန်းအတွင်းသို့ ပြန်ဝင်၍ ဘုရားပင့်ခြင်း၊ နတ်ပင့်ခြင်း၊ ဩကာသအစချီသော ဘုရားရှိခိုးနှင့် အာဇီဝဋ္ဌမကသီလ ဆောက်တည်ခြင်း၊ ဘုရားနှင့်တကွ အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်တွင် သီတင်းသုံးလျက်ရှိသော ရဟန္တာကြီးလေးပါးအား ယာဂုဆွမ်းများ ကပ်လှူခြင်း၊ မင်္ဂလသုတ်၊ မောရသုတ်၊ မေတ္တသုတ်များ ရွတ်ခြင်းတို့ကို အစီအစဉ်အတိုင်း ဗျာန်ကရိုဏ်းကျနစွာ ရွတ်ဆိုပြီး ဝေနေယျသတ္တဝါအများအား မေတ္တာပို့ခြင်းတို့ကို နံနက် ၇ နာရီခန့်အထိ ပြုလုပ်လေ့ရှိ၏။

ကျွန်ုပ်တို့ ကပ်လှူရသော အရုဏ်ဆွမ်း ယာဂုမှာ ပေါ်ဆန်းမွှေးဆန်ကို နွားနို့၊ ထောပတ်၊ ပျားရည်တို့ဖြင့် ရောကျိုထားသော ယဂုနာနို့ဆွမ်းဖြစ်၏။

နံနက် ၆ နာရီထိုးသည်နှင့် ကျွန်ုပ်ဇနီး သားတို့သည်လည်း ၎င်းတို့ ဝေယျာဝစ္စပြီးသည်နှင့် ဘုရားခန်းသို့ အသီးသီး ကန်တော့ခြင်း၊ ဆွမ်းတော်ကပ်ခြင်းများ ပြုလုပ်ကြ၏။ ထိုကဲ့သို့ ဘုရားဝေယျာဝစ္စများ ပြီးသည်နှင့် ကျွန်ုပ်တို့အိမ်နှင့် မနီးမဝေးတွင်ရှိသော သပြေရိပ်ဆိုသည့် လက်ဖက်ရည်ဆိုင်သို့ မိသားစုအလိုက် သွားကြတော့၏။ ထိုကဲ့သို့ သွားရာတွင်လည်း ကျွန်ုပ်တို့၏ သမီးလေးများကဲ့သို့ ရင်းနှီးနေသော ခွေခွေသက်ဆိုသော မိန်းကလေးသည်လည်းကောင်း၊ သရဖီဆိုသော မိန်းကလေးသည်လည်းကောင်း၊ တစ်ဦးစီတော့ ပါစမြဲဖြစ်လေ၏။ ထိုသပြေရိပ်သို့ရောက်လျှင် ကျွန်ုပ်တို့ တစ်မိသားစုလုံးသည် ဝါတွင်းကာလ သက်သတ်လွတ်စားလေ့ရှိသဖြင့် သက်သတ်လွတ်အသုပ်၊ တို့ရှည်၊ ပူရီ စသည်တို့သာ မှာယူစားသောက်ကြကုန်၏။ နေရာတကျထိုင်ပြီးသည်နှင့်...

"အဖေ့မွေးနေ့ ရောက်တော့မယ်နော်။ အဖေ ဘာကျွေးမှာလဲ" ဟု သားကြီးအောင်ကောင်းကျော်ကမေးရာ သားငယ် စိုးရန်အောင်က...


"ထောပတ်ထမင်းပဲလား" ဟု ပြန်မေးလေ၏။

ကျွန်ုပ် "နေဦးကွ၊ ဒီနှစ်က ဘာကျွေးရမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



င်းအမေကို မေးရဦးမှာ။ မောင့်မွေးနေ့မှာ ဒီနှစ် ဘာကျွေး မှာလဲ" ဟု တစ်ဆက်တည်း ကျွန်ုပ်ဇနီးအား မေးလိုက်ရာ ကျွန်ုပ်ဇနီးက...

"မောင်က ဒီနှစ် ၆-၇-၁ ရောက်ပြီဆိုတော့ အုန်း ထမင်းနဲ့ အသားတစ်မျိုးကျွေးပေါ့" ဟု သူတို့ ဗေဒင်ဝေါဟာရ ဖြင့် ပြောပြီး ညွှန်ကြား၏။ ထိုအခါ သားကြီးက...

"ဒါဆို အမေ ခါတိုင်းမှာနေကျ နေရာမှာပဲ မှာမှာ လား" ဟု မေးရာ ကျွန်ုပ်က...

"အေးလေ၊ အဲဒီမှာပဲ မှာရမှာပေါ့" ဟု ပြောလိုက်၏။ ကျွန်ုပ်တို့သည် အလျှုလုပ်လေတိုင်း မြေနီကုန်းမှ ရွှေပြည်စိုး ခေါ်သော ဓာတပတ်ထမင်းချက်သည့် နေရာက မှာလေ့ရှိ၏။

ထို့နောက် ကျွန်ုပ်ကပင် ဆက်ပြီး...

"အဲဒီနေ့ကျရင် ဘာတွေလှူရဦးမှာလဲ" ဟု မေးလိုက် ရာ ကျွန်ုပ်ခေါ်ဇနီးက...

"ကဲ...စားမှာပဲ စားစမ်းပါ။ နှစ်တိုင်းလည်း ဒီကမိန်းမ ပဲ တွက်ချက်ပေးနေတာပဲ အိမ်ရောက်မှ ပြောမယ်"

ဟု ပြောလိုက်လေတော့၏။ ကျွန်ုပ်တို့လည်း စား သောက်ပြီးသည်နှင့် ထိုနေ့နံနက်က အင်းစိန်ဈေးသို့သွားကာ ဘုရားပန်းများဝယ်ပြီး ပြန်လာကြလေတော့၏။

"ဒီလို မောင်ရဲ့ မွေးနေ့ဆိုတာ ခပ်ပေါ့ပေါ့တွေးပြီး မွေးနေ့ကိတ်လှီး၊ ဟက်ပီးဘက်ဒေးဆိုရုံနဲ့တော့ မပြီးဘူး။ အမှန်က သက်တို့ ဗုဒ္ဓဘာသာ မြန်မာတွေအဖို့က မွေးခြင်း ဟာ မင်္ဂလာယူရတဲ့နေ့ပဲ။ လူသားတစ်ယောက် မြေပြင်ပေါ် မှာ ထွန်းတောက်လာတယ်ဆိုတာ တော်ရုံကုသိုလ်မျိုးမှ မရဟာ။ အဲဒီတော့ မွေးနေ့ဆိုတာ အဓိပ္ပာယ်ရှိရှိ၊ မင်္ဂလာရှိရှိ ဆောင်ရွက်ရတယ်။ ဥပမာ...သက်တို့၊ မောင်တို့ စတင်မွေး တဲ့အခါမှာ မင်္ဂလာဆယ့်နှစ်ပါးအညီ ပြုရရတယ်လို့ ရှေးပညာ ရှိတွေက ဆိုထားတယ် မဟုတ်လား။ ဆံပယ်တာတောင် ဘယ်နေ့၊ နေလပြတာတောင် ဘယ်နေ့ဆိုတာ ရှိခဲ့တယ်လေ။ အဲဒီလိုပဲ မွေးဖွားလာပြီး အသက်တွေ တစ်နှစ်ပြီးတစ်နှစ် တိုးတဲ့အခါမှာလည်း မွေးနေ့တွေမှာ မင်္ဂလာရှိစွာနဲ့ ပြုလုပ် ပေးရင် အဲဒီနှစ်တစ်နှစ်လုံးမှာ အခိုက်အသွဲ့တွေ လျော့နည်း စေတာပေါ့။ ဥပမာပေါ့ မောင်ရယ်၊ ဒီနှစ်ဟာ မောင့်အသက် က ၅၂ နှစ်ပြည့်လို့ ၅၃ နှစ်ထဲကို ရောက်ပြီပေါ့။ အဲ့ဒီတော့ သက်တို့ ဗေဒင်ဝေါဟာရဆိုရင် စနေသက်ရောက် အဟော မှာဆိုရင် ကောင်းတာ တစ်ခုမှမပါဘူး"

**မှတ်ချက်** ။ ။ ၎င်းအဟောများသည် ဆရာကြီး မင်းသိင်္ခ၏ ဘဝတစ်သက်တာ ဟောစတမ်းစာအုပ်ထဲတွင် ဖော်ပြထားပါသည်။

အဲဒီတော့ ဗေဒင်ဟောကိန်းဆိုတာ ဖော်မြူလာတစ်ခု လိုပဲ မှတ်ထားပေါ့မောင်ရယ်။ သက်တို့မောင်တို့ရဲ့ အတန်း စာတွေ သင်ခဲ့တဲ့အထဲမှာ ၁ နဲ့ ၁ ပေါင်း ၂ ရတယ်ဆိုခဲ့ တယ်မဟုတ်လား။ အဲဒီတော့ ၂ မဖြစ်ချင်ရင် ၁ နဲ့ ၁ မပေါင်းနဲ့ပေါ့။ အဲဒီတော့ ဘယ်လောက်ဆိုးနေဆိုးနေ လူက မလုပ်ရင် မဖြစ်ဘူးပေါ့။ နောက်ပြီး မကောင်းမှုမဖြစ်ဖို့ ကောင်း မှုများများ လုပ်ပေးရမှာပေါ့"

ဟု ရှည်လျားထွေပြားသော စကားများပြောလိုက်၏၊ လက်ဖက်စားလိုက်နှင့် ကျွန်ုပ်ခေါ်ဇနီးက ရှင်းပြနေ၏။ ထိုအခါ

www.burmeseclassic.com

ကျွန်ုပ်က စိတ်မရှည်သောလေသံနှင့်...

"ကဲပါ...မောင့်မွေးနေ့မှာ ဘာတွေလှူလို့ ဘာတွေ လုပ်ရမလဲ"

ဟု မေးလိုက်ရာ ကျွန်ုပ်ဇနီးက မျက်နက်ကလေး ထောင့်ကပ်ပြီး "မပြောဘူး"ဟု နှုတ်ခမ်းစူပြီး ပြောတော့၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်ကို စိတ်ခုသွားပြီဆိုတာ သိလိုက်ပြီး စပ်ဖြဲဖြဲ မျက်နှာနှင့်ပင်...

"ကဲပါ မိန်းမရာ၊ ပြောပါ။ မိန်းမက တတ်ပြီးသားပဲ ဟာ။ မိန်းမ မပြောရင် မောင် ဘယ်သူ့ကို မေးရမလဲ"

ဟု ချော့လိုက်မှ -

"ဒီက အကောင်းပြောနေရင် ဘယ်တော့မှ ဆုံး အောင်နားမထောင်ဘူး။ နောက်ပြီး သူများပြောရင် ဝင်ပါ တတ်သေးတယ်။ ကဲပါ...လိုက်မှတ်"

ဟု ပြောလိုက်၍ ကျွန်ုပ်လည်း စာရွက်နှင့် ဘောပင် ယူပြီး မှတ်ရပြန်တော့၏။ သူက ဆက်ပြီး...

"မောင့်ရဲ့ အသက်ကိုတည်"ဟု ပြောလိုက်၏။ ကျွန်ုပ်ကလည်း "တည်ပြီးပြီ"ဟု ပြောပြီး ၅၃ ဂဏန်းကို ရေးလိုက်၏။ သူက "လေးနဲ့မြှောက်"ဟု ပြောလိုက်ရာ ကျွန်ုပ်ကလည်း "မြှောက်ပြီးပြီ"ဟု ပြောပြီး ၅၃ × ၄ = ကို ရေးရပြန်၏။

သူက "အဲဒီအဖြေ ဘယ်လောက်ရမလဲ"ဟု မေးရာ ကျွန်ုပ်က "၂၁၂ ရတယ်"ဟု ဖြေရပြန်၏။ သူက "အဲဒီ ၂၁၂ ကို တံခွန်လုံးအဖြူဝယ်"ဟု ပြော၏။ ကျွန်ုပ်က...

"အဲဒါဝယ်ပြီးရင်ကော"ဟု မေးရပြန်၏။ သူက -

"အဲဒီ ၂၁၂ ကို ၃ နဲ့မြှောက်၊ ရတဲ့အဖြေကို ၉ နဲ့ မြှောက်ဟု ပြောပြန်၏။

ကျွန်ုပ်လည်း စာရွက်ပေါ်တွင် ၂၁၂ × ၃ = ဟု လည်းကောင်း ရသည့်အဖြေကို ၉ ဖြင့်လည်းကောင်း မြှောက် ရ ပြန်၏။ မြှောက်ပြီးသောအခါ သူ့ကို မြှောက်ပြီးကြောင်း ပြောရပြန်၏။ သူက...

"၃ နဲ့မြှောက်လို့ ရတဲ့အဖြေကို ပန်းပွင့်လှူ။ ၉ နဲ့ မြှောက်လို့ရတဲ့အဖြေကို ပေါက်ပေါက်လှူ"

ဟု ပြော၏။ ကျွန်ုပ်က...

"ပန်းတွေ အများကြီး ဘယ်လိုလှူမလဲ"ဟု မေးရာ သူက...

"စပယ်ပန်းတွေကို မသီတဲ့နဲ့ အပွင့်လိုက် အပွင့်ရေ ပြီး လှူပေါ့"ဟု ပြောလိုက်၏။

ကျွန်ုပ်လည်း မွေးနေ့မရောက်ခင် တစ်ရက်တွင် ရွှေတိဂုံဘုရား၏ အရှေ့ဘက်မုခ် ဗဟန်းဈေးရှေ့ တိုက်တန်းမှ မြင့်မြတ်ဆိုသော ဆိုင်မှ တံခွန်လုံး ၂၁၂ လုံး ဝယ်ရ၏။

စပယ်ပန်းကို အိမ်တွင် အမြဲလာပို့သော ပန်းသည်ထံ မှ အကုံးမသီခင် အပွင့်ရေဖြင့် ၆၃၆ ပွင့် ရေပြီး ဝယ်ရ၏။

ပေါက်ပေါက်များကို သရဖီနှင့် ဆွေဆွေသက်တို့က အပွင့်ရေ ၅၇၂၄ ပွင့်ကို ရေပေး၏။

ကျွန်ုပ်တို့မိသားစုလည်း ကျွန်ုပ်မွေးနေ့ ၉-၈-၂၀၀၅ နေ့ မနက်တွင် ရွှေတိဂုံဘုရားကြီးပေါ်သို့တက်ပြီး တံခွန်လုံး များ၊ စပယ်ပန်းများ၊ ပေါက်ပေါက်များကို ဗုဒ္ဓဟူးထောင့်တွင် လှူရ၏။ ထို့နောက် ဂေါပကအဖွဲ့ရုံးသို့ သွားကာ အလှူငွေ များ လှူဒါန်းပြီး နံနက်စာစားကာ ပြန်လာခဲ့ကြလေတော့၏။

မှတ်ချက် ။ ။ မွေးနေ့ရောက်သည့်နေ့တွင် များသောအားဖြင့် ဘုရားသွားသည်ဟူသော အကြောင်း အရာတွင် ပန်း၊ ရေချမ်း၊ ဆီမီးကို သက်စေ့လှူပြီး ပြန်လာကြသူများသာ ဖြစ်၏။ အထက်ပါ ကျွန်ုပ်တို့ပြု လုပ်သော ယတြာမှာ မွေးနေ့ရောက်လေတိုင်း ပြုလုပ်နေ ကျ အသက်ဆက် ယတြာဖြစ်၏။ မိမိတို့မိသားစုသည် မိသားစုလုံး ပြုလုပ်ကြ၏။ သားကြီး သားငယ်မှာ ဖေဖော် ဝါရီလ၊ မိမိဇနီးမှာ ဇူလိုင်လ၊ မိမိမှာ ဩဂုတ်လ အစဉ် လိုက် ပြုလုပ်ကြ၏။ ထိုကဲ့သို့ မွေးနေ့တိုင်း ဤယတြာကို ပြုလုပ်ပါက အသက်ရှည်၍ အနာမဲ့၏။ ကျန်းမာခြင်း၊ ဘေးဆိုးများ မကျရောက်နိုင်ခြင်း၊ အများသူငါ ချစ်ခင် ခြင်း၊ စီးပွားလာဘ်လာဘ ကောင်းခြင်းတို့မှာ မိမိ၏ ကိုယ်တွေ့ဖြစ်သည့်အပြင် တစ်မိသားစုလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာနေရခြင်း ဖြစ်ခြင်းကြောင့် ရောင်ပြန် ပရိသတ်အား မိမိမွေးနေ့လက်ဆောင်အဖြစ် ပေးအပ် လိုက်ရပါသည်။

မောင်မောင်မြင့်အေး



www.burmeseclassic.com

www.burmeseclassic.com

မောင်ယံဦးမွန်
ဓာတ်နေခြည် ■ ပုံ

# သာယာဒေဝီနှင့် ကျောက်စိမ်းရုပ်အရုပ်လေးပုံ [၅]

(ယခင်လမှအဆက်)



www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့်

# ကျောက်စိမ်းရုပ် အရှုပ်တော်ပုံ(၅)

မောင်ယဉ်မွန်(မော်ဝနေခြည်)

(ယခင် လ မှ အဆက်)

ဂူ၏အလယ်တွင် တောင်နှင့်မြောက် ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းလေးရှိသည်။ စမ်းချောင်းရေသည် ဆူပွက်နေသော ရေနွေးအိုးကြီးတစ်လုံးပမာ အငွေ့များ ထောင်းထောင်းထ၍နေသည်။ စမ်းချောင်း၏ အရှေ့ဘက်ခြမ်းတွင် ရွှေရောင်တဝင်းဝင်းနှင့် ရွှေစေတီငယ်တစ်ဆူရှိသည်။ ထိုရွှေစေတီအနီးတွင် ရွှေရောင်ဝင်းအိနေသော သလွန်တော်တစ်ခု တွေ့ရသည်။ မာယာဒေဝီ ဘယ်မှာလဲဟု ရှာကြည့်သည် မမြင်ရပေ။

သုဇိလ ကြည့်နေခိုက် ဘွားခနဲ ရေများ မြောက်တက်လာပြီး မာယာဒေဝီ ပေါ်လာတော့သည်။

"သုဇိလ လာ ရေချိုးကြမယ်"

ဟု မာယာဒေဝီက ခေါ်သည်။

သုဇိလ တုတ်တုတ်မျှ မလှုပ်ရဲပေ။ အကြောင်းမှာ မာယာဒေဝီသည် ကံကောင်းလျှင် ဘုရင်ကတော် မိဖုရားကြီး ဖြစ်လာနိုင်သူဖြစ်သည်။ သူနှင့်အတူရေချိုး၍ မသင့်တော်ဟု ယူဆမိသည်။

နောက်တစ်ချက်က မာယာဒေဝီသည် သူ့အား ငယ်စဉ်ကပင် အမြဲအနိုင်ယူတတ်သူတစ်ဦးဖြစ်သည်။ မာယာဒေဝီ မိမိအပေါ် ဘယ်၍ဘယ်မျှ အနိုင်ယူစေကာမူ သုဇိလကတော့ မာယာဒေဝီအား တိတ်တခိုး ချစ်မြတ်နိုးနေခဲ့ရသူလည်း ဖြစ်သည်။

သို့သော် ဒီအချိန်တွင် စိတ်အလိုလိုက်မိပါက ပြုပြင်၍မရသော အမှားများ ဖြစ်လာနိုင်သည်။ ထို့ကြောင့် သုဇိလ ရှေ့သို့မတိုးရဲပေ။

မာယာဒေဝီ ရေချိုးပြီး သလွန်တော်ပေါ်မှ အဝတ်များ ပြန်လည်ဝတ်ဆင်သည်။ ပြီးမှ သုဇိလဘက် လှည့်၍. . .

"သုဇိလ လာခဲ့ ငါ နင့်ကို ပြောစရာရှိတယ်"

ဟု ခေါ်ပြန်သည်။

သုဇိလသည် နွေးထွေးသော ခြေလှမ်းများဖြင့် စမ်းချောင်းကလေးအား ဖြတ်ကျော်လျက် မာယာဒေဝီ အနီးသို့ သွားရသည်။

"ထိုင် ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com

မာယာဒေဝီသည် သလွန်တော်ပေါ်တွင် ခြေနှစ်ချောင်း တွဲလောင်းချ ထိုင်နေရာ သူမနံဘေးတွင် သုဇိလအား ထိုင်ခွင့်ပေးလိုက်သည်။ သုဇိလ ဟိုငေး ဒီငေးလုပ်ပြီး မာယာဒေဝီအနီးတွင် မရဲတရဲနှင့် ထိုင်သည်။

"သုဇိလ. . ဒီသလွန်တော်၊ ဟိုရွှေစေတီရယ်၊ အပေါ်က ပန်းဆွဲတွေရယ်အားလုံးဟာ ရွှေသားအစစ်တွေဖြစ်တယ်၊ တို့ ဒါတွေ ဆင်နဲ့ သယ်ပြီး တိဘက်သွားကြရအောင်"

"မဟုတ်တာ မပြောပါနဲ့ မာယာရယ်၊ ဓဇရာဇာ သိသွားရင် စိတ်ဆိုးနေမှာပေါ့"

"သုဇိလ. . သူ့အကြောင်း ငါ မကြားချင်ဘူး၊ ဒင်းလုပ်လို့ ငါ့ရဲ့ ရည်ရွယ်ချက်တွေအားလုံး ပျက်ခဲ့ရပြီ၊ငါ့မှာတော့ တကောင်း တစ်တိုင်း တစ်ပြည်လုံး စည်းရုံးခဲ့ရတယ်၊ ဒင်းကတော့ ဘာမဟုတ်တဲ့ မုဆိုးမ မိဖုရားနဲ့ ပျော်လို့ပါးလို့"

မာယာဒေဝီ ငိုနေပြန်သည်။ ချစ်သူပစ်မလေး မာယာဒေဝီကို ကြည့်၍ သုဇိလ ဘာလုပ်လို့ ဘာကိုင်ရမည်မသိ ဖြစ်ရသည်။

"မာယာ. . . ငါက အန္တရာယ် တစ်ခုခု ဖြစ်လာမှာ ကြောက်လို့ပြောတာပါ၊ နောက်ပြီး ဓဇရာဇာရဲ့ သဘောထားကလည်း နင်ထင်သလို ဟုတ်ချင်မှ ဟုတ်မှာပါ"

"တော်တော့ သုဇိလ၊ ငါ ဒီရွှေတွေယူပြီး တိဘက်ကိုသွားမယ်၊ နင် မလိုက်ဘူးလား လိုက်မှာလား ဒါပဲပြော"

သုဇိလ ဘာမှ မပြောတတ်ပါ။ သူ့ဘဝသည် ထိုမျှကြမ်းတမ်းခက်ထန်မည်ဟုလည်း သုဇိလ တစ်ခါမှ ပင် မတွေးဖူးခဲ့ပေ။ ရွှေနန်းတွင်း မွေး၍ ရွှေနန်းတွင်းမှာ ကြီးပြင်းခဲ့ရာမှ တိုင်းပြည်ပျက်၍ ပြေးခဲ့ရသည်။ ကံကောင်းထောက်မ၍ သူတို့ခေါင်းဆောင် ဓဇရာဇာမှာ တကောင်းတိုင်းသားတို့၏ ခေါင်းဆောင်မင်းလောင်း ဖြစ်လာသည်။ ထိုမင်းလောင်းကို ချုပ်ကိုင်၍ တကောင်း မိဖုရားဟောင်းက မိဖုရားအရာ ဆက်ခံနိုင်ရန် ကြိုးစားပြန်သည်။ တကောင်းမိဖုရားဟောင်း ဆက်လက်၍ မိဖုရားအရာ ဆက်ခံပါက မာယာဒေဝီအတွက် နေရာမရှိတော့ပြီ။

သုဇိလ မာယာဒေဝီမင်းသမီးအပေါ် သံယောဇဉ်ရှိသည်။ မာယာဒေဝီက ဓဇရာဇာကို ချစ်နေမှန်း သိပင်သိလျက် သုဇိလ မာယာဒေဝီ၏ အချစ်ကို မျှော်လင့်ခဲ့သည်။

"သုဇိလ. . . နင် ငါ့ကို ချစ်နေတယ်မို့လား"

မမျှော်လင့်သောစကား မာယာဒေဝီထံမှ ကြားလိုက်ရသဖြင့် သုဇိလ ရှက်ကိုးရှက်ကန်းဖြစ်ကာ ဘာပြန်ပြောရမည်မသိ ဖြစ်ရပြန်သည်။

"တိဘက်ကို သွားရင် ငါ တစ်ယောက်တည်း ဘယ်ဖြစ်မှာလဲ၊ ဒီတော့ နင်ပါလိုက်မှဖြစ်မယ်၊ နင် ငါ့ကို တကယ်မကြိုက်တောင်မှ ဟန်ဆောင်ကြင်ယာတော်အဖြစ်တော့ နေပေးပါလား သုဇိလရယ်"

ဟု ဆိုကာ သုဇိလ၏ ပခုံးကို အသာကိုင်၍ ဆွဲလိုက်ရာ မသိမ်းမိကယိမ်းချင်နေသော သုဇိလ မာယာဒေဝီ၏ ရင်ခွင်တွင်းသို့ သက်ဆင်းသွားတော့သည်။

◆

"ဘဘ သားရဲ့မာယာဒေဝီ ပန်းပုရုပ်တုလေး မတွေ့တော့ဘူး"

"အထားများမှားသလား ရှာပါဦး နန္ဒရယ်"

"အထားမမှားပါဘူး၊ သားရဲ့ ခေါင်းရင်းမှာ ထားတာပါ"

"သားရဲ့မယ်တော်ရုပ်လည်း မရှိတော့ဘူး ဘဘ"

ဟု ကျော်စွာကပါ ဆိုလာပြန်သည်။

ထိုအချိန်တွင် ငှက်ပျောခိုင်ကြီး ထမ်းလျက် သုန္ဒရ ပြန်ရောက်လာသည်။ သုန္ဒရ၏ နောက်မှာတော့ ကလေးတစ်သိုက် ပါလာသည်။ ကလေးများ လက်တွင်းမှာလည်း သရက်သီး၊ ပိန္နဲသီး၊ မာလကာသီး၊ ဩဇာသီး၊ သတွတ်သီး၊ သဖန်းသီး၊ ဆီးဖြူသီး စသော တောတွင်းမှာ ရှာဖွေရရှိလာသော သစ်သီးမျိုးစုံ ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျော်စွာ ဘာဖြစ်နေကြတာ ည်"

ဟု သုန္ဒရက မေးသည်။

"သားတို့ရဲ့ ကျောက်စိမ်းပန်းပု ရုပ်တွေ မရှိတော့ဘူး ဦးသုန်"

"မင်းတို့ အထားမမှားကြဘူး လား"

"သားတို့ခေါင်းရင်းမှာ အမြဲ ထားကြတာပါ၊ ဘာမှအထားမှား ရော မရှိပါဘူး"

"သုဇိလ မင်း ယူထားသလား၊ ယူထားရင် ပြန်ပေးလိုက်ပါ"

သုန္ဒရက သုဇိလကို ကြည့်၍ ပြောလိုက်သည်။

"ကျုပ် မယူပါဘူး သုန္ဒရ"

"ဒါဆို ဘယ်သူ ယူမှာလဲ၊ ကိုမာယာဒေဝီကော ဘယ်သွားပြီ လဲ၊ သူ့ကိုလည်း မေးကြည့်ရမယ်"

သုဇိလ စိတ်ပူရတော့သည်။ မာယာဒေဝီသည် မကြာမီရက်ကပင် တိဘက်သို့ ထွက်သွားကြရန် သူ့ကို အဖော်ခေါ်နေသည်။ အကယ်၍ များ ကျောက်စိမ်းပန်းပုရုပ်များကို မာယာဒေဝီ ယူ၍ တိဘက်များကို ပြသလိုက်ပါက အားလုံး အခက် တွေ့ရပေတော့မည်။

"ကျုပ် မာယာဒေဝီကို လိုက်ရှာ ခဲ့ပါမယ်"

ဟု ဆိုကာ သုဇိလ ထိုင်ရာမှ ထလိုက်သည်။ မာယာဒေဝီ၏ဂူဝ တွင် စစ်ဆေးကြည့်ရာ လေးနှင့် မြား တွေ့ရသဖြင့် ဆွဲယူလိုက်သည်။

သုဇိလ မြင်းပေါ်တက်၍ မာယာဒေဝီ၏ ရတနာ ရွှေတွေရှိ သော ဇော်ပါဂူရှိရာသို့ ထွက်ခဲ့သည်။ သို့သော် ဂူဝတွင် မာယာဒေဝီ၏ စီးတော်မြင်းကြီး မရှိသဖြင့် တောင် အရပ်သို့ ခရီးဆက်ခဲ့ရသည်။

လမ်းက မည်မည်ရရ မရှိ။ တစ်တောင်တက် တစ်တောင်ဆင်း ဖြင့်သာ လာခဲ့ရသည်။ အတက် အဆင်း များသဖြင့် မြင်းကြီး မော လာသောအခါ ဝေခါချောင်းအတိုင်း အထက်သို့ ဆန်တက်သည်။

ဝေခါချောင်း၏ ထူးခြားချက် မှာ အခြားသော ချောင်းများကဲ့သို့ မြောက်အရပ်မှ တောင်အရပ်သို့ စီး ဆင်းနေသောချောင်း မဟုတ်ပေ။ တောင်မှ မြောက်သို့ ပြောင်းပြန်စီး ဆင်း၍နေသော ချောင်းငယ်တစ်ခု ဖြစ်သည်။

ဝေခါချောင်းရေသည် နွေအခါ တွင် ရေနည်းသည် စီးရေမှာ ဒူး ခေါင်းသို့ပင် မရောက်ပေ။ သို့သော် မိုးအခါများမှာတော့ ကမ်းပြည့်ကမ်း လျှံ ရေစီးသန်သည်။ ချောင်းမှာ သဲချောင်းဖြစ်၍ မြင်းကြီး သွားရ သည်မှာ သက်သာလွယ်ကူသည်။ နွံ မရှိ၊ ဗွက်မရှိပေ။

ချောင်းကမ်းဘေး ဝဲ/ယာမှာ တော့ သစ်ပင်ဝါးပင်များ အုပ်မိုးကျ နေသည်။ တစ်နေရာအရောက်တွင် ချောင်း၏ ဘယ်ဘက်ကမ်းသို့ တက် သွားသော မြင်းခြေရာ တွေ့သဖြင့်

သုဇိလ ထိုမြင်းခွာရာနောက် လိုက် သည်။

သုဇိလ အတော်ခရီးပေါက် သော် ငွေရောင် တဖိတ်ဖိတ်လက် နေသော ရေကန်ကြီးကို မြင်လိုက်ရ သည်။ ကမ်းစပ်အထိ သွားရောက် ကြည့်ရာတွင် ရေသောက်ဆင်းထား သော မြင်းခွာရာ တွေ့ရပြန်သည်။ မာယာဒေဝီ၏ မြင်းကြီးဖြစ်ရမည်ဟု လည်း အပိုင်တွက်လိုက်သည်။

သုဇိလလည်း သူ၏ မြင်းကြီး အား ရေတိုက်ပြီး ခေတ္တအနားပေး ရင်း သစ်ပင်တစ်ပင်ပေါ်သို့တက်၍ ရေကန်ကမ်းစပ်တစ်လျှောက် လှမ်း မျှော်၍ ကြည့်သည်။

တော်တော်ကြီးဝေးသည့်နေရာ တွင် မြင်းများ၊ လားများ၊ စာမရီနွား များ၊ ရိုးရိုးနွားများကို လှမ်းမြင်နေရ သည်။ သုဇိလ သူ၏မြင်းကို ထားခဲ့ ပြီး ခြေလျင် လျှောက်ရပြန်သည်။ ညောင်ပင်ကြီး တစ်ပင်အောက်တွင် တိဘက်များနှင့် စကားပြောနေသော မာယာဒေဝီအား မြင်လိုက်ရသည်။

မာယာဒေဝီက သူမ ယူဆောင် လာသော ကျောက်စိမ်းရုပ်တုနှစ်ခု ကိုထုတ်၍ပြသည်။ တိဘက်ကြီးများ က တစ်ယောက်ပြီး တစ်ယောက် ယူ၍ကြည့်ကြသည်။ လူစုံတက်စုံ ကြည့်ပြီးသည်နှင့် မာယာဒေဝီက သူမ၏ ရုပ်တုနှစ်ခုကိုယူကာ ကတ္တီပါ အိတ်အတွင်း ပြန်၍ထည့်ပြီး နေရာ မှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သုဇိလ သစ်ပင်များ၏ အကွယ် အကာယူ၍ သူ၏ မြင်းကြီးရှိရာသို့ ပြန်ပြေးခဲ့သည်။ မာယာဒေဝီ တောင်တန်းလေးအတိုင်း ထွက်သွားသောအခါ သုဇိလသည်လည်း မြင်းပေါ်တက်၍ နောက်မှလိုက်ရန်ပြင်သည်။ သို့သော် သူ မလိုက်သေး၊ မာယာဒေဝီနောက်မှ နောက်ယောင်ခံကာ တိဗက်များ လိုက်လာနိုင်သဖြင့် သုဇိလ အချိန်ဆွဲနေလိုက်သည်။

မှန်၏။ မာယာဒေဝီ၏ တစ်ခေါ် လောက်အကွာမှာ တိဗက်မြင်းစီးသမားတစ်ဦး လိုက်သွားသည်ကို တွေ့လိုက်ရသည်။ သုဇိလလည်း ထိုမြင်းစီးသမားနောက်မှ လိုက်သည်။

တောင်ထိပ်ရောက်လျှင် မာယာဒေဝီ မြင်းကိုရပ်၍ နောက်သို့ကြည့်သည်။ မာယာဒေဝီ၏ မြင်းကြီး ရပ်လိုက်သည်နှင့် တိဗက်မြင်းစီးသမားကလည်း သစ်ပင်ချုံကွယ်များတွင် ဝင်၍ သူ၏မြင်းကို ရပ်ပေးလိုက်သည်။

သုဇိလသည် လမ်းရိုးအတိုင်း မလိုက်၊ တောင်ခါးပန်းများ ဖြတ်ကျော်၍ ဘေးမှကပ်၍လိုက်သည်။ သုဇိလ ခရီးအတော်ပေါက်မှ မာယာဒေဝီ အနီးကပ်မိလာပြီး လေသံတိုးတိုးနှင့် ပြောသည်။

"မာယာ. . ရှေ့ဆက်သွား . . နောက်မှာ ရန်သူပါတယ်"

မာယာဒေဝီ ခေါင်းညိတ်လျက် ဆက်လက်ထွက်ခွာသွားသည်။ သုဇိလသည် မြင်းကို အသာရပ်လျက် ကျောမှာလွယ်ထားသော လေးနှင့်မြား ဆွဲယူလိုက်သည်။ ရန်သူသည် မာယာဒေဝီ မရိပ်မိရန် မြင်းကို မှန်မှန်စီး၍ တောင်ပေါ်သို့ တက်လာသည်။ သုဇိလသည်လည်း လေးနှင့်မြား ကိုင်လျက် ပစ်ကွင်းကို ချိန်သည်။ နီးလာသည်နှင့် ရန်သူ၏ ရင်ဝသို့ ချိန်ရွယ်လျက် မြားကို လွှတ်လိုက်တော့သည်။

ရန်သူသည် 'အား'ဟု တစ်ချက်အော်လျက် မြင်းကြီးကို နောက်ပြန်လှည့်၍ ပြေးသည်။ သုဇိလ ဘာမှ တွေးမနေ မာယာဒေဝီနောက်သို့သာ မြင်းကိုဒုန်းစိုင်း၍ လိုက်ရသည်။

◆

ဓဇရာဇာသည် တကောင်းရွှေပြည်တော်ကြီးအား ပြန်၍မသိမ်းပိုက်နိုင်သေးသော်လည်း စိန့်တိုင်းသားများ ဧရာဝတီမြစ် အနောက်ဘက်ကမ်းသို့ ကူးမလာနိုင်ရန် စစ်သည်ဗိုလ်ပါများ အလုံးအရင်းနှင့် အစောင့်ချ၍ ထားနိုင်ခဲ့သည်။

မောရတောင်ပေါ်တွင်လည်း မြို့ပြနိုင်ငံ ထူထောင်၍ထားသဖြင့် တောင်ပေါ်ရှိ မြို့သူမြို့သား ရဲမက် စစ်သည်များက တောင်အောက် ဆင်း၍ ဆန်စပါးများ စိုက်ပျိုးကြရသည်။

ခက်သည်က ဆားရှားပါးခြင်းဖြစ်သည်။ ခေတ်မကောင်း၍ ဥက္ကလာပမှ ဆားကုန်သည်များ မလာကြတော့ပေ။ ထို့ကြောင့် တကောင်းတိုင်းပြည့်တွင် ဆားအခက်အခဲ ဖြစ်ကြရသည်။

မြေရှိလျှင်ဆန်စပါး စိုက်ပျိုး၍ ရသည်။ ဆီထွက်သီးနှံ စိုက်ပျိုး၍ရသည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုး၍ ရသည်။ ဟင်းစားအတွက် ကြက်၊ ဘဲ၊ ဝက်၊ သိုး၊ ဆိတ်တို့ မွေးမြူ၍ ရသည်။

သို့သော် ဆားမှာ ထိုကဲ့သို့ စိုက်ပျိုးမွေးမြူ၍ မရပေ။ ထိုအခက်အခဲကို ဖြေရှင်းရန် လေ့သမားကြီးက သူ၏ ရွာသားများပြန်ခေါ်၍ ဆားကျင်း ရှာစေသည်။

ဆားကျင်းရှာရသည်မှာ မလွယ်ကူပေ။ စိမ့်ရေတွင်းများ တူး၍ကြည့်ရသည်။ ရေချိုလျှင် ဆားမထွက်ပေ။ ရေငန်မှ ဆားထွက်သည်။ ထို့ကြောင့် ဟိုတောင် သည်တောင် နေရာအနှံ့တွင်းများလိုက်၍တူးကြရသည်။

လေ့သမားကြီးတို့ ကံကောင်းထောက်မစွာ ရေငန်တွင်း အများအပြား တွေ့ရှိသည်။

ထိုရေတွင်းများအနီးတွင် ဆားပွင့်နေသော မြေများလည်း တွေ့ရှိကြသည်။ ထိုမြေ၊ ထိုရေများကို မြေအိုးကြီးများဖြင့် ဆားချက်ကြရသည်။

သူတို့ချက်သောဆားမှာ အဖြူရောင်ဆားပွင့်များ မဖြစ်၊ အနီရောင်

www.burmeseclassic.com

ဆားခဲများသာ ဖြစ်နေသည်။ ထို ဆားခဲများအား လှော်တွင် တင်လိုက်လျှင် အနည်းငယ် ခါးသည်ကိုလည်း သတိပြုမိကြသည်။

လှေသမားကြီးက သူရရှိသော ဆားများကို မောရတောင်သို့ သယ်ယူ၍ ဓဇရာဇာ ရှေ့တော်မှောက် ဆက်သသည်။ ဓဇရာဇာ အားရတော်မူ၍. . .

"ယနေ့မှစ၍ လှေသမားကြီးသို့ မခေါ်ရ၊ ကပ္ပရာဇာဟု ခေါ်တွင်စေ"

ဟု ဘွဲ့တော်ပေးသနားသည်။ ဆားထွက်သော နေရာများကိုလည်း မော်ရွာများ တည်ခွင့်ပြုသည်။

ကပ္ပရာဇာသည် သူ၏ ရွာသူ၊ ရွာသားများ နေထိုင်ရန် ရွာတစ်ရွာ တည်ထောင်သည်။ ထိုရွာကို 'ကပ္ပ' ရွာဟု ခေါ်သည်။ ကပ္ပရွာသူ၊ ရွာသားများသည် ကပ္ပရာဇာ၏ လမ်းပြမှုဖြင့် ဆားရည်များကို အဝတ်နှင့် အကြိမ်ကြိမ် စစ်ယူကြရသည်။

စစ်ယူ၍ရသော ရေများ အတွင်းသို့ ကျောက်ချဉ်များ ပစ်ထည့်ထားကြရပြီး ရက်အတန်ကြာမှ ဆားချက်ကြရသည်။

ဆားချက်သောအခါ တက်လာသော အမြှုပ်များကိုလည်း မနားတမ်းဆည်ယူ၍ ပစ်ကြရသည်။ ထိုသို့ ပြုလုပ်သဖြင့် ဆားဖြူဖြူဖွေးဖွေးများ ရရှိလာသဖြင့် ချမ်းသာကြွယ်ဝသော သူဌေးကြီးများလည်း ဖြစ်လာကြသည်။ ပထမဆုံး ဆားခါးများထွက်သောရွာကို 'မော်ခါး'ဟု တွင်ပြီး ကပ္ပရာဇာတည်သောရွာကို နောင်တွင် 'ကမ္ဘာ' ဟုတွင်သည်။

"ဆားအတွက်တော့ စိတ်အေးရပြီ၊ ဒါပေမဲ့ တိုင်းပြည်အတွက် ကာကွယ်ရန် ဓားတွေလိုနေသေးတယ်"

ဓဇရာဇာက ညည်းညည်း ညူညူ ဆိုလိုက်သည်နှင့် ကပ္ပရာဇာသည် သူတွေ့ရှိထားသော သံတောင်ကြီးအကြောင်း လျှောက်တင်တော့သည်။

"မောင်မင်း. . သံတောင်ကြီးက ဖေးသလား"

"မှန်လှပါ၊ ကျွန်တော်မျိုးရဲ့ရွာနှင့် မဝေးလှပါ။ စစ်သည်ရဲမက်တွေ ခေါ်သွားပြီး သံကိုအရည်ကျို၍ လိုအပ်သော ဓား၊ လှံများ ပြုလုပ်လျှင် ရနိုင်ကြောင်းပါ"

"အားရလိုက်တာ ကပ္ပရာဇာရယ်၊ မောင်မင်း အမြန်အကောင်အထည် ဖော်ပေတော့"

"မှန်လှပါ၊ ကျွန်တော်မျိုးကြီးတာဝန်ထားပါ ဆောင်ရွက်ပါမယ်။ ဒါနဲ့ အသင်မင်းကြီး ဘာကြောင့် ယခုတိုင် ဘိသိက်တော် မခံတာလဲ ဆိုတာ သိလိုလှပါရဲ့ အရှင်"

ဓဇရာဇာ တွေဝေသွားတော့သည်။ အမှန်ပဇ် မင်းအဖြစ် တင်မြှောက်ခြင်းခံခဲ့သော်လည်း အဂ္ဂမဟေသီ ရွေးလက်ဆွဲ၍ ရွှေနန်းသိမ်းပွဲခံယူရပေဦးမယ်။ ထိုနန်းတက်ပွဲတွင် အဂ္ဂမဟေသီအရာကို မာယာဒေဝီအား သူတင်မြှောက်လိုသည်။ သို့သော် မာယာဒေဝီက ယနေ့တိုင် ပေါ်မလာသေးပေ။

"ကျုပ်ရွှေနန်းတက်ရန် အဂ္ဂမဟေသီ မာယာဒေဝီကို စောင့်နေပါတယ် ကပ္ပရာဇာရယ်၊ မာယာဒေဝီက တကောင်းတစ်ပြည်လုံးကို လိုက်ပြီးစည်းရုံးနေရတော့ ယနေ့တိုင် မောရတောင်ပေါ် ရောက်မလာနိုင်ရှာသေးဘူးမို့လား"

"မှန်လှပါ မာယာဒေဝီမင်းသမီးလေး မောရတောင်ပေါ် ရောက်လာပြီးမှ ပြန်ဆင်းသွားတာပါ မင်းကြီး"

ဟု ကပ္ပရာဇာက သံတော်ဦးတင်လိုက်သည်။

ကပ္ပရာဇာ၏စကား ကြားလိုက်ရသည်နှင့် ဓဇရာဇာသည် ရွှင်လန်းတက်ကြွသော မျက်နှာဖြင့် အလျင်စလို မေးလိုက်သည်မှာ. . .

"မာယာဒေဝီ ဘယ်တုန်းက မောရတောင်ပေါ် ရောက်လာတာလဲ၊ ယခုကော မာယာဒေဝီ ဘယ်မှာလဲ၊ မောင်မင်း အမြန်ပြောပြပါ"

"မှန်လှပါ မာယာဒေဝီ မောရတောင်ပေါ် တက်လာသည်မှာ ယခုမဟုတ်ပါ၊ တကောင်းမိဖုရားကြီး မောရတောင်ရောက်သည့်ည အသင်မင်းကြီးနဲ့ တကောင်းမိဖုရားကြီးတို့ အရှေ့တောင်မျှော်စင်မှာ တွေ့ဆုံနေကြစဉ်က ဖြစ်ကြောင်းပါ မင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ဒီကိစ္စ ကျုပ် မသိရပါလား၊ မာယာဒေဝီ ကျုပ်ကို စိတ်နာသွားပြီထင်ပါရဲ့"

"ဖြစ်နိုင်ပါတယ် မင်းကြီး၊ ထိုညက မိဖုရားကြီး လဲအကျ မင်းကြီးက ဆီးယူပွေ့လိုက်တော့ မာယာဒေဝီ မောရုတောင်ပေါ်က နေ ဆင်းပြေးကြောင်းပါ မင်းကြီး"

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ မာယာဒေဝီကို အမြန်ရှာမှဖြစ်တော့မယ်"

ထိုသို့ပြောဆိုနေကြစဉ် တိဘက်ကုန်သည်ကြီးများ ရွှေနန်းတွင်းသို့ ဝင်ရောက်လာကြပြီး. . .

"မှန်လှပါ၊ ကျွန်တော်မျိုးတို့ လူတစ်ယောက်ကို မာယာဒေဝီနဲ့ နောက်လိုက်တစ်ဦးက သတ်သွားကြောင်းပါ မင်းကြီး"

ဟု သံတော်ဦးတင်လိုက်သည်။

"မောင်မင်းတို့ထံ မာယာဒေဝီ ရောက်လာပုံ ပြောပြပါ"

ဓဇရာဇာထံ တော်မှောက် ရောက်ရှိလာသော တိဘက်ကုန်သည်ကြီးမှာ တစ်ချိန်က ဓဇရာဇာတို့အား မြင်းများ အခမဲ့ အကူအညီပေးခဲ့သူ ဖြစ်သည်။ ထိုကျေးဇူးတရားကို ထောက်ထား၍ ဤအမှုတွင် မာယာဒေဝီသည် ကိုယ့်လူပင် ဖြစ်သော်လည်း အမှန်တရားပေါ်အောင် စစ်ဆေး၍ အရေးယူတန် ယူရပေမည်။ တိဘက်ကုန်သည်ကြီးမှာလည်း လာပင်လာခဲ့ရသော်လည်း မာယာဒေဝီသည် ဓဇရာဇာ ချစ်ခင်စုံမက်နေသူမှန်းသိ၍ ဖေးဖေးမမသာလျှင် သံတော်ဦးတင်ရသည်။

"မှန်လှပါ အရှင်ဘုရား၊ ကျွန်တော်မျိုးများ မြောက်ဘက်အင်းကြီးအနီးရှိ ညောင်ပင်မှာ စခန်းချနေခိုက် မာယာဒေဝီ တစ်ယောက်တည်း မြင်းကြီးစီးပြီး ရောက်လာကြောင်းပါ"

"လာရင်းကိစ္စက ဘာတဲ့လဲ မောင်မင်း"

"မှန်လှပါ၊ မာယာဒေဝီက သူ့မမှာ ရွှေတွေအများကြီးရှိနေကြောင်း၊ ထိုရွှေများကိုသယ်ပြီး တိဘက် သွားလိုကြောင်း၊ ထိုခရီးတွင် ကျွန်တော်တို့ထံမှ ဆင်များငှားပြီး သွားမှာဖြစ်ကြောင်း လမ်းပြခနဲ့ ဆင်ငှားခအဖြစ် ရွှေသုံးပုံအပြင် ရတနာကျောက်စိမ်းနဲ့ ထုလုပ်ထားတဲ့ ပန်းပုရုပ်တစ်ခု ပေးပါမယ်လို့ ပြောပါတယ်"

"ရတနာကျောက်စိမ်းပန်းပုရုပ်ကို မောင်မင်းတို့ မြင်ဖူးလား"

"မှန်လှပါ မာယာဒေဝီ ထုတ်ပြလို့ ရတနာပန်းပုရုပ်နှစ်ခု မြင်ရကြောင်းပါ မင်းကြီး၊ ရုပ်တုဟာ တစ်မိုက်ခန့်ရှိပြီး အရည်အသွေးကောင်းမွန်သော ရတနာကျောက်စိမ်းရုပ်တု ဖြစ်ကြောင်းပါ"

ဓဇရာဇာ စဉ်းစားရခက်လာသည်။ တိဘက်ကုန်သည်ကြီးတို့ နေထိုင်သည်မှာ မြောက်အင်းကြီးဟုဆိုလျှင် ကျောက်သွေးဂူနှင့် မဝေးလှပေ။ မာယာဒေဝီသည် ကျောက်သွေးဂူမှ တိဘက်ကုန်သည်ကြီးများထံ သွားသည် ထားဦးတော့ ရွှေတွေနှင့် ရတနာကျောက်စိမ်းပန်းပုရုပ်က ဘယ်ကပေါ်လာပါသနည်း။

"နန္ဒိသေန မောင်မင်း ရွှေနန်းတော် အစောင့်အဖြစ် နေခဲ့၊ ငါကိုယ်တိုင် ကပ္ပရာဇာတပ်တော်နဲ့ ကျောက်သွေးဂူ သွားမှဖြစ်မယ်၊ သူတို့ကို ပစ်ထားရင် တစ်ခုပြီးတစ်ခု ပြဿနာတက်လာတော့မယ် မောင်မင်း"

ဓဇရာဇာ တပ်တော်ပြင်၍ ကျောက်သွေးဂူသို့ ခရီးနှင်ရသည်။ မြောက်အင်းရောက်သည်နှင့် တိဘက်ကုန်သည်များ ဆက်မလိုက်ရန် အမိန့်ပေးသည်။ အမှန်တော့ သူ၏လူများ နေထိုင်ကြသောနေရာကို တိဘက်ကုန်သည်များ မသိစေလို၍ ဖြစ်သည်။

မာယာဒေဝီ၏ ရွှေတွေ ဘယ်နေရာက ရသနည်း၊ နောက်ပြီး ရတနာကျောက်စိမ်းပန်းပုရုပ်နှစ်ခု၊ ရတနာကျောက်စိမ်းကို စိန့်တိုင်းသားများက ဘုရားလို ကိုးကွယ်သည်။ ကျောက်စိမ်းရုပ်တု တိဘက်ကုန်သည်များလက်သို့ ရောက်သွားပါက စိန့်တိုင်းသားများကို ရောင်းခဲ့မည် မလွဲပေ။ စိန့်တိုင်းသားတွေက ဒီရုပ်တုနှစ်ခုနှင့် အားရတင်းတိမ်ကြမည် မဟုတ်။ ရတနာကျောက်စိမ်းထွက်ရှိရာ ဒေသကိုပါ ရှာကြမည်၊ အမှန်တော့ တိဘက်ကုန်သည်များ



www.burmeseclassic.com

www.burmeseclassic.com

ဆော စိန့်တိုင်းသားများပါ ရတနာကျောက်စိမ်း ထွက်ရှိသည့် ဒေသကိုသီလေ ကောင်းလေပင်ဖြစ်သည်။

ဓဇရာဇာ ကျောက်သွေးဂူကြီးဆီသို့ လှမ်းမျှော်ကြည့်သည်။ ဂူကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ကျောက်သွေးတောင်ပေါ်မှာတော့ ဟိုပင် သည်ပင် ကျူးနေသော ကျောက်များကို မြင်ရသည်။

"ဘဘ. . ဟိုမှာ လူတွေအများကြီး လာနေကြပြီ၊ မြင်းတွေ၊ ဆင်တွေလည်းပါတယ်"

ကျော်စွာနှင့် နန္ဒတို့ ကြောက်အားလန့်အား ဂူတွင်းဝင်ပြေးရင်း ဘဘသုခကို ပြောပြကြသည်။

ဘသုခ ပုန်းရှောင်၍မနေပါ။ ကျောက်စိမ်းပန်းပု ထုဆစ်နေရာမှ ထ၍ ဂူအပြင်သို့ ထွက်လာခဲ့သည်။

"ဘဘသုခ နေလို့ထိုင်လို့ အဆင်ပြေရဲ့လား"

ဟု ဓဇရာဇာက ဆင်ပေါ်မှ ဆင်း၍ ဘသုခထံ ချဉ်းကပ်မေးလိုက်သည်။

"ရာဇာမင်းမှာတော့ ကြီးပွားချမ်းသာလို့ပါလား၊ မင်းအတွက် နေ့မနားညမနား ကြိုးစားပေးခဲ့ရှာတဲ့ မာယာဒေဝီမှာတော့ အရူးတစ်ပိုင်း မိန်းမရိုင်းကြီး ဖြစ်နေရရှာပေါ့ ရာဇာရယ်"

ဘသုခ စိတ်မထိန်းနိုင်သဖြင့် နှုတ်မှဖွင့်ဟပြောရင်း မျက်ရည်ဖြိုင်ဖြိုင် ယိုစီးကျခဲ့သည်။

"ဘဘ အခု ကျုပ်လာခဲ့တာ မာယာကြောင့်ပါ၊ မာယာဟာ သိပ်ကြိုဟ်မွေ့တဲ့မိန်းမ၊ ကျုပ်က မာယာဒေဝီကို မောရတောင် ခေါ်သွားပြီး အဂ္ဂမဟေသီတင်ဖို့ ကြံရွယ်တယ်။ သူက ကျုပ်နိုင်ငံတော်ကနေ ကျောက်စိမ်းပန်းပုရုပ် နှစ်ခုနဲ့အတူ ရွှေတွေယူပြီး တိဘက်ပြည် ထွက်ပြေးဖို့ ကြံရွယ်နေတယ်"

ဘသုခ အံ့ဩရပြန်သည်။ သူ၏လက်ရာ ကျောက်စိမ်းပန်းပုရုပ် နှစ်ခုပျောက်၍ သူတို့ လိုက်ရှာခဲ့သည်။ မတွေ့တာကြာလာတော့ မေ့မေ့ပျောက်ပျောက် နေခဲ့ကြသည်။ ကလေးများအတွက် နောက်ထပ် ပန်းပုရုပ်အသစ် ထုဆစ်ပေးမည်ဟု ကတိစကားအတိုင်း ယခု ဘသုခ ပန်းပုထုနေပါသည်။ ပျောက်ဆုံးသွားသော ပန်းပုရုပ်များမှာ မာယာဒေဝီလက်ရောက်နေမည်ဟု ဘသုခ လုံးဝမတွေးမိခဲ့ပေ။

"ကျောက်စိမ်းပန်းပုရုပ်နှစ်ခုကတော့ ထားပါတော့၊ ရွှေတွေဆိုတာ ဘာကိုပြောတာလဲ၊ ရာဇာ"

"ဟုတ်တယ် ဘသုခ ကျုပ်လည်း ဒါကို နားမလည်နိုင်အောင်ဖြစ်နေတယ်၊ သုဇိလနဲ့ သုန္ဒရ ဘယ်သွားကြလဲ"

ဟု ဓဇရာဇာ မေးလိုက်သည်နှင့် ဘသုခ ကျော်စွာနှင့် နန္ဒကို လက်ယပ်ခေါ်ကာ သုဇိလနှင့် သုန္ဒရတို့ကို အခေါ်လွှတ်သည်။

ထိုအချိန်တွင် ကပ္ပရာဇာ ဦးဆောင်၍ စစ်သည်တော်များက ဝေခါချောင်းနှင့် ကျောက်သွေးဂူကြားတွင် ယာယီသစ်ခက်တဲနန်းကြီး ပြုလုပ်ကြသည်။

စားတော်ကဲ စားဖိုမှူးများကလည်း အချိန်မီ ပွဲတော်ဆက်နိုင်ရန် ထင်းရှာ မီးမွှေးပြီး ချက်ကြံပြုတ်ကြသည်။ အပျိုတော်များက မြစိမ်းသလွန်(ခေါ်)ဝါးစိမ်းဖြင့် ပြုလုပ်ထားသော စင်မြင့်ပေါ်တွင် ကတ္တီပါကော်ဇောများခင်းလျက် မင်းမြတ်ရာဇာကို ကြိုဆိုကြသည်။

"ဘသုခ မာယာ ဘယ်မှာလဲ၊ ပြောပါဦး"

ဘသုခ တွေဝေ၍သာနေတော့သည်။ အမှန်တော့ ရတနာကျောက်စိမ်းပန်းပုရုပ်များ ပျောက်ဆုံးသွားပြီးနောက်တွင် မာယာဒေဝီဟာ ကျောက်သွေးဂူသို့ ပြန်ချင်မှ ပြန်လာတတ်သည်။ ပြန်လာပြန်လျှင်လည်း နှစ်ရက်သုံးရက် အိပ်ရာမှာပင် လှဲနေတတ်သည်။ တစ်ခါတစ်ခါ မာယာဒေဝီ ငိုနေတတ်သည်။ တစ်ခါတစ်ခါ တစ်ယောက်တည်း ရယ်နေတတ်သည်။

"ဘဘသုခ ပြောပါဦး၊ မာယာဒေဝီ ဘယ်မှာလဲ"

"ဘဘအထင် ပြောရရင် မာယာဒေဝီမင်းသမီးလေးဟာ ဓဇရာဇာအပေါ် စွဲလမ်းတဲ့စိတ်နဲ့ ရူး



www.burmeseclassic.com

www.burmeseclassic.com

သွားပြီလို့ ထင်တာပါပဲကွယ်”

“ဗျာ. . . မာယာ ရှုးသွားပြီ၊ ဟုတ်လား ဘဘသုခ”

◆

သုဇိလ၏ လမ်းပြမှုဖြင့် ဝက်ပါဂူသို့ လာခဲ့ကြသည်။

ဆင်လုံးမြင်းရင်းနှင့် သွားပါက မာယာဒေဝီ ကြောက်အားလန့်အား ထွက်ပြေးသွားမည်စိုး၍ အားလုံး ခြေလျင်တက်ခဲ့ကြရသည်။ မာယာဒေဝီသည် စားလက်စ ငှက်ပျောသီးကို အသာချ၍ သီချင်းတစ်ပုဒ် ဆိုနေပြန်သည်။ သူမ၏ ခေါင်းမှာလည်း တောပန်းတောင်ပန်းများ ဝေနေအောင် ပန်ဆင်၍ထားသည်။

“ဟိမဝန္တာ. . . ဝတိသာ. . . နတ်နန်းဆီက. . . ကြွမြန်းလာတဲ့ စကြာရှင်. . . သကျနွယ်ဝင်. . . သတိုးမဟာ သာကီမျိုး. . . တန်ခိုးတေဇာ. . . မညှိုးစေရာ. . . ဝေဖြာတိုး. . . ဘိုးတော်အပ်နှင်း. . . မင်းစကြာရှင်. . . ပလို့ဂျိ. . . ဗေထိ. . . ဗေထိပလို့ဂျိ”

မယာဒေဝီ သူမ၏ ပါးစပ်ဆိုင်းဖြင့် ကသည်။ ကသည်မှ ကွေးနေအောင် ကသည်။ မြင်ရသူအပေါင်း စိတ်မကောင်း ဖြစ်ကြရသည်။ ဓဇရာဇာသည်လည်း မာယာဒေဝီအား မကြည့်ရက်၍ ခေါင်းငုံ့နေရသည်။ သုဇိလ မျက်ရည်တွေတွေ ကျနေသည်။ သုန္ဒရကတော့ မာယာဒေဝီကိုပင် မကြည့်။ ဓဇရာဇာအား ကြည့်၍ ဆွဲထိုးချင်စိတ်များ တဖွားဖွားပေါ်နေတော့သည်။

“အို. . မင်းပရိသတ်အပေါင်းတို့ သင်တို့ဘုရင် ဓဇရာဇာ ဆိုသူကို စကြာရှင်လို့ မထင်မှတ်လိုက်ပါနဲ့။ သူသာ စကြာရှင် အစစ်ဆိုပါက တကောင်းဘုရင် ဘိန္နကမင်းရဲ့ လက်ကျ မုဆိုးမ နာဂဆိန်ကို ယူမတဲ့လား။ အဲဒီမုဆိုးမကို ဓဇရာဇာ ဘာကြောင့် ယူတယ်ထင်ကြသလဲ။ ဓဇရာဇာ အာဏာမက်လို့ ဘုရင်ဖြစ်ချင်လို့ပေါ့။ သူသာ စကြာရှင်အစစ်ဆိုရင် ငါလို ချောချောလှလှ မာယာဒေဝီကို အဂ္ဂမဟေသီ တင်မြှောက်မှာပေါ့၊ ရှင်းတယ်နော်”

မာယာဒေဝီ၏စကား ကြားလိုက်ရသည်နှင့် စစ်သည်ဗိုလ်ပါအပေါင်းတို့ စိတ်မထိန်းနိုင်ဖြစ်ပြီး အားလုံးက လက်ခုပ်တီး အားပေးလိုက်ကြတော့သည်။

မာယာဒေဝီသည် လက်ခုပ်သံများကြားသည်နှင့် ကြောက်အားလန့်အားဖြစ်ကာ ဂူအတွင်းသို့ ဝင်ပြေးသည်။

“မာယာ မပြေးနဲ့ တို့ရှင်းပြမယ်”

“ရှင် ဘာမှရှင်းမပြနဲ့၊ ရှင့်အသံလည်း မကြားချင်ဘူး၊ ရှင့်မျက်နှာလည်း မမြင်ချင်ဘူး၊ ပြန်ကြပါတော့”

ဟု မာယာဒေဝီ ခေါင်းကလေးထွက်၍ ပြန်ပြောသည်။

“ပြန်လာခဲ့ပါ မာယာရယ်၊ တို့မင်းကို- အဂ္ဂမဟေသီ တင်ပါ့မယ်၊ ခုချိန်ထိ တို့ မင်းကို စောင့်နေလို့ ရာဇဘိသေက ပွဲသဘင် မဆင်ယင်ရသေးပါဘူး”

“တော်ပါတော့ ရာဇာရယ်၊ မာယာဒေဝီ ရှင့်ရဲ့ အငယ်အနှောင်းဘဝ မနေပါရစေနဲ့၊ ပြန်ပါတော့”

“စစ်သည်တို့. . . မာယာကို ရအောင်ဆွဲခေါ်ခဲ့ကြ”

ဟု ဓဇရာဇာက အမိန့်ပေးသည်။

“မဝင်ကြနဲ့. . . မဝင်ကြနဲ့၊ ဝက်ပါဂူမှာ ယန္တရားတွေ ဆင်ထားတာရှိတယ်”

ဟု သုဇိလက တားသည်။ မင်းမိန့်ကို လိုက်နာ၍ စစ်သည်တော်များ အတင်းတိုးဝင်ကြသည်။

‘ဝုန်း’ဟူသော အသံကြီး ထွက်လာသည်။ ဝက်ပါဂူကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွား၏။ အတွင်းမှ ကျောက်တုံးများ ပြိုကျသံ ဝုန်းဝုန်းဒိုင်းဒိုင်း ကြားနေရသည်။ ဓဇရာဇာနှင့် သုဇိလ နေရာမှာ ထိုင်ချလျက် ငိုကြွေးကြရသည်။

“မာယာဒေဝီရယ် မင်းရဲ့ဘဝဇာတ်သိမ်းက မလှပါလားကွယ်”

ဟု ဓဇရာဇာ ညည်းညူလိုက်တော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

ဝက်ပါဂူကြီး ပြိုကျသွားကြ၍ ဘသုခတို့ပင် မနေသာ။ ဝက်ပါဂူသို့ အပြေးရောက်လာသည်။ ဇေရာဇာ အတန်ကြာ စဉ်းစားကြည့်သည်။ ဤ ကိစ္စတွင် မာယာဒေဝီနှင့်အတူ လိုက် ပါသူမှာ အခြားသူ မဖြစ်နိုင်။ သုဇိလ ပင် ဖြစ်ရမည်ဟု အပိုင်တွက်လျက်-

"သုဇိလကို ယခုချက်ချင်းဖမ်း စေ"

ဟု အမိန့်ပေးလိုက်သည်။

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ၊ ရာဇာ"

ဟု သုဇိလက ပြန်၍မေးခွန်း ထုတ်၏။

"တိဘက်ကုန်သည်ကြီးတွေဆီ ရောက်ရင်ရှင်းသွားမှာပါ သုဇိလ"

ဟု ဆိုကာ ဝက်ပါမှ ပြန်ခဲ့ကြ သည်။

"သား. . လူလေးရာဇာ သုဇိလ ဆိုတာ သာကီမျိုးမို့ စဉ်းစဉ်းစားစား လည်း လုပ်ပါကွယ်"

ဟု ဘသုခ မှာလိုက်သော စကားများက ဇေရာဇာနားက မထွက်နိုင်ပေ။ သုန္ဒရကလည်း. .

"ရာဇာ. . မင်း သုဇိလအပေါ် အထင်လွဲနေတယ်မို့လား၊ မင်းရဲ့ ဘေးဇူးရှင် ကုန်သည်ကြီးတွေ အတွက်နဲ့ ကိုယ့်လူမျိုးတစ်ဦးကို တော့ဖြင့် မသတ်လိုက်ပါနဲ့ ရာဇာ ရယ်"

ဟု မှာရှာသည်။

"ဟုတ်တယ် ရာဇာ၊ အကယ်၍ သုဇိလက တိဘက်ကုန်သည် တစ်ဦးကို သတ်လိုက်တယ် ထားပါ တော့၊ ရန်ငြိုးရန်စရှိလို့ သတ်တာ မဟုတ်ပါဘူး၊ မာယာဒေဝီနဲ့တကွ ငါတို့သာကီတွေရဲ့ အသက်ကို ကာကွယ်လိုက်တာပါ ရာဇာရယ်"

ဟုလည်း ဘသုခက မှာရှာ သည်။ ဇေရာဇာသည် ကျောက် သွေးဂူမှ ဆွေတော်မျိုးတော်များအား ခေါ်၍ သွားလိုသော်လည်း တကောင်းနိုင်ငံတော် ပြန်လည်မထူ ထောင်နိုင်သေးသဖြင့် ခေါ်၍မဖြစ် ပေ။ မောရရွှေနန်းတော်သည် ကပိလဒေသနှင့် အနေအထားတော့ တူပေသည်။ ကပိလနိုင်ငံတော်သည် ဟိမဝန္တာတောင်ကြီးနှင့် နီးသဖြင့် နွေအခါ အပူဒဏ်သက်သာသလို ဆယ့်နှစ်ရာသီ မိုးပြတ်သည် မရှိပေ။ ဆောင်းအခါများ ဆိုပါလျှင် နှင်းမှုန် ဖွဲ့ဖွဲ့အောက်မှာ ရေများလည်းခဲ သည်။

မောရတောင်ကြီးမှာလည်း ထိုနည်းတူစွာပင် ဖြစ်သည်။ မောရ တောင်တွင် တောရိုင်းတိရစ္ဆာန်များ ပေါသလို ဆေးပင်ဝါးပင်များလည်း စုံသည်။ ပန်းမျိုးစုံကိုလည်း ဝေဝေ ဆာဆာ တွေ့ရသည်။ ဂမုန်းမျိုးစုံ လည်း ရှိပေသည်။ အချို့က ဘုရား လောင်း ဥဒေါင်းမင်းဘဝက စံပျော်ခဲ့ သည်ဟုလည်း ဆိုကြသည်။ ထို ဥဒေါင်းမင်းကြီး၏ မျိုးနွယ်ဆက်များ ယနေ့တိုင် ကျက်စားလျက်လည်း ရှိပေသည်။

မောရတောင်ပေါ် တက်လိုက် သည်နှင့် ထောင်ပေါင်းများစွာသော လူအုပ်ကြီးက ဆီးကြိုလျက် ဩဘာ ပေးကြသည်။

"ဇေရာဇာမင်းမြတ်ကြီး"

"ကျန်းမာပါစေ"

"ရာဇာ. . အဆင်ပြေခဲ့ရဲ့လား"

ဟု မဟာဒေဝီနာဂဆီနိက ဆီး ကြို၍မေးသည်။

"အဆင်ပြေမှာပါ မဟာဒေဝီ"

ဟု ပြော၍ ညီလာခံနန်းဆောင် သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ညီလာခံနန်းဆောင်တွင် တိဘက်ကုန်သည်ကြီးများက အသင့်ကြိုဆိုလျက် တွေ့ရသည်။ ကပ္ပရာဇာသည် သုဇိလအား လက် ပြန်ကြိုးတုပ်နှောင်လျက် ခေါ် ဆောင်လာသည်။ ဇေရာဇာသည် သီဟာသန ပလ္လင်ထက်မှာ ထိုင် လျက်. .

"တိဘက်ကုန်သည်ကြီးများ. . နှောင်ကြိုးတည်းထားသူကို မြင်ဖူးပါ သလား"

ဟု မေးလိုက်သည်။ သုဇိလက တိဘက်ကုန်သည်ကြီးကို လုံးဝပင် မကြည့်ပါ။ သူ့မျက်လုံးများက ဇေ ရာဇာထံသို့သာ ရောက်ရှိနေပေ သည်။ သာကီဝင်မင်းမျိုးအချင်းချင်း ဘကြောင့် သူ့ကိုမှရွေး၍ ချောက် တွန်းချင်ပါလိမ့်ဟုလည်း တွေးနေမိ ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ထိုသူကို ကျွန်ုပ်တို့ မြင်ဖူးပါတယ်၊ မာယာဒေဝီနှင့်တွဲ၍ ပွဲကနေသူ သုဇိလပါပဲ"

ဟု ဖြေဆိုကြသည်။

"ပွဲကစဉ်ကို မဆိုလိုပါ၊ တောထဲတောင်ထဲ တစ်နေရာရာမှာ မြင်ဖူးပါသလား"

ဟု ဆက်၍မေးသည်။

"ကျွန်ုပ်တို့စခန်းဖြစ်တဲ့ အင်းကြီးအနီးမှာ မြင်ဖူးပါတယ်ဘုရား"

ဟု တိဘက်တစ်ဦးက ဆိုလိုက်သည်။

"မှန်လှပါ၊ မာယာဒေဝီသခင်မလေး ကျွန်ုပ်တို့ထံ လာရောက်သည့်နေ့က ကျွန်ုပ် အင်းကြီးအနောက် ထိပ် ညောင်ပင်ကြီးပေါ်တက်၍ ကင်းစောင့်ရပါတယ်၊ ဦးစွာရောက်လာသူက မာယာဒေဝီ သခင်မလေးပါ၊ မာယာဒေဝီရောက်လို့ မကြာပါဘူး မြင်းကြီးစီးပြီး သုဇိလ ရောက်လာပါတယ်၊ သုဇိလရဲ့ ကျောပေါ်မှာလည်း လေးနှင့်မြား လွယ်ထားတာ တွေ့ရပါတယ်၊ မာယာဒေဝီလက်မှာ လေးနှင့်မြား ပါမလာပါဘူး။ မာယာဒေဝီသခင်မလေးက ကျွန်ုပ်ခေါင်းဆောင်တွေနဲ့ စကားပြောပြီး ပြန်သွားတော့လည်း သူ့မှာ လေးနှင့်မြား မတွေ့ရပါဘူး။ မာယာဒေဝီဟာ မိန်းမသားတစ်ဦးမို့ ကျွန်ုပ်တို့ခေါင်းဆောင်က အန္တရာယ်ကင်းအောင် နောက်မှနေ လူတစ်ယောက် ထည့်လိုက်ပါတယ်"

ဟု တင်ပြလိုက်ရာ. . .

"ဟုတ်သလား. . တိဘက်ခေါင်းဆောင်ကြီး"

ဟု ဓေရာဇာက မေးသည်။

"အမှန်ဖြစ်ကြောင်းပါ မင်းမြတ်ရာဇာ"

ဟု ပြန်၍သံတော်ဦးတင်သည်။

"ကိုင်း. . ဒါဆို ဆက်လက်၍ သံတော်ဦးတင်စေ"

ဟု မိန့်တော်မူလိုက်သည်။

"ကျွန်ုပ်တို့လူတစ်ယောက် မာယာဒေဝီနောက် လိုက်သွားလို့ မကြာပါဘူး သုဇိလ ပုန်းကွယ်နေရာမှ မြင်းကြီးစီးပြီး ထွက်ခွာသွားပါတယ်။ သုဇိလနှင့် မာယာဒေဝီ သခင်မတို့ လမ်းအတိုင်းမသွားပါဘူး။ မနီးမဝေးက ခပ်ခွာခွာ လိုက်သွားပါတယ်။ သိပ်မကြာပါဘူး ကျွန်ုပ်တို့လူဟာ ရင်ဝမှာ မြားကြီးစူးလို့ ပြန်ပေါ်လာတော့တာပါပဲ။ အမှန်တော့ ကျွန်ုပ်တို့လူကိုသတ်တာ သုဇိလပါပဲ မင်းမြတ်ရာဇာ"

ဟုပင် သံတော်ဦးတင်လိုက်လေသည်။

"သုဇိလ. . မောင်မင်း ဘာငြင်းချက်ပေးမှာလဲ"

ဟု ဓေရာဇာက ခက်ထန်စွာ ဆိုလိုက်သည်။

"ဟုတ်တယ် ရာဇာ. . ကျုပ်ဟာ မြတ်ဗုဒ္ဓရဲ့ ဉာတကာနဥ္စသင်္ဂဟော ဆိုတဲ့ပုဒ်အရ ဆွေမျိုးမိတ်သင်္ဂဟတွေကို စောင့်ရှောက်ရတာပါ၊ ကျုပ်တို့ ကပိလတိုင်းသားတွေဟာ ဝိဋူဍဘမင်းလက်ချက်နဲ့ အားလုံးသေပွဲဝင်ခဲ့ရတယ်၊ ကျုပ်တို့တွေသာ ကံကောင်းထောက်မစွာ ဒီအရပ် ဒီဒေသ ရောက်လာလို့ ယနေ့တိုင် မသေမပျောက် နေခဲ့ရတာပါ။ သေကံမရောက် သက်မပျောက်သူ ဒီလူနည်းစုလေးကို ခင်ဗျား ဘယ်လောက် အကာအကွယ်ပေးခဲ့လို့လဲ"

ဟု မေးလိုက်ရာ ဓေရာဇာ ငိုင်ကျသွားတော့၏။

"ဒီမှာရာဇာ. . ခင်ဗျားကြီးနဲ့ တကောင်းမဟာဒေဝီတို့ အပျော်ကျူ ပလူးနိုင်ကြဖို့ ကျုပ်တို့ မာယာဒေဝီတို့ ဘယ်လောက်ကြိုးစားခဲ့ရတယ် ဆိုတာ ခင်ဗျားကြီး စဉ်းမှစဉ်းစားမိပါ လေစ၊ ဒီမှာ ရာဇာ ခင်ဗျားကြီး ဘုရင်ဖြစ်လာဖို့ ကျုပ်နဲ့ မာယာဒေဝီတို့ အသက်အသေခံပေးမှ ရမှာ ဆိုရင်လည်း ကျုပ်တို့က အသေခံ ပေးဖို့ ဝန်လေးသူတွေ မဟုတ်ပါဘူး"

"ခုတော့. . ကျုပ်တို့တစ်တွေ အေးအေးချမ်းချမ်းနေတဲ့ ဗိမာန် လေး ခင်ဗျားကြီး ရောက်လာပြီး ပျက်ခဲ့ရပြီ၊ အပြစ်မဲ့တဲ့ မာယာဒေဝီ လည်း ခင်ဗျားကြီးကြောင့် သေပွဲဝင်ခဲ့ရပြီ၊ ရာဇာ ခင်ဗျားဟာ ဉာတကာ ဆိုတဲ့ ဆွေမျိုးတွေကို ဘယ်မှာလ ပြီး စောက်ရှောက်ခဲ့လို့လဲ"

"ဟုတ်တယ်. . ခင်ဗျား ငိုင် နေတဲ့အဖြေ ကျုပ် ပေးလိုက်မ



www.burmeseclassic.com

www.burmeseclassic.com

တိဘက်တစ်ယောက်ကို ကျုပ် သတ်တယ်၊ မာယာဒေဝီရဲ့ လက်သုံးတော်ဓားနဲ့ ပစ်သတ်ခဲ့တယ်၊ ဘာကြောင့်ဆိုတာ သိချင်သေးလား။ ကျုပ်တို့ခန်းကို မည်သူတစ်ဦးတစ်ယောက်မှ မသိစေချင်လို့။ ဒီတိဘက်တွေကို ခင်ဗျားကြီး ယုံချင်ယုံ ကျုပ်ကတော့ လုံးဝမယုံဘူး"

ဟု သုဇိလက ဆိုလိုက်ပြန်သည်။

"ဒီမှာ ရာဇာ. . . တိဘက်တစ်ယောက် မာယာနောက်ကို လိုက်တာ အကြောင်းမဲ့ မဟုတ်ဘူး၊ အမှန်ဟော့ ဒီတိဘက်ကြီးတွေဟာ မာယာနောက် လိုက်နေတာ မဟုတ်ဘူး သိလား၊ ဘာကြောင့်လိုက်တယ်လို့ ခင်ဗျား ထင်လဲ၊ ပြောလိုက်မယ် သေချာမှတ်ထားလိုက်ပါ၊ တိဘက်တွေက ကျောက်စိမ်းထွက်တဲ့နေရာကို လိုက်နေတာဗျ"

ဟု ဆိုလိုက်သည်။

"ကျောက်စိမ်း. . ကျောက်စိမ်း"

ဟု နန်းရင်ပြင်တစ်ခုလုံး တီးတိုးအသံများထွက်ပေါ်လာတော့၏။

"သုဇိလကို အချုပ်ခန်းတွင်းခေါ်သွားကြ"

ဟု ဇေရာဇာ မိန့်တော်မူလိုက်သည်။

"ရာဇာ. . ကျုပ်စကား မဆုံးသေးဘူး၊ ကျုပ်ပြောပါရစေဦး"

ဟု သုဇိလက အော်ဟစ်လျက်ဆွဲခေါ်ရာနောက်သို့ ပါသွားရပေတော့သည်။

◆

အချုပ်ခန်းမှာ ကျောက်တောင်ကြီးတစ်ခုအား ဖောက်ထွင်းလျက်ပြုလုပ်ထားခြင်းဖြစ်သည်။ အချုပ်ခန်းအတွင်း၌ မည်သူတစ်ဦးတစ်ယောက်မှ မရှိပေ။ ဤအချုပ်ခန်းကို ဈေးဦးလာဖောက်သူမှာလည်း သုဇိလပင်ဖြစ်သည်။ အချုပ်ခန်းက ပေ ၅၀ ပတ်လည်ကျယ်သည်။ အဝင်တံခါးမှာ တစ်ပေါက်တည်းသာရှိ၏။ ထိုတံခါးပေါက်ရှေ့တွင် စစ်သည်နှစ်ဦးစောင့်နေသည်။

သုဇိလသည် အချုပ်ခန်းအတွင်းမှ မြက်ခြောက်များပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေလေသည်။

"သုဇိလ. . ဟေ့ကောင်သုဇိလ"

ဟု နန္ဒိသေနက တီးတိုးလေသံဖြင့် ခေါ်သည်။

သုဇိလက လုံးဝမှုပင် မလှုပ်ပေ။ နှစ်ခြိုက်စွာ အိပ်မောကျ၍ဟောက်လို့ပင်နေတော့သည်။

"သုဇိလ. . ဟေ့ကောင်. . လူသေကြီးလို အိပ်မနေနဲ့"

ဟု ဆိုကာ နန္ဒိသေနက ခဲတစ်လုံးကောက်၍ ပေါက်လိုက်မှ သုဇိလ အိပ်နေရာမှ လူးလဲထလိုက်သည်။

"ဘယ်သူလဲ"

ဟုလည်း မေးလိုက်သည်။

"ငါပါ သုဇိလရဲ့၊ နန္ဒိသေနလေ"

ဟု ပြောလိုက်မှ. . .

"နန္ဒိသေန. . မင်း ဘာကြောင့်လာခဲ့တာလဲ၊ တော်ကြာ မင်းပါ အပြစ်ထဲ ဆွဲထည့်နေဦးမယ်"

"ငါက အရေးမကြီးပါဘူး သုဇိလရယ်"

ဟု ဆိုလိုက်သည်။

"ဒါဆို ဘာကအရေးကြီးတာလဲ"

ဟု သုဇိလက သိလိုဇောဖြင့် ပြန်မေးလိုက်သည်။

"အရေးကြီးတာက မင်းကွ၊ အခု မိဖုရား နာဂဆိန်နဲ့ တိဗက်ကြီးတွေ တိုင်ပင်နေကြတယ်"

ဟု စိုးရိမ်တကြီး ပြောလိုက်သည်။

"အဖြေက ဘာတဲ့လဲ "

"မင်းကို လူသတ်မှုနဲ့ အသေစား သေစေရမယ်လို့ ပြောနေကြတယ်"

"ရာဇာကကော ဘာပြောလဲ"

"ရာဇာကတော့ သူ့လူမျိုးဆိုတော့ ဘယ်သေစေချင်မှာလဲ၊ ဒါပေမဲ့ မိဖုရားနဲ့ ကုန်သည်တွေက တောင်းဆိုလာရင် သူလည်း မင်းကို ကယ်တင်နိုင်မယ် မထင်ဘူး"

ဟု နန္ဒိသေနက ဆိုလိုက်သည်။

"ဒါဆို ဇေရာဇာ ဘုရင်ဖြစ်ချင်တာ ဘာလဲ၊ ကိုယ့်လူမျိုးစု လက်ကျန်လေးကို သေတွင်းက လွတ်မြောက်အောင် ကယ်တင်ဖို့လား၊



www.burmeseclassic.com

www.burmeseclassic.com

သူရဲ့တန်ခိုးအာဏာ ကြီးထွားလာဖို့လား"

"သုဇိလ. . .ဒါတွေမေးမနေနဲ့ ငါတံခါးဖွင့်ပေးလိုက်မယ်၊ မင်း လွတ်အောင်ပြေးတော့"

ဟု ဆိုကာ နန္ဒိသေန တံခါးကို ဖွင့်ပေးလိုက်သည်။

သုဇိလ အချုပ်ခန်းတွင်းမှ ထွက်လာပြီး လဲကျနေသော စစ်သည်တော်တစ်ဦး၏ ဓားကိုဆွဲယူလိုက်သည်။

"သူတို့ကို မင်း ဘာလုပ်ထားတာလဲ"

"မပူနဲ့၊ ဒီနှစ်ကောင်သောက်တဲ့ သေရည်ထဲမှာ အိပ်ဆေးထည့်ထားတာ၊ ဟိုမှာ မာယာဒေဝီရဲ့ လေးနဲ့ မြားတွေရှိတယ်။ ဝတ်စုံတစ်စုံနဲ့ စမြိန်စာတစ်ထုပ်လည်း ပါတယ်၊ ကိုင်း ပြေးပေတော့"

ဟု ဆိုလိုက်သည်။

"ခြေလျင်ပြေးရမှာလား၊ မြင်းလေးဘာလေး လုပ်ပါဦး"

ဟု တောင်းဆိုနေပြန်သည်။

"တောင်အောက်ယာခင်းထဲကို သွား၊ အဲဒီမှာမြင်းတစ်ကောင်ရှိတယ် ယူသွားပါ"

"ကောင်းလိုက်လေ နန္ဒိသေနရယ်. . မင်းကျေးဇူးကို ငါတစ်သက်မမေ့ပါဘူးကွာ၊ ဒါနဲ့ ငါက ကျောက်သွေးဂူ ပြန်သွားရမှာလား"

ဟု ဆိုနေပြန်သည်။

"ကျောက်သွေးဂူ သွားလို့ကတော့ မင်းသေတွင်း မင်းတူးသလိုဖြစ်နေမှာပေါ့၊ ကျောက်သွေးဂူကလွဲရင် မင်းသွားလိုရာသွားနိုင်တယ် ပြေးတော့"

ဟု ဆိုလိုက်ချိန်မှာပင် အုပ်ချုပ်ရေးဆောင်မှ ညကင်းလဲရန် လူနှစ်ယောက် ထွက်လာတော့သည်။

သုဇိလသည် တောင်အောက်သို့ ဆင်းသွားသလို နန္ဒိသေနသည်လည်း သူ့အဆောင်ပြန်၍ စောင်ခြုံကွေးနေလိုက်တော့သည်။

◆

ယက္ခဂါမရွာကြီးသည် အိမ်ခြေငါးရာခန့်ရှိသော ရွာကြီးဖြစ်သည်။ ထိုရွာကြီးသည် တိဘက်ကုန်သည်များ တကောင်းနေပြည်တော်သို့ သွားရာတွင် ခရီးတစ်ထောက်နားရာလည်းဖြစ်သည်။ ယက္ခဂါမရွာကြီးအား လူသိများလာရခြင်းမှာ မြို့ဝန်မင်း ဦးယက္ခကြောင့်ဟု ဆိုသော် လွဲနိုင်မည်မဟုတ်ပေ။ ဦးယက္ခသည် ယခင် မြို့ဝန် မဖြစ်မီက ထိုရွာကြီး၏ သူကြီးဖြစ်သည်။

ဦးယက္ခသည် မင်းနေပြည်တွင် မျက်နှာပန်းပွင့်ရန်အတွက် ရွာလူထုအား မတရားအခွန်ငွေ တောင်းခံသည်။ ထိုသို့ ကောက်ခံရရှိသော အခွန်တော်ငွေများကို မိဖုရား နာဂဆိန်အား ဆက်သရာမှ ယက္ခသည် မိဖုရားနှင့် ရင်းနှီးခွင့်ရရှိခဲ့သည်။

ထိုရရှိသော အခွင့်အရေးအား အလွတ်မခံသူ ယက္ခမှာ နောက်ဆုံး မြို့ဝန်မင်းကြီး ဖြစ်လာသည်။ မြို့ဝန်မင်း ယက္ခနှင့် နာဂဆိန်မိဖုရားတို့၏ မတရားလောဘကြောင့် တကောင်းမင်းနေပြည်တော်ကြီး ပျက်စီးခဲ့ရသလို ယက္ခသည်လည်း စစ်ပွဲမှာပင် ကျဆုံးခဲ့ရပေတော့သည်။

ယက္ခကျဆုံးသလို တကောင်းမင်းနေပြည်တော်မှာလည်း စိန့်တိုင်းသားတို့လက်အောက်သို့ ကျရောက်သွားကြောင်း ရွာသားများ ကြားသိရသည်နှင့် ယက္ခပိုင် ယက္ခဂါမရွာရှိ အိမ်ကြီးအား မီးတိုက်ဖျက်ဆီးပစ်လိုက်ကြတော့သည်။ ထိုစဉ်မှ စတင်၍ သံဝေဂရကာ ယက္ခ၏ ဖခင်ကြီး ဘိုးသက္ကမှာ တောထွက်သွားတော့သည်။

ရွာမှ ထွက်ခွာမသွားနိုင်သူကတော့ ဦးယက္ခ၏ဇနီး ဒေါ်သူဇာနှင့် သမီး သီတာတို့ပင် ဖြစ်သည်။ ဒေါ်သူဇာသည် ယက္ခဂါမရွာအဝင် ညောင်ပင်ကြီးအောက်တွင် တဲလေးထိုး၍ အကြော်ရောင်းချရသည်။ သမီးသီတာက မိခင်အား ဝိုင်းဝန်းလုပ်ကိုင်ပေး၏။

သို့သော် အမုန်းတရားအခြေခံလျက် ယက္ခဂါမရွာသားများကတော့ ထိုသားအမိရောင်းချသော မုန့်ကြော်ကို လုံးဝဝယ်မစားကြပေ။ သို့သော် တိဘက်သွားသောလမ်းဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သူဇာ၏ အကြော်တဲတွင် ဝင်လာမစဲ တဖွဲဖွဲရောင်းချရပေသည်။

"ဆီကြော်မုန့်တစ်ပွဲပေးပါ၊ အကြမ်းရည်လည်းပေးပါ"

ဟု ဆိုလိုက်မှ သီတာ ထိုသူကို သတိထားမိသည်။

ကိုယ်ခန္ဓာကထွားထွား လက်မောင်းကြွက်သားကြီးများက ဖုဖု ထစ်ထစ်ကြီးတွေ ထွက်နေသည်။ သီတာ သွယ်၍ မေးရိုးက ကားသည်။ အသားက ရွှေလိုဝင်းဝါ ရှိသူမို့ သီတာ၏ အမြင်တွင် အထွင်ထူးလှပေသည်။

"သုံးဆောင်ပါရှင်.. လိုတာရှိရင်လည်း ပြောပါ"

ဟု ဆိုကာ အကြမ်းရည်အိုးနှင့် အကြော်တစ်ပွဲ လာချပေးရင်း သီတာက ယဉ်ကျေးစွာ ဆိုလိုက်ပါ၏။

"ကျေးဇူးတင်ပါတယ် အမိငယ်"

ဟု ဆိုကာ သုဇိလသည် အကြော်တို အငမ်းမရစားသည်။

'နောက်တစ်ပွဲ' ဟု ဆိုကာ သုဇိလ၏ ဦးခေါင်းကြီး မော့လာသည်နှင့် သီတာက အလိုက်သိစွာ အကြော်လာချသည်။

"မောင်ကြီးက.. သကျသာကီဝင်မဟုတ်လား၊ ဟိုမှာ ထိုင်နေတာတွေ တိဘက်တွေ ဖြစ်တယ်။ သူတို့က မောင်ကြီး ဒီဆိုင်အပြင်ထွက်ရင် သတ်ဖို့စောင့်နေကြတာ"

ဟု တိုးတိုးလေးကပ်၍ ပြောလိုက်သည်။

သုဇိလလက်က အကြော်ဗန်းကို ကိုင်နေသော်လည်း မျက်လုံးက ရန်သူတိဘက်များဆီသို့ မသိမသာ ကြည့်လိုက်သည်။ တိဘက်တွေက ဆယ်ယောက်မကပေ။ ထိုရန်သူများကို သူဖောက်ထွင်း၍ ထွက်ရပေတော့မည်။

"ညီမ.. အစ်ကို့ငွေအိတ် မြင်းပေါ်ကျန်ခဲ့လို့ လိုက်ယူပေးနိုင်မလား"

ဟု သီတာကို မေးလိုက်သည်။

"ရပါတယ် ဟိုဝါးရုံပင်အောက်က မြင်းကြီးမို့လား"

ဟု ဆိုကာ နှစ်ဦးသား ဆိုင်အတွင်းမှ ထွက်လာကြသည်။ ရန်သူများက သူတို့နှစ်ဦးအား စိုက်ကြည့်နေခိုက်...

"ညီမ အမြန်တက်"

ဟု ဆိုကာ သီတာကို မြင်းပေါ် တွန်းတင်ပြီး သုဇိလ မြင်းပေါ် လွှားကနဲ တက်လိုက်တော့သည်။

"အစ်ကို.. ဒါဘာလုပ်တာလဲ"

ဟု သီတာက အသံကျယ်ကျယ်ဟစ်၍ ပြောလိုက်ရာ သုဇိလက သီတာ၏ ပါးစပ်ကို ဘယ်လက်ဖြင့်ပိတ်၍ ညာလက်က မြင်းဇက်ကိုင်ကာ မြင်းကြီးကို အသော့နှင်ရတော့သည်။

"သမီး.. သမီး.. သမီး.. သီတာ"

ဟု မိခင်ကြီးက အော်ဟစ်ကျန်ခဲ့လေသည်။

"ထွက်ပြေးပြီ လိုက်ကြ"

ဟု နောက်မှအသံများ ကြားနေရသည်။

"ရှင် ဘယ်သွားမှာလဲ"

ဟု သီတာက မေးသည်။

"မသိဘူး"

ဟုပင် သုဇိလ ဖြေလိုက်ရှာ၏။

"ရှင် ဒီဒေသက ဘယ်နယ်တွေ ရောက်ဖူးသလဲ"

ဟု သီတာက မေးနေပြန်သည်။

"ဘယ်မြို့ ဘယ်ရွာမှ မရောက်ဖူးဘူး"

ဟု သုဇိလ အမှန်အတိုင်း ဖြေလိုက်ရသည်။

"ဒါဆို အနောက်မြောက်ကို သွားပါ"

ဟု သီတာက ခိုင်းသည်။

"အနောက်မြောက် ဆိုတာ ဘယ်အရပ်ကိုပြောတာလဲ"

ဟု ပြန်မေးလိုက်ရသည်။

"ဟိုမှာ ဝင်လုဆဲနေမင်းကြီးဟာ အနောက်အရပ်ကို ညွှန်ပြနေတယ်"

ဟု ဆိုလိုက်မှ သုဇိလ သတိပြုမိပါတော့၏။

"ဟိုမှာ.. ဟိုမှာ အမြန်လိုက်"

ဟု နောက်မှ ညာသံပေး၍ မြင်းများဖြင့် လိုက်လာကြသည်။

"အစ်ကို ခေါင်းကပဝါ ပေးပါ"

ဟု သီတာက တောင်းဆိုသည်။

"ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု သုဇိလက ပြန်မေးလိုက်တော့. . .

"အစ်ကို့ခါးနဲ့ ညီမခါး ချည်ထားရအောင်"

ဟု ဖြေသည်။

"မင်း ကျကျန်ရစ်မှာစိုးလို့လား၊ တို့ခါး ဖက်ထားလေ"

ဟု သုဇိလက ဆိုလိုက်ပြန်သည်။

"စကားများမနေနဲ့၊ အမြန်ပေးပါ"

ဟု တောင်းလိုက်မှ သုဇိလ ခေါင်းမှာပေါင်းထားသော ပဝါကို ဖြုတ်၍ သီတာလက်သို့ လှမ်းပေးလိုက်သည်။

သီတာသည် ကိုယ်ကို နောက်ပြန်လှည့်ထိုင်၍ နှစ်ယောက်သားခါး များကို ပဝါဖြင့် ပူးတွဲချည်နှောင်လိုက်သည်။

"လေးနှင့် မြားပေး"

ဟု ဆိုလိုက်ပြန်သည်။

"မင်းက မြားပစ်တတ်လို့လား"

ဟု သုဇိလက အထင်သေးသော လေသံဖြင့်မေးသည်။

"စကားမများနဲ့၊ လေးနှင့်မြား အမြန်ပေးပါ"

ဟု လေသံမာမာနှင့်ပင် သီတာ ဆိုလိုက်သည်။

သုဇိလလည်း ငြင်းလို့ရမည့်ပုံ မပေါ်၍ ကျောပေါ်မှာ လွယ်ထားသော လေးနှင့်မြားကို ပေးလိုက်ရသည်။

"ဟိုမှာ ဟိုမှာ. . လိုက်. . လိုက်"

ဟု ဆိုကာ နောက်မှ တိဘက်များက ဆူညံစွာ လိုက်ပါနေမြပင်ဖြစ်သည်။

"အစ်ကို. . နေလုံးကြီးကြည့်ပြီး မြောက်ယွန်းယွန်း သွားနော်"

"အေးပါ. . နေလုံးပျောက်သွားရင်တော့ တို့လည်း မတတ်နိုင်ဘူး"

"ကိစ္စမရှိပါဘူး၊ နေဝင်သွားရင် လထွက်လာမှာပါ"

"ဒီတော့ လရှိရာ ပြန်ကွေ့ရမှာလား"

"ရှင်က လကို ကျောခိုင်းပြီး သွားရမယ့်သူပါ၊ မြန်မြန်သွား"

"ဟိုမှာ. . ဟိုမှာ. . နှစ်ယောက်စလုံး သတ်ပစ်ရမယ်"

ဟု ဆိုကာ မြင်းများဖြင့် အပြေးပင် လိုက်လာကြလေသည်။

"မင်းလက်ထဲက လေးနှင့်မြားကို ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ"

ဟု သုဇိလက မေးလိုက်လျှင်-

"မောင်ကြီးက ကျွန်တော်မျိုးမကို မြားမပစ်တတ်ဘူး ထင်နေတယ်ပေါ့"

ဟု သီတာက ပြန်မေးသည်။

"အေးလေ. . နောက်ကရန်သူတွေ ဒီလောက်ပါလာတာကို မင်းက တစ်ချက်မှ မပစ်ရသေးဘူး"

"မောင်ကြီးရယ်. . . ညီမက ဒီလေးကြီးကို ဟန်ပြသက်သက် ကိုင်ထားတာမဟုတ်ပါဘူး၊ ရန်သူကို ကြောက်သွားအောင် ခြောက်လှန့်တာမျိုးလည်း မလုပ်ချင်ဘူး၊ ကိုယ်ပစ်လိုက်တဲ့မြားဟာ တစ်ချက်ပစ် တစ်ယောက်သေမှ ညီမက ကျေနပ်တဲ့သူပါ၊ ခု ရန်သူက ညီမတို့မြင်းကြီးကို မှီအောင်မလိုက်လာနိုင်သေးလို့ ညီမက ဒီအတိုင်းနေရတာ"

ဟု သီတာက ဆိုလိုက်သည်။

"ဒါဆို တို့မြင်းကို အပြေးလျှော့လိုက်ရမှာလား"

ဟု ပြန်မေးလိုက်၏။

"လုံးဝမလျှော့လိုက်နဲ့၊ အင်းကြီး ရောက်လုပြီ"

ဟု သီတာက ဆိုလိုက်ရာ. . .

"ဘာ. . အင်းကြီး ရောက်လုပြီ ဟုတ်လား"

ဟု ထိတ်လန့်တကြား ဆိုလိုက်သည်။

"ဟုတ်တယ်လေ၊ ရှေ့မှာ အင်းကြီးရှိတယ်၊ အင်းကြီးရောက်ရင် ကျွန်တော်မျိုးမတို့ လွတ်လပ်ပါပြီ မောင်ကြီးရယ်"

ဟု အားတက်စွာ ဆိုနေပြန်သည်။

"အင်းကြီးရဲ့ တောင်ဘက်မှာ တိဘက်စခန်း ရှိတယ်ကွ၊ မင်း ငါ့ကို ဖမ်းပြီး တိဘက်စခန်း ခေါ်သွားမလို့လား"

ဟု သုဇိလက မြင်းဇက်ကိုင်ရင်း ကုန်းအော်လိုက်တော့သည်။

"မောင်ကြီးရယ်. . ခု တိဘက်စခန်းက အင်းကြီးအနီးမှာ မရှိတော့ပါဘူး။ ညီမတို့ရွာအနီးက ပက်ကွဂါမ



www.burmeseclassic.com

www.burmeseclassic.com

တောင်ကုန်းပေါ် ပြောင်းလာကြပါပြီ။ ညီမတို့ ခုသွားရမယ့် ခရီးကလည်း အင်းကြီးမှာ လမ်းမဆုံးသေးပါဘူး။ အင်းကြီးမှာ မြင်းကိုထားပြီး ခရီးဆက်ရဦးမှာပါ"

ဟု ရှင်းပြသည်။

"ဒါဆို တို့က ဘယ်အထိ ခရီးဆက်ကြမှာလဲ"

ဟု သုဇိလက မေးလိုက်ရာ. .

"ကသိုဏ်းတောင်"

ဟု သီတာက ပြန်၍ဖြေလိုက်သည်။

"အစ်ကို. . ခါးကပဝါ အမြန်ဖြုတ်လိုက်"

ဟု သီတာက ပြောလိုက်သည်။

မှန်ပါ၏။ ရှေ့တွင် အင်းရေပြင်ကြီး တွေ့နေရပေပြီ။ အင်းကြီးမှာ တမျှော်တခေါ် နိုင်လှသည်။ သူတို့နှစ်ဦး မြင်းပေါ်မှ ဆင်းလိုက်ချိန်မှာပင် နေလုံးကြီး ကွယ်ပျောက်လျက် အမှောင်ထုကြီး လောကဓာတ်တစ်ခုလုံး လွှမ်းခြုံ၍ထားတော့သည်။

"ဒီဘက် အမြန်လာ"

ဟု ဆိုကာ သီတာက သုဇိလလက်ကိုဆွဲ၍ ခေါ်လာသည်။ ရေမှာပေါက်နေသော ကိုင်းတောကြီးက လူတစ်ရပ်ပင်မကပေ။ ကိုင်းပင်တွေကြားမှာ တိုးဝှေ့နေခိုက်. . .

"ဒီမှာ သူတို့စီးလာတဲ့ မြင်းကြီးတွေ့ပြီဟေ့၊ ကိုင်းတောထဲဆင်းပြီးရှာကြ"

ဟု ဆိုလိုက်သော တိဘက်များ၏အသံက ထွက်ပေါ်လာသည်။

"အစ်ကို ရှေ့ကနေလျှော် ညီမနောက်ကနေ ပဲ့ကိုင်မယ်"

ဟု ဆိုကာ ကိုင်းတောအတွင်းမှာ သိုဝှက်ထားသော လှေငယ်လေးပေါ်သို့ တက်လိုက်ကြသည်။

"ရှာကြဟေ့. . သူတို့ ဝေးဝေးမရောက်နိုင်သေးဘူး"

ဟု ဆိုကာ တိဘက်များက ကိုင်းတောကြီးအတွင်းမှာပင် ရှာဖွေ၍နေကြပေသည်။

အင်းကြီး၏ ရေလယ်တွင် ကျောက်ဆောင်ကြီးတစ်ခု တွေ့ရသည်။ အရှေ့ဆီမှ လမင်းကြီးက ထွက်ပြူစမို့ ဝိုးတဝါးပင် အဝေးသို့တိုင် မြင်နေရပေပြီ။ သုဇိလတို့ လှေငယ်လေးသည် ကျောက်ဆောင်ကြီးဆီသို့ ဦးတည်၍ လှော်ခတ်ခဲ့ကြသည်။ ကျောက်ဆောင်ကြီး ရောက်သည်နှင့် လှေငယ်ပေါ်မှ သီတာက အပြေးဆင်းလိုက်သည်။

"မောင်ကြီး မြန်မြန်ဆင်း၊ ဆင်းပြီးတာနဲ့ လှေကို ရေထဲနှစ်ပစ်လိုက်"

ဟု ဆိုသဖြင့် သုဇိလ ကပျာကယာပင် လှေပေါ်မှဆင်း၍ လှေငယ်ကို ရေမှာနှစ်ချလိုက်သည်။

သီတာသည် ကျောက်ဆောင်ကြီးတစ်နေရာကို လက်နှင့် အားကုန်ဖိချလိုက်ရာ ကျောက်တံခါးချပ်ကြီး ပွင့်လာသည်။

"မောင်ကြီး မြန်မြန်ဝင်"

ဟု သီတာက ခိုင်းလိုက်သည်နှင့် သုဇိလ ကျောက်ဂူကြီးအတွင်း ဝင်လိုက်ရတော့၏။

"ဟိုမှာ. . ဟိုမှာ. . အမြန်လိုက်ကြဟေ့"

ဟု တိဘက်များက အော်ဟစ်နေကြသည်။ ထိုအချိန်တွင် သီတာ တံခါးမှ ကျောက်ဂူအတွင်း အပြေးဝင်လျက် နံရံမှ ဘုကြီးကို အားကုန်ဖိချလိုက်သည်။

"ဝုန်း" ဟူသောအသံနှင့်အတူ ကျောက်ဂူတံခါးကြီးလည်း ပိတ်သွားတော့၏။ သုဇိလမှာ စကျွန်နှစ်ကွင်း အလင်းမရသူပမာ ဘာဆိုဘာမှ မမြင်ရတော့ပေ။ အပြင်မှ အသံများလည်း လုံးဝမကြားရတော့ပါ။

"ဂူမှာ တပ်ဆင်ထားသော ကျောက်တံခါးတစ်ချပ်က ပြင်ပကမ္ဘာလောကကြီးနှင့် ထိုမျှလောက် အဆက်အသွယ် ပြတ်တောက်သွားအောင် စွမ်းဆောင်နိုင်ပါလား"

ဟု သုဇိလ တွေးနေမိပါတော့သည်။

◆◆◆

ရှေ့လဆက်ရန်

**မောင်ယဉ်မွန်(မော်ဝ်နေခြည်)**



www.burmeseclassic.com

www.burmeseclassic.com

# ရှေ့ခြေတစ်လှမ်းတိုးလိုက်သော

# စာရေးဆရာအသင်း

## တက္ကသိုလ်သန်

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ပထမအကြိမ် ညီလာခံကို ဒီမိုကရေစီခေတ်စနစ်နှင့်အညီ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ရာ လေးနှစ်သက်တမ်း ပြည့်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်သည့်အားလျော်စွာ အသင်းကြီး၏ ဒုတိယ အကြိမ် ညီလာခံကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ နှစ်ရက် တိုင်တိုင် ကျင်းပခဲ့ပါ၏။

ညီလာခံ ထုံးစံအတိုင်း အကြိုညှိနှိုင်းအစည်းအဝေး ကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အသင်းရုံးအစည်းအဝေး ခန်းမ၌ ကျင်းပရာ လက်ရှိဗဟိုအမှုဆောင် ကော်မတီဝင် များနှင့် မြို့နယ်မှ တက်ရောက်ကြသည့် ညီလာခံကိုယ်စား လှယ်များ စုံညီစွာ တက်ရောက်ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂၆ ရက် နေ့ နေ့လယ် ၂ နာရီတွင် ကျင်းပရန် သတ်မှတ်ထားသော် လည်း ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် မြို့နယ်များမှ ညီလာခံကိုယ်စားလှယ်များက နေ့လယ် ၁၂ နာရီကပင် ရောက်ရှိနေကြသည်။ တစ်ဦးနှင့်တစ်ဦး မတွေ့သည်မှာ ကြာ ပြီဖြစ်၍ ကွဲကွာနေကြသော ညီအစ်ကိုမောင်နှမများ မိတ် ဟောင်းဆွေဟောင်းများပမာ နှုတ်ဆက်ကြ၊ စကားဆိုကြ ကြည်သာရွှင်ပျ အားရဝမ်းသာ အတွေ့အကြုံချင်း ဖလှယ် ကြနှင့် ပြောမဆုံးပေါင် တောသုံးတောင်ရှိတော့သည်။

နေ့လယ် ၂ နာရီထိုးသည်နှင့် အကြိုညှိနှိုင်းအစည် အဝေးကို စတင်သည်။ မြန်မာနိုင်ငံ စာရေးဆရာအသင် ဥက္ကဋ္ဌ ဆရာဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က နှု ခွန်းဆက်စကား ပြောကြားသည်။ ဥက္ကဋ္ဌက နှုတ်ခွန်းဆ စကား ပြောကြားရာတွင် ဒုတိယအကြိမ် ညီလာခံကို ပြီ သည့် ဇွန်လအတွင်း ကျင်းပရန် ကနဦးခဲ့သော်လည် အကြောင်းမညီညွတ်သဖြင့် ဩဂုတ်လသို့ ရွှေ့ဆိုင်းခဲ့ရကြော ပြန်ကြားရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရသဖြင့်က သိမ် လမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန အစ အဝေးခန်းမ၌ ကျင်းပရန် သတ်မှတ်ခဲ့ကြောင်း မူလ အသင်းကြီး၏ အစည်းအဝေးခန်းမ၌ ညီလာခံပြုလုပ် စဉ်းစားခဲ့သေးသော်လည်း သန့်စင်ခန်းကိစ္စ၊ ဓာတ်လှေက ကိစ္စ၊ ကျွေးမွေးဧည့်ခံရေးကိစ္စ စသည်ဖြင့် အခက်အခဲမ ရှိသည့်အတွက် ဤလေးချက်ကို ပယ်ဖျက်ခဲ့ရကြောင်း စသ ဖြင့် ပြောကြားသည်။

ဆက်လက်၍ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္က ဆရာဦးကျော်ဝင်း(မနုဿကျော်ဝင်း)က ဒုတိယအကြ ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပ ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ အချိန် ဆောင်ရွက်ခဲ့ကြောင်း ညီလာခံကိုယ်စားလှယ်များ သွား လာရေး၊ စားသောက်ရေးမှအစ အစစ အဆင်ပြေအော တတ်နိုင်သမျှ စီမံဆောင်ရွက်ထားကြောင်း အဆင်မ များရှိပါက နားလည်ခွင့်လွှတ်ပေးစေလိုကြောင်း ညီလာ ကိုယ်စားလှယ်အားလုံး ကျန်းကျန်းမာမာနှင့် ညီလာခံပြီ



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်သည်အထိ မိမိတို့နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံကြောင်း ပြောလေသည်။

ထို့နောက် ဆုံးဖြတ်ချက်နှင့် မှတ်တမ်းပြုစုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆရာဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ညီလာခံကျင်းပမည့် အစီအစဉ်၊ ဆွေးနွေးကြမည့် ညီလာခံကိုယ်စားလှယ်များ၊ သဘာပတိအဖွဲ့ဝင်စာရင်းသည်တို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ ပြီးနောက်အကြိုညှိနှိုင်းအစည်းအဝေးကို ရပ်နားခဲ့၏။

### ညီလာခံပထမနေ့ဆောင်ရွက်ချက်များ

ဒုတိယအကြိမ် ညီလာခံ ပထမနေ့ကို ဩဂုတ်လ ၂၇ ရက်နေ့ (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပသည်။ မူလအစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ရန်ရှိသော်လည်း အရေးကြီးလုပ်ငန်းတာဝန်များကြောင့် တက်ရောက်နိုင်ခြင်းမရှိဟုသိရ၏။

သို့ဖြစ်၍ နံနက်ပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အသင်းဥက္ကဋ္ဌဆရာ ဦးတင်လှိုင်(လယ်တွင်းသာစောချစ်)က အဖွင့်အမှာစကား ပြောကြားသည်။

ဆရာက အဖွင့်အမှာစကားပြောကြားရာတွင် အသင်းတွင် အသင်းဝင်ပေါင်း ၄၀၀၀ ကျော်ရှိကြောင်း။ မြို့နယ်တိုင်းလိုလိုတွင် မြို့နယ်အသင်းများကို ဖွဲ့စည်းထားကြောင်း။ ဗဟိုနှင့် မြို့နယ်အထက်အောက် ဆက်သွယ်မှု ပုံမှန်ရှိကြောင်း။ အသင်းတွင် ပါဝင်ကြသည့် စာရေးဆရာများသည် စာများများ ဖတ်ဖို့လိုကြောင်း "စိတ်ကောင်းရှိမှ စာကောင်းထွက်သည်" ဟူသော စကားနှင့်အညီ စိတ်ကောင်းမွေးကြဖို့ အရေးကြီးကြောင်း။ သုတစာပေရသ စာပေဟူ၍ ရှိသကဲ့သို့ ယင်းစာပေမျိုးစလုံးသည် စာဖတ်သူကို တစ်နည်းတစ်ဖုံ အကျိုးပြုချက်ရှိပါကြောင်း၊ စာပေလောကသားအချင်းချင်း စည်းလုံးညီညွတ်ဖို့ အရေးကြီးကြောင်း။ သတင်းစာဆရာအသင်း၊ စာပေထုတ်ဝေဖြန့်ချိသူများအသင်းနှင့် အခြားမိတ်ဖက်အသင်းများ ဖြစ်ကြသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် ပန်းချီရေးဆွဲသူများအသင်းများနှင့်လည်း မိတ်ဝတ်မပျက် ညီညွတ်စွာ ဆက်ဆံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ မြန်မာနိုင်ငံစာရေးဆရာအသင်း အဆင့်ဆင့်နှင့် စာရေးဆရာများသည် လောကကောင်းကျိုး၊ စာပေအကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ စာပေလောကတွင် ဂန္ထဝင်စာပေ၊ ခေတ်ပြိုင်စာပေဟူ၍ ရှိရာ တစ်မျိုးနှင့်တစ်မျိုး တင်ပြပုံချင်း မတူညီကြကြောင်း၊ ယခင်ခေတ်တင်ပြပုံနှင့် ယခုမျက်မှောက်ခေတ် တင်ပြပုံတို့ မတူပါကြောင်း။ အချုပ်ပြောချင်သည်မှာ စာရေးဆရာဆိုသည်မှာ အမြဲတမ်း စာဖတ်ပါ။ စဉ်ဆက်မပြတ် စာရေးပါဟု တိုက်တွန်းလိုကြောင်း ပြောကြားပါသည်။

အသင်းဥက္ကဋ္ဌ အဖွင့်အမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌဦးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးညွန့်ရွှေတို့က မြို့နယ်စာရေးဆရာအသင်းများအတွက် စာအုပ်ပေါင်း ၇၀၀၀ ကျော်ကို ပေးဆပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌမှ လက်ခံရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံအတွက် စေတနာရှင်၊ အလှူရှင်များနှင့် မြို့နယ်စာရေးဆရာအသင်းတို့က အသီးသီး ငွေနှင့် စာအုပ်စာတမ်းများကို လှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က လက်ခံကြသည်။ ထိုနေ့က လှူဒါန်းသည့် အလှူငွေတန်ဖိုး စုစုပေါင်းမှာ ကျပ် ၄၇၅၀၀၀ ဖြစ်သည်။

ထို့နောက် ဒုတိယအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားကို ရပ်နားသည်။

ဒုတိယအကြိမ် ညီလာခံ ပထမနေ့ ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ အသင်းအတွင်းရေးမှူးက ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာအကျဉ်းကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက အသင်းဘဏ္ဍာရေးအစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့ အစီရင်ခံစာကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၁)က ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေးစည်းမျဉ်း ပြင်ဆင်ချက်များကိုလည်းကောင်း အသီးသီး တင်သွင်းကြသည်။

ဆက်လက်၍ ရောက်လာသည့် ညီလာခံကိုယ်စားလှယ်များက ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာ၊ ဘဏ္ဍာရေးနှင့် စာရင်းစစ်အဖွဲ့ အစီရင်ခံစာ-ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေးစည်းမျဉ်း ပြင်ဆင်ရန် တင်ပြချက်တို့ကို ထောက်ခံဆွေးနွေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ အသင်းအတွင်းရေးမှူးက ပြန်လည်ဆွေးနွေး ဖြေကြားသည်။

ဆက်လက်၍ ညီလာခံကိုယ်စားလှယ် နှစ်ဦးတို့က နိုင်ငံတော်အစိုးရက ဦးစီးကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)နှင့် ပတ်သက်၍ ထောက်ခံသည့် အဆိုနှင့် ယင်းအဆိုကို ထောက်ခံကြောင်း တင်ပြကြသည်။

ထို့နောက် အယူခံတင်သွင်းလာသော ဗဟိုအမှုဆောင် ကော်မတီဝင်(ဟောင်း) တစ်ဦး၏ အယူခံလွှာနှင့် ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ညီလာခံကိုယ်စားလှယ်ငါးဦးဖြင့် ဖွဲ့စည်းထားသည့် အယူခံလွှာစိစစ်ရေးအဖွဲ့က စိစစ်ပြီး အယူခံလွှာကို "ပယ်ချ" ခဲ့သည်။

ဆက်လက်၍ အတွင်းရေးမှူးက ဒုတိယအကြိမ်ညီလာခံက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုခြင်းငါးရပ်တို့ကို ညီလာခံကိုယ်စားလှယ်များမှ သဘောတူ မတူ သဘာပတိမှတစ်ဆင့် ဆန္ဒပြုကြသည်။

ထို့နောက် ဒုတိယအကြိမ်ညီလာခံ ဆုံးဖြတ်ချက်များကို သဘာပတိနှင့် ညီလာခံကိုယ်စားလှယ်များက အတည်ပြုလက်မှတ်ရေးထိုးကြပြီး သဘာပတိ နိဂုံးချုပ်ပြောကြားကာ ပထမနေ့ အခမ်းအနားအစီအစဉ်ကို ရပ်နားခဲ့သည်။

ထိုနေ့ ညီလာခံသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ၂၂၃ ဦးအနက် ၂၀၈ ဦး တက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းကျော်ကြောင်း အခမ်းအနားမှူးက ကြေညာသည်။

## ညီလာခံဒုတိယနေ့ဆောင်ရွက်ချက်များ

ညီလာခံ ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌက အမှုဆောင်တစ်ဖွဲ့လုံး နှုတ်ထွက်ကြောင်းနှင့် အမှုဆောင်ကော်မတီအသစ် ရွေးချယ်နိုင်ရန် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ကို လွှဲအပ်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးအေးချို(မဟာဝိဇ္ဇာ)က မဲပေးပုံပေးနည်းနှင့် စည်းကမ်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဆန္ဒပေးပွဲကို ကျင်းပသည်။ ဆန္ဒပေးပွဲကို လျှို့ဝှက်မဲပေးစနစ်ကျင့်သုံးပြီး ဗဟိုအမှုဆောင်ကော်မတီဝင် ၃၀ ဦးကို အဆင့်ဆင့် ရွေးချယ်ကြသည်။ ရွေးချယ်တင်မြှောက်ခံရသော ဗဟိုအမှုဆောင်ကော်မတီဝင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥက္ကဋ္ဌ - ဦးကျော်ဝင်း(မနုဿကျော်ဝင်း)၊ ဒုဥက္ကဋ္ဌ (၁) - ဒေါ်ချိုချိုတင်(မစန္ဒာ)၊ ဒုဥက္ကဋ္ဌ(၂) - ဦးချစ်နိုင်(ချစ်နိုင်စိတ်ပညာ)၊ ဒုဥက္ကဋ္ဌ(၃) - ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)၊ အတွင်းရေးမှူး - ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူး(၁) - ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေး)၊ တွဲဖက်အတွင်းရေးမှူး(၂) - ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ တွဲဖက်အတွင်းရေးမှူး (၃) - ဦးကြည်စိန်(မော်ဝန်းကြည်မြတ်)၊ ဘဏ္ဍာရေးမှူး - ဦးကြိုင်မြင့် (မောင်ရန်ရှင်း)၊ စာရင်းစစ်မှူး - ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ ပြန်ကြားရေးမှူး - ဒေါက်တာတင်အောင်ရွှေ ၊ ငင်အောင်ရွှေ-သုတေသီ) နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ၁၁ ဦးတို့ ဖြစ်ကြသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ခံကြရသော ဗဟိုအမှုဆောင်ကော်မတီဝင်များက သဘာပတိရှေ့မှောက်တွင် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ထို့နောက် ဥက္ကဋ္ဌသစ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယအကြိမ် ညီလာခံအောင်မြင်စွာ ပြီးဆုံးခဲ့သည်။

လေးနှစ်လျှင် တစ်ကြိမ် ကျင်းပသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံတွင် ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များကို ညီလာခံကိုယ်စားလှယ်များ၏ အများဆန္ဒနှင့်အညီ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယင်းဗဟိုအမှုဆောင်ကော်မတီသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ စာပေလောကသားများအချင်းချင်း စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်နှင့် စာပေလောကသားများ အကျိုးကို သယ်ပိုးထမ်းရွက်ရင်း ဒီမိုကရေစီ ခေတ်စနစ်နှင့်အညီ အားမာန်သစ်ကို မွေးကာ ဆက်လက်ချီတက်သွားမည် ဖြစ်ပါကြောင်း တင်ပြရပါ၏။

တက္ကသိုလ်အောင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မွန်းတည့်ချိန်မှာ အရိပ်ရှာသူ

ကျော်မြသန်း

(ယခင်လမှအဆက်)

(လေး)

ကျွန်တော်သည် ပန်စလော့ အိမ်ခြံလေး၏ အရှေ့ဘက်သို့ မျက်နှာပြုထားသော ပြတင်းပေါက်မှ အပြင်သို့ ထုမ်ကြည့်နေမိသည်။ အချိန်မှာ မွန်းလွဲ ၂ နာရီခွဲခန့်။ နေပူပြင်းဆုံးအချိန်ဖြစ်သော်လည်း တောင်ပေါ်ဒေသမို့ ရာသီ၏ သဘာဝ အုံ့မှိုင်းသောမြူများ ဆိုင်းနေသည့် တောင်ကုန်းကြီးများက နေရာယူထားကြသည်။

ယင်းတို့ကို ကျွန်တော့်မျက်လုံးများက မြင်နေရသလို ကျွန်တော့်ရင်ထဲမှာလည်း နှင်းတောထဲတွင် လမ်းလျှောက်နေရသူလို လွင့်လွင့်မျောမျော ခံစားနေရပါ၏။ ကျွန်တော်ဆုပ်ကိုင်ထားသော ကြေးနန်းစာရွက်မှာလည်း ထုံးကြေနေပါပြီ။

ကိုဝမ်းဖေ ရန်ကုန်ဆင်းသွားပြီးနောက် မကြာမီမှာပင် ကျွန်တော်တို့ ထက်ဖက်ခြောက်လုပ်ငန်းမှာ ခါတိုင်းနှစ် မိုးရာသီများလိုပင် အေးဆေးစွာ ထုပ်ကိုင်ရန် အရှိန်ရနေသောကြောင့် ပုံမှန်အရောင်းအဝယ် အပေးအယူမျှသာရှိသဖြင့် ကျွန်တော့်မှာ အနေချောင်သည်ပါသည်။ ထို့ကြောင့် အလုပ်နည်းသော ကျွန်တော်က ပန်စလော့ခြံအိမ်သို့ အရောက်များနေတတ်သည်။

ယခုအချိန်ထိ ကျွန်တော် ပန်းလှိုင်ကိုချစ်နေရသည်မှာ အုံ့ပုန်းအခြေ့ဦးသာ ရှိပါသေးသည်။ နှုတ်က ထုတ်ပြောရန်အတွက် ဝန်လေးနေတုန်း ပင်။

လုပ်ငန်းပိုင်ရှင် သူဌေးတစ်ဦးက ကိုယ့်လုပ်ငန်းထဲမှ အလုပ်သမတစ်ယောက်ကို ချစ်ရေးဆိုရခြင်းမှာ သာမန်အားဖြင့် လွယ်ကူပါသည်။

တစ်ဖက်အနေဖြင့်ကြည့်လျှင် ပြည့်ပြည့်ဝဝ ယုံနိုင်ကောင်းစရာ မရှိနိုင်ပါ။ ခုမြင်ခုကြိုက်သဘောမျိုး ထင်စရာဖြစ်သွားလျှင် ကျွန်တော့်ကို အထင်သေးသွားသည်က အကြောင်းမဟုတ်။ တစ်သက်ဝေးသွားမည်က တကယ့်အကြောင်း ဖြစ်လာနိုင်သောကြောင့် ဆင်ခြင်စိတ်ဖြင့် စောင့်စည်းနေရခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျွန်တော့်အဖြစ်မှာ ပန်းလှိုင်ကို အနားတွင်ထားပြီး လွမ်းမောနေရသူ သို့နှယ် ဖြစ်နေရ၏။

ကျွန်တော် သူမကို လိုက်လိုက်ထင်ထင် ချစ်နေကြောင်း ပန်းလှိုင်သိစေချင်လှသည်။ သို့မှသာ အကြောင်းစုံ၍ အခွင့်ပေါ်က ချစ်ရေးဆိုသည့်အခါ မငြင်းသာ၊ မပယ်သာ ရှိပါလိမ့်မည်။ ထိုသို့ ဖြစ်ရေးမှာ အနေနီးမှ ဖြစ်မည်မို့ ကျွန်တော် ပန်စလော့သို့ မကြာခဏ လာနေရခြင်းလည်း ဖြစ်သည်။

ပန်းလှိုင်က ကျွန်တော့်အပေါ် ဆက်ဆံရေးမှာ အလွန်ရိုးစင်း၏။ ကျွန်တော့်သဘောကို ကြေညက်စွာ နားလည်သလို ပြုမူတတ်သည်။ အမြဲတမ်း အဆင်သင့် ဖြစ်နေတတ်သည်။

ယင်းသို့ တစ်ဖက်သတ်ဆန်သော အဖြစ်မျိုးတွင် ရိုးစင်းသူကို ဆန်းပြားသူက လိပ်ပြာမသန့် လန့်ရတတ်သလို ကျွန်တော်ကလည်း ပန်းလှိုင်ကို လန့်နေရပါ၏။

ထိုနေ့က တစ်နံနက်လုံး ထိုနေရာတစ်ဝိုက်တွင် မိုးလေဝသ ကြည်စင်နေသည်။ ယင်းကို အခွင့်ကောင်းယူ၍ ပန်းလှိုင်နှင့်ကျွန်တော် ဦးဆောင်၍ လုပ်သားနှစ်ယောက်နှင့်အတူ လက်ဖက်တောင်ပေါ်သို့ ရောက်ခဲ့ကြသည်။ တလောက တောင်ပေါ်ရေ အဆင်းကြမ်းသဖြင့် လက်ဖက်ပင်များ ပျက်စီးသွားသည်ဟု ဆိုကြသဖြင့် သွားကြည့်ခြင်းဖြစ်သည်။ ပြန်ပြုပြင်ရန် ဆွေးနွေးကြသည်။ ကံကောင်းသည်မှာ ထိုနံနက်ပိုင်း တစ်ချိန်လုံး မိုးမရွာခြင်းပင်ဖြစ်သည်။

ထိုအချိန်၌ ကျွန်တော့်အတွက် အရေးပါသော ကြေးနန်းစာတစ်စောင် ကျောက်မဲအိမ်သို့ ရောက်နေချေပြီ။ အိမ်စောင့်ဖြစ်သူ အိုက်စံက ကြေးနန်းစာကို ပန်စလော့ခြံအိမ်သို့ယူလာသည်။

ဤတွင် အရေးကြီး၊ မကြီးသိလို



www.burmeseclassic.com

www.burmeseclassic.com

သော ဦးလောဝမ်က ဖောက်ဖတ်သည်။ သူ့သဘောမှာ အလွန်အရေးကြီးလျှင် ကျွန်တော့်ရှိရာ တောင်ပေါ်သို့ လူလွှတ်ခေါ်ရန်ဖြစ်သည်။ ယခုတော့ ကြေးနန်းစာမှာ ကျွန်တော့်အား ရန်ကုန်မှ ကိုဝမ်းဖေက အကြောင်းကြားခြင်းမျှသာ ဖြစ်၍ ဦးလောဝမ်သည် ကျွန်တော်ပြန်အရောက်ကိုသာ စောင့်နေခဲ့ခြင်းဖြစ်သည်။

ကြေးနန်းစာမှာ...

ဦးလာဘသေဆုံးပြီ၊ ဘာလုပ်ရမည်ကို အကြောင်းပြန်။

ဟု ရေးထားသည်။

ကြေးနန်းစာကိုဖတ်ပြီး ကျွန်တော် တွေဝေငေးငိုင်ပြီး မှင်တက်မိသွားသည်။ ကျွန်တော် မည်သို့ အကြောင်းပြန်ရမည်ကို အဖြေရှာမရ။ ဘာကြောင့် သေဆုံးသည်၊ အမှုအခြေအနေ မည်သို့ရှိသည်ကို သိရန်လိုသေးသည်။

ဦးလာဘ သေဆုံးခြင်းအတွက် စိတ်မကောင်းဖြစ်ရသော်လည်း အမှုပြီးဆုံးသွားသည့်အတွက်မူ ဝမ်းသာရသည်။ လူသည် အတ္တသမား မဟုတ်ပါလား။

ဖြစ်ကြောင်းဖြစ်ရပ်ကို အသေအချာ မသိရသေးသည့်အတွက် မရေရာသော အတွေးစဉ်များဖြင့်သာ ရစ်ထွေးနေသည်။

ပြတင်းပေါက်ကို လက်ထောက်ရင်း ကျွန်တော် တွေဝေနေဆဲမှာပင် အနောက်ဘက်မှ ခြေသံကြားလိုက်ရသဖြင့်...လှည့်ကြည့်လိုက်မိသည်။ ဦးလောဝမ်၏ စူးရဲသောအကြည့်ဖြင့် မမျှော်လင့်ဘဲ ဆုံလိုက်ရသည်။ တစ်ခါဖူးမျှ မတွေ့ရဖူးသော အကြည့်မျိုးဖြစ်သဖြင့် ကျွန်တော် အံ့သြရပြန်သည်။

"ကိစ္စရှိလို့လား ဦးလောဝမ်"

"အင်း...ကိစ္စ၊ ကိစ္စရယ်လို့တော့ မဟုတ်ဘူးပေါ့ကွယ်"

သူ့အသံ သြသြကြီးမှာ လေးလေးအက်အက်ကြီး ဖြစ်နေသည်။

"မောင်သက်ထွန်းကို မေးစရာလေးရှိလို့ပါ"

"ထိုင်လေ ဦးလောဝမ်၊ ဘာများပါလိမ့်"

သူက ကျွန်တော့်ရှေ့တည့်တည့် ကုလားထိုင်ပုလေးတွင် ဝင်ထိုင်သည်။ ရပ်နေသော ကျွန်တော်မှာလည်း သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ရသည်။

"အင်း...သံကြိုးစာကြောင့်ပဲ ဆိုပါတော့လေ။ ဦးလာဘဆိုတာ ဘယ်သူများလဲလို့ပါ"

"ခင်ဗျာ"

သူ့အမေးကြောင့် ကျွန်တော် အံ့သြရပြန်သည်။

"ဦးလောဝမ် ဘာကို သိချင်တာလဲ"

"ဒီလိုလေ၊ အင်း...အဲ..နေဦးကွယ့်။ ကျုပ်မေးတာ လောကြီးသွားပြန်ပါပြီကွယ်။ သိချင်လွန်းအားကြီးလို့ပါ။ ဦးလာဘ...အဲ...လာဘဆိုတဲ့ နာမည်မျိုး ကျုပ်ရဲ့မျိုးနွယ်ထဲမှာ ရှိဖူးတယ်လေ။ လူကောင်းတစ်ယောက်တော့ မဟုတ်ပါဘူး"

"ဟုတ်ကဲ့...ပြောပြပါလား ဦးလောဝမ်"

"ဒီလို မောင်သက်ထွန်းရဲ့ ကျုပ်တို့ဇာတိက တောင်ပိုင်းရှမ်းပြည်နယ်ပဲ။ တိုတိုပြောရရင်ကွယ် ကျုပ်ရဲ့သမီးနဲ့ အဲဒီတုန်းကလေနေတဲ့ မောင်လာဘတို့ လူငယ်ချင်း မေတ္တာမျှပြီး မှားကြတယ်။ မကြာဘူး မောင်လာဘ ပျောက်သွား တယ်။ ကျုပ်သမီးမှာလည်း မဖုံးနိုင် မဖိနိုင်တဲ့ အခြေရောက်လာပြီ။ ဒါမျိုးကို ရွာက လက်မခံဘူးကွယ့်။ အဖေတစ်ခု သမီးတစ်ခုဆိုတော့ ကျုပ်လည်း အရှက် ကွဲရတာပေါ့။ ဒါနဲ့ တစ်ရွာပြောင်းကြ ပါရော။ ကျုပ်သမီးက မြေးလေးပန် လိုင်ကိုမွေးပြီး သေသွားတယ်လေ"

ဦးလောဝမ်၏အသံက ကြေကွဲ ဆို့နင့်နေသည်။ ပြောလက်စ စကားကို နားလိုက်သော်လည်း သူ့အကြည့်က ကျွန်တော့်ကိုကျော်၍ ပြတင်းပေါက်မှ လှမ်းမြင်နေရသော မှိုင်းညို့ညို့ တောင် တန်းဆီသို့ ရောက်နေသည်။

"အဲဒီကတည်းက ဦးလာဘ ပျောက်သွားတာလား"

ကျွန်တော်က အမေးစကား ဆက်လိုက်ရသည်။

"ဟုတ်တယ်။ ဒါပေမယ့် ကျုပ် ကလည်း အလကားနေတာ မဟုတ်ဘူး ကွယ့်။ သူ့အကြောင်း စုံစမ်းနေတာပါပဲ။ လူကိုမတွေ့ရတော့ပေမယ့် ကြားရတဲ့ သူ့သတင်းက မကောင်းဘူး။ ဒီတော့ ကျုပ်လည်း ကြောက်လာတယ်။ ကျုပ် ဆီမှာ သူ့သမီးရှိနေတယ်ဆိုတာ သိရင် တော့ တစ်နေ့မဟုတ်တစ်နေ့ ရောက် လာမှာပဲဆိုတာ တွေးမိတာနဲ့ ကျုပ် လည်း ကိုယ်ယောင်ဖျောက်ရင်း ဒီကို ရောက်လာတာ"

ဦးလောဝမ်က သူ့စကားကို အဆုံးသတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က သော့ခတ်ထားသည့် သားရေအိတ်ထဲက သတင်းစာဖြတ်ပိုင်းကိုယူ၍ ဦးလောဝမ်ကို ပြထိုက်သည်။ ထိုသတင်းစာ ဖြတ်ပိုင်းထဲတွင် ဦးလာဘ၏ ဓာတ်ပုံပါသည်။

"ဖောက်ထွင်းဝိဇ္ဇာကြီး ဖမ်းမိပြီ" ဆိုသော သတင်းကို ဖော်ပြစဉ်က ကျွန်တော် ဖြတ်သိမ်းထားခြင်းဖြစ်သည်။

"အား···အစစ်ပေါ့ကွယ်။ သူမှ သူအစစ်ပဲ။ လာဘပါလား၊ လာဘ··လာဘ"

ဦးလောဝမ်၏ ရေရွတ်သံမှာ ကျွန်တော့်ရင်ကို တုန်ယင်လှုပ်ခါသွားစေခဲ့ပါသည်။ ဦးလာဘ တွေ့ချင်နေရှာသော သူ့သမီးလေးမှာ ကျွန်တော်ချစ်သော ပန်းလှိုင် ဖြစ်နေပါပြီကော။

"ကျုပ်တို့ မြေးအဘိုးမှာ လာဘရဲ့ အနောင့်အယှက်က ကင်းအောင်ဒီကိုပြေးခဲ့ရတာပါကွာ။ ခုတော့··· မောင်သက်ထွန်းကိုယ်တိုင် လာဘနဲ့ အဆက်အသွယ်ရှိတဲ့သူဆိုတော့"

"ဒီလိုမဟုတ်သေးဘူး ဦးလောဝမ်"

သူ့စကားကို ဖြတ်၍ ကျွန်တော် ဝင်ပြောလိုက်ရသည်။

"ခုလို သူပါပဲဆိုတာ သေချာသွားပြီဆိုတော့ ကျွန်တော့်မှာ ပြောပြစရာတွေ ရှိနေပြီ ဦးလောဝမ်"

"ဘယ်လိုကွယ့်···မောင်သက်ထွန်း"

"မှန်ပါတယ်··။ ဦးလာဘဟာ နောက်ကြောင်းမကောင်းပါဘူး။ သူကောင်းအောင် ကြိုးစားလို့လည်း မရခဲ့ဘူး။ သူ့အသိုင်းအဝိုင်းရဲ့ ချုပ်ကိုင်မှုကို သူခံနေရပါတယ်။ ဒါပေမယ့် သူ့မှာ စိတ်ကောင်းရှိပါတယ် ဦးလောဝမ်"

"လူဆိုးဟာ လူကောင်းမဟုတ်ဘူးလေ"

ဦးလောဝမ်က ခေါင်းတခါခါဖြင့် ပြောလာသည်။

"ကျွန်တော်ကတော့ သူနဲ့ နီးစပ်ခဲ့ဖူးတယ်။ ဒါကြောင့် သူ့သဘောထားကို သိနေတာပါ။ ဒါတွေကို ရှည်ရှည်ဝေးဝေး ကျွန်တော် မပြောချင်တော့ပါဘူး။ အဲ···သူ့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ သူ့သမီးလေးဆီကိုပြန်မယ်။ တောင်ပေါ်မှာ ခြံဝယ်စိုက်ပျိုးပြီး ခေါင်းချတဲ့အထိ နေသွားဖို့ပဲဆိုတာ ကျွန်တော်သိတယ်"

"အေးလေ၊ နားရှိလို့ ကြားရတာပဲလို့ ထားပါတော့။ မောင်သက်ထွန်း ပြောလို့သာ ကျုပ်ယုံချင်ချင်ဖြစ်မိတာ။ သူနဲ့ မောင်သက်ထွန်းက ဘယ်လို အဆက်အသွယ်ဖြစ်ကြတာလဲ"

ဦးလောဝမ်က ပြောမေးမေးလာသည်။

ဤတွင် အကြောင်းစုံကို ကျွန်တော် ပြောပြလိုက်သည်။ ဒါပေသိ အဖြစ်မှန်အတိုင်းမဟုတ်ဘဲ ဦးဘသာ၊ ကိုဝမ်းဖေတို့ကို ပြောခဲ့ဖူးသလိုပင် ဦးလာဘသည် ကျွန်တော်၏ အသက်သခင် ကျေးဇူးရှင်အဖြစ် ဖန်တီးပြောပြလိုက်ခြင်း ဖြစ်ပါသည်။

"သူများတွေအပေါ်မှာ ဆိုးချင်လည်း ဆိုးမှာပေါ့။ ဒါပေမယ့် ကျွန်တော့်အပေါ်မှာတော့ သေတွင်းက ကယ်ခဲ့တဲ့ ကျေးဇူးရှင်ပဲ။ ဒါကြောင့် ကျွန်တော် အခုလို အခြေတကျဖြစ်နေချိန်မျိုးမှာ သူ့ကို ကူညီချင်တာ။ သူ့ဆန္ဒတွေကို ကျွန်တော် ဖြည့်စွမ်းချင်တာ။ ဒါကြောင့် သူ့ဖြစ်မှုမှာ အလျော့ပေါ့ဆုံးဖြစ်အောင် ကိုဝမ်းဖေကိုလွှတ်ပြီး ကြိုးစားခိုင်းရတာပါ"

ဦးလောဝမ် ဘာမျှမပြောဘဲ နှုတ်ဆိတ်နေစေကာမူ သူ၏အသွင်မှာ စောစောကလောက် မတင်းမာတော့ပါ။

"ဦးလောဝမ် ကျွန်တော့်ကို နားလည်ပါတယ်နော်"

တွေဝေနေသော ဦးလောဝမ်က ခေါင်းညိတ်သည်။

"အေးလေ···ကိုယ့်အသက်သခင်ကို ကျေးဇူးသိတတ်တာကတော့ ကောင်းပါတယ်။ မောင်သက်ထွန်းကို ချီးကျူးပါတယ်။ ပြီးတာလည်းပြီးပြီဆိုတော့ ဒါကို တံခါးပိတ်လိုက်ပါတော့ကွယ်"

ကျွန်တော် သက်ပြင်းရှိုက်ဖြစ်သွားသည်။

"နောက်ပြီး ဒီအကြောင်း ဒီကိစ္စတွေကို ကျုပ်မြေးပန်းလှိုင် မသိပါစေနဲ့။ စိတ်ထိခိုက်ပြီး အားငယ်သွားပါမယ်။ အဲ···အရေးကြီးတာကတော့ မောင်သက်ထွန်းလည်း လူကြီးနေရာ ရောက်နေပြီမို့ လူကောင်းနဲ့ ပေါင်းမိဖို့ အရေးကြီးတယ်။ ဒါကိုတော့ သတိထားစေချင်တယ်။ လူဆိုးဆိုတာ ချိုပါတာမဟုတ်ဘူးလေ"

သူ့စကားကြောင့် ကျွန်တော် ပြုံးမိသွားသည်။

ထိုအခိုက်မှာပင် ကျွန်တော့်ခေါင်းထဲ အတွေးတစ်ခု ဝင်လာသည်။ ရင်ထဲမှာ ပေါ့သလိုဖြစ်သွားရသည်။

ထိုင်ရာမှ ထတော့မည့် ဦးလောဝမ်ကို ပြန်ထိုင်ခိုင်းလိုက်ရသည်။

"ကျွန်တော် ဦးလောဝမ်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com

ချင်နေတာလေး ရှိလို့ပါ"

သူ၏ စူးစမ်းသော အကြည့်ကြောင့် ကျွန်တော့်မှာ ဆက်ပြောရခက်နေပြန်သည်။

"ဘာများလဲ မောင်သက်ထွန်း ပြောလေ"

ကျွန်တော်၏ရင်ထဲတွင် ရှိနေသော စကားလုံးများမှာ နှုတ်ပွင့်နေနေသည်။ မပြောမဖြစ်သမို့ ဇွတ်မိုတ်ပြောလိုက်ရသည်။

"ကျွန်တော် ပြောတာကို နားနဲ့မနာ ဖဂ်၊ ့နာဆိုသလို အခုမပြောလည်း နောက်တော့ ပြောရမှာမို့ ခုပဲ ပြောပါရစေ"

စတင်ရန် ခက်သူပီပီ စကားပလ္လင်ခံရပြန်သည်။

"စိတ်တော့ မရှိပါနဲ့ဦးရယ်၊ ကိုယ်တိုင်ပြောပြရတာကတော့ သိပ်မကောင်းလှပါဘူး"

"ပြောမှာသာ . . . ပြောကွယ့် မောင်သက်ထွန်း။ မင်းဟာ တို့အလုပ်ရှင်သူဌေးပဲ"

"ခုပြောမှာက အဲဒီလုပ်ငန်းရှင် အနေနဲ့ ပြောမှာ မဟုတ်ပါဘူး"

"ဟုတ်ပါပြီလေ။ ပြောမှာသာ ပြောပါ မောင်သက်ထွန်း"

"ကျွန်တော် ပန်းလှိုင်ကို သဘောကျနေပါတယ်။ ဆိုချင်တာက ကျွန်တော် သူ့ကို လက်ထပ်ချင်တယ်"

ကျွန်တော် တိုရှင်းလိုရှင်းပြော၍ ဦးလောဝမ် သွင်ပြင်ကိုလည်း အကဲခတ်မိသည်။ မယုံနိုင်သော သူ့အကြည့်နှင့် ဆုံရသည်။

"ကျုပ်တို့က ဆင်းရဲသား အလုပ်သမားပဲလေ။ မယားမှတ်မှတ်၊ သားမှတ်မှတ် ပေါင်းနိုင်မယ်ဆိုရင် မောင်သက်ထွန်းကသာ စဉ်းစားဆုံးဖြတ်ရမှာပဲ"

"ဆင်းရဲချမ်းသာတာ အကြောင်း မဟုတ်ပါဘူး ဦးလောဝမ်။ လူချင်းသင့်မြတ်ဖို့၊ မေတ္တာမျှနိုင်ဖို့၊ အရည်ပေါင်းနိုင်ကြဖို့ကသာ . . ."

"ကျုပ်မြေးရဲ့ အဖေက လူဆိုးသူခိုးပဲ"

ကျွန်တော့်စကားကိုဖြတ်၍ သူက ဝင်ပြောသည်။ သူ့စကားမှာလည်း ပွင့်လင်းလွန်းလှပေသည်။

"ဦးလာဘဟာ ကျွန်တော့်ရဲ့ အသက်သခင်ပါ ဦးလောဝမ်။ သူ့သမီးကိုစောင့်ရှောက်ခြင်းဟာ သူ့ကိုကျေးဇူးပြုရာ ရောက်ပါတယ်"

ဦးလောဝမ် ဘာမျှ ဆက်မပြောတော့ပါ။ စောစောကနှင့် လုံးဝမတူသော သူ့အသွင်မှာ အပြုံးယဲ့ယဲ့နှင့် ယှက်ထွေးနေပါသည်။

"အဟင်း . . . ပြောမယ့်သာ ပြောရတယ်။ တကယ်စဉ်းစားကြည့်တော့ ကျုပ်မြေးပန်းလှိုင်ကလည်း မောင်သက်ထွန်းကို သဘောကျနေပုံပဲကွယ်။ ဟုတ်ပြီလေ။ ကျုပ်ကတော့ ပြောစရာမရှိပါဘူး။ ပန်းလှိုင်ခေါင်းညိတ်ရင် ပြီးတာပါပဲ။ မောင်သက်ထွန်းကသာ စဉ်းစားပါ။ မောင်သက်ထွန်းသဘောတစ်ခုပါပဲ"

သူ့စကားက ကျွန်တော့်ရင်ကို အေးမြရွှင်လန်းသွားစေပါပြီ။

"ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ ဦးလောဝမ်"

"အင်းလေ . . . ဒါဆိုလည်း ကျုပ်မြေးပန်းလှိုင်ကို ကျုပ်ပဲ ပြောပြလိုက်ပါတော့မယ်"

ထိုစကားမှာလည်း ကျွန်တော့်အတွက် ဝမ်းသာစရာပင်ဖြစ်သည်။

ကျွန်တော်ကိုယ်တိုင် ပန်းလှိုင်အားပြောဖို့ အခက်အခဲမရှိသော်လည်း အဆင်ချောမချောကိုမူ အပိုင်တွက်လို့မရ။ ခုတော့ အဆင်ချောဖို့ သေချာသွားပြီ။

ထိုညမှာပင် ကျွန်တော် ကျောက်မဲမြို့အိမ်ကြီးသို့ ပြန်လာခဲ့သည်။

ပန်းလှိုင်တို့မြေးအဘိုး လွတ်လွတ်လပ်လပ် ပြောဆို တိုင်ပင်နေစေရန် ဖြစ်၏။

နောက်နေ့တွင် ကိုဝမ်းဖေထံသို့ ကြေးနန်းရိုက်လိုက်သည်။

***မန္တလေးပြန်လာပါ။***

***ကျွန်တော် ဆင်းစောင့်မည်။***

***သက်ထွန်း***

□□□

## အပိုင်း (၄)

## ပစ္စုပ္ပန်နှင့် ထိတွေ့ခြင်း

### (တစ်)

တကယ်တမ်းတွင် မန္တလေးတိုက်ကြီးသို့ ကိုဝမ်းဖေထက် လေးရက်နောက်ကျပြီးမှ ကျွန်တော်ရောက်သွားခဲ့သည်။

ကျွန်တော့်ဆန္ဒအရဆိုလျှင် ဤရက်အတွင်း ပန်းလှိုင်ကိုလည်း ကိုယ်တိုင် ဖွင့်ပြောချင်သည်။ မန္တလေးသို့လည်း ခုန်းစိုင်း၍ ပြေးချင်သည်။

သို့တစေ ဘာတစ်ခုမျှ မဖြစ်ခဲ့ပါ။ လုပ်ငန်းပိုင်ရှင် တစ်ဦး၏ ဘဝကို



www.burmeseclassic.com

www.burmeseclassic.com

သန္တက အဆုံးအဖြတ်မပေးပါ။ အလုပ်ထဲသာ အဆုံးအဖြတ်ပေးပါသည်။

မန္တလေးတွင် ကျွန်တော် မည်မျှကြာဦးမည် မသိပါ။ ကျွန်တော်မရှိစဉ် လုပ်ငန်းများ အဆင်ချောမောရေးမှာ အရေးကြီးသည်။ ကြိုတင်ပြင်ဆင်စရာများကို လုပ်ရသေးသည်။ မတွေ့မဖြစ်သည့် ကုန်သည်ကြီးများကို တွေ့ရသေးသည်။ မပေးမဖြစ်သည့်သူများအတွက် လက်ဖက်အိတ်များ အရန်ဆောင်ထားဖို့ စီစဉ်ရသည်။

ဤမျှ မအားလပ်ရသည့်ကြားမှ ပန်းစလော့ခြံအိမ်သို့ တစ်နံနက်တွင် ရောက်လိုက်သေးသည်။ လွဲချင်တော့ ပန်းလှိုင်မှာ ပြုပြင်စိုက်ပျိုးရေးအဖွဲ့နှင့်အတူ တောင်ပေါ်သို့ ထွက်သွားသဖြင့် လွဲခဲ့ရသည်။

ကျွန်တော့်မှာလည်း ထိုနေ့ညနေပိုင်းတွင် ကုန်သည်နှစ်ဦးနှင့် ချိန်းထားသဖြင့် ကျောက်မဲသို့ မပြန်၍မဖြစ်။ ထို့ကြောင့် ပန်းလှိုင်ပြန်ရောက်သည်အထိ မစောင့်နိုင်တော့ဘဲ ထိုနေ့ မွန်းလွဲပိုင်းတွင် ကျောက်မဲသို့ ပြန်ခဲ့ရတော့သည်။

ကျောက်မဲအိမ်သို့ တစ်ဖတ်လျှင်သုံးရက်မျှ လာရောက်ရန်ကိုလည်း ဦးလောဝမ်ကို မှာကြားခဲ့ရသည်။

ကျောက်မဲတွင် နှစ်ရက်နေပြီးနောက် ပြင်ဦးလွင်သို့ ဆင်းသည်။ ထိုအိမ်ခြံတွင် တစ်ညအိပ်ပြီးမှ မန္တလေးသို့ ဆင်းခဲ့ခြင်းဖြစ်သည်။

ကျွန်တော် မန္တလေးသို့ ရောက်သောအချိန်က ကိုဝမ်းဖေမှာ စတိုခန်းကိုပြန်လည်ပြင်ဆင်နေရာ လက်သမားများနှင့် အလုပ်ရှုပ်နေရှာသည်။

သူတို့လုပ်ရှားမှုကိုကြည့်ပြီး ကျွန်တော် နားမလည်နိုင်အောင် ဖြစ်ရသဖြင့် စတိုခန်းကို ဘာကြောင့် အခိုင်အခံ့ ပြင်ဆင်နေသည့်အကြောင်း ကိုဝမ်းဖေအား မေးရသည်။

သူက လိုအပ်တဲ့အခါ အသုံးပြုနိုင်အောင်လို့ပါ ကိုသက်ထွန်းဟု ခပ်အေးအေးပင် ဖြေသည်။

"ဘာတွေ်များ • • •အသုံးပြုဖို့ အကြောင်းရှိနေလို့လဲ ကိုဝမ်းဖေ"

"လောလောဆယ်တော့ မရှိပါဘူး။ တံခါးပျက်နေတာကို ပြင်ရင်းနဲ့ တစ်ဆက်တည်း ဆက်လုပ်လိုက်တာပါ"

အချေအတင် ဆက်ပြောစရာကိစ္စမဟုတ်သောကြောင့် ကျွန်တော်လည်း ဘာမှဆက်မပြောဘဲ နေလိုက်သည်။

"ကဲပါဗျာ ကိုဝမ်းဖေ၊ ခင်ဗျားအလုပ်တွေ ခဏရပ်ထားလိုက်ပါဦး။ ကျွန်တော် ရန်ကုန်ကကိစ္စ သိချင်တယ်။ ဧည့်ခန်းကို လာခဲ့ဗျာ"

ဘာကြောင့်ရယ်မသိ ယခုအချိန်အထိ ကျွန်တော့်ရင်ထဲတွင် ဧည့်သည်တစ်ယောက်လိုပင် ခံစားနေရသည်။ တိုက်ကြီးကိစ္စကို သိပ်ပြီး လေးလေးနက်နက် မရှိလှပါ။ ဤတိုက်ကြီးနှင့်စာလျှင် ပန်းစလော့ခြံအိမ်နှင့် ကျောက်မဲအိမ်ကြီးကမှ ကျွန်တော့်အတွက် လေးနက်မှု ရှိနေပါသည်။

ကိုဝမ်းဖေပြောပြသော ဦးလာဘအကြောင်းမှာလည်း ကျွန်တော်သိချင်သလောက် မပြည့်စုံပါ။

ဦးလာဘမှာ နှလုံးရောဂါဖြင့် ဆေးရုံမှာပင် သေဆုံးသွားကြောင်း။ အလောင်းကို တောင်းဆိုမည့်သူ မရှိသောကြောင့် ထောင်ကပင် ကိစ္စပြီး လုပ်လိုက်ကြောင်း။

ဦးလာဘက တရုတ်ပွဲရုံ ဖောက်ထွင်းမှုနှင့်ပတ်သက်၍ ပူးပေါင်းကြံစည်သူ တစ်စုံတစ်ယောက်မျှမပါဘဲ သူတစ်ကိုယ်တော် ကျူးလွန်ခဲ့ကြောင်း ဖြောင့်ချက်ပေး ထွက်ဆိုသွားခဲ့သည်ဟု သိရကြောင်း။

သူ ဦးလာဘနှင့်တွေ့ဆုံရန် ကြိုးစားခဲ့သော်လည်း တွေ့ဆုံခွင့် မရခဲ့ကြောင်း။ ကျွန်တော်မှာလိုက်သည့် ကိစ္စများကို ဘာမှမလုပ်နိုင်သည့်အကြောင်း ပြန်ပြောပြသည်။

ကိုဝမ်းဖေပြောသည့်အထဲတွင် အကြောင်းတစ်စုံတစ်ရာ ထူးခြားမှု မပါသော်လည်း ကိုဝမ်းဖေ၏ မျက်နှာပေါ်တွင် ပေါ်လွင်လာသည့် အမူအရာများမှာမူ ထူးခြားရိပ်ကလေးများ ထင်လင်းပေါ်လွင်နေသည်ဟု အကဲခတ်မိလိုက်ရသည်။

ကိုဝမ်းဖေက သည်သို့ပြောပြီး ထပ်ဆင့်မေးခွန်းထုတ်လာသည်။

"ကျွန်တော် သိခဲ့ရသလောက်ကတော့ အဲဒါပဲ ကိုသက်ထွန်း။ ကျွန်တော့်ရင်ထဲမှာ မရှင်းမရှင်းဖြစ်နေတဲ့ ထပ်ပြီး သိချင်တာကလေးတွေကိုတော့ ကိုသက်ထွန်းကို မေးပါရစေ"

ထိုသို့ ပြောလာစဉ် ကိုဝမ်းဖေ၏ မျက်နှာပေးမှာ မခိုးမခန့်အသွင် ထင်ရစ်နေသည်။

ကျွန်တော်က တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောလိုက်သည်။

"ဘာတွေများ မရှင်းမရှင်းဖြစ်နေလို့လဲ ကိုဝမ်းဖေ၊ မေးစရာရှိတာ မေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဦးလာဘလို တက်ယ့်ဖောက် ထွင်းပိဋကကြီးတစ်ယောက်နဲ့ ကိုသက်ထွန်းတို့ ဘယ်လိုများ ဆက်သွယ်ရင်းနှီးခဲ့သလဲဆိုတာကို ကျွန်တော် အရိုးခံမေးတာပါနော် ကိုသက်ထွန်း"

"ဒီကိစ္စများ စကားပလ္လင်တွေ ဘာတွေခံနေရတယ်လို့ ကိုဝမ်းဖေရယ်"

"ခင်ဗျား အံ့ဩသွားတယ်ထင်တယ်"

သူက အလေးအနက်ပြောလာသည်ကို ကျွန်တော်က ခပ်ပေါ့ပေါ့လေး ပြောလိုက်သည်။

"ကျွန်တော် ရန်ကုန်မှာနေတုန်းက ကုပ်ကုပ်ကုပ်ကုပ်နဲ့ ကျောင်းစာကိုပဲ အာရုံထားနေတဲ့ ကျောင်းသားတစ်ယောက်မှမဟုတ်ခဲ့ဘဲ။ အစုံသမားလေဗျာ။ ဒါကြောင့် အပြင်မှာ အခန်းသီးသန့်ငှားပြီး ပွေခဲ့တောခဲ့တာပေါ့။ အဲဒီလောက်တော့ ခင်ဗျားသိတယ်မဟုတ်လား"

"ဟိုတုန်းကတော့ မသိပါဘူး။ ခု ကျွန်တော် ရန်ကုန်ရောက်မှ အနည်းအပါး သိခဲ့ရတာပါ"

"ခင်ဗျားကို ဦးလာဘကိစ္စအတွက် လွှတ်လိုက်တာ ခင်ဗျားက ဘယ့်နယ်ကြောင့် ကျွန်တော့်အကြောင်း စုံစမ်းခဲ့ရတာလဲ"

"ဒီလိုမဟုတ်ပါဘူး ကိုသက်ထွန်း။ သွားရင်းလာရင်း အနည်းအပါး ဆိုသလို. . ."

"ကဲ. . .ကဲ. . .ထားပါတော့လေ။ ကျွန်တော်က အစုံသမားဆိုတော့ လူစုံနဲ့ အပေါင်းအသင်းဖြစ်တာ ဘာဆန်းမလဲဗျာ။ ကြေးစားလူမိုက်တို့၊ ခါးပိုက်နှိုက်ဝိဇ္ဇာတို့၊ ဖဲလိမ်ဝိဇ္ဇာတို့၊ မိန်းမထိန်း ပဂေးကြီးတွေနဲ့ ဆုံဝင်ပေါင်းသင်းခဲ့တာပေါ့။ ဒီအထဲမှာ ဦးလာဘလဲ တစ်ယောက်အပါအဝင်လေ။ သောက်ပွဲကနေစတဲ့ ရန်ပွဲတစ်ခုမှာ သူက ကျွန်တော့်ဘက်က မားမားမတ်မတ် ဝင်ရပ်ခဲ့တယ်။ အဲဒီကစပြီး ကျွန်တော်နဲ့ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း ဖြစ်ခဲ့ကြတာပေါ့"

"သြော်. . .သြော်. . .ဒီလိုကိုး"

"နေပါဦး။ ကိုဝမ်းဖေက ဘာကိုဆိုချင်လို့လဲ"

"မဆိုချင်ပါဘူးဗျာ။ ခု ကိုသက်ထွန်း ရှင်းပြတော့လည်း ရှင်းသွားတာပေါ့။ ဦးလာဘ အသေစောသွားတယ်ဗျာ။ နို့မဟုတ်ရင် ကျွန်တော်တို့ တိုက်ဖောက်ထွင်းမှုအတွက် အားကိုးအားထား ပြုနိုင်လိမ့်မယ်လို့ ကျွန်တော်တွက်ဆမိတယ်လေ ကိုသက်ထွန်း"

"ဘယ်လိုဗျ။ ကိုဝမ်းဖေစကားက အနှောင့်မလွတ် အသွားမလွတ်ကြီးပါလားဗျ"

သူက ဝေ့လည်ကြောင်ပတ်စကား ပရိယာယ်ဆင်လာသည်။

ကျွန်တော်က ဘွင်းဘွင်းရှင်းရှင်း ဖွင့်လိုက်သည်။

"ဆောရီး. . .ဆောရီး ကိုသက်ထွန်း။ ကျွန်တော်ပြောတာက အရိုးခံပါ။ ကိုသက်ထွန်း စိတ်အနှောင့်အယှက်ဖြစ်သွားမယ်ဆိုရင် ကျွန်တော် တောင်းပန်ပါတယ်"

"တောင်းပန်စရာမလိုပါဘူး။ ကျွန်တော်က ဘာလို့ စိတ်အနှောင့်အယှက်ဖြစ်ရမှာလဲ။ ဦးလာဘဟာလူဆိုး၊ ဒါပေမယ့် ကျွန်တော့်အတွက်တော့ လူကောင်း။ ကျွန်တော့်အသက် ပါသွားနိုင်တဲ့ ရန်ပွဲမှာ ကျွန်တော့်ဘက်က ဝင်ရပ်ပေးခဲ့တဲ့ ကျွန်တော့်ကျေးဇူးရှင်။ အခိုက်အလှည့်ကြုံတဲ့အခါ ကျွန်တော်က ကျေးဇူးတုံ့ပြန်ရမယ့် လူမှုရေးတာဝန်ရှိတယ်။ ဒါကြောင့် ကျွန်တော် ကူညီနိုင်မယ့်နည်းလမ်းရှာတယ်။ ဒါ ရိုးရိုးလေးပဲဟာ"

"ဆောရီးပဲ ကိုသက်ထွန်းရေ။ ကိုသက်ထွန်း စိတ်နေသဘောထားကို လေးစားချီးကျူးပါတယ်ဗျာ"

"ခင်ဗျားကို ဒီထက်အံ့ဩစရာကောင်းတဲ့အကြောင်း ပြောပြရဦးမယ်။ ဦးလာဘနဲ့ ဦးလောဝမ်တို့ မြေးအဘိုးပတ်သက်နေတဲ့ကိစ္စ"

"ခင် ဗ. . .ဦးလာဘနဲ့ ဦးလောဝမ်တို့မြေးအဘိုး ဟုတ်လား။ နားရှုပ်လိုသာ ကြားလိုက်ရတယ်ဗျာ ကျုပ်တော့"

"ဒါကြောင့် ခင်ဗျားကို ဒီထက်အံ့ဩစရာလို့ ပြောရတာပေါ့ဗျ"

ကျွန်တော် ထိုအကြောင်းကို ထည့်ပြောလိုက်ရသည်မှာ ကျွန်တော်နှင့် ဦးလာဘတို့ ဆက်နွယ်မှုအပေါ် သံသယဖြစ်နေသည့် ကိုဝမ်းဖေ၏ အတွေးစဉ်ကို လမ်းကြောင်းပြောင်းလဲ ပေးလိုက်ခြင်း ဖြစ်၏။

ကျွန်တော်က အကြောင်းဇာ မနေဘဲ၊ အံ့ချီးနိဒါန်းမဆင်ဘဲ တုံးတိတိ တဲ့တိုးပြောလိုက်သည်။

"ဦးလာဘဟာ ဦးလောဝမ်ရဲ့ သမက်၊ ပန်းလှိုင်ရဲ့ အဖေ"

"ဗျာ. . .ဟုတ်ပါ့မလားဗျာ"

သူ့ထံမှ ထိတ်လန့်တကြား ရွတ်သံ ထွက်လာသည်။

"ခင်ဗျားကို ဘယ်သူပြောသလဲ ခင်ဗျားဘယ်လိုလုပ် သိသလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားသိချင်ရင် ဦးလောဝမ်ကို မေးကြည့်ပေါ့"

ကျွန်တော်က မခိုးမခန့် ပြောလိုက်သည်။

"ဖြစ်နိုင်ပါ့မလား ကိုသက်ထွန်းရာ"

"ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား လုပ်နေပြန်ပြီကိုး"

သူက ရုတ်တရက် စကားမဆက်ဘဲ အံ့သြတွေဝေနေပြီးမှ -

"ဒီမှာ ကိုသက်ထွန်း။ ကျွန်တော် ဘယ်တုန်းကမှ ခင်ဗျားကို အထင်မသေးခဲ့ပါဘူး။ အရင်တုန်းကရော၊ အခုရော၊ အဲ ···နောက်ရော ဆိုပါတော့ဗျာ"

"ကဲ··ခင်ဗျား ဘာသိချင်သေးလဲ ကိုဝမ်းဖေ"

"မသိချင်တော့ပါဘူးဗျာ၊ ကုန်ကျစရိတ်စာရင်းကိုတော့ ညှကျမှပဲ···"

"ဒါတွေ ဖြည်းဖြည်းရှင်းလည်း ရပါတယ်။ ဒါထက် ဒီအကြောင်းတွေကို ပန်းလှိုင် မသိပါစေနဲ့ ကိုဝမ်းဖေ"

"ဗျာ··ဘာဖြစ်လို့လဲ"

"ဦးလောဝမ်က သူ့မြေးလေး မသိစေချင်ဘူးတဲ့လေ"

"ဩော်···ဩော်···ဒီလိုလား၊ ကောင်းပါတယ်"

ပြောပြောဆိုဆို သူ အတွင်းခန်း ဝင်သွားပါသည်။

ထိုနေ့က ကိုဝမ်းဖေနှင့် ကျွန်တော်တို့စကားဝိုင်းမှာ ထိုမျှနှင့် ပြတ်သွားသည်။

ကိုဝမ်းဖေကို ပုံပြီးယုံလို့ မဖြစ်တော့။ သူ့ခြေလှမ်းကို စောင့်ကြည့်ရတော့မည်။

ဦးလာဘ ကိစ္စအတွက် သူ့အား ရန်ကုန်သို့လွှတ်လိုက်မိသည်မှာ ကျွန်တော့်အမှား။

သူနှင့်ကျွန်တော် အပြတ်ရှင်းလိုက်ဖို့ကလည်း မဖြစ်သေး။ ဆွေဆွေတို့သားအမိကိစ္စက ရှိသေးသည်။

ဆွေဆွေတို့သားအမိကို မျက်ကွယ်ပြုလို့မရ။ ယခုအချိန်တွင် ဆွေဆွေ၏ကျန်းမာရေးမှာ လုံးဝ အားရစရာမကောင်းတော့။

ကျွန်တော်နှင့် မရင်းနီးသော မန္တလေး၏ မိုးရာသီသည် သူနှင့် တရင်းတနှီးရှိခဲ့သော ဆွေဆွေ့ကို နှိပ်စက်ညှဉ်းပန်းနေပါပြီ။ နွေတွင် ပူပြင်းခြောက်သွေ့သလောက် မိုးရာသီမျိုးတွင်ကား ရက်ပေါင်းများစွာ မသည်းဘဲနှင့် ဖွဲဖွဲစွေစွေ ရွာနေတတ်သည်။

ယခုနှစ် မိုးဦးကျမှစ၍ ဆွေဆွေ၏ကျန်းမာရေးမှာ ဆိုးရွားစပြုလာသည်ဟု သိရသည်။ အစားအသောက်ကို ဟက်ဟက်ပက်ပက်မစား။ တာဝန်အရ လိုပင် သဘောထားနေသည်။ တစ်ခါတစ်ရံ သောက်ရမည့် ဆေးများကိုပင် ငြင်းဆန်နေတတ်သေးသည်ဟု အနီးကပ် အိမ်ဖော်ကြီး ဒေါ်လေးသိန်းက ပြောပြသည်။

သမီးမို့မို့အား အနားသို့ ခေါ်လာခြင်းကိုလည်း မကြိုက်ဟု ဆိုသည်။ ကူးစက်ရောဂါကြောင့်များလားဟု ကျွန်တော်က မေးသောအခါ ဆွေဆွေမှာ မကြာခဏ စိတ်တိုတောင်းနေတတ်ပြီး တစ်ခါတစ်ရံ ဒေါသဖြစ်စရာအကြောင်း မဟုတ်ဘဲ သည်းသည်းထန်ထန် ဒေါသဖြစ်နေတတ်သည်ဟုလည်း ဒေါ်လေးသိန်းက ပြန်လည်ပြောပြသည်။

ကြားသိရသမျှမှာ စိတ်မကောင်းစရာချည်း ဖြစ်နေသမို့ ကျွန်တော် စိတ်ထိခိုက်ရပြန်သည်။

ဒေါ်လေးသိန်းနှင့်အတူ ဆွေဆွေ့အိပ်ခန်းသို့ ကျွန်တော် ဝင်ကြည့်သည်။ ဆွေဆွေအိပ်မောကျနေရှာပါ၏။ အံ့သြစရာကောင်းလောက်အောင်ပင် ယှုပစ်လိုက်သလို ပိန်ချုံးနေသည်။ အရိုးပေါ်အရေတင် ပိန်ချည့်ချည့်ခန္ဓာကိုယ်လေးမှာ ကြည့်ရက်စရာမရှိ။ ဤလေးငါးလအတွင်း အပြောင်းအလဲကား မြန်ဆန်လှချေ၏။

ဆွေဆွေ့ ပိန်ချောင်ချောင်မျက်နှာလေးကို တွေ၍ကြည့်နေရင်းက ကျွန်တော့်အတွေးတို့သည် အတိတ်ဆီသို့ ပြန်ရောက်သွားသည်။

သူနှင့်ကျွန်တော် ပျော်ခဲ့ရသော အဖြစ်တို့မှာ ဆွေဆွေ့အတွက်ဆိုလျှင် လျှပ်စီးလက်လိုက်သလို မြန်ဆန်နေပါလိမ့်မည်။ ထို့နောက်ပိုင်းတွင် ဆွေဆွေသည် သူ့ဘဝကို သူမပိုင်ရှာတော့ချေ။ ဘဝတိုက်ပွဲတွင် ဆွေဆွေသည် အရှုံးကြီးရှုံးခဲ့ရသူ။

သို့တစေ သူပြောခဲ့ဖူးသောစကားအရ ဆွေဆွေသည် တစ်ဖက်သတ်အရှုံးပေးခြင်းမျိုးတော့ အရှုံးမပေးခဲ့။ တတ်စွမ်းသမျှ တုံ့ပြန်တိုက်ခိုက်ရန် ကြိုးစားခဲ့သည်။

ဒါပေသိ ပကတိအခြေအနေနှင့် အကြောင်းကြောင်းတို့ကြောင့် မာန်ကို လျှော့ခဲ့ရသည်။ ကျဲကျဲလှမ်းရမည့်ခြေလှမ်းကို စိပ်စိပ်လှမ်းခဲ့ရသည်။

ခန္ဓာကိုယ်မှ အသွေးအသားများကို တဖြည်းဖြည်း စုပ်ယူဝါးမျိုခံရသည့် အဆုတ်ရောဂါဝေဒနာရှင်များသည် စိတ်ကျရောဂါ တွဲဖက်ခံနေရစမြဲရှိ၏



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဆွေ့ဆွေ့အဖြစ်ကို အလေးထားစဉ်းစားပြီး ဆေးရုံတင်သင့် မတင်သင့် ထိုညမှာပင် ကိုဝမ်းဖေနှင့် အရေးတကြီး ဆွေးနွေးဖြစ်သည်။

"ဘာထူးမှာလဲ ကိုသက်ထွန်း။ ခုလည်း အိမ်မှာ မှန်မှန် ဆေးထိုး၊ ဆေးစားနေတာပဲဗျာ"

ကိုဝမ်းဖေလေသံမှာ အေးစက်လှ၏။

"ဆေးရုံနဲ့အိမ် တူတာမှ မဟုတ်တာဗျာ"

"မျှော်လင့်ချက်ကော ရှိသေးလို့လားဗျာ။ ခင်ဗျားကိုယ်တိုင်ပဲ အကဲခတ်ကြည့်ပါဦး"

"ဒါကတော့ ကျွန်တော်က ဆရာဝန်မဟုတ်တော့ အတပ်မပြောနိုင်ဘူး။ ခင်ဗျားတာဝန်က ဆေးရုံပို့ပေးဖို့ပဲ"

"ကျွန်တော့်တာဝန်က ခင်ဗျားအလိုကျ လုပ်ကိုင်ပေးဖို့သာပါဗျာ"

"ဟာ • • •ကိုဝမ်းဖေ၊ ခင်ဗျားဒီလိုမပြောနဲ့လေဗျာ။ ကျွန်တော် ရိုးသားတဲ့ စေတနာအပြည့်နဲ့ ပြောနေတာပါ။ အခုဟာက ကျန်းမာရေးကိစ္စဗျ"

သူပြောပုံဆိုပုံက စိတ်ပါလက်ပါအားတက်သရောမရှိ။ လူမမာသေသွားလည်း အေးတာပါပဲဆိုသည့် ပုံစံမျိုး။

သူပြောဟန်ကြောင့် ကျွန်တော် ဒေါသဖြစ်လာရသည်။

"ဘာပဲဖြစ်ဖြစ် ဒီအိမ်ကြီးပေါ်က ကိစ္စတိုင်းကို ကျွန်တော် လျစ်လျူရှုလို့မရဘူး။ နောက်ပြီး ဆွေဆွေနဲ့ ကျွန်တော် ဆိုတာကလည်း မောင်နှမလို"

"ယုံပါတယ်ဗျာ"

ကျွန်တော့်စကားမဆုံးမီ သူဝင်ပြောသည်။ သူ့အသံမှာ ခနဲ့သံ ပါနေသမို့ ကျွန်တော် ခံပြင်းသွားသည်။

"ကဲဗျာ• • •ကိုဝမ်းဖေ၊ ခင်ဗျားကိုဒီလိုပြောလို့တော့ မရတော့ဘူး။ အဲဒီတော့ လုပ်ငန်းပိုင်ရှင်တစ်ယောက်အနေနဲ့ ပြောရတော့မှာပဲ။ ဆွေဆွေ့ကို ဆေးရုံတင်ပါ"

"ကောင်းပြီလေဗျာ။ ခင်ဗျားသဘောပါပဲ"

ဤမျှနှင့် မရပ်သေး။ သူက ဆက်ပြောပြန်သည်။

"ဒီအိမ်မှာ လူတိုင်း အလုပ်များနေကြတယ်ဗျ။ လူနာကို ဆေးရုံပို့ထားပြီး ဘယ်သူမှ အချိန်မှန်သွားကြည့်နိုင်ကြတာ မဟုတ်ဘူး။ ဒေါ်သိန်းတောင် သူ့အလုပ်နဲ့သူ"

"လွယ်ပါတယ်ဗျာ။ အထူးသူနာပြု ငှားထားပေးမယ်"

"လူနာအတွက် ပစ္စည်းအကြို အပို့ကျတော့ကော"

သူက မေးခွန်းထုတ်သည်။

သူ့မျက်နှာကို စူးစူးရဲရဲကြည့်မိရင်း ကျွန်တော့်ခေါင်းထဲ အကြံတစ်ခုဝင်လာသည်။

"ကဲလေ • • •ဒါဖြင့်ရင်လည်း ပန်းလှိုင်ကို ဒီခေါ်လိုက်မယ်။ ဆွေဆွေ့အတွက် ပန်းလှိုင်ကို လုံးဝတာဝန်ပေးမယ်။ ဒါဆို ဘာမှမလိုတော့ဘူး"

"ပန်းလှိုင်ကို ဟုတ်လား"

သူ တအံ့တဩ ပြန်မေးသည်။

"ဟုတ်တယ် • • •လူမမာတစ်ယောက်ကို ပြုစုဖို့အတွက် ပန်းလှိုင်ဟာ အသင့်တော်ဆုံးပဲ"

"ပန်းလှိုင်ကကော လာပါ့မလား"

"ဘာလို့ မလာရမှာလဲ။ ကျွန်တော်ခေါ်ရင် လာမှာပေါ့။ အလုပ်ရှင်တစ်ယောက်အနေနဲ့ ပြောတာမဟုတ်ဘူးနော်။ ပန်းလှိုင်ဟာ မကြာခင် ဒီအိမ်ကြီးရဲ့အိမ်ရှင်မ ဖြစ်လာတော့မှာဗျ"

"ဗျာ• • •"

အထိတ်တလန့် တအံ့တဩ သူ့အသွင်မှာ သူ၏မျက်နှာပေါ်တွင် မဖုံးမကွယ်သာ ပေါ်လွင်သွားသည်။

"မြန်လှချည်လားဗျာ"

"နောက်ကျလို့မှ မဖြစ်ဘဲကိုးဗျ"

ကျွန်တော်က ရယ်ရယ်မောမော ပြောလိုက်သည်။

"ဟဲ• • •ဟဲ• • •ဟဲ• • •ဟဲ• • •ဒီလိုကိုး။ ကျွန်တော် သည်းလှိုက်အူလှိုက် ချီးကျူးပါတယ်ဗျာ ကိုသက်ထွန်း။ တကယ်ပါ• • •တကယ်အမှာတ်"

သူက ပြုံးဖြဲဖြဲဖြင့် သရော်သံစွက်၍ ပြောလာသည်။

သူ့အပြုံးတွင် နှုတ်ခမ်းထောင့်စွန်းလေးများအပေါ်သို့ တွန့်တက်သွားသည်ကိုမူ ကျွန်တော် သတိပြုလိုက်မိ၏။ ကျွန်တော်တို့ အပြန်အလှန်ခင်းကြသည့် စကားလမ်းကြောင်းမှာ ဤမျှတွင် ဆုံးသွားသည်။

နောက်နှစ်ရက်အကြာတွင် ကျွန်တော် တိုက်တွန်းခဲ့သည့်အတိုင်း ဆွေဆွေ့ကို ဆေးရုံတင်ဖြစ်သည်။ ဤကိစ္စသည် ကျွန်တော့်အစီအမံမှန်း သိနေပုံရသော ဆွေဆွေကလည်း အထွေအထူး မပြောရှာပါ။

သူမမျက်နှာပေါ်တွင် နွမ်းမောသော အပြုံးများ လွှမ်းနေသည်။


(ရှေ့လဆက်ရန်)

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆေးကောင်းတစ်ခွက် သူ့အတွက်

မနုသသကျော်ဝင်း(အမျိုးသားစာပေဆုရ)

အပြောင်းလဲကြီး ပြောင်းလဲသွားသော ဦးထွေးအောင်ကို မြင့်ထွေး အံ့သြနေမိ၏။ ကြည့်ပါဦး...။ တစ်ချိန်တုန်းက အလွန်စိတ်တိုသော လူ့ခွစာတစ်ယောက်၊ ဘုကန့်လန့်သမားဟု အများ၏ နှာခေါင်းရှုံ့ခြင်းကိုခံရသူ၊ ရှောင်ဖယ်ခြင်းခံရသူ အနီပုဂ္ဂိုလ်ကြီးသည် ယခုအခါ၌ လူသူတော်ကောင်းကြီး၊ ရေခဲတုံးကြီး၊ အဆိပ်မရှိသည့် ရေမြွေကြီးသော ဘွဲ့ထူး ဂုဏ်ထူး တစ်ပုံကြီး ရရှိနေ၏။ သို့ကလို အပြောင်းအလဲ မြန်ဆန်လွန်းလှသော ဦးထွေးအောင်ကို မြင့်ထွေးတစ်ယောက် အဘယ်မှာလျှင် မအံ့သြဘဲ နေနိုင်ပါမည်နည်း။

"အစ်ကိုထွေးဆီမှာ စိတ်ရှည်အောင်လုပ်နိုင်တဲ့ဆေး နည်းကောင်းတစ်ခုခု ရှိထားပြီးနဲ့တူတယ်။ ကျွန်တော့်ကိုလည်း ပြောပါဦးဗျာ"

"ဟဲ...ဟဲ နောက်တော့သိရမှာပေါ့ကွာ"

သူ့ကို မေးလိုက်တိုင်း ဤနယ်သာဖြတ်ပစ်လေ့ရှိသဖြင့် မြင့်ထွေးတစ်ယောက် မချင့်မရဲ ဖြစ်ဖြစ်ခဲ့မိရ၏။ သူတစ်ပါးအကြောင်း စပ်စုရန် ဝါသနာမပါသော်လည်း ဦးထွေးအောင်တစ်ယောက် ပြောင်းလဲလာရပုံကိုမူ မြင့်ထွေး အလွန်ပင် သိချင်နေမိ၏။ သူပြောင်းလဲသွားပုံက မြန်ဆန်သည်။ ထူးဆန်းအံ့သြဖွယ်ရာ ကောင်းသည်ဟုလည်း ထင်နေမိ၏။

မြင့်ထွေးနှင့် ဦးထွေးအောင်တို့ သိကျွမ်းခင်မင်ခဲ့ရသည်မှာ သက်တမ်းအားဖြင့် ငါးနှစ်ခန့် ရှိခဲ့ပြီဖြစ်သည်။ သူသည် မြင့်ထွေး ရုံးလုလင်အဖြစ် အမှုထမ်းဆောင်သော ရုံးမှ ရုံးအုပ်ကြီးဖြစ်၏။ လူ့ဝစာကြီးတစ်ယောက်အဖြစ် နာမည်ကြီးနေသောသူ့ကို မြင့်ထွေး အလုပ်ဝင်ခါစက အလွန်ပင် ကြောက်ရွံ့ခဲ့မိ၏။ ခက်ထန်မာကြောလွန်းလှသော သူ့မျက်နှာကို စေ့စေ့ပင် မကြည့်ရဲခဲ့ချေ။ မြင့်ထွေးနှင့်တကွ ရုံးလုလင်များ ရုံးနောက်ကျလျှင် မကြာခဏ အဆူအကြိမ်းခံကြရ၏။ ရုံးစာရေးကြီးများနှင့် အခြားအဆင့်ရှိ စာရေးများ ရုံးနောက်ကျလျှင်လည်း မသက်သာလှ။ မျက်နှာမည်းသွားလောက်အောင် အပြောအဆို ခံရတတ်ကြ၏။

"နောက်ကျစရာရှိရင် အင်းစိန်မှာနေတဲ့ကျုပ်က နောက်ကျဖို့ကောင်းတာဗျ။ အခုတော့ ရန်ကုန်ထဲမှာနေတဲ့ ခင်ဗျားတို့တစ်တွေက နောက်ကျတယ်ဆိုတာကို ဘာဆင်ခြေများ ပေးချင်ကြသေးသလဲ။ ထွီ..."

ဤကား ဦးထွေးအောင်၏ အနှုတ်(?)ညှို့ အသိမ်မွေ့ဆုံးသော ဆူပူကြိမ်းမောင်းလေ့ရှိသည့် စကားလုံးများပင် ဖြစ်၏။

တစ်ခါက ရုံးလုလင်တစ်ယောက်သည် ဖိုင်တွဲတစ်ခု လာတင်ရင်း ဦးထွေးအောင်၏ စားပွဲပေါ်မှ မင်အိုးကို လက်နှင့် တိုက်မိသဖြင့် မှောက်သွားရလေသည်။ အဖြစ်အပျက်တို့သည်ကား မြန်ဆန်လွန်းလှ၏။ ထိုသူသည် မတော်တဆဖြစ်ရပါကြောင်း တောင်းပန်ချိန်ပင် မရလိုက်။ ဝုန်းခနဲထ၍ ဖြုန်းခနဲ ထိုးလိုက်သော ဦးထွေးအောင်၏ လက်သီးဒဏ်ချက်ကြောင့် ကြမ်းပြင်ပေါ်သို့ ခွေခနဲ လဲကျသွားရှာလေ၏။ ဤသည်ကိုပင် အားမရသေးဘဲ သစ်သားမျဉ်းလုံးကြီးဖြင့်ရိုက်ရန် တကဲကဲ ရွယ်နေသောကြောင့် အရာရှိကြီးများပါ ဝင်၍ဆွဲကြရလေသည်။

"ခွေးမသား . . .လုပ်လိုက်မှသောက် ရမ်းသည်းပဲ။ ချက်လက်မှတ်တွေရော၊ သောက်ချာတွေပါ အားလုံး မင်ပေကုန်ပြီ။ တောက်...တယ်လေ ငါလုပ်လိုက်ရ"

ထိုရုံးလုလင်ခမျာ ဦးထွေးအောင်ကို မည်မျှကြောက် လန့်သွားရှာသည် မသိ နောက်တစ်နေ့တွင် အလုပ်မှ နုတ်ထွက်စာတင်ပြီး ရုံးသို့ လုံးဝပေါ်မလာတော့ချေ။ ဦးထွေးအောင် ကိုယ်တိုင်မှာလည်း ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးအရေးယူခြင်းခံရ၏။ နှစ်တိုးကြေး နှစ်နှစ်ရပ်ဆိုင်းခြင်းတည်းဟူသော အပြစ်ပေးမှုကို ခံလိုက်ရ၏။

ထိုနှစ် ဆယ်တန်းအောင်စာရင်း ထွက်သောအခါ၌လည်း မြင့်ထွေးတို့တစ်တွေ ရင်မောရပြန်၏။ အကြောင်းကား ဤသို့တည်း။ ဦးထွေးအောင်၏ သား ရဲအောင်သည် ဉာဏ်ကောင်း၏



www.burmeseclassic.com

www.burmeseclassic.com

စာလည်း အလွန်ကြိုးစား၏။ မိမိသားအား ဂုဏ်ထူးများစွာဖြင့် အောင်မြင်စေလိုသောကြောင့် ဦးထွေးအောင်သည် နာမည်ကြီးပေ့ဆိုသည့် ဆရာများထံတွင် ကျူရှင်ယူစေခဲ့၏။ သို့ရာတွင် သူငယ်လေးခမျာ မြင်းကောင်းခွာလိပ် ဖြစ်သွားခဲ့ရရှာပါန်တူ၏။ အောင်စာရင်းထွက်လာသောအခါ၌ (၃)စာရင်းမှာပင် ပါမလာခဲ့ချေ။ ဦးထွေးအောင်တစ်ယောက် ဒေါသအိုးပေါက်ကွဲပုံကား ဆိုဖွယ်မရှိတော့ပြီ။ ကျူရှင်ဆရာများကိုလည်း ကျိန်ဆဲ၏။ ပညာရေးဌာနကိုလည်း အပြစ်ဖို၏။ ရဲအောင်ကိုလည်း သတ်မည်တကဲကဲလုပ်၏။ သို့ဖြင့် ရဲအောင်ခမျာ အိမ်တွင်မနေဝံ့တော့ဘဲ သူငယ်ချင်းများ၏ နေအိမ်များတွင် လှည့်လည်ပုန်းခိုနေထိုင်ရရှာ၏။ ဤသို့သော ဖြစ်ရပ်မျိုးတွေကို မကြာခဏ ကြုံတွေ့ခဲ့ရဖူးသဖြင့် မြင့်ထွေးသည် ဦးထွေးအောင်အား ဒေါသကုမ္ပာကြီးတစ်ဦးအဖြစ် သတ်မှတ်ရှုမှန်းမိခဲ့လေသည်။ မလွှဲသာ၍ ရုံးလုပ်ငန်းတာဝန်အရ ဆက်ဆံသည်မှအပ သူနှင့်အတတ်နိုင်ဆုံး ခပ်ခွာခွာနေထိုင်ခဲ့၏။

❐

သူပြောင်းလဲလာပုံကို စတင်သတိပြုမိသည့် နေ့တစ်နေ့သည်ကား ဤရုံးသို့ မြင့်ထွေးရောက်ရှိခဲ့ပြီး သုံးနှစ်ခန့်အကြာတွင်ဖြစ်၏။

"ငါ့ညီက စာပေအရေးအဖတ်ဝါသနာပါပုံရတယ်။ ဟုတ်ရဲ့လားကွဲ့"

ရုံးစာကြည့်တိုက်မှ မဂ္ဂဇင်းနှင့်ဂျာနယ်ဟောင်းများကို စိတ်ဝင်စားစွာလှန်လှောဖတ်ရှုနေမိစဉ် တစ်စုံတစ်ဦးက မြင့်ထွေး၏ပခုံးကို နောက်ဘက်မှ ရင်းရင်းနှီးနှီးပုတ်ပြီးမေးလိုက်သဖြင့် လှည့်ကြည့်မိရာ ဒေါသကုမ္ပာကြီး ဦးထွေးအောင်ကို တွေ့မြင်လိုက်ရလေသည်။

"ဟုတ်···ဟုတ်ပါတယ်။ ကျွန်···ကျွန်တော်က စာရေးဆရာ သိပ်ဖြစ်ချင်တာခင်ဗျ"

မြင့်ထွေး၏နှုတ်မှ အထစ်ထစ်အငေါ့ငေါ့ဖြင့် ထွက်ပေါ်လာသောစကားသံများကို ကြားလိုက်ရသည့်အခါ၌ ဦးထွေးအောင်သည် ခေါင်းတညိတ်ညိတ်ပြုရင်း ပြုံးနေ၏။

"အေး···ကောင်းတာပေါ့ကွာ။ အစ်ကိုကလည်း စာရေးတဲ့အလုပ်ကိုတော့ အတော့်ကိုဝါသနာပါတယ်။ အခုကြိုးစားနေတာ အတိုင်းအတာတစ်ခုအထိတော့ အောင်မြင်နေပြီဆိုပါတော့ကွာ။ ဒါပေမယ့် မှန်းထားသလောက်တော့ မပေါက်သေးဘူး"

မြင့်ထွေးက သူ့မျက်နှာကို တအံ့တဩ ငေးမောကြည့်ရှုနေမိ၏။

"နေပါဦး အစ်ကိုရဲ့ ကလောင်နာမည်က···"

"ငါ့ညီ (···)ရဲ့စာတွေကို ဖတ်မိဖူးသလား"

"ဟာ···(···)ရေးတဲ့စာတွေကို ကျွန်တော်ဖတ်ဖူးတာပေါ့။ ရန်ပုံခွင်းသတင်းစာမှာပါတဲ့ သူ့ရဲ့ဆောင်းပါးတွေနဲ့၊ ပပဝင်းမဂ္ဂဇင်းမှာပါတဲ့ သူ့ရဲ့ဝတ္ထုတိုတွေကို ကျွန်တော် သိပ်ကြိုက်တယ်။ ဒါပေမယ့် အဲဒီစာရေးဆရာ (···)ဆိုတာ အစ်ကိုမှန်း ကျွန်တော် လုံးဝမသိခဲ့ဘူး။ ထင်လည်း မထင်ခဲ့မိဘူး"

"အိမ်း···အစ်ကို့မိတ်ဆွေအတော်များများကလည်း မသိခဲ့ကြဘူး။ ဒီရုံးက လူတွေလည်း လုံးဝမသိကြပါဘူး။ အဲ···ငါ့ညီကိုတော့ ပြောပြမိပြီဆိုပါတော့ကွာ"

မြင့်ထွေး၏ မျက်လုံးထဲ၌ ဒေါသကုမ္ပာမင်းသားကြီးအဖြစ် ဦးထွေးအောင်ကို မမြင်မိတော့၊ စာရေးဆရာအဖြစ်နှင့်သာ ရုပ်အသွင်ပြောင်းပြီး ပေါ်လွင်လာရ၏။ သူ့အပေါ် မုန်းတီးရွံရှာခဲ့မှု၊ ကြောက်ရွံ့မှု စိတ်ဓာတ်တို့သည်လည်း မည်သည့်အရပ်သို့ လွင့်ပါးသွားလေသည်မသိ။ ထိုနေ့မှစ၍ သူနှင့် ဦးထွေးအောင်တို့သည် ညီအစ်ကိုလို ရင်းနှီးချစ်ခင်လာကြ၏။ သူ့ဆောင်းပါးတွေ၊ ဝတ္ထုတွေ သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပို့လိုလျှင် မြင့်ထွေးကိုပင် ခိုင်းတတ်၏။ သတင်းစာများနှင့် မဂ္ဂဇင်းများထဲတွင် သူ့စာမူပါလျှင် မြင့်ထွေးကို တစ်ခုခု ဝယ်ကျွေးလေ့ရှိ၏။ သူနှင့်မြင့်ထွေး၏ ဆက်ဆံရေးမှာ ရုံး ်နှင့် ရုံးအကူ ဆက်ဆံမှုမျိုးလို မဟုတ်တော့ဘဲ အလွန်ပင်ရင်းရင်းနှီးနှီးရှိလာ၏။ ဤနှစ်များအတွင်း ဦးထွေးအောင်တစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲလာသည်ကို မြင့်ထွေးသတိပြုမိလာ၏။ စိတ်ရှည်သည်၊ သည်းခံတတ်လာသည်။ ရုံးသူရုံးသားတို့နှင့် ပတ်သက်သော သာရေးနာရေးကိစ္စများ၌ တတ်အားသမျှ ရိုင်းပင်းကူညီမှု ပြုလာသည်။ သို့ဖြင့် မူလ ဒေါသကုမ္ပာကြီး ဦးထွေးအောင်ကို ရွံမုန်းခဲ့ကြသော်လည်း ယခုတော့ ချစ်ခင်သူတွေ ပေါများလာသည်။ လေးစားကြည်ညိုလာကြသည်။ အံ့ဩခြင်းမကာ အံ့ဩရလေသူကား မြင့်ထွေးပင် ဖြစ်တော့သည်။ ရင်းနှီးလာပြီဖြစ်၍ သူ့စိတ်ဓာတ်ပြောင်းလဲလာပုံအကြောင်း မကြာခဏ စုံစမ်းမေးမြန်းခဲ့သော်လည်း တိတိကျကျအဖြေမပေးဘဲ စကားလွှဲပစ်လေ့ရှိသဖြင့် မြင့်ထွေးတစ်ယောက် မကျေမနပ်ဖြစ်ခဲ့မိ

www.burmeseclassic.com

ချိန်၊ သို့ရာတွင် တစ်နေ့သ၌ ဤအကြောင်းကို တိတိကျကျ သိရှိနိုင်ရန် အခါစပေါ်လာရလေတော့သည်။

❐

"ဟော့···မောင်မြင့်ထွေး ဒီကနေ့ အစ်ကိုခွင့်ယူထားတယ်ကွ။ မဂ္ဂဇင်းတိုက်ကို သွားကြရအောင် လိုက်မယ်မဟုတ်လား"

"ဟာ···အစ်ကိုထွေးကလည်း အနေရသေးတယ်ဗျာ။ ဒီလိုနေရာမျိုးတွေ သွားဖို့ဆိုရင် ကျွန်တော်ဘယ်တုန်းကများ ငြင်းဖူးလို့လဲ"

"ဟား···ဟား···ဟား အင်္ဂရိတ်ရှုကို ဘိုဘိုအောင်နဲ့ မတွေ့ချင်ဖူးလားလို့ မေးမသလိုဖြစ်နေပြီ။ ကိုင်း···ခင်ရဲ့အလုပ်တွေ လက်စသိမ်းခဲ့။ သွားကြရအောင်"

အစီအစဉ်အရ "ပပဝင်း"မဂ္ဂဇင်းတိုက်သို့ ဦးစွာသွားရောက်၍ လွန်ခဲ့သည့် သုံးလခန့်က ဦးထွေးအောင်ပေးထားခဲ့သော ဝတ္ထုတိုစာမူကိစ္စကို စုံစမ်းမည်။ ထို့နောက် သစ္စာဂျာနယ်တိုက်သို့ဝင်ကာ လွန်ခဲ့သည့် နှစ်ပတ်ခန့်က ပေးထားခဲ့သော သူ့ဆောင်းပါးကိစ္စ မေးမြန်းစုံစမ်းရန်နှင့် တတိယအစီအစဉ်အရ ရန်ပုံခွင်းသတင်းစာတွင် လွန်ခဲ့သော တစ်ပတ်ခန့်က ပါရှိခဲ့သည့် သူ့ဆောင်းပါးအတွက် စာမူခထုတ်ရန်ဖြစ်၏။ နောက်ဆုံးအစီအစဉ်အရ ရသာမုန့်တိုက်တွင် ဖာလူဒါသောက်ကြမည်။ ကောင်းလိုက်သည့် အစီအစဉ်။ မြင့်ထွေးသည် တစ်ယောက်တည်း ကြိတ်၍မြူးနေ၏။

"ဆရာဦးထွေးအောင်ရဲ့ စာမူကို ကျွန်တော်တို့ရွေးထားပါတယ်။ ဒါပေမယ့် တိုက်မှာ စာမူတွေက သိပ်ကျပ်နေတော့ နှစ်လထုတ်ကျမှပဲ သုံးနိုင်လိမ့်မယ်ထင်တယ်"

"အင်း···ငွေနှလဆိုတော့ နောက်ထပ်သုံးလလောက် စောင့်ရဦးမှာပေါ့လေ။ ရှိပါစေတော့။ သုံးနိုင်တဲ့လကျမှပဲ သုံးကြပါ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

ဤခရီးစဉ်၏ ရှေ့ဦးပေါက်က တော့မကောင်း။ ပပဝင်းမဂ္ဂဇင်းတိုက်မှ တာဝန်ခံအယ်ဒီတာကို နှုတ်ဆက်ပြီး ဒုတိယခရီးဖြစ်သော သစ္စာဂျာနယ်တိုက်ဆီသို့ ဦးတည်ထွက်ခွာလာကြ၏။

"ဦးလေးရဲ့စာမူကို ပယ်ထားတာတော့ သေချာတယ်။ ဒါပေမယ့် အခုအထိ ပြန်ရှာလို့ မတွေ့သေးဘူး။ စာမူတွေကများတော့ အယ်ဒီတာတွေကလည်း အိမ်ယူပြီး ဖတ်ကြတာတွေရှိတယ်။ ဒီလိုနဲ့ပဲ တချို့စာမူတွေဟာ ခြေရာပျောက်သွားကြရတယ်"

စာပေးစာယူဌာနမှ လူငယ်လေး၏စကားကြောင့် ဦးထွေးအောင်သည် သက်ပြင်းတစ်ချက် ချလိုက်မိ၏။ မြင့်ထွေးခမျာလည်း စိတ်မောသွားရရှာ၏။

"ခက်တာက ဦးလေးဆီမှာ အဲဒီစာမူရဲ့ မိတ္တူလက်ခံ မရှိဘူးကွဲ့။ ဒါ့ကြောင့်လည်း တွေ့အောင်ပြန်ရှာခိုင်းနေရတာပါ။ ကဲပါလေ၊ စိတ်ရှည်ရှည်ထားပြီးထပ်ရှာပေးပါဦး။ ရှေ့တစ်ပတ်လောက်ဆိုရင်တော့ တွေ့နိုင်ကောင်းပါရဲ့လေ"

သူတို့နှစ်ဦးသည် ရန်ပုံခွင်းသတင်းစာတိုက်ဆီသို့ အပြင်းနှင်ကြပြန်၏။ ဤခရီး၌ မြင့်ထွေး၏ခြေလှမ်းများက သွက်လွန်းလှ၏။ ရန်ပုံခွင်းသတင်းစာတိုက်မှ စာမူခထုတ်ပြီးလျှင် ဦးထွေးအောင်က ရသာစားသောက်ဆိုင်၌ မြင့်ထွေးကို ဖာလူဒါတိုက်မည် မဟုတ်ပါလော။

"ဟာ···ဦးထွေးအောင်ပါလား။ ဆောင်းပါးအတွက် စာမူခထုတ်မလို့ထင်တယ်။ ဆောရီးပဲဗျို့။ ငွေစာရင်းအရာရှိက ဒီကနေ့ ခွင့်ယူထားတယ်။ နက်ဖြန်လာရင်တော့ သေချာပေါက် ရပါလိမ့်မယ်"

တာဝန်ခံအယ်ဒီတာက တွေ့တွေ့ချင်း ဆောက်ဖြင့်ထွင်းလိုက်သော စကားများကြောင့် မြင့်ထွေးသည် ဖိုက်ခနဲ ရှေ့ရွတ်လိုက်မိ၏။ ဦးထွေးအောင်မှကား မည်သို့မျှ ထူးခြားဟန်မပြဘဲ -

"ကိုင်း···ဆောင်းပါးအတွက် စာမူခ မထုတ်ရရင်လည်း အစ်ကိုကမင်းကို ရသာစားသောက်ဆိုင်မှာ ဖာလူဒါ တိုက်မှာပါကွာ၊ လာသွားကြစို့"

တော်ပါသေး၏။ ရုံးမှ ပပဝင်းမဂ္ဂဇင်းတိုက်၊ ထိုမှ သစ္စာဂျာနယ်၊ ယင်းမှတစ်ဆင့် ရန်ပုံခွင်းသတင်းစာတိုက်သို့ ခြေလျင်ခရီးနှင်ခဲ့ကြသဖြင့် မောဟိုက်နွမ်းလျနေသော မြင့်ထွေးမှာ ဦးထွေးအောင်တိုက်သည့် ဖာလူဒါကို သောက်လိုက်ရတော့မှ အမောပြေသွား၏။

"အစ်ကိုထွေးကြီး စိတ်ရှည်လာရတဲ့၊ သည်းခံတတ်လာနိုင်တဲ့ နေးနည်းအကြောင်း အခုအချိန်ရတုန်း ကျွန်တော့်ကို ပြောပြပါလားဗျာ"

ဦးထွေးအောင်သည် ဖာလူဒါကို အရသာခံသောက်နေရာမှ မြင့်ထွေးအား အဓိပ္ပာယ်ပါပါ ပြုံးရင်းကြည့်လိုက်သည်။

"ဟ···မောင်မြင့်ထွေးရဲ့ ဒီအကြောင်းတွေ မင်းကို ငါ စောစောက ပြောပြပြီးခဲ့ပါပကောလား"

"ဟာ···အစ်ကိုထွေးကြီး ကျွန်တော့်ကို ဒီလိုတော့ မကျီစားပါနဲ့ဗျာ။ ဘယ်တုန်းက ဒီအကြောင်းတွေကို ပြောပြခဲ့သေးလို့လဲ"

"ကိုယ့်လူက စာရေးဆရာသာ ဖြစ်ချင်တာ၊ တစ်ထွာပြလို့ ကာစ်တောင်



www.burmeseclassic.com

www.burmeseclassic.com

မမြင်တတ်သေးဘဲကို။ ကဲ…နားထောင် အစ်ကိုရှင်းပြမယ်။ ဟိုတုန်းက အစ်ကို ဘယ်လောက်စိတ်တိုတယ်၊ ဒေါသကြီးတယ်ဆိုတာ ငါ့ညီအသိပဲလေ။ (…)က လောင်နာမည်နဲ့ အစ်ကို စာရေးကတည်းက တဖြည်းဖြည်းနဲ့ စိတ်ရှည်လာတယ်ဆိုပါတော့။ အစ်ကိုက စာရေးဆရာဖြစ်ချင်တယ်။ ဒီတော့ ဆောင်းပါးတွေ၊ ဝတ္ထုတွေရေးပြီး တိုက်တွေ ပို့ကြည့်တယ်။ စရေးရေးချင်း လေးငါးပုဒ်လောက် ဆက်တိုက် အပယ်ခံရတော့ စိတ်ပျက်သွားတာပေါ့ကွာ။ အယ်ဒီတာတွေ မျက်နှာလိုက်တယ်၊ လက်သင့်ရာစားတော်ခေါ်တယ် ဘာညာနဲ့ အပြစ်တင်မိတယ်။ ကိုယ်အသုံးမကျတာကိုတော့ ထည့် မတွက်ဘူး။ နောက် ဆက်တိုက်ပို့ရင်း ငါ့စာမူတွေ တစ်ပုဒ်စ နှစ်ပုဒ်စ အသုံးပြုခံလာရတယ်။ ဒီတော့မှ ကိုယ့်အထင်အမြင် အယူအဆတွေ မှားယွင်းနေတာကို နားလည်သဘောပေါက်လာမိရတယ်။ အယ်ဒီတာတွေဟာ ထူးချွန်တဲ့ ကလောင်သစ်တွေကို အငြိုကြိုဆိုနေတယ်။ စာမူကောင်းတွေကို အမြဲတမ်း မျှော်လင့်နေတယ်ဆိုတာ နားလည်လာရတယ်။

ဦးထွေးအောင်သည် ခေတ္တခဏ စကားဖြတ်ရင်း စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။ ပြီးမှ ဆက်၍

"ငါ့စာတွေရဲ့ ပျော့ကွက်ဟာကွက်ကို တခြားစာရေးဆရာတွေ စပြီးဝေဖန်တာကို ခံရတုန်းက အဲဒီလူတွေကို ဓားနဲ့ စင်းပစ်ချင်လောက်အောင် ဒေါသထွက်မိသေးတယ်။ နောက်တော့မှ ငါ့ကို ပြုပြင်ပေးနေကြသူတွေပါလားရယ်လို့ သဘောပေါက်လာတယ်။ ဒီလို အမြင်မှန်ရလာတဲ့အတွက် သူတို့ကို ခွင့်လွှတ်နိုင်ရုံသာမက ကျေးဇူးတောင် တင်မိတယ်။ စာရေးရင်းနဲ့ အရေထူလာရတဲ့ အတွေ့အကြုံတစ်ခုက ရှိသေးတယ်။ အဲဒါက စာမူတွေကို သတင်းစာတိုက်တို့၊ မဂ္ဂဇင်းတိုက်တို့ ပို့ထားပြီး ပါမယ့်ရက်ကို စောင့်မျှော်နေမိတယ်။ မပါလာတော့ စိတ်မောရပြန်ရော။ အဲဒီလို မကြာခဏ တွေ့ကြုံခံစားရတော့ လောကမှာ ဘယ်အရာမဆို မျှော်လင့်ထားတဲ့အတိုင်း ဖြစ်ချင်မှဖြစ်တာ၊ ကိန်းသေနည်းနဲ့ တွက်ထားလို့ မရဘူးဆိုတာ သဘောပေါက်လာတယ်။ တဖြည်းဖြည်းနဲ့ အရေထူလာရတော့တယ်။ ကိုယ်လို သူလို စာရေးကြတဲ့လူတွေလည်း အများကြီးပဲမို့ ကိုယ့်စာကိုချည်းပဲ အမြဲသုံးရမယ်ဆိုတဲ့ အတ္တအစွဲ လွှန်ကဲမှုကို အသိတရားနဲ့ ထိန်းချုပ်ထားနိုင်တယ်။ စာရေးဆရာ တကယ်တမ်းဖြစ်ချင်ရင် စိတ်ရှည်ရမယ်။ သဘောထားကြီးရမယ်ဆိုတဲ့ အသိတရားက အစ်ကို့ကို တဖြည်းဖြည်းနဲ့ပုံသွင်းပြီး ပြုပြင်ပေးခဲ့တယ်လေ"

ထိုစဉ် စာပွဲထိုးလေးက ငွေတောင်းခံလွှာ လာပေးသဖြင့် ဦးထွေးအောင်က ကျသင့်ငွေများကို ရှင်းပေးလိုက်ပြီး စကားဆက်ပြန်၏။

"အဖိုးအတန်ဆုံး ပညာရတာကတော့ စာရေးဖို့ ကုန်ကြမ်းရှာရင်း ရုံးက စာရေးလေးတွေ၊ ရုံးလုလင်လေးတွေရဲ့ မိသားစုဘဝကို လက်တွေ့လေ့လာမိတဲ့ အတွေ့အကြုံပဲ။ သူတို့ရဲ့အခက်အခဲတွေ၊ အိမ်တွင်းရေးပြဿနာတွေကို အတွင်းကျကျ နားလည်သဘောပေါက်လာတော့ ကိုယ်ချင်းစာတတ်လာပြီး သူတို့ကိုကူညီရိုင်းပင်းသင့်ကြောင်း သဘောပေါက်လာရတော့တယ်။ အတိုချုံးရရင်တော့ စာရေးဆရာဖြစ်ဖို့ ကြိုးစားရင်း တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ မိသားစုတွေရဲ့ လူနေမှုဘဝနဲ့ ပြဿနာတွေကို အတွင်းကျကျ သိလာရပြီး ကိုယ်ချင်းစာတတ်လာတယ်။ သူတို့ကို ကူညီရိုင်းပင်းသင့်ကြောင်း နားလည်သဘောပေါက်လာရတယ်။ စာရေးဆရာဖြစ်ဖို့ ကြိုးစားရင်း ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေဟာ ငါ့ရဲ့ ဆန္ဒတွေပါပဲ။ ငါ့ကို အခုလို စိတ်ရှည်အောင်၊ သည်းခံတတ်အောင်၊ ကိုယ်ချင်းစာတတ်လာအောင် ပြောင်းလဲပေးခဲ့တဲ့ ဆေးကောင်းဝါးကောင်းတွေဆိုပါတော့ကွာ။ ကိုင်း…ရှင်းပြီလား"

ဦးထွေးအောင်သည် အတော်ပင်မောသွားဟန်တူ၏။ ဖန်ခွက်ထဲမှ ရေခဲရေကို ကုန်စင်အောင် မော့ချလိုက်လေသည်။

"အဲ…အစ်ကိုပြောချင်တဲ့ အဓိကအချက်ကတော့ စာရေးဆရာဖြစ်ဖို့ ကြိုးစားတဲ့ကိစ္စရယ်မှ မဟုတ်ပါဘူး။ ကိုယ်လုပ်တဲ့လုပ်ငန်းတွေမှာ သတိနဲ့ ဆင်ခြင်တတ်မယ်၊ မှန်ကန်တဲ့ ရှုထောင့်က ကြည့်ပြီး သုံးသပ်တတ်လာမယ်ဆိုရင် သင်ခန်းစာယူစရာ၊ ပညာယူစရာတွေ ချည်းပါပဲ။ အဲဒီသင်ခန်းစာတွေ၊ အတွေ့အကြုံတွေနဲ့ ကိုယ့်ကိုယ်ကို ဝေဖန်ရေး ပြုပြင်ရေးတွေအတွက် အသုံးချတတ်သွားမယ်ဆိုရင်တော့ အများကြီး အကျိုးရှိနိုင်တာပေါ့ကွာ"

သည်ကနေ့တွင် ဦးထွေးအောင်သည် ဖာလူဒါတိုက်ရုံသာမက မြင့်ထွေးအတွက် အဖိုးတန် အစွမ်းထက်လှသော ဆေးကောင်းတစ်ခွက်ကိုပါ တိုက်ကျွေးလိုက်လေပြီ။

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ ဘဆထလ(တိုး)-၁၃၁၂

အဆီကျ အကြောပြေ ဆီး၊ ဝမ်း မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တထဆက(စာနယ်ဇင်း)၁၃၀/၀၀၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ် မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ခါတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဒီထနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံ သက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ် ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် တိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ် ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အဲက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်း တစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဲဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ၊

ပင်ရင်း - မုံရွာ - ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ် - ၈၂/၃၅၆၊ မေတ္တာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၇၇၆၄

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)


www.burmeseclassic.com


www.burmeseclassic.com

# မင်းသိင်္ခ

## ဘဝအသချော်(၈)

(ယခင်လမှအဆက်)

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအသချော် (၈)

မင်းသိခ်

ယခင်လမှအဆက်

နဲ့ကုတဲ့ ဗြိန္ဒောဆရာ

တစ်နေ့သ၌ ကျွန်ုပ်သည် အင်း ရွာမရှိ ပွဲနုံစက်မှ အင်းစိန် မီးရထား တာသို့ တဖြည်းဖြည်း ခြေလျင် ရောက်လာခဲ့လေ၏။ ဘူတာသို့ ရောက်လျှင် ရထားမဆိုက်သေးသဖြင့် ဘူတာပလက်ဖောင်းရှိ ခုံတန်းတစ်ခု ပေါ်တွင် ထိုင်ကာ စာအုပ်တစ်အုပ်ကို ထုတ်၍ ဖတ်နေမိလေ၏။ ထိုစာအုပ် မှာ 'ပုဂ္ဂလပညတ်' ဆေးပညာ အကြောင်း ရေးထားသော စာအုပ် တစ်အုပ် ဖြစ်လေ၏။

ကျွန်ုပ်ထိုင်ပြီး မကြာမီ၌ ကျွန်ုပ် အနီးသို့ လူတစ်ဦး လာ၍ထိုင်၏။ ကျွန်ုပ်သည် ထိုသူအား ငဲ့စောင်း၍ ကြည့်လိုက်မိ၏။ ထိုသို့ ကြည့်မိသော အခါ၌ ထိုသူအား ကျွန်ုပ်သည် ကောင်းစွာမှတ်မိသွား၏။ ထိုသူသည် ကျွန်ုပ်နှင့် မကြာမခဏ ဘူတာတွင် ဆုံ၏။ ရထားတွဲပေါ်၌လည်း ဆုံ၏။

ကျွန်ုပ်သည် စာအုပ်ကိုဆက်၍ ဖတ်နေ၏။ ဆယ်မိနစ်ခန့် ကြာသော အခါ ဆေးလိပ်သောက်ချင်၍ စာအုပ် ကို ခုံတန်းတွင် ချေတ္တချပြီးလျှင် လွယ်အိတ်အတွင်းမှ ဆေးလိပ်ကို နှိုက်၏။ ထိုအခါ၌ ထိုသူသည် ကျွန်ုပ် ချလိုက်သော စာအုပ်၏ အဖုံးကို လှန် ၍ကြည့်လိုက်၏။

ကျွန်ုပ်လည်း ဆေးပေါ့လိပ်ကို နှိုက်ယူပြီး ဖြစ်သဖြင့် မီးညှိ၍ လွယ် စိမ့်သောဌာ ဆေးပေါ့လိပ်၏ ထိပ်ကို သွားဖြင့် ကိုက်၍ဖွဲ့ကာ 'ထွီ' ကနဲ ထွေး ထုတ်လိုက်လေ၏။

ထို့နောက် ဆေးပေါ့လိပ်၏ ထိပ် ဖက်ကို ပါးစပ်နှင့် ငုံ၍ လေမှုတ် လိုက်ပြီးလျှင် ဖင်စီခံအား လက်ညှိုး ဖြင့် အထက်အောက် ပွတ်လိုက်လေ ၏။ ထိုသို့ ပြုလုပ်ခြင်းမှာ ဖင်စီခံ၌ ကပ်နေသော ဖုန်မှုန့်ကလေးများ ထွက်သွားစေရန် ဖြစ်၏။ ထို့နောက် ကျွန်ုပ်တွင် ပါလာသော 'ဖလေး' ဟူ သော စာတန်းပါသည့် ကြေးမီးခြစ် ကြီးကို ထုတ်၍ 'ရှမ်း' ခနဲ ခြစ်လိုက် ပြီးလျှင် ဆေးလိပ်မီး တို့လေတော့၏။ ထိုအခါ ကျွန်ုပ်အနီးတွင် လာ၍ထိုင် နေသော သူက ကျွန်ုပ်အား...

"မီးလေးတစ်တို့လောက် ပေး ပါဗျာ"

"ဟု ပြောသဖြင့် ကျွန်ုပ်လည်း မီးခြစ်ကို ထိုသူအား ပေးလိုက်လေ၏။ ထိုသူသည်း ကျွန်ုပ်နည်းတူ ဖလေး မီးခြစ်ကြီးအား 'ရှမ်း' ခနဲ ခြစ်လိုက်ပြီး လျှင် သူ၏ ဆေးလိပ်အား မီးတို့လေ ၏။ ထို့နောက် မီးခြစ်ကို ကျွန်ုပ်အား ပြန်ပေးရင်း ထိုသူက...

"ကိုရင်က 'နေ၊ လ' လိုက် နေသလား"

ဟု မေးလေ၏။

"မလိုက်ပါဘူး၊ နေနဲ့ လကို ကျုပ်က ဘာဖြစ်လို့ လိုက်ရမှာလဲ၊ ခင်ဗျားမေးတဲ့ မေးခွန်းဟာ မရှင်းပါ ဘူး၊ ဘာတွေလာမေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုသူက…

"ဒီစာအုပ်ကို ဖတ်နေလို့ မေးတာပါ"

ဟု ဆိုကာ ကျွန်ုပ်၏ စာအုပ်ကို ညွှန်ပြလိုက်လေ၏။

"ဩော် ဒါလား၊ ဒါက ပုဂ္ဂလ ပညတ်ဆေးကျမ်းလေဗျာ၊ စာအုပ် အဖုံးမှာ ရေးထားတာ မတွေ့ဘူးလား"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လျှင် ထိုသူက…

"မှန်ပါတယ် ကိုရင်ရယ်၊ ပုဂ္ဂလ ပညတ် ဆေးပညာဟာ နေဂိုဏ်း၊ လဂိုဏ်းခွဲပြီး ကုရတယ် မဟုတ်လား၊ ဒီပညာကို ရှေးအခါက နေ၊ လ ဝိဇ္ဇာ ဆေးပညာလို့ ခေါ်ကြတာပဲ။ အလွန် အစွမ်းထက်ပြီး အလွန်တန်ဖိုးကြီးတဲ့ ဆေးပညာပါ"

ဟု ထိုသူက ပြောလေ၏။

"ဩော် ဒီလိုလား၊ ကျုပ်က အဲဒါတွေ မသိပါဘူး၊ မီးရထား စောင့် ရတဲ့အခါ အပျင်းပြေစာအုပ် အမြဲတမ်း ဖတ်တယ်ဗျ၊ ဝတ္ထုစာအုပ် ဖတ်စရာ မရှိလို့ အိမ်တစ်အိမ်က အလွယ်တွေ့ တဲ့ စာအုပ်တစ်အုပ် ငှားပြီးလာတာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက မီးခိုးများကို မှုတ်ထုတ်ရင်း

"ဆေးကျမ်းကို အပျင်းပြေ ဖတ်တယ်ဆိုတာ ဒီတစ်ခါပဲ တွေ့ဖူး သေးတယ်၊ ကျုပ်လည်း စာတော့ဖတ် ပါတယ်၊ ဒါပေမယ့် အပျင်းပြေမဖတ် ဘူး။ နားလည်အောင်၊ တတ်ကျွမ်း အောင် နှလုံးသွင်းပြီး ဖတ်တယ်။ ဒါနဲ့ ကိုရင်နဲ့ ကျုပ်နဲ့က ဘူတာမှာ အမြဲ တမ်းဆုံတယ်၊ ဘယ်မှာ အလုပ်လုပ် သလဲ"

ဟု ကျွန်ုပ်အား မေးလေ၏။

"ရွာမ ဖွဲနုဆီစက်မှာ လုပ်ပါ တယ်"

ဟု ကျွန်ုပ်က ဖြေလျှင် ထိုသူက

"ဆီစက်မှာ အလုပ်လုပ်တဲ့သူ ဆိုတော့ ဆီတော့ ဖောဖောသီသီ စား ရမှာပဲနော်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က…

"မဟုတ်တာဘဲဗျာ၊ ဆီစက်မှာ လုပ်ပေမယ့် အစိုးရဆီစက်ဗျ၊ ဆီ တစ်စက်တောင် ကျုပ်တို့ ယူခွင့်မရှိ ပါဘူး"

ဟု ပြန်၍ပြောလိုက်လျှင်…

"ကိုရင်ရယ်၊ မသိလို့ ပြောလိုက် တာပါ၊ စိတ်မဆိုးပါနဲ့၊ ဘယ်ဘူတာ မှာ ဆင်းမှာလဲ"

ဟု မေးလေ၏။

"မလွှကုန်းဘူတာမှာ ဆင်းမှာ ပါ"

ဟု ကျွန်ုပ်က ဖြေလိုက်လျှင် ထိုသူက…

"မလွှကုန်းဆိုတော့ မလွှပင် တွေ အများကြီး ရှိမှာပဲနော်၊ မလွှသီး ကို ပြုတ်ပြီး ငါးပိရည်ကောင်းကောင်း နဲ့ တို့စားရရင် သိပ်ပြီးအရသာရှိတာ"

ဟု ပြောလေ၏။

"မဟုတ်တာဘဲဗျာ၊ မလွှကုန်း ဆိုတာနဲ့ မလွှပင်တွေ ရှိရမှာလား၊ ကျုပ်ဖြင့် မလွှပင် တစ်ပင်မှ မတွေ့ပါ ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်…

"မသိလို့ ပြောတာပါ၊ စိတ် မဆိုးပါနဲ့နော်"

ဟု ထိုသူက တောင်းပန်ပြန်လေ ၏။

"ဒီလိုဗျ၊ မလွှကုန်းဘူတာမှာ ဆင်းပေမယ့် မလွှကုန်းမှာ နေတာ မဟုတ်ဘူး၊ ကျုပ်နေတာ ကျောက် မြောင်းမှာ"

ဟု ပြောလိုက်လျှင် ထိုသူက…

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျောက် မြောင်းရပ်ကွက်ဆိုတာ ကျုပ် ရောက် ဖူးတယ်၊ ရပ်ကွက်တစ်ကွက်လုံး ကျုပ် နှံ့အောင်သွားဖူးတယ်။ ကျောက်နဲ့လုပ် ထားတဲ့ မြောင်းရယ်လို့ ကျုပ် တစ်ခုမှ မတွေ့ခဲ့ဘူး"

ဟု ပြောပြန်လေ၏။

"ခင်ဗျားကလည်းဗျာ၊ ကျောက် မြောင်းရပ်ကွက်ဆိုတာနဲ့ပဲ ကျောက်နဲ့ လုပ်ထားတဲ့မြောင်း ရှိရရောလား၊ ဒါက ဒီလိုဗျ၊ ဟိုအညာ၊ ရွှေဘို၊ ကျောက် မြောင်းဘက်က လူတွေ အစပြုပြီး နေထိုင်ခဲ့လို့ ကျောက်မြောင်းလို့ ခေါ် တွင်ခဲ့တာ၊ ကျောက်နဲ့လုပ်ထားတဲ့ မြောင်းရှိလို့ မဟုတ်ဘူး"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက် ရာ ထိုသူက…

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"မသိလို့ ပြောမိတာပါ၊ စိတ်ဆိုးပါနဲ့"

ဟု တောင်းပန်လေ၏။ ထိုအခါ ကျွန်ုပ်က...

"ခင်ဗျား ပြောသလို ဆိုရင်ဗျာ၊ အောဒီနေရာဟာ အင်းစိန်လို့ ခေါ်တယ်၊ အင်းတွေလည်း ရှိရမယ်၊ စိန်တွေလည်း ရှိနေရမယ်ပေါ့၊ ဒီလိုယူဆလို့ ဖြစ်မလားဗျာ"

ဟု ကျွန်ုပ်က ဒေါနှင့်မောနှင့် ပြောလိုက်ရာ ထိုသူက...

"ကိုရင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်က မသိလို့ ပြောမိတာပါလို့ တောင်းပန်ထားပြီပဲ၊ စိတ်ဆိုးပါနဲ့ ကိုရင်ရာ"

ဟု ပြောရာလေ၏။

"နေစမ်းပါဦး၊ မိတ်ဆွေကြီးက ဘာအလုပ်လုပ်သလဲ"

ဟု မေးလိုက်ရာ ထိုသူသည် သူ၏လွယ်အိတ်အတွင်းမှ လက်ဝါးခန့်ရှိသော ကြော်ငြာစာရွက်ကလေး တစ်ရွက်ကို ထုတ်ယူပြီးလျှင် ကျွန်ုပ်အား ပေးလိုက်လေ၏။ ကျွန်ုပ်လည်း ထိုစာရွက်ကို ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

**ရောဂါခပ်သိမ်း ရှောင်ခွာငြိမ်း**
**ဘသိန်းလာ၍ခေါ်**

□

***"ရောဂါခပ်သိမ်း ရှောင်ခွာငြိမ်း***
***ဘသိန်းလာ၍ခေါ်"***

*၉၆ ပါးသော ရောဂါတွင် ၆၄ ပါးသော ရောဂါကို ကျွန်ုပ်ဆရာဘသိန်း ကောင်းစွာကုသနိုင်သည်။ ၉၆ ပါးသော ဟူသည်ကား ဆရာကုကု မကုကု သူ့အလိုလိုပျောက်မည့် ရောဂါ(၃၂)ပါး တစ်စု၊ တတ်ကျွမ်းသော ဆရာကုမှသာလျှင် ပျောက်ချမ်းသာမည့် ရောဂါ(၃၂)ပါး တစ်စု။*

*ဆရာကုသည်ဖြစ်စေ၊ မကုသည်ဖြစ်စေ ပျောက်ကင်းမည် မဟုတ်သော ဝဋ်နာကံနာကဲ့သို့သော ရောဂါ (၃၂)ပါး တစ်စု၊*

*ထိုသုံးစုအား စုစုပေါင်းသော် (၉၆)ပါး ရှိ၏။*

*ကျွန်ုပ်ဆရာ ဘသိန်းသည် ပထမတစ်စုနှင့် ဒုတိယတစ်စုပါ (၆၄)ပါးသော ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်၏။ ဝဋ်နာကံနာကိုကား ပျောက်ကင်းအောင် မကုသနိုင်ပါ။ လူမျိုးမရွေး၊ ဘာသာမရွေး ကုသပေးသည်။ ဆေးဖိုးလည်း မယူ၊ ဝါးခလည်း မတောင်းပါ။*

*ရောဂါဖြစ်လျှင် ရှဲရှဲလာခေါ်*
*ပျော်ပျော်ကြီး လိုက်မယ်။*

**ဆရာဘသိန်း**
**ဗြိန္ဒောဆရာ**

□

ကျွန်ုပ်သည် ထိုကြော်ငြာကို ဖတ်ပြီးနောက် ရယ်ချင်စိတ်များ ဖြစ်သွား၏။ သို့သော် ထိုဆရာဘသိန်း ဆိုသူအား အားနာ၍ မရယ်ဖြစ်ပါ။ သို့ရာတွင် ရယ်ချင်စိတ်ကို ထိန်းလိုက်သောကြောင့် ကျွန်ုပ်၏ မျက်နှာသည် ပြုံးစိစိ ဖြစ်သွား၏။

ထိုကြောင့် ဆရာဘသိန်းက...

"ဘာပြုံးတာလဲ ကိုရင်"

ဟု မေးလေ၏။

"ဗိန္ဒောဆရာကို ဗြိန္ဒောဆရာလို့ ရေးထားလို့ ပြုံးမိတာပါ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်...

"ဒီလို ကိုရင်ရဲ့ ကဝိလက္ခဏာ သတ်ပုံမှာ 'ဗြိန္ဒောက တုတ်၊ ပဋ္ဌဘုတ်၊ အဟုတ်နိဒါန်းစီ' လို့ စပ်ဆိုထားတာ တွေ့ရတယ်။ ရှင်မဟာရဋ္ဌသာရရဲ့ ဘူရိဒတ်လင်္ကာကြီးမှာ 'ဗြိန္ဒောမာလာ၊ တတ်ပညာနှင့် ဆရာတစ်ဆူ၊ ငါသို့လူကို' လို့ စပ်ဆိုထားပြန်တယ်။ အဲဒီမှာကျတော့ ရရစ်တောင် မပါပြန်ဘူး။ အဲဒီတော့ ကျုပ်ရဲ့စာလုံးပေါင်းကို မငြင်းပါနဲ့ ကိုရင်ရယ်"

ဟု ကိုဘသိန်းက ပြောလေ၏။

ကျွန်ုပ်သည် ဆရာဘသိန်းအား မငြင်းဝံ့တော့ပါ။ သူသည် စာကို နှံ့အောင်ဖတ်ထားသူဖြစ်၏။ သို့ရာတွင် ကျွန်ုပ်သည် အတွန့်တက်လိုသေးသဖြင့်...

"ဒီလို ဆရာဘသိန်းရယ်၊



www.burmeseclassic.com

www.burmeseclassic.com

အများညီရင် ဤကို ကျွဲလို့ ဖတ်ရမယ် မဟုတ်လား၊ အများက ဗိန္ဒောလို့ အရေးအသား လုပ်နေပါလျက် ခင်ဗျားက ဗြိန္ဒောဆိုတော့ သက်သက်ဆန့်ကျင်ဘက် လုပ်နေသလို မဖြစ်ဘူးလား”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာဘသိန်းက…

“အများညီတာနဲ့ ဤကို ကျွဲလို့ မဖတ်နိုင်ဘူး ကိုရင်၊ ဤဟာ ဤပဲ၊ ကျွဲဟာ ကျွဲပဲ၊ နောက်ပြီးတော့ ကျုပ်ကုတဲ့ ကုနည်းကလည်း တခြားဆရာတွေနဲ့ မတူဘူး။ ကိုင်တဲ့ ဆေးလည်း မတူဘူး”

ဟု မာမာတင်းတင်း ပြောလေ၏။

“ဟုတ်ပါပြီ ဆရာဘသိန်းရယ်၊ ဆရာတစ်ယောက်နဲ့ တစ်ယောက်ကုပုံ၊ သပုံချင်း မတူဘူးဆိုတာ လက်ခံပါတယ်၊ ဒါပေမယ့် ကိုင်တဲ့ ဆေးကတော့ သိပ်ပြီးခြားခြားနားနားတော့ ရှိလှတယ် မဟုတ်ပါဘူး”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာဘသိန်းသည် ခေါင်းကို တွင်တွင်ယမ်းလေ၏။

“ခြားနားတယ်၊ တခြားဆရာနဲ့ ကျုပ်နဲ့ မတူဘူး။ ကိုင်တဲ့ ဆေးကို ကွာတယ်”

ဟု ဆရာဘသိန်းက ပြန်ပြောလေ၏။

“ဆိုစမ်းပါဦး ဆရာဘသိန်းရယ်၊ ဘယ်လို ဆေးကောင်းဝါးကောင်းတွေများ ကိုင်သလဲ”

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆရာဘသိန်းက…

“ကျုပ်က သေးကို ဆေးလုပ်ပြီး ကုတာဗျ”

ဟု ပြောလေတော့၏။

ကျွန်ုပ်သည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ မျက်လုံးအပြူးသား ဖြစ်သွား၏။

“ဘယ်လို ဆရာရဲ့၊ သေးကို ဆေးလုပ်တယ်၊ ဟုတ်လား”

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆရာဘသိန်းက…

“သေးကို ဆေးလုပ်တာ မဟုတ်ဘူး။ သေးက နဂိုတည်းက ဆေးပဲ၊ ဆေးမှန်းမသိလို့ လူတွေ မသုံးကြတာ၊ မန့်လည်ဆရာတော်ကြီးကဆိုရင်…

ရေသီတာ နွားနက်တော်
ဆားစွက်ခတ်သောက်ပါ
ဖျားငှက်ပြတ်ပျက်ပြုန်း
မန်လည်မြို့ နဂရာပေါ်မှ
ဆရာတော် စွဲသည့် လက်သုံး၊
လို့တောင် စပ်ဆိုတော်မူခဲ့တယ်”

ဟု ပြောလေ၏။

“ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီကဗျာတော့ ကြားဖူးတယ်။ တကယ့်ကို ဆေးဖက်ဝင်တာပဲလား၊ ဆရာဘသိန်းရယ်”

ဟု ကျွန်ုပ်က မေးရာ ဆရာကိုဘသိန်းက…

“သေးအားလုံးတော့ ဆေးဖက်မဝင်ဘူးဗျ၊ သေးမျိုး(၂၀)ဟာ လုံးဝဆေးဖက်မဝင်လို့ ပယ်ထားရတယ်”

ဟု ပြောလေ၏။

“သေးမျိုး(၂၀) ဟုတ်လား၊ သေးဟာ သေးပေါ့ဗျာ၊ ဒီလောက်တောင် အမျိုးတွေ ကွဲရလား၊ ပြောပြစမ်းပါဦး”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာဘသိန်းက…

(၁) ဇလပမေဟ ရေနဲ့တူတဲ့သေး။
(၂) ကုက္ခုပမေဟ ကြံရည်နဲ့တူတဲ့သေး။
(၃) သန္ဒြပမေဟ အနည်ထိုင်တဲ့သေး။
(၄) သူရာပမေဟ အရက်သမားသေး။
(၅) သုက္ကပမေဟ သုက်ရည်ရောတဲ့သေး။
(၆) ပိဋ္ဌပမေဟ ဆန်ဆေးရည်နဲ့တူတဲ့သေး။
(၇) ရာလပမေဟ ချွဲသလိပ်နဲ့တူတဲ့သေး။
(၈) သနေပမေဟပြတ်တောင်း၊ ပြတ်တောင်း ပေါက်တဲ့သေး။
(၉) ဝါဠုပမေဟ အညစ်အကြေးသဲစလေးတွေပါတဲ့သေး။



www.burmeseclassic.com

www.burmeseclassic.com

(၁၀) သီတပမေဟ သေးပေါက်ရင် ချမ်းသလို ဖြစ်သွားပြီးပေါက်တဲ့သေး။

(၁၁) မဉ္ဇိဋ္ဌပမေဟ နီကြင်ကြင် အရောင်ရှိတဲ့သေး။

(၁၂) ဟာလိဒ္ဒ ဖမေဟ ဝါကြင်ကြင် အရောင်ရှိတဲ့သေး။

(၁၃) နီလာပမေဟ ပြာတာတာ၊ မည်းနောက်နောက်နိုင်တဲ့သေး။

(၁၄) ကာလာပမေဟ အရောင် ညစ်တဲ့သေး။

(၁၅) ရတ္တပမေဟ ရဲရဲနီနေတဲ့သေး။

(၁၆) မဇ္ဇာပမေဟ ခြင်ဆီရောင် ရှိတဲ့သေး။

(၁၇) ဟတ္ထိပမေဟ ချဲပမာ အမျှင် မပြတ် တွဲလဲခိုနေတဲ့သေး။

(၁၈) ပုရွက်ဆိတ်အုံတတ်တဲ့ သေး။

(၁၉) ခါရပမေဟ ဆပ်ပြာမြှုပ်လို အမြှုပ်တွေများပြီး ဆားပွင့်တဲ့ သေး။

(၂၀) ဝါသပမေဟ ဖန်သားကဲ့သို့ လွန်စွာကြည်လင်နေတဲ့သေး။

အဲဒီလို သေးမျိုး(၂၀)ရှိတယ်ဗျ၊

ဟု ပြောလေ၏။

"အံ့ရောဗျာ၊ ကျုပ်သိတဲ့ လူထဲမှာ သေးအကြောင်း ကောင်းကောင်း သိတဲ့လူ ပြောပါဆိုရင် ခင်ဗျားကို ပြရမှာပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ..

"ဒီလိုလည်း မဆိုနဲ့ဦး၊ ကျုပ်ထက်သိတဲ့လူ ရှိသေးတယ်၊ သူက ဘယ်သူလဲဆိုရင် 'မိုးရာဂျေဒေဆိုင်း' ပေါ့ဗျာ"

ဟု ပြောလေ၏။

ထိုအချိန်မှာပင် ရထားလာသဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် ရထားတွဲပေါ်သို့ တက်ကြလေ၏။ ရထားပေါ် ရောက်သောအခါ၌လည်း ဆရာကိုဘသိန်းသည် ကျွန်ုပ်အား သေး၏အစွမ်းထက်ပုံကို ကျမ်းကိုး၊ ကျမ်းကားများစွာဖြင့် ပြောပြခဲ့လေ၏။ ကမာရွတ်ဘူတာသို့ ရောက်သောအခါ၌ ဆရာကိုဘသိန်းသည် ရထားပေါ်မှ ဆင်းသွားလေ၏။ ရထားကြီးလည်း စတင်ထွက်နေပြီဖြစ်၏။ ဆရာကိုဘသိန်းသည် ပလက်ဖောင်းပေါ်၌ အေးချမ်းစွာ လျှောက်သွားနေသည်။ ကျွန်ုပ်သည် ၎င်းအား နောက်ပြောင်လိုစိတ် ဖြစ်ပေါ်လာ၏။

ထို့ကြောင့် ကျွန်ုပ်က ၎င်းအား

"နောက်မှ တွေ့ကြသေးတာပေါ့ 'သေးဆရာ' ရေ"

ဟု လှမ်းအော်၍ ပြောလိုက်ရာ ၎င်းသည် စိတ်မဆိုးသည့်အပြင် ကျွန်ုပ်အား...

"မနက်တိုင်း သောက်နော်၊ ရှစ်အောင်စလောက်သောက်၊ အသက်ရှည်တယ်"

ဟု လှမ်း၍ အော်ပြောသဖြင့် ကျွန်ုပ်သည် နောက်ပြောင်မိသည့်အတွက် အားနာစိတ်များ တဖွားဖွား ပေါ်ပေါက်လာရလေတော့သတည်း။

❐

## တစ်လတစ်ခါ မြို့ပတ်ရထားစီးတဲ့လူ

ရွာမ ဖွဲနုဆီစက်တွင် ဝင်ရောက် အလုပ် လုပ်ရသော်လည်း အလုပ်မှာ မယ်မယ်ရရ ပင်ပန်းသည်ဟု မဆိုနိုင်သော်လည်း သွားရလာရသည်မှာ လွန်စွာဒုက္ခများလှ၏။ မလွကုန်းဘူတာမှ အင်းစိန်ဘူတာသို့ ရထားစီးရ၏။ အင်းစိန်ဘူတာသို့ ရောက်ပြီးလျှင်လည်း မပြီးသေးပေ။ ဖွဲနုစက်ရုံသို့အရောက် (၅)မိုင်ခန့် ခြေလျင် သွားရသေး၏။ ထို့ကြောင့် အလုပ်သွား အလုပ်ပြန် (၁၀)မိုင် ခရီးကို နေ့စဉ် ကုန်းကြောင်းလျှောက်နေရ၏။ ငွေကြေးကျပ်တည်းသောကြောင့် အစာအာဟာရကောင်းများလည်း မစားနိုင်ပေ။ ထိုထဲတွင် တစ်နေ့ (၁၀)မိုင်ခန့် လမ်းလျှောက်နေရသောကြောင့် လွန်စွာမှ ကျုံလှီနေ၏။ သို့သော် ကျွန်ုပ်သည် စိတ်ဓာတ်ကျခြင်းလည်း မရှိ၊ စိတ်အားငယ်ခြင်းလည်း မဖြစ်မိပါ၊ ကျွန်ုပ်ထံသို့ မကြာခဏ ရောက်လာတတ်သော ကျွန်ုပ်မိတ်ဆွေ ဖြစ်သောကြောင့် ဖြစ်၏။

ကျွန်ုပ်သည် မလွကုန်းဘူတာ၌ ရထားအလာကို စောင့်နေစဉ်တွင်

www.burmeseclassic.com

စိတ်က ဟိုတွေး ဒီတွေး တွေးမိမည်စိုးသဖြင့် စာအုပ်တစ်အုပ်ကို ထုတ်၍ ဖတ်နေမိတတ်၏။ သို့မဟုတ် စာအုပ်တွင်ပါသော ကျက်ရမှတ်ရမည့် အကြောင်းအရာများကို ကျက်မှတ်နေတတ်လေ၏။ ဖွဲ့နဲ့ဆီစက်မှအပြန် အင်းစိန်ဘူတာ၌ ရထားစောင့်ရသော အခါများတွင်လည်း ဟိုငေး၊ ဒီငေး ငေးရင်း အချိန်ကုန်သွားမည်စိုးသဖြင့် စာဖတ်နေလေ့ရှိ၏။ ရထားလာ၍ ရထားပေါ် တက်ထိုင်မိသည့် အချိန်၌လည်း စာအုပ်ကို ဆက်၍ဖတ်လာ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဖွဲ့နဲ့ဆီစက်၌ အလုပ်ဝင်နေစဉ်ကာလအတွင်း စာများစွာ ဖတ်ဖြစ်သွား၏။ စာများစွာ ကျက်ဖြစ်သွား၏။ ရထားစီးသော အခါများ၌လည်း ပြတင်းပေါက်ဘက်ရှိ ထိုင်ခုံကို ရအောင် ရှာ၍ စီးလေ့ရှိ၏။ ထို့ကြောင့် ကျွန်ုပ်၏ မျက်လုံးတွင်းသို့ အမှိုက်များ မကြာခဏ ဝင်လေ့ရှိ၏။ ကျွန်ုပ်သည် လခဖုတ်သောအခါ၌ နေကာမျက်မှန် အဟောင်းအစုတ်များ ရောင်းသော လမ်းဘေး ကုလားဆိုင်သို့ တစ်လက်ကို (၆)ကျပ်ဖြင့် ဝယ်ခဲ့လေ၏။ ထိုမျက်မှန်သည် အလုပ်သွား၊ အလုပ်ပြန် ရထားစီးသောအခါ၌ ကျွန်ုပ်အတွက် လွန်စွာအသုံးဝင်၏။ ထိုမျက်မှန်တပ်ထားခြင်းကြောင့် ကျွန်ုပ်၏ မျက်လုံးအတွင်းသို့ အမှိုက်များ မဝင်တော့ပေ။ တစ်ခါတစ်ရံ၌ ကျွန်ုပ် အလုပ်ဆင်းရသည်မှာ မိုးချုပ်၏။ ထိုအခါ၌ ရထားတွဲများတွင် လွန်စွာလူချောင်၏။ အချို့တွဲများဆိုလျှင် စီးမည့်သူ ပါမလာပေ။ လူချောင်သော တွဲများကို စီးမိသောအချိန်သည် သူခိုး၊ သူဝှက်များ၏ အန္တရာယ်ရှိပြန်၏။ ထိုအချိန်က ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်တွင် ရထားကြမ်းပိုးများ၊ အလစ်သုတ်သမားများ၊ ခါးပိုက်နှိုက်များ လွန်စွာပေါ၏။ ၎င်းတို့သည် ရထားတွင် လူကျပ်သော အခါ၌ အလစ်သုတ်၏။ ခိုး၏၊ ခါးပိုက်နှိုက်၏။ လူပြတ်သောအခါ၌မူ သုံးလေးယောက် အုပ်စုဖွဲ့၍ လုတတ်လေ၏။ ထို့ကြောင့် ကျွန်ုပ်သည် အလုပ်ဆင်းသောအခါ၌ လွယ်အိတ်ထဲတွင် လေးခွတစ်လက်နှင့် ကျောက်ဂေါ်လီ(၁၀)လုံးခန့် ထည့်၍ ယူလာတတ်၏။ လေးခွသည် ကောင်းကောင်းပစ်တတ်လျှင် ခပ်ညံ့ညံ့ ခြောက်လုံးပြူးထက် အသုံးဝင်မှန်း ကျွန်ုပ် ကောင်းစွာသိ၏။ ကျွန်ုပ်၏ လေးခွအရိုးမှာ ကျွဲချိုဖြင့် ပြုလုပ်ထားပြီး အဖျားတွင် ချွန်ထားသောကြောင့် ဓားမြှောင်တစ်လက်ကဲ့သို့ အသုံးဝင်၏။

ကျွန်ုပ်သည် ရထားကို နေ့စဉ် လက်မှတ်ဝယ်၍ မစီးတော့ဘဲ ရထားလက်မှတ် လုပ်ထား၏။ ရထားလက်မှတ်မှာလည်း မလွကုန်းမှ အင်းစိန်သို့ လုပ်ထားလျှင် လက်ယာရစ် ရထားကိုသာ စီးခွင့်ရှိ၏။

ဘောက်ထော်ဘူတာမှ အင်းစိ
ဘူတာသို့ လုပ်ထားလျှင်မူ မြို့ပတ်
ခရီးစဉ်၏ တစ်ဝက်တိတိ ဖြစ်သော
ကြောင့် လက်ဝဲရစ် ရထားရော၊ လက်
ယာရစ် ရထားပါ စီးခွင့်ရှိ၏။ ထို့
ကြောင့် ကျွန်ုပ်သည် ဘောက်ထော်
အင်းစိန်ဘူတာသို့ လပေးလက်မှတ်
လုပ်ထား၏။ လပေးလက်မှတ်မှာ
တစ်လလျှင် (၁၂)ကျပ်သာ ပေးရ၏
ထို့ကြောင့် တစ်ရက်လျှင် ပြား ၄
သာ ကျ၏။ ထို့ကြောင့် ခရီးစရိတ်မှာ
လွန်စွာသက်သာသည်ဟု ဆိုနိုင်၏
ကျွန်ုပ်သည် တစ်နေ့လျှင် ဆေးပေ
လိပ် တစ်မတ်ဖိုး သောက်၏။ လက်ဖက်
ရည်နှင့် မုန့် သွားရည်စာ လုံးဝစား
သောက်ခြင်း မရှိပေ။ ထို့ကြောင့်
ကျွန်ုပ်၏ ကုန်ကျစရိတ်မှာ တစ်ရက်
လျှင် (၆၅)ပြားသာ ရှိ၏။ ထမင်းမှာ
တစ်ခါတစ်ရံစား၍ သွားရ၏။ ထို့ကြော
ထိုအချိန်ကာလများတွင် ကျွန်ုပ်သည်
နံနက်စာ မစားရသည်က များ၏
ညနေစာ မစားရဘဲ နံနက်စာ စား
ပါမူက ဥပုသ်စောင့်၍ရ၏။ ညနေစာ
စားရပြီး နံနက်စာ မစားရသော
ကြောင့် ကျွန်ုပ်မှာ ဥပုသ်စောင့်၍
လည်း မရဖြစ်နေလေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် မ
ကုန်းဘူတာမှနေ၍ အင်းစိန်ဘူတာ
စီးနင်းလိုက်ပါလာခဲ့ရာ ဘုရားလ
ဘူတာသို့ အရောက်တွင် တောင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်သည် ကျွန်ုပ်တို့တွဲသို့ တက်လာလေ၏။ ထိုသို့တက်လာပြီးလျှင် ထိုင်ခုံလွတ်များ ရှိပါလျက်နှင့် မထိုင်ဘဲ ဟိုကြည့် ဒီကြည့် ကြည့်၍ တွဲတွင် ခေါက်တုံ့ခေါက်ပြန် သွားနေ၏။ သူသည် ထိုသို့သွားနေရင်း ကျွန်ုပ်၏ မျက်နှာကို မကြာခဏလှမ်း၍ ကြည့်နေ၏။ အမှန်စင်စစ် ကျွန်ုပ်၏ မျက်နှာကို ကြည့်နေခြင်း မဟုတ်။ ကျွန်ုပ် နေကာမျက်မှန်ကို စိတ်ဝင်စားနေခြင်း ဖြစ်၏။ အပေါစား ၆ ကျပ်တန် မျက်မှန်အဟောင်းအား ထိုကောင်လေးသည် အဖိုးတန်မျက်မှန်ဟု ထင်မှတ်နေ၏။ ထို့ကြောင့် ထိုကောင်လေးသည် ထိုင်ခုံ၌ မထိုင်ဘဲ လှေကားအတက်အဆင်းတွင် တွယ်၍ စီး၏။

ကျွန်ုပ် ထိုင်နေသော ထိုင်ခုံမှာ လှေကားနှင့် အကပ်ဆုံးနေရာ၊ အနီးဆုံးနေရာတွင် ရှိ၏။ ထိုကောင်လေးသည် ရထားတွဲတွင် စီးရာ၌ ငြိမ်ငြိမ်စီးသည် မဟုတ်၊ သံတိုင်ကိုကိုင်၍ ကိုယ်ကိုလွှဲယမ်းပြီး စီး၍နေ၏။ သူ၏လက်သည် ကျွန်ုပ်ထိုင်နေသော ပြတင်းပေါက်ဆီသို့ မကြာခဏ ရောက်လာ၏။ သို့မဟုတ် ကျွန်ုပ်မျက်နှာနားသို့ မကြာခဏ ရောက်လာ၏။ ကျွန်ုပ်သည် သတိထားနေ၏။ သူ၏လက်သည် မတော်တဆလိုနှင့် ကျွန်ုပ်မျက်နှာနားသို့ ပို၍ ပို၍ ကပ်လာ၏။ ကျွန်ုပ်သည် မျက်မှန်ကို ဖြုတ်လိုက်၏။ ထို့နောက် ကျွန်ုပ်မျက်နှာအနီးသို့ ဝှေ့ယမ်းလာသော သူ၏လက်ကို ခပ်ဆတ်ဆတ်ကလေး ပုတ်လိုက်ပြီးလျှင်…

"ဟေ့ကောင် ဒီမျက်မှန်က ၆ ကျပ်ပဲ တန်တာ၊ မင်းပြန်ပြီး ရောင်းရင် ၃ ကျပ်တောင် ရမှာမဟုတ်ဘူး။ မင်းလိုချင်ရင် ဒီအတိုင်းယူသွား၊ ဖြုတ်ပြီး ခုန်ချရင် ငါ့မျက်လုံး ခိုက်မိနေမယ်။ မင်းလည်း သက်သာမှာ မဟုတ်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုကောင်လေးက…

"ခင်ဗျား ဘာစကားပြောတာလဲ ကျုပ်ကို ဘာအောက်မေ့လို့လဲ"

ဟု ကျွန်ုပ်အား ပြန်၍ဟောက်၏။

"ဘာစကားမှ ပြောတာမဟုတ်ဘူး၊ ငါ့မျက်မှန်ကို မင်းဖြုတ်ပြီး ရထားပေါ်က ခုန်ချပြေးမယ်ထင်လို့ ပြောတာ၊ မဟုတ်ရင် ပြီးရောပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်စဉ်၌ပင် ကျွန်ုပ်စီးနင်းလိုက်ပါလာသော ရထားသည် အုတ်ကျင်းဘူတာသို့ ဆိုက်ရောက်နေပြီ ဖြစ်၏။ ကောင်လေးသည် ကျွန်ုပ်အား မကျေမနပ် ပြောဆိုကာ ရထားပေါ်မှ ဆင်းသွား၏။ ရထားသည် ပြန်လည်၍ ထွက်ခွာနေပြီ ဖြစ်၏။ ထိုအချိန်၌ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်တွင် လိုက်ပါလာသော အဘိုးကြီးတစ်ဦးက…

"ဟေ့ သူငယ်၊ ဟေ့ သူငယ် ဟိုကောင် ကျောက်ခဲတွေ ကောက်နေပြီ၊ မင်းကို ထုလိမ့်မယ်"

ဟု ဆိုကာ ရထားတံခါးကို ပိတ်ရန် ကြိုးစား၏။

ကျွန်ုပ်က…

"မပိတ်နဲ့ ဦးလေး၊ မပိတ်နဲ့"

ဟု ဆိုကာ လွယ်အိတ်အတွင်းမှ ကျောက်ဂေါ်လီကို ဆွဲထုတ်လိုက်ပြီးလျှင် ရထားပြတင်းပေါက်မှ ခေါင်းကို ထုတ်၍ ထိုကောင်လေးအား ကြည့်လိုက်ရာ ထိုကောင်လေး၏ လက်ထဲတွင် ကျောက်ခဲနှစ်လုံး ကိုင်ထားသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် လေးခွဖြင့် ထိုကောင်လေးအား ချိန်၍

"ဟေ့ကောင် ကျောက်ခဲတွေ ချလိုက်၊ မချလိုက်ရင် မင်း ခေါင်းကို ပစ်လိုက်မယ်"

ဟု အသံခပ်မာမာဖြင့် ပြောလိုက်ရာ ကောင်လေးသည် တွေရပ်ရပ်နေ၏။

"ဟေ့ကောင် ပြောတာ မရဘူးလား၊ ချ ချလိုက်"

ဟု ထပ်၍ အော်လိုက်သောအခါ၌ ကောင်လေးသည် ကျောက်ခဲနှစ်လုံးကို ပစ်ချလိုက်လေတော့၏။ ရထားမှာလည်း ကောင်းစွာ အရှိန်ရသွားပြီ ဖြစ်၏။ ကျွန်ုပ်နှင့် ကောင်လေးမှာလည်း အတော်အတန် လှမ်းသွားပြီ ဖြစ်၏။ ကျွန်ုပ်သည် နမူနာပေးသည့် သဘောဖြင့် ကောင်လေး၏



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်အား လေးခွဖြင့် လှမ်း၍ ပစ်လိုက်၏။ ချက်ကောင်းကို ထိမှန်သောကြောင့် ခွေကျသွား၏။ ထိုအခါ ကျွန်ုပ် မျက်မှန်ကို ဆောင်ပြပြီးလျှင်

"ရော့"

ဟု ဆိုကာ ပစ်ချပေးလိုက်၏။

ထို့နောက် ကျောက်ဂေါ်လီ တစ်လုံးကို ချိန်၍ ထုတ်ယူပြီးလျှင် ထိုမျက်မှန်ကလေးကို ချိန်၍ပစ်လိုက်၏။ မျက်မှန်ကလေးကို ထောက်ခနဲ ထိမှန်ပြီးလျှင် ကြေမွပျက်စီးသွား၏။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် နေကာမျက်မှန်ကို မည်သည့်အခါမျှ မတပ်တော့ပါ။

ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်သော လူကြီးက...

"ဟိုကောင်ဟာ ကိုရင့်မျက်မှန်ကို ဖြုတ်မလို့ လုပ်တာတော့ အမှန်ပဲ။ ကျုပ်လည်း ဒါကို ရိပ်မိတယ်။ ကိုရင် ဒါကို ဘယ်လိုလုပ်မလဲလို့ စဉ်းစားနေတာ"

ဟု ပြောလိုက်လေ၏။

"အမှန်ကတော့ ကျွန်တော့် မျက်မှန်ကို သူဖြုတ်တဲ့အထိ စောင့်ပြီး သူ့လက်ကို ဖမ်းပြီး ရထားပေါင်နဲ့ ရိုက်ချိုးခဲ့ရမှာ၊ ပြီးမှ ပစ်ချခဲ့ရမှာ။ ဒါပေမယ့် ကောင်လေးက ငယ်သေးတယ်။ အဲဒီလောက် ရက်စက်ဖို့တော့ မကောင်းဘူးထင်လို့ သူ့ကို ဟန့်တားလိုက်တာ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ထိုလူကြီးက...

"ကိုရင့်မှာ လေးခွပါပေလို့သာပေါ့။ အဲဒီလို မပါဘူးဆိုရင်တော့ အဲဒီကောင်လေးဟာ ကိုရင့်မျက်နှာကို ကျောက်ခဲနဲ့ လာထုမှာ သေချာတယ်"

ဟု ပြောလေ၏။

"ဒီလမ်းမှာ လူဆိုးတွေ အများကြီးပဲ၊ ဒါမျိုးလေးတွေကတော့ လူဆိုးလက်သင်ကလေးတွေပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုလူကြီးက...

"ထားပါတော့ ကိုရင်ရယ်၊ ကောင်လေးက ကိုရင်ပြောလို့ ခဲလုံးတွေ လွှတ်ချလိုက်ပြီပဲ။ ကိုရင်နဲ့လည်း ဝေးသွားပြီပဲ။ ဘာဖြစ်လို့ လေးခွနဲ့ သူ့ခြေထောက်ကို တစ်ချက်ပစ်လိုက်တာလဲ"

ဟု မေးလေ၏။

"ဒီလို ဦးလေးရ၊ လူဆိုးလူမိုက်ဆိုတာ သူတို့ပဲ ဆိုးဝံ့တယ်၊ သူတို့ပဲ မိုက်ဝံ့တယ်၊ လူကောင်းတွေက သူတို့လို မဆိုးဝံ့ဘူး၊ မမိုက်ဝံ့ဘူးလို့ ထင်နေကြတယ်။ ဒီကောင်လေးဟာ နောင်တစ်ချိန်မှာ လူဆိုးလူမိုက် ဖြစ်လာမယ့် ကောင်လေးပဲ။ ဒါကြောင့် လူကောင်းတွေလည်း ရက်စက်ရမ်းကားတဲ့ အမှုကို သူတို့နဲ့ ထပ်တူပြုဝံ့တယ်ဆိုတာ နမူနာ ပေးလိုက်တာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှ
ထိုလူကြီးက ပြုံးလေ၏။ ထို့နော
လူကြီးက...

"ထားပါတော့ ကိုယ့်လူရယ်
မျက်မှန်ကို ဘာကြောင့် ပစ်ချပေး
လိုက်သလဲ"

ဟု မေးလိုက်လေ၏။

"ဒီလို ဦးလေးရ၊ မျက်မှန်
ပစ်ချပေးလိုက်တုန်းကတော့ ခြေထော
ကို လေးခွနဲ့ ပစ်လိုက်မိတဲ့အတွ
လျော်ကြေးသဘောနဲ့ ပေးလိုက်တာ
အဲဒီလို ပစ်ချပေးလိုက်ပြီးမှ ကျွန်တော့်
စိတ်ထဲမှာ လူဆိုးလူမိုက်အတွ
လျော်ကြေးပေးစရာ မလိုဘူးလို့ ဖျ
ခနဲ တွေးမိတာနဲ့ ခွနဲ့ပစ်ပြီး မျက်မှန်
ဖျက်ဆီးပစ်လိုက်တာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှ
ထိုလူကြီးသည် ပြုံးပြန်လေ၏။

"ဘာပြုံးတာလဲ ဦးလေ"

ဟု ကျွန်ုပ်က မေးလိုက်လျှ
ထိုလူကြီးက...

"မင်းရဲ့ ပြုမူလှုပ်ရှားပုံတွေဟာ
ကောင်းဘွိုင်ဇာတ်ကားထဲက ကောင်း
ဘွိုင်တွေလိုပဲ။ ကောင်းဘွိုင်ကတော့
ခြောက်လုံးပြူး၊ မင်းကတော့ လေး
ဒါပဲ ကွာတယ်။ ကောင်းဘွိုင်ဇာတ်
ကားမှာ ဇာတ်လိုက်ဟာ မြင်းပေါ်က
နေ လက်တည့်ကြောင်း သေနတ်ပစ်
တတ်တယ်။ မင်းကတော့ မြို့ပတ်ရထား
ပေါ်ကနေ ပစ်ပြတယ်။ မြင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

ဖတ်ရထား ဒါပဲကွာတယ်။ မင်းက တော်တော်လက်တည့်တာပဲ"

ဟု ပြောလေ၏။

"တည့်ပါတယ် ဦးလေး၊ ကျွန်တော် လေးခွကို သေသေချာချာ ချိန်ထားတာပါ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုလူကြီးက…

"ယောပဲ့ကို တိုင်ငုတ်ကို မှန်အောင် ပစ်နိုင်ပါ့မလား"

ဟု မေးလေ၏။

၎င်းညွှန်ပြသော တိုင်ငုတ်မှာ ရထားလမ်းဘေးရှိ ရှည်မျောမျော ရေကန်အလယ်တွင် စိုက်ထားသည့် ဝါးလုံးတိုင်ဖြစ်၏။ ထိုဝါးလုံးတိုင်၏ အဖျားတွင် စက္ကူလေးတစ်ရွက်ကို ကြိုးဖြင့်ချည်၍ထားသောကြောင့် စက္ကူလေးမှာလည်း လေတိုက်သောကြောင့် တလှုပ်လှုပ် တယမ်းယမ်း ဖြစ်နေ၏။ ကျွန်ုပ်သည် လေးခွဖြင့် ထိုဝါးလုံးတိုင်အား လှမ်း၍ပစ်လိုက်ရာ ထိမှန်၍ ထန်းခနဲ မြည်သွား၏။

ထိုအခါ ထိုလူကြီးက…

"အပေါ်က ချည်ထားတဲ့ စက္ကူရွက်ကလေးဆိုရင်တော့ ထိဖို့ လွယ်ဘူးထင်တယ်"

ဟု ပြောလေ၏။

"ဒါကတော့ အမှန်ပဲ ဦးလေး၊ စက္ကူက လှုပ်နေလိုက်တာ ပျံနေတဲ့ ငှက်ထက်ဆိုးတယ်"

ဟု ကျွန်ုပ်က ပြောလိုက်စဉ်၌ပင် ထိုလူကြီးသည် ၎င်း၏ လွယ်အိတ်တွင်းမှ လေးခွကိုထုတ်၍ လေထဲတွင် ဝှေ့ယမ်းနေသော စက္ကူရွက်ကလေးကို လှမ်း၍ပစ်လိုက်ရာ စက္ကူရွက်ကလေးသည် ပြတ်ထွက်၍ လေထဲတွင် လွင့်မျောသွားလေတော့၏။ ထိုအခါ၌ ကျွန်ုပ်က…

"ဩော် ဦးလေးက ကျွန်တော်နဲ့ လက်တည့်ပြိုင်ချင်တာကိုး"

ဟု ပြောလိုက်ရာ ထိုလူကြီးက

"ပြိုင်ချင်လို့ မဟုတ်ပါဘူးကွာ၊ မင်းကို နမူနာပေးတာပါ။ ပြီးတော့ မင်းကို ငါ သတိပေးလိုက်ဦးမယ်။ မင်းပြန်တဲ့အခါ ဒီလမ်းက မပြန်နဲ့ကွ၊ ဟိုကောင်လေးတွေ လူစုက မင်းကို စောင့်ပြီး လုပ်ကြဲလိမ့်မယ်"

ဟု ပြောသဖြင့် ကျွန်ုပ်က…

"ကျေးဇူးတင်ပါတယ် ဦးလေး၊ ကျွန်တော်လည်း ဒါကို ရိပ်စားမိပါတယ်။ ပြန်တဲ့အခါမှာတော့ မြို့ပတ်ရထားကို လက်ဝဲရစ်စီးမယ် ဦးလေး"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်သည် ဖွဲ့နဆီစက်တွင် တစ်နေကုန် အလုပ်လုပ်၏။ ညနေပိုင်းသို့ ရောက်သောအခါ၌ ရထားစောင့်ရန်အတွက် အင်းစိန်ဘူတာသို့ သွားရလေ၏။ အင်းစိန်ဘူတာသို့ ရောက်သောအခါ၌ လက်ဝဲရစ်ပတ်မည့် မြို့ပတ်ရထား မလာသေးသဖြင့် ထိုင်ခုံတွင် ထိုင်၍ စောင့်နေရလေ၏။ ကျွန်ုပ်သည် ရထားစောင့်ရင်း စာအုပ်တစ်အုပ် ဖတ်နေလေ၏။ ထိုစာအုပ်မှာ အစွမ်းထက်သော ဂါထာအမျိုးမျိုးကို စုပေါင်းရိုက်နှိပ်ထားသော စာအုပ်ဖြစ်၏။ ထိုစာအုပ်ကို ရေးသားသော ဆရာသည် ဂါထာတစ်ပုဒ်ချင်း၏ အနက်အဓိပ္ပာယ်များကို ဖော်ပြရုံမျှမက ထိုဂါထာ၏ အစွမ်းထက်ပုံကို ဝတ္ထုဓာတ်လမ်းများဖြင့် ဖော်ပြထားလေ၏။ ကျွန်ုပ်သည် ကြိုက်နှစ်သက်သော ဂါထာများကိုလည်းကောင်း၊ ကြိုက်နှစ်သက်သော ဓာတ်လမ်းများကိုလည်းကောင်း ခဲတံနီပြာနှင့် တားနေလေ၏။ ထိုအချိန်၌ ကျွန်ုပ်အနီးတွင် အသက်(၅၀)အရွယ် လူကြီးတစ်ဦး လာပြီးထိုင်၏။ ထိုလူကြီး၏ ဦးခေါင်းများသည်လည်းကောင်း၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများသည်လည်းကောင်း၊ ဆွတ်ဆွတ်ဖြူနေပြီဖြစ်၏။ ထိုလူကြီး၏ အင်္ကျီမှာ စစ်အင်္ကျီအဟောင်း ဖြစ်၏။ လုံချည်မှာမူ ယောလုံချည်အနက်ဖြစ်၏။ ထိုလူကြီးသည် လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထား၏။ ထွားကျိုင်းသော ကြက်ဖကြီး တစ်ကောင်ကို ပိုက်ထား၏။ ကျွန်ုပ်သည် ထိုလူကြီးကို တစ်ချက်မျှ ကြည့်ပြီးနောက် စိတ်ထဲတွင်…

"ဒီလူကြီးကလည်း အသက်ကြီးလို့ ဆံပင်တွေ မုတ်ဆိတ်တွေ ဖြူမှ ကြက်ဖကြီးပိုက်လို့ ဘာလုပ်ဦးမလို့လဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟု တွေးမိလေ၏။

ကြက်ဖကြီးသည် သူ၏ လက်ထဲမှနေ၍ ရုန်းထွက်ရန် ကြိုးစားနေသဖြင့် သူသည် တအားကြီးညှစ်၍ ပိုက်ထားရ၏။ ထို့နောက် ထိုသူကြီးသည် လွယ်အိတ်တွင်းမှ ကြိုးတစ်ချောင်းကို ထုတ်ကာ ကြက်ဖကြီး၏ ခြေထောက်နှင့် ထိုင်ခုံအား ချည်ထားလိုက်လေတော့၏။ ကြက်ဖကြီးသည် ကြိုးတစ်ဆုံး ဟိုသွားလိုက် ဒီသွားလိုက် လုပ်နေ၏။ ကျွန်ုပ်ဘက်သို့ ရောက်လာ၍ ကျွန်ုပ်သည် ခြေထောက်ကို ခုံပေါ်သို့ တင်ထားရလေ၏။

ထိုအခါ ထိုသူကြီးက ကျွန်ုပ်အား…

“မောင်ရင့်ကိုတော့ အနှောင့်အယှက်ပေးသလို ဖြစ်နေပြီနော်၊ စိတ်မရှိပါနဲ့”

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်ကလည်း မနေနိုင် မထိုင်နိုင်…

“ဦးလေးကလည်း ကြက်ဖကြီး ဘာလုပ်မလို့တုံး”

ဟု မေးလိုက်လေ၏။

ထိုအခါ အဘိုးကြီးက…

“နာရီကွယ့်၊ ဒီကောင်ကြီးက အသံသိပ်ကောင်းတာ၊ မနက် မိုးလင်းတာနဲ့ အတောင်ကို တဖြန်းဖြန်းရိုက်ပြီး တွန်တော့တာပဲ မောင်ရင်ရေ၊ ဒီကောင်ကြီးရဲ့ တွန်သံက သိပ်ပြီးသာယာတာပဲ၊ မိုးလင်းတဲ့နိမိတ်ကို ယူရင်တော့ ကြက်ဖတွန်သံဟာ မင်္ဂလာအရှိဆုံးပါပဲ။ ကျုပ်ရဲ့ တဲခေါင်မိုးပေါ်ကနေပြီး ခေါင်းကြီးကိုမော့ပြီး၊ လောကကြီးကို ရဲရဲကြီးကြည့်ပြီး၊ ရင်ကိုကော့ အတောင်ကိုဖြန့်ပြီး အောက်အီးအီးအွတ်လို့ တွန်လိုက်တဲ့ အသံဟာ သိပ်ကိုအားရဖို့ကောင်းတာပဲ။ သူတွန်လိုက်တာနဲ့ ကျုပ်ကလည်း ကျုပ်ခေါင်းရင်းမှာ ရှိတဲ့ ပြတင်းပေါက်လေးကို တုတ်နဲ့မပြီး ဖွင့်လိုက်တာပဲ။ ပြီးတော့ အဲဒီတုတ်နဲ့ပဲ ထောက်ထားလိုက်တယ်။ ကျုပ်က အရှေ့ဘက်ကို ခေါင်းပေးပြီး အိပ်တဲ့လူဆိုတော့ အရှေ့ဘက်က ဖျိုးလာတဲ့ ရောင်နီဦးကို တွေ့ရတော့တာပဲ”

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က…

“မနက်အရုဏ်ကို အင်္ဂလိပ်လို ဒွန်းလို့ခေါ်တယ် ဦးလေး။ အဲဒီတော့ ဦးလေးကြက်ဖကြီးကို ဒွန်းလို့ နာမည်ပေးပါလား”

ဟု ပြောလိုက်ရာ ထိုအဘိုးကြီးက…

“ဒီလို မောင်ရင်ရဲ့၊ အရုဏ်ကိုတော့ ဒွန်းလို့ခေါ်တာ မှန်ပါတယ်။ ကျုပ်က အဲဒီအရုဏ်ဖြစ်ခြင်း မဖြစ်ခြင်းကို အလေးအနက်ထားတာ မဟုတ်ဘူး။ အရှေ့ဘက်က ဖျိုတက်လာတဲ့ အရုဏ်ဦး လင်းရောင်ခြည်၊ ဒါမှမဟုတ် ရောင်နီကို သဘောကျတာ”

ဟု ပြန်၍ ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

“ဒီလိုဆိုလည်း လွယ်ပါတယ် ဦးလေးရယ်၊ လိုက်အော့ဖ်ဒွန်းလို့ ပြောရုံပေါ့”

ဟု ပြောလိုက်ရာ…

“အရုဏ်ဦးမှာ လာတဲ့ရောင်နီကို အဲဒီလို စပ်ဟပ်ပြီး ပြောရင်လည်း ရပါတယ်လေ။ ဒါပေမယ့် သူ့စကားလုံး အမှန်ကတော့ ‘အော်ရိုးရား’ လို့ ပြောရင် ကောင်းတယ်ကွယ့်၊ စာလုံးပေါင်းကတော့ (AURORA) ဖြစ်တယ်ကွယ့်။ ဒီကောင်ကြီးက ကြက်ဖကြီးကွ၊ ဒါကြောင့် သူ့နာမည်က မောင်မော်လို့ နာမည်ပေးထားတယ်။ အရှည်ခေါ်ရင်တော့ အော်ရိုးရား မောင်မော်ပေါ့…။ အေး အဲဒီအော်ရိုးရား မောင်မော်ကြီးက ငါ့ရဲ့ တဲခေါင်းပေါ်ကနေ အတောင်တွေ တဖြန်းဖြန်းရိုက်ပြီး ရဲရင့်တဲ့ အသံတွေနဲ့ တွန်ကျူးလိုက်ပြီဆိုရင် ငါဟာ အိပ်ရာက ထပြီး အပေါ့အပါးသွား၊ မျက်နှာသစ်တယ်။ ပြီးတော့ တစ်သက်ပတ်လုံး ငါရွတ်လာတဲ့ ဂါထာတစ်ပုဒ် ကျူးရင့်တော့တာပဲပေါ့။ အဲဒီဂါထာက ဘာလဲဆိုတော့ မင်္ဂလသုတ်ထဲမှာပါတဲ့ အပိုဒ်တစ်ပိုဒ်ပါကွာ”

ဖုဋ္ဌဿ လောကဓမ္မေဟိ။

စိတ္တံ ယဿ နကမ္ပတိ။

အသောကံ ဝိရဇံ ခေမံ။



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

"အနက်ပေးပါဦး အဘ"

ဟု ပြောလိုက်ရာ ထိုလူကြီးက-

"ဖုဋ္ဌဿ လောကဓမ္မေဟိ ဆိုတာက လောကဓံတရား တစ်ပါးပါးနဲ့ ထိတွေ့ခံစားရတဲ့အခါလို့ အဓိပ္ပာယ်ရတယ်။ စိတ္တံယဿနကမ္ပတိ ဆိုတာက စိတ်သည် မတုန်မလှုပ်ပါစေနှင့်လို့ အဓိပ္ပာယ်ရတယ်။ အသောကံဆိုတာက မဆွေးတော့၊ မစိုးရိမ်ပါနဲ့လို့ အဓိပ္ပာယ်ရတယ်။ ဝိရဇံဆိုတာက ကော်မောမှု မရှိပါနဲ့လို့ အဓိပ္ပာယ်ရတယ်။ ခေမံဆိုတာက ကြည်လင်အေးချမ်းအောင် စိတ်ကို လေ့ကျင့်မွေးမြူထားပါလို့ အဓိပ္ပာယ်ရတယ် သူငယ်ရဲ့"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က…

"ဦးလေးက ဒီဥစ္စာကို ရွတ်တာတော့ အကြောင်းရှိမှာပေါ့လေ"

ဟု မေးလိုက်ရာ ထိုလူကြီးက-

"ရှိတာပေါ့ မောင်ရယ်၊ အန္တရာယ်အလွန်ကင်းတယ်ကွယ့်၊ ကျုပ်က ဘဝတစ်လျှောက်လုံးမှာ အန္တရာယ်များတဲ့အလုပ်တွေ လုပ်ခဲ့တာ၊ ဒီဂါထာလေးတော့ မနက်အိပ်ရာကထ မျက်စိနှစ်လုံးဖွင့်တာနဲ့ ရွတ်တော့တာပဲ။ အိပ်ခါနီး မျက်စိနှစ်လုံး မပိတ်ခင်မှာလည်း ရွတ်တော့တာပဲ။ ကျုပ်က အဲဒီဂါထာလေးကို မျက်စိလို့ နာမည်ပေးထားတာ။ ပေးကောင်းလား၊ မပေးကောင်းလားတော့ မသိဘူး။ ကျုပ်ဟာကျုပ် သဘောကျလို့ ပေးထားတာ။ ကျုပ်ဟာ အဲဒီမျက်စိဆိုတဲ့ ဂါထာလေးကို တစ်ခါတစ်ရံ ဘဝမှာ အခက်အခဲ တွေ့လာလို့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတဲ့အခါမှာ အဲဒီဂါထာလေး ရွတ်ပေးလိုက်တဲ့အခါမှာ မျက်စိထဲမှာ ဘာပြီးရင် ဘာလုပ်ရမယ်ဆိုတာ ကွင်းကွင်းကွက်ကွက် ပေါ်တော့တာပဲ။ ဒါကြောင့် ရွတ်တာ သူငယ်ရေ ဒါနဲ့ နေစမ်းပါဦး။ စိတ်တော့ မဆိုးပါနဲ့၊ မင်းကြည့်ရတာ နွမ်းနွမ်းပါးပါး ရှိပုံရတယ်"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က…

"မှန်ပါတယ် ဦးလေး၊ ကျွန်တော် ဆင်းရဲပါတယ်"

ဟု ပြန်၍ ပြောလိုက်လျှင် ထိုလူကြီးက…

"အေး ဆင်းရဲရင် ရန်များတယ်ကွ"

ဟု ပြောလေ၏။

"မဟုတ်တာဘဲ ဦးလေးရယ်၊ ချမ်းသာမှ ရန်များတာ မဟုတ်လား"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ ထိုလူကြီးက…

"ငါကတော့ ဒီလိုမထင်ဘူးကွ။ ဆင်းရဲတဲ့ လူတွေကို လူတွေက မထီမဲ့မြင် ဆက်ဆံတတ်ကြတယ်။ စော်ကားတတ်ကြတယ်။ အဲဒီအခါမှာ မခံချင်စိတ်တွေ ဖြစ်လာတတ်တယ်။ ကိုယ့်ဟာကိုယ် ဆင်းရဲတာကွာ၊ သူ့ဆီကလည်း တစ်ပြားမှ တောင်းတာ မဟုတ်ဘူး။ စော်ကားခွင့် မရှိဘူး။ မထီမဲ့မြင်လုပ်ခွင့် မရှိဘူး။ ဒါပေမယ့် မရဘူး မောင်ရေ၊ လူအများစုဟာ ချမ်းသာတဲ့လူနဲ့ တွေ့ရင် မောင်မောင်ဘဘ လုပ်ချင်ကြတယ်ကွ၊ ဆင်းရဲတဲ့လူကိုတော့ တွေ့မှ မတွေ့ရသေးဘူး သဟုတ်သဟန်း လုပ်ချင်ကြတယ်ကွ။ အဲဒီတော့ ဆင်းရဲတဲ့ လူကလည်း ကိုယ့်ဟာကိုယ် ရိုးရိုးသားသား လုပ်ကိုင်ပြီး ဆင်းရဲနေတာ မဟုတ်လား။ ဘယ်ခံချင်လိမ့်မလဲ။ အဲဒီမှာ ရန်များတော့တာပဲ ငါ့လူရေ၊ အဲဒီတော့ ဒီဂါထာလေး မှတ်ထား၊ မကြာခဏ ရွတ်ပေး။ ဖြစ်နိုင်ရင် မျက်စိနှစ်လုံးဖွင့်တဲ့အခါမှာလည်းရွတ်၊ ဘဝအခက်အခဲတွေနဲ့ ပိတ်နေတဲ့ အချိန်မှာလည်း ရွတ်၊ ရထားစောင့်ရင်း တောင်တောင်အီအီ တွေးတွေးနေတဲ့ အချိန်မှာလည်း ရွတ်"

ဟု ပြောလေ၏။

(ရှေ့လ ဆက်ရန်)

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိင်္ခ**



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာရိပ်မှ စွန့်ပယ်ခံ သီးမည်းလေးများ

ရုံးသို့လာတိုင်း ဂိတ်ဝလုံခြုံရေးနေရာ ခုံတန်းလျားပေါ် အိပ်ပျော်နေသော ကလေးတစ်ဦးကို အမြဲလိုလို တွေ့နေရသည်။ အပူအပင်ကင်းမဲ့စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ကလေး။ လုံခြုံရေးမှူး သမီးငယ်လေးလား။ မဟုတ်ပါ။ အနီးအနားမှ ဈေးရောင်းနေသော မိသားစု၏ သမီးလေး။ သနား၍ အရိပ်အမိုးအောက်မှာ ပေးအိပ်ထားခြင်း။ ဤကလေး၏ဘဝက သနားစရာအတိ။ ဈေးရောင်းနေသော မိသားစု၏ သမီးရင်းချာ မဟုတ်။ ကလေးမလေးက အဲမိမဲ့သား ရေနည်းငါးဟု ဆိုရမည်။ မိခင်အရင်းကွယ်လွန်၊ အဖေက တစ်နေ့စာ တစ်နေ့ ရှာစားရသည့် လက်လုပ်လက်စားဘဝ။ မွေးစကလေးငယ်ကို တာဝန်မယူနိုင်သည့် ဘဝပေးအခြေအနေ။ ဤသို့ဖြင့် မေတ္တာရှင်မိသားစုလက်ထဲသို့ ဝကွက်အပ်နှံထားခဲ့ရသည်။ ငွေကြေးမနေဆင်းရဲပြားလည်း မေတ္တာမဆင်းရဲသော မိသားစု၏အရိပ်မှာ ခိုနားခွင့်ရသောကလေး ကံကောင်းသေးသည်ဟု ဆိုရမည်။

သူ့လောက် ကံမကောင်းသူများ အများအပြား မြင်နေကြားနေရသည်။ ညအချိန်မတော် အမှောင်ရိပ်မှာ ချက်ကြိုးတန်းလန်းနှင့် စွန့်ပစ်ခံရသောကလေး၊ အမျိုးသမီးဆေးရုံတွင် မွေးဖွားပြီး စွန့်ပစ်သွားသည့်ကလေးများ။ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလကုန်ထိ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် မွေးဖွားပြီး စွန့်ပစ်သွားသည့်ကလေးငယ် ၁၀ ဦးခန့်အထိရှိပြီး ထိန်းသိမ်းစောင့်ရှောက်ထားရကြောင်း ယင်းဆေးရုံ၏ တာဝန်ရှိသူတစ်ဦး ပြောပြချက်အရ သိရသည်။ လိပ်စာတိကျ ပေးသွားသူများကို ဆက်သွယ်ပြီး ပေးအပ်ခြင်းနှင့် ဆက်သွယ်၍ မရနိုင်သူများအား ကလေးများကို ကလေးပြုစုရေးဌာန (ရွှေဂုံတိုင်)သို့ လွှဲပြောင်းပေးနေရသည်။

ဆေးရုံကနေ စွန့်ပစ်ထားခဲ့လို့ ရောက်လာသည့် ကလေးများ၊ စီမံချက်အရ စည်ပင်ကပို့သည့် ကလေးများနှင့် ဘုရားပေါ်မှ စွန့်ပစ်သွားလို့ ဂေါပကပို့သည့် ကလေးများတွင် ဆေးရုံမှာ စွန့်ပစ်ခံရ၍ ရောက်လာသည့် ကလေးက အများဆုံးဟု ရွှေဂုံတိုင် ကလေးပြုစုရေးဌာန တာဝန်ခံကဆိုသည်။ ဤကရုဏာရှင်အဖွဲ့မှ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်တွင် ရှိနေ၍ တော်သေးသည်။ သို့မဟုတ်ပါလျှင် ရန်ပုံငွေက လွယ်မည်မဟုတ်။ တစ်ဖက်မှလည်း ဝမ်းမနာသားသမီးလေးများကို ကိုယ့်သွေးကိုယ့်သားပမာ မေတ္တာအပြည့်အဝ ပေးနိုင်ကြသူများနှင့် အားဖြည့်ပေးထား၍ စွန့်ပစ်ခံကလေးများ ကောင်းမွန်စွာ ရှင်သန်ခွင့်ရလာနေခြင်း။

"ကမ္ဘာမီးလောင် သားကောင်ချနင်း" ဆိုရိုးစကားရှိသည်။ စွန့်ပစ်ခံ ကလေးများ၏ မိဘနှစ်ပါး ဘဝမှာ အမျိုးမျိုးသော လူမှုအပူမီးများ ဝိုင်းအုံလောင်မြိုက်ခံနေကြရ၍သာ "တောင်းဆိုးပလုံးဆိုးကို ပစ်ရိုးထုံးစံရှိသည်။ သားဆိုး၊ သမီးဆိုးကို ပစ်ရိုးထုံးစံမရှိ" ဆိုစကား မှားသွားရပြီ။ ရင်နှင့်အောင် ချစ်ပြားလည်း ရင်နာနာနှင့် စွန့်ပစ်သွားကြခြင်း။ မိဘတစ်ဦးအနေနှင့် ကိုယ်ချင်းစာနာမိသည်။

"တစ်ဖက်ကမ်းပြို တစ်ဖက်သောင်ထွန်း" နိယာမပင်ဖြစ်သည်။ တစ်ဖက်မှာ စွန့်ပစ်သွားလည်း တစ်ဖက်တွင် ဖေးကူစောင့်ရှောက် ''းနေသူများ ရှိနေသည်။ မေတ္တာအပြည့် အဝမျှပေးဝေနေသည့် မေတ္တာရှင်များ ရှိနေသည်။ "လူ့ဘဝက ရခဲသည်" ဆိုပြားလည်း ဘဝကံအကြောင်း မကောင်းသောအခါ မိဘအရင်းအချာ၏ စွန့်ပစ်ခံဘဝနှင့် သူစိမ်းတွေ၏ နွေးထွေးသောလက်ပေါ် ဆက်လက်ရှင်သန်ကြရသည်။ တချို့ပြောသလို "သီးမဲ့"များဟု ဆိုရမည်လား။ ကျောင်းစာမပြီး ဘွဲ့မရ ငယ်စဉ်က မိဘများ၏ စွန့်ပစ်ခံကလေးများကို "သီးမည်း"များဟု တင်စားကြသည်။ သီးမဲဆိုသူတိုင်း ဆိုးသွမ်းသူများ မဟုတ်ကြ။

ဥပမာ Apple ကုမ္ပဏီသူဌေးကြီး တီထွင်ရှင် "စတိဗ်ဂျော့" မွေးစားခံ မိဘနှစ်ပါးလက်ပေါ် ကြီးပြင်းလာသူ။ ဘွဲ့ရပညာတတ်မဖြစ်ခဲ့။ သို့သော် ပါရမီရှင်ဘဝနှင့် ကမ္ဘာကျော်ခဲ့သည်။ အဓိကမှာ ကာယကံရှင်၏ ပညာပါရမီနှင့် ပန်းပျိုးလက်ပိုင်ရှင် မိဘနှစ်ပါးက အခရာဖြစ်သည်။

ယခု ရွှေဂုံတိုင်မေတ္တာရိပ်မှ စွန့်ပစ်ခံကလေးများတွင် စတိဗ်ဂျော့ကဲ့သို့ ပညာပါရမီရှင်များ မည်ရွေ့မည်မျှ ပါရှိနေမည်ကို တပ်အပ်သေချာ မသိနိုင်သေး။ ရွှေဂုံတိုင် မေတ္တာရှင်များ၏ ပြုစုပျိုးထောင်ပေးမှုက ကလေးများ၏ အနာဂတ်ကို ပုံဖော်ပေးသွားပါလိမ့်မည်။ ယုံကြည်မျှော်လင့်မိပါသည်။

**အောင်ကျော်ညို(ဆင်ချဲအိပ်)**



www.burmeseclassic.com

www.burmeseclassic.com


# မြို့ရန်ကုန်ဝန်းကျင်မှ

# ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်များ (၅)

ပထမံဝိဇ္ဇာအောင်

### ဖိုက်စကွဲယားပန်းခြံမှ မဟာဗန္ဓုလပန်းခြံသို့

ရန်ကုန်မြို့ကို ဗြိတိသျှတို့ သိမ်းပိုက်ခဲ့ပြီးနောက် အေဒီ-၁၈၀၇ မှ ၁၈၀၈-ခုနှစ်မှစ၍ ဆူးလေစေတီတော်၏ အရှေ့တောင်ဘက်အရပ်တွင် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းကာ ရေမြုပ်နေသော အပိုင်းများအား မြေဖို့ပြုပြင်လျက် ပန်းခြံကြီးတစ်ခုကို တည်ဆောက်ခဲ့သည်။ ပန်းခြံကြီးကို ထိုစဉ်က ပထမဆုံးကော်မရှင်နာမင်းကြီးချုပ် ဖြစ်သူ အဲလ်ဘတ်ဖိုက်(စ်) (SIR BERT FYTEBE)အား ဂုဏ်ပြုသောအားဖြင့် ဖိုက်စကွဲယားပန်းခြံဟု အမည်ပေးခဲ့သည်။ ပန်းခြံအတွင်း၌ ဝိတိုရိယဘုရင်မ ကျောက်ရုပ်ရှိသဖြင့် ဘုရင်မပန်းခြံ ဟူ၍လည်း ခေါ်ဆိုကြ၏။ ပန်းခြံမတည်ဆောက်မီက ပန်းခြံအတွင်း ရှိခဲ့ဖူးသည့် ရေလယ်ကျောင်းကြီးမှာ တိုင်လုံးကြီးများဖြင့် ပန်းဆွဲရွှေချကျောင်းကြီး ဖြစ်ကြောင်း ပါလီမန်ခေတ်က သက်တော် ၈၀ ရှိ ဆရာတော်ကြီး ဦးတိက္ခက မိန့်ခဲ့ဖူးသည်။ လွတ်လပ်ရေးခေတ်တွင် ဖိုက်စကွဲယားပန်းခြံကို မဟာဗန္ဓုလပန်းခြံဟုလည်းကောင်း၊ ဒါလယ်ဇီလမ်းကို မဟာဗန္ဓုလလမ်းဟုလည်းကောင်း အမည်ပြောင်းလဲ ခေါ်ဆိုခဲ့ကြ၏။



### လွတ်လပ်ရေးကျောက်တိုင်

အေဒီ ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် မဟာဗန္ဓုလပန်းခြံအတွင်းမှ ဝိတိုရိယဘုရင်မရုပ်တုကို ဖယ်ရှားပြီးနောက် လွတ်လပ်ရေးကျောက်တိုင်ကို အမြင့် ၁၅၅ ပေ ထားလျက် သံကူကွန်ကရစ်



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် တည်ဆောက်ခဲ့ကြသည်။ ကျောက်တိုင်ကို အောစီမာတင် ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ခဲ့ပြီး အင်ဂျင်နီယာ ဦးအုန်းကြိုင်၊ ဦးကျော်စိန်၊ စည်သူဦးတင်ဦးတို့က ကြီးကြပ်ပေးခဲ့ကြ၏။ အေဒီ ၁၉၄၈-ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် လွတ်လပ်ရေးကျောက်တိုင်ကို အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။

### ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်

ဗဟန်းမြို့နယ်အတွင်း နတ်မောက်လမ်းပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအတွင်း၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကို ထားရှိပါသည်။ ဗိုလ်ချုပ်ကြေးရုပ်အမြင့်မှာ ၈ ပေ ၄ လက်မ ရှိပြီး လန်ဒန်မြို့ အနုပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာကြီး မစ္စတာကော့နောလ် ဆိုသူက ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကိုကြည့်၍ ထုလုပ်ခဲ့ခြင်း ဖြစ်သည်။ ကြေးရုပ်ပုံစံ မသွန်းလုပ်မီ ရွှံ့ရုပ်တုအဖြစ် ဦးစွာထုလုပ်ရာ၌ ပန်းပုဆရာကြီးဖြစ်သူ ကျောင်းအုပ်ကြီးမှာ ဗိုလ်ချုပ်အောင်ဆန်းကို မမြင်ဖူးဘဲ ဓာတ်ပုံကို ကြည့်၍သာ ထုလုပ်ရသဖြင့် လန်ဒန်မြို့ရှိ မြန်မာသံရုံးမှ အရာရှိအချို့အား ခေါ်ယူပြသ ဝေဖန်စေခဲ့၏။ မစ္စတာကော့နောလ်အနေဖြင့် ကြေးရုပ်အတွက် ဥက္ကာပူဇော်ခ ငွေစတာလင် ပေါင် ၂၀၀၀ ရရှိခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကို ၁၉၅၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက် ၇ နာရီ ၅၅ မိနစ်တွင် နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး ဖွင့်လှစ်ပေးခဲ့သည်။ ကြေးရုပ်၏ အောက်ခံခုံတွင် တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ.. စသည့် ဗိုလ်ချုပ်၏ မိန့်ခွန်းကောက်နုတ်ချက်ကို ရေးထိုးထားသည့်အပြင် ယင်းစာသားများကို ဝန်ကြီးဦးကျွန်းလင်း၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဦးသန့် စသည့် ပုဂ္ဂိုလ်များပါဝင်သော စိစစ်ရေးအဖွဲ့က ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

### ဗဟန်း

ဗဟန်းသည် ရှေးပေါရာဏစကားဖြစ်ပြီး အဓိပ္ပာယ် ရောင်မြေကို ခေါ်ဆိုကြောင်း သိရ၏။ ရှေးခေတ်အခါက ဗဟန်းဒေသမှာ မြေဝါရောင် ဖုံးလွှမ်းလျက်ရှိသဖြင့် ယင်းသို့ ခေါ်ဆိုကြဟန် ရှိသည်။ ဗဟန်းကို ယခုအခါ မြို့နယ်အဖြစ် တွေ့ရသော်လည်း ကုန်းဘောင်ခေတ်ကာလကမူ ဗဟန်းသည် တောတောင်ထူထပ်ရာအရပ်ဖြစ်သည်။ အေဒီ ၁၈၄၁-ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် သာယာဝတီမင်း ရန်ကုန် ကြွရောက်လာစဉ် အတူလိုက်ပါခဲ့သည့် စာဆိုတော် စလေဦးပုညကမူ မင်းမိဖုရားများနှင့်အတူ အောင်မြေရန်နှင် နန်းမြို့တော်၌ လိုက်မနေဘဲ ရွှေတိဂုံ ခြေရင်းမှ ဘုန်းတော်ကြီးကျောင်းကလေးတစ်ကျောင်း၌ တည်းခိုနေထိုင်ခဲ့၍ ဗဟန်းရပ်မှ တောအုပ်ကလေးကို ဖြတ်ကျော်လျက် ရွှေတိဂုံစေတီ ဘုရားသို့ သွားရောက်ဖူး မြင်ရသည်မှာ အေးချမ်းလှသည်။

စလေဦးပုညသည် ဗဟန်း၌ နေထိုင်စဉ် ဗဟန်းသွား တောလားတစ်ပုဒ်ကို ရေးခဲ့သည်။ သို့သော် ယင်း တောလားမှာ ရှာဖွေမတွေ့ရတော့ပါ။ စလေဦးပုညသည် ဗဟန်း၌ နေစဉ် ရေးဖွဲ့ခဲ့သည့် တေးထပ်တစ်ပုဒ်၌မူ...

"ဗဟန်းချောင်ရိပ်သိင်္ဂနိမ္မိနံ့ပျားယူ ဆိတ်ငြိမ်စွာမှ မကူးဆိတ်အောင် တရားထူး ကျင့်သုံး"

စသည်ဖြင့် ရေးဖွဲ့ခဲ့သည်။

### ကြားတောရလမ်း

ရွှေတိဂုံဘုရားလမ်း၊ အရှေ့ဘက်မုခ်မှ ကိုယ့်မင်း ကိုယ့်ချင်းလမ်းနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော ဗဟန်းလမ်းတို့ ဆုံရာနေရာအထိကို ကြားတောရလမ်းဟူ၍ ခေါ်ဆိုပါသည်။ ယင်းနေရာဝန်းကျင်သည် ရှေးခေတ်အခါက ချုံနွယ်ပိတ်ပေါင်း ထူထပ်လျက်ရှိပြီး ဗုဒ္ဓဘာသာဝင်များ တရားကျင့်ကြံအားထုတ်ရာ တောရကျောင်းကလေး



www.burmeseclassic.com

www.burmeseclassic.com

...ည်း ရှိသည်။

ကြားတောရဟုသည့် အရှေ့တောရ (ယခု ...ထိပ်ကြီးဘုရားနေရာ)နှင့် အလယ်တောရ(ဘုန်းတော်ကြီး ...ကျောင်း)တို့ အကြား၌ တည်ရှိသဖြင့် ယင်းသို့ ...ဆိုခြင်း ဖြစ်သည်။

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အဆင်းမှ ... ရေတာရှည်လမ်းထိပ်အထိ နေရာကို ဆုတ်များခင်း ...သဖြင့် ဆုတ်လမ်းဟူ၍ ခေါ်ဆိုပါသည်။

### ...တော်ဖိုးတုတ်

ဦးဖိုးတုတ်သည် ကိုလိုနီခေတ်ကာလက အလွန် ...ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။ ဦးဖိုးတုတ်သည် ...တော်တွင် နေထိုင်ခဲ့သဖြင့် လမ်းမတော်ဖိုးတုတ်ဟု ...ည်တွင်သည်။

လမ်းမတော်ဖိုးတုတ်သည် လူဆိုးလူမိုက်တစ်ဦး ...၍ ထင်ရှားခဲ့သော်လည်း ဘာသာ သာသနာကို ကိုင်း ...သူ၊ စိတ်ရင်းစေတနာကောင်းသူတစ်ဦးဟု ဆိုပါသည်။ ...လိုနီခေတ်က နိုင်ငံရေးသမားများစွာ ရရှိရေးအတွက် ...လူမိုက်များနှင့် ပေါင်းသင်းကြရာမှာ ဦးဖိုးတုတ်၏ ...အာဏာ အစော်အတန် လွှမ်းမိုးခဲ့သည်။


လမ်းမတော်ဖိုးတုတ်(ခေါ်)ဦးဖိုးတုတ်သည် လူဆိုး ...မိုက်တစ်ဦးအဖြစ် နာမည်ကြီးခဲ့သော်လည်း ပုလိပ်ရဲအဖွဲ့ ... များစွာအကူအညီပေးခဲ့သည်။ ရဲမင်းကြီး ...ဟောင်း ဦးခင်မောင်၏ မှတ်တမ်းအရ ...တော် အုပ်ချုပ်ခဲ့ရသော လမ်းမတော်တွင် ...ခဲ့သော ရာဇဝတ်မှု အများအပြားတွင် ...အရာရှိများသည် ဦးဖိုးတုတ်၏ အကူ ...ဖြင့် အမှုများမှ အလိုရှိသော တရားခံများ ...သေခံပစ္စည်းများ သက်သေခံ စသည် ...ကို ရယူကြရသည်ဟုဆိုသည်။

### ရွှေတိဂုံစေတီတော်မှ ဂဏ္ဍာရခေါင်းလောင်းကြီး

ရွှေတိဂုံစေတီတော်ကို အစဉ်အလာမှတ်သားချက် အရ ပေါက္ခရဝတီ(ယခု တွံတေးဒေသ)မှ ကုန်သည် ညီနောင် နှစ်ဦးဖြစ်သူ တပုဿနှင့် ဘလ္လိကတို့က မဇ္ဈိမ ဒေသမှ ရရှိခဲ့သည့် ဗုဒ္ဓဆံတော်များအား ဌာပနာပြုလျက် ဘီစီ-၅၈၉(မဟာသက္ကရာဇ် ၁၀၃ ခု) တပေါင်းလပြည့်နေ့ တွင် တည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်၏။ မူလက ဉာဏ် တော် ၆၆ ပေသာ ရှိသော်လည်း နောက်ပိုင်း မြှင့်တင်တည် ဆောက်မှုများကြောင့် တစ်စထက်တစ်စ ပို၍မြင့်မားလာခဲ့ သည်။

ရွှေတိဂုံစေတီတော်သည် ယခုအခါ ဉာဏ်တော် ၃၂၆ ပေ ရှိ၍လာသည်။ စေတီတော်၏ ဉာဏ်တော်အား ခေတ်မီနည်းပညာများဖြင့် အစောဆုံး တိုင်းတာခဲ့သူမှာ ဦးဖိုးသောင် ဖြစ်ပါသည်။ သူသည် အင်ဂျင်နီယာအရေးပိုင် တစ်ဦးဖြစ်ပြီး ၁၉၂၀-ပြည့်နှစ်က တိုင်းတာခဲ့ရာ စေတီတော် မှာ ၃၂၀ ပေ ၇ လက်မ ရှိသည်ဟု ဆိုပါသည်။

ရွှေတိဂုံစေတီတော်နှင့် ပတ်သက်၍ ၁၄၈၅- ခုနှစ် ထိုမ္မစေတီ(ယခု ရင်ပြင်တော်အရှေ့မြောက်ထောင့်) ကို မူရင်းအထောက်အထားတစ်ရပ်အဖြစ် တွေ့ရှိရ၏။ ဓမ္မစေတီမင်းသည် ၁၉၇၁-ခုနှစ်က ကြေးချိန်တစ်သောင်းရှိ ခေါင်းလောင်းကြီးကို ရင်ပြင်တော်၌ ချိတ်ဆွဲလှူဒါန်းခဲ့ဖူး





www.burmeseclassic.com

www.burmeseclassic.com

သော်လည်း သန်လျင်မြို့စား ဒေ်ကာမှ ဖြုတ်ယူသွားခဲ့ရာမှ ဒေါပုံမြစ်တွင်ကျကာ နစ်မြုပ်ခဲ့ရသည်။ ခေတ်အဆက်ဆက် ကူးယူခဲ့ကြသည့် ရာဇာဓိရာဇ်၏ အရေးတော်ပုံကျမ်းအရ ရာဇာဓိရာဇ်၏ ဆရာဖြစ်သူ မင်းကံစီ၏ အရိုးအိုးကို စေတီတော်ရင်ပြင်ထက်၌ မြုပ်နှံထားခဲ့ကြောင်း ဆို၏။

## ဂျူဗလီဟော

ဒဂုံမြို့နယ်အတွင်း (ယခု စစ်သမိုင်းပြတိုက်)နေရာမှာ ကိုလိုနီခေတ်က ဂျူဗလီဟော အဆောက်အဦကြီး တည်ရှိရာဖြစ်၏။ မြန်မာနိုင်ငံ ဗြိတိသျှလက်အောက်သို့ ကျရောက်သွားပြီးနောက် ၁၈၉၅-ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ဗိတိုရိယဘုရင်မ၏ နန်းစံ ၂၅ နှစ်မြောက် ငွေရတုသဘင် အထိမ်းအမှတ်အဖြစ် ဂျူဗလီဟောကို စတင်အုတ်မြစ်ချခဲ့၏။ အင်္ဂလန်နိုင်ငံရှိ ပြဇာတ်ရုံများကဲ့သို့ ဇာတ်ခုံစင်မြင့် ဝဲယာခန်းမဆောင်၊ ပွဲကြည့်ဆောင်များနှင့်တကွ ဆောက်လုပ်ခဲ့ရာ သုံးနှစ်အကြာ ၁၈၉၈-ခုနှစ်တွင် ပြီးစီးပါသည်။

ဂျူဗလီဟောသည် ကိုလိုနီခေတ်တစ်လျှောက် အရေးပါသော သမိုင်းဖြစ်ရပ်များနှင့် တစ်နည်းတစ်ဖုံ ဆက်စပ်လျက်ရှိ၏။

၁၉၂၁-ခုနှစ်၊ ဇက်တင်ဘာလ ၂၀ ရက်နေ့တွ
ရန်ကုန်တက္ကသိုလ် ပထမဆုံးအကြိမ်သဘင် အခမ်းအန
ကို ဂျူဗလီဟော၌ ကျင်းပရာ SIR.REG က လယ်တီဆ
တော်အား ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ပေးအပ်ခဲ့သည
နောက်ပိုင်းတွင် မိုးရာသီကပွဲရုံ ဖြစ်လာပြီး ၁၉၃၇-ခု
မေလ ၁၉ ရက်နေ့ ဖ.ဆ.ပ.လ ညီလာခံကို ဂျူဗလီဟော
ကျင်းပခဲ့၏။

လွတ်လပ်ရေး ရရှိပြီးနောက် အမျိုးသားစာကြ
တိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ကာ တော်လှန်ရေးကော
လက်ထက်တွင် ဖျက်သိမ်းခဲ့သည်။ ၁၉၉၀-ပြည့်န
ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ယင်းနေရာ၌ စစ်သမိုင
ပြတိုက်ကြီးကို ပန္နက်ချ ဆောက်လုပ်ခဲ့၏။ ၁၉၉၄-ခုန
မတ်လ ၂၄ ရက်နေ့တွင် စစ်သမိုင်းပြတိုက်ကို ဖွင့်လှစ
သည်။

## တော်လှန်ရေးပန်းခြံ

တော်လှန်ရေးပန်းခြံနေရာမှာ ရှေးခေတ်အခါ
မွန်ဘုရင် ရှင်စောပုညနေထိုင်ရာအရပ်ဟု အဆိုရှိသည
ဓမ္မ စေတီလမ်း(ယခင် ဝင်ဆာလမ်း)ဘေးရှိ ဘုန်းတော်ကြ
ကျောင်းဝင်းအတွင်း၌ ရှိခဲ့သည်ဆို၏။ ၁၉၄၅-ခုနှ



မတ်လ ၁၇ ရက်နေ့က ဗိုလ်ချုပ်အော
ဆန်းသည် ယင်းပန်းခြံအတွင်း၌ တပ်လှ
မိန့်ခွန်းတစ်ရပ်ကို ဟောကြားခဲ့၏။ ဒုတိ
ကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် ဗြိတိသ
တပ်များ ပြန်လည်ဝင်ရောက်လာချိန်တွင
ဗြိတိသျှတပ်မဟာ(၁၂) အာဖရိကန်တပ
ခေတ္တစခန်းချခဲ့သည်။

အိမ်စောင့်အစိုးရလက်ထ
(၁၉၅၈-၁၉၅၉)ခုနှစ်များတွင် ကျ
ကွက်သစ်နေရာမှ ကျူးကျော်များ ဖျ



www.burmeseclassic.com

www.burmeseclassic.com

...တော မြို့သစ်ချထားပေးခဲ့၏။ ထို့နောက် တော်လှန်ရေး ...မြို့ဟု အမည်တွင်ခဲ့၏။

### ...ကြီး စံအိမ်တော်

သီပေါမင်း၏ မိဖုရားခေါင်ကြီးဖြစ်သူ စုဖုရား ...လတ်သည် ရတနာဂီရိ၌ သီပေါမင်း နတ်ရွာစံ လွန်သွား ...ပြီးနောက် ၁၉၁၄-ခုနှစ်၊ ဧပြီလတွင် ရန်ကုန်သို့ ပြန်လည် ...ရောက်ရှိလာကာ ဗဟန်းမြို့နယ်အတွင်း ချာချီလမ်း(ယခု ...မင်းကိုယ့်ချင်းလမ်း)၊ ခြံအမှတ်(၂၃-ဘီ)၌ နေထိုင်ခဲ့၏။



...သီပေါဘုရင်နှင့် စုဖုရားလတ် မိဖုရားတို့အား တွေ့မြင်ရပုံ

...အိမ်မှာ ယခု ကီးတော်ကျွန်းစားတော်ဆက်၏ အတွင်း ...၌ တည်ရှိခဲ့ပြီး ၁၉၂၂-ခုနှစ်၌ ပိုမိုကျယ်ဝန်းသော အမှတ်(၂၄) စံတော်အိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ မိဖုရားကြီးသည် ယင်းစံအိမ်တော်၌ ၁၉၂၅-ခုနှစ်၊ နိုဝင်ဘာလတွင် နတ်ရွာစံခဲ့၏။

မိဖုရားကြီး၏ နောက်ဆုံးစံအိမ်တော်မှာ ဗဟန်းရဲစခန်းနှင့်တည့်တည့် ဆုတ်နှံ့ရုံကွေ့၍ အထက်ဘက် ယခု ဇီဝိတဒါနဆေးရုံဝင်းအတွင်း၌ ရှိခဲ့သည်။ မူလစံအိမ်တော်မှာ ရှမ်းစော်ဘွားတစ်ဦးပိုင်ဖြစ်ပြီး စော်ဘွားကတော်နှင့် ဦးတင်မြိုင် ကွယ်လွန်ခဲ့ခြင်းနှင့် အခြားမထင်မရှားသူများ ကွယ်လွန်ခဲ့ခြင်းတို့ကြောင့် ခိုက်သည်ဟု အယူရှိကြောင်း ဆို၏။

ဗြိတိသျှအစိုးရက ယင်းအိမ်တော်အား တစ်လလျှင် ကျပ် ၅၀၀ ဖြင့် ၂ နှစ် စာချုပ်ချုပ်ကာ ငှားရမ်းပေးခဲ့ရာ စတုတ္ထသမီးတော်က နေထိုင်ရန် ငြင်းဆန်ခဲ့သည်။ သို့သော် မပြောင်းရွှေ့လျှင် ၂ နှစ်စာ ငွေကျပ် ၁၂၀၀ ပေးလျော်ရမည်ဟု ဆို၍ ပြောင်းရွှေ့နေထိုင်ခဲ့ရ၏။

မိဖုရား၏ စံအိမ်တော်မှာ နှစ်ထပ်ဆောင်အိမ်ကြီးဖြစ်ပြီး နောက်ပိုင်း ဆေးရုံအဆောင်များ တိုးချဲ့ဆောက်လုပ်စဉ် ဖျက်သိမ်းပစ်ရ၏။

### ဓမ္မစေတီသိမ်တော်

ရွှေပြည်သာမြို့နယ်အတွင်း သာခုကန်စေတီကုန်းတော်(ကျိုက်ကမော့ကုန်း) အလယ်ပစ္စယာတွင် ဓမ္မစေတီမင်းကြီး၏ ကုသိုလ်တော်သိမ်တော်ကို တွေ့ရှိနိုင်သည့် ယင်းသိမ်တော်ကို ခရစ်နှစ် ၁၄၇၆-ခုနှစ်၊ ဒီဇင်ဘာလတွင် ဟံသာဝတီဘုရင် ရာဇာဓိပတိ(ဓမ္မစေတီ)က တည်ထားခဲ့ပြီး သီဟိုဠ်(သီရိလင်္ကာ)ပြန် မထေရ်မြတ်တို့ဖြင့် သမုတ်ခဲ့ကြ၏။

ယင်းသိမ်တော်ကို ရှေးခေတ်အခါက လှော်ကားသိမ်တော်ဟူ၍လည်း ခေါ်ဆိုကြသည်။ သိမ်တော်ကို အသစ်တစ်ဖန် ဆောက်လုပ်ထားသော်လည်း သိမ်နိမိတ် ရှေးဟောင်းကျောက်တိုင်များကိုမူ တွေ့မြင်ရဆဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစေတီမင်းသည် ရာမညတိုင်းတွင် သိမ်ပေါင်း ၂၈၀ ကို သမုတ်ခဲ့ရာ၌ ယင်းကျောက်စာသည် သိမ်တစ်လုံး အပေါ် အဝင်ဖြစ်သည်။

**ရွှေမော်ထပ်ကြီး**

ငါးထပ်ကြီးဘုရား၏ အရှေ့မြောက်ဘက်ရှိ ခြောက်ထပ်ကြီး ဘုရားမှာမူ ငါးထပ်ကြီးဘုရားဒါယကာ ဦးဖိုးအောင်၏ မိတ်ဆွေ ဆာဘိုးသာက ၁၉၀၇-ခုနှစ်တွင် စတင်တည်ထောင်ထားခဲ့ခြင်းဖြစ်၏။ ဘုရားကြီးကို ခြောက်နှစ်ကြာ တည်ဆောက်ရပြီး ၁၉၁၂-ခုနှစ်၌ အပြီးသတ်ခဲ့သည်။ မူလကျောင်းတော်မှ ရုပ်ပွားတော်ကြီးမှာ အိန္ဒိယတိုင်းရင်းသား ပန်းရံဆရာများနှင့် တည်ဆောက်ခဲ့ရာ အချိုး အစား မကျဘဲ အစေးမှုကြည့်လျှင် တင်ပလ္လင်ခွေထိုင် ဟန် ဖြစ်နေသဖြင့် မိုးညှင်းဆရာတော်၏ မိန့်ကြားချက်အ အဒီ ၁၉၅၇-ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွ ဖြိုချကာ အသစ်တစ်ဖန် ပြန်လည်တည်ခဲ့ကြ၏။ အေ ၁၉၆၁-ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ရုပ်ပွားတေ အကြမ်းသည် ပြီးစီးခဲ့သော်လည်း ၁၉၇၃-ခုနှစ်တွင် အပြီးသတ် တည်ဆောက်နိုင်ခဲ့သည်။ ရုပ်ပွားတော်ကြီး ကျောင်းတော်မှုပုံဖြစ်၍ အလျားပေ ၂၃၀၊ အမြင့် ၅၈ ရှိပြီး ပလ္လင်သည် ၄ ပေ အမြင့်အထက်၌ တည်ထားရှေ ဖြစ်သည်။ ပန်းပုဆရာ ဦးသောင်းနှင့်အဖွဲ့က ဦးစီးလ ဆောင်ခဲ့ရာ ငွေကျပ် ၅ သိန်း ကုန်ကျသည်ဆို၏။

---

ပထမံဝီစွာအော

---

<u>ကျမ်းကိုး</u>

မြို့တော်များရဲ့သမိုင်း

မဟာရန်ကုန်

တင်နိုင်တိုး (၁၁-၁၀-၂၀၀၆)

Weekly Eleven မှ ထုတ်နုတ်ရေးသားဖြေ

ဝန်ခံပါ၏။





www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

## အံ့ဖွယ်ဝိညာဉ်လောက ဓာတ်ပုံများ

ရှေးနှစ်ပေါင်းများစွာကပင် သေပြီးသွားသူတို့၏ ဝိညာဉ်များကို အကောင်အထည်ဖြင့် ပြန်မြင်ကြရသည်ဟု အဆိုရှိသည်။ သိပ္ပံပညာတွင် ဇီဝဗေဒဆိုင်ရာ Ectoplasm ခေါ် ဓာတ်စီးပစ္စည်းဟူသော ဝေါဟာရတစ်ခုရှိသည်။ အနက်အဓိပ္ပာယ်မှာ အလွန်နူးညံ့သော အရာဝတ္ထုပစ္စည်းတစ်ခုဖြစ်သည်။ ယင်းဓာတ်စီးပစ္စည်းသည် လူ့ခန္ဓာကိုယ်ပြင်ပန္တွယ်ကပ်လျက်ရှိသည်။ လူများ ကွယ်လွန်သွားသည့်အခါ ခန္ဓာကိုယ်သည် တဖြည်းဖြည်း ယိုယွင်းပျောက်ကွယ်သွားသော်လည်း Ectoplasm အက်တိုပလာဆမ်ခေါ် ဓာတ်ပစ္စည်းသည် သူ့အတိုင်း မပျက်စီးဘဲ ကျန်ရှိနေတတ်သည်။ အဆိုပါ ဓာတ်စီးပစ္စည်းအတွင်းသို့ သေသွားသူ၏ပုံရိပ် ပြန်လည်ဝင်ရောက်လာအောင် လုပ်ဆောင်သော ပညာရပ်ကို ဝိညာဉ်ခေါ်သည့် ဓာတ်ပညာဟု အနောက်တိုင်း ပရစိတ်ပညာလောကတွင် ပြောဆိုအသုံးပြုကြသည်။



ပုံတွင် အဆိုပါ ဓာတ်မီးပစ္စည်းအတွင်းသို့ မူလဝိညာဉ်ကို ပြန်လည်ခေါ်ယူ၍ သက်ရှိလူ့လောကနှင့် ကွယ်လွန်ပြီးသူ၏ဝိညာဉ် ပြန်လည်ဆက်သွယ်ခြင်းဖြစ်သည်။ ကွယ်လွန်ပြီးသူမှာ Silver Belle ဟု အမည်ရှိသော အမျိုးသမီးဖြစ်သည်။ လိုက်ကာအတွင်းရှိ ထိုင်နေသူမှာ နတ်ဝင်သူနာမည်ကြီး Ethel ဖြစ်ပြီး အမေရိကန် လူမျိုးနွယ်တစ်ဦးဖြစ်သည်။ နတ်ဝင်သည်၏ကိုယ်ပေါ်မှ ထွက်လာသော Ectoplasm ခေါ် ဓာတ်ပစ္စည်းသည် မိမိ၏အစောင့်ဖြစ်သော ကွယ်လွန်ပြီးသူ Sitver Belle မီးလာဗားဘဲလ်၏ ပုံသဏ္ဍာန်ကို တစ်စတစ်စ အသွင်ဆောင်ပုံဖြစ်လေသည်။

အချိန်မှာ ၁၉၃၂ ခုနှစ်ကာလခန့်ကဖြစ်ပြီး အမေရိကန်နိုင်ငံတွင် ထိုစဉ်က အလွန်ရေပန်းစားသော မဂ္ဂဇင်းဖြစ်သည့် Psschic Observer ၏ အယ်ဒီတာ Ralph Pressing ကိုယ်တိုင် ဓာတ်မီးပစ္စည်းတွင် ဝိညာဉ်ပုံရိပ်ပေါ်လာသည်ကို မျက်မြင်ကိုယ်တွေ့ မြင်ကြရသည်ဟု ဝန်ခံပြောဆိုသော ပရိသတ် ၈၁ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ အယ်ဒီတာ Ralph Pressing သည် ဝိညာဉ်ရှိသော စင်မြင့်မှ ၂ ပေအကွာတွင် ရှိနေသည်ဟု ဆို၏။

## နှစ်ပေါင်း ၁၅၀ ကျော်က အံ့ဖွယ်ဓာတ်ပုံ

၁၈၆၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပသော ဗြိတိသျှကိုလံဘီယာပါလီမန်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်ကောင်စီအမတ်များ၏ ဓာတ်ပုံကို ရိုက်ယူလိုက်စဉ် ဓာတ်ပုံရိုက်စဉ်က မရှိသော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာအတွင်းရှိ ကုလားထိုင်ပေါ်တွင် ထိုင်နေသူမှာ နတ်ဝင်ဖြစ်သည်။ နတ်ဝင်၏ကိုယ်ပေါ်မှ ထွက်လာသော (Ectoplasm) ခေါ် ဓာတ်စီးပစ္စည်းသည် မိမိ၏ အစောင့်ဖြစ်သော (Silver Belle) (စီးလဗားဘဲလ်) ပုံသဏ္ဍာန်ကို တစ်စတစ်စ အသွင်ဆောင်ပုံ ဖြစ်သည်။ ထိုဓာတ်စီးပစ္စည်းမှ ရုပ်ပုံဖြစ်ပေါ်လာပုံကို လူပေါင်း ၈၁ ယောက်က တွေ့မြင်ကြရသည်ဟု ဆိုထားသည်။



နှစ်ပေါင်း ၁၅၀ ကျော်က
အံ့ဖွယ်ဓာတ်ပုံ

အမတ်တစ်ဦး၏ မျက်နှာပုံသည် ဓာတ်ပုံပေါ်တွင် ထူးဆန်း
ပါဝင်ခဲ့လေသည်။ ထိုသူမှ ယင်းအစည်းအဝေး ကျင်းပ
ချိန်တွင် မိမိ၏နေအိမ်၌ အသည်းအသန်ဖျားနာနေ၍ လွှတ
တော်အစည်းအဝေးသို့ လုံးဝမတက်ရောက်နိုင်သော အမ
ချားလ်(စ)ဗွတ် ဆိုသူဖြစ်သည်။ ချားလ်(စ)ဗွတ် နေအိမ်
အသည်းအသန်ဖြစ်နေချိန် သူ၏ကိုယ်ခွဲ (ဝါ) ဝိညာဉ်ပုံ
သည် အစည်းအဝေးသို့ ရောက်လာခိုက် ဓာတ်ပုံရိုက်
လိုက်ချိန်တွင် ချားလ်(စ)ဗွတ်(မြားပြထားသည်) ပုံပေါ်လာခြ
ဖြစ်ရာ ဤဓာတ်ပုံသည် သမိုင်းဝင် ထူးခြားဆန်းကြယ်သော
ပုံတစ်ပုံ ဖြစ်ခဲ့သည်။

ဤဓာတ်ပုံ၏မူရင်းကို ကိုလံဘီယာမြို့တော် ဗစ်
ရိယ ပါလီမန်အဆောက်အအုံတွင် ချိတ်ဆွဲထားရှိသည်။

## စာရေးဆရာကြီး အာသာကိုနင်ဒွိုင်းကိုယ်တိုင် ယုံကြည်သော နတ်သမီးလေးများဓာတ်ပုံ

၁၉၁၇ ခု ဇူလိုင်လ၏ သာယာသော နေ့တစ်နေ့
ကျောင်းသူလေး အယ်လ်စီသည် သူ၏ တစ်ဝမ်းကွဲညီမ
ဖရန်စစ်ဂရစ်ဖိစ်နှင့်အတူ ဖခင်ဖြစ်သူ၏ ကင်မရာကို
ငှားယူ၍ အပျော်တမ်း ဓာတ်ပုံရိုက်ကြမည်ဟု စီစဉ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။ နေရာမှာ "ကော့တင်းလေ"အမည်ရှိ အင်္ဂလိပ်ကျေး ရွာငယ်ဖြစ်ပြီး ထိုနေရာသည် နတ်သမီးကလေးများ နာနာ ဘာဝများရှိသည်ဟု နတ်သမီးလျှိုအဖြစ် ကျော်ကြားရာနေရာ ဖြစ်သည်။

အယ်လ်စီတို့ညီမ ကျောင်းတွင်သင်ကြားရသည့် ညဉ့်စီးယား၏(Mid-Summer Night Dream) နွေလယ် ည၏ အိပ်မက်ပြဇာတ်တွင်ပါသည့် နတ်မိမယ်ကလေးများ ကို ထိုနတ်သမီးလျှိုအတွင်း တွေ့နိုင်မည်လောဟု ကလေး တွေ တွေးခဲ့မိကြ၏။ ပထမတွင် အယ်လ်စီ၏ ဖခင်ဖြစ်သူ က သူကင်မရာကို မငှားလို။ သို့သော် သူ့ဇနီးဖြစ်သူ၏ တိုက် တွန်းမှုနှင့် ကင်မရာလေးကို ဖလင်ထည့်ပြီး မည်သို့မည်ပုံ ရိုက်ကူးရသည်ဟု ပြသပေး၍ ကလေးနှစ်ဦးအား နတ်သမီး လျှိုအတွင်းသို့ သွားခွင့်ပြုလိုက်တော့၏။

သူတို့နှစ်ဦး လျှိုအတွင်း၌ ရိုက်ကူးခဲ့သည့် ဓာတ်ပုံကို ကူးယူသောအခါ ဇနီးမောင်နှံမှာ အလွန်အမင်း အံ့ဩသွားခဲ့ ရသည်။ နဂ္ဂတစ်ပေါ်တွင် မြင်ရစဉ်က မှုဖရန်စစ်ပရပ်ဖ်စ် ၏ရှေ့တွင် နာနာဘာဝ နတ်မိမယ်ကလေးများကို တွေ့ရသည်။ ပထမ၌ သူတို့ဇနီးမောင်နှံသည် ထိုနတ်မိမယ်ကလေးများ၏ အများကို ငှက်များဟု ထင်မိခဲ့ကြ၏။ သေသေချာချာ စစ်ဆေး ကြည့်သောအခါ၌ အတောင်ပံပါသော နတ်မိမယ်ကလေး များကို တွေ့ရသည်။ နတ်သမီးရုပ်ကလေးများသည် ပါးလွှာ သော ဝတ်စုံများကို ဝတ်ဆင်ထားကြပြီး နတ်သမီးကလေး တစ်ပါးမှာ တူရိယာတီးမှုတ်နေသည်ကို တွေ့ရ၏။ ပထမ ထိုဓာတ်ပုံများကို တွေ့ရစဉ်က သူတို့သမီးနှင့် ညီမဝမ်းကွဲ လေးတို့အပေါ် သင်္ကာမကင်းဖြစ်ခဲ့ကြသေးသည်။ ကလေးမ ကလေးများသည် စိတ်ကူးယဉ်ကြသဖြင့် မဟုတ်မမှန် လုပ် ကြံဖန်တီးခင်း၍ ဓာတ်ပုံရိုက်ကူးခဲ့ကြသလော။ သူတို့သမီး အယ်လ်စီ၏ အိပ်ခန်းအတွင်း ဝင်ရောက်ရှာဖွေခဲ့ကြရာ မည် သည့် သင်္ကာမကင်းဖွယ်ရာမျှ မတွေ့ရ။ သို့သော် သူတို့သည် ထိုဓာတ်ပုံအကြောင်းကို မည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်း မပြု။ လူအများ စိတ်ဝင်စားကြပြီး ထိုသတင်းသည် တောမီး ပမာ ပျံ့နှံ့သွားမည်ကို စိုးရိမ်ကြ၏။ မလိုလားအပ်သော ထင်ပေါ်မှုမျိုးကို စိတ်မဝင်စားကြသူ သူတို့မိသားစုသည် ထို ဓာတ်ပုံဖြစ်ရပ်ဆန်းကို လျှို့ဝှက်ထားခဲ့ကြသည်။

အယ်လ်စီနှင့် ဖရန်စစ်ဂရပ်ဖစ်တို့သည် နောက်တစ် ကြိမ် နတ်သမီးလျှိုဘက်သို့ သွားကြ၍ လျှိုအတွင်းရှိ ဝက်သစ် ချပင်စောက်ကြီးများအောက်တွင် ဓာတ်ပုံရိုက်ခဲ့ကြပြန်သည်။ ထိုဓာတ်ပုံများကို ဆေး၍ ကူးယူသောအခါ ထူးခြားသော





www.burmeseclassic.com

www.burmeseclassic.com

နာနာဘာဝ နတ်မိမယ်ကလေးများကို တွေ့ရပြန်သည်။

ဖရဲစစ်ဂရပ်ဖစ်သည် တောင်အာဖရိက ကိတ်ပ် တောင်းမြို့တွင် နေထိုင်သော သူ့မိတ်ဆွေတစ်ဦးထံသို့ ထို ဓာတ်ပုံကို ပေးပို့ခဲ့၍ စာရေးသားခဲ့ရာမှ လူအများ သိလာခဲ့တော့၏။ တစ်ဖန် အယ်လ်စီ၏ မိခင်ဖြစ်သူ ပေါလီရိုက်သည် ဘရက်ဒ်ဖို့မြို့ သီအိုဆီဖီအသင်းတိုက်ကြီးတွင် ကျင်းပသည့် ဟောပြောပွဲ တက်ရောက်ခဲ့ရာမှ ထိုဓာတ်ပုံသတင်းကို သူ့မိတ်ဆွေများအား ပြောပြခဲ့မိ၏။ ပေါလီရိုက်သည် လျှို့ဝှက်နက်နဲသည့် ဂမ္ဘီရပညာကို ယုံကြည်သူတစ်ဦးဖြစ်၏။ သဘာဝလောကကြီးတွင် သာမန်လူသားတို့ မသိနိုင် နားမလည်နိုင်သော လျှို့ဝှက်ချက်များရှိသည်။ ထိုလျှို့ဝှက်ချက်များကို လေ့လာသုတေသနပြုသူ မနောစွမ်းအင်ရှိသူများသာ သိရှိနိုင်မည်ဟု သူမက ယုံကြည်ထားသည်။

သူ့သမီးလေး အယ်လ်စီရိုက်ကူးသည့် ဓာတ်ပုံတွင် သာမန်လူတို့ မမြင်နိုင်သည့် ဓာတ်လေးပါးနှင့်ဆိုင်သည့် ပုဂ္ဂိုလ်များ၏ပုံ ပါဝင်နေသလောဟု ကောက်ချက်ချခဲ့သည်။ သူတို့ဇနီးမောင်နှံသည် ထိုဓာတ်ပုံများကို ကူးယူ၍ သီအိုဆိုဖီ အသင်းသားများအား ဝေငှပေးလိုက်သည်။ ထိုဓာတ်ပုံကိုရရှိသူ သီအိုဆီဖီအသင်းဥက္ကဋ္ဌ ဂါဒနာသည် မနောသုတေသီနှင့် ကမ္ဘာကျော်စာရေးဆရာကြီး ကိုနင်ဒွိုင်းလ်ထံ စာရေးအကြောင်းကြားခဲ့လေသည်။

ဆရာကြီး ကိုနင်ဒွိုင်းလ်သည် တမလွန်လောကကို စွဲလမ်းယုံကြည်ခဲ့သူဖြစ်သည်။ သူ၏ ပထမဇနီးမှ ဖွားမြင်ခဲ့သောသားသည် ပထမကမ္ဘာစစ်ကြီးအတွင်း ဥရောပစစ်မျက်နှာတွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ထိုဒဏ်ရာကြောင့် ဆေးရုံတက်နေစဉ် အဆုတ်အအေးမိသော ရောဂါဝေဒနာဖြင့် ကွယ်လွန်ခဲ့ရသည်။ ကိုနင်ဒွိုင်းက ထိုကွယ်လွန်သူသား၏ ဝိညာဉ်နှင့် သူဆက်သွယ်နိုင်ခဲ့သည်ဟု လူသိရှင်ကြား ကြေညာချက်ထုတ်ပြန်ခဲ့ပြီး စိတ်ဝိညာဉ်ဝါဒအား တစိုက်မတ်မတ် သုတေသနပြုခဲ့လေသည်။

ဆရာကြီး ကိုနင်ဒွိုင်းလ်သည် သူ့ထံရောက်ရှိလာသော နတ်သမီးလေးများ၏ ဝိညာဉ်ဓာတ်ပုံနှင့် ပတ်သက်၍ ကော့တင်းလေ ကျေးရွာကလေးသို့ စနစ်တကျ လေ့လာမှုများ ပြုလုပ်ခဲ့ပြီး နာနာဘာဝများပါဝင်သည့် ဓာတ်ပုံကို အစစ်အမှန်ဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။ ထို့ပြင် သူသည် (Coming of th Faries) နတ်မိမယ်များ လာချေပြီဟူသော စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ကိုနင်ဒွိုင်းလ်သည် ကော့တင်းလေ့ရွာတွင် ဘရက်ဖို့သီအိုဆိုဖီ အသင်းကြီး ဥက္ကဋ္ဌကြီးဂါဒနာ မည်သို့မည်ပုံ စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ခဲ့သည့်အကြောင်း အသေးစိတ်ကို ဖော်ပြထားခဲ့ပြီး သူနှင့် သူ့မိတ်ဆွေ မနောသုတေသီများ (လန်ဒန်တက္ကသိုလ်မှ ပါမောက္ခများ) ကိုယ်တိုင် ဓာတ်ပုံပညာရှင်များကို ပြသစစ်ဆေးပြီးမှ ထိုဓာတ်ပုံသည် အစစ်အမှန်ဖြစ်သည်ဟု ယူဆခဲ့ကြခြင်းဖြစ်ကြောင်း တိတိပပ ရှင်းလင်းရေးသားခဲ့လေသည်။

စိတ်ဝိညာဉ်ဝါဒသမိုင်းကို ပြုစုခဲ့သူနှင့် "နတ်သမီးကလေးများ လာချေပြီ"ဟူသော စာအုပ်ကို ထုတ်ဝေခဲ့သူ ဆရာကြီး ကိုနင်ဒွိုင်းလ်အ ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်။ သိပ္ပံပညာ လက်လှမ်းမမီနိုင်သော ဖြစ်ရပ်များသည် သဘာဝတရားကြီး၏ လျှို့ဝှက်ချက်များဖြစ်ပြီး နာနာဘာဝများကို ထူးခြားသော မနောစွမ်းအင်ရှိသူများအဖို့ မြင်တွေ့နိုင်သည်ဟု အစွဲကို ပိုမိုခိုင်မာစေခဲ့သည်။

ကော့တင်းလေကျေးရွာမှ နတ်မိမယ်များပါဝင်ခဲ့သော ဓာတ်ပုံကို ရိုက်ခဲ့သူ အယ်လ်စီတို့ ညီအစ်မသည် ထူးခြားသောပါရမီရှိသူ သို့မဟုတ် မနောစွမ်းအင်ရှိသူများဖြစ်သည်။ သို့ဖြစ်၍ အခြားသူများ မတွေ့ရှိနိုင်သည့် နာနာဘာဝများကို တွေ့ရခြင်းဖြစ်ပေမည်ဟု ဆရာကြီးကိုနင်ဒွိုင်းလ်က ရှင်းလင်းတင်ပြခဲ့၏။

နတ်မိမယ်ကလေးများ ဓာတ်ပုံနှင့် ပတ်သက်၍ မယုံကြည်သူများက အမျိုးမျိုး ရေးသားဝေဖန် တိုက်ခိုက်ခဲ့သော်လည်း ဆရာကြီးကိုနင်ဒွိုင်းလ်ကမူ သူ၏ ခိုင်မာသော အယူအဆကို ပြောင်းလဲခြင်းမပြု။ မည်သို့ပင် သတင်းစာများ ဂျာနယ်များက ဝေဖန်ရေးသားခဲ့သော်လည်း တွံမိုက်မတ်မတ်ပင် သူ့အယူအဆကို သူကွယ်လွန်သည့် ၁၉၃၀ ပြည့်နှစ်ထိ ခိုင်ခိုင်မာမာ ယူဆသွားခဲ့သည်။

လှတိုး(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com

# ပန်းသီးဂျွန်နီ (နှင့်) နှင်းဆီဥယျာဉ်

မောင်ကောင်းမြင့်

ဖို့(တ်)ဝိန်းက ကျွန်တော် ပြန်တော့မယ်ဆိုသောအခါ မိတ်ဆွေအချို့က "စက်တင်ဘာလကုန်အထိ နေပါဦး" ဟု ပြောကြသည်။ အကြောင်းမှာ မကြာမီ (ဇူလိုင်လ ဒုတိယ ပတ်)က ပြုလုပ်သွားခဲ့သည့် "မြစ်သုံးသွယ်ပွဲတော်" လို ပျော်စရာကောင်းတဲ့၊ တစ်မြို့လုံး ပါဝင်ဆင်နွှဲတဲ့ ဂျွန်နီအဲ့ပဲလ်ဆိ(ဒ်)ပွဲတော် Johnny Appleseed Festival ရှိသောကြောင့်ဖြစ်သည်ဟု ဆိုပါသည်။ ဂျွန်နီအဲ့ပဲလ်ဆိ(ဒ်)အထိမ်းအမှတ်ပွဲကို ဆောင်းဦးအဝင် ရွက်ကြွေရာသီအစ စက်တင်ဘာ တတိယပတ် (စနေ-တနင်္ဂနွေ)တို့၌ ပြုလုပ်မြဲဖြစ်သည်ဟု ဆိုပါသည်။ ထိုပွဲတော်တွင် ရှေး ၁၈ ရာစု အကုန်လောက်ကအတိုင်း ဝတ်စားထားသော သူတို့က ရှေးထုံးအတိုင်း ပန်းသီးယိုစုံထိုး၍ ရောင်းချကြသည်။ ပန်းသီးမုန့်မျိုးစုံ ရောင်းကြသည်။ အခြားပျော်ရွှင်ပွဲများ ပါဝင်ဆင်နွှဲကာ မြို့လုံးကျွတ် ပျော်ကြသည်ဟု ပြောပြကြလေသည်။

ကျွန်တော်က မိမိ အစီအစဉ်အချို့ကြောင့်လည်းကောင်း၊ ဖို့(တ်)ဝိန်းတွင် တစ်လခွဲမျှ နေပြီးသဖြင့် နေရာအတော်စုံအောင် ရောက်ခဲ့ပြီဖြစ်၍လည်းကောင်း ပြန်ရမည်ဖြစ်သည်။ စက်တင်ဘာလကုန်အထိ မနေနိုင်လျှင်တော့ ဂျွန်နီရဲ့ အထိမ်းအမှတ်ဥယျာဉ်နှင့် သူမြှုပ်နှံရာသင်္ချိုင်းကို ကြည့်သွားလျှင် စာရေးဖို့တော့ ကုန်ကြမ်းရမည်ဟု ဆိုပါသည်။

ဂျွန်နီအဲ့ပဲလ်ဆိ(ဒ်)၊ သို့မဟုတ် ပန်းသီးဂျွန်နီ၊ သို့မဟုတ် ပန်းသီးတို့၏အရှင် ဂျွန်နီ၏ဥယျာဉ်နှင့် အထိမ်းအမှတ်နေရာသို့ လိုက်ပို့ပေးသူမှာ မိတ်ဆွေကြီး ကိုစိုးချိန်၏ သမီး ချောစုမွန်ဖြစ်သည်။ ချောစုသည် မြန်မာပြည်မှ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဝန်ဘွဲ့ ရခဲ့ပြီးမှ ရောက်ရှိလာသည်။ ယခုအခါ အမေရိကန်၏ထုံးစံအတိုင်း သင်တန်းပြန်တက်ကာ စာမေးပွဲဖြေရန် ကြိုးစားနေရင်း အခြားတစ်ဖက်က မြန်မာနိုင်ငံသားများ အကျိုးတော်ဆောင်ရုံးတွင် ကူညီပေးနေ၍ ကျွန်တော့်အတွက်ပါ အကျိုးဆောင်ပေးနေပါသည်။ ထိုနေ့က မိုးရွာနေသည်။ သို့သော် သွားနေစဉ် ကားပေါ်မှာပင်ရှိခဲ၍ အချိန်အတန်ကြာ၍ မိုးတိတ်သွား၏။ ပန်းသီးဂျွန်နီ၏ အထိမ်းအမှတ်နေရာမှာ မြို့မြောက်ဘက် ကော်လက်ဆီယမ်လမ်းမကြီး၏ ညာဘက်၌ ရှိလေသည်။ ကော်လက်ဆီယမ်ခန်းမကြီးမှာ မြို့တွင် အကြီးကျယ်ဆုံးခန်းမကြီးဖြစ်၍ ဘွဲ့နှင်းပွဲများ၊ အားကစားပွဲများ၊ ကပွဲများကျင်းပရာ လူဦးရေ တစ်သောင်းကျော်ဆန့်သော စတုရန်းပေ တစ်သိန်းကျော်ရှိ အဆောက်အအုံကြီးဖြစ်၏။ Allen County War Memorial Coliseun ဟု ခေါ်သည်။

ပန်းသီးဂျွန်နီ ပန်းခြံမှာ မိုးရွာထားပြီးစ ဖြစ်ရုံမက ငှလိုင်တစ်လလုံး မိုးကောင်းနေသည်ဖြစ်၍ ရေစပ်စပ်ရှိနေလေသည်။ ဘဲငန်းများ ကျက်စားနေကြသည်။ ဘဲငန်းများကား အုပ်လိုက်ဖြစ်သည်။ လွန်ခဲ့သော ရက်ပိုင်းကလည်း မြစ်သုံးသွယ်ဆုံရာအနီး ဖို့(တ်)ဝိန်း ခံတပ်ဟောင်းအနီးရှိ မြစ်ကမ်းစပ်၌ ဘဲငန်းတစ်အုပ်ကို တွေ့ရသည်။ ထိုအနီး တောအုပ်တွင် ရှဉ့်နှင့် ယုန်ငယ်များသာမက သမင်များကိုပါ တွေ့ခဲ့ရ၏။ အမေရိကန်တွင် နေရာတိုင်း သစ်ပင်ရှိသမျှ ရှဉ့်ကလေးများ နေထိုင်ကြ၍ ချုံကောင်းလျှင် ယုန်မိသားစု ရှိကြ၏။ အဝေးပြေးလမ်းဘေး တောအုပ်ကြီးများတွင် သမင်နှင့်ဝက်ဝံများ နေကြသည်။ အဝေးပြေးလမ်း၌ ယာဉ်တိုက်ခံရသော သမင်အသေများကို မိမိကိုယ်တိုင် သုံးကောင်ခန့် တွေ့ရဖူးသည်။ ပန်းသီးဂျွန်နီ ရာသီပွဲကို ဤပန်းခြံ၌ ပြုလုပ်မြဲဖြစ်သည်။ ထိုမှထွက်၍ အတန်ငယ်သွားသော် သူ၏သင်္ချိုင်းအထိမ်းအမှတ်နေရာ Gravesite သို့ ရောက်သည်။ တောင်ကုန်းမြင့်ကလေးပေါ်တွင် မှန်ဦးကို သစ်လုံးတိုင်ကြီးနှစ်တိုင်ဖြင့် အမိုးကလေးလုပ်ထား၏။ အောက်ခြေ၌ ကျောက်စရစ်တုံးကလေးများနှင့် သစ်ပင်အသားစကလေးများ(စက်ဖြင့်ခုတ်ပိုင်းထားသည်) တစ်လွှာခင်းထား၏။ သူ၏ ဘဝမှတ်တမ်းအကျဉ်းကို ဓာတ်ပုံများဖြင့် ကမ္ဗည်းတိုင်စိုက်ကာ ထားရှိသည်။

ပို၍မြင့်သော ကုန်းကမူကလေးပေါ်၌ သံတိုင်များကာရံထားသည့် ခြံကြီးအတွင်း၌ သံတိုင်များ လေးထောင့် ၈ ပေ၊ ၁၂ ပေခန့် ပြုလုပ်ထားသော မြေကို တွေ့ရ၏။ ၂ ပေ၊ ၁ ၂ပိုင်း၁ပိုင်းပေခန့် ကျောက်ချပ်တွင် သူ၏အမည်နှင့် ဖွား၊ သေနှစ်နှင့်အတူ အခြားသူတို့အတွက် အသက်ရှင်ခဲ့သူဟူသော စာသားကား သူ၏ဂုဏ်ရည်ပြ အချုပ်ပင်ဖြစ်သည်။ ကျောက်စရစ်ရောင်စုံကလေးများ ဖြန့်ခင်းထားသော မြေကြီးပေါ်၌ ပန်းသီးလေးများ ပြန့်ကြဲနေလေသည်။

ပန်းသီး ဂျွန်နီအမည်မှာ Johnny ဖြစ်၍ သူ၏အလုပ်ကြောင့် Johnny Chapman သို့မဟုတ် Johnny Appleseed ဟု ခေါ်ကြသည်။ သူ့အကြောင်းကို ဒဏ္ဍာရီသဖွယ် လွမ်းမောဖွယ်ပြောကြ၏။ မှတ်တမ်းများသာမက ရုပ်ရှင်၊ ကာတွန်းနှင့် ပုံပြင်များ အများအပြားသုတ်ဝေ၍ ကျောင်းများတွင်ပင် စာကြည့်တိုက်များ၌ ဖတ်ရှုနိုင်ရန် စီစဉ်ပေးထားသည်။ ၁၇၇၄-၁၈၄၅ ခုနှစ်အတွင်း ဘဝတစ်လျှောက်၌ သမ္မာကျမ်းစာအုပ်မှာစ်အုပ်၊ ပန်းသီးလွယ်အိတ်ပြည့်တစ်လုံး၊ သံဖြူဦးထုပ်တစ်လုံး၊ (ထိုဦးထုပ်ဖြင့် ရောက်လေရာ ချက်ပြုတ်စားသောက်ဖို့လည်း သုံးသည်)နှင့် အဝတ်ကြမ်းကြမ်းတစ်စုံ ဝတ်ဆင်ထား၍ ဖိနပ်မပါသော ရုပ်ပုံလွှာဖြင့် သရုပ်ဖော်ထားသည်။

သူသည် အမေရိကန်မြောက်ဘက် အလယ်ပိုင်းဒေသများ၊ ပင်ဆယ်ဗေးနီးယား၊ အိုဟိုက်အို၊ အင်ဒီယားနား၊ အီလီနွိုက်၊ ဗာဂျီးနီးယား၊ မေရီလင်း စသည့် ပြည်နယ်များတွင် တစ်မြို့ဝင်တစ်မြို့ထွက် ပန်းသီးများ စိုက်ပျိုးခဲ့သူဖြစ်သည်။ တိရစ္ဆာန်များ၊ ကလေးများကို ချစ်တတ်၍ လူပျိုကြီးဘဝဖြင့် နေထိုင်သွားသူဖြစ်သည်။ သူ့အား အမေရိကန်တစ်ဝန်းလုံးက သိကြသည်။ သူ့အကြောင်း ကာတွန်း၊ ပုံပြင်၊ စာအုပ်များတွင် ပရဟိတစိတ်ဖြင့် ဆောင်ရွက်သော ပန်းသီးစိုက်ပျိုးသူများကို ကူညီသူအဖြစ် သရုပ်ဖော်ထားသည်။ (ဤအကြောင်းနှင့်အတူ မန္တလေးမြို့တွင် သစ်ပင်များကို လိုက်လံစိုက်ပျိုးပေးသော သစ်ပင်စိုက်ပျိုး လှူဒါန်းခဲ့သူတစ်ဦးအကြောင်းကို ဆရာမကြီး လူထုဒေါ်အမာ၏ စာအုပ်တစ်အုပ်တွင် ဖတ်မိသည်ကို အမှတ်ရမိသည်။)

ဤပရဟိတ အလုပ်များလုပ်ဖို့ ဘုရားသခင်က သူ



www.burmeseclassic.com

www.burmeseclassic.com

အား နေရောင်ခြည်၊ မိုးရေနှင့် ပန်းသီးမျိုးစေ့များဖြင့် ကောင်းချီးပေးခဲ့သည်ဟု ခံယူထား၏။ သူနှင့်အတူ ပါလာသော သမ္မာကျမ်းစာမှ အကြောင်းများကို ကလေးများအား ဖတ်ပြပြသည်။ ဘုရားကျောင်းများသည် ရောက်ရာ၌ သူ့အိမ် ဖြစ်ခဲ့သည်။ နေရာတိုင်း သူ့အိမ်၊ သူ့ယာအဖြစ် ခရီးသွားခဲ့သူ။

သူကွယ်လွန်သည့် နေရာနှင့် ခုနှစ်ကို အပြင်းပွားခဲ့ကြသော်လည်း အများက ၁၈၄၅ ခုနှစ်နှင့် ဖို့(တ်)ဝိန်း မြို့ဟုပင် လက်ခံကြလေသည်။ သူ့အထိမ်းအမှတ်ပွဲတော်တွင် ပန်းသီးတို့၏ အရှင်ရှိစဉ်က ချက်ပြုတ်ပြသခဲ့သောနည်း အတိုင်း ယိုစုံများ၊ မုန့်များ၊ ဖျော်ရည်များ ပြုလုပ်ရောင်းချကြသည်။ အများအတွက် အသက်ရှင်ခဲ့သူတစ်ဦးအဖြစ် အသိအမှတ်ပြုခံရသူ၏ လဲလျောင်းရာ မြေပုံအနီးတွင် ပန်းသီးပင်များမှ အသီးများကား ဝေနေဆဲပင်တည်း။ ကြွေနေဆဲပင်တည်း။

ဖို့(တ်)ဝိန်း၏ လွမ်းမောဖွယ်ကောင်းသော ပုံပြင်မှ သည် ကြည်နူးခွတ်ပျံ၍ မွှေးကြိုင်လန်းဆန်းသော နှင်းဆီပန်း ရောင်စုံပွင့်ဖူးကာ သဘာဝကန်ကြီးတစ်ကန်နှင့်အတူ လူတို့ ဖန်တီးထားသော ရေကန်၊ မြက်ခင်း၊ ပန်းရှခင်းတို့ဖြင့် တင့်တယ်သည်။ Lakeside Park ဆီသို့ ထွက်ခဲ့ပြန်လေသည်။

ဤပန်းခြံကို ကားဖြင့် ဖြတ်သွားစဉ်က မြင်ခဲ့ပြီး အကြောင်းမသင့်၍ မဝင်ခဲ့ရ။ ယခုမှပင် အေးအေးဆေးဆေး လှည့်နှံ့မြေရတော့သည်။ အဝင်လမ်းတစ်လျှောက် ဝဲယာတွင် နှင်းဆီရောင်စုံတို့သည် ကမ္ဘာလာကြိုသဖွယ် ခင်းကျင်းပြသ ထားသည်မှာ လာလော့၊ ရှုလော့၊ ခံစားလော့ဟု ဆိုနေသလို ။ တစ်ခေါ် ကြည့်လိုက်တိုင်း ဖြူ၊ နီ၊ ဝါ၊ လိမ္မော်၊ ရောင်သွေး စုံလင်လှ၍ နှင်းဆီမျိုးစိတ် ၁၅၀ ကျော်ကို ဒီဇိုင်း အမျိုးမျိုးဖြင့် ဖန်တီးစိုက်ပျိုးထား၏။ အဝန်းငယ် လမ်းလျှောက် ချင် အဝင်လမ်း၌ ဖြူဖွေးမြင့်မားသော ကျောက်တိုင်များ ၏ အလယ်တွင် စက်ဝိုင်းပုံ အမိုး၊ အခုံး အလုံပိတ်မဟုတ် ။ တစ်ဖက်တစ်ချက်၌ ဖြူဖြူဖွေးဖွေး ကျောက်တိုင်၊ ကျောက်တန်း အမိုးတို့ဖြင့် တန်ဆာဆင်ထားသော လူ သွားလမ်းကို မြင်ရသည်။ အလယ်လေဟာမှ ဆင်းလိုက် သောအခါ ရှေးရောမခေတ်က (သို့မဟုတ်) အီဂျစ်ဘုရင်မ ကလီယိုပါထရာ၏ ပန်းခြံကဲ့သို့ နှင်းဆီပန်းအိုးများ တစ်ဖက်တစ်ချက်၌ ဖန်တီးထားကာ အလယ်တွင် စိမ်းပြာနု စတုဂံ ရေကန်၊ ထိုရေကန်ကို ပတ်၍ ပြုလုပ်ထားသော ပန်းလိမ္မော်ရောင် လူသွားလမ်း ထိုမှ တစ်ဖက်တစ်ချက်တွင် ညီညာ ပြန့်ပြူးလှသော စိမ်းလန်းနေသည့် မြက်ခင်းပြင်ကျယ်ကြီး။

အသွေးစုံ၊ အရောင်စုံ၊ အလှစုံ၍ နှင်းဆီရနံ့သင်းနေသည်။ ခပ်လှမ်းလှမ်းတွင် ကြီးမားကျယ်ပြန့်သော မြက်ခင်း စိမ်းများ၊ နှင်းဆီပန်းခင်းများ၊ ထိုမှ လွန်သော် ရေပန်းရေ များ တဖွားဖွား ပန်းထွက်နေသော ရေကန်ကြီးတစ်ကန်။

ဩော်…စိတ်ကူးယဉ်ယဉ်ဖြင့် အလှအပကို ဖန်တီး ပေးထားသည်မှာ မြင်ရကြည့်ရသူ၏ နှလုံးသားကို အေးမြ စေသည်။ ချမ်းမြေ့စေသည်။ ထို့ကြောင့်လည်း Lakeside Park ဟူသော အမည်အစား National Rose Garden ဟု တင်စားခြင်း ဖြစ်ပေလိမ့်မည်။

၁၉၂၀ ပြည့်နှစ်က စတင်ပြုစုပျိုးထောင်ခဲ့သော မြေဧက ၂၅ ဒသမ ၀ အကျယ်ရှိ အလှပန်းခင်း၊ ပန်းခြံ၊ ရေကန်။ ၂၀၀၅-၂၀၀၆ က အမေရိကန်ဒေါ်လာ ငါးသိန်း ကျော် အကုန်ကျခံကာ ပြန်လည်မွမ်းမံထားသဖြင့် အလှဝေ စည်နေလေသည်။

ဤပန်းခြံတွင် အပန်းဖြေဖို့ ကလေးများကစားဖို့၊ လူကြီးများအတွက် ကစားကွင်း၊ ရေခဲလျှောစီးရန်၊ တင်းနစ် ကွင်း၊ ဘတ်စကက်ကစားကွင်းတို့သာမက အထူးခြားဆုံး အစီအစဉ်မှာ အလယ်ဗဟို ပန်းခြံရေကန်မြက်ခင်းပြင်၌ မင်္ဂလာလက်ထပ်ပွဲများ ပြုလုပ်ရန် စီစဉ်ပေးခြင်းဖြစ်လေသည်။

စိတ်ကူးယဉ်ဆန်လိုသော မင်္ဂလာမောင်နှံတို့အတွက် နေရာတုံးခ နှစ်နာရီလျှင် ဒေါ်လာ ၅၀ ဖြင့် လက်ထပ်အခမ်း အနားပြုနိုင်သည်။

ပန်းခြံမှရေသည် စိမ်းကြည်နေ၏။ လေထဲတွင် နှင်း ဆီရနံ့တို့ သင်းနေ၏။ ရေပန်းဆီမှ ရေအငွေ့အသက်တို့က အေးမြနေလေသည်။ ကျွန်တော်တို့ကား စိတ်ကူးဖြင့် ကြည် နူးနေမိကြသည်။

**မောင်ကောင်းမြင့်**




www.burmeseclassic.com

www.burmeseclassic.com

# ငါးထောင့်ကြယ်နှင့် ထူးခြားသောစွမ်းအင်များ

## သရုပ်




အနောက်တိုင်း လောကီပညာရှင်များ အလွန်အလေးအနက်ထားရသော ဂမ္ဘီရပစ္စည်းတစ်ခုဖြစ်သည့် ငါးထောင့်ကြယ်ဆိုသော အဆောင်ကောင်းတစ်ခုအကြောင်း ဖော်ပြချင်ပါသည်။

ငါးထောင့်ကြယ် စက်ဝိုင်းသည် တဲရော့သဘောတရားအရ ဒင်္ဂါးပုံဖြစ်ပြီး ငွေကြေး ငွေကြေးပစ္စည်းဥစ္စာကို ဖော်ညွှန်းသည့်သဘောကို ဆောင်ပါသည်။ ငါးထောင့်ကြယ် စက်ဝိုင်းကိုဆွဲပြီး ငွေကြေးလာဘ်လာဘပေါကြွယ်အောင် လုပ်ဆောင်နည်းကို ဖော်ပြပါမည်။

အပြိုင်ဆိုင်၊ အနှောင့်အယှက်များကို အောင်နိုင်ခြင်း၊ မမြင်အပ်သော မိစ္ဆာတို့၏ အနှောင့်အယှက်များကို ကာကွယ်နိုင်ခြင်း၊ လာဘ်လာဘပေါများစေခြင်း၊ ရာထူးတိုးတက်စေခြင်း၊ မိမိအိုးအိမ်၊ ဆိုင်ခန်းများ၌ ဘေးရန်အပေါင်းကင်းဝေးစေရန်အတွက် အလွန်ကောင်းသော ဂမ္ဘီရပစ္စည်းတစ်ခုဖြစ်သည်ဟု မှတ်သားခဲ့ဖူးပါသည်။

ငါးထောင့်ကြယ်သည် မာကျူရီဟုခေါ်သော ဗုဒ္ဓဟူးဂြိုဟ်နှင့် ပတ်သက်၏။ ပြဒါး၏ ဓာတ်သဘာဝရှိ၍ ဘေးရန်အနှောင့်အယှက်မှန်သမျှကို တွန်းလှန်ပစ် နိုင်စွမ်းရှိ၏။ ထိခိုက်မှု အန္တရာယ်တို့ကိုလည်း ကင်းစေ၏။

လူအများစု၏ အားပေးမှုကိုလည်း ရရှိစေနိုင်သည့်အတွက် အနုပညာရှင်များအတွက်လည်း ဆောင်ထားသည့်သည့်အရာဖြစ်၏။

ငါးထောင့်ကြယ်စက်ဝိုင်းကို စီရင်မည့်အချိန်သည် တနင်္လာနေ့ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း စီရင်ရပါမည်။

ပထမဦးစွာ စက်ဝိုင်းတစ်ခုကို လက်ယာရစ်ရေးဆွဲပါ။ ထိုသို့ရေးဆွဲစဉ်၌ "ဝရဗုဒ္ဓေါ"ဟု သုံးကြိမ်ရွတ်ဆိုပါ။ ထို့နောက် စက်ဝိုင်းထဲတွင် ပေတံကို အသုံးပြု၍ မျဉ်းဖြောင့်များကိုဆွဲပါ။ မျဉ်းဖြောင့်တစ်ကြောင်းဆွဲတိုင်း "ဝရဓမ္မော" ဟု သုံးကြိမ်ရွတ်ဆိုပါ။ အထူးသတိပြုရမည်မှာ စက်ဝိုင်း၏ အပြင်သို့ မျဉ်းများကျော်မထွက်စေရပါ။ ငါးထောင့်ကြယ်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ယခုပုံတိုင်း ကတ်ပြားတွင်ဆွဲကာ အိတ်ကပ်ထဲတွင်ဆောင်ထားခြင်းပုံကြီးကြီးဆွဲ၍ ဧည့်ခန်းတွင် ချိတ်ဆွဲထားခြင်း၊ လက်စွပ်၊ ဆွဲသီးများတွင် ဝတ်ဆင်ခြင်းများဖြင့်လည်း အကျိုးများစွာရရှိနိုင်ပါသည်။

ပြီးနောက် ငါးထောင့်ကြယ်အစွန်း ငါးခု၌ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘဟု လိုက်ရေးထည့်ပါ။ အလယ်၌ ငွေဟူသော စာလုံးကိုရေးပါ။ ၎င်းစာလုံးများကို ရေးတိုင်း "ဝရသံဃော"ဟု သုံးကြိမ်ရွတ်ဆိုပါ။ ဤသို့အားဖြင့် ရေးသားပြီးစီးပြီးသော စက်ဝိုင်းကို ဖယောင်းတိုင်တွင်ပတ်၍ ဘုရား၌ မီးပူဇော်ပြီး မိမိလိုရာဆုကိုတောင်းပါ။ ပြီးလျှင် အောက်တွင်ဖော်ပြထားသော ဂါထာကို သုံးကြိမ်ရွတ်ဆိုပါ။

**နမောဗုဒ္ဓါယ နမာမဟံ၊**
**သိဒ္ဓိကိစ္စံ ပဥ္စဗုဒ္ဓေါ နုဘာဝေန။**
**နိဒ္ဒုက္ခော သုခီတောဘဝ၊**
**အနေကအန္တရာယာဝိ ဝိနဿန္တု အသေသတော။**

ဖော်ပြပါ အစီအရင်ကို ပြုလုပ်ခြင်းဖြင့် ငွေကြေး ငွေကြေးဆုံးရှုံးစရာကိစ္စရပ်များ (သို့) မိမိအကြွေးတောင်၍ မရသောအခါများလည်းကောင်း၊ ငွေမပြသော အချိန်များ၌ လည်းကောင်း ပြုလုပ်စီရင်နိုင်ပါသည်။

သရုပ်



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးကို ခေါင်ရှောက်သည့်ဘုရင်

## ခင်မောင်အေး(မန္တလေး)

ပြည်မသိ ဗာရာဏသီ၊ မင်းမသိ ဗြဟ္မဒတ်ဟု ဆိုကြ၏။ ဗြဟ္မဒတ်မင်းကြီးသည် ဗာရာဏသီပြည်တွင် မင်းလုပ်စိုးစံနေသည့်အချိန်။ ဘုရားအလောင်းသည် တောစိုးသစ်ပင်ကြီးတစ်ပင်တွင် အခြေပြုနေသော ကျီးငှက်တစ်ကောင်ဖြစ်နေလေသည်။ တစ်နေ့ မင်းကြီး၏ဆရာ ပုရောဟိတ်ပုဏ္ဏားကြီးသည် မြို့အပြင်တွင်ရှိသော စမ်းချောင်းမှ ရေချိုးပြီး ပြန်လာခဲ့၏။ ထိုအချိန်တွင် မြို့တံခါး တိုင်တစ်တိုင်၏ ထိပ်မှာနားနေကြသည့် ကျီးနှစ်ကောင်တို့က မြင်တွေ့ကြရာ တစ်ကောင်သောကျီးက -

"အဆွေကျီး၊ ဟိုးဟိုက လာနေတဲ့ ပုဏ္ဏားကြီးခေါင်းပေါ် မစင်စွန့်ချရအောင်"

ဟု အဖော်စပ်သည်။

"မလုပ်ကောင်းပါဘူး အဆွေ၊ ပုဏ္ဏားကြီးက မင်းဆရာပါ။ ဩဇာအာဏာရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သည်လိုသူမျိုးနဲ့ ဆန့်ကျင်ဘက်မလုပ်တာ ရန်ကင်းပါတယ်"

ဟုတားမြစ်သည်။ အကြိမ်ကြိမ်တားသော်လည်း ခေါင်းမာသော ကျီးက ပုဏ္ဏားကြီး၏ ဦးခေါင်းထက်သို့ မစင်စွန့်ချလိုက်သည်။ ကျီးကန်းချေးတွေ [illegible]ခနဲ ခေါင်းပေါ်ကျလာသဖြင့် ပုရောဟိတ်ကြီး ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားသည်။ ကျီးကန်းစုတ်၊ ငါ့ခေါင်းပေါ်တည့်တည့်မှ ချေးပါချရသတဲ့။ နေနှင့်ဦးပေါ့ကွာ။ စိတ်တွင်းမှာ ဆူးတစ်ချောင်း ပေါက်သွားသည်။

တစ်နေ့နံနက်ခင်း နေကျဲကျဲလင်းလျက်ရှိ၏။ ကျွန်မတစ်ဦးသည် စပါးများကို ဇန်းတစ်ခုအတွင်းထည့်လျက် နေလှန်းထားခဲ့သည်။ ထိုအခါ မုတ်ဆိတ်မွေးရှည်ရှည်နှင့် အကျည်းတန်လှသည့် ဆိတ်သိုးတစ်ကောင်က စပါးများကို လာရောက်ခိုးစားသည်။ ကျွန်မသည် ဆိတ်သိုးကို ခြောက်လှန့်မောင်းထုတ်လိုက်သည်။ ဆိတ်သိုးက မနီးမဝေးသို့ ထွက်ပြေးသွားပြီး နောက်တစ်ဖန် ပြန်လာကာ စပါးများကို လာရောက်ခိုးစားပြန်လေသည်။

ကျွန်မသည်လည်း ဆိတ်ကို ခြောက်လှန့်ပြီး မောင်းထုတ်လိုက်ပြန်သည်။ ဆိတ်ကလည်း စောစောကကဲ့သို့ ထွက်ပြေးသွားပြီး တစ်ဖန်ပြန်လှည့်လာကာ စပါးများကို စားနေပြန်သည်။ ကျွန်မကလည်း ဆိတ်ကို နောက်ထပ်တစ်ကြိမ် ခြောက်လှန့်လျက် မောင်းထုတ်လိုက်ပြန်သည်။ သုံးကြိမ် သုံးခါရှိသွားပြီ။ လေးကြိမ်မြောက် ဆိတ်က လာရောက်စားပြန်သောအခါတွင်မူ ကျွန်မသည် တော်တော်ကြီးကို စိတ်တိုလာပြီဖြစ်ရကား ဆိတ်သိုးကို မီးစနှစ်ခုနှင့် ပစ်ပေါက်လိုက်လေသည်။ မီးက ဆိတ်၏ အမွေးအမှင်တွေကို စွဲလောင်သည်။ ဆိတ်သည် သူ့အမွေးတွေကို မီးလောင်နေသဖြင့် မီးကိုငြိမ်းသတ်ရန်အတွက် ဆင်တင်းကုတ်ဘေးတွင်အဖီချလျက် ဆောက်လုပ်ထားသည့် မြက်သိုလှောင်ရုံသို့ ပြေးသွားကာ ပွတ်တိုက်လေသည်။ ဆိတ်၏ကိုယ်မှ အမွေးများကိုလောင်ကျွမ်းနေသည့် မီးက မြက်များကို ဆက်၍ လောင်ကျွမ်းသည်။ မြက်များမှတစ်ဆင့် ဆင်တင်းကုပ်ကိုပါ ကူးစက်လောင်ကျွမ်းသည်။

ထို့ကြောင့် တင်းကုပ်တွင်းမှ ဆင်ကိုလည်း မီးသင့်တော့လေသည်။ ဆင်ဆရာများလည်း ဆင်တွေ၏ မီးလောင်းဒဏ်ရာများကို ကုစားဖို့ ကြိုးစားကြသည့်အခါ ပျောက်ကင်းအောင် မကုသနိုင်ကြ။ ထို့ကြောင့် မင်းကြီးသည် မင်းဆရာ ပုဏ္ဏားကြီးအား မည်သို့ဆောင်ရွက်ရမည်ကို အမေးတော်ရှိ၏။ ပုရောဟိတ်ပုဏ္ဏားကြီး အကွက်ရသွားပြီ။ ကျီးငှက်တွေအပေါ် အမြင်စောင်းနေသည် မဟုတ်လား။

"မှန်လှပါ။ ဆေးနည်းသည်က မခက်လှပါ။ ကျီးတို့၏ အဆီများ ရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

မည်ဆိုပါ မှချမသွေ ပျောက်ကင်းနိုင်ပါသည်”ဟု မင်းကြီးအား လျှောက်တင်လိုက်လေသည်။ မင်းကြီးသည် မင်းမှုထမ်းများအား ကျီးဆီကိုရှာဖွေဆက်သစေသည်။ ကျီးများမှာ သဘာဝအားဖြင့် အဆီမရှိ။ ကျီးတွေ အကျိုးမဲ့ အများအပြား သေကုန်ကြ၏။ အဆီကား တစ်စက်မှ မရချေ။ ထိုအချိန်တွင် နောက်ပါ ကျီးအပေါင်း ရှစ်သောင်းနှင့်အတူ သုသာန်မြေတစ်ခုတွင်နေသော ဘုရားအလောင်းတော်ကျီးမင်းသည် မိမိတို့အမျိုးတွေ ကျီးငှက်များ အကျိုးမဲ့ ပျက်စီးရခြင်းကို ကြားသိရ၏။ ဆယ်ပါးသော ပါရမီတော်ကို ဆင်ခြင်မိ၏။ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းလျက် မင်းကြီးရှိသည့်နန်းတွင်းသို့ တစ်ဟုန်ထိုး ပြန်သန်းဝင်ရောက်သွားကာ ပလ္လင်အောက်မှ ထွက်လာကာ မင်းကြီးအား ဤသို့လျှောက်တင်လေသည်။

“မြတ်သောမင်းကြီး၊ မင်းတို့မည်သည် ဆန္ဒာဂတိနောက်သို့ လိုက်ပါခြင်းမရှိဘဲ နိုင်ငံအုပ်ချုပ် မင်းလုပ်သင့်ပါသည်။ ပြုလုပ်သင့်သော အမှုကိစ္စပင် မှန်စေကာမူ စူးစမ်းဆင်ခြင်လေ့လာသုံးသပ်ပြီးမှ ဆောင်ရွက်သင့်ပါသည်။ မင်းကြီး၏ဆရာ ပုရောဟိတ်ကြီးသည် ကျီးငှက်များအပေါ် အာဃာတဖြင့် ရန်ငြိုးထားပြီး မဟုတ်မမှန်သော အကြံဉာဏ်ကို မင်းကြီးအားပေးခဲ့ခြင်းဖြစ်ပါသည်။ အမှန်ဆိုရပါမူ ကျီးများတွင် အဆီလုံးဝ မရှိရှာကြပါ။ သဘာဝအလျောက် အဆီကင်းသော သတ္တဝါများသာ ဖြစ်ကြပါသည် အရှင်မင်းကြီး”

“မှတ်ပါပြီ အသင်ကျီးမင်း။ သို့ဆိုပါလျက်. . .ထိုငှက်များ မည်သည့်အကြောင်းရင်းကြောင့် အဆီးကင်းရသည်ကို သိလိုသည်”

ဟု မေးမြန်းသည်။

“မြတ်သောမင်းကြီး၊ ကျီးငှက်တို့သည် ဝန်းကျင်ပတ်ချာ အစာရှာကြသည့်အခါ ကျီးလန့်စာစား အစဉ်အမြဲချောက်ချားကြောက်လန့်နေကြရသည့် နှလုံးရှိနေရသည့်အတွက် အဆီကင်းနေခြင်းသာ ဖြစ်ပါသည် အရှင်မင်းကြီး”

ဟု ပြန်လည်ဖြေကြား လျှောက်ဘင်လေသည်။ ထို့နောက် ပြည့်ရှင်မင်းကြီးအား၊ မေတ္တာတရားကို ဟောကြားပြီး ပဉ္စသီလတည်စေလေသည်။ ထို့အပြင် ကျီးငှက်များအတွက် ဘေးမဲ့ပေးရန် တောင်းဆိုရာ မင်းကြီးသည် ကျီးများအတွက် နေ့စဉ်နေ့တိုင်း ဆန်ဆယ့်တစ်စိတ်ချက်ကာ ကျီးစာလှူဒါန်းပါမည်ဟု ကတိပြုခဲ့လေသည်။ ကျီးများလည်း ထိုအခါမှပင် ဘေးရန်ကင်းရန်ကွာ ကျန်းမာပကတိ ချမ်းသာစွာ နေထိုင်ကြရလေသည်။

**ခင်မောင်အေး(မန္တလေး)**

<u>ကျမ်းကိုး</u>

နိပတ်တော်လာ ဇာတ်တော်ငါးရာ ငါးဆယ် ကာကဇာတ်၊ “ခေါင်းဆောင်ဟူသည် မိမိအမျိုးတို့၏ အန္တရာယ်ကို ကာကွယ်ရာ၏”


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**

**အဆောင်ဓာတ်လုံး**

**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာတ်လာဘ ပေါကြွယ်လှပြီး ရှတိုင်းလိုအပ်သော ဝီယ-လာဘ-ဓနပညာ စသည်တို့အတွက် သေချာစိမ်၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်. . .

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောဂ-ခုည်း ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+ဓန၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက. . .

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၂၅၁၁၂၂၃၃




www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရဆန်တဲ့ တရုတ်နဂါး သမိုင်းစဉ်

ပန်းချီမြတ်အောင်


တရုတ်ပြည်ရဲ့ အထွတ်အမြတ်ထားရတဲ့ နဂါးဟာ ရာသီအလိုက် အထိမ်းအမှတ်တစ်ခုပါ။ လူတစ်ယောက် မွေးဖွားတဲ့နှစ်တွေအလိုက် ပြယုဂ်တစ်ခုအဖြစ်လည်း တင်စားသတ်မှတ်ထားတာလည်း ဖြစ်ပါတယ်။

တရုတ်နဂါးနဲ့ ပတ်သက်တဲ့ အချက်အလက်တချို့ကို အခင်းအကျင်းတွေနဲ့ ပြပွဲပြသတဲ့အထိ ကျင်းပခဲ့ရတာပါ။

တရုတ်မှာ နဂါးကို အထွဋ်အမြတ်ဆုံးအနေနဲ့ အားလုံးက အသိအမှတ်ပြုထားရတဲ့ ဇာတ်လိုက်ပါ။ တကယ်တော့ တရုတ်နဂါးကို အဓိပ္ပာယ်ဖွင့်မယ်ဆိုရင် သူ့မှာတဲ့ စွမ်းအင်ခွန်အားတွေ အပြည့်ရှိနေတယ်လို့ ဆိုပါတယ်။ ကမ္ဘာကျော် တရုတ်နဂါးကို ရှေးတရုတ်မင်းများ လက်ထက်ကပင် အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေနဲ့ အသိအမှတ်ကိုယ်စားပြုခြင်းခံရတာ ယခုတိုင် သားစဉ်မြေးဆက်ပင်။

www.burmeseclassic.com


## ခေတ်အဆက်ဆက်ပြောင်းလဲလာသည့် တရုတ်နဂါး




ဘီစီ ၂၀၆ နှင့် ခရစ်တော်ပေါ်ပြီး အေဒီ ၂၂၀ အတွင်းက ဟန်မင်းဆက်အတွင်း တွေ့ရှိရသည့်ပုံစံ




ဘီစီ ၈၀၀၀ ကျော်က ကျောက်ခေတ်သစ်မှ နဂါး




၂၂၀-၅၈၉ အေဒီအတွင်းက တောင်ပိုင်းနှင့် မြောက်ပိုင်း မင်းဆက်များဖြစ်သည့် ဝေ့(ယ်)နှင့် ဂျင်မင်းဆက်များအတွင်း တွေ့မြင်ရသည့် နဂါးပုံစံ



ယွန်မင်းဆက် (၁၂၇၁-၁၃၆၈) အတွင်း တွေ့ရှိရသည့် နဂါး



ဇီအာမင်းဆက်အတွင်းက တွေ့ရှိရသည့် ပုံစံ (၂၁၀၀-၁၆၀၀ ဘီစီ)



အေဒီ ၅၈၁-၆၁၈ အတွင်း ဆွန်း(လ်)မင်းဆက် ကာလ တွေ့ရှိရသည့် နဂါး



၁၆၄၄-၁၉၁၁ ကျိုင်းမင်းဆက်ကာလအတွင်း တွေ့မြင်ရသည့် တရုတ်နဂါး



www.burmeseclassic.com

www.burmeseclassic.com

## ကံတရားနှင့်စွမ်းအင်

ရှေးဟောင်းတရုတ်နဂါးနှင့် ပတ်သက်လို့ ကွင်းဆက်များကို လေ့လာခဲ့တာ သမိုင်းစဉ်ဆက်အလိုက် ထင်မြင်ယူဆချက်တွေက အမျိုးမျိုးရှိခဲ့တယ်လို့ ဆိုပါတယ်။ တချို့ကတော့ ရှေးမျိုးနွယ်စုတစ်စုရဲ့ သင်္ကေတအမှတ်အသားတစ်ခု တချို့ကတော့ မှော်ကဝေဆိုင်ရာ ဂမ္ဘီရအမှတ်အသားတစ်ခုလို့ ဆိုကြတယ်။ တချို့ တွေးခေါ်ပညာရှင်တွေကတော့ သဘာဝတရားနဲ့ပတ်သက်လို့ ဖော်ပြနေတဲ့ ရှေးကျလွန်းတဲ့ အမှတ်အသားလို့ ဆိုကြပြန်ပါတယ်။

သေချာတဲ့အချက်ကတော့ တရုတ်လူမျိုးများရဲ့ ချစ်ခင်မွေးမြူထားတဲ့ အိမ်မွေးတိရစ္ဆာန်လိုပါပဲဆိုတဲ့ အချက်ကတော့ ခိုင်မာတဲ့အချက်ပဲလို့ ဂုဏ်ယူစွာနဲ့ ဆိုကြတယ်။ သူတို့ရဲ့ နှလုံးသားမှာ ဝိညာဉ်တစ်ခုကို ကိန်းအောင်းထားကြ တာတော့ အမှန်ပါပဲ။

ရှေးနှစ်ပေါင်းများစွာကတော့ တရုတ်လူမျိုးတိုင်းက နဂါးနဲ့အတူ မိုးရွာသွန်းစေဖို့ ဆုတောင်းကြတဲ့ ဓလေ့ရှိတယ်လို့လည်း သိရပါတယ်။ ရက်တရက် ကြုံတွေ့ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ ရေဘေး၊ မီးဘေးကို လူတွေရဲ့ တည်ဆောက်ထားတဲ့ အိုးအိမ်များနဲ့ တံတားများကို အကာအကွယ်ပေးတာကလည်း နဂါးမင်းကလို့ပဲ ယုံကြည်ခဲ့ကြတယ်လို့ အဆိုရှိကြတယ်။

မင်္ဂလာဆောင်အခမ်းအနားတွေ ပြုလုပ်တဲ့ မင်္ဂလာအချိန်အခါသမယမှာဆိုရင် နဂါးမင်းဟာ ပျော်ရွှင်ကြည်နူးစေတဲ့အရာများနဲ့ မင်္ဂလာအတိတ်ကောင်းတွေကိုလည်း ယူဆောင်လာတတ်တယ်လို့ အဆိုတော်ရှိခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လည်း တရုတ်မိသားစုတွေမှာ မိဘတွေက သူတို့ရဲ့ သားသမီး လူငယ်လူရွယ်တွေကိုလည်း "နဂါး" လို့ပဲ ခေါ်စေလိုတဲ့ ဆန္ဒနဲ့ တင်စားပြီးပြောကြဆိုကြတာလည်း ဖြစ်တယ်ဆိုပဲ။ တရုတ်ပြည် အနှံ့အပြားမှာ တရုတ်နဂါးနဲ့ ပတ်သက်လို့ ပျော်ပွဲရွှင်ပွဲ အခမ်းအနားတွေရယ်၊ လှေဦးမှာ နဂါးရုပ်နဲ့ထုလုပ်ထားတဲ့ တရုတ်ရိုးရာ နဂါးလှေပြိုင်ပွဲတွေလည်း ကျင်းပပေးတယ်လို့ သိရပါတယ်။

တရုတ်နဂါးရုပ်နဲ့ ပတ်သက်လို့ ဂန္ထဝင်အနုပန်းချီ (Fine Art) တွေမှာ ပုံဖော်လေ့လာ ဆန်းစစ်ကြည့်ရင်လည်း သမိုင်းအဲဖြစ်အပျက်များထဲက ရှည်လျားလှတဲ့ ကျောက်ခေတ် သမိုင်းမတင်မီ တရုတ်ပြည်ရဲ့ ရှေးအကျဆုံးတစ်ခုပဲလို့ သိရပါတယ်။

ပူရန်းမြို့တော် သင်္ချိုင်းဂူဟောင်းတစ်ခု တွေ့ရှိချက်အရ ရှမ်အိုး(Yaung Sho) ယဉ်ကျေးမှုဟာ နှစ်ပေါင်း ၇၀၀၀ ကျော်ကတည်းက ထွန်းကားခဲ့ပြီး ဟာနန်ပြည်နယ်ထဲက သင်္ချိုင်းဂူတစ်ခုမှာတော့ နဂါးတစ်ကောင်ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းအနီးတစ်ဝိုက်မှာ အကြေးခွံ ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ခဲ့တယ်လို့ သိရပါတယ်။ ကျောက်ဖြစ်ရုပ်ကြွင်းရဲ့ ခန္ဓာကိုယ်ဟာ ရှည်လျားပြီး ပါးစပ်ကျယ်တဲ့ ပုံသဏ္ဍာန် ရှိကြောင်း။ သန္ဓေသားပုံသဏ္ဍာန်ကိုလည်း ၄င်းကျောက်ဖြစ်ရုပ်ကြွင်းထဲမှာပင် တွေ့ရှိခဲ့ရတာတွေဟာ တရုတ်ပြည်ရဲ့ ပထမဆုံးတွေ့ရှိတဲ့ နဂါးလို့တောင် ကမ္ဘာကို ထုတ်ဖော်ခဲ့တယ်လို့ သိရပါတယ်။

နှစ်ပေါင်း ၅၀၀၀ ကျော်က ဂျန်ဝူးတိုင်းပြည် (ဂန်စု ပြည်နယ်)အတွင်းမှာ တွေ့ရှိတဲ့ ပန်းအိုးတွေရဲ့အပေါ်မှာ ဆေးခြယ်သထားတဲ့ နဂါးပုံဟာ တရုတ်ပြည်ရဲ့ အစောဆုံးတွေ့ရှိထားတဲ့ နဂါးပုံသဏ္ဍာန် ရုပ်လုံးပုံပါပဲလို့ ဆိုထားပါတယ်။ နဂါးပုံဟာ ရေတစ်ပိုင်းကုန်းတစ်ပိုင်းနေတတ်သည့် ကင်းလိပ်တစ်ကောင်နှင့်တူကြောင်း။ မွန်ဂိုးလီးယားပြည်နယ်အတွင်း သမိုင်းမတင်မီခေတ်က ဟွန်ရှန်းယဉ်ကျေးမှုထွန်းကားစဉ် ကျောက်စိမ်းနဂါးရုပ်ပုံများ။ ဇိန်ပင်းတိုင်းပြည်၊ ရှန်စည်ပြည်နယ် သမိုင်းမတင်မီ နှစ်ပေါင်း ၄၅၀၀ က လောင်ရှန်းယဉ်ကျေးမှုထွန်းကားခဲ့ပြီး ရှေးကဗျာမှာ ရေးဆွဲထားသော နဂါးပုံကတော့ အနိုင်အမာနဲ့ တွေ့ခဲ့ရတာပါပဲ။

အဲဒီပုံမှာ နဂါးပုံဟာ ကြီးမားတဲ့ ဦးခေါင်း၊ ဦးချိုတွေနဲ့ ပန်းပုထုလုပ်ထားတာ တွေ့ရပါတယ်။

အချို့သောကဗျာပုံတွေမှာ အကြေးခွံတွေဟာ အဖတ်လိုက်ကွာကျနေတာ တွေ့ရှိရပါတယ်။ မွန်ဂိုးလီးယား ပြည်နယ်အတွင်းက ဇီဂျင်းဒမ်းယဉ်ကျေးမှု (အဆင့်နိမ့်လူတန်းစား) ထွန်းကားခဲ့စဉ်က ရှေးနှစ်ပေါင်း ၄၀၀၀ က တွေ့ရှိချက်တွေ အပါအဝင်လို့ သိရှိရပါတယ်။

ခရစ်မပေါ်မီ ဘီစီ ၁၆ ရာစုနှင့် ၁၁ ရာစုအတွင်း မင်းဆက် တရုတ်လူမျိုးတို့ရဲ့ ရှန်မင်းဆက်ခေတ်မှ မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

မှတ်ရာများအရ ကြေးသွန်းနဂါးရုပ်ပုံများဖြင့် ပြင်ဆင်မွမ်းမံထားတဲ့ အတော်များများ အဆောက်အအုံတွေကို တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။ ရှန့်မင်းဆက်ဟာ နှစ်ပေါင်း တစ်ရာတိတိ ထွန်းကားခဲ့တယ်လို့ သိရပါတယ်။

ပြပွဲများ၏ အထောက်အထားများ၏ အဆိုအတိုင်း တရုတ်နဂါးကို ဆိုရရင် ရှေးဟောင်းတရုတ်စာအုပ်များမှာ ဖော်ပြထားတဲ့ နဂါးပုံတွေကို တွေ့ရတယ် ဆိုပါတယ်။

Shan Hai Jing ၏ ဂန္ထဝင်တောင်တန်းများနှင့် မြစ်များတွင် တရုတ်ပြည်၏ ပထဝီအနေအထားပြစာအုပ်နှင့် အသင့်အတင့်ကျော်ကြားခဲ့တဲ့ ပုံပြင်စာအုပ်များမှာပါ။ နဂါးပုံကို လူသားတစ်ဦးရဲ့ ဦးခေါင်း(သို့) မြွေမျက်နှာကဲ့သို့ ရေးဆွဲထားခဲ့တာတွေ ရှိခဲ့ပါတယ်။

ဥပမာဆိုရရင် နျူးဝါး(Nu Wa) ဘုရားရှင်ရဲ့ မယ်တော်က မြေကြီးကို ဖန်ဆင်းခဲ့ပြီး သူမရဲ့အစ်ကိုဖြစ်သူ ဖူဇီ Fuxi က တံငါသည်များကို ငါးဖမ်းပိုက်များ ပြုလုပ်ခိုင်းခဲ့တယ်။ အဲဒီပိုက်များကို ယက်တဲ့နေရာမှာ မြွေရုပ်ကို လူရဲ့ ဦးခေါင်းပုံသဏ္ဍာန်နဲ့ ယက်လုပ်စေခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီပုံဟာ ရှေးအကျဆုံး မြွေတစ်ကောင်စာ့သို့ ပုံသဏ္ဍာန်ရှိတဲ့ နဂါးရဲ့ မှုရင်းပုံပဲလို့ သိရှိခဲ့ရပါတယ်။

ပိုးပန်းချီခေတ်အဆက်ဆက် ထွန်းကားတဲ့ကာလမှာ ခရစ်ယာန်တွေ မရောက်မီ နဂါးပုံသဏ္ဍာန်တွေက သမိုင်းမတင်မီ အနောက်တိုင်း ဂူသချိုင်းအဟောင်းတွေရှိတဲ့ မာဝမ်းဒွိုင်။ ချိုင့်ချွမ့်၊ ဟူနန် စတဲ့ပြည်နယ်တွေမှာ မြောက်များစွာ တွေ့ရှိခဲ့တယ်လိ ဆိုထားပါတယ်။ အဲဒီအချိန်က တရုတ်နဂါးကို လူတစ်ဦးတစ်ယောက်ရဲ့ ဝိညာဉ်က နိဗ္ဗာန်ကိုသွားဖို့ ရောက်ဖူးနေသလို အဓိကလူတွေက ကွယ်လွန်ခဲ့ရင် နဂါး အသွင်သဏ္ဍာန်နဲ့ နိဗ္ဗာန်ကို သယ်ဆောင်သွားခြင်းခံရတယ်လို့လည်း တရုတ်ရှေးလူမျိုးများက ယုံကြည်ခဲ့တယ်လို့ သိရပါတယ်။

ရှေးပဒေသရာဇ်ခေတ်ဟောင်းက ဘုရင်တွေရဲ့ အလံတွေက နေနှင့်လကို ရေးဆွဲထားပြီး မြို့စားပယ်စားတွေရဲ့အလံတွေမှာလည်း နဂါးရုပ်ပုံတွေ ခြယ်သထားတာ ဖြစ်ပါတယ်။

ဘီစီ ၂ ရာစုက Lui Bang ဆိုသူက ဟန်မင်းဆက်ခေတ်မှာ ဆင်းရဲတဲ့မိသားစုက ပေါက်ဖွားခဲ့ပါတယ်။

သူဟာ ပုံပြင်လေးတစ်ခုထဲမှာပါဘဲ့ နဂါးလေးကို ရအောင်ယူပေးဖို့ သူ့အမေကို တောင်းဆိုခဲ့တဲ့အကြောင်း ရေးသားထားသော ပုံပြင်စာအုပ်က ရှေးသမိုင်းအထောက်အထား မှတ်တမ်းတစ်ခု ဖြစ်ခဲ့ပါတယ်။

တရုတ်ပြည်တစ်ဝှမ်းမှာ နဂါးဟာ မွေးဖွားပေါက်ဖွားလာတဲ့ (သို့) ဘုရားရှင်ရဲ့ သားတော်တစ်ပါးအသွင် ဆင်းသက်ပေါက်ဖွားခဲ့တာမို့ နဂါးမျက်နှာနှင့် ရှိသောလူလို့ လက်ခံထားခဲ့ကြတယ်လို့ သိရပါတယ်။

တန်မင်းဆက် (၆၁၈-၉၀၇) မှာ နဂါးပုံနဲ့ ပတ်သက်လို့ တန်မင်းဆက်ကေရာဇ်ဘုရင်ကမှ သူ့တို့ကိုယ်သူတို့ နဂါးရဲ့သားတော် (Zheng Long Time Zi) တွေလို့ ပြောကြတယ်။

အဲဒီအချိန်က အဘယ်ကြောင့် လူတွေအတော်များများဟာ နဂါးရုပ်ပုံနဲ့ ပတ်သက်လို့ ကန့်သတ်ချုပ်ချယ်ခံရပြီးမှ အသုံးပြုလေ့ရှိကြပါတယ်။

၁၃ ရာစုတွင် ယူနန်ဘုရင်မင်းဆက်ကို ဂျင်ဂျင်ခန် ထူထောင်တဲ့အခါမှာ သူ့ရဲ့ အောင်မြင်ကျော်ကြားခဲ့တဲ့ အလျောက် သူ့ရဲ့ အထိမ်းအမှတ်အဖြစ် ဘုရင်ကေရာဇ်များ၏ အဝတ်အထည်တွေမှာ တရုတ်နဂါးပုံများကို ပန်းကန်ခွက်ယောက်များပါမကျန် ရေးဆွဲခဲ့တယ်ဆိုပဲ။ မင်မင်းဆက်နှင့် ကျိုင်မင်းဆက်များကလည်း ဂျင်ဂျစ်ခန်ရဲ့ ဥပဒေသအတိုင်း တသွေမတိမ်း လိုက်နာခဲ့တယ်လို့ သိရပါတယ်။ ၁၉ ရာစု ကျိုင်းမင်းဆက် အဆက်ဆက်မှာ အသုံးပြုခဲ့တဲ့ ရှေးဟောင်း ဒင်္ဂါးပြားကအစ တရုတ်လူမျိုးတို့ရဲ့ အလံတော်အထိ နဂါးရုပ်ပုံ ရေးဆွဲခဲ့တယ်လို့ သိရပါတယ်။

ကျောက်ခေတ်သစ်မှသည် တရုတ်နဂါး၏ ပြောင်းလဲလာပုံ အဆင့်ဆင့်ကို သမိုင်းအထောက်အထားများအရ ပုံသဏ္ဍာန်များကို တွေ့မြင်ရပါတယ်။

**ပန်းချီ မြတ်အောင်**

***Ref;***

Beijing Review Vol-31-Nos-7-8, Feb. 15-28, 1988 ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရှယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ယီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၅၃၁-၅၁၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၅)၊ အောင်နီသာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တသထလ(၂၇၄၆)

# အောင်ဝိဇ္ဇာမိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှုံ့းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာမိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိင်ခေါင်းတွင်း/ပြင်၊ စအိုဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုယောင်ရမ်းနာကျင်ခြင်း၊ လိင်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအရွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့၊ သွေးသန့်ဆေးများလည်း ရရှိသည်။

ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၅၁၃၅)
ဆိုင်ရင်းဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
မြန်မာဖြန့်ချိရေး - ကိုဝင်းမြင့်+မဘေဘီ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလှမိုး(သိမ်ကြီးဈေး)၊ လှထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ဗန္ဓုလ(ဈေးချို)၊ အာရောဂျ(သိမ်ကြီးဈေး)၊ အာရောဂျ နံ(၄)၊ နေပြည်တော်မြို့မဈေး ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နန်ချွန်ရွာမှ ဒိုမိတ်ဆန်း

ကိုမောင်သန်းဝင်း

ကျွန်ုပ် နန်ချွန်ရွာငယ်လေးသို့ ရောက်ခဲ့ရခြင်းမှာ လွန်စွာသပ္ပာယ်၍ ကြည်ညိုဖွယ်ရာအတိပြီးသော တောင်ထုန်းအထက်တွင် တည်ရှိနေသည့် စေတီလေး၏ ဆွဲဆောင်မှုကြောင့် ဖြစ်လေ၏။

အစပထမသော် ကျွန်ုပ်သည် နန်ချွန်ကျေးရွာငယ်လေး ရှိနေသည်ကို သတိမထားမိပါချေ။ အနီကျေးရွာငယ်လေးသည် တောင်ကြားအောက် လွင်ပြင်ငယ်တွင် တည်ရှိနေ၍ မည်သို့မျှ မြင်နိုင်ချေမရှိသည့်အတွက်လည်း ဖြစ်လေ၏။

ကျွန်ုပ်သည် ခရေရပ်ကွက်ဟု အမည်ရသော နေရာတစ်ဝိုက်တွင် ဆောက်လုပ်ရေးလုပ်ငန်းများအား ကြီးကြပ်လုပ်ဆောင်နေသော မိတ်ဆွေကြီး ဦးအောင်သင်းရှိရာသို့ အလည်သဘောလာခြင်းဖြင့် ရောက်ခဲ့လေ၏။

မိတ်ဆွေကြီး ဦးအောင်သင်းနှင့် ကျွန်ုပ်သည် ရန်ကုန် တက္ကသိုလ်တွင် တွေ့ဆုံခင်မင်ခဲ့ကြသူများ ဖြစ်လေ၏။ ကျွန်ုပ်ကား မြန်မာစာအဓိက သင်ယူနေခဲ့ပြီး မိတ်ဆွေကြီးကား သမိုင်းအဓိကဘာသာ သင်ယူနေသူ ဖြစ်လေ၏။ ရာမညဆောင်တစ်ဆောင်တည်း တစ်မိုးတည်းအောက်တွင် ပညာသင်ယူနေခဲ့မှုကြောင့် တွေ့ဆုံခင်မင်ခဲ့ခြင်းလည်း ဖြစ်၏။

ဘွဲ့အသီးသီးရခဲ့သည်မှာ အနှစ်သုံးဆယ့်ငါးနှစ်ခန့် ရှိလေပြီ။ လုပ်ငန်းခွင်အသီးသီး ဝင်ရောက်ခဲ့ကြသည့်အခါ သူနှင့်ကျွန်တော်သည် တစ်ခါနှစ်ခါမျှ တွေ့ဆုံခဲ့ကြပြီးနောက် မတွေ့ကြရလေတော့။

ကျွန်ုပ်သည် လယ်ဝေးမြို့နယ်သို့ လုပ်ငန်းကိစ္စတစ်ခုဖြင့် ရောက်သည့်အခါ မိတ်ဆွေကြီးအား မမျှော်လင့်ဘဲ တွေ့လိုက်ရလေတော့၏။ ကနဦးစွာက သူ့ကို ကျွန်ုပ် လုံးဝမမှတ်မိချေ။ သူကလည်း အလားတူ မှတ်မိမည်မထင်။ မှတ်မိနိုင်စရာလည်း အကြောင်းမရှိချေ။ ကျွန်ုပ်တို့သည် ကျောင်းနေစဉ်က ပုံစံတွေ မဟုတ်ကြချေတော့။ ဝဖိုင့်နေကြပြီး ဗိုက်ရွှဲကြီးတွေနှင့် လေးလံစွာ သွားလာနေကြရသူများ ဖြစ်နေကြလေပြီတည်း။

သို့သော် ငယ်မှုငယ်ရုပ်ကိုတော့ မှန်းဆနိုင်ကြသဖြင့် မျက်လုံးချင်းဆုံမိကြ တစ်ခဏတာမျှ ရှုစိုက်ကြည့်ကြပြီးလျှင် တစ်ယောက်အမည် တစ်ယောက် ခေါ်ကြပြီး ပြေးဖက်ထွေးကြလေတော့၏။

လုပ်ငန်းကိုယ်စီ ဆေးမြန်းကြပြီး မိတ်ဆွေကြီးက ကျွန်ုပ်အား စားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ ခေါ်ယူ ညှိခဲ့လေတော့၏။

"ခင်ဗျားလည်း အတော်ကြီး ဝလာတယ်နော်၊ ကျုပ်လည်း ဒီအတိုင်းပါပဲလေ၊ မတွေ့တာ အနှစ် ၃၀ လောက် ရှိပြီနော်"

ဟု မိတ်ဆွေကြီးက အမြုပ်တစီစီထနေသော ထမကာပေပုတစ်ခွက်အား သောက်ပြီး စကားပြော၏။ ကျွန်ုပ်မှလည်း -

"ဗွာနတစ်ခုက စာရင်းစစ်နိုင်းလို့ လာစစ်တာ ကိုအောင်သင်း။ ခင်ဗျားအပြောအရနဲ့ ပုံစံကြည့်ရတာ အတော်အဆင်ပြေနေပုံရရဲ့၊ ဝမ်းသာတယ်ဗျာ"

"အေးပေါ့ဗျာ၊ ကျောင်းတုန်းက ခင်ဗျားတို့ စာပေဝါ သံနှုတ်ရှုပ်တွေနဲ့အတူ စပ်တူစေမှု စားသောက်တုန်းက ကျွန်တော်ထည့်ဝင်မရှင်းနိုင်ခဲ့တူးဗျား၊ ကုတ်ခြစ်ရအောင်ပြီး စာသင်နေရတာလေ"

မိတ်ဆွေကြီးသည် ပြည်ပြီး

www.burmeseclassic.com

ရန်ကုန်တက္ကသိုလ်သို့ လာရောက်ပညာသင်ခဲ့ရသူဖြစ်လေ၏။ ကျွန်ုပ်တို့ စာပေဝါ သနာရှင်ဝိုင်းအား အမြဲလိုလို လာရောက်ပြီး ဝိုင်းဖွဲ့ပြောဆိုလေ့ရှိ၏။ ၎င်းမှလည်း စာဖတ်နေသူတစ်ဦးဖြစ်ရာ တစ်စတစ်စ ခင်မင်သွားလေ၏။

ကျွန်ုပ်တို့သည် ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုပြီး အားရက်တစ်ရက်လောက်ရရင် သူ့ရှိရာလာခဲ့ဖို့ ပြောလေ၏။ သို့ဖြင့် ကျွန်ုပ်သည် အဆိုပါ နန်းချွန်ကျေးရွာအနီး မိတ်ဆွေကြီး ကိုအောင်သင်း ရှိရာ လမ်းတံတား ဆောက်လုပ်ရေးခွင်သို့ ရောက်ခဲ့လေ၏။

မြို့တည်ဆောက်ရေး ကာလမို့ သစ်ပင်တွေ ရှင်းလင်းနေ၏။ စက်ယန္တရားကြီးများနှင့် ကျောက်သယ်ကားကြီးများ ဥဒဟိုပြေးလွှားနေလေ၏။ နွေလယ်ကာလမို့ နေမင်းသည် တံလျှပ်များကို ကြဲဖြန့်နေလင့်ကစား မြို့တည်၊ လမ်းတည်နေသူများသည်ကား အပူဒဏ်ကို တစ်စက်ကလေးမှ အမှုမထား။ လုပ်ငန်းပြီးမြောက်ရေးကိုသာ ဦးစားပေးနေကြဟန် ရှိနေလေ၏။

ခပ်လှမ်းလှမ်းတွင် ညို့မှိုင်းနေသော တောင်တန်းကြီးများနှင့် စိမ်းဖန့်နေသော တောအုပ်ဆိုင်းဆိုင်းကို တွေ့ရလေ၏။ တောအုပ်ဆီမှ ဖြတ်သန်းတိုက်ခတ်ဝင်လာသော လေပြည်လေညင်းသည် ဆည်းလည်းသံကို သယ်ဆောင်လာသည်သို့ရှိရာ မလှမ်းမကမ်းဆီသို့ ငေးငေးငိုင်ငိုင် ကြည့်မိလေ၏။

မနီးမဝေးရှိ တောင်ကမူလေးအထက် နေရောင်အောက်တွင် တလက်လက်ဖြစ်နေသော ရွှေသင်္ကန်းကပ် ရွှေစေတီလေးကို ကြည်ညိုစွာဖူးမြော် တွေ့လိုက်ရလေရာ လက်အုပ်ချီမိုး ရှိခိုးမိလေ၏။ ၎င်းထဲ အေးမြသွားသည်သို့ ရှိလေ၏။

"ဟေး . . . ကိုရန်လင်းအောင်၊ ကျွန်တော် ဒီမှာဗျ"

မိမိအား ခေါ်သံ၊ အသံလာရာသို့ ကြည့်သော် မိတ်ဆွေကြီး ကိုအောင်သင်းသည် မှန်ပြောင်းကြီးတစ်လက်ကို လည်မှာဆွဲပြီး တံတားဆောက်ရာဆီမှ လာနေသည်ကို တွေ့ရလေ၏။

"ဗျို့ ကိုအောင်သင်း အလုပ်တွေ မအားမလပ်နဲ့ အားနာစရာဗျာ"

မောပန်းစွာ ရောက်လာသော မိတ်ဆွေကြီးအား တကယ်ပင် အားတုံ့အားနာဖြင့် ပြောရာ -

"ကျွန်တော်က ခင်ဗျားကို တမင်ခေါ်ထားတာလေဗျာ။ အခု ကျွန်တော့် တပည့်လေး မောင်အောင်ပြည့်ကို လိုအပ်တာပြောဆိုပြီး ခင်ဗျားဆီ လာခဲ့တာ။ အားလုံးပြီးပြီ။ လာ . . ကျွန်တော့် ရုံးခန်းသွားကြမယ်"

မိတ်ဆွေကြီး၏ရုံးခန်းသည် ယာယီတည်ဆောက်ထားသည်မို့ အိမ်ကလေးမျှသာ ဖြစ်လေ၏။ နေ့ချင်းစဖွယ် တည်ဆောက်ထားသည်မို့ လွတ်လပ်စွာ အပန်းဖြေခွင့်ရလေ၏။ သည်မျှသာမဟုတ် ကြိုတင်မှာယူထားသော စားသောက်ဖွယ်ရာအမြည်းလည်း ရှိနေလေ၏။

ညနေစောင်းခန့်တွင် အလုပ်နားရာ၌ ပြန်လာသော သူ၏မိတ်ဆွေ ကိုစိုးထွန်း၊ ကိုအောင်ပြည့်၊ ကိုဖိုးခွားတို့နှင့် မိတ်ဆက်ပေးပြီး သူတို့နှင့်အတူပင် စားသောက်ဖြစ်ကြလေ၏။

"ကျွန်တော်ဝို့ ဒီကိုရောက်နေတာ သုံးလေးနှစ်လောက်ရှိပြီ။ လုပ်ငန်းတွေလည်း အတော်လေးပြီးပေါ့။ ရှေ့ဆက်လုပ်စရာတွေကလည်း အများသားပဲလေ။ ခင်ဗျားရော အေးအေးပဲလား"

"ကျွန်တော့် လုပ်ငန်းကိစ္စပြီးတာနဲ့ ကိုအောင်သင်းဆီ မရောက်ရောက်အောင် လာခဲ့တာ။ နှစ်ရက်တော့ နေနိုင်လိမ့်မယ်ထင်ရဲ့"

"ဝမ်းသာတယ်ဗျာ။ မတွေ့တာကြာတော့ တဝကြီး ပြောကြတာပေါ့ ဟုတ်လား။ ဟောဒီ ကျွန်တော့်တပည့်လေး မောင်အောင်ပြည့်က ဖင်ပေါ့တယ်။ လိုလေသေးမရှိ သူကပဲ လုပ်ပေးတာ"

ဩ ဟွင် . . မောင်အောင်ပြည့်မှ ကျွန်ုပ်အား ကျိုးနွံစွာဖြင့် -

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်ကို လိုရာခိုင်းပါ။ ကျွန်တော်က လိုရာသုံးနိုင်တဲ့ ဂျိုကာတစ်ကောင်ပါ"

ကျွန်ုပ်လည်း မောင်အောင်ပြည့်အား ရပါတယ်ဟုဆိုကာ အသိအမှတ်ပြုလေ၏။

ကျွန်ုပ်တို့သည် ထွေရာလေးပါး ပြောဆိုကြပြီး လွတ်လပ်စွာ အပန်းဖြေကြလေ၏။ မိတ်ဆွေကြီးကား အနည်းငယ် ထွေနေဟန်ရှိလေ၏။ သို့သော် ဟန်မပျက်။ အပြောအဆို မပျက်။ သူ့အပြောများတွင် စိတ်ဝင်စားဖွယ်ရာများပါရှိလေရကား နားထောင်၍ပင် ကောင်းသေးတော့၏။

ညဦးပိုင်းရောက်သော် စားသောက်



www.burmeseclassic.com

www.burmeseclassic.com

ကြသည်မှာ ဝမ်းဗိုက်များ တင်းရင်းနေကြလေပြီ။

"ကဲ・・・လက်စသတ်ကြမယ်ဗျာ၊ ပြီးတော့ အပြင်ထွက် လမ်းလျှောက်ကြတာပေါ့ ဟုတ်လား"

မိတ်ဆွေကြီးမှ ပြောဆိုပြီး ကိုယ်ထက်သုတ်သင်သည်။ ကျွန်ုပ်လည်း ကိုယ်လက်သုတ်သင်ပြီး နှစ်ဦးသား လမ်းလျှောက်ထွက်သည်။

"ဟောဒါက နန်းချွန်းချောင်းကို ဖြတ်ဆောက်ထားတာလေ။ ပစ္စည်းစုံတော့ ချောက်လလောက်နဲ့ ပြီးခဲ့တာ"

နန်းချွန်းချောင်းသည် သဲချောင်းဖြစ်ကြောင်း၊ ဆောက်လုပ်ရေးအတွက် သဲများကို ယင်းချောင်းမှပင် စုပ်ယူခဲ့ရကြောင်း၊ နန်းချွန်းရွာငယ်လေးကို အစွဲပြု၍ နန်းချွန်းချောင်းဟု ခေါ်သလို၊ တောင်ကမူလေးထက်ဆီမှ ရွှေစေတီလေးကိုလည်း နန်းချွန်းစေတီဟုပင် ခေါ်ကြောင်း၊ ဆုတောင်းပြည့်စေတီဟုလည်း အသိအမှတ်ပြုကြကြောင်း ဆို၏။

နောက်တစ်နေ့ နံနက်စောစော မိတ်ဆွေကြီးနှင့် ကျွန်ုပ်သည် နန်းချွန်းရွာလေးသို့ ရောက်ခဲ့၏။ အိမ်ခြေ များများစားစား မရှိလှ။ ချိုင့်ဝှမ်းအတွင်း ဟိုတစ်စု ဒီတစ်စုနေသော အိမ်များကို တွေ့ရသည်။ ခြေတံရှည်အိမ်များ ဖြစ်သော်။

ကျွန်ုပ်သည် သည်လိုနေရာဒေသမျိုး တစ်ခါဖူးမျှ မရောက်ဘူးသေး။ တောင်ကုန်းတောင်တန်းကြီးများအောက် ချိုင့်ဝှမ်းအတွင်း မြစိမ်းရောင် စပါးပင်များ ကွေ့ဝိုက်စီးဆင်းနေသော သဲချောင်း၊ ဖော်ရွေသော ရွာသူရွာသားများ မွန်းကျပ်နေသော မြို့ကြီးပြကြီး၊ ရှုပ်ထွေးနေသည့် လူပင်လယ်များ၊ ပြည့်ကျပ်နေသော ကားများ၏ အော်မြည်သံများ၊ ဓာတ်ဆီ အငွေ့အနံ့အသက်များ၊ ကျွန်ုပ်စိတ်အတွင်း အမြေရှာမိသည်။

သို့ဖြင့် ကျွန်ုပ်သည် ရွာငယ်လေးနှင့် ရွှေစေတီအား ဝေ့ဝဲကြည့်ပြီး "နေချင်စရာကောင်းလိုက်တဲ့ ရွာလေးဗျာ" ဟု နှုတ်မှ ပီတိအဟုန်ဖြင့် ပြောထွက်လေရာ၊ မိတ်ဆွေကြီးမှ "ဒီလိုမပြောရဘူးလေ"ဟု ဆို၏။

မိတ်ဆွေကြီးဆိုလိုချက်ကို ကျွန်ုပ် ဂဃနဏ မသိပါချေ။ ရွာကလေးကို ကြည့်ကာ ကြည်နူးစိတ် ဖြစ်နေမိသည်ကတော့ အသေအချာပင်တည်း။

ရွာကလေးမှတစ်ဆင့် တောင်ကြားလမ်းကလေးမှ ရွှေစေတီရှိရာသို့ နှစ်ယောက်သားတက်ခဲ့လေ၏။ တောင်ပေါ်သို့ရောက်သည့်အခါ မိတ်ဆွေကြီးသည် လက်နှစ်ဖက်ကိုဆန့်ပြီး မြောက်ဖင်ကာ "ဟား"ဟု လေကို ရှူရှိုက်လိုက်လေ၏။ ကျွန်ုပ်လည်း ၎င်းနည်းတူ ပြုလေရာ အေးမြလန်းဆတ်သောလေက ရင်ထဲသို့ အေးမြစွာ စီးဝင်သွားလေ၏။ ဖော်ပြနိုင်စွမ်းမရှိဖွယ် အေးမြလန်းဆတ်မှုပင် ဖြစ်လေ၏။

"အလုပ်တွေ ပင်ပန်းတဲ့အခါ ဒီနေရာလာပြီး အပန်းဖြေနေကျလေ"

ဟု မိတ်ဆွေကြီးမှဆို၏။ ကျွန်ုပ်သည် စေတီရှိရာသို့သွားပြီး ဝတ်ပြုရန် ထိုင်နိုက် မလှမ်းမကမ်းနေရာတွင် လွန်စွာချောမောလှပသည့် မိန်းမပျိုတစ်ယောက်ကို တွေ့ရလေ၏။ ကျွန်ုပ်ကား ဘုရားဝတ်ပြုရန်ပင် မေ့ဟန်ရှိလေတော့၏။ သူမအား စူးစူးစိုက်စိုက် ကြည့်နေ ခိုက်မှာပင် သူမသည် ဘုရားဝတ်ပြု ပြီးသွားသည့်အတွက် နေရာမှ ခ်သုတ်သုတ် ဆင်းသွားလေ၏။ သူမအား မြင်ကွင်းမှ ပျောက်ကွယ်သည် အထိပင် ငေးကြည့်နေမိလေသည်။

မိန်းမလှလေးနှင့် ပတ်သက်၍ ကျွန်ုပ် မေ့ပျောက်သွားမိလေ၏။ ဤနေရာဝန်းကျင်တွင် ဤမျှ လှပသော မိန်းမလှလေးသည် အဘယ်သို့ ရောက်လာပေသနည်း။ သူမ၏ အသားအရေမှာ ဒေသခံလူများနှင့်မတူ၊ တစ်မူဖြူဖွေးနေ၏။ မြန်မာဆိုရသော် နန်းတွင်းသူတစ်ယောက်ပမာ ရှိနေပါ၏။

အဲဒီမိန်းမလှလေးနှင့် ပတ်သက်၍ မိတ်ဆွေကြီးအား မေးမြန်းကြည့်သောအခါ မိတ်ဆွေကြီးက ရယ်သွမ်းသွေးလိုက်ပြီး -

"ဘာလဲ・・・ကိုရန်လင်းအောင်၊ တတိယအရွယ်ရဲ့ ဒုတိယဝေဒနာလား ・・・ဟင်း・・・ဟင်း"

"အိုဗျာ၊ ကိုအောင်သင်းကလည်း ကျုပ်မှာ ဘာစိတ်မှမရှိပါဘူး။ ဒီနေရာမှာ ဒီလောက်လှပကြော့ရှင်းတဲ့ မိန်းကလေးရှိနေတာကိုက အံ့ဩလို့ပါဗျာ"

"ခင်ဗျားကို နောက်တာပါ ကိုရန်လင်းအောင်ရယ်။ ကျွန်တော်လည်း တစ်ခါတစ်ခါ တွေ့ပဗျာ။ လှတာကတော့ ရက်စက်တယ်ဗျို့။ ဒါပေမယ့် သတင်းအကြားတွေနဲ့ ကိုယ်တွေ့ အရကတော့・・・"

မိတ်ဆွေကြီးသည် မိန်းမလှကလေးနှင့် ပတ်သက်၍ ကြားခဲ့ရသော သတင်းများကို ခြုံငုံပြောဆိုပြီး ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကိုဖြင့် အောက်ပါအတိုင်း ပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

၁၉၅၀ ဝန်းကျင်ကပေါ့ဗျာ . . .။ တောင်တွင်းကြီးမြို့မှာ ရောင်စုံသူပုန် သူတန်တွေရဲ့ရန်ကို တိမ်းရှောင်ပြီး ဖျူးမနှားကိုပြောင်း၊ ဖျူးမနှားမှာလည်း မတည်မငြိမ်ဆိုတော့ ရှောင်ရင်းတိမ်းရင်း ဒီနေရာတစ်ပိုက် နန်းချုန်ရွာလို့ပဲ ဆိုပါတော့ဗျာ။ ရောက်လာခဲ့တယ်။ သူတို့က တောင်တွင်းကြီးက လူကုံထံတွေလေ။ ဦးရွှေ၊ ဒေါ်လှမေပေါ့နော်။ ရွှေထည်ငွေထည် အတော်များများကို ယူလာကြတာ။ ဒါကိုသိတဲ့ သူပုန်တချို့က သူတို့ကို နောက်ယောင်ခံလိုက်ကြတာပေါ့။ ဒါကြောင့် သူတို့လည်း နွမ်းပါး[illegible]ပြီး ငါးရွာ၊ လယ်ဇိုက်နဲ့ တောင်သူဘဝကို ဖန်တီးနေခဲ့ကြတာပေါ့။

၁၀ နှစ်၊ ၁၃ နှစ်လောက်ကြာတော့ တည်ငြိမ်စပြုပြီလေ။ သားထောက်သမီးခံ မရှိလေတော့ တောင်တွင်းကြီးမှာ ကျန်ရစ်ခဲ့တဲ့ တူ၊ တူမတွေကို သူတို့နဲ့အတူ လာနေဖို့ သွားခေါ်တာပေါ့။ ဒါပေမယ့် တစ်ယောက်မှ မတွေ့ဘူး။ ဟိုပြေး ဒီပြေးနဲ့ ဘယ်မြို့ဘယ်ရွာ ရောက်ကုန်တယ် မသိဘူး။ မိတ်ဆွေအချို့ကို မေးတော့လည်း အဖြေမရဘူး။ နောက်ဆုံး သူတို့အိမ်မှာ ကျွေးမွေးလောင်ဘက်လုပ်ပေးခဲ့ဖူးတဲ့ ထင်ပေါ်နှစ်ယောက်ကို တွေ့တယ်။ သူတို့လည်း အတော်ချို့တဲ့ရှာတယ်။ ဒါနဲ့ သူတို့ကိုပဲ ခေါ်ယူခဲ့တယ်။

သူတို့ကလည်း ကျေးဇူးရှင်ကြီးတွေ ခေါ်ရာနောက်လိုက်ခဲ့ပြီး မိဘရင်းသဖွယ် ဝတ်ကြီးဝတ်ငယ် ပြုလုပ်ဆောင်ရွက်ခဲ့ကြတယ်လေ။

သူတို့ဆိုသည်မှာ မိန်းမလှလေး၏ မိခင်၊ ဖခင်များ ဖြစ်ကြသည့် ကိုနိုင်နှင့် မအေးမိုးဝင်းပါတည်း။ သူတို့သည် ကျေးဇူးရှင် ဦးရွှေ၊ ဒေါ်လှမေတို့အား အိမ်ဦးခန်းတွင်ပင်ထိုင်စေကာ နှစ်ဦးသား တောင်ယာလုပ်ပြီး ရှိသားစွာပင် လုပ်ကိုင်ကျွေးခဲ့ကြလေ၏။

တစ်နေ့သော် နေအိမ်အတွင်း မြွေဖြူတစ်ကောင် ရောက်လာလေ၏။ အိမ်သားအားလုံး တအံ့တသြ ဖြစ်ကြလေ၏။ မြွေဖြူသည် မည်သို့မျှ ရန်သတ္တရမပြုဘဲ အေးအေးစွာ ပြန်ဆင်းသွားလေ၏။ မအေးမိုးဝင်းသည် မြွေဖြူကြီးကို စွဲလမ်း၍ထင့် အိပ်မက်မက်၏။

အိပ်မက်ထဲတွင် မြွေဖြူသည် မိန်းကလေးအသွင် ပြောင်းသွားကာ အမေ၊ အမေတို့နှင့် အတူနေပါရစေဟု ဆို၏။ ထိုနေ့မှစ၍ မအေးမိုးဝင်း သန္ဓေတည်ကာ ၁၀ လ ကြာသော် မိန်းကလေးတစ်ယောက် ဖွားမြင်လေ၏။

အရွယ်ရောက်သော် မိန်းကလေးသည် သူမတူအောင် လှပလေ၏။ ငယ်စဉ်ကပင် သပ်ရပ်သန့်ရှင်းစွာ နေလေ၏။ စကားနည်းပြီး ဘာသာရေးကိုသာ အစဉ်တစိုက် လုပ်နေလေ၏။ ကျေးဇူးရှင် ဦးရွှေ၊ ဒေါ်လှမေတို့မှ မြေးမလေးအား သူတို့သိမ်းဆည်းထားခဲ့သော ရွှေငွေများအား အမွေအဖြစ်ပေးခဲ့သော်ငြား မိန်းမလှလေးသည် တောင်ထိပ်ကမှရှိ စေတီလေးတည်ရာသို့ ကျေးဇူးရှင်ကြီးများအား ရည်စူး၍ လှူဒါန်းလေ၏။ ကျန်အချို့တစ်ဝက်အား မိဘများအား ပေးလေ၏။

မိန်းမလှလေးသတင်းသည် ရွာနီးတစ်ပိုက် ထင်ရှားလေရာ မောင်မျိုးမင်းဆိုသူ စာတပ်ပုံဆရာလေးသည်လည်း လာရောက်တွေ့ဆုံ ချစ်ခွင့်ပန်လေ၏။

ချစ်ခွင့်ပန်မှုကို မိန်းမလှလေး မည်သို့မျှ လက်မခံ။ မောင်မျိုးမင်းမှုသာမဟုတ်၊ ချစ်ခွင့်ပန်သူ တော်တော်များများကိုလည်း သူမက လက်ခံခြင်းမပြုခဲ့ချေ။ သို့သော် အပြုံးမပျက် ဖော်ရွေစွာဖြင့် "မောင်နှမအရင်းသဖွယ် ခင်မင်သွားကြပါစို့နော်" ဟုသာ ပြောဆိုလေ့ရှိလေ၏။

သူမအား ချစ်စိတ်မွှန်၍ အတင်းအကျပ် ချစ်ခွင့်ပန်သူ သုံးလေးဦးရှိလေ၏။ သူမကား လှပစွာ ရှောင်တိမ်းနေလေ၏။ သို့သော်ငြား ထိုသုံးလေးဦးသည် ကံမကောင်း အကြောင်းမလှစွာ ဆုံးပါးခဲ့ကြလေ၏။

ဆုံးပါးခဲ့သည့်ပုံစံချင်း မတူကြသော်လည်း ႗ညီသည့် အချက်မှာ ဦးစွာ မြွေကြီးတစ်ကောင်ကို တွေ့မြင်ခဲ့ကြရပြီးနောက် ပုံစံတစ်မျိုးစီဖြင့် ဆုံးပါးခဲ့ကြခြင်း ဖြစ်လေ၏။

သို့ဖြင့် သူမအား ချစ်ခွင့်ပန်ဝံ့သူ မရှိလေတော့။ အချို့က သူမ၏နောက်တွင် အရိပ်မည်းမည်း သဏ္ဍာန်တစ်ခုက လိုက်ပါစောင့်ရှောက်နေသည်ဟုလည်း ဆိုကြလေ၏။ ထိုသတင်းများကြောင့် လူရွယ်အတော်များများသည် မိန်းမလှ လေးအား ရဲရဲမျှပင် မကြည့်ရဲကြတော့ပေ။

စာတပ်ပုံဆရာလေး မောင်မျိုးမင်းသည်လည်း မိန်းမလှလေး၏အကြောင်းခြင်းရာတို့ကို မကြားမဟုတ် ကြားလေ၏။ သို့သော် သူက ခေတ်လူငယ်ပီပီ မယုံခဲ့။ ရဲဝံ့စွာပင် သူမအား ချစ်ခွင့်ပန်လေ၏။ ဆုံးဖြတ်ချက်တစ်ခုလည်း ခိုင်မာစွာချခဲ့လေ၏။ ဆုံးဖြတ်ချက်ကား



www.burmeseclassic.com

www.burmeseclassic.com

မိန်းမလှလေး၏ မေတ္တာကို မရမချင်း နန်းချွန်ရွာလေးမှ မပြန်တော့ဟူ၍ ဖြစ်၏။ ရွှေစေတီလေးတွင်လည်း တိုင်တည်ခဲ့သည်ဟူ၏။

သူ၏ ဆုံးဖြတ်ချက်အတိုင်း နန်းချွန်ရွာလေးတွင် ထာဝရ နေနေခဲ့ရလေတော့၏။

တစ်နေ့ • • •ညနေစောင်းတွင် မောင်မျိုးမင်းသည် ကိုယ်လက်သန့်စင်ကာ အဝတ်စားကောင်းတို့အား ဝတ်ဆင်ပြီး မိန်းမလှလေးရှိရာ နန်းချွန်ရွာငယ်လေးဆီသို့ ဦးတည်လျှောက်လာခဲ့လေ၏။ မိန်းမလှလေးသည် သူ့အား ချစ်ခွင့်ကို လက်မခံသေးသော်ငြား ဖော်ရွေစွာ ဆက်ဆံလျက်ရှိနေ၏။ ရွာဝန်းကျင်က လူအများကတော့ မောင်မျိုးမင်းအား စုတ်တသတ်သတ် ဖြစ်နေလေ၏။ မိန်းမလှလေးအား ချစ်ခွင့်ပန်၊ ချစ်စိတ်မွှန်ခဲ့သူများ၏ သွားရာလမ်းသို့ လိုက်ပါလိမ့်မည်ဟု ထင်ဆ၍ ဖြစ်လေ၏။

မောင်မျိုးမင်းသည် ကွေ့ဝိုက်စီးဆင်းနေသော နန်းချွန်သဲချောင်းကို ဖြတ်ကျောက်ဆောက်လုပ်ထားသည့် တံတားပေါ်မှဖြတ်၍ တောလမ်းကလေးမှ မိန်းမလှလေးဆီသို့ သွားမည်ဖြစ်ရာ တံတားကျော်သည်နှင့် တောချုံစပ်မှ မြွေကြီးတစ်ကောင်သည် လမ်းမပေါ်သို့ ဖြတ်လျှောက်ကူးလေ၏။ လမ်းတစ်ဖက်ရှိ သဲချောင်းသို့ဆင်းရန် ဖြစ်လေ၏။

မောင်မျိုးမင်းသည် မြွေကြီးအား အေးအေးဆေးဆေးစွာသွားရန်အတွက် လမ်းတစ်ဘက်တွင် ရပ်စောင့်ပေးလေ၏။ ထိုစဉ် ကျောက်သယ်ကားကြီးတစ်စီးသည် တံတားအထက်ဆီမှ အရှိန်ပြင်းစွာ ဆင်းလာလေ၏။ ကားဒရိုင်ဘာသည် ကားလမ်းပေါ်ရှိ မြွေကြီးအား တွေ့လေရာ သတ္တဝါတစ်ကောင်အား မသေစေလိုသဖြင့် ကွေ့ဝိုက်ရှောင်လေ၏။ မြွေကြီးသည် အသက်ဘေးမှ လွတ်ထွက်သွားသော်ငြား အရှိန်ပြင်းလွန်းလှသည့် ကျောက်သယ်ကားကြီးသည် လမ်းနံဘေးတွင်ရပ်နေသည့် မောင်မျိုးမင်းဆီသို့ ဦးတည် ဝင်ရောက်မိလေတော့၏။ မောင်မျိုးမင်းသည် မြွေကြီးကိုသာ အာရုံထားရှိနေရကား သူ့ဆီ ရုတ်တရက် ဝင်လာသော ကားကို ဂရုမပြုမိသည့်အတွက်• • •။

မောင်မျိုးမင်းသည် နန်းချွန်ရွာလေး၌ မိန်းမလှလေး၏မေတ္တာကို မရမချင်း မပြန်ဟု ဆုံးဖြတ်ချက်ချကာ ရွှေစေတီ၌ပင် ဆုတောင်းသမှု ပြုခဲ့ဖူးပါ၏။ သူ၏ဆုတောင်းကား ပြည့်ခဲ့သည်လား။ သူချစ်သူ မိန်းမလှလေးရှိရာ နန်းချွန်ရွာကလေး၌ နေနေခဲ့ရသည်ကား အမှန်ပါတည်း။

ကျွန်ုပ်သည် မိတ်ဆွေကြီးကိုအောင်သင်းပြောပြခဲ့ပါသော မောင်မျိုးမင်းနှင့် မိန်းမလှလေးတို့အကြောင်းခြင်းရာတို့ကို တအံ့တသြဖြင့် နားထောင်နေခဲ့လေ၏။ တစ်ဆက်တည်းမှာပင် နန်းချွန်ရွာငယ်လေးသို့ ရောက်ရှိခိုက် ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းလှသော ရွာလေး၏ဝန်းကျင်ကို ဝေ့ဝဲကြည့်ပြီး "နေချင်စရာကောင်းလိုက်တဲ့ ရွာကလေးဗျာ" ဟု ပြောဆိုခဲ့ခြင်းကို ပြန်လည်သတိရလိုက်သည့်အတွက် ကြက်သီးများပင် ထမိခဲ့ပါသတည်း။

ကိုမောင်သန်းဝင်း


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**
**အဆောင်ဓာတ်လုံး**
**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မှုလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် တင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး ရှာဖိုင်းတို့အပ်သော ဝီယ-လာဘ-ခံနေ-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြံ့ကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့် • • •

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+ခံနေ၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ တမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသောကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက • • •

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ


ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၂၅၁၀ ၂၂၃၃




www.burmeseclassic.com

www.burmeseclassic.com



# ဟန်ကျပန်ကျ မဏ္ဍလ

အောင်ကောင်းမြ(သာကေတ)

တစ်နေ့တွင် ကျွန်ုပ်ထံသို့ တာမွေကျောက်မြောင်းဖက်မှ ဇနီးမောင်နှံနှစ်ဦး ရောက်ရှိလာ၏။ သူတို့ဇနီးမောင်နှံနှစ်ယောက်သည် ယခင်ကလည်း ကျွန်ုပ်ထံ ရောက်ဖူးသူများဖြစ်၍ ကြိုဆိုနှုတ်ဆက်ပြီး နေရာပေးထိုင်ခိုင်းလိုက်၏။

အမျိုးသားဖြစ်သူ ကိုအောင်မြတ်မှာ ယခင်က ကားမောင်းသူဖြစ်ပြီး ယခုအခြေအနေအရ ကားမောင်းခြင်းအလုပ်ကို နားနေရပါသည်ဟုဆို၏။ မိန်းမဖြစ်သူကလည်း ငွေတိုးလေးပေးလိုက်၊ အထည်များ နေ့သွင်းရောင်းလိုက်နှင့် သူတတ်နိုင်သလောက် အိမ်စရိတ် ရှာနေရပါသည်။

အမျိုးသမီးဖြစ်သူ ဒေါ်ဖြူဝင်းမှ ...

"ဆရာ ကျွန်မ အမျိုးသားအလုပ်ကိစ္စ အဆင်မပြေဘူး ဖြစ်နေတယ်။ အဲဒါ တွက်ချက်ပြီး ဓာတ်ဆင်ဓာတ်ရိုက်ပြုလုပ်ပေးပါ"ဟု ဆိုလေ၏။ ကျွန်ုပ်လည်း အဲဂ်ဝိဇ္ဇာ အချိန်တိုင်ထူ၍ အလုပ်ရနိုင်၊ မရနိုင် တွက်ရပါသည်။ ယတြာ ဓာတ်ဆင်တယ်ဆိုတာလည်း လာမေးသူ၏ မွေးနံ၊ ရုပ်လက္ခဏာ၊ အပြောအဆို၊ အမူအရာတို့ကို ကြည့်ရပါသေးသည်။ တစ်ခါက ကိုယ်တစ်ခြမ်းလေဖျန်း၍ လမ်းကောင်းကောင်းမလျှောက်နိုင်သူတစ်ဦးက သူ့အလုပ်လိုက်ရှာတာ အဆင်မပြေကြောင်း၊ ခင်မင်ရင်းနှီးသူ မိတ်ဆွေကလည်း ငွေကြေးသာ ကူညီလိုက်ပြီး အလုပ်မပေးကြောင်း၊ သူ့အနေဖြင့် ဂိတ်စောင့်၊ လုံခြုံရေးလောက်တော့ လုပ်နိုင်ပါသေးကြောင်း ပြောပါသည်။

အလုပ်ရှင်တစ်ဦးအနေဖြင့် ထိုသူ၏ အခြေအနေကို ကြည့်၍ အလုပ်မခန့်သည်မှာ အပြစ်ဆိုဖွယ်မရှိပေ။ ကျွန်ုပ် ဗေဒင်လက္ခဏာဆရာ တစ်ဦးအနေဖြင့်လည်း ရပါမည်ဟု အာမခံဓာတ်ဆင်ပေး၍ မရပေ။ သို့သော် ကူညီသူမိတ်ဆွေတွေ့ပါမည်ဟု အားပေးစကားပြော၍ စိတ်ချမ်းသာကျေနပ်စေရန် လွယ်ကူသော အညွှန့်ယတြာကိုလည်း ပေးလိုက်ပါတယ်။

ယခုလည်း ထိုသူ၏ အခြေအနေကိုကြည့်ရာ –

ကိုယ်လက်သန်စွမ်း၏။ အသက် ၄၀ နီးပါးသာရှိသေး၏။ အသောက်အစားကင်း၏။ သို့သော် ၆ ခုကြွင်းဖြစ်၍ အပျင်းမကြီးပါက အလုပ်ရမည်။ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ မလျှော့ရန် အထူးအကြံပေးရပါသည်။

ထိုသို့ပြောဆိုပြီး ဆရာကြီး မင်းသိခ် ရေးသားထားသော မဏ္ဍလအကြောင်းမှ တနင်္ဂနွေအဆိုးအတွက် မဏ္ဍလကို ရေးဆွဲပေးလိုက်ပါသည်။ ၁၀ ရက်ခန့် ကြာသောအခါ အလုပ်အကိုင်အဆင်ပြေကြောင်း ကြားသိရပါသည်။ ထိုယတြာဓာတ်ဆင်နည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (မနောမယဂျာနယ်တွင်လည်း ရေးသားဖော်ပြခဲ့ပြီး ဖြစ်၏။ စာရေးသူ)

ဖော်ပြပါပုံကို သေချာရေးဆွဲ၍ဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ၊ ပန်းကန်ပြားတစ်ချပ်တွင်ကပ်၍ ပန်းတစ်ပွင့် ထည့်လှူပါ။ ကိုးရက်ဆက်တိုက် လှူဒါန်းထားရပါမည်။ မည်သည့်ပန်းပွင့်မဆို ထည့်လှူ၍ ရပါသည်။ နေ့စဉ် ပန်းလဲပေးလျှင် ပိုကောင်းပါသည်။ လက်တွေ့စမ်းသပ်အောင်မြင်၍ ဖော်ပြပေးခြင်းဖြစ်ပါသည်။ အဘမင်းသိခ်၏ ကျော်ကြားအထူးဓာတ်ရိုက်ဓာတ်ဆင်မှ မဏ္ဍလတစ်ခုဖြစ်ပါသည်။

စာရေးသူ ကျွန်ုပ်အနေဖြင့် ဟန်ကျပန်ကျ မဏ္ဍလဟု အမည်ပေးထားလိုက်ပါတော့သည်။

အောင်ကောင်းမြ (သာကေတ)

www.burmeseclassic.com


## ဂမ္ဘီရ ဆရာလှမျိုး(B.Sc) ၏

- လူတိုင်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ။
- ခုနစ်နေ့ ခုနစ်နံ ကံပွင့် လာဘ်ပွင့် အမိဋ္ဌာန်နှင့် ကံကောင်းအောင်မြင် ယတြာများ။
- ကံပွင့် လာဘ်ပွင့် ဂါထာမန္တန်များ။

ထွက်ပြီ

ဖြန့်ချိရေး - စာပေနန်းတော်

ဖုန်း - ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၁၃၄၊ ၀၉-၇၃၁၄၀၉၁၃၆

## မြင့်စေတာနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.

ဆရာ ဦးခင်မောင်မြင့် (မြင့်စေတာနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တထောင်ရိပ်မြိုင်၊ ချင်းတွင်း-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း။ ရန်ကုန်မြို့ ။ ဖုန်း-၀၀-၆၆၆၄၇၈၀၉-၇၉၈၀၆၉၀၀

ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရာမ၊ လက္ခဏာ၊ သီတာဒေဝီ

ပထမံဆရာကြီး ဦးအောင်သူ

ဟိန္ဒူကျမ်းစာများတွင် -

ရာမာယဏကျမ်းသည် ရာမ+သီတာ+လက္ခဏတို့၏ အတ္ထုပ္ပတ္တိ ကျမ်းဖြစ်သည်။ ဟိန္ဒူများသည် ရာမ ဘုရားကို အထူးအလေးထား ကိုးကွယ်သည်။

စာရေးသူသည် ငယ်စဉ်ကပင် ရာမ+သီတာ+လက္ခဏတို့အကြောင်းကို ဇာတ်ပွဲများတွင် ကြည့်ခဲ့ဖူးသည်။ လူကြီးများ ပြောစကားအရ ထိုဇာတ်ဝင်ခန်းမှာ အလွန်ရှည်လျားသဖြင့် ခုနစ်ညတိုင်တိုင် ကပြခဲ့ရသည် ဆိုပါသည်။

ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီး ရာမအုန်းမောင်သည် ရာမဇာတ်တော်ကြီးကို ပီပီပြင်ပြင် ကပြတင်ဆက်ခဲ့သဖြင့်လည်း ရန်ကုန်မြို့၊ ရေကျော်ရပ်တွင် ရာမဦးအုန်းမောင်ရယ်လို့ အမည်တွင်ခဲ့သည်။

ဆရာကြီး ရာမဦးအုန်းမောင်အိမ်တွင် ရာမဇာတ်တော်ထဲတွင် ပါဝင်သော ရာမဦးခေါင်းတော် အပါအဝင် အခြားသော ဦးခေါင်းများကို တွေ့ရှိခဲ့ရသည်။

စာရေးသူ ဤဆောင်းပါးကို ရေးရာတွင် ဇာဖတ်သူများ သိပြီးဖြစ်သော်လည်း နောင်မျိုးဆက်များ လေ့လာမှတ်သားစေရန် ဖြစ်ပါသည်။ ဤဆောင်းပါးမှာ ဟိန္ဒူဘာသာရာမ အကြောင်းဖြစ်ပါသည်။

ရာမ၊ လက္ခဏာ၊ သီတာဒေဝီ အကြောင်း သိကောင်းစရာများ -

ဗေဒခေတ်ကျမ်းကို ပြုစုကြသော ဟိန္ဒူပညာရှင်များ၏ အလိုအရ ရာမ မြတ်စွာဘုရားသည် ဘီစီ ၂၃၅၀ မှ ၂၉၅၀ ပြည့်နှစ်အတွင်း အိန္ဒိယနိုင်ငံတွင် ပွင့်တော်မူသည်။ ရာမဇာတ်တော်ကား ဟိန္ဒူရာမ၊ မြန်မာရာမ၊ ယိုးဒယားရာမ၊ တရုတ်ရာမ၊ ပသျှူးရာမ စသည်ဖြင့်ရှိရာ အမျိုးမျိုးကွဲပြားချက်များ ရှိသည်။

ရာမာယဏကျမ်းကို ဝါလမိက အမည်ရှိသော ရသေ့ကြီးက စီရင်ခဲ့သည်။ ရသေ့ကြီးသည် ရာမမင်းလက်ထက် အသက်ထင်ရှား ရှိခဲ့သဖြင့် ကိုယ်တိုင်တွေ့မြင်ရသည်တို့ကို ရေးသားထားသည်ဟု ဆိုသည်။ အချို့က ဝါလမိကသည် အစဉ်အဆက် နှုတ်တိုက်သင်ယူလာခဲ့သော ဇာတ်တော်ကို ရေးသားခြင်းဖြစ်သည်ဟု ဆိုကြသည်။

ဂင်္ဂါမြစ်ကြီး၏ မြောက်ဘက်စူးစူးတွင် ကောသလတိုင်းကြီးသည် ကြီးကျယ်သော မင်းတို့၏ စံရာနိုင်ငံအဖြစ် တည်ရှိလေသည်။ ဆာရာယုမြစ်ကြောင့် ကောသလတိုင်းကြီးသည် အလွန်ပင် စည်ပင်ဝပြောခဲ့လေသည်။ ကောသလတိုင်း၏ မြို့တော်ကား အယုဒ္ဓယမြို့ဖြစ်၍ ထင်ရှားကျော်ကြားသော မနုဘုရင်က တည်ဆောက်ခဲ့လေသည်။

အယုဒ္ဓယနေပြည်တော်ကြီးမှ နေ၍ ဒသရဍ္ဍ ဘုရင်ကြီးသည် ကောသလတိုင်းကို အုပ်ချုပ်လေသည်။

ဒသရဍ္ဍတိုင်းပြည်တွင် ပညာရှိ အမတ်ကြီး ရှစ်ဦးရှိသည်။ ဝါသျှိတ၊ ဝါမဒေဝစသော သူတော်စင်ကြီးများလည်း ရှိပြီး တိုင်းပြည်ကိုလည်း တရားသဖြင့် အုပ်ချုပ်လျက်ရှိသည်။

ကောသလတိုင်း တစ်ခုလုံးတွင် အားလုံးသာယာဝပြောလျက် ရှိသော်လည်း ဒသရဍ္ဍတွင် ရင်လေးဖွယ်ရာ အကြောင်းတစ်ခု ရှိနေသည်။ သူ၏ ထီးမွေနန်းလျာအတွက် သားယောကျ်ား တစ်ယောက်မျှ မထွန်းကားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဒသရဍ္ဍသည် သားယောကျ်ား ရရှိစိမ့်သောငှာ ယစ်ပူဇော်ပွဲကို ကျင်းပရန် စီရင်သည်။

အလွန်ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီးကိုတည်ဆောက်ကာ အနီးနိုင်ငံမှ မင်းတို့ကို ဖိတ်ကြားသည်။ ဧည့်သည်များအား လိုလေသေးမရှိအောင် ဧည့်ခံကျွေးမွေးရန် ဆောင်ရွက်ထားသည်။

ထိုအချိန်တွင် နတ်ပြည်၌ ဒေဝါနတ်အပေါင်းတို့သည် ညီလာခံကျင်းပ၍ တိုင်ပင်စည်းဝေးကြကုန်သည်။ နတ်ဆိုးတို့၏ ဘုရင်ဖြစ်သော ရာဝဏ



www.burmeseclassic.com

www.burmeseclassic.com

အား ရည်ကိုးအရေးယူသင့်ကြောင်းကို ဆွေးနွေးကြခြင်း ဖြစ်သည်။ ရာဝဏသည် ဗြဟ္မာထံမှရရှိသော ဆုတစ်ခု၏အကျိုး အာနိသင်ကြောင့် နတ်ဒေဝါအပေါင်းတို့ကို ဒုက္ခပေးလျက်ရှိသည်။ နတ်အပေါင်းတို့ကား ရာဝဏကို နှိမ်နင်းခြင်းငှာ မစွမ်းနိုင်ကြချေ။ နတ်တို့၏ဘုရင် ဣန္ဒရာကိုပင် နန်းမှ ချရန် ကြိုးစားနေကြသော အကူအညီတောင်းရသည်။

ရာဝဏသည် ဒေဝါနတ်၊ အသူရာနတ်၊ ဂန္ဓဗ္ဗနှင့် အခြားသောသတ္တဝါများ ဖိစီးနှိပ်နှိမ်နင်း၍ မရသော ဆုကို ဗြဟ္မာထံမှ တောင်းယူရရှိခဲ့သော်လည်း လူသားတို့၏ အန္တရာယ်မှ ကာကွယ်ရန်ကိုမူ တောင်းခံခြင်း မပြုခဲ့ချေ။ ရာဝဏ၏ ဤအားနည်းချက်ကို ဗြဟ္မာက ဖော်ထုတ်ပြောဆိုလိုက်သောအခါ နတ်အပေါင်းတို့သည် ဗိဿနိုးအရှင်ကို ချဉ်းကပ်ကြပြန်လေသည်။ ဟာရိဒေါ ဗိဿနိုးအရှင်အား မိမိတို့၏ ပြဿနာကို တင်ပြပြီး နတ်တို့သည် ဗိဿနိုးအရှင်အား လူအဖြစ်ဝင်စားလျက် ရာဝဏကို နှိမ်နင်းပေးပါရန် လျှောက်တင်ကြသည်။ ဟာရိက ကောင်းပြီဟု ဝန်ခံ၍ သူသည် လူဖြစ်၍ ဝင်စားကာ ရာဝဏကို နှိမ်နင်းမည်ဟု ဒေဝါတို့ကို ကတိပေးလေသည်။

သားဆုတောင်းပွဲရှိပြီး မီးဖိုထဲသို့ ထောပတ်ကို လောင်းချလိုက်သောအခါ မီးလျှံကြားမှ နေကဲ့သို့ တောက်ပသော သတ္တဝါတစ်ခုသည် ရွှေခွက်တစ်ခုကိုကိုင်လျက် ပေါ်ထွက်လာသည်။ ထိုသတ္တဝါသည် ဒသရထ၏အမည်ကို ခေါ်လျက် "နတ်ဒေဝါအပေါင်းတို့သည် သင်မင်းကြီး၏ ဆုတောင်းခြင်းကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုပါသည်။ ဤနတ်သုဓာကို သင်၏မိဖုရားများ သုံးဆောင်ပါလျက် သားယောကျာ်းများ ဖွားမြင်ပါလိမ့်မည်" ဟု မှာကြားခဲ့ပါသည်။

ဒသရထမင်းကြီးသည် နို့ထမင်းကို မိမိ၏မိဖုရားကြီး ကောသလအား ထက်ဝက်ကို သောက်ရန်ပေးသည်။ ကျန်နေသည့်အထဲမှ တစ်စက်ကို ဒုတိယမြောက် မိဖုရားဖြစ်သူ သုမိတ္တရာအား သောက်စေပြီး၊ နောက်ကျန်နေသည့် နို့ထမင်း၏ ထက်ဝက်ကို ကဲကေယီမိဖုရားအား သောက်စေသည်။ နောက်ဆုံးကျန်နေသော နို့ထမင်းကို သုမိတ္တရာအား သောက်ရန်ပေးလေသည်။ ရက်လစေ့သောအခါ မိဖုရားကြီး ကောသလမှ ရာမမင်းသားကိုလည်းကောင်း၊ ကဲကေယီမှ ဘာရတကိုလည်းကောင်း၊ နို့ကို နှစ်ကြိမ်သောက်ရသော သုမိတ္တရာမှ လက္ခဏနှင့် စတုကာတို့ကိုလည်းကောင်း ဖွားမြင်ခဲ့ကြသည်။

မင်းသားလေးပါး ကြီးပြင်းလာသောအခါ မင်းသားတို့တတ်အပ်သော အတတ်ပညာကို သင်ယူတတ်မြောက်ကြသည်။

တစ်နေ့တွင် တောထဲ၌ တရားကျင့်နေသော "ဝိသွာမိတြ" အမည်ရှိ ရသေ့ကြီးတစ်ပါးသည် အယုဒ္ဓယမြို့တော်သို့ရောက်ရှိလာသည်။ ထိုရသေ့သည် တောထဲ၌ တရားမကျင့်မီက ဘုရင်တစ်ပါး ဖြစ်ခဲ့ဖူးသည်။ ဒသရထသည် ဝိသွာမိတြအား ရိုသေစွာဖြင့် ခရီးဦးကြိုပြုသည်။

ရသေ့ကြီးက မိမိသည် တောထဲ ၌ ယဇ်ပူဇော်ပွဲ ပြုလုပ်ရာတွင် အစစအရာရာ ကောင်းမွန်သဖြင့် အောင်မြင်မည့် အလားအလာ ရှိသော်လည်း မာရီစနှင့် သုဘာဟု အမည်ရှိသော ယက္ခနှစ်ဦးက လာရောက်နှောင့်ယှက်မှုပြုသဖြင့် မအောင်မြင်ဘဲ ပျက်စီးသွားရသည်မှာ အကြိမ်ပေါင်းများစွာ ရှိပြီဖြစ်၍ ဒသရထ၏ သား "ရာမ" မင်းသားအား ယင်းယက္ခများကို နှိမ်နင်းရန်အတွက် ရသေ့ကြီးနှင့်အတူ ထည့်လိုက်ရန် တောင်းခံသည်။ ရသေ့ကြီးကိုယ်တိုင် ယက္ခများကို နှိမ်နင်းနိုင်သော်လည်း ကျင့်ထားရသော တရားများ ပျက်စီးသွားနိုင်သဖြင့် ရာမအား နှိမ်နင်းခိုင်းခြင်း ဖြစ်သည်။

ဒသရထမင်းကြီးသည် မိမိ၏ သားတော် ရာမမင်းသားနှင့် မခွဲခွာလို၍လည်းကောင်း၊ အသက် ၁၆ နှစ်ပင် မပြည့်သေးသော ရာမမင်းသားသည် ယက္ခများနှင့် တိုက်ခိုက်ရမည်ကို စိုးရိမ်၍လည်းကောင်း မထည့်လိုသဖြင့် အကြိမ်ကြိမ် ငြင်းပယ်သည်။ သို့သော် ရသေ့ကြီး ဒေါသထွက်၍ ကျိန်ဆဲလျှင် ဒုက္ခတွေ့နိုင်သည်ကိုလည်း စဉ်းစားရပြန်သည်။ နန်းတော်ရှိ ပညာရှိများက တိုက်တွန်းသဖြင့် ရာမနှင့်အတူ ညီတော် လက္ခဏကိုပါ လိုက်ပါရန် ခွင့်ပြုလိုက်သည်။

ဝိသွာမိတြရသေ့ကြီးသည် ရာမနှင့်လက္ခဏ မင်းသားညီနောင်ကို မိမိ၏ဘေး၌ တစ်ဖက်တစ်ယောက်ယှဉ်ကာ အယုဒ္ဓယမြို့တော်မှ ထွက်ခွာသွားသဖြင့် ယက္ခအားလုံး အမျိုး



www.burmeseclassic.com

www.burmeseclassic.com

ပြုတ်ကုန်တော့မည့် အခြေအနေကို ကြိုတင်၍ သိမြင်ထားသော နတ်တို့သည် ပန်းမိုးရွာချကာ ကောင်းချီးပေးကြသည်။

ရသေ့ကြီးနေထိုင်ရာ တောသို့ရောက်ရှိသွားကြသောအခါ ထိုတောရှိ ရသေ့အပေါင်းတို့က ကြိုဆိုကြသည်။ ထိုညတွင်းပင် ရသေ့ကြီးသည် ပူဇော်ပွဲအတွက် ပြင်ဆင်သည်။ နေက်မိုးလင်းသောအခါ ရာမသည် ရသေ့ကြီးထံသို့သွား၍ ယက္ခများညီသည့်အချိန်တွင် လာနိုင်မည်ကို မေးသော်လည်း ရသေ့ကြီးမှာ အဓိဋ္ဌာန်ဝင်နေ၍ အဒဖြမရပေ။ အခြားရသေ့များကား ခြောက်ရက်ကိုင်တိုင်အကွယ်စောင့်ရှောက်ပေးရန် လိုလိမ့်မည်ဟု ပြောဆိုကြသည်။ မင်းသားညီနောင်တို့သည် ခြောက်ရက်တိုင်တိုင် စောင့်ရှောက်ပေးသည်။

ခြောက်ရက်မြောက်သော နံနက်တွင် ရာမက ညီတော်လက္ခဏကို ယက္ခလာတော့မည်ဖြစ်၍ သတိထားရန် ပြောကြားသည်။ ထိုသို့ ပြောနေစဉ်မှာပင် ယဇ်မီးဖိုမှ မီးလျှံများ ရုတ်တရက် ထိုးတက်သွားသည်။ မီးနတ်ဖြစ်သော အဂ္ဂိနိသည် ယက္ခများလာနေပြီကို သိရှိသည့် သဘောပင်ဖြစ်သည်။ တစ်ချိန်တည်းတွင် ကောင်းကင်မှ ဝုန်းဝုန်းဒိုင်းဒိုင်း အသံများကို ကြားကြရသည်။ ရာမမင်းသားက အထက်သို့မော့ကြည့်လိုက်သောအခါ မာရီစနှင့် သုဘာဟုတို့သည် ယင်း၏နောက်လိုက် နောက်ပါများနှင့်အတူ ကောင်းကင်ပေါ်သို့ မသန့်ရှင်းသောအရာများ လောင်းချရန် ပြင်ဆင်နေသည်ကို တွေ့မြင်လေတော့သည်။

ရာမမင်းသားသည် ညီတော် လက္ခဏအား မာရီစကို မြားဖြင့်ပစ်စေရာ သေစေရန် မရည်ရွယ်သည့်အတိုင်း ယူဇနာများစွာ ကွာဝေးသောဒေသတိုင်အောင် လွင့်ပါသွားခဲ့လေသည်။ ရာမမင်းသားကိုယ်တိုင် သုဘာဟုကို သတ်ပြီးလျှင် မင်းသားညီနောင်နှစ်ပါးတို့သည် ယက္ခတစ်တော်တစ်ခုလုံးကို သုတ်သင်ချေမှုန်းပစ်လိုက်သည်။ မိုးတိမ်မိုးရိပ် ဖုံးအုပ်ထားသကဲ့သို့ မှောင်မည်းနေသော ကောင်းကင်ပြင်ကြီးသည် တစ်ဖန်ကြည်လင်၍လာသည်။

နောက်တစ်နေ့တွင် မင်းသားညီနောင်တို့သည် နောက်ထပ်မည်သို့ဆက်လက်လုပ်ကိုင်ရန် လိုသေးသည်ကို ရသေ့ကြီးထံသို့ မေးမြန်းကြသည်။ ရသေ့ကြီးကား ကျေးဇူးတင်စကားပြောဆိုပြီးနောက် ရာမမင်းသားကို သီတာမင်းသမီးနှင့် ထိမ်းမြားဆောင်နှင်းပေးရန် စိတ်ကူးရလေသည်။

ရသေ့အပေါင်းတို့သည်လည်း မိမိတို့သည် ဝိဒေဟတိုင်း၊ မိထ္ထီလာပြည်သို့ ဇနက္ကမင်းကြီး ကျင်းပရန် ရည်ရွယ်ထားသည့် ယဇ်ပူဇော်ပွဲကြီးသို့ သွားရောက်ကြရန် အစီအစဉ်ရှိပုံကို ပြောပြကြသည်။ မင်းသားညီနောင်တို့ကိုလည်း အတူလိုက်ပါရန် ဖိတ်ခေါ်သည်။ ဇနက္ကနန်းတော်ရှိ အံ့သြဖွယ်ကောင်းသော လေးကြီးကို အယုဒ္ဓယမင်းသားက ကြည့်ရှုသင့်သည်ဟုလည်း အကြံပေးကြသည်။ ထို့ကြောင့်ပင် ရာမနှင့် လက္ခဏမင်းသားတို့သည် ဝိသွာမိတြ ရသေ့ကြီးနှင့်အတူ မိထ္ထီလာပြည်သို့ သွားရောက်ကြသည်။

မိထ္ထီလာပြည်ကြီး၏ ဘုရင်ဇနက္ကမင်းကြီးသည်ကား တိုင်းသူပြည်သားကို ရင်ဝယ်သားကဲ့သို့ တရားသဖြင့် အုပ်ချုပ်သော မင်းဖြစ်သည်။ ဒဿရထဘုရင်ကြီး၏ ရင်းနှီးသော မိတ်ဆွေတစ်ဦးလည်း ဖြစ်သည်။ ဇနက္ကမင်းကြီးသည် ယဇ်ပူဇော်ပွဲတစ်ခုကို ကျင်းပရန် စီစဉ်ထားသဖြင့် အတိုင်းတိုင်းမှ ဘုရင်များကို ဖိတ်ခေါ်ထားသည်။

ဇနက္ကမင်းကြီးသည် ရသေ့ရဟန်းကဲ့သို့ပင် သူတော်ကောင်းကျင့်စဉ်များနှင့် ဝေဒကျမ်းများကို တတ်ကျွမ်းသည်။ လူသားအဖြစ်ကို ခံယူကာ ကမ္ဘာလောကကြီးသို့ သက်ဆင်းလာသည့် ဝိဿနိုးအရှင်၏ မိဖုရားအဖြစ် ခံယူမည့် သီတာမင်းသမီး၏ ခမည်းတော် ဇနက္ကမှာ သမီးကောင်းအခင်တို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသည်။

တစ်ခါတွင် ဇနက္ကမင်းကြီးသည် ယဇ်ပူဇော်ပွဲကျင်းပလိုသဖြင့် ပွဲကျင်းပသည့်နေရာကို ကိုယ်တိုင်ခုတ်ထွင် ရှင်းလင်းတော်မူသည်။ ထိုသို့ ခုတ်ထွင်ရှင်းလင်းရာမှ နတ်သမီးတမျှ လှပသော မိန်းကလေးငယ်တစ်ဦးကို ချီတော်မှ တွေ့ရှိရလေသည်။ သမီးတစ်ယောက်မျှ မထွန်းကားသော ဇနက္ကမင်းကြီးသည် ထိုကလေးကို မိမိအား ဘုရားနတ်သမီးက ပေးအပ်သော လက်ဆောင်ဟု ယူဆကာ ကောင်းစွာကျွေးမွေး ပြုစုထားသည်။ ဇနက္ကမင်းကြီးနှင့် မိဖုရားတို့သည် ထိုမိန်းကလေးကို စောင့်ရှောက်ယုယ မွေးစားလာခဲ့ရာ အရွယ်ရောက်သောအခါ လက်ချီးမယ်တော်တမျှ လှသော



www.burmeseclassic.com

www.burmeseclassic.com

သော မင်းသမီးအဖြစ် ကျော်စောခဲ့သည်။ ဤမင်းသမီးကား သီတာပင်တည်း။

သီတာမင်းသမီး အရွယ်ရောက်သောအခါ ဇနက္ကမင်းကြီးမှာ စိတ်ဆင်းရဲကြံ့ရပြန်သည်။ သီတာကို မိဖုရားမြှောက်လိုသော အပြည်ပြည်မှ ဘုရင်တို့က သီတာမင်းသမီးကို တောင်းဆိုလာကြသောကြောင့် ဖြစ်၏။ သို့သော် ဇနက္ကမင်းကြီးကား မည်သူ့ကိုမျှ သဘောမကျခဲ့ချေ။ ဇနက္ကမင်းကြီးသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ —

လွန်ခဲ့သော ကာလတစ်ချိန်တွင် ဇနက္ကမင်းကြီးသည် ယဇ်ပူဇော်ခြင်းကိုပြုလုပ်ခဲ့ရာ ဝရုဏမင်းသည် အလွန်သဘောကျသဖြင့် ဇနက္ကအား ရှုဒြ၏လေးကို ပေးအပ်ခဲ့သည်။ ထိုလေးသည်ကား သာမန်လူသားတို့ ဆွဲကိုင်မချီ၍ မရနိုင်သော နတ်လေးကြီးဖြစ်သည်။ ဇနက္ကဘုရင်ကြီးသည် ဤလေးတော်ကို နန်းစဉ်အမွေပစ္စည်းအဖြစ် တရိုတသေ သိမ်းဆည်းထားခဲ့သည်။

သီတာ၏ပြဿနာကို ဖြေရှင်းလိုသော ဇနက္ကသည် ဝရုဏနတ်မင်းပေးထားသော သိဝရှင်၏ လေးကြီးကို မချီ၍ လေးကြိုးကို ဆွဲနိုင်သောမင်းသားနှင့် သီတာ့မင်းသမီးကို ပေးစားမည်ဖြစ်ကြောင်း ကြေညာသည်။ သီတာ မင်းသမီးကို ရလိုကြသည့် အနိုင်နိုင်ငံမှ မင်းသားတို့သည် မိတ္ထီလာပြည်ကြီးသို့ လာရောက်၍ လေးတင်ကြသော်လည်း မည်သူမျှ မချီခြင်းငှာ မစွမ်းနိုင်သဖြင့် စိတ်ပျက်စွာ အလျှိုလျှို ပြန်သွားကြရသည်။

ဤအချိန်တွင် ဝိသ္သာမိတြ ခေါင်းဆောင်သည့် ရသေ့အပေါင်းနှင့် ရာမ၊ လက္ခဏညီနောင် အပေါင်းတို့သည်လည်း လှည်းဖြင့် မိတ္ထီလာပြည်သို့ ရောက်ရှိလာကြသည်။ ဇနက္ကမင်းကြီးသည် ရသေ့ကြီး ဝိသ္သာမိတြနှင့် အဖွဲ့ကို ကောင်းစွာကြိုဆိုသည်။

နတ်သားတမျှ လှပနုပျိုသော ရုပ်ချင်းဆင်တူနေသည့် မင်းသားနှစ်ပါးကို တွေ့မြင်ရသောအခါ ဇနက္ကမင်းကြီးက မည်သူများဖြစ်ကြောင်းကို စုံစမ်းမေးမြန်းသည်။ ဝိသ္သာမိတြရသေ့ကြီးက မင်းသားနှစ်ပါးသည် အယုဒ္ဓယနိုင်ငံ ဘုရင်ကြီး ဒသရဋ္ဌ၏ သားများဖြစ်ကြောင်းနှင့် ရက္ခများကို နှိမ်နင်းအောင်မြင်ခဲ့ပုံများကို ပြောပြသည်။ ဇနက္က၏ နန်းတော်တွင်ရှိသော ရှုဒြ၏လေးကြီးကို တင်နိုင်ခြင်း ရှိမရှိ စမ်းသပ်ယှဉ်ပြိုင်ရန် မိတ္ထီလာပြည်သို့လာရောက်ခြင်းဖြစ်ကြောင်းကိုလည်း ပြောပြသည်။

ဇနက္ကမင်းကြီးလည်း အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ လေးကြီးကို တင်နိုင်လျှင် သီတာမင်းသမီးနှင့် ထိမ်းမြားပေးမည်ဟု ကတိပေးကာ လေးကြီးကို ယူဆောင်လာစေသည်။ သိဝ၏ လေးကြီးကို သံသေတ္တာ၌ထည့်၍ ထိန်းသိမ်းထားသဖြင့် ဘီးရှစ်လုံးတပ်ရထားဖြင့် တင်ဆောင်ယူခဲ့သည်။

ရသေ့ကြီးနှင့် ဇနက္ကဘုရင်ကြီး ထံခွင့်ပန်ပြီးနောက် ရာမမင်းသားသည် လူအများစောင့်ကြည့်နေကြသည့် အကြားတွင် သံသေတ္တာကြီးဆီသို့ သွားရောက်ကာ သေတ္တာအဖုံးကို ဖွင့်လှစ်လိုက်သည်။ ထို့နောက် လေးကြီးကို ပန်းကုံးတစ်ကုံးကို ဆွဲယူလိုက်သည့်အလား အလွယ်တကူပင် မယူလိုက်ပြီး လေး၏ အစွန်းတစ်ဖက်ကို ခြေမဦးတွင် ထောက်လျက်လေးကြိုးကို ဆွဲငင်၍ လွှတ်လိုက်သောအခါ မိုးခြိမ်းသံကဲ့သို့ အသံများတုန်ဟည်း ထွက်ပေါ်လာသည်။ ထိုအခါတွင် ကောင်းကင်မှ နတ်တို့က ပန်းမိုးရွာချလိုက်လေသည်။

ဇနက္ကမင်းကြီးသည် ရာမမင်းသား၏ ခမည်းတော် ဒသရဋ္ဌအား အခေါ်လွှတ်ပြီး ဖိတ်၍ မိမိ၏သမီးတော် သီတာဒေဝီနှင့် ရာမမင်းသားအား ထိမ်းမြားခွင့်ကို တောင်းခံသည်။ ဒသရဋ္ဌလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံ၍ မိတ္ထီလာပြည်သို့ လိုက်လာကာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ဒသရဋ္ဌမင်းကြီးသည် သားတော်နှစ်ပါးနှင့် သီတာဒေဝီတို့ကို ခေါင်းဆောင်၍ အယုဒ္ဓယပြည်သို့ အခြွေအရံများစွာဖြင့် ပြန်လာသည်။ လမ်းခရီး၌ လေပြင်းမုန်တိုင်းကြီး [illegible] သဖြင့် သစ်ပင်များပြိုလဲကာ နေ[illegible] မမြင်ရဘဲ မှောင်မည်းသွားသည်။ ဒသရဋ္ဌမင်းကြီး၏ ပညာရှိကြီးများက အတိတ်နိမိတ်ကို သိမြင်ထား[illegible] ဖြစ်သည်။ ခတ္တိယမျိုးတို့၏ ရန်သူ[illegible] သော ပရသုရာမသည် ရှေ့[illegible] မားမားထီးထီးရပ်လျက် ရှိနေသည်။ ပရသုရာမ၏ ပခုံးတစ်ဖက်တွင် လေး[illegible] ကြီးချိတ်ထားပြီး အခြားတစ်ဖက်တွင် တိုက်ပွဲသုံးရဲတင်းကို လွယ်[illegible] လျက် လက်ထဲတွင် လျှပ်စီးလက်[illegible] သကဲ့သို့ ပြိုးပြိုးပြက်ပြက် အရောင်[illegible] ထွက်သော မြားတစ်စင်းကိုကိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပရသုရာမ သွားလေရာတိုင်းတွင် ရှေ့မှ လေမုန်တိုင်းကြီး ပါသွားတတ်သဖြင့် ခတ္တိယမျိုးတို့မှာ အလွန်ကြောက်ရွံ့ကြသည်။

ပရသုရာမ၏ ခမည်းတော်ကို ဘုရင်တစ်ပါးက သတ်ဖြတ်ခဲ့သဖြင့် ပရသုရာမသည် ခတ္တိယမျိုးဟူသမျှကို တွေ့ရာတွင် လိုက်လံသတ်ဖြတ်နေခြင်း ဖြစ်သည်။ ပရသုရာမသည် ရာမထံသို့ ဦးတည်၍ လိုက်လာခြင်းဖြစ်သည်။ ပရသုရာမက မိမိသည် မိဿီလာလေးတင်ပွဲကို သိပြီးဖြစ်ကြောင်း၊ ရှုဒ(သိဝ)၏ လေးကို ရာမက ချိုးပစ်နိုင်ခဲ့သည်ဟု သိရခြင်းကြောင့် ရှုဒ၏လေးနှင့်အတူ ဗိဿနိုးလေးကိုလည်း ပြုလုပ်ခဲ့ကြောင်း၊ ထိုဗိဿနိုးလေးကို ယခု သူယူလာခဲ့ရကြောင်း၊ ရာမက ဤလေးကို တင်နိုင်လျှင် ရာမသည် မိမိနှင့် တိုက်ခိုက်နိုင်သူဟု ယူဆမည်ဖြစ်ကြောင်း၊ သို့ကြောင့် ဗိဿနိုး၏လေးကို ကိုင်ကြည့်ရန် ပရသုရာမက ရာမမင်းသားကို ပေးအပ်လေသည်။

ဒသရဋ္ဌ ဘုရင်ကြီးသည် မိမိ၏သား ရာမမှာ ငယ်ရွယ်သေးသူဖြစ်၍ တိုက်ခိုက်မှုမပြုရန် ပရသုရာမကို တောင်းပန်သည်။ ရာမမင်းသားကမူ ပရသုရာမထံမှ လေးနှင့်မြားကို ဆွဲယူကာ လေးကြိုးကို ဆွဲတင်လိုက်သည်။ ထို့နောက် တစ်စုံတစ်ခုကို ပစ်ပြီးမှသာ ဖြုတ်၍ရကြောင်း၊ သင့်တွင်ရှိသော မည်သည့်ဘုန်းတန်ခိုးကို ဖျက်ဆီးပစ်ရမည်နည်းဟု မေးလေသည်။ ထိုခဏ၌ပင် ဘုန်းတန်ခိုးတေဇာ ရုပ်လက္ခဏာတို့ဆောင်သော ပရသုရာမ၏ မျက်နှာမှာ ညှိုးကျကာ ပြောင်းလဲသွားလေသည်။ နှိမ်နင်း၍ မရနိုင်သော စစ်ဘုရင်ကြီး၏ ရုပ်လက္ခဏာမျိုး မရှိတော့ဘဲ မိမိကိုယ်ကို နှိမ့်ချတတ်သော ရသေ့ရဟန်းတို့ကဲ့သို့ ပြောင်းလဲလာသည်။ ပရသုရာမ၏ အဝတာရ လူဝင်စား ဘုရားအဖြစ်ကား ဤတွင် ကံကုန်သွားလေတော့သည်။

ရာမမင်းသားသည် ပရသုရာမအား ချိုးနှိမ်ပြီးနောက် ထွက်သွားခွင့်ပြုလိုက်သည်။ ဒသရဋ္ဌမင်းကြီးနှင့်အဖွဲ့တို့သည် အယုဒ္ဓယမြို့တော်သို့ ပြန်လာခဲ့ကြရာ တိုင်းသူပြည်သားများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ရာမနှင့် သီတာဒေဝီတို့သည် ချစ်ခင်ပျော်ရွှင်စွာ တစ်ဆယ့်နှစ်နှစ်တိတိ အယုဒ္ဓမြို့တော်တွင် နေထိုင်ကြသည်။ ဒသရဋ္ဌမင်းကြီးသည် သားတော်လေးပါးအနက် ရာမမင်းသားကို အထူးချစ်ခင်သည်။ ရာမမင်းသားတွင် မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်နိုင်သော အရည်အချင်းများရှိသည့်အပြင် ဓမ္မကို လက်ကိုင်ထားသော မင်းသားဖြစ်သည်။ တစ်နေ့သောအခါ ဘုရင်ကြီးသည် မှူးကြီးမတ်ရာ ပညာရှိကြီးများကို ညီလာခံတစ်ခု ခေါ်ယူကျင်းပလျက် ရာမမင်းသားကို ယုဝရာဇာအဖြစ် အပ်နှင်းကာ မိမိ၏အရိုက်အရာကို ဆက်ခံစေလိုသည့် ဆန္ဒရှိကြောင်း မိန့်ကြားလေသည်။ ပညာရှိများအားလုံး ထောက်ခံကာ ရာမမင်းသား၏ ဂုဏ်ကိုချီးကျူးပြောဆိုကြသည်။ ရာမမင်းသားကမူ မင်းပြုရန် စိတ်ဆန္ဒပြင်းပြခြင်း မရှိသော်လည်း ဖခမည်းတော်၏ အလိုဆန္ဒအတိုင်း လိုက်နာရန် အဆင်သင့်ဖြစ်လာသည်။

ကဲကေယီမိဖုရားတွင် မန်သာရ အမည်ရှိသော ခွေမျိုးနီးစပ် အစေခံတစ်ယောက်ရှိသည်။ ရာမမင်းသား ဘိသိက်ခံပွဲ ကျင်းပမည့်နေ့အထိ ရာမမင်းသားကို ယုဝရာဇာအဖြစ် ခန့်အပ်မည်ကို မန်သာရ မသိခဲ့ချေ။ ဘိသိက်ခံပွဲ ကျင်းပရန် အစီအစဉ်များကို တွေ့မြင်မှသိသဖြင့် ကဲကေယီမိဖုရားထံသို့ ပြေးသွားကာ ကဲကေယီမှ ဖွားမြင်သော သားတော်ဘာရတ ထီးနန်းရရှိရေးအတွက် ကုန်းချောလေတော့သည်။ ရာမမင်းသားသည် မိဖုရားခေါင်ကြီးမှဖွားမြင်သော သားအကြီးဖြစ်ခြင်း၊ ရာမ၏ ဓမ္မတရား လက်ကိုင်ထားပုံကို သိခြင်းတို့ကြောင့် ကဲကေယီမှာ ရာမ၏ထီးနန်း ဆက်ခံခြင်းကို မလိုလား မဖြစ်သော်လည်း မန်သာရ၏ ထပ်ခါတလဲလဲ ကုန်းချောမှုကြောင့် နောက်ဆုံးတွင် ဘာရတထီးနန်းကို ဆက်ခံခွင့်ရရေး ဆောင်ရွက်ရန် သဘောတူသည်။

ဒသရဋ္ဌမင်းကြီးသည် ရှေးယခင်က ဣန္ဒရာနှင့် သမ္ဗာရတို့ စစ်ခင်းသောအခါ ဣန္ဒရာဘက်မှ ဝင်ရောက်ကူညီသဖြင့် စစ်ပွဲတွင် ဒဏ်ရာရပြီး သတိမေ့သွားသည်။ ထိုအချိန်တွင် ကဲကေယီမိဖုရားသည် ဒသရဋ္ဌကို စစ်ရထားဖြင့် သယ်ဆောင်သွားကာ မြားကိုနုတ်ယူပြီး ကုသပေးခဲ့သည်။ ထိုကျေးဇူးကို ဆပ်သောအနေဖြင့် မင်းကြီးသည် ကဲကေယီအား ဆုနှစ်ခုကို တောင်းခွင့်ပြုထားသည်။ ကဲကေယီက နောင်လိုအပ်သောအခါမှ တောင်းမည်ဟု ပြောဆိုခဲ့သည်။ ယခုအခါ ယင်းဆု



www.burmeseclassic.com

www.burmeseclassic.com

များကို တောင်းဆိုရန် အခွင့်ကြုံလေတော့သည်။

ပထမဆုကား ဘာရတမင်းသားကို အိမ်ရှေ့အရာဖြင့် ထီးနန်းဆက်ခံခွင့် ပေးရမည်ဖြစ်ပြီး၊ ဒုတိယဆုမှာ ရာမမင်းသားကို တောသို့တစ်ဆယ့်လေးနှစ် နှင်ပစ်ရမည်ဆိုသောဆုပင်ဖြစ်သည်။ ဒသရဋ္ဌသည် ဤဆုများကို မည်သည့်နည်းနှင့်မျှ မပေးနိုင်ကြောင်း ရှင်းပြသော်လည်း ပေးထားသောကတိအတွက် မလွဲမရှောင်သာဘဲ ထိုဆုများကိုပေးရန် ခွင့်ပြုရလေသည်။ မင်းကြီးမှာ စိတ်ဆင်းရဲဒုက္ခနှင့် သော်ကမအေးနိုင်အောင်ဖြစ်ကာ မထနိုင်အောင်ဖြစ်နေလေသည်။

ဒသရဋ္ဌမင်းကြီးသည် မအိပ်နိုင်၊ မစားနိုင်ဖြစ်ကာ အိပ်ရာတွင် လူးလွန့်နေလေသည်။ သားတော်ရာမမင်းသား ရောက်ရှိခစားသောအခါ နှုတ်မှ ပြောမထွက်နိုင်အောင် ဖြစ်နေသဖြင့် ပြောပြရသည်။ ဓမ္မတရားကို အလေးဂရုပြုတတ်သော ရာမမင်းသားသည် ဖခမည်းတော်၏ ကတိကို တည်စေရန်အတွက် နေပြည်တော်မှ ထွက်ခွာရန် ဆုံးဖြတ်လေသည်။

ရာမမင်းသားနှင့်အတူ ညီတော်လက္ခဏနှင့် သီတာဒေဝီတို့ပါ လိုက်ပါသွားကြရန် ဆုံးဖြတ်ကြသည်။ ရာမမင်းသားက တောအရပ်ဒေသသည် အလွန်ကြမ်းတမ်းသော နေရာဖြစ်၍ မိန်းမတို့နှင့် မထိုက်တန်သည့် နေရာဖြစ်ကြောင်း ရှင်းပြကာ သီတာဒေဝီအား မလိုက်ရန်တားသည်။ သီတာဒေဝီကလည်း မိမိသည် တောသဘာဝကို မွေ့လျော်ကြောင်း၊ မိတ္တီလာပြည်တွင်နေစဉ်က သီတာဒေဝီသည် တောထဲ၌နေရမည့်ကိန်း ရှိသည်ဟု ပရောဟိတ်များက ဟောဖူးကြောင်း ပြောဆိုကာ လိုက်ခွင့်ပြုရန် တောင်းဆိုသည်။ ထို့ကြောင့် အတူလိုက်ပါခွင့် ပြုရလေသည်။

ရာမ၊ လက္ခဏနှင့် သီတာတို့ အယုဒ္ဓမြို့တော်မှ ထွက်ခွာလာကြသောအခါ မြို့သူ၊ မြို့သားများက ကဲကေယီမိဖုရားအား ပြစ်တင်ပြောဆိုလျက် ရာမအား တောသို့မသွားရန် မောင်းပန်လျှောက်ထားကြသည်။ ရာမက မိမိ၏ ဖခမည်းတော် ကတိခံသားသည်ကို အကောင်အထည်ဖော်ရန် သွားရခြင်းဖြစ်ကြောင်း ရှင်းပြသောအခါ ငိုကြွေးမြည်တမ်းနေကြသော လူအုပ်ကြီးသည် ရာမမင်းသားတို့၏ ရထားနောက်သို့ လိုက်ပါလာခဲ့ကြသည်။ တမသမြစ်ဆိပ်သို့ရောက်သောအခါ ထိုနေရာ၌ပင် ညအိပ်ကြသည်။

လက္ခဏသည် ရာမနှင့်သီတာ အိပ်စက်ရန်အတွက် မြက်တို့ကို ခင်းပေးပြီးနောက် မိမိမှုကား ရထားထိန်းသုမန္တြရနှင့် စကားပြောကာ အချိန်ကုန်စေခဲ့သည်။

အရုဏ်မတက်မီ ရာမမင်းသားသည် ထ၍ ရထားထိန်းကို ရထားပြင်ဆင်ခိုင်းသည်။ နောက်မှ လိုက်လာသော ပြည်သူများမောရှ၍ အိပ်ပျော်နေစဉ် ယင်းတို့မသိအောင် ထွက်ခွာသွားကြရန် ဖြစ်သည်။ မြစ်တောင်ဘက်ကမ်းသို့ ရောက်ရှိသွားသောအခါ ရထားထိန်းအား ရထားဖြင့် တစ်ဖက်ကမ်းသို့ ပြန်၍သွားရောက်စေကာ အယုဒ္ဓယမြို့တော်ဘက်သို့ အတန်ငယ်သွားရောက်စေပြီးမှ ပြန်လာခဲ့ရန် မှာကြားလိုက်လေသည်။ ထို့နောက် ပြည်သူများ အိပ်ရာမှ အိပ်ရာမှမနိုးမီ ခရီးဆက်ရန် ဖြစ်သည်။ ထိုသို့ ပြုလုပ်သည်မှာ ပြည်သူများနိုးလာ၍ နေပြည်တော်သို့ ပြန်သွားသော ရထားဘီးရာများကို တွေ့လျှင် မင်းသားတို့ ပြန်သွားကြပြီဟု အထင်ဖြင့် ပြည်သူများ ပြန်သွားကြစေရန် စီစဉ်ခြင်းဖြစ်သည်။

ခရီးထွက်လာ၍ ဂင်္ဂါမြစ်သို့ ရောက်သောအခါ ရထားထိန်းကို ပြန်လွှတ်ပြီး သုံးဦးသား ခရီးဆက်ကြသည်။ စိတြကုဋ္ဋတောင်ခြေအနီးရှိ မာလယာဝတီမြစ်ဆိပ်နားတွင် စခန်းချ၍ ပျော်ရွှင်စွာနေထိုင်ကြသည်။

ရာမမင်းသား၏ ရထားထိန်း အယုဒ္ဓမြို့တော်သို့ ပြန်လည်ရောက်ရှိသွားခဲ့ပြီး မကာမီ ဒသရဋ္ဌဘုရင်ကြီးလည်း သားကြောင့် ပူဆွေးတမ်းတသော ရောဂါကြောင့် နတ်ရွာစံ၊ ကံတော်ကုန်လေသည်။ မှူးမတ်ပရိသတ်တို့လည်း ဦးရီးတော် ကဲကေယီတိုင်းပြည်သို့ ရောက်ရှိနေသော ဘာရတမင်းသားထံ အခေါ်လွှတ်လိုက်ကြသည်။ ဘာရတမင်းသား ရောက်လာ၍ အခြေအနေမှန်ကို သိရှိသွားသောအခါ မယ်တော်ကဲကေယီကို ပြစ်တင်ပြောဆို၍ နောင်တော်ရာမ မင်းသားအား တောမှ သွားရောက်ခေါ်ယူကာ ထီးနန်းကို ပြန်လည်အပ်နှံရန် စီစဉ်သည်။

ဘာရတမင်းသားသည် မိဖုရားကြီးသုံးပါးနှင့်အတူ အခြွေအရံများဖြင့် ရာမ၊ လက္ခဏနှင့် သီတာဒေဝီတို့နေရာ တောသို့ လိုက်လာကြပြီး ရာမမင်းသားအား နေပြည်တော်သို့



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ ထီးနန်းကို ဆက်ခံရန် ဘာရ တ တောင်းပန်လျှောက်ထားလေ သည်။ ရာမမင်းသားက ဖခမည်း တော်၏ စကားကို လိုက်နာရမည်ဖြစ် ၍ မလိုက်နိုင်ကြောင်း ငြင်းပယ် သည်။ ဘာရတမင်းသားက လည်း လွန်မိသော အပြစ်မှလွတ် ငြိမ်း ရန်အတွက် နောင်တော်ရာမ ကိုယ် တိုင် တိုင်းပြည်ကို အုပ်ချုပ်စီမံရန် ကြိမ်ကြိမ် တိုက်တွန်းလျှောက်တင် သည်။ နောက်ဆုံး၌ ရာမမင်းသား တောထဲ၌ နေထိုင်မည့် ၁၄ နှစ်တာ ကာလအတွင်း ညီတော် ဘာရတမင်း သားသည် နောင်တော်ရာမ၏ ကိုယ် စား တိုင်းပြည်ကို အုပ်ချုပ်ရန် နှစ်ဦး နှစ်ဖက် သဘောတူညီမှု ရရှိကြ သည်။ ယင်းကာလအတွင်း ရာမမင်း သား၏ ခြေနင်းတော်ကို ရာမ၏ ထီးမ်းအမှတ်ဖြင့် ဦးထိပ်ပန်ဆင် ၍ အုပ်စိုးပြီး နောင်တော်ပြန်လာ သည့်အချိန်တွင် ထီးနန်းကို ပြန်လည် အပ်နှင်းရန် ဘာရတက သဘောတူ သည်။

စိတြကုဋ္ဌတောင်နှင့် မနီးမဝေး ၌ ယက္ခတို့၏ စခန်းတစ်ခုရှိရာ စခန်းကို ယက္ခတို့၏ဘုရင် ရာဝ ဏ၏ညီတစ်ဦးဖြစ်သူ စစ်သူကြီး ခါ က အုပ်ချုပ်လျက်ရှိသည်။ ထိုစခန်း ရှိ ယက္ခအပေါင်းတို့သည် အနီးပတ် ဝန်းကျင်ရှိလူများ တရားအားထုတ်ရာ နေရာသို့ လာရောက်၍ ဖမ်းယူ သတ်ဖြတ်ပစ်ခဲ့သည်။ ရသေ့အချို့ အခြားသို့ ထွက်ပြေးသွားကြရ

ရာမ၊ လက္ခဏနှင့် သီတာတို့ သည်လည်း နေရာကောင်းကို ရှာဖွေ ရင်း လှည့်လည်သွားလာကြရာ တော နက်ထဲသို့ ရောက်ရှိလာသည်။ ဤဒဏ္ဍ က တောထဲ၌ ကျက်စားသော ဝိရဒ အမည်ရှိ ယက္ခတစ်ဦးကို ရာမမင်း သားက သုတ်သင်လိုက်သဖြင့် ထို တောတွင် တရားအားထုတ်ကြသော ရသေ့တို့မှာ ရာမမင်းသားကိုများစွာ ကျေးဇူးတင်ကြသည်။ မင်းသား၊ မင်း သမီးနှင့် လက္ခဏတို့သည် ဤနေရာ ၌ အခြေချ၍ နေထိုင်ခဲ့ကြသည်မှာ ဆယ်နှစ်ကျော်လာခဲ့သည်။

ထိုမှတစ်ဆင့် မင်းသား၊ မင်း သမီးတို့သည် ပဥ္စဝတီသို့ ထွက်ခွာ ခဲ့ကြသည်။ လမ်း၌ သစ်ပင်တစ်ပင် ပေါ်တွင် ငှက်ကြီးတစ်ကောင်ကိုတွေ့ ၍ စုံစမ်းကြည့်ရာ ဇတာယုအမည်ရှိ ကြောင်း၊ အရုဏခေါ် အရုဏ်ဦးနတ် ၏သား သမ္ပာတိ၏ညီဖြစ်ကြောင်း၊ အရုဏမှာ ဗိဿနိုးအရှင်၏ စီးယာဉ် တော်ဖြစ်သော ဂရုဍခေါ် ဂဠုန်ငှက်၏ ညီဖြစ်ကြောင်းကို သိရှိရသည်။

ပဥ္စဝတီသို့ ရောက်သောအခါ စခန်းတစ်ခုပြုလုပ်၍ နေထိုင်ကြ သည်။ တစ်နေ့သော နံနက်တွင် ဂေါဓာဝရီမြစ်သို့ ရေချိုးဆင်းကြပြီး နောက် စခန်း၌ လှပတင့်တယ်စွာ စံပယ်တော်မူကြစဉ် သုပန္နကာအမည်ရှိ ယက္ခအမတစ်ဦး ရောက်ရှိလာကာ ရာမမင်းသားကို ချစ်ခင်စုံမက်သော စိတ် ဖြစ်ပေါ်လာလေသည်။ ရာမမင်း သားအား မည်သူမည်ဝါဖြစ်သည်ကို စုံစမ်းမေးမြန်းပြီးလျှင် သူမသည်

လည်း ယက္ခတို့၏ဘုရင် ရာဝဏ၏ နှမတော်ဖြစ်ကြောင်း၊ သူမ၏အစ်ကို များဖြစ်သော ကုမ္ဘကဏ္ဏနှင့် ဝိဘီ သနတို့မှာ နာမည်ကျော် စစ်သူကြီး များ ဖြစ်ပုံနှင့် ဤဒေသကို အပိုင်စား ရသော ခါနနှင့် ဒုဿနတို့သည် လည်း သူမ၏ အစ်ကိုများပင်ဖြစ် ကြောင်း ကြွားလုံးထုတ်ကာ ရာမ အားမြူဆွယ်လေသည်။

သုပန္နက ရာမမင်းသားကို မြင် လျှင်မြင်ခြင်း ချစ်ခင်ခဲ့ပုံ၊ သူမ၏ကြင် ယာတော်အဖြစ် ယခုအချိန်မှစ၍ အသိအမှတ်ပြုပုံများနှင့် သီတာကို ထားခဲ့၍ သူမနှင့်လိုက်ခဲ့ရန် သွေး ဆောင်သည်။

လူသားကဲ့သို့ ဖန်ဆင်းရောက်ရှိ လာသော ယက္ခကို မင်းသားနှစ်ပါး တို့က ပြက်ရယ်ပြုကြသဖြင့် ယက္ခ ဒေါသထွက်လာသောအခါ လက္ခဏ သည် သုပန္နကို နှာခေါင်းဖြတ်ပစ် လိုက်သည်။ သုပန္နကလည်း ထွက် ပြေးသွားကာ သူမ၏အစ်ကို ခါနကို အကြောင်းစုံ တင်ပြ၍ တိုင်တန်း သည်။

ခါနနှင့် ဒုဿနတို့သည် စစ်သူ ကြီး ၁၄ ဦးပါဝင်သော ယက္ခတပ်မ တော်ကို ခေါ်ဆောင်၍ ရာမမင်းသား တို့နေထိုင်ရာသို့ ရောက်ရှိလာရာ ရာမ မင်းသားသည် သီတာဒေဝီကို ဂူတစ် ခုသို့ သွားရောက်ပုန်းအောင်းစေကာ လက္ခဏအား စောင့်ကြည့်နေစေပြီး တစ်နာရီအတွင်း ယက္ခအားလုံးကို သုတ်သင်ချေမှုန်းပစ်လိုက်သည်။

မသောဘဲ ကျန်ရစ်ခဲ့သော ယက္ခ

www.burmeseclassic.com

www.burmeseclassic.com

အမည်ရှိ ယက္ခတစ်ဦးသည် လက်ာကျွန်းသို့သွားရောက်ကာ ရာဝဏဘုရင်ထံ အကြောင်းကြားလိုက်ရာ ရာဝဏမှာ ယမ်းပုံမီးကျ ဒေါသအိုးပေါက်ကွဲလေတော့သည်။ ရာမမင်းသားကို လက်စားချေရန်အတွက် ချက်ချင်းပင် မာရီးစထံသွားရောက်တိုင်ပင်သည်။ ရာမ၏ ဘုန်းလက်ရုံးစွမ်းပကားကို သိရှိခဲ့ပြီးဖြစ်သော မာရီးစက ရာဝဏအား ထိုအကြံကို စွန့်လွှတ်ရန် တိုက်တွန်းသဖြင့် ရာဝဏပြန်သွားသည်။ ရန်သူအပေါင်းကို နှိမ်နင်းအောင်မြင်နိုင်မည့် မိမိ၏ဆုတောင်းတွင် လူသား၏ အန္တရာယ်ကိုလည်း အောင်မြင်ရမည်ဟု မပါဝင်ကြောင်းကို ရာဝဏသတိရသွားဟန်တူသည်။

သို့သော် မကြာလိုက်ချေ။ နှမတော် သုပန္နက ရောက်ရှိလာပြီး သနားစဖွယ် တင်ပြလျှောက်ထားသောအခါ ရာမမင်းသားကို လက်စားချေပြန်သည်။ မာရီးစက တားမြစ်သော်လည်း မရတော့ချေ။ ရွှေသမင်ဟန်ဆောင်၍ ဥပါယ်တံမျဉ်ဖြင့် သီတာဒေဝီကို ခိုးယူပေါင်းသင်းရန် အကြံရသည်။ မာရီးစက ယက္ခတစ်မျိုးလုံး ပြုတ်ကုန်တော့မည်ကို မြင်မိလေတော့သည်။ ရွှေသမင် ဟန်ဆောင်လျှင် ရာမ၏လက်နက်ဖြင့် ပင်သေရမည်။ ရာဝဏ၏စကားကို နားမထောင်လျှင်လည်း အသတ်ခံရမည်ဖြစ်၍ မိမိလေးစားသော ရန်သူ၏ လက်ချက်ဖြင့်ပင် အသေခံရန် ဆုံးဖြတ်လိုက်သည်။

ရာဝဏနှင့် မာရီးစကတို့သည် ရထားယာဉ်ကိုစီး၍ ကောင်းကင်ခရီးဖြင့်လာခဲ့ကြရာ နိုင်ငံအများအပြားကို ဖြတ်သန်းခဲ့ရသည်။ ဒဏ္ဍကတောသို့ ရောက်လျှင် ဆင်း၍ ရာမတို့၏ စခန်းအနီးသို့ ချဉ်းကပ်လာခဲ့ကြသည်။ မာရီးစသည် ကိုယ်တွင်ငွေရောင်အပြောက်ပါရှိသော ရွှေသမင်ပုံ ဖန်ဆင်း၍ သီတာဒေဝီမြင်နိုင်လောက်သော နေရာတွင် ပြေးလွှားခုန်ပေါက်ကစားနေသည်။ သီတာဒေဝီ တွေ့မြင်သောအခါ အလွန်လှပသော သမင်ကို လိုချင်ကြောင်း၊ ဖမ်းဆီးပေးရန် ရာမမင်းသားကို ပူဆာလေသည်။

လက္ခဏမင်းသားက ထိုသမင်သည် သမင်အစစ်မဟုတ်ဘဲ နာနာဘာဝဖန်ဆင်းထားသည့် သမင်သာဖြစ်ကြောင်း ဖျောင်းဖျသော်လည်း မရဘဲ သမင်သာဖြစ်ကြောင်း၊ ဖမ်းဆီးပေးရန် တောင်းဆိုနေလေသည်။ နှစ်သိမ့်၍ မရသည့်အဆုံး ရာမမင်းသားသည် လေးနှင့်မြားကိုယူ၍ ရွှေသမင်ကိုဖမ်းရန် လိုက်သွားသည်။ သီတာဒေဝီအနီးမှမခွာဘဲ စောင့်ရှောက်ရန် လက္ခဏကို မှာထားခဲ့သည်။

မာရီးစသည် ရာမမင်းသားကို တောနက်ထဲသို့ ခေါ်ဆောင်သွားသည်။ ရာမ၏မြားချက် ခန္ဓာကိုယ်သို့ စူးဝင်သွားသောအခါ မာရီးစသည် "လက္ခဏကူပါ၊ လက္ခဏကယ်ပါ" ဟု ရာမ၏အသံဖြင့် အော်မြည်ရင်းလဲကျသေဆုံးသွားသည်။ ထိုအသံကို သီတာဒေဝီကြားရသောအခါ ညီတော်လက္ခဏအား ရာမမင်းသားကို ကူညီရန်စေလွှတ်သော်လည်း လက္ခဏက ရာမ၏ အသံမဟုတ်နိုင်ကြောင်း ရှင်းပြသည်။ သို့သော် သီတာဒေဝီက လက္ခဏကို မဟုတ်မမှန် စွပ်စွဲပြောဆိုလာသောအခါ မနေသာဘဲ ရာမနောက်သို့ လိုက်သွားရသည်။

ထိုအခွင့်ကို စောင့်နေသော ရာဝဏသည် သီတာဒေဝီအနီးသို့ ရသေ့တစ်ဦးအသွင်ဖြင့် ချဉ်းကပ်၍ အတင်းအဓမ္မဆွဲယူပြီး ယာဉ်ပျံပေါ်တင်ကာ ကောင်းကင်ခရီးခြင့် ပြန်သွားသည်။ သီတာဒေဝီလည်း ငိုကြွေး မြည်တမ်းလျက် လိုက်ပါသွားသည်။

တောအုပ်တစ်ခု၏ သစ်ပင်တစ်ပင်ပေါ်တွင် ငှက်ကြီးဇတာယုသည် အိပ်ချင်မူးတူးဖြင့် အိပ်ငိုက်နေစဉ် ကောင်းကင်မှ မိန်းကလေးတစ်ဦး၏ ငိုသံကိုကြားရသဖြင့် မော်ကြည့်လိုက်ရာ ယာဉ်ပျံတစ်ခုတွင် ဖမ်းဆီးခေါ်ဆောင်သွားသော သီတာဒေဝီကို တွေ့မြင်သည်။ ဇတာယုသည် ရာဝဏအား သွားရောက်တိုက်ခိုက်၍ ယာဉ်ပျံကို အစိတ်စိတ်ဖြစ်အောင် ဖျက်ဆီးပစ်လိုက်သည်။ ရာဝဏ၏ တိုက်ခိုက်မှုကြောင့် ဇတာယုမှာလည်း မြေကြီးပေါ်တွင် လဲနေရာမှ မရွေ့နိုင်အောင် နာကျင်လျက်ကျန်ရစ်ခဲ့သည်။

ယာဉ်ပျံရထား မရှိတော့သော ရာဝဏသည် သီတာဒေဝီကို သယ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်လျက် လေကဲ့သို့လျင်မြန်သော အဟုန်ဖြင့် အလင်္ကာကျွန်းသို့ ကောင်းကင်ခရီးဖြင့် သွားသည်။ သီတာဒေဝီသည် မိမိ၏လက်ဝတ်တန်ဆာများကို အဝတ်ဖြင့် ထုပ်၍အောက်သို့ ပစ်ချလိုက်သည်။ ရာမနှင့်ညီတော် လက္ခဏတို့ လိုက်လံရှာဖွေသောအခါ သဲလွန်စ တွေ့နိုင်ရန် ပစ်ချထားခဲ့ခြင်းဖြစ်သည်။

အလင်္ကာကျွန်းသို့ ရောက်သောရာဝဏသည် သီတာဒေဝီအား မိမိတို့နိုင်ငံ၏ ကြီးကျယ်ခမ်းနားပုံနှင့် ကြွယ်ချမ်းသာပုံများကို ပြသသည်။ သီတာ ဒေဝီသဘောကျပါက မိဖုရားမြှောက်ရန် ဖြစ်သည်။ သီတာဒေဝီက လက်မခံဘဲငြင်းဆန်သောအခါ ယက္ခအစောင့်အရှောက်ဖြင့် အသောကဥယျာဉ်၌ ချုပ်နှောင်ထားသည်။

လက္ခဏ လိုက်လာသည်ကို တွေ့သောအခါ ရာမမင်းသားကား အခြေအနေကို သဘောပေါက်ပြီး ဖြစ်သည်။ နှစ်ယောက်သား လျင်မြန်စွာ ခန်းသို့ လိုက်လာကြရာ သီတာဒေဝီကို မတွေ့ရတော့ချေ။ ရာမမင်းသားမှာ ပူဆွေးသောက ရောက်၍ မဖြေသည်နိုင် ဖြစ်ရလေသည်။ တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ မြစ်ချောင်းအားလုံးသို့ လိုက်လံရှာဖွေကြသည်။ ထိုသို့ လိုက်လံရှာဖွေကြရာ တစ်နေရာသို့ ရောက်သောအခါ သစ္စာဝါကြီးနှစ်ကောင် တိုက်ခိုက်ခဲ့သည့် နေရာသဖွယ် ကြေပျက်နေသော သစ်ပင်ချုံနွယ်တို့ကို တွေ့ရှိရသည်။ ရထားယာဉ်အပျက်အစီးတို့ကိုလည်း တွေ့ရှိရသည်။ ထိုအနီးအနားတွင်ပင် ဇဋာယုငှက်ကြီးမှာ သေအံ့ဆဲဆဲ ဖြစ်နေသည်ကို တွေ့ရ၍ ငှက်ကြီးထံမှ သီတာဒေဝီကို ရာဝဏ သယ်ဆောင်သွားကြောင်း သိရသည်။ ထိုခဏ၌ပင် ဇဋာယုမှာ သေဆုံးသွားသည်။

ရာမနှင့်လက္ခဏတို့သည် ထိုနေရာမှ ဆက်လက်ထွက်ခွာလာခဲ့ကြရာ ကဗန္ဓအမည်ရှိ ယက္ခတစ်ဦးနှင့်တွေ့သည်။ ခြေမပါ၊ ခေါင်းမရှိသော ထိုယက္ခသည် ဣန္ဒရာ၏ ကျိန်စာသင့်ခြင်းခံနေရသဖြင့် ရာမနှင့်လက္ခဏတို့ လက်နက်ဖြင့် အသက်ထွက်သွားသောအခါမှ ကျိန်စာမှ လွတ်မြောက်သွားသည်။ မသေမီ ရာမ၊ လက္ခဏ မင်းသားတို့သည် သီတာကို ရှာတွေ့လိမ့်မည်ဖြစ်ကြောင်း ပမ္ပာမြစ်ကမ်းသို့ သွား၍ ရိသယမုက္ခတောင်၌နေသော သုကြိတ်ကို မိတ်ဖွဲ့ရန် မှာကြားခဲ့သည်။

ပမ္ပာမြစ်ကမ်းသို့ ရောက်ရှိခဲ့ကြရာ ဝါနရမင်းသား သုကြိတ်က မင်းသားနှစ်ပါးကို တွေ့မြင်သဖြင့် ဟာနုမန်ကို သွားရောက်စုံစမ်းစေသည်။ သုကြိတ်၏ စစ်သူကြီးဖြစ်သော ဟာနုမန်သည် ရာမနှင့်လက္ခဏတို့ကို သုကြိတ်ထံ ခေါ်ဆောင်သွားသည်။ သုကြိတ်သည် မိမိ၏အစ်ကို ဗာလီကြောင့် နိုင်ငံမှ ထွက်ပြေးနေရပုံများကို ရာမအား ပြောပြပြီး ကူညီရန် ပြောဆိုသည်။ ရာမကလည်း ကူညီမည်ဟု ကတိပေးသည်။

ထို့နောက် ရာမ၏ဒုက္ခကို ပြောပြသဖြင့် သုကြိတ်ကလည်း သီတာဒေဝီကို ရှာဖွေရာတွင် မိမိအနေနှင့် ကူညီမည်ဖြစ်ကြောင်း၊ မိမိ၏သားငယ်တစ်ဦးသည် သီတာဒေဝီကို ယက္ခတစ်ဦးက သယ်ဆောင်သွားသည်ကို တွေ့လိုက်ရပုံနှင့် ကောက်ယူရရှိထားသော သီတာဒေဝီ၏ လက်ဝတ်တန်ဆာကို ရာမအား ပြသရာ သီတာ၏ပစ္စည်း အစစ်အမှန်ဖြစ်ကြောင်း တွေ့ရှိရသည်။

ရာမသည် သုကြိတ်အား သူ၏အစ်ကို ဗာလီနှင့် ယှဉ်ပြိုင်တိုက်ခိုက်စေပြီး ဗာလီကို မြားဖြင့်ပစ်ခတ်သျက်သေစေပြီးနောက် သုကြိတ်အား ဝါနရတို့၏ ဘုရင်အဖြစ် တင်မြှောက်ပေးလိုက်သည်။

မိုးဥတုဝင်ရောက်လာသဖြင့် သီတာဒေဝီကို ရှာဖွေရန် မဖြစ်နိုင်ဘဲ ရာမနှင့် လက္ခဏတို့မှာ တောတွင်းရှိ ဂူတစ်ခုတွင် မိုးခိုနေရသည်။ မိုးကုန်လျှင် သီတာကို ရှာဖွေရေး အစီအစဉ် ပြုလုပ်ရန် သုကြိတ်ကို သတိပေးနှိုးဆော်၍ လိုက်ရှာစေသည်။ သုကြိတ်သည် သူ၏ စစ်သည်များအား နေရာအနှံ့အပြားသို့ သွားရောက်၍ သီတာနှင့်ပတ်သက်သော သဲလွန်စများကို ရှာဖွေစေသည်။ အရပ်ရပ်သို့ သွားရောက်ကြသော အဖွဲ့များ ပြန်ရောက်လာပြီး မတွေ့ရှိကြောင်း လျှောက်တင်ကြသည်။ ဟာနုမန်ပါဝင်သော တောင်ဘက်ဈူးစူးသို့ သွားသောအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

မှာ သဲကန္တာရကို ဖြတ်သန်းသွားရောက်ခဲ့ရသဖြင့် အစာရေစာ ငတ်မွတ်လျက်ရှိသည်။ မကြာမီ ဂူတစ်ခုမှ ငှက်မျိုးစုံတို့သည် ပျော်ရွှင်မြူးထူးစွာ ထွက်လာကြသည်ကို တွေ့ရှိရသည်။

မှောင်မိုက်သော ဂူထဲသို့ တစ်ဦးချင်းဆက်လက် ဝင်သွားကြရာ အလင်းရောင်ရှိသော နေရာတစ်ခုသို့ ရောက်ရှိသွားသောအခါ အလွန်စည်ပင်သာယာသော မြို့တစ်မြို့ဖြစ်ကြောင်း တွေ့ရှိကြသည်။ ဝါနရတို့သည် ထိုမြို့တွင်တွေ့ရှိသော တာပသီနီတစ်ဦးအား မေးမြန်းကြည့်သဖြင့် ဟေမ ◌ ◌ နတ်သမီးတစ်ဦးပိုင် မြို့ဖြစ်ကြောင်း ပြောပြသည်။ ဤမြို့သို့ ရောက်ရှိသူတိုင်း ပြန်လမ်းမရှိသော်လည်း ဝါနရတို့လာခြင်းကား ကောင်းသောရည်ရွယ်ချက်ဖြင့် လာခြင်းဖြစ်၍ တာပသီနသည် ဝါနရတို့ ထွက်နိုင်အောင် ကူညီပေးသည်။ ဝါနရတို့အား မျက်စိကို ပိတ်ထားစေပြီး ပြန်ဖွင့်စေသောအခါ ပင်လယ်ဆိပ် ◌ ◌ မ်းတစ်ခုသို့ ရောက်ရှိနေကြောင်း တွေ့ရသည်။

ထိုအချိန်သည် နွေရာသီဖြစ်၍ ယင်းတို့အား သီတာဒေဝီကို ရှာဖွေတွေ့ရှိရန် ခွင့်ပြုထားသော အချိန်ထက် နောက်ကျနေပြီဖြစ်၍ သဲလွန်စတစ်ခုမှ မတွေ့ဘဲ ပြန်သွားလျှင် အသတ်ခံရတော့မည်ဖြစ်သည်။ ဟာနုမန်တို့ခေါင်းဆောင်သော ဝါနရအဖွဲ့သည် ရှေ့ဆက်လက်၍ မည်သို့စီရင်ကြရမည်ကို ဆွေးနွေးငြင်းခုန်နေကြသည်။

ထိုနေရာတွင် အမွေးအတောင်မရှိတော့၍ မသွားမလာနိုင်ဘဲ ရှိနေသော လင်းတာဘုရင်သမ္ပာတိက မကြာမီအတွင်း အစုလိုက်သေကြရမည့် မျောက်တို့၏ အသားကိုစားရတော့မည်ဟု ဝမ်းမြောက်ဝမ်းသာဖြင့် မျောက်တို့ တိုင်ပင်ဆွေးနွေးသည်ကို နားထောင်နေ၏။ မျောက်တို့၏ ဆွေးနွေးပွဲတွင် ရာမနှင့်လက္ခဏတို့ ဒုက္ခရောက်ရပုံနှင့် ဇတာယုသေဆုံးရပုံ အကြောင်းလည်း ပါရှိသည်။

အရုဏ်ဦးနတ်ဖြစ်သော အရုဏ၏သား သမ္ပာတိသည် မိမိ၏ညီ ဇတာယု သေဆုံးကြောင်း သိသောအခါ ဟုတ်မဟုတ် သေချာအောင် စုံစမ်းချင်သည်။ သမ္ပာတိသည် မျောက်တို့အား မေးမြန်းရာ အဖြစ်အပျက်အားလုံးကို သိရှိသဖြင့် ရာမမင်းသားကို ကူညီရန် ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်လာသည်။ သမ္ပာတိသည် အိုမင်း၍ အင်အားဆုတ်ယုတ်ပြီဖြစ်သော်လည်း သူ၏မျက်စိမှာ စူးရှထက်မြက်သဖြင့် အလွန်ဝေးကွာသောအရပ်သို့ပင် ကြည့်ရှုနိုင်သည်။ သမ္ပာတိသည် လင်္ကာကျွန်းသို့ ကြည့်ရှုလိုက်ရာ အကျဉ်းခံနေရသော သီတာဒေဝီ၏ အခြေအနေအသေးစိတ်ကို ပြောပြနိုင်သည်။ ဝါနရမျောက်တို့သည်လည်း အသက်ဘေးမှ ချမ်းသာရာရတော့မည်ဖြစ်၍ အလွန်ဝမ်းသာကြသည်။ သမ္ပာတိသည်လည်း ရာမမင်းသားအား ကူညီလိုက်ရ၍ အတောင်မွေးသည့် ကျိန်စာမှ လွတ်မြောက်သွားသည်။

သီတာဒေဝီ၏ သတင်းကို ကြားသိရပြီးဖြစ်သော်လည်း မျောက်တို့သည် တစ်ဆင့်ကြားစကားဖြင့် ပြန်မသွားချင်ဘဲ မြင်တွေ့ပြီးမှ သွားလို၍ လင်္ကာကျွန်းသို့ကူးရန် ကြိုးစားကြသည်။ မျောက်အားလုံးက ဟာနုမန်၏ဂုဏ်ကို မျက်စိကျလာကြသည်။ မျောက်အကြီးအကဲဖြစ်သူက ဟာနုမန်၏ဂုဏ်ကို ထုတ်ဖော်၍ ချီးကျူးသည်။ ဟာနုမန်သည် ဝါယုခေါ် လေနတ်သားနှင့် မျောက်တို့မှ ဖွားမြင်သော သားဖြစ်သည်။ ဟာနုမန် ကလေးဘဝတွင် သူရိယနေမင်းကြီးကို ကစားစရာ အသီးအမှတ်ဖြင့် ဆွတ်ခူးရန်သွားရာ နေမင်းကြီးကို အန္တရာယ်ပြုမည့် အခြေအနေကို တွေ့မြင်ရသော နတ်တို့၏ဘုရင် ဣန္ဒရာက သူ၏ ဒိုးကြိုးလက်နက်ဖြင့် ပစ်ခတ်လိုက်သည်။

ပါးရိုးတစ်ဖက် ကျိုးသွားသော ဟာနုမန်သည် တောင်ကြားတစ်ခုသို့ ကျရောက်သွားသည်။ ဟာနုမန်၏ အဖြစ်ကြောင့် ဖခင်ဖြစ်သူ လေနတ်သားမှာ ဒေါသထွက်သဖြင့် လေကို ငြိမ်သက်စေလိုက်သည်။ သတ္တဝါအားလုံး အသက်ရှူ၍ မရဖြစ်သွားကြသည်။ နတ်အပေါင်းတို့သည် ဝါယုနတ်မင်းကို တောင်းပန်ကြသည်။ ဗြဟ္မာနှင့် ဣန္ဒရာတို့သည် ဟာနုမန်ကို ဆုပေးကြသည်။ မည်သည့်လက်နက်ဖြင့်ပင် သတ်စေကာမူ မသေဘဲ ကိုယ်ကိုယ်တိုင် သေလိုမှ သေနိုင်သောဆုကို ဟာနုမန်အား ပေးလိုက်ကြသည်။ ဟာနုမန်သည် မသေနိုင်



www.burmeseclassic.com

www.burmeseclassic.com

သူ ဖြစ်လာရလေသည်။

မျောက်တို့၏ အကြီးအကဲက ဟာနုမန်အား ဤသို့ဂုဏ်ပြုချီးကျူး လိုက်သောအခါ ဟာနုမန်မှာ တစ်မုဟုတ်ချင်း ကိုယ်ခန္ဓာကြီးမား ထွားကျိုင်းလာကာ အခြားမျောက်များနှင့်မတူဘဲ အလွန်ကြီးသော မျောက်တစ်ကောင်ဖြစ်လာသည်။ ဗိဿနိုးကို ကိုးကွယ်သူများသည် ဟာနုမန်ကို ဗိဿနိုး၏ တပည့်ငယ်ဟု ခေါ်ကြလျက် ဗိဿနိုးသွားလေရာတွင် လိုက်ပါရသူ ငှက်ဘုရင် ဂရုဠအား ဗိဿနိုး၏ တပည့်အကြီးအဖြစ် အသိအမှတ်ပြု ထားကြသည်။

ဟာနုမန်သည် ယူဇနာတစ်ရာ ဝေးကွာသော လင်္ကာကျွန်းသို့ ခုန်လျက်သွားကာ ထိုကျွန်းသို့ ရောက်သောအခါ မိမိကိုယ်ကို သာမန်မျောက်တစ်ကောင်၏အရွယ်သို့ ပြောင်းပစ်လိုက်သည်။ ရာဝဏ၏မြို့တံတိုင်းကို ကျော်ဖြတ်ကာ ဝင်ရောက်ပြီးနောက် သီတာဒေဝီကို လိုက်လံရှာဖွေတော့သည်။ ဟာနုမန်သည် နိုင်ငံအနှံ့အပြား လိုက်လံရှာဖွေသော်လည်း မတွေ့သဖြင့် သီတာဒေဝီ အသက်ရှင်လျက်မှ ရှိသေးသလောဟု သံသယဖြစ်လာသည်။ သို့သော် နောက်ဆုံးတွင် အသောကဉယျာဉ်တွင် သီတာကို တွေ့ရှိရသည်။

သီတာဒေဝီကို ရာဝဏဘုရင်ကြီးကိုယ်တိုင် လာရောက်၍ ချစ်ရေးဆိုနေသဖြင့် ဟာနုမန်သည် သစ်ပင်ခက်ကြားမှ ပုန်း၍ အခြေအနေကို အကဲခတ်နေသည်။ ရာဝဏသည် သီတာဒေဝီကို မည်သို့ပင် သွေးဆောင်သော်လည်း သီတာဒေဝီမှာ တူးတူးခါးခါး ငြင်းပယ်နေသည်ကို ဟာနုမန်တွေ့မြင်နေရသည်။ ရာဝဏ ပြန်သွားပြီးနောက် အစောင့်တာဝန်ကျ ယက္ခတို့က သီတာဒေဝီကို နားချကြပြန်သည်။ သို့သော် သီတာဒေဝီက လက်မခံသည်ကို ဟာနုမန်မျက်ဝါးထင်ထင် တွေ့မြင်နေရသဖြင့် အစောင့်များအလစ်တွင် သီတာဒေဝီနှင့်တွေ့၍ ရာမမင်းသား စေလွှတ်လိုက်ပုံကို ပြောပြသည်။ သီတာဒေဝီမှာ မယုံနိုင်ဖြစ်နေသဖြင့် ရာမ၏ လက်စွပ်ကို ပေးအပ်မှ ရာဝဏ၏ ပရိယာယ်မဟုတ်ဟု စိတ်ချသွားသည်။

သီတာဒေဝီက ရာဝဏသည် မိမိအား ၁၂ လအတွင်း မိဖုရားအဖြစ် လက်ခံရေးကို စဉ်းစားနိုင်ရန် ခွင့်ပြုထားခဲ့ကြောင်း၊ ယခုအခါ နှစ်လသာ ကျန်တော့ကြောင်း၊ ထိုကာလကုန်သည်အထိ လက်မခံနိုင်က သတ်စားမည်ဟု သတိပေးထားကြောင်းကို မှာကြားပြီး သီတာဒေဝီကိုတွေ့ရှိကြောင်း အထောက်အထားတစ်ခုအဖြစ် သူမ၏ ပတ္တမြားကို ပေးလိုက်သည်။

ဟာနုမန်သည် မပြန်မီ ယက္ခနိုင်ငံကို ဖျက်ဆီးရန် စိတ်ကူးလိုက်သည်။ သီတာဒေဝီ စိတ်ဓာတ်တက်ကြွစေရန်အတွက်လည်းကောင်း၊ ရာဝဏနှင့် ပြည်သူများအကြား စိတ်သဘောထားကွဲစေရန်အတွက်လည်းကောင်း၊ တစ်စုံတစ်ခုပြုလုပ်မှဖြစ်မည်ဟု ယူဆသည်။

မိမိခန္ဓာကိုယ်ကို နဂိုအတိုင်းသို့ ရောက်အောင် ကြီးထွားစေပြီးနောက် ဟာနုမန်သည် အသောကဥယျာဉ်ရှိ သစ်ပင်များကို နုတ်ချိုးပစ်ကာ ဖျက်ဆီးလိုက်သည်။ အခြားအဆောက်အအုံတို့ကိုလည်း လိုက်လံဖြိုဖျက်ပစ်လိုက်သည်။ ရာဝဏက နှိမ်နင်းရန် စေလွှတ်လိုက်သည့် ယက္ခစစ်သည်များကိုလည်း တိုက်ခိုက်ချေမှုန်းပစ်လိုက်သည်။

နောက်ဆုံးတွင် ဟာနုမန်သည် အဖမ်းခံလိုက်ရာ ယက္ခတို့သည် ဟာနုမန်ကို ကြိုးဖြင့်တုပ်နှောင်၍ အမြီးကို အဝတ်ဖြင့် ရစ်ပတ်လျက် ဆီလိမ်းကာ မီးရှို့လွှတ်လိုက်သည်။ ဟာနုမန်သည် အဆောက်အအုံ တစ်ခုပြီးတစ်ခုသို့ ခုန်ကူးကာ မီးရှို့ဖျက်ဆီးသည်။

ထို့နောက် ခန္ဓာကိုယ်ကို သေးငယ်အောင် ပြုလုပ်လိုက်သဖြင့် သူ့အားတုပ်နှောင်ထားသော ကြိုးများပြေသွားသည်။ သီတာဒေဝီထံ သွားရောက်ကြည့်ရှုရာ ဘေးရန်ကင်းရှင်းကြောင်းတွေ့ရသောအခါ လင်္ကာကျွန်းမှ ပြန်လာခဲ့သည်။

ဟာနုမန်သည် ဝါနရတိုင်းပြည်သို့ ပြန်ရောက်သောအခါ ရာမမင်းသားထံသို့ သီတာဒေဝီပေးလိုက်သော ပတ္တမြားကို ပေးအပ်လိုက်ရာ ရာမမင်းသားမှာ သတိမေ့သွားသည်။ ထို့နောက် သီတာဒေဝီ၏ အခြေအနေကို ရှင်းပြသည်။ ရာမမင်းသားသည် ဟာ

www.burmeseclassic.com

နုမန်အား ကျေးဇူးတင်စကား ပြောကြားသော်လည်း ကျေးဇူးဆပ်နိုင်သော အခြေအနေမရှိသဖြင့် ဝမ်းနည်းမိပေသည်။

လင်္ကာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ရန်အတွက် ရာမ၊ လက္ခဏနှင့် သုကြိတ်တို့ ခေါင်းဆောင်း၍ ဝါနရတပ်မတော်ကြီးသည် တောင်ဘက်သို့ ချီတက်လာခဲ့သည်။

လင်္ကာနိုင်ငံ၌ ဟာနုမန်၏ အစွမ်းပြမှုကြောင့် တထိတ်လန့်လန့် ဖြစ်နေသည်။ ခေါင်းဆယ်လုံးရှိသော ရာဝဏသည်ပင်လျှင်း ရှက်ဖွယ်လိလိ ဖြစ်နေသည်။

ရာဝဏသည် မင်းညီ၊ မင်းသား၊ မှူးကြီးမတ်ရာ၊ သေနာပတိ အားလုံးကို ဖိတ်ခေါ်ကာ ညီလာခံကျင်းပ၍ ရာမ၏ရန်ကို ဆွေးနွေးကြသည်။ အသီးသီးသော ပုဂ္ဂိုလ်များက ရာဝဏ၏ တန်ခိုးကြီးခဲ့စဉ် ဘောဂဝတီနဂါးပြည်ကို သိမ်းပိုက်နိုင်ပုံ၊ ဒေဝါနတ်၊ အသုရာနတ်တို့နှင့် ဂန္ဓဗ္ဗနတ်တို့ကို အောင်မြင်နိုင်ပုံများကို ချီးဂျူးကာ ရာမကိုလည်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း တင်ပြကြသည်။

ရာဝဏညီ ဘိဘိသေနမှုကား စစ်ပြိုင်ခြင်းကို မပြုလုပ်သင့်ကြောင်း၊ ဒန္ဓကတော၌ ရာမ၏ သတ်ဖြတ်မှုများသည် ကိုယ့်ကိုယ်ကို ကာကွယ်သည့်အနေဖြင့်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခုလည်း ရာမ၏မိဖုရား သီတာကို ခိုးယူထားသည့်အပြစ်ကို သန့်စင်အောင် ဆေးကြောပစ်ရန် လိုအပ်ပုံများကို တင်ပြသည်။ ဘိဘိသေနက တစ်ဖက်၊ ကျန်အားလုံးကတစ်ဖက် ဖြစ်နေသည်။ ရာမကို အန်တုလျှင် အားလုံးပျက်စီးကုန်မည်ဖြစ်ကြောင်းကို အကျိုးအကြောင်းပြ၍ ရှင်းလင်းပြောဆိုသော်လည်း မည်သူမျှ နားမဝင်သဖြင့် ဘိဘိသေနသည် ထိုနေရာ၌ ဆက်လက်နေ၍ အကျိုးမရှိပြီကို သိရှိကာ ကောင်းကင်သို့ တက်သွားပြီး ရာမမင်းသားရှိရာသို့ လာရောက်ခဲ့သည်။ ယက္ခမိတ်ဆွေကောင်း လေးဦးလည်း ဘိဘိသေနနှင့်အတူ ပါလာခဲ့သည်။

ရာမနှင့်သုကြိတ်တို့သည် ဘိဘိသေနအား လင်္ကာကျွန်း၏ ဘုရင်အဖြစ် အသိအမှတ်ပြုကာ ဘိသိက်သွန်းပေးကြသည်။ လင်္ကာကျွန်းသို့ ကူးရန် လမ်းတစ်ခုကို မျောက်များ၏ အကူအညီဖြင့် တည်ဆောက်ကြသည်။ ကျောက်တုံး၊ ကျောက်ဆောင်၊ သစ်ပင်၊ သစ်လုံးများဖြင့် တည်ဆောက်ကြရာ မကြာမီ ပြီးစီးသွားသည်။ ဝါနရစစ်သည်များသည် ထိုလမ်းမှ လင်္ကာကျွန်းသို့ ကူးလာခဲ့ကြသည်။

ရာဝဏ၏အဘိုးဖြစ်သူ မာလယဝန်သည် ရာမနှင့်စစ်ဖက်ပြိုင်ခြင်း မပြုရန် တောင်းပန်ပြောဆိုသော်လည်း မရသဖြင့် ကြည့်နေရသည်။

ဝါနရတပ်မတော် ချီတက်လာရာ လင်္ကာမြို့တော်၏ ပြင်ပတွင် စစ်ပွဲကြီးဖြစ်ပွားသည်။ ယက္ခစစ်သူကြီး ဣန္ဒရာဇစ်၏ နဂါးပတ်ကျော့ကွင်း လက်နက်ဖြင့် ရစ်ပတ်ခံရ၍ ရာမနှင့် လက္ခဏတို့မှာ စစ်မြေပြင်တွင် ဒဏ်ရာရ၍ သတိမေ့သွားကြသည်။ ဣန္ဒရာဇစ်တို့မှာ စစ်ပွဲကို အောင်မြင်ပြီဟု အထင်ရောက်ကာ ပြန်သွားသည်။

ထိုအချိန်တွင် ဗိဿနိုး၏ စီးယာဉ်တော်ဖြစ်သော ငှက်ဘုရင် ဂရုဠ ရောက်ရှိလာသဖြင့် ရာမနှင့်လက္ခဏတို့ကို ရစ်ပတ်ထားသော နဂါးပတ်ကျော့ကွင်း လက်နက်တို့မှာ ထွက်ပြေးသွားကြသည်။ ရာမနှင့်လက္ခဏတို့မှာ နဂိုအင်အားကို ပြန်လည်ရရှိသွားကြသည်။

နောက်စစ်ပွဲတွင် ရာဝဏကိုယ်တိုင် ရာမနှင့် ရင်ဆိုင်တိုက်ခိုက်ရာ ရာဝဏ၏စစ်ရထား ပျက်စီးကာ လက်နက်မဲ့သွားသဖြင့် ရာမက ရာဝဏအား ထိုနေ့အဖို့ တိုက်ပွဲကို အနားပေးကာ ရာဝဏကို လွှတ်လိုက်သည်။ ရာဝဏလည်း မျက်နှာမပြရဲလောက်အောင်ရှက်သွားကာ မြို့တော်သို့ ပြန်သွားသည်။

ရာဝဏ၏ စစ်သည်များမှာ အကျအဆုံးများပြားသဖြင့် ရာဝဏကိုယ်တိုင် အထူးနတ်ရထားကိုစီး လျက် တိုက်ပွဲဝင်ရန် ထွက်လာခဲ့သည်။ ရာဝဏသည် သူ၏ညီ ဘိဘိသေနကို တိုက်ခိုက်သဖြင့် လက္ခဏက ရှစ်ကြိမ်တိုင်တိုင် ကြားမှဖြတ်၍ အကူအညီပေးသည်။ ရာဝဏသည် လက္ခဏကိုတိုက်ခိုက်ရာ လက္ခဏ သတိမေ့သွားသည်။ ရာမသည် ရာဝဏနှင့် တိုက်နေစဉ် ဝါနရတို့က ဟာနုမန်ကို ဆေးမြစ်တော်ရှာဖွေစေ ကုသသဖြင့် လက္ခဏ အသက်ရှင်လေသည်။

www.burmeseclassic.com

ထိုစဉ် မာတလိနတ်သားသည် သိကြားမင်းဣန္ဒရာ၏ ရထားကို ယူဆောင်လာပြီး ရာမမင်းသားကို တိုက်ခိုက်ရန် စီစဉ်ပေးသည်။ ထိုအခါကျမှ ရာဝဏနှင့် ရာမတို့၏တိုက်ပွဲမှာ အလွန်ကြည့်ကောင်းသည်။

တိုက်ခိုက်နေရင်း မာတလိသည် မကြာမီ ရာဝဏ ကျဆုံးတော့မည်ဖြစ်၍ ဗြဟ္မာလက်နက်ကို အသုံးပြုရန် သတိပေးသည်။ ရာဝဏ၏ ခေါင်းဆယ်လုံးတို့ကို မကြာခဏ ဖြတ်ပစ်ခဲ့သော်လည်း ပြန်လည်ထွက်လာသည်။ မီးတောက်မီးလျှံထွက်သော ဗြဟ္မာလက်နက်ကို ရာဝဏ၏ ရင်ဘတ်သို့ လွှတ်လိုက်ရာ စိုက်ဝင်သွားသည်။

ရာဝဏကျဆုံးသွားသောအခါ နတ်အပေါင်းတို့သည် ကောင်းချီးသြဘာပေးကြကုန်သည်။ ကောင်းကင်မှ ကြဲချသော ပန်းတို့ဖြင့် ရထားမှာ ပြည့်လျှံနေသည်။

စစ်ပွဲပြီးသောအခါ ရာမသည် သီတာဒေဝီကို ရှာဖွေ၍ ခေါ်ဆောင်ရန် ဟာနုမန်ကို လွှတ်လိုက်သည်။ သီတာဒေဝီရောက်ရှိသောအခါ ရာမက သီတာဒေဝီအား မိမိကြိုက်နှစ်သက်ရာ ဆွေမျိုးမိတ်ဆွေ၏ စောင့်ရှောက်မှုဖြင့်နေရန်ပြောသည်။ ခင်ပွန်းသည်တို့သည် သူတစ်ပါးအိမ်တွင် နှစ်ရှည်လများ သွားရောက်နေထိုင်သော မိန်းမကို ပြန်၍မပေါင်းရသောကြောင့် ဖြစ်သည်။

သီတာသည် ရှုန်းရှုန်းတောက်သော မျက်လုံးများဖြင့် ရာမကိုကြည့်ရှုနေသည်။ ထို့နောက် လက္ခဏအား ထင်းစုခိုင်းလိုက်သည်။ ရာမသည် ကန့်ကွက်လိမ့်မည်လားဟူသောအတွေးဖြင့် လက္ခဏသည် ရာမကို လှမ်းကြည့်လိုက်သည်။ ရာမက မည်သို့မျှ မပြောဆိုသောအခါ သီတာအလိုရှိသော ထင်းများကို စုဆောင်းပေးသည်။

မီးဖိုပြီးသောအခါ သီတာဒေဝီသည် ဘုရားများ၊ ရသေ့ရဟန်းကြီးများ၊ မီးနတ်အဂ္ဂနိတို့ကို ရှိခိုးတိုင်တည်လျက် သူမ၏သန့်စင်မှုကို ပြသလို၍ မီးဖိုထဲသို့ ခုန်ဆင်းသည်။ နတ်အပေါင်းတို့သည် မီးဖိုထဲသို့ လာရောက်စုဝေးကြသည်။ ထို့နောက် ဗြဟ္မာက "နာရာယန၊ ဘုန်းတန်ခိုးကြီးသော ဘုရားသခင်သည် လူ့ဇာတိကိုယူ၍ ရာဝဏကို နှိမ်နင်းခဲ့သည်။ ဤသီတာဒေဝီသည် သင်၏ကြင်ယာတော် လက္ခမီပင် မဟုတ်လော"ဟု ပြောကြားလေသည်။

နတ်အပေါင်းတို့သည် သီတာဒေဝီအား မီးဖိုထဲမှထုတ်ယူ၍ အဝတ်အစားနှင့် လက်ဝတ်တန်ဆာများပါ မပျက်စီး အတူတကွ ရာမမင်းသားထံပေးအပ်သည်။ ရာမလည်း သီတာဒေဝီကို လက်ခံယူသည်။ ထို့နောက် သီတာဒေဝီအား မိမိအနေဖြင့် ဤသို့ ပြုလုပ်ရခြင်းမှာ သီတာ၏သန့်စင်မှုကို မယုံကြည်၍ မဟုတ်ကြောင်း၊ လူအများ ကျေနပ်စေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လူများတို့သည် ရာမမင်းသားကို လက်ညှိုးထိုးလျက် သီတာကို မျက်ကန်းချစ်ချစ်သဖြင့် သူတို့လိုက်နာရမည့် ထုံးတမ်းဥပဒေကို ချိုးဖောက်၍ သူတစ်ပါးထံတွင် နေထိုင်ခဲ့သည့် မိန်းမတစ်ဦးကို လက်ခံခဲ့သည်ဟု ပြောဆိုလာနိုင်ကြောင်း၊ ထို့ကြောင့် ကြိုတင်ကာကွယ်သည့် အနေဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ရှင်းပြလိုက်လေသည်။

ထို ခဏ၌ . . . ဒသရထသည် ကောင်းကင်မှ ဆင်းသက်လာပြီး မင်းသားကို ပွေ့ချီကာ သီတာဒေဝီအား သူ့သားအပြစ်ကိုခွင့်လွှတ်ရန် တောင်းပန်ပြောဆိုသည်။ သူ၏သား ရာမသည် ကမ္ဘာ့မေ့ဥပဒေကို ထိန်းသိမ်းရန်အတွက် ဆောင်ရွက်ခဲ့ရကြောင်း ရှင်းပြလေသည်။

ရာမနှင့် သီတာဒေဝီတို့သည် ယာဉ်ပျံပေါ်သို့ တက်ရောက်ကာ မိတ်ဆွေများနှင့်အညီ ကောင်းကင်ခရီးဖြင့် အယုဒ္ဓယကို သွားကြသည်။ တိုင်းသူပြည်သားတို့သည်လည်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ဘာရတလည်း ရာမမင်းသားကို ထီးနန်းလွှဲအပ်ပေးသည်။ ရာမမင်းသား နေပြည်တော်သို့ ပြန်ရောက်သည့် အထိမ်းအမှတ်ပွဲနေ့အဖြစ် ဟိန္ဒူတို့သည် ယခုအခါ ဒီပါဝလီ(ဒေဝါလီ) ပွဲတော်ကို နှစ်စဉ်ကျင်းပကြသည်။

**ပထမ်ဆရာကြီး ဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com

# ပထမဆုံးဖြစ်ပေးတဲ့ သင်္ဂြိုဟ်နေ့မှာ

မော်တင်သိန်းဇော်

အချိန်ကိုတော့ သိရသည်။ နံနက်လင်းအာရုဏ်ဦး အချိန်။ ဆုံရသော နေရာကိုတော့ မသိရ။ မမှန်းသ၊ မဖော်ပြနိုင်။ လူသူလေးပါးတို့နှင့် ကင်းဝေးရာ အလွန်တိတ်ဆိတ်ငြိမ်သက်လှသော နေရာမွန်တစ်နေရာ ဖြစ်နိုင်သည်။ ခံလည်း ခံစားနေမိသည်။ ထိုနေ့၊ ထိုနေရာ၌ ရဟန်းတော်ကြီးသည် ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ထူးကြီးနှင့် မမျှော်လင့်၊ မထင်မှတ်ဘဲ ရုတ်တရက် အမှတ်မထင်မျှပင် ထူးကဲစွာ တစ်သက်တစ်ခါမျှဆိုသလို နှစ်ဦးတည်းမျှ ကြုံကြိုက်ရပြီး အနီးကပ်ရင်ဆိုင် တွေ့ဆုံရလေသည်။ ထိုနံနက်၌ ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ထူးကြီးက "အရှင်ဘုရား၊ ဂုဏ္ဍာရီလှည့်ရင်း ကြုံကြိုက်ခဲ့ရင် တပည့်တော်တည်ထားတဲ့ ရွာဦးရိုဘုရားစေတီရဲ့ အရှင်ဘုရားရဲ့ မွေးနံ့ဂြိုဟ်ထောင့်ဆီမှာ လာလို့ ကျုံ့ကြံအားထုတ်ပြီး အလုပ်လုပ်ကြည့်စေချင်ပါတယ်။ အလုပ်မှန်ရင် ရမှာပေါ့၊ ပေးမှာပေါ့ ဘုရား" ဟု ချိုသာ ကျိုးစွာနှင့် အကြံပြုလျှောက်ထား ခေါ်ဩလာသည်ကို ရဟန်းတော်ကြီးသည် တအံ့တဩ ဝမ်းပန်းတသာနှင့် အထင်အရှား နားနှင့် ဆတ်ဆတ်ပင် ကြားနေရလေသည်။ ရဟန်းတော်ကြီးသည် ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ထူးကြီးအား အံ့ဩတမော နှင့် လှမ်းကြည့်နေစဉ်ခိုက်မှာပင် ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ကြီးမှာ သူ ရောက်ရှိဖူးခဲ့သော အထင်ကရ ဓာတ်

နန်းကြီးတစ်ခုထဲဆီမှာ မျက်နှာက ဝိုင်းဝိုင်း၊ နဖူးက ပြေပြေ၊ နှာခေါင်းက ချွန်ချွန်၊ မျက်လုံးက ဝိုင်းစက်လို့ ကြည်လင်စူးရှပြီး မျက်ခုံးထူထူနှင့် ရုတ်ကျိုးကို ကျိုးဖွယ်ကောင်



ပထမဆုံးဘိုးဘိုးအောင်နှင့် စကြာမင်းသား



www.burmeseclassic.com

www.burmeseclassic.com

သော အကျော်ဒေးယျ အထင်ကရ ထွက်ရပ်မြန်းပုဂ္ဂိုလ်ကြီး၏ ရုပ်တုပုံတော်ကြီးနှင့် တူလှသည်ကိုလည်း ချက်ချင်းဆိုသလိုပင် ဝင်စားအမှတ်ရကာ သတိချုပ်နေမိလေသည်။ ပြေးမြင်မိနေရှာလေသည်။

"တောက် ‥ တောက် ‥ တောက်"

ထိုသို့ ရဟန်းတော်ကြီးအနေနှင့် ဝတ်ဖြူစင်ကြယ်သည့် ပုဂ္ဂိုလ်ထူးကြီး၏ ထူးကဲသော မျက်နှာပြင်ကို ကြည့်ကောင်းနေသလို ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်ထူးကြီး၏ နှာခေါင်းနှင့် ဂမ္ဘီရလမ်းစဉ်ဝင်ရာ သူ့အတွက် အလွန်တရာမှု အရေးကြီး၊ အရေးပါလွန်းလှသော အကြံပြုစကားမွန်များကို နားစိုက်ကာ နားထောင်၍ နစ်မျောနေစဉ်ခိုက်အနီးရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဆီမှ ခေါက်လိုက်သော ပြင်းထန်စူးရှ ကျယ်လောင်လှစွာနှင့် လွင့်လာသော "တောက် တောက် တောက်"ဟူသည့် အထက်ပါ အသံများတက်ခေါက်သံကြောင့် တော်ရကျောင်းကလေးတစ်ကျောင်းတွင် အိပ်စက်နေရင်း အိပ်မက်မက်နေသော ရဟန်းတော်ကြီးသည် ရုန်ခြည်းမျှ အလန့်တကြားနှင့် လန့်နိုးလာလေသည်။ အိပ်မက်ထူး၊ အိပ်မက်ဆန်း မက်ရာမှ လန့်နိုးလာသော ရဟန်းတော်ကြီးသည် အိပ်ရာမှ ကပျာကယာ အမြန်အဆန်နှင့် လူးလွန့်ထလိုက်ပြီး "အိုး ‥‥ ဆန်းကြယ်ပါပေ့၊ ထူးခြားလှပါပေ့။ ငါ အိပ်မက်ထူး၊ အိပ်မက်ဆန်း၊ အိပ်မက်ကောင်းကို မက်နေပါ ပေါ့။ ငါ့ကို အိပ်မက်ပေးတဲ့ ပုဂ္ဂိုလ်ထူးကြီးဟာ ပထမံ ဘိုးဘိုးအောင် ဝိဇ္ဇာဓိုရ်ကြီးပဲ ဖြစ်နိုင်ပေတယ်။ ကေန္တတော့ ဒီ ခေါ်တာပဲဖြစ်နိုင်တယ်။ ငါအမြန်သွားမှဖြစ်မယ်။ ငါ သွားမယ်"ဟု ဝမ်းပန်းတသာနှင့် တွေးဆဝေခွဲလိုက်ရင်း ပထမံဘိုးဘိုးအောင်၏ မူလဇာတိမွေးရာမြေမွန်နှင့် ပထမံဘိုးဘိုးအောင် တည်ထားခဲ့ရာ ရွှေစေတီဆီသို့ အမြန်သွားရောက်ရန် ချက်ချင်းပင် ဆုံးဖြတ်လိုက်လေသည်။

ရဟန်းတော်ကြီးအနေနှင့် တကယ်တော့ ဝိပဿနာ မေတ္တာနုကမ္မဋ္ဌာန်းတရားကို အဓိကအနေနှင့် ကျင့်ကြံအားထုတ် ပွားများသူ ရဟန်းကြီးဖြစ်ပါသည်။ ထို့အတူ လောကီနှင့် ပရမတ် နှစ်ဖြာဟူသည့် စကားလာအတိုင်းပင် လောကီကိုလည်း ယှဉ်ကာတွဲ၍ ပွားများလုပ်ဆောင်လေ့ရှိခဲ့သည်။ နှစ်စဉ် အမြဲဆိုသလိုလည်း တရားစခန်းတွေ တည်း ဘုရားစေတီအစုံတွေ လှည့်လည်ဖူးမြော်သည်။ ဂန္ဓာရီလှည့်သည့်သဘောနှင့် နေရာဒေသအနှံ့အပြားသို့ သွားရောက်ခဲ့ရင်း ပုဂ္ဂိုလ်ထူးကြီးများကို တွေ့ကြုံဆုံစည်းခဲ့ရဖူးသည်။ ထို့အတူ ကံထူးလှစွာနှင့် ပုဂ္ဂိုလ်ထူးကြီးများ ပေးအပ်ရာ သိဒ္ဓိ၊ မဟိဒ္ဓိဝင် အဆောင်ပစ္စည်းထူးအချို့ကိုလည်း ရခဲ့ဖူးသည်။

နောင် ခြောက်လခန့်အကြာ၌ ဆောင်းဦးပေါက်ကာလ၏ တစ်ရက်တွင် ရဟန်းတော်ကြီးသည် သူ၏ ကြီးမားထက်သန် ပြင်းပြသော အဓိဋ္ဌာန်အတိုင်းပင် ပထမံဘိုးဘိုးအောင်၏ မွေးခဲ့ရာ၊ ကျင့်ကြံခဲ့ရာ၊ စေတီတည်ခဲ့ရာ၊ ကုသိုလ်ပြုခဲ့ရာ ဒွေးအောင်မြေ တောင်တွင်းကြီးမြို့နယ်ဆီသို့ တစ်ပါးတည်းပင် ထွက်ခဲ့လေသည်။ ရဟန်းတော်ကြီး၏ အတိသဒ္ဓါ၊ အဓိဋ္ဌာန်ချက်တို့ဖြင့် ပထမံဘိုးဘိုးအောင်၏ သိဒ္ဓိ၊ မဟိဒ္ဓိ တန်ခိုးတို့ကြောင့်လား။ ပဋ္ဌာန်းဆက်တို့ကြောင့်လားမသိ။ ရဟန်းတော်ကြီးသည် ပထမံဘိုးဘိုးအောင် မွေးဖွားခဲ့ရာ ဒေသနှင့် ရွာအရင်းဆီသို့ ချောချောမောမောနှင့် ဆိုက်ဆိုက်မြိုက်မြိုက်နှင့် အလွယ်တကူ တန်းတန်းမတ်မတ် မလွဲမချော်ပင် ရောက်ရှိသွားခဲ့လေသည်။ သဲကန်ရွာဟု အမည်ရှိကြောင်း သိရပါသည်။ ရဟန်းတော်ကြီးသည် ထိုရွာဆီသို့ ရောက်ရှိပြီးနောက် ပထမံဘိုးဘိုးအောင်တည်ထားခဲ့သော စေတီတော်နှင့် ဘုရားရုပ်ပွားတော်မြတ်များကို အရင် ပူဇော်ဆက်ကပ်သည်။ မေတ္တာပို့ အမျှဝေသည်။ ဆိုင်ရာပိုင်ရာတို့နှင့် မူရင်းအဓိကပဓာန အလှူတော်ကုသိုလ်ရှင်ဖြစ်သော ပထမံဘိုးဘိုးအောင်တို့ကို တိုင်တည် အမျှဝေသည်။ ပြီးက ပထမံဘိုးဘိုးအောင်ပေးခဲ့သော အိပ်မက်ပါ ဩဝါဒညွှန်ကြားချက်အတိုင်း စေတီ၏ ကြာသပတေးထောင့် ရဟန်းတော်ကြီး၏ မွေးနံတော်ဂြိုဟ်ထောင့်တွင် ဓမ္မနုဝိပဿနာတရားတော်ကို ပြင်းထန်စွာ ရှုမှတ်အားထုတ်ပွားများသည်။ ပြီးက ပထမံဘိုးဘိုးအောင်၏ ဂါထာတော်ဖြစ်သော 'စဓဗဝ' ဂါထာတော်ကြီးကို ပုတီးစိပ်သည်။ ထို့အတူ အခြား သိဒ္ဓိ၊ မဟိဒ္ဓိဝင် ဂါထာတော်များကိုလည်း ရွတ်ဖတ်သည်။ လူနတ်ဗြဟ္မာတို့နှင့် သတ္တဝါတို့ကို မေတ္တာပို့ အမျှဝေသည်။ ရဟန်းတော်ကြီးအနေနှင့် ထိုစေတီတော်၌ တင်ပြပါများအတိုင်း ကျင့်ကြံအားထုတ် ကြိုးပမ်းခဲ့ရာ၌ ပထမရက်၌ မထူးခြား။ ထို့အတူ ဒုတိယရက်၌လည်း မထူးခြား။ တစ်ခါ တတိယရက်ဆီ၌လည်း မထူးခြားသေး။ တစ်ဖန် စတုတ္ထရက်နှင့် ပဉ္စမရက်တို့၌လည်း တစ်စုံတစ်ရာ

www.burmeseclassic.com

နှင့် အတန်ငယ်မျှ ဘာမျှပင် မထူးခြားသေး။ အကျိုးအကြောင်းဆက်တို့ မပေါ်ထွန်းသေး။ ထိုသို့ တင်ပြပါအတိုင်း ငါးရက်တိုင်တိုင်မျှ နေထွက်မှ နေဝင်သို့တိုင် တစ်နေ့တာလုံးမျှ ကျားကုတ်ကျားခဲ အသဲအမဲမျှ ကျင့်ကြံအားထုတ်သော်လည်း ဘာတစ်ခုမျှ မထူးခြားခဲ့ရသော်လည်း ရဟန်းတော်ကြီးသည် ခိုင်မာစူးနစ် ထက်သန်ပြင်းပြသော အဓိဋ္ဌာန်ရှိသူပီပီ လုံးဝပင် စိတ်အင်အားမလျှော့ခဲ့ချေ။ စိတ်ဓာတ်မကျခဲ့ရှာချေ။ "တပည့်ခိုင်မာ ဆရာလာသည်"၊ "အလုပ်မှန်ရင် ရကိုရသည်"ဟူသော ဝိဇ္ဇာဓရ လမ်းစဉ်နှင့် သမားစဉ်လာများအတိုင်းပင် ရဟန်းတော်ကြီးသည် ဆက်လက်၍သာ ကျင့်ကြံအားထုတ်ခဲ့လေသည်။ ထို့အတူ သိဒ္ဓိ၊ မဟာသိဒ္ဓိရှင်ကြီးဖြစ်သော သိဒ္ဓိ၊ မဟိဒ္ဓိဦးသျှောင် အဖေကြီး ဘိုးမင်းခေါင်၊ အောင်မင်းခေါင်၏ ဝိဇ္ဇာလာ ဩဝါဒါစရိယဖြစ်သော အလုပ်စခန်းနှင့် ကုသိုလ်ဒါန ဘာသာသာသနာစခန်းမှာ ရှေ့ဆီကိုသာ တက်လှမ်းပါဟူသော စကားမွန်အတိုင်းလည်း ရဟန်းတော်ကြီးသည် ထိုနေ့၌ ထိုစေတီတော်မြတ်၌ ပိုမိုတိုးမြှင့်၍သာ ဆက်လက်ကာ ကျင့်ကြံအားထုတ်၍ ကြိုးပမ်းခဲ့လေသည်။

ထိုသို့ အားထုတ်ကြိုးပမ်း ကျင့်ကြံခဲ့ရာ ခြောက်ရက်မြောက် ဆဌမမြောက် နေ့ရက်တွင်တော့ ရဟန်းတော်ကြီးအနေနှင့် ထူးခြားခဲ့ရပေပြီ။ ပွင့်ခဲ့၊ ပေါက်ခဲ့၊ အောင်ခဲ့ပေပြီ။ အရကြီးမျှ ရခဲ့ပေပြီ။ ဖြစ်အင်ခြင်းရာဆန်းကြီးများအကြောင်းနှင့်အကျိုး ရလဒ်ထူးကြီးမှာ ထိုခြောက်ရက်မြောက် ဆဌမနေ့ရက်၌ တစ်နေ့တာ အလုပ်စခန်းများပြီးဆုံး၍ မေတ္တာပို့ အမျှအတန်းများဝေပြီး ပထမံဘိုးဘိုးအောင်အား တိုင်တည်ပူဇော် ခွင့်ပန်ကာ မှောင်ရိပ်ပျိုးစပြုကာ အချိန်လွန်ပြီဖြစ်၍ တည်းခိုရာ ကျောင်းဆီသို့ ပြန်ရန်အတွက် မျက်လုံးများဖွင့်ကာ လှမ်းအထနှင့် ရှေ့နားဆီသို့ အကြည့်နှင့် မျက်စိအရောက်တွင် ရှေ့နားရှိ မိမိ၏ စုပုံ၍ကျနေသော သင်္ကန်းထက်ပေါ်တွင် အဖြူရောင် ဓာတ်လုံးတစ်လုံးနှင့် ငွေကြိုးပတ် စမခတ် အဝါရောင် စလွယ်တော်တစ်ခုတို့ကို ရဟန်းတော်ကြီးသည် အံ့ဩတမောရင်သပ်ရှုမောနှင့် ဝမ်းပန်းတသာစွာနှင့် အထင်အရှားအသေအချာ၊ အပီအပြင်မျှ ကပ်ကာ အဖွေးသားဆိုသလို တွေ့မြင်ရတော့ခြင်းပင် ဖြစ်လေတော့သည်။

လှေ့လာမှတ်သား မေးမြန်းရချက်တို့အရ ရဟန်းတော်ကြီး ရခဲ့သော အဖြူရောင်ရှိ ဓာတ်လုံးမှာ ပဲကတ္တီပါစေ့ခန့်မျှရှိပြီး စလွယ်တော်၊ စလွယ်ကြိုးမှာ အဝါရောင်ရှိပြီး ငွေပြားကိုးခုကို အင်းစမတို့နှင့် ခတ်ထား၊ စီရင်ထား၍ အရှည်ပတ်လည် နှစ်ပေနီးပါးခန့်မျှ ရှိနိုင်ကြောင်း သိရှိရပါသည်။

ရဟန်းတော်ကြီးသည် ပထမံဘိုးဘိုးအောင်ပေးရာ ထိုဓာတ်လုံး စလွယ်တော်တို့ကို ထွတ်မြတ်စွာ ချိတ်ဆွဲဆောင်သထားရှိပြီး ထိုသိဒ္ဓိ၊ မဟိဒ္ဓိအဆောင်ပစ္စည်းထူးနှစ်ခုနှင့် လူမှုရေးအကျိုးတော်ဆောင်အနေနှင့် လိုအပ်တောင်းဆို အာရုံရရှိ၍ ညွှန်ကြားလာပါက မန်းမှုတ်သရဖျှာယ်ပေးခြင်း၊ ကုသဆုတောင်းပေးခြင်း၊ မေတ္တာပွား၍ သိဒ္ဓိ၊ မဟိဒ္ဓိစွမ်းအားများ ကူးပေးခြင်း၊ သနရှင်း၊ သိဒ္ဓိတင်ပေးခြင်းများကို လုပ်ဆောင်ပေးခဲ့လေသည်။

ရဟန်းတော်ကြီးအနေနှင့် ပထမံဘိုးဘိုးအောင်အနေနှင့် အိပ်မက်နှင့်ရော၊ ပြင်ပ ပကတိတွင်ပါ အထင်အရှား၊ အသေအချာ၊ အထင်ကရ ပေးခဲ့ရာဖြစ်သော ထိုထူးခြားဆန်းပြားလှသော သိဒ္ဓိဝင်ဓာတ်လုံးနှင့် စလွယ်တော်တို့ကို ရရှိခဲ့ပြီးနောက် ကုသိုလ်နှင့် ဘာသာရေးများ၊ တရားအလုပ်စခန်းများ၊ ဝိဇ္ဇာဓရ ဝိဇ္ဇာလမ်းကြောင်းနှင့် အသွားလုပ်ရပ်များ၊ ပုဂ္ဂိုလ်ရေး၊ အများအကျိုးဆောင်ရေးတို့တွင် ယခင်အခါကာလနှင့် ဘဝများထက် အထူးတလည်မျှ ပိုမို၍ ထူးခြားတိုးတက် ပွင့်လန်းပေါက်ခဲ့ရလေသည်။ ထိုပုဂ္ဂိုလ်ထူးပေးခဲ့သော သိဒ္ဓိ၊ မဟိဒ္ဓိဝင် အဆောင်နှစ်ခုတို့မှာလည်း ထိုရဟန်းတော်ကြီး၏ လက်ဝယ်တွင် ယနေ့ထက်တိုင် ထွတ်မြတ်စွာပင် ရှိနေဆဲပင်ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

*ဝန်ခံချက် ။ ။ ၆၂ ကြိမ်မြောက် အဘအောင်မင်းခေါင်ထွက်ပွဲကြီးသို့အသွား လမ်းခရီးအကြား၌ ရဟန်းကြီးတစ်ပါး ပြောပြခဲ့ရာ ကြားသိခဲ့ရသော ဝိဇ္ဇာဓရလာဖြစ်ရပ်ဆန်းအား လက်ကမ်းတင်ပြခြင်း ဖြစ်ပါသည်။*

**မော်တင်သိန်းဇော်**

www.burmeseclassic.com

# စောင့်ရင်းနဲ့ ပန်းတွေနမ်း

## ရှယ်လီသိန်းမောင် (စိန်မိုက်ကယ်)

မင်းတုန်းမင်းတရားကြီးသည် တိုင်းပြည်၏ အထွတ်အထိပ်ပုဂ္ဂိုလ် ဖြစ်ပါ၍ စည်းစိမ်ချမ်းသာများစွာကို ခံစား၊ စံစားနိုင်လေသည်။ သို့သော် တရားသဘောကို ဆင်ခြင်မိသောအခါများတွင် သံဝေဂရကာ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို ခံစား၊ စံစားလိုစိတ်များ တဖွဖွပေးပေါက်လာပါတော့သည်။

အထူးသဖြင့် နန်းတွင်းသို့ ဆရာတော်များကြွရောက်လာသောအခါ ပို၍ နိဗ္ဗာန်ချမ်းသာကို ခံစားလိုပေသည်။ အလုပ်အမှုအပင်များရသော ဘုရင်ဘဝထက် ဆရာတော်ကြီးများကဲ့သို့ ငြိမ်းချမ်းသောဘဝ၊ မပူမပင်ရသောအဖြစ်လိုလိုချင်ချင် တောင့်တအားကျမိပါတော့သည်။

သို့အတွက် ဆရာတော်ကြီးနှင့်တွေ့သောအခါတိုင်း၊ ကြွသောအခါတိုင်း ညည်းညည်းညူညူနှင့် –

"မှန်လှပါ အရှင်ဘုရား။ တပည့်တော်တော့ ဒီလောက စည်းစိမ်ကို ငြီးငွေ့လှပါပြီ။ ဒီသံသရာဝဋ်ဆင်းရဲ၊ ကာမဂုဏ်အာရုံတွေ ထွေပြားများမြောင်လှတဲ့ လူ့လောကကြီးကို တကယ်စိတ်ကုန်ပါပြီဘုရား။ ဒါကြောင့် သံသရာမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းဖြစ်တဲ့ ဘာဝနာကမ္မဋ္ဌာန်းများကို စီးဖြန်းအားထုတ်ချင်လှပါပြီဘုရား" လို့ တင်လျှောက်လေ့ရှိပါတယ်။

ဤတွင် ဗန်းမော်ဆရာတော်ဘုရားက စိတ်ထဲတွင် မတွေ့လျှင် မတွေ့သည့်အတိုင်း ပြောတတ်၊ ဆိုတတ်လေ့ရှိသည့်အတွက် မင်းတုန်းမင်းတရားကြီး၏ ဤစကားမျိုးကို ကြားရဖန်များလာသောအခါ သည်းခံနိုင်သော အတိုင်းအတာထက် ကျော်လာပြီဖြစ်ပါ၍ ဗန်းမော်ဆရာတော်ဘုရားက –

"ဒကာတော် ရေမြေ့ရှင်၊ ဒကာတော်ဟာ ဘုန်းကြီးတို့နဲ့ တွေ့လိုက်တိုင်း ဆုံတိုင်းလိုလိုပဲ တောထွက်တော့မလိုလို၊ ဘုန်းကြီးပဲဝတ်တော့မလိုလို ပြောနေတာ များလှပါပြီ။ ဒကာတော်ရဲ့ ပြောစကား၊ ဒကာတော် နေထိုင်တာကြည့်ရတာ ပျိုးနုတ်သမားကိုစောင့်နေသလိုလို၊ ပန်းရောင်းမထွက်နိုင်တဲ့ ပန်းသည်လိုတော့ ဖြစ်နေပြီ"

ဟု မိန့်တော်မူပါလေလျှင် မင်းတုန်းမင်းကြီးနှင့် မင်းပရိသတ်တို့က တောင်းဆိုသဖြင့် အောက်ပါအတိုင်း ဟောတော်မူလေသည်။

•••

ရှေးအခါက ကျေးရွာတစ်ရွာမှာ ပန်းများကိုစိုက်ပျိုးပြီး ရွာစဉ်လိုက်ကာရောင်းတဲ့ ပန်းသည်တစ်ယောက် ရှိပါသတဲ့။ ထိုခေတ် ထိုအခါက အမျိုးသမီးများသည် ကောက်စိုက်ကောင်းဖြစ်ချင်လို့ ကောက်စိုက်နေတာတွေ့ရင် အမျိုးသမီးအချင်းချင်း အကဲခတ်ကြပါတယ်။ ယောကျ်ားသားများကလည်း ပျိုးနုတ်ကောင်းတဲ့လူများကိုတွေ့ပါရင် အဲဒီလူကိုဂရုစိုက်ကြည့်လေ့ရှိသည်မှာ ထုံးစံပင်ဖြစ်ပါတယ်။

အဲဒီလိုနဲ့ လှည့်လည်ပန်းရောင်းရင်း ရွာတစ်ရွာရောက်တော့ ပျိုးခင်းကြီးတစ်ခုနားမှာ ပျိုးနုတ်မယ့် လူတစ်ယောက်ကို ပန်းသည်က တွေ့ရပါသတဲ့။ ဒီတော့ ပန်းသည်ကြီးက ဒီလူ့ခါးပုံစမှာ ပျိုးစည်းဖို့ နှီးစည်းညှပ်ထားတာကိုတွေ့ပြီး "ဒီလူတော့ အခုပဲ ပျိုးနုတ်တော့မယ်ထင်တယ်။ ငါတော့ ပျိုးနုတ်တာ ခဏဝင်ကြည့်ဦးမယ်လေ" လို့ စိတ်ကူးပြီး ပျိုးခင်းနားက အရိပ်ကောင်းတဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝင်နားနေလိုက်တာပေါ့။

ပျိုးနုတ်မယ့်လူကလည်း ခါးပုံစထဲကနှီးကိုဖြုတ်ပြီး ပျိုးခင်းလယ်ထဲက ရေစပ်မှာ ရေစိမ်ထားလိုက်သတဲ့၊ ပြီးမှ ပါလာတဲ့ထမင်းထုပ်ကိုဖြေပြီး "ဗျို့ ... ပန်းသည်ကြီး ထမင်းစားပါဦးလား။ ကျုပ်ကတော့ ဒီပျိုးခင်းနုတ်သည်း



www.burmeseclassic.com

www.burmeseclassic.com

**ပန်းသည်ကြီးကတော့ ပျိုးနုတ်သမားရဲ့စွမ်းရည်ကို ကြည့်ချင်တာနဲ့ "ဘာပဲဖြစ်ဖြစ် ဒီလူပျိုးနုတ်တာကိုတော့ ကြည့်ဖြစ်အောင်ကို ကြည့်ရမယ်" လို့ စဉ်းစားကာ ဆေးလိပ်သောက်ရင်း စောင့်နေတာပေါ့။**

ခဏလေးပါ။ ထမင်းအရင်စားလိုက်ပါဦးမယ်ဗျို့" လို့ ဆိုပြီး ထမင်းစားနေသတဲ့။ ပန်းသည်ကြီးကလည်း –

"စားပါ၊ စားပါဗျာ။ ကျုပ်စားခဲ့ပြီးပါပြီ။ အခုလည်း ကျုပ်မောလို့ ခဏနားနေတာပါ" လို့ ပြောပြီး ဆေးလိပ်သောက်ရင်းက "အင်း . . . ဒီပျိုးနုတ်သမားကတော့ တော်တော်ကို ပျိုးနုတ်သန်တယ်ထင်တယ်။ သူ့အပြောကတော့ ဒီလောက်ကြီးတဲ့ ပျိုးခင်းကြီးတောင် ခဏနဲ့နုတ်မယ်လို့ ထင်တယ်။ ငါဒီလူပျိုးနုတ်တာ ဆက်ပြီးစောင့်ကြည့်မှတော်မယ်" လို့ စိတ်ကူးနဲ့ အေးအေးဆေးဆေး နားနေလိုက်တာကိုး။

ဒီလိုနဲ့ ပျိုးနုတ်သမားလည်း ထမင်းစားပြီးတာနဲ့ ခေါင်းမှာပေါင်းလာတဲ့ ပုဆိုးစကို လုံးထွေးပြီး အရိပ်ကောင်းတဲ့သစ်ပင်ရဲ့ သစ်မြစ်တစ်ခုပေါ်တင်လိုက်ကာ အိပ်ပြီး ဆေးလိပ်သောက်ရင်း တစ်ယောက်တည်းပြောသလိုလိုနဲ့ –

"အင်း . . . ထမင်းစားတော့များသွားပြီ။ ဒီပျိုးခင်းလောက်တော့ နေညိုမှနုတ်လည်း ခဏပါပဲ" လို့ ပြောပြီး အိပ်ပါလေရော။

ပန်းသည်ကြီးကတော့ ပျိုးနုတ်သမားရဲ့စွမ်းရည်ကို ကြည့်ချင်တာနဲ့ "ဘာပဲဖြစ်ဖြစ် ဒီလူပျိုးနုတ်တာကိုတော့ ကြည့်ဖြစ်အောင်ကို ကြည့်ရမယ်" လို့ စဉ်းစားကာ ဆေးလိပ်သောက်ရင်း စောင့်နေတာပေါ့။

ညနေစောင်းလာတော့ ပျိုးနုတ်သမားနိုးလာပြီး နေကိုမော့ကြည့် လိုက်တယ်။ ပြီးတော့ ခေါင်းအုံးအိပ်ထားတဲ့ ပုဆိုးကို ခေါင်းမှာပြန်ပတ်လိုက်ပြန်တယ်။

"အင်း . . . နေများ တယ်လည်းအကျမြန်တာကိုး။ အချိန်လည်းနည်းနေပြီ။ မနက်ဖြန်မှနုတ်လည်း ဒီအခင်းလောက်ကတော့ ခဏပါပဲ။ ကဲ . . . ပန်းသည်ကြီး၊ ကျုပ်ပြန်လိုက်ဦးမယ်နော်" လို့ နှုတ်ဆက်ပြီး ပျိုးခင်းစပ်မှာ ရေစိမ်ထားတဲ့ နှီးစည်းကိုပြန်ယူကာ ခါးပုံစထဲညှပ်ပြီး အိမ်ပြန်သွားသတဲ့။

"အဲဒီအတိုင်းပါပဲ ဒကာတော်ရေမြွေရှင်၊ ပျိုးနုတ်နိုး ပျိုးနုတ်နိုးနဲ့ စောင့်နေပြီး ပျိုးမနုတ်တော့မှ ပန်းတွေညှိုးလို့ ပန်းရောင်းမထွက်နိုင်တဲ့ ပန်းသည်ကြီးလို ဒကာတော်မင်းမြတ်လည်း တစ်နေ့လည်း တောထွက်နိုး၊ တစ်ရက်လည်း တောထွက်နိုးနဲ့ စောင့်ကြရတာ ဆရာတော်တို့မှာ စာကြည့်ပျက်၊ တရားကျင့်ပျက်လှတယ်ကွယ်။ ပြန်ကြတော့မယ်" လို့ မိန့်ကာ ချက်ချင်းထပြီး ကြွသွားပေ ်မူလေသတည်း။

သို့ပါ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့လည်း သံသရာမှ လွတ်မြောက်စေလိုကြပြီး လွတ်မြောက်ရန် လမ်းညွှန်များကိုလည်း သိရှိနားလည်ကြပါသည်။ သို့ပါသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နေ့ရွှေ့၊ ညရွှေ့ ရွှေ့ကာ နိဗ္ဗာန်ရောက်ကြောင်း တရားများကို အားမထုတ်မိပါက သံသရာစဲကယက်တွင် ကျင်လည်နေကြရမည်သာဖြစ်ပါ၍ ရရှိလာသော အချိန်ကလေးမှာ ရသလောက်၊ တတ်နိုင်သလောက် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားများကို ကျင့်ကြံအားထုတ်ကြပါစေ စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။

*အလက်ာနှင့်ပုံပြင်များ အခွန့်ရှည်ပါစေ . . .*

**ရှယ်လီသိန်းမောင် (ဆိန်မိုက်ကယ်)**

**မှတ်ချက်** ။ ။ သပြေညိုလှမင်း၏ ဗန်းမော်ဆရာတော် စကားအလက်ာနှင့် ပုံပြင်ဝတ္ထုများမှ သာကေးပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် ၅၄တေးတစ်ခွင် ဟာသများ

## ဦးကောင်းထူး

### ပိုလို့တောင် ဆိုးပါသေး

ညဘက် အရက်ဝိုင်းတွင် ဖြစ်ပျက်ခဲ့သည်များကို နက် လက်ဖက်ရည်ဆိုင်၌ ပြန်ဆုံကြလေသော် စားမြုံ့ ပြန်နေကြလေ၏။

"မင်းတို့ကတော့ကွာ ... အရက်များဆိုရင် နွားငတ် ရေကျ အနံ့ရရုံနဲ့ အမြီးနှန့်နေတဲ့ ဟိုအကောင်တွေလိုပဲ"

"အံမယ် ... ငါတို့တော့ ပြောတယ်။ မင်းတို့က တော အောင်နက်နဲ့ ကုပ်ကျား ဘာထူးတာမှတ်လို့။ မူး လိုက်ကြတာ ဥမ္မာဒန္တီအိမ်ရှေ့မှာ ပုဏ္ဏားတွေ ဖင်ထောင်ပြီး ရှာကူးနေသလားမှတ်ရ"

□

### သတိရလိုက်တာမှ

ဘုန်းကြီးလူထွက်ဖြစ်သော လူပြန်တော်တစ်ယောက် သည် မိမိနေထိုင်သည့် ကျောင်းအနီးရှိ လယ်ကွက်၌ ထိပ်ဟန်းတကြီး လယ်ထွန်နေရှာ၏။ ကျောင်းထိုင်ဆရာ တော် ဖြတ်ကြွသည်နှင့် ကြုံသဖြင့် ထွန်ပေါ်ကဆင်းကာ ရှိခိုးပ်ဝတ်ဖြည့်လေသော် –

"ရသေ့ကြီးရဲ့ မှတ်ဆိတ်မွေးကို မိဖုရားကြီးက ဆောင့်ဆွဲတဲ့ဇာတ်ကို သတိမရဘူးလား ကိုရင်ဒကာ"

ဆရာတော်စကားအဆုံး လူပြန်တော်က ယခုကဲ့သို့ ပြန်လျှောက်ထားလေ၏။

"ရပါပြီဘုရား။ ရပုံများတော့ တပည့်တော်ရဲ့ အသား အရေသာ ကြည့်ပါတော့ဘုရား။ ခရမ်းသီးမီးဖုတ်ထားတဲ့ အတိုင်းပါပဲဘုရား။ ကျောတစ်ပြင်လုံးလည်း မိကျောင်း အရေခွံခွာပြီး နေလှန်းထားသလား မှတ်ရ။ ဒီကျောင်းနား လာပြီး လယ်လုပ်မိတာကတော့ ဘုရားပရိဂ္ဂဟ်ကျောပေး ရက် အိမ်သာဆောက်မိသလို ဖြစ်နေပါပြီဘုရား"

ဟူ၍ ဖြစ်သည်။

□

### အကျီသာ ချုပ်ဝတ်လိုက်ပါတော့

သစ်ဆိုင်တစ်ဆိုင်၌ ဝယ်သူ၊ ရောင်းသူများ အလုပ် ရှုပ်နေကြချိန် ဖြစ်၏။ လှတောသားတစ်စု သစ်ဝယ်ရန် သစ်များကို လျှောက်ကြည့်ခဲ့ရာက တစ်ယောက်က စကား စလိုက်ပုံမှာ –

"ထူထူလိုချင်တော့မှပဲ သစ်ပါးတွေချည်း တွေ့ပါ ကလား။ ၁ ခွဲဆိုတဲ့ ပျဉ်ဟာ ငါ့အထင်တော့ တစ်မတ်မှ ပြည့်ရဲ့လား မသိဘူး။ တယ်စွန်းတာပဲ"

ဒီတော့ နောက်တစ်ယောက်က ဖောက်ပြီး –

"အလိုလေးကွဲ့ ... ပျဉ်တဲ့။ ဖော့ရှုန်တို့ တက်ထရက် ရှန်တို့လားမှတ်ရ။ အိမ်မကာပါနဲ့ကွာ၊ အကျီသာ ချုပ်ဝတ် ပါတော့"

□

### လွှန်ကို လွှန်လွှန်းတယ်

ထမင်းကျွေးသည့် မင်္ဂလာဆောင်တွင် ကာလသား များ တပျော်တပါး စားနေကြ၏။ စားသမှ အလှအယက်။ ဝေသာလီပြည် ဘီလူးဝင်သကဲ့သို့ အရိုးတွေ တောင်လုံးပုံ သွားသည်အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



ဤ္ကွင် ဟင်းလိုက်သူတစ်ယောက် ဝင်၍ နောက်ပြောင်လေ၏။

"မင်းတို့ဝိုင်းကလည်း ဖွန်းသံ၊ ပန်းကန်သံတွေ ဆူညံနေတာပဲ။ ကြွေပစ်ကစားသလား မှတ်ရတယ်"

ပြောပြောဆိုဆို အနားကပ် ရှေ့တိုးကြည့်လိုက်ရာက ထပ်ပြောလိုက်ပြန်၏။

"ဟာလိုလေး ... မင်းတို့ဝိုင်းဟာ ဘဝပေါင်းငါးရာ ငတ်တွင်းကျလာတဲ့ မိတ္တဝိန္ဒက ဆွေမျိုးတွေများလား။ ဟင်းလိုက်တဲ့ ယောက်ချိုမှ စားပွဲက မရှုပ်ရသေးဘူး။ ပန်းကန်က ပပ်ကြားအက်နေပြီကောကွယ်ရို့"

□

## ကွာပုံများကတော့

လူတောသားတစ်ယောက်ကို ရန်ကုန်သားတွေက အရက်တိုက်မယ်ဆိုပြီး ဟိုတယ်ကို ခေါ်သွားတယ်။ ဟိုတယ်အရက်က ဈေးကြီးသလောက် အရသာက မတွေ့။ သုံးခွက်မျှ သောက်မိပြီးသည့်နောက် အာရှင့်လာကာ ရင်ဖွင့်ပါလေ၏။

"မင်းတို့ ဝီစကီဆိုတာ ငါတို့ရွာက အရက်နဲ့များတော့ ကွာပါ့။ အရက်ပြန်နဲ့ရေ ကွာသလိုပဲ။ တို့ရွာအရက်က ဦးရေမဆိုထားနဲ့ နောက်ရေသောက်မိရင်တောင် လည်ချောင်းထဲ ရွှားမီးခဲကြီး လျှောကျသွားသလားမှတ်ရ။ ဒီအရက်သောက်ထားသူရဲ့ ကျင်ငယ်ရေကို မတော်တဆ သွားနမ်းမိတဲ့ နွားတွေတောင် တစ်ခါတည်း ရှောင်လင်သိုင်းသမား ဖြစ်သွားတော့တာပဲ"

□

## ရိုက်ချက်မဟုတ်တဲ့ ကိုက်ချက်

မိုးရာသီကာလအတွင်း ရန်ကုန်သို့ရောက်သွားသည့် လူတောသားတစ်ယောက် ရွာသို့ပြန်လာသည့်အခါ ခြင်ဒဏ်ကို ဖွဲ့ပြလေ၏။

"ဟာလိုလေး ... ရန်ကုန်ခြင်ကိုက်ချက်ကတော့ ရှားစောင်းလက်ပပ်ချိုထဲ ကျွမ်းပစ်လဲတဲ့လူ ဆူးခြစ်ရာတွေဖုံးနေသလို တစ်ကိုယ်လုံး ခြင်ဖုနဲ့ ကုတ်ရာချည်းပါပဲဗျာ"တဲ့။

□

## ဘယ်လိုမှကို မမီဘူး

လူတောသား လယ်သမား ... ား နွားဝယ်ဖို့ရာအတွက် ရွာတစ်ရွာသို့ ရောက်သွားခဲ့လေ၏။ နွားကျွမ်းကျင်သည့် နွားဆရာလည်း ပါလာ၏။ နွားဝယ်လိုသူများမှာ နွားကောင်းရတော့မည်ဆိုပြီး ပျော်နေကြလေ၏။

ထိုအခိုက် နွားရှင်တစ်ယောက်နှင့် တွေ့လေရာ သူ့နွားသူ မွမ်းပြီး –

"နွားအလှကတော့ ဒီနယ်မှာ စံတင်ထားရတဲ့ နွားပါဗျာ"

ဟု ပြောလိုက်ရာ နွားကြည့်သည့် လူတောသားနွားဆရာက –

"ဟုတ်ပါရဲ့ဗျာ။ ဟိုရုပ်ရှင်မင်းသားကို ချုံဆွဲပြီး ဆင်ပေးထားတာတောင် ဒီနွားရဲ့အလှကို မမီတန်ပါဘူး"

□

## နိမ်ကြပြီဆိုမှဖြင့်

တစ်ရွာသူနှင့် အိမ်ထောင်ကျပြီး ရွာပြောင်းသွားသော လူတောသားတစ်ယောက်သည် ဝက်လက်ကားစီးရန် လှည်းတောဂိတ်သို့ ရောက်လာ၏။

ဤတွင် ပြောမနာ ဆိုမနာ သူငယ်ချင်းလူတောသားတစ်ယောက်နှင့် ဆုံမိပါလေ၏။ ထိုအခါ မာကြောင်း သာကြောင်း နှုတ်ဆက်ပြီး ရွာခံလူတောသားက မငြေ့မပျက်

www.burmeseclassic.com

ရိုသွဲ့သွဲ့လေး ပြောလိုက်၏။

"ငါတို့ရွာကို ပုန်ကန်သွားတဲ့ကောင် ကားစီးရင်တော့ လူတောကို ဦးခိုက်ရတာပဲ မဟုတ်လား"

"ပုန်ကန်တာလည်း အဆိုးမဆိုနဲ့ သူငယ်ချင်း။ မင်းတို့ရွာက မွဲလည်းမွဲသေး၊ ကပ်စေးနဲ့ရာမှာလည်း ဘယ်သူ့ထိုက်မီလို့လဲ။ နွားဖာချေးကို ဟင်းခတ်မှုန့်လုပ်စားကြတာ"

တစ်ဖက်က ပြန်နှက်လေရာ ရွာခံသူငယ်ချင်းလည်း ချင်းခနဲဖြစ်ပြီး စကားနိုင်လုလိုက်ပုံက –

"အခု တို့ရွာမှာ ကြိုးရှားနေတာ မင်းသိလား သူငယ်ချင်း။ အဲဒါ မင်းတို့ရွာအနားတစ်ဝိုက်က ကြိုးတွေ ကျူးဝယ်ထားလို့တဲ့။ ဘာလုပ်ဖို့ပါလိမ့် စုံစမ်းတော့ ဟလိုလေးကွယ် ... မင်းတို့တစ်ရွာလုံး ဝတ်စရာမရှိလို့ ကြိုးတွေပတ်ဝတ်နေရဆိုပါကလား။ မွဲချက်ကတော့ စံတင်လောက်ပါရဲ့ကွာ"

ဟူသတည်း။

□

## တန်းစီပြီး ပလွေမှုတ်သလို

မှုးမြစ်ရေကို လယ်ထဲသွင်းရန် အလုည့်ကျသည့် လယ်သမားလူငယ်များကို မိခင်ဖြစ်သူက မြွေဘေး၊ ကင်းဘေးကြောင့် ဓာတ်မီးယူသွားရန် သတိပေးလေ၏။

သားများက အင်တင်တင်လုပ်နေသဖြင့် စိတ်တိုလာသည့် မိခင်က ယခုကဲ့သို့ ပြောလိုက်လေ၏။

"ယူသွားမှ ဖြစ်မယ်ဟဲ့။ ဒီအချိန်မှာ မြွေပေါလိုက်ပုံကတော့ မြွေတွန်သံတွေဟာ ကာလသားတွေ တန်းစီပြီး ပလွေမှုတ်နေသလားမှတ်ရ"

□

## ဒီတစ်ခါ ခိုးရင်တော့

တစ်နေ့သ၌ ကင်းလှည့်လာသည့် လုံခြုံရေးရဲဘော်များက လူတောသားတွေနှင့် အဖွဲ့ကျပြီး ပျော်တပြုံးပြုံးဖြစ်နေရာက –

"ခင်ဗျားတို့ လူတောသားတွေကတော့ တကယ်လွယ်ဘူး။ ပြောစရာရှိရင် ပိုးခနဲ ပက်ခနဲ အလွန်အကျွံ့ချည်းပဲ။ ဟိုတစ်ခါ နွားခိုးမှုတုန်းက ပြောလိုက်တာများ ရဲခြေထောက်ချည်ထားတဲ့ ဒရဝမ်ရဲ့နွား အခိုးခံရတယ်လို့ ကြကြဖန်ဖန် ပြောရဲလိုက်ကြတာဗျာ"

ထိုအခါ လူတောသားတစ်ယောက်က အလူးအလဲ ပင် ချေပချက်ထုတ်ပါတော့၏။

"ဟလိုလေး ... ဆရာရယ်၊ ဒီတစ်ခါခိုးရင်တော့ သူခိုးက ကြိုးဖြုတ်ခိုးတော့မှာ မဟုတ်ဘူး။ စဉ်းတီတုံးလုပ်ဖို့ ဒရဝမ်ကို အကောင်လိုက် ပွေ့ယူသွားမှာခင်ဗျ" ဘဲ့။

□

## ပလူးပလဲ မလုပ်ရဲ

တစ်နေ့သ၌ ရွှေဘို–ဝက်လက်နယ်စပ်သို့ ရောက်ရှိလာသော ကားတစ်စီးအား ရှာဖွေရေးက တားလိုက်သည်။ ကားရပ်ပေးလိုက်သည့်အခါ ရှာဖွေရေးက –

"ဆန်ပါသလား"ဟု မေးလေ၏။

ဤတွင် ကားပေါ်ပါလာသည့် လူတောသားက အဖြေပေး၏။

"ဟလိုလေး ... မြွေပွေးနဲ့ နှုတ်ခမ်းချင်းစုပ်ဆို စုပ်ရဲပါတယ်ဗျာ၊ ဆန်နဲ့တော့ ပလူးပလဲမလုပ်ရဲပါဘူး"

□

## နနွင်းတန်ခိုး

လူတောသူ ညီအစ်မနှစ်ယောက်၏ စကားဆန်းလေးတွေလည်း နာခံစေချင်ပါ၏။

"ညီမရေ ... ဟင်းအိုးရေခန်းပလား ကြည့်ပေးပါဦး။ ဒီမှာ ကလေးနို့တစ်ဖက်နဲ့ အထရခက်နေလို့"

"မခန်းသေးဘူး အစ်မ။ ဒါပေမယ့် ခတ်ထားတဲ့ နနွင်းက မွှန်နေတာပဲ။ နနွင်းနုံပြင်းလွန်းလို့ ခေါင်မိုးပေါ်ဖြတ်ပျံသွားတဲ့ ငှက်တွေတောင် မူးမိုက်ပြီး ကျလောက်ပါရဲ့"

"အစ်မခတ်ထားတာ မများလှပါဘူး အေရယ်။ နနွင်းမှုန့်က ကောင်းလွန်းလို့ ဖြစ်ပါလိမ့်မယ်။ ဝယ်သုံးတာမှ နှစ်ရက်ရှိသေးတယ်။ နနွင်းမှိုင်းတက်ပြီး အိမ်မိုးတစ်ခုလုံး ဝါထိန်နေတာပဲ ကြည့်ပေတော့"

□



www.burmeseclassic.com

www.burmeseclassic.com

## လန့်မှာ စိုးလို့ပါ

ရပ်ဝေးမှ ဧည့်သည်များ လှတောသို့ ရောက်လာပြီး ဥယျာဉ်ခြံကို လှမ်းမျှော်ကြည့်ရင်း –

"ဟောဟိုက ဘူးစင်ထင်ရဲ့။ ဘူးပင်တွေက သန်လည်းသန်၊ သီးလည်းသီး၊ ကောင်းမှကောင်းဗျာ"

"ဟုတ်ကဲ့၊ ဘူးပင် မဆိုးပါဘူး။ ကျုပ်တစ်ခြံလုံး ဘူးနဲ့ ကြက်ဟင်းခါးသီးပဲ ရှိတယ်။ ရှိတာလေးပဲ တစ်နပ်ပြီးတစ်နပ် ချက်စားနေကြတာကလား။ ကြာတော့ ဗိုက်ထဲမလည်း မြွေစိမ်းကို ကိုယ်ဝန်ဆောင်ထားရသလို ဖြစ်နေပြီ"

ဧည့်သည်တွေ ပြုံးသွားရာက ရယ်ရတဲ့အထိ ခြံရှင်လှတောသား ပြောလိုက်ပုံကား –

"အင်း ... ကုန်ကုန်ပြောရရင် ကိုယ့်မစင်တောင် မြွေစိမ်းအခွေမှတ်ပြီး လန့်မှာစိုးလို့ ငုံ့မကြည့်ရဲတော့ပါဘူးဗျာ"

ဟူ၍သတည်း။

□

## ကြဲမယ့်ကြဲရင်

ကိုလိုနီခေတ် ကာကီဘောင်းဘီတိုဝတ်၊ လိမ္မော်ခြမ်းသက္ကလတ်ဦးထုပ်ဆောင်း၊ တစ်တောင်လောက်ရှည်သည့် နံပါတ်တုတ်လက်နက်ကိုင်ပြီး ပုလိပ်(ယခု ရဲ)ဆိုသည့်လူတွေ တန်ခိုးထွားနေချိန်က ဖြစ်၏။

ထိုပုလိပ်များအား ကျေးရွာသားတွေသာမက သူကြီးကပါ လက်အုပ်ချီ ဘုရားထူးရအောင် ကြောက်ကြရချေ၏။

သို့ဖြင့် နတ်ကန်ဦးကို ပုလိပ်တချို့ ရောက်လာပြီး ပုဒ်မ၊ ပုဒ်ထီးတွေ အမျိုးမျိုးနှင့် ဖမ်းဆီးရမည့်အမှုတွေ အကြောင်း ဟန်ပါပါ ပြောနေကြလေ၏။ ဤတွင် ရွာသားတချို့က ပဲထည့်သည့်ပုတ်တွေ မ,လာပြီး ပုလိပ်တွေရှေ့ချလေ၏။

"မောင်မင်းတို့ ... ဒါဘာလုပ်တာလဲ"

"ပုဒ်မ,ဆိုလို့ ပုတ်တွေ မ,လာတာပါ"

ရွာသား၏အဖြေကြောင့် ပုလိပ်ကြီး ဒေါ်ဖောင်းသွားလေ၏။

"ဒါ ... မင်းတို့ ငါတို့ကို သက်သက် ပမာမခန့်လုပ်တာကွ"

ဤတွင် နောက်တစ်ယောက်ကလည်း ကြာဖူးနားဝနဲ့ ဝင်ပြီး ခြိမ်းခြောက် ဟိန်းဟောက်ပါလေ၏။

"အစစ်မဲ ... မင်းတို့တစ်ဖွေ အတော်လူပါးဝတယ်။ မင်းတို့ရွာကို ဗုံးကြဲပစ်မယ် သိလား"

ဤသို့ ရွာသားများက မကြောက်သည့်ပြင် မသိသလိုသိသလိုနှင့် အကြောင်းရိုက်ပြောပုံကား –

"ဟာ ... ဗုံးကြဲရင် ကောင်းတာပေါ့။ ကြဲရင်လည်း လောက်လောက်ငငလေး ကြဲကြဗျာ။ အိမ်မှာ ရေထည့်ထားတဲ့ ဗုံး(ပုံး)လိုနေတာနဲ့ ဟန်ကျသွားပြီ။ အိမ်ကဗုံး(ပုံး)တွေ အပေါက်တစ်ရာ အဖာတစ်သောင်း ဖြစ်နေလို့ပါ"တဲ့။

□

## ရတော့မယ် မထင်ဘူး

လူမမာမေးပြီး ဆင်းလာသည့်လူကို နောက်တက်လာသည့်လူက သတင်းမေးလေ၏။

"အခြေအနေ ဘယ့်နှယ်လဲ"

ပထမလူက မပြောကောင်းသည်ကို မပြောချင်သဖြင့် ခေါင်းခါပြီး ရှောင်ပြေးရန် ကြိုးစားလေ၏။

ဒုတိယလူက ကိုယ်ဟန်ပြစကားကို နားမလည်ပေးသည့်အတွက် လက်ဆွဲပြီး အတင်းမေးလေ၏။

"ဘယ့်နှယ်တုံး။ လေဖြတ်ထားတာ စကားပြောနိုင်သေးရဲ့လား"

ပထမလူက စိတ်မရှည်သံနှင့် –

"အေး ... ငါ စိတ်မှန်းရသမျှ လှတောသားပီပီ ရိုးသားဖြောင့်မတ် မှန်ကန်ပြတ်သားစွာ ပြောရရင်တော့ အလွန်မာကျောပြီး ပြောင်ချောနေတဲ့ လိပ်ကျောကိုသာ စွန်ရဲခြေသည်းနဲ့ ကုပ်လို့ရချင်ရမယ်။ လူမမာကတော့ ရတော့မယ် မထင်ဘူး"

● ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com




ကချင်ဆေး ဆရာမကြီး ဒေါ်ကော့၏ သမီး

# ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းထု

မှ

## လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - ၀၁၀၁ ဒ်/ ၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြော နောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး။

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင်ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**

## ဆရာမနှင့်တွေ့ချိန်

* မြစန္ဒာဆေးတိုက် ✵ အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း။ ရန်ကုန်မြို့ ။ ဖုန်း - ၀၁-၃၇၇၀၉၇ (နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"
* နေအိမ်ဆေးခန်း ✵ အမှတ်(၃၁၆)၊ စိမ်းကိန်း (၁)လမ်း၊ သခင်ဖိုးလှကြီးလမ်း၊ တောင်ဥက္ကလာပမြို့ (နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၇၇၅, ၀၉-၇၉၉၅၉၉၃၁၉၈


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျားတစ်ခုန်

## ကြွေတစ်လက်

# ရွှေကွက်သာသူ အောင်ဇေယျ

ကျော်မင်းနိုင်

(တစ်)

"ကျောက်လက်ဝါးတို့ကတော့ ဆုပ်လိုက်ရင် သောက်ရမ်းကြီးပဲ။ သူ့ကြောင့် အရေးကြီးတဲ့ တရားခံတစ်ယောက် သေသွားရပြီ။ အထက်က ငါ့ကို ထုတော့မှာပဲ"

ရဲအုပ်ကြီး ဝရဇိန်သည် သောက်ထက်စဆေးပြင်းလိပ်ကို လက်နှင့်မရွှေ့ဘဲ ညာဘက်နှုတ်ခမ်းစွန်းမှ တစ်ဖက်နှုတ်ခမ်းစွန်းရောက်အောင် နှုတ်ခမ်းကိုလှုပ်ပြီး ပြောင်းရွှေ့ပစ်ရင်း နှုတ်ခမ်းဆုပ်ရုံ ညည်းတွားလိုက်သည်။

တစ်ဖက်နှုတ်ခမ်းစွန်း ရောက်သွားသော ဆေးပြင်းလိပ်ကို မီးခိုးဆောင်းထောင်းထအောင် ဖွာပစ်သည်။

ပြီးတော့ ဆေးပြင်းလိပ်ကို ပါးစပ်မချွတ်ဘဲ မီးခိုးငွေ့များကို မှုတ်ထုတ်နေရာ ထူထဲသော သူ၏နှုတ်ခမ်းမွေးမြိုင်မြိုင်တွေကြားမှာ ရုတ်တရက် တောမီးဆောင်သလို အငွေ့တလူလူ။

သူ့ရှေ့မှာ သတိဆွဲ၍ရပ်နေသော ရဲတပ်သားလေးပေစီမှာ သတင်းလာပို့ရာမှ သူ့ဆရာကြီး ဝရဇိန်၏ အရိပ်အကဲကိုကြည့်ပြီး ဘာလုပ်ရမှန်း မသိဖြစ်နေ၏။

ရဲအုပ်ကြီးဝရဇိန် ပြဿနာပေါ်လာပြီဆိုလျှင် အကြွေး မဆိုင်းတတ်ဆိုသလို ချက်ချင်း လှုပ်ရှားဆောင်ရွက်တတ်သူမျိုးဖြစ်၍ ရဲအုပ်ကြီးဝရဇိန်ထံမှ ဘာစ်ခုခု အမိန့်သံမထွက်ဘဲ သူလည်ထွက်၍မသွားရဲ။

"ကဲ…မင်း ကျောက်လက်ဝါးကို သွားခေါ်စမ်း။ ပြီးတော့မှ တရားခံသေနေတဲ့ အချုပ်ခန်းထဲကို သွားကြမယ်"

"ဟုတ်"

"ဖြောင်း"

ပါးစပ်ကဟုတ်၊ သတိဖြောင်းခနဲ အသံမြည်အောင်ဆွဲ၊ ရဲအုပ်ကြီးဝရဇိန်၏စားပွဲရှေ့မှ အမြန်လှည့်ထွက်ခဲ့သည်။

အခန်းအပြင်ရောက်မှ ပေစီအတွက် အသက်ရှူချောင်သလို ဖြစ်သွား၏။

"ဟွန်း…"

ဒါပေမယ့် အသက်ရှူ ပြန်ကျပ်သွားပြန်၏။

ကျောက်လက်ဝါးဘတိုးကို သူ ဘယ်မှာသွားခေါ်ရပါ့။

ချက်ချင်းသွားခေါ်ပြီး ဆရာကြီးဝရဇိန့်ထံ အမြန် အရောက်ပို့ဖို့က သူ့က ဘယ်နေရာကိုရောက်လို့ ရောက်နေမှန်းမှ မသိတာ။ အဲဒါကို မမေးမိတာ သူ့အမှား။

ဂျူတီထွက်ချိန်မို့ အရာရှိဖွေ့အပန်းဖြေရာ ကလပ်မှာများ ရှိနေမလား။

ပြီးတော့ ကျောက်လက်ဝါးဘတိုးသည် လူပျိုလူလွတ်ဆိုတော့ ကာရာအိုကေတို့၊ ကေတီဗီတို့များ ရောက်နေသလား။

ဆရာကြီးကတော့ စိတ်မြန်ကိုယ်မြန်မို့ ချက်ချင်းကြီး အခေါ်ခိုင်းလိုက်သည်။ သူ့ပုံစံက သူ့တပည့်ကျောက်လက်ဝါး ဘတိုးရှိနေမည့်နေရာကို သိထားသည့်ပုံစံ။ ပေစီကိုယ်၌ကကိုယ်က တိတိကျကျ မေးခဲ့ဖို့ကောင်းသည်။

ဒါဆို ဆရာကြီးဝရဇိန် အခန်းထဲကို ပြန်ဝင်ပြီး မေးရ ကောင်းမည်လား။ အဲဒီလို ပြန်လှည့်ပြီးမေးလို့က မဖြစ်ပြန်။

သူက သိပုံသိရက်နဲ့ ချက်ချင်းကြီး ထွက်လာတာ မဟုတ်လား။

ပြန်လှည့်ဝင်ပြီး မေးလို့ကတော့



www.burmeseclassic.com

www.burmeseclassic.com

စိတ်မြန်လက်မြန်နိုင် သော ဆရာကြီး ဝရိဇိန်စားပွဲပေါ်က ဆေးလိပ်ခွက်လား၊ စာရွက်ဖိတုံးလား၊ မှင်းတုံလား တစ်ခုခုနဲ့ ကောက်ပေါက်ခံရမှာ ကျိန်းသေ။

ဂယနထာ ပြန်မပေးဘဲ သိပ်ုသိ ရက်နဲ့ ထွက်လာမိတာကိုက သူ့အမှား။

ဆရာကြီး ဝရိဇိန်က တိကျသေချာမှ ကြိုက်သူ။

သူ့တာပည့်တွေကို အလစ်အဟာ မရှိအောင် အမြဲ သတိပေးတတ်သူ။

"ရဲဆိုတာ အမြဲတမ်း စေ့စပ်သေချာအောင် အလေ့အကျင့် ရှိရတယ်ကွ"

ဆရာကြီး ခုံးမစကား နားထဲကို ဆောင့်သွင်းရိုက်သလို ဝင်လာသည်။

ဒါပေမည့် မတတ်နိုင်တော့။ ဆရာကြီးသည်ရှိမည့်နေရာကို သိနေ၍ သူ့ကို ထွတ်လိုက်ခြင်းဖြစ်၏။ သူကလည်း သိသလိုလိုပုံစံနှင့် မမေးမစမ်း ထွက်လာခဲ့ပါသည်ကို။

သူ့ဆရာကြီးကို ပြန်မေးရန် ထွက်လာခဲ့သော အခန်းထဲကို အမြန် လျှောက်ပြီးမှ တစ်ခေါက်ပြန်ငင်လိုက်သည်။

သူ ပြန်ဝင်လာသည်ကို ဆရာကြီးက တယ်လီဖုန်း နားထောင်နေရာက လှမ်းတွေ့သွားပြီး -

"အဲ···မင်း ပြန်လာရပြီမဟုတ်လား။ ဒီလိုပဲ ပြန်လာရမယ်ဆိုတာ ငါသိပြီးသား"

"ဟုတ်···ဟုတ်ကဲ့ဆရာကြီး။ ဆရာဘတိုး ဘယ်မှာ ရှိနေမယ်ဆိုတာ မသိဘဲ ကျွန်တော် ထွက်လာမိလို့ပါ"

"မင်းတို့ အဲဒါခက်တာပဲ။ ကိုယ်နဲ့ အလုပ်တွဲလုပ်တဲ့ ကိုယ့်လူတွေ ဘယ်အချိန်၊ ဘယ်နေရာမျိုးမှာ ရှိတတ်တယ်ဆိုတာ အကြမ်းဖျင်းလောက်တော့ သိထားရမှာပေါ့။ ဘတိုးဟာ လူပျိုလူလွတ်၊ အရက်သေစာ မသောက်စား တတ်တဲ့ အားကစားသမား။ ဒီတော့ သူ့တာဝန်သိမ်းပြီးရင် သူဝါသနာပါတဲ့ အားကစားပဲ လေ့ကျင့်နေမှာပေါ့"

"ဟုတ်···ဟုတ်ပါပြီ။ ဆရာဘတိုးဟာ သိုင်းပြောင်းပြန်သမားဆိုတော့ သူ့အိမ်သူ့ပြန်ပြီး သူ့ခြံထဲမှာ သိုင်းလေ့ကျင့်နေမှာပေါ့။ ဒါဆို ကျွန်တော်သိပြီ။ သူ့အိမ်ကို လိုက်သွားမယ်"

ပေစိပြောပြီး လှည့်အထွက်···

"ဒီတစ်ခါလည်း လုပ်ပြန်ပြီတလွဲ"

"ခင်ဗျာ···"

ပေစိ နောက်ပြန်လှည့်ရပြန်သည်။ ပါးစပ်ကလည်း အံ့အားသင့် ရေရွတ်သံ တစ်ချက် ထွက်သွားပြန်သည်။

ဆရာကြီး ဝရိဇိန်ထံမှ···

"မသွားနဲ့တော့။ သူ အခု သူ့အိမ်မှာမ မရှိတော့ဘူး။ အချုပ်ခန်းထဲမှာ သူစစ်ထားတဲ့ကောင် သေသွားတယ်လို့ သူ့ဆီကို တာဝန်မှူးက ဖုန်းလှမ်းဆက်လို့။ သူက ငါ့ဆီ ခုပဲ ဖုန်းနဲ့အကြောင်းကြားပြီး ရဲစခန်းက အချုပ်ခန်းဆီ သွားနေပြီ။ အဲဒါ ငါလည်း အခုသွားတော့မလို့။ မင်း ငါနဲ့တစ်ခါတည်း လိုက်ခဲ့ပေတော့"

"ဟုတ်···"

ဖြစ်ချင်တော့လည်း ပေစိအဖို့ အဆူမခံလိုက်ရဘဲ ကံကောင်းသွားသည့်အဖြစ်။

× × ×

(နှစ်)

အချုပ်ခန်းတံခါးမှာ နှစ်ဆင့်။

အပေါ်ဆင့် အောက်ဆင့်။

တရားခံ အချုပ်သားတွေသွင်းလျှင် အပေါ်ဆင့်တံခါးကို အသေပိတ်ထားပြီး သော့မဖြုတ်ဘဲ အသေခတ်ထားသည်။ အောက်ဖက် ဒူးဆစ်ဝက်ခြံတံခါးကိုသာ ဖွင့်ပေးပြီး ခေါင်းငုံ့ လေးဘက်လျှိုဝင်ခိုင်းသည်။ ဒါကို အချုပ်ပုံစံဟု ခေါ်ထား၏။

တာဝန်ရှိသူတွေ ဝင်ကြမှသာ အပေါ်ဆင့်တံခါးကော၊ အောက်ဆင့် တံခါးကောဖွင့်ပေးသည်။ သူတို့ကျတော့ အချုပ်သား လူဆိုးတွေမှ မဟုတ်ဘဲ။

ခုတော့ အချုပ်ခန်းထဲတွင် တရားခံသေနေပြီဖြစ်၍ တာဝန်ရှိသူတွေ အဝင်အထွက်ပြုစစ်ဆေးရန် ဖွင့်ပေးထားခြင်းပင်။

သို့သော်···မပေါ့လျော့သော သတိနှင့် အချုပ်ခန်းတံခါးဝမှာ သေနတ်အဆင်သင့်ကိုင်လျက် ရဲနှစ်ယောက် စောင့်ပေးထားသည်။

အခြားရဲတွေလည်း လိုအပ်လျှင် လိုအပ်သလိုဆောင်ရွက်နိုင်ရန် သေနတ်တွေ အဆင်သင့် ကိုယ်နှင့်မကွာ ရှိနေကြသည်။

ကျောက်လက်ဝါးဘတိုး ရောက်လာတော့ နှစ်ဆင့်တံခါးမှ သတိထား၍ ဝင်သွားသည်။ သူ့ထက်အရင် တိုအချိန်ပိုင်းဂျူတီကျနေသော ဒုရဲအုပ်စောဝင်းတို့အဖွဲ့ အချုပ်ခန်းထဲ ရောက်နှင့်နေသည်။

အချုပ်ခန်းထောင့် အိမ်သာနှင့် အနီးမှာ လူတစ်ယောက် ခွေခွေကလေး

www.burmeseclassic.com

ထူနေ၏။ သေဆုံးသူ တရားခံအောင်နိုင်ပင်။

ဘတိုး အချုပ်ခန်းထဲဝင်သွားတော့ သူနှင့်အဆင့်တူ ခုရဲအုပ်စောဝင်းက ဆီးပြောသည်။

"ကျောက်လက်ဝါးဆိုတဲ့ အတိုင်းမင်းကတော့ လက်သံပြောင်ပေါ့ကွာ"

"အဲဒါ ဂုဏ်ယူစရာမဟုတ်ဘူးကွ။ ငါ့အတွက် ရလဒ် ဆိုးထွက်နိုင်တယ်"

စစ်ဆေးဆဲ တရားခံ သေဆုံးသွား၍ သူ့အတွက် အခြေအနေမကောင်းနိုင်ကြောင်း ရည်ရွယ်ပြီး ဘတိုးကစိတ်ပျက်လက်ပျက် ပြန်ပြောကာ သေဆုံးနေသည့် တရားခံအောင်နိုင်၏ အလောင်းကို ကြည့်သည်။

အချုပ်သားအချို့ကို တစ်ဖက်အချုပ်ခန်းထောင့်တွင် စုထား၍ သေနေသော အောင်နိုင်အလောင်းဘေးမှာ ရှင်းနေသည်။

အောင်နိုင်၏ ဘယ်ဘက်မေးရိုးအောက်ပိုင်းအစပ်မှာ ညိုမည်းဒဏ်ရာတစ်ချက် စွဲနေသည်။ ဒီပြင့်နေရာမှာ တခြား ဒဏ်ရာဒဏ်ချက် ပြောလောက်အောင် မရှိပါ။ သူ့ကိုလိုက်ဖမ်းစဉ် ပြေးသွားရင်း ခြေချော်လဲရာက ဒူးဆစ်နှင့်ထက်တံတောင်တို့မှာ ပွန်းပဲ့ဒဏ်ရာတွေတော့ ရှိသည်။

ကျောက်လက်ဝါးဘတိုး အောင်နိုင့်အလောင်းကို သေသေချာချာ စစ်ဆေးနေစဉ် သူ့ဆရာရဲမှူးကြီးဝရဇိန်အချုပ်ခန်းထဲဝင်လာပြီး သူ့နောက်မှာ ရပ်၍ အခြေအနေကို စူးစမ်းသည်။

"ငါ့တပည့်လက်သံက အတော်ပြောင်သကိုးကွဲ့"

ကျောက်လက်ဝါးဘတိုး အသံကို မှတ်မိနေပြီး ပြန်လှည့်မကြည့်ဘဲ ဒဏ်ရာတွေကို သေသေချာချာစစ်ဆေးရင်းက ပြန်ပြောသည်။

"လောလောဆယ်တော့ ဒီလိုပဲ ပြောရမှာပေါ့ ဆရာကြီးရယ်။ မပြေးသော် ကန်ရာရှိ ဆိုသကိုးခင်ဗျာ။ ဒါပေမယ့် အပွဲပွဲနွှဲလာတဲ့ကျွန်တော်၊ ကျွန်တော့်လက်အချိန်အဆကို ကျွန်တော်သိပါတယ်။ သူ့ကို မေ့လောက်အောင် မေ့ကြောပိတ်ပေးလိုက်တာပါ။ ခုဘယ်လိုဖြစ်သွားရတယ် မဆိုနိုင်ပါဘူး"

ကျောက်လက်ဝါးဘတိုး အလောင်းဘေးမှ ထရပ်ရင်း သူ့ဆရာကြီးဝရဇိန်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ဆရာကြီးဝရဇိန်ကလည်း မပြုံး။ သူကလည်း မျက်နှာချိုမသွေး။

ကိုယ့်အထက် အရာရှိကြီးပင်ဖြစ်သော်လည်း အပိုအလုပ်တွေ ကျောက်လက်ဝါးဘတိုး လုပ်လေ့လုပ်ထရှိသူမဟုတ်။ ဆရာကြီးဝရဇိန်ကလည်း တပည့်ကို ဟန်ဆောင်ပန်ဆောင် မဆက်ဆံတတ်။

"မင်း ဘာဆက်လုပ်မလဲ ဘတိုး"

"ဒီနေ့ရောက်လာတဲ့ အချုပ်သားစာရင်းကိုကြည့်မယ်။ အချုပ်သားအဝင်အထွက်တွေကိုကြည့်ပြီး စစ်ဆေးသင့်ရင် စစ်ဆေးရလိမ့်မယ် ဆရာကြီး"

"အေး...မင်းနေရာမှာ ငါရှိရင်လည်း အဲဒီလိုအလုပ်မျိုးကို အရင်ဆုံးလုပ်ရမှာပဲ။ ဒါပေမယ့် နောက်ထပ်အချုပ်သားတစ်ယောက် ထပ်မသေစေချင်ဘူးကွာ"

"အမှုမှန်ပေါ်အောင်တော့ ကျွန်တော် စစ်ရမှာပဲ။ ခုတိစ္စမှာ ကျွန်တော့်ခေါင်းပေါ် ပြုတ်ကျလာတဲ့ ခဲလုံးကြီးကို ဖယ်ရှားနိုင်ဖို့က ကျွန်တော့်အတွက် အရေးအကြီးဆုံးနဲ့ အဓိကကျတဲ့ကိစ္စပဲ ဆရာကြီး"

"ငါ့တပည့် ကံကောင်းပါစေကွာ"

ဆရာကြီးဝရဇိန်နှင့် ကျောက်လက်ဝါးဘတိုးတို့ အချုပ်ခန်းထဲမှ ပြန်ထွက်လာကြသည်။

တာဝန်ကျ ခုရဲအုပ်စောဝင်းနှင့် စခန်းမှူးတို့ အချုပ်ခန်းတွင်းမှာ သေဆုံးသွားသည့် တရားခံအောင်နိုင်အတွက် ဆက်လက် လုပ်ဆောင်စရာရှိတာတွေကို လုပ်ဆောင်ကြသည်။

× × ×

(သုံး)

ထိုနေ့က ရဲစခန်းသို့ အချုပ်သားတရားခံအဝင် အထွက်စာရင်းကိုကြည့်သည်။

တရားရုံးထုတ်ပြန်ဝင် အချုပ်သားမပါချေပါ။ တရားရုံးကနေ ထောင်ကြီးသို့ ပြစ်ဒဏ်ပေးပြီးပို့ပစ်လိုက်သူ အချုပ်သားငါးယောက်။ ကျားနှစ်၊ မသုံး။

ကျားနှစ်ယောက်က ခိုးပိုက်နှိုက်တစ်မှု၊ ခေးမှုတစ်မှု၊ မိန်းမသုံးယောက်ကတော့ မှောင်ခိုပ်ခို မြူခွယ်တွေ။ စီးပွားရေးချွတ်ချုံကျမှုက ဗွာန်ခြွေရှင်မိန်းမတွေကို အမှုတွေတိုးပွားစေသည်လည်းအမှန်။ ဟိုဘက်ခန်းက မိန်းမအချုပ်ထောင်မှာ မိန်းမအချုပ်သားတွေပြည့်နေပြီ။ ယောက်ျားအချုပ်ထောင်နှင့် မိန်းမအချုပ်ထောင်ကြားထဲမှာ နောက်

www.burmeseclassic.com

တံတိုင်းခြားပေးထားသည်။

မြို့နယ်ရဲစခန်းကြီးဖြစ်၍ မိန်းမအချုပ်ဆောင်၊ ယောကျ်ားအချုပ်ဆောင်၊ နိုင်ငံရေး အထူးမှုခင်းကြီးတွေအတွက် ရဲစခန်း၏အပေါ်ထပ်တွင် သီးခြားအချုပ်ဆောင်ရှိသည်။ အချုပ်ခန်းများသည် တိုင်းပြည်၏ လူမှုစီးပွားရေး ပြဒါးတိုင်လား။

ညနေ တရားရုံးပိတ်ပြီးနောက် ရောက်လာသောအမှုက မူးယစ်ရမ်းကား၍ ဖြစ်မှုတစ်မှု၊ တရားလိုက ဆေးရုံမှာ၊ တရားခံက အချုပ်ခန်းထဲမှာ။ ဒါတွေကလည်း ဖြစ်ရိုးဖြစ်စဉ် တွေ။

တရားခံအမျိုးသားနာမည် ကြည့်သည်။ ရွှေဝင်း။ ရွှေဝင်းက အရက်မူးပြီး လူတစ်ယောက်ကို ရိုက်သည်။ အရိုက်ခံရသူ မျိုးမြင့် ခေါင်းကွဲသွားသည်။ ဆယ်ချက်ချုပ်ရသည်။ သတိမရတစ်ချက်၊ ရတစ်ချက်နှင့် ဆေးရုံမှာ မျိုးမြင့်ကို တင်ထားရသည်။

လက်သံပြောင်သော ရွှေဝင်းကို အချုပ်ခန်းအပြင်ထုတ်ပြီး စစ်ဆေးတော့ ကျောက်လက်ဝါးက ထိုးလက်မပါအောင် အတော်စိတ်ကို ချုပ်တည်းရသည်။

အမှုသမားရွှေဝင်း ခေါင်းပင်မထူနိုင်။ မေးသမျှ ကဘောက်တိကဘောက်ချာတွေ လျှောက်ဖြေနေသည်။

"မင်းနဲ့ မျိုးမြင့်နဲ့ ဘာရန်ငြိုးရန်စရှိလို့လဲ"

"ရှိတယ်လို့ ထင်တာပဲဆရာ"

"ရှိတယ်လို့ထင်တယ် ဟုတ်လား။ အတိအကျပြောလေကွာ။ လူငယ်ချင်း မိန်းကလေးကိစ္စ၊ ချစ်သူအရှုပ်အထွေး ဒါမှမဟုတ် စီးပွားရေးကိစ္စ"

"မသိဘူးဗျာ၊ ကျွန်တော် အရက်သောက်ချင်တယ်"

"ငါက မင်းကို အရက်တိုက်မလို့ အချုပ်ထဲက ခေါ် ထုတ်ပြီး မေးနေတာ မဟုတ်ဘူး"

"မသိဘူးဗျာ ကျုပ် အရက်ပဲ သောက်ချင်တယ်"

"မင်းကွာ ငါ လက်ပါတော့မှာပဲ"

"အသေရိုက်ရင်လည်း အရက်တိုက်ပြီးမှ ရိုက်ပါဆရာ။ အရက်မူးအောင်သောက်ပြီးမှ သေပစ်ချင်တယ်။ လူ့လောကမှာနေရတာ စိတ်ကုန်လွန်းလို့ပါ"

အရက်သမားသည် အရက်ထပ်သောက်ချင်နေတာကလွဲပြီး ဘာကိုမှ မေးစမ်း၍မရ။၏

"မင်းကွာ...ဟင်း"

လက်ပါတော့မလိုဖြစ်ပြီးမှ လက်ပြန်ရုပ်လိုက်ရသည်။

အမူးသမားရွှေဝင်းကို ကြည့်လိုက်တော့ တစ်ချက်စာမရှိ။ တစ်ဝက်စာလောက်နှင့်ပင် မတန်။ နားသယ်ကိုဖြတ်၍ ရိုက်လိုက်ရလျှင် သူ့အင်မတန်လိုလားတောင့်တနေသော ဆန္ဒတွေပြည့်သွားနိုင်သည်။ အမူးဒီဂရီ အပြည့်ရသွားလောက်သည်။

သူ့ကြည့်တော့ အတော်လေး အသောက်လွန်ထားပုံရသည်။

"ဒီကောင်တော့ စိတ်ရှိလက်ရှိလုပ်ရရင် ဟိုမသာကောင်လို သေတော့မှာပဲ"

သိပ်ရှည်ရှည်ဝေးဝေးမပြော။ ခင်းကို အချုပ်ခန်းထဲပြန်သွင်းလိုက်ရသည်။

"ဒီကောင် မူးနေတဲ့ကောင်၊ သူ့ထိုက်နဲ့သူ့ကံ ရှိပစေတော့"

အဲဒီလိုပြောပြီး လက်လျှော့ရသည်။

× × ×

(လေး)

ကျောက်လက်ဝါး ဘတိုးအတွက် ဖြစ်ပေါ်လာသော အခြေအနေမှာ စိတ်ရှုပ်စရာကောင်းနေ၏။

သူနှင့်အဖွဲ့သည် မူးယစ်ဂိုဏ်းတစ်ဂိုဏ်းသတင်းကိုရပြီး ခြေရာခံကြသည်။ အရောင်းအဝယ် အပေးအယူလုပ်နေကြစဉ်မှာပင် ချိန်ကိုက်ဝင်ရောက်နိုင်၏။

နေ့ ၇၁ ငမိုးရိပ်ချောင်းကမ်းပါး အနီးက သစ်စက်ပျက်ကြီးအတွင်း။

လူခွဲ၍ ရောက်သွားစဉ် လက်မတစ်လေး ထွက်ပြေးကုန်သည်။ အတွင်းစည်းပေါက်ကြားတာလည်း ဖြစ်နိုင်သည်။ အစတစ်စအဖြစ် အောင်နိုင်ကို ကျောက်လက်ဝါးဘတိုး ဖမ်းမိသည်။

လွယ်လွယ်ကူကူတော့မဟုတ်။ ဝါရင့်လူဆိုးဖြစ်၍ ပရိယာယ်ဝေဝုစ်တွေများသည်။ အညှံ့ခံတော့မလိုနှင့် ပြန်လည်ခုခံပြီး ထွက်ပြေးသည်။

ဘတိုးကလည်း သူ့လက်ထဲမှလူဆိုး ဘယ်တော့မှ လွတ်ထွက်သွားခိုးမရှိစေရဟူသောမူ ရှိ၏။

သူတို့ ကလေးဘဝ ငယ်စဉ်က အပျော်တမ်းကစားသလို သူခိုးနဲ့ပုလိပ် လိုက်တမ်းပြေးတမ်း ကစားရသည်။ အပုန်းအလျှိုးတွေနှင့် ငနဲသား လွတ်ထွက်တော့မည့်ဆဲဆဲ အဆိုးအကြိတ်



www.burmeseclassic.com

www.burmeseclassic.com

ဆွေးမှုလေ့ကျင့်ခန်းတွေ လုပ်ပြီးမှ လက်ဖမ်းမိသည်။

တစ်ဂိုဏ်းလုံးကို ဖမ်းမိစေရန် ရဲအုပ်ကြီးဝရိမ်က အသေးထက် အရှင်ကို ဖမ်းနိုင်ဖို့ အဓိကထားသည်။ သူတို့ကို မှာကြားအမိန့်ပေးထားသည်။

ဒါကြောင့် တတ်နိုင်သမျှ ဒဏ်ရာအနာတရ မဖြစ်စေဘဲ ရအောင်ဖမ်းရခြင်းဖြစ်သည်။

တရားခံ အောင်နိုင်တစ်ယောက်ကိုပဲ ဘတိုးဖမ်းမိသည်။

သူဖမ်းမိသော တရားခံကို သူပဲ ကိုင်တွယ်စစ်ဆေးရန် တာဝန်ယူရသည်။

အောင်နိုင်က လွယ်လွယ်ကူကူကောင် မဟုတ်။ ခေါင်းမာသည်။ အသည်းကြီးသည်။ သူ့ကိုပင် သိပ်ပြီး အထင်ကြီးပုံမရ။ လှောင်တွက်ပြီး ကလန်ကဆန်လုပ်သည်။

"ဒီမှာ အောင်နိုင်...မင်းကိုငါ အကြမ်းပတမ်း မကိုင်တွယ်ချင်ဘူး။ မင်းတို့ဆရာကြီးနာမည်ပဲ ပြော"

"ကျုပ်ဘာသိမလဲဗျာ။ ခင်ဗျားတို့ကို အမှန်အတိုင်း ပြောထားပြီးပြီ။ ဆရာကြီးရဲ့နာမည်ကို ကျုပ်မသိဘူး။ ကျုပ်နဲ့ဆက်သွယ်တာက သံမဏိ၊ သံမဏိက ဘာဒီကားကိုမောင်းပြီး စက်ရုံပျက်ကြီးဆီကိုသွား။ ပစ္စည်းချင်းလဲပေးပြီးရင် ကားကိုပြန်မောင်းလာခဲ့၊ ဒါပဲပြောလိုက်တာ။ ကျုပ်အလုပ်ကလည်း ဒါပဲလုပ်ရတဲ့။ ခင်ဗျားမေးတဲ့ ဆရာကြီးတွေဘာတွေ ကျုပ်မသိဘူး"

"ဆရာကြီးကို မသိဘူးဆိုတာထားပါတော့။ မင်းနဲ့ဆက်သွယ်တဲ့ သံမဏိကိုတော့ သိမှာပေါ့။ သံမဏိဆိုတာ ဘယ်သူလဲ"

"သံမဏိဆိုတာ သံမဏိပဲပေါ့။ ဒီထက် ကျုပ်ပိုမသိဘူး။ ကျုပ်တို့ဟာ လိုအပ်တာပဲပြော၊ လိုအပ်တာပဲလုပ်၊ တခြား အပိုဆာဒါးတွေဘာတွေ လုပ်နေကြတာမဟုတ်ဘူး"

အောင်နိုင် ဂျစ်တိုက်နေတာကို သိသည်။

ကိုယ့်ဆီရောက်နေတဲ့ တရားခံပဲ ကိုယ့်လက်ခုပ်ထဲကရေ။ ကိုယ်လုပ်ချင်သလို လုပ်လို့ရသည်၊ မှောက်လိုမှောက် သွန်လိုသွန်။

ဒါပေမယ့် အဓိကအချက်ကို လိုချင်တော့ စိတ်ရှည်ရှည်ထားနေရသည်။

"မင်းက ကားမောင်းပြီး ပစ္စည်းအပို့အသယ်လို့ ပြောတယ်နော်"

"ဟုတ်တယ်...ကျုပ်က ကယ်ရီသက်သက်ပဲ"

"ဒါဆိုဟုတ်ပြီ။ ပစ္စည်းပို့တာက ခုမင်းတို့ကိုဖမ်းမိတဲ့ စက်ရုံပျက်ကြီးမှာ ပစ္စည်းချင်းလဲပြီးတော့ ပြန်ပို့ပေးရမယ့်နေရာကို သိချင်တယ်"

"သိချင်တိုင်းသိဖို့ ကိစ္စဆိုတာ တယ် မလွယ်တဲ့ကိစ္စပဲ"

"ဘာကွ..ဘာ..ဘာလို့မလွယ်တဲ့ ကိစ္စလဲ"

"မလွယ်တဲ့ကိစ္စမို့ မလွယ်ဘူးလို့ ပြောရမှာပေါ့။ ကျုပ် က ပစ္စည်းသယ်ပြီး ကားကို စက်ရုံဝင်းထရံအပြင်ဘက် ထုတ်သွားရုံပဲ။ စက်ရုံအပြင်ရောက်ရင် ကျုပ်ကားပေါ်ကဆင်းပြီး နေခဲ့ရမှာ။ သူတို့ထဲက တစ်ယောက်က ကားပေါ်တက်လာပြီး ကျုပ်နေရာဝင်ယူ။ သူတို့ချိတ်ဆက်ထားတဲ့နေရာကို တန်းမောင်းသွားရုံပဲ"

"မင်းရဲ့ပါးစပ်မှာတင် လမ်းဆုံးသွားအောင် လုပ်ထားတာကိုး"

ဘတိုး အပြုံးမပျက် ညည်းညူလိုက်သည်။

သို့သော် အောင်နိုင်ကို အနိုင်ကိုင်ထားနိုင်မည်ဆိုလျှင် အကျိုးမယုတ်။

အောင်နိုင်သည် သူတို့ မူးယစ်အရောင်းအဝယ်စု၏ လမ်းစတစ်ခု။ စိတ်ရှည်ရှည်ထား စစ်ဆေးမှ။

ဒါပေမည့် နဂါးမှန်းသိအောင် အမောက်တော့ ထောင်ပြထားရမည်။

"မင်း တော်တော်လိမ်တဲ့ကောင်ပဲ။ ငါ့ကိုလိမ်ရတာ မောလောက်ရောပေါ့။ ကဲ...ဆက်လိမ်ဖို့ အားရှိသွားအောင် တစ်နာရီ နှစ်နာရီလောက် အိပ်စက်အနားယူလိုက်ပါဦး"

"ခွပ်..."

"အွတ်..."

အောင်နိုင်၏ မေးကြောကို ဗိုက်လက်သီးတစ်လုံး ကျွေးပစ်လိုက်သည်။ ငနဲသား တခဏအတွင်း လောကကြီးနှင့် အဆက်ပြတ်သွား၏။

"သူ့ကို အချုပ်ထဲ ပြန်သွင်းထားလိုက်။ နောက်နေ့မှ ဆက်စစ်မယ်"

သတိလစ် မေ့မျောသွားသော အောင်နိုင်ကို အချုပ်ခန်းထဲ ပြန်သွင်းထားလိုက်သည်။

တရားခံကို အမှန်ပေါ်အောင် စစ်ဆေးသည့်နေရာမှာ တစ်ခါတစ်ရံ အကြမ်းပတမ်းလုပ်ရသည့်အခါရှိ၏။ သို့သော် အတိုင်းအတာတော့ရှိသည်။ မတရားနှိပ်စက်ခြင်းမျိုးမရောက်အောင် နည်းဥပဒေတွေနှင့် တားဆီးထားတာတွေ ရှိသည်။

ခုသူက သူ့အတိုင်းအတာနှင့်သူ လုပ်နေခြင်းသာ။ သူမှာ သိုင်းအား



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ပီပီ အချိန်အဆရှိသည်။ ဘိန်းဖြူဂိုဏ်းသား တရားခံအောင်နိုင် သူ့လက်သီးချက်နှင့် တစ်နာရီ၊ နှစ်နာရီ လောက် လောကကြီးကိုမေ့သွားပြီး ပြန် သတိရလာမည့်အချိန်မှာ တရားခံသည် သူ့အကြောင်းသူ စဉ်းစားရပေမည်။

စစ်မေးတာကို အမှန်အတိုင်း မပြောလျှင် သူ့ကို မကြာခဏထုတ်ပြီး ဤသို့ စစ်ဆေးနေရပေလိမ့်မည်။ နေ့ စဉ်နေ့တိုင်းဆိုလျှင် သူခံနိုင်လိမ့်မည် မဟုတ်။

ကျောက်လက်ဝါးဘတိုး ရည်ရွယ် ချက်မှာ အဲဒီအထိသာ။ ခုတော့ တရား ခံသေသွားသည်။

သူစစ်ဆေးသည့်အခိုက် ခြေလွန် လက်လွန်ဖြစ်သွားသည့် ပုံစံမျိုး။

သည်နေရာမှာ မူလဖြစ်ရိုးဖြစ်စဉ် ထက် ကွဲပြားသွား၏။ ဖြစ်သင့်ဖြစ်ထိုက် တာထက် ထူးခြားသွား၏။

သူစစ်ဆေးသည့် တရားခံမှာ ထို ကဲ့သို့ မဖြစ်စဖူးဘူးပါ။ တရားခံဖမ်းမိ ရာတွင် တရားခံတွေက အကြမ်းဖက် တုံ့ပြန်သောကြောင့် အပြန်အလှန်တိုက် ခိုက်ရင်း သူ့အသက် ကိုယ့်အသက်လု ရာက သူ့ဘက်ကိုယ့်ဘက် အဆုံးရှုံးခံရ တာ တွေ့ရှိသည်။

ခုတော့ စခန်း၏ အချုပ်ခန်းထဲ မှာ ဘိန်းဖြူဂိုဏ်း၏ အဓိကတရားခံဖြစ် သော အောင်နိုင်သေဆုံးသွားခဲ့လေပြီ။

ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော အမှု ကိစ္စ၏ တန်ပြန်အကျိုး သက်ရောက်မှု ကား···။

× × ×

(ငါး)

ကျောက်လက်ဝါးဘတိုး အရေး ယူခံရသည်။

ဒုရဲအုပ်ရာထူးမှ ရဲကြပ်ကြီး အဆင့် သုံးရစ်သို့ လျှောကျသွား၏။

မှူးယစ်ရမ်းကားမှုနှင့် အချုပ်ထဲ ရောက်နေသော ရွှေဝင်းမှာလည်း ခိုးမှု၊ ဖောက်ထွင်းမှုတွေ ထပ်ပေါ်လာပြီး သူ့ ကို မူးယစ်ရမ်းကားမှုနှင့် အချုပ်ခံရပြီး လွှတ်မည့်နေ့မှာ အခြား နယ်မြေအချုပ် ခန်းသို့ ရောက်သွား၏။

သူ့ ဖောက်ထွင်းမှုများကျူးလွန် ရာ အပိုင်နယ်မြေသို့ ပို့ပေးလိုက်ရခြင်း ပင်။ အရက်သေစာသောက်စားပြီး မူး ယစ်ရမ်းကားရာမှ တခြားအမှုတွေ ပေါ် လာခြင်းတည်း။ အခုင်းဖြစ်ပွားရာ အချုပ်ခန်းမှ ဘိန်းဖြူဂိုဏ်းအရောင်း အဝယ် အောင်နိုင်က အသေထွက်၊ မူးယစ်ရမ်းကားရွှေဝင်းက အရှင်ထွက်။ ကျောက်လက်ဝါးကြီးကား မသေမရှင်။

ထူးခြားမှုဖြစ်စဉ်မှာ ထိုမျှနှင့်ပင် တန့်ရပ်မသွားဘဲ ရဲကြပ်ကြီး ကျောက် လက်ဝါးဘတိုး ရဲတပ်ဖွဲ့မှ ထွက်စာတင် ထွက်သွားခြင်းပင်။

ပြီးတော့ သူ့သတင်းကို ကြားရ သည်မှာ ကောင်းသော သတင်းတွေ မဟုတ်တော့။ မြစ်ကမ်းနားနှင့် တစ် ဆက်တစ်စပ်တည်းရှိနေသော ဆိပ် ကမ်းနယ်မြေတစ်လျှောက်မှာ အရက် ကို နေ့မလင်းညမလင်း သောက်နေ သော ယစ်ထုပ်ကြီးဘဝသို့ ရောက်သွား ခြင်းပင်။

ကျောက်လက်ဝါးဘတိုး ဘဝ ပျက်သည်မှာ မယုံကြည်နိုင်စရာပင် ကောင်းလှသည်။ မြစ်ပျက်သသော ဆန် လှ၏။

ရိုးရိုးသာမန် အရက်သမားထက် ပိုသည်။ ကိုယ့်ပိုက်ဆံနှင့်ကိုယ် အဆင့် အတန်းရှိရှိ သောက်ရာက အဆင့် မတန်းနိမ့်နိမ့် မိုက်ကြေးခွဲသောက် သည့်အခါ သောက်သည်။

ရဲထွက် ကျောက်လက်ဝါးဘတိုး နာမည်တစ်လုံးကလည်း ရှိနေတော့ လူဆိုးသူဆိုး အရက်သမားတွေကြားမှာ သူ့ကို ရိုကျိုးကြသည်။ ကြောက်လန့် ကြသည်။

သို့သော် ကြာကြာတော့မဟုတ်။ အရက်သမား ယစ်ထုပ်ဆိုတာမျိုးက လည်း အရက်သမားတွေကြားမှာပင် ကြာကြာ ဘုန်းမီးနေလ မတောက်ပ နိုင်။ အရက်များလျှင် စွမ်းအင်အလိုလို ဖြစ်တတ်သည်ပင်။ မိုက်ဂုဏ်သတ္တိက စေခိုင်းသည်ထက် အရက်ကစေခိုင်း သည့်ဘဝကို ရောက်သွားပြီဆိုလျှင် လူ မိုက်ဂုဏ်သိက္ခာလည်း ကျရသည်ပင်။

နဂိုကတည်းက မူးနေသူဖြစ်၍ မကြောက်မရွံ့ တွန်းလှဲလျှင်ပင် သူ့ အရှိန်နှင့်သူ လဲနိုင်၏။

ကျောက်လက်ဝါး ဘတိုးထက် အရက်သမားကြီး ဘတိုးအဖြစ် ဆိပ် ကမ်းနယ်မြေတစ်ပိုက်မှာ လူသိများ သွားလေပြီ။

အရက်သမား ခွက်ထိုးခွက်လှန် ကောင်ကြီး ဘတိုးမှာ ဆိပ်ကမ်းနယ်မြေ တွင် ကြာကြာတွင်ကျယ်ခွင့်မရလိုက်ပါ။

သုံးလခန့် တွင်ကျယ် စိုးမိုးပြီး နောက် တစ်ပတ်ကျော် ကျော်ပျောက် သွား၏။ နောက်မှ ဆိပ်ခံဗောတာ



www.burmeseclassic.com

ကြားမှ အလောင်းတစ် လောင်းပေါ်နေ သည်ဆို၍ သွားကြည့်ကြရာက ဘတိုး ၏ အလောင်းကို တွေ့ကြရခြင်းပင်။

ပျောက်သွားသည်မှာ ခုနစ်ရက် ကျော်ပြီဖြစ်၍ မျက်နှာပြင်နှင့် နေရာ အချို့မှာ ဒဏ်ရာဒဏ်ချက်များနှင့် ပုပ်ပွ ကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေပြီ။ ... သေခင် အမြဲတမ်း ဝတ်ဆင်ထား သော ဂျင်းဂျက်ကင်နှင့် ဂျင်းဘောင်းဘီ ... စုတ်ကြီးကိုကြည့်ပြီး ယစ်ထုပ်ကြီး ဘတိုးပါဟု ထင်မြင်ချက်ပေးကာ ဆေး ... ရှင်ခွဲရုံသို့ ရောက်သွားခြင်းမျှသာ။

လူတစ်ယောက် ဖြစ်ခြင်း၊ ပျက် ခြင်း လှုက်ကြမ္မာဇာတာခွင် အပြောင်း အလဲဆိုတာက ထိုသို့ပဲ မထင်မှတ်စရာ ... အမှတ်မထင်စရာတွေ ဖြစ်ပွား ... တတ်လေသည်။ ဖြစ်ပွားခဲ့ဖူးသည်။ ဖြစ် ... ရှိသည်။

ထိုထက် ထူးခြားသော မထင် မှတ်တာတွေ၊ အမှတ်မထင်စရာတွေ ... ဆက်တိုက် ဖြစ်ပွားသွားပုံက ... ပို၍ ထူးထူးခြားခြား ဆန်းဆန်း ... ရှိချေတော့သည်။

× × ×

(ခြောက်)

မထင်မရှား အညတြ မျက်နှာမွဲ ... အဖြစ် သင်္ကြုပ် လိုက်ရသော ... ခြောက်ကပ်ကပ် အသုဘ ... အနားကို လိုက်ပို့သူ အနည်းငယ် ... ထူးထူးခြားခြား လူသုံးယောက်ကို ... ရသည်ဖြစ်၏။

... ဆိုလျှင် ကျောက်လက် ... ဘတိုးသည် ဘဝပျက်၍ သေဆုံး သွားခဲ့သော်လည်း ဒုရဲအုပ်ဘဝ၌ တာ ဝန်ထမ်းဆောင်ခဲ့စဉ်က လူချစ်လူခင် များခဲ့သူ။ အရက်မသောက်၊ လာဘ် မစား၊ မိန်းမကိစ္စ မရှုပ်သူဖြစ်၍ နာမည် ကောင်းခဲ့သူ။

ထို့ကြောင့် ကျောက်လက်ဝါး ဘတိုးကို ခင်မင်သူတွေ ရှိခဲ့သည်၊ သတင်းကြားပြီး စိတ်မကောင်းသူတွေရှိ ခဲ့သည်။ ဒုစရိုက်သမားတွေကမူ လူ ကောင်းတွေနှင့် ဆန့်ကျင်ဘက်။

ကျောက်လက်ဝါး ဘတိုးမှာ သေ ကံမကောင်း၍ အသေဆိုးခဲ့သော်လည်း သတင်းကတော့ ပြန့်နှံ့သွားခဲ့၏။

ထူးထူးခြားခြား ဘတိုး၏အသုဘ အား လိုက်ပို့သူသုံးဦးမှာ ဘတိုး ဒုရဲ အုပ်တာဝန်ထမ်းဆောင်စဉ် မမြင်လိုက် ရသူတွေ။ ဘတိုး၏ ကျောင်းနေဘက် ငယ်သူငယ်ချင်းများ။ တစ်ယောက်က ယောက်ျားလေး။ နှစ်ယောက်က မိန်း ကလေး။

ဘဝပျက်၍ ဆင်းရဲစွာ သေဆုံး သွားခဲ့ရသော ဘတိုး၏ အခြေအနေနှင့် နှိုင်းစာလျှင် များစွာ ခြားနားလှသည်။

ယောက်ျားလေးသူငယ်ချင်းမှာ ခင်မောင်ဝေ။ မိန်းကလေး သူငယ်ချင်း နှစ်ယောက်မှာ ရွှေအိမ်စည်နှင့် ငွေအိမ် စည်။ သူမတို့နှစ်ယောက်က ညီမအရင်း အချာနှစ်ယောက်။

ခင်မောင်ဝေက စီးပွားရေးအားဖြင့် အောင်မြင်ကြီးပွားနေသော လုပ်ငန်းရှင် သူဌေး။

ရွှေအိမ်စည်နှင့် ငွေအိမ်စည်မှာ ဘွဲ့ရပညာတတ် အမျိုးသမီးနှစ်ဦး။ အကြီး မရွှေအိမ်စည်က ကမ္ဘောဇ ဘဏ်မှ ဌာနခွဲမန်နေဂျာ။

အငယ်မ ငွေအိမ်စည်က MAT ... ကျောင်းမှ လေယာဉ်မယ်။ ငယ် စဉ်က သူတို့တစ်တွေသည် နယ်မြို့ ကလေးတစ်မြို့တွင် ကျောင်းအတူနေ ခဲ့သူများ။

ရွှေအိမ်စည်နှင့် ငွေအိမ်စည်၏ အဖေ ဦးရွှေရင်သည် ဘတိုးတို့မြို့သား မဟုတ်။ ရန်ကုန်မှပြောင်းလာသော အကောက်ခွန်အရာရှိတစ်ဦး။

သူတို့မြို့ကလေးမှာ ခြောက်နှစ် တာမျှ တာဝန်ထမ်းဆောင်ခဲ့သည်၊ ဘတိုးက မိဘမဲ့။ ဦးလေးဖြစ်သူ သိုင်း ဆရာမင်းဒင်၏ စောင့်ရှောက်မှုနှင့် ကြီး ပြင်းလာခဲ့ရသည်။ မုတ်ဆိတ်မွေးဖြူကြီး နှင့် သိုင်းဆရာကြီးမင်းဒင်သည် ရှောင် လင်သိုင်းဆရာကြီးနှင့် တူ၏။

ခင်မောင်ဝေကမူ အမေဒေါ်နှင်း ဆီ ရှိသည်၊ အမေဒေါ် နှင်းဆီနှင့် ခင်မောင်ဝေ့အဖေ ဦးမောင်မောင်ခင်တို့ လင်မယားကွဲနေပြီး ဦးမောင်မောင်ခင် က ရန်ကုန်မြို့မှာ စီးပွားရေးလုပ်ငန်း တွေလုပ်ပြီး အခြေချနေသည်၊ မှောင်ခို ဒုစရိုက်လုပ်ငန်းလုပ်နေသည်ဟု သတင်း သိုးသိုးသန့်သန့် ကြားကြရသည်။

သို့သော် ဒေါ်နှင်းဆီမှာ မိန်းမ သားပင်ဖြစ်သော်လည်း စီးပွားရေး လုပ် တတ်ကိုင်တတ်၍ သားဖြစ်သူ ခင်မောင် ဝေနှင့် ချောင်ချောင်လည်လည် နေထိုင် စားသောက်နိုင်သည်၊ ပင်းကြောင့် သူ တို့အထဲမှာ ခင်မောင်ဝေသည် သုံးနိုင် ဖြုန်းနိုင်သူ။

ဘတိုးနှင့် ရွှေအိမ်စည်တို့ ညီ အစ်မမှာ ပို၍ခင်မင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်စည်တို့အဖေ ဦးရွှေရင်က စာကြိုးစားသော ဘတိုးကိုချစ်သည်။ တတ်နိုင်သမျှ အကူအညီပေးသည်။ သုံးစားဖြုန်းတီးနေသော ခင်မောင်ဝေကိုမူ မျက်နှာကြောမတည့်။ မျက်နှာသာမပေး။ ရောရောဝင်ဝင်မနေ။ သမီးနှစ်ယောက်ကိုလည်း ခင်မောင်ဝေနှင့် ကင်းကင်းနေရန် ဆုံးမထားသည်။

ဘတိုးနှင့် ရွှေအိမ်စည်တို့ ဆယ်တန်းအောင်သည့်နှစ်မှာ ခင်မောင်ဝေ ဆယ်တန်းကျသည်။ ငွေအိမ်စည် ရှစ်တန်းမှ ကိုးတန်းတက်သည်။

ဦးရွှေရင် မူဆယ်သို့ ပြောင်းရသဖြင့် အကြီးမ ရွှေအိမ်စည် မန္တလေးတက္ကသိုလ်တက်ရသည်။ အငယ်မ ငွေအိမ်စည် မန္တလေးမှာပင် ကျောင်းဆက်နေသည်။

ဘတိုးမှာ စောင့်ရှောက်အုပ်ထိန်းသော ဦးလေးဦးမင်းဒင်၏ အခြေအနေကိုငဲ့ပြီး ရဲသင်တန်းကျောင်း တက်ခဲ့သည်။ ထိုနှစ်မှာပင် ခင်မောင်ဝေမိခင် ဒေါ်နှင်းဆီသေဆုံးသည်။

ဒေါ်နှင်းဆီမသေခင်မှာ သားဖြစ်သူ ခင်မောင်ဝေအား ရန်ကုန်မြို့ရှိ ဖခင်ဖြစ်သူ ဦးမောင်မောင်ခင်ထံ သွားရန်မှာခဲ့သည်။ သားခင်မောင်ဝေက ဖခင်ဖြစ်သူအား စိတ်အနာကြီးနာကာ မသွားလိုဟု ငြင်းဆန်ခဲ့သည်။

ခင်မောင်ဝေ ဦးမောင်မောင်ခင်ကို စိတ်နာနေသည်မှာ ဦးမောင်မောင်ခင်သည် မိခင်ရင်းဖြစ်သော ဒေါ်နှင်းဆီကို ပစ်ပြီး ရန်ကုန်မြို့တွင် စီးပွားရေးလုပ်ငန်းကြီး လုပ်ကိုင်နေစဉ် ဒေါ်နန္ဒာစိုးဆိုသော အမျိုးသမီးတစ်ယောက်ကိုယူပြီး သားသမီးရနေသောကြောင့် ဖြစ်၏။

ဖအေကို မခံချင်စိတ်နှင့် ခင်မောင်ဝေ မိခင်ဒေါ်နှင်းဆီလက်ထက်က လုပ်ကိုင်ခဲ့သော လုပ်ငန်းများကို ဆက်လုပ်ရာက စီးပွားဖြစ်ထွန်းခဲ့သည်။ ရန်ကုန်မြို့ပေါ် ပြောင်းရွှေ့ပြီး သူ၏ စီးပွားရေးလုပ်ငန်းများကို ချဲ့ထွင်နိုင်၍ ကြီးပွားချမ်းသာလာသည်။

ရွှေအိမ်စည်နှင့် ငွေအိမ်စည်တို့မှာလည်း ဘွဲ့ရပညာတတ်များ ဖြစ်လာပြီး ဖခင်ဖြစ်သူ ဦးရွှေရင်၏ အဆက်အသွယ်နှင့် လုပ်ငန်းခွင်သို့ အသီးသီး ဝင်ရောက်လုပ်ကိုင်နေကြလေပြီ။

ထိုအချိန်မှာ ဘတိုး၏ နာရေးသတင်းကို သတင်းစာဂျာနယ်များတွင် ဖတ်ကြရ၍ နာရေးလိုက်ပို့စဉ် ပြန်ဆုံသွားကြခြင်းဖြစ်၏။

ရဲမှူးကြီးဝရိန်သည် သူ့တပည့်၏ ခြောက်ကပ်ကပ်နိုင်သော နောက်ဆုံးရှုပနကိုကြည့်ပြီး မှတ်ချက်ချသည်။

"ငါ့တပည့်ရဲ့ နောက်ဆုံးခရီးဟာ မလှမပနိုင်လိုက်တာ"

ခန်းမထောင့်တွင်ရှိသော ကုလားထိုင်တစ်လုံးတွင်ထိုင်၍ အသံထွက်လာသော ဆရာကြီးဝရိန်ဘေးမှ ကပ်ထိုင်နေသည့် ခင်မောင်ဝေက အလိုက်သင့် ဝင်ရောက်လိုက်၏။

"ဟုတ်တယ်ဗျာ။ ကျွန်တော့်သူငယ်ချင်းဟာ ဒီလိုလူညံ့အဖြစ် မသေသင့်ဘူး။ ဒီကောင်ဟာ ငယ်ငယ်တုန်းက လူတော်တစ်ယောက်ပဲ။ ဟောဒီ ကျွန်တော်တို့သူငယ်ချင်း လေးယောက်ထဲမှာ အတော်ဆုံးပေါ့"

ခင်မောင်ဝေက သူ့ဘေးထိုင်ခုံတွင် ထိုင်နေကြသော ရွှေအိမ်စည်တို့ ညီအစ်မနှစ်ယောက်ဘက်ကိုပါ လှည့်၍ပြော လိုက်သဖြင့် ဝရိန်က သတိပြုမိသလို စောင်းငဲ့ကြည့်သည်။ ပြီးမှ အမှတ်မထင်သလိုဖြင့် မေးစမ်းသည်။

"ဪ...ဪ မောင်ရင်တို့က သေသွားတဲ့ ဘတိုးရဲ့ငယ်သူငယ်ချင်းတွေကိုး။ ဘတိုးနဲ့ လူရင်းတွေဆိုလို့ ဒီအဖွဲ့မှာ အလောင်းအနားမှာရပ်နေတဲ့ မှတ်ဆိတ်ဖြူဖြူနဲ့ ဟိုအဘိုးကြီးရယ်၊ မောင်ရင်တို့ရယ်ပဲရှိတယ်"

အကင်းပါးသော ခင်မောင်ဝေက

"အဲဒီလူရင်းတွေထဲမှာ ဆရာကြီးလည်း အပါအဝင်မဟုတ်ဘူးလားဗျာ"

"ဟော...မင်းက ဒီလို ဘာဖြစ်လို့ ပြောနိုင်ရတာလဲကွ"

"ဆရာကြီးပဲ စောစောက ငါ့တပည့်ရဲ့ နောက်ဆုံးခရီးဟာ မလှမပ နိုင်လိုက်တာလို့ ထွက်သွားတဲ့အသံကို မှန်းဆပြီး ပြောရတာပါခင်ဗျာ"

ခင်မောင်ဝေ့စကားကြောင့် ဆရာကြီးဝရိန်မှာ ခင်မောင်ဝေ့ကို အတော် အကင်းပါးတဲ့ လူငယ်လေးပဲဟု စိတ်ထဲက ကြိတ်၍ မှတ်ချက်ချမိသည်။

"ဒါ့ထက် အဲဒီမှတ်ဆိတ်မွေးဖြူကြီးနဲ့ အဘိုးကြီးက ဘယ်သူလဲကွဲ့။ ဘတိုးနဲ့ မောင်ရင်တို့က ငယ်သူငယ်ချင်းတွေဆိုတော့ သိမှာပေါ့နော်"

"ဟုတ်ကဲ့ သိပါတယ်။ အဲဒါ ဘတိုးကို ငယ်စဉ် မိဘမဲ့ဘဝကတည်းက စောင့်ရှောက်မွေးမြူခဲ့တဲ့ ဘတိုး ဦးလေး သိုင်းဆရာကြီးမင်းဒင်ပဲ ဖြစ်မှာပေါ့။ သူ့ကို ကျွန်တော်တို့ငယ် တုန်းက မြင်ဖူးတယ်။ ခုတော့ [illegible]



www.burmeseclassic.com

မွေး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ပါ ဖြူဖွတ်နေပြီး . . ."

"ဩော် . . .ဘတိုးဟာ သိုင်းမျိုး သိုင်းနွယ်ကိုး။ သိုင်းပညာရပ်ဟာ နိုင်ငံနဲ့လူမျိုးကို ကာကွယ်စောင့်ရှောက်ဖို့ အကျိုးပေးတယ်ဆိုပေမယ့် ဘတိုးအတွက် တစ်လွဲသုံးမိလို့ ဆိုးကျိုးပေးသွား တာပဲ"

"ဘယ်လို ဆိုးကျိုးလဲခင်ဗျား"

"ကျုပ်လည်း ဘတိုးကို တခြားလူတွေပြောသလို ပြောရတာပါကွယ်။ တိတိကျကျ ရေရေရာရာ အဖြေရှာလို့ မရသေးပါဘူး"

ဆရာကြီးဝရဇိန်က လူကြီးပီပီ အဖွင့်အပိတ်နှင့် စကားပြောသွားကြောင်း လူကင်းပါးသော ခင်မောင်ဝေ သိလိုက်လေပြီ။

× × ×

(ခုနစ်)

ထိုနေ့က ရေဝေးမှအပြန် သူ၏ကားနှင့် ရွှေအိမ်စည်နှင့် ငွေအိမ်စည်တို့ ညီအစ်မနှစ်ယောက်ကို ခင်မောင်ဝေ [illegible]လာခဲ့သည်။

ကားမှာ နောက်ဆုံးပေါ် Toyota Camsy ကားဖြစ်သည်။ ခင်မောင်ဝေ [illegible] ညီမနှစ်ယောက်စလုံးကို သူဖွင့်လှစ်[illegible]သော ကောင်းကင်ပြာဟိုတယ်မှာ [illegible]ခဲ့သည်။

ရွှေအိမ်စည်နှင့် ငွေအိမ်စည်တို့ ညီအစ်မနှစ်ယောက်မှာ ခင်မောင်ဝေ [illegible]ယောက် လေးငါးနှစ်ကာလအတွင်း [illegible] ကြီးပွားတိုးတက်လာရခြင်းကို [illegible]ကြည့်ကြသည်။

ဟိုတယ်ပိုင်ရှင် လုပ်ငန်းပိုင်ရှင်ကြီး၏ ဧည့်ခံပွဲသို့ ဧည့်သည်တော် ရွှေမင်းသမီးလေးနှစ်ယောက်အတွက် လိုလေသေးမရှိအောင် ခင်မောင်ဝေက ဧည့်ဝတ်ပြုခဲ့သည်။

"ကြိုက်သလိုသာမှာပြီး စားသောက်ကြပေတော့။ အမှန်တော့ ကိုယ်က သူငယ်ချင်းလေးယောက် ဘတိုးအပါအဝင်ပေါ့လေ၊ တစ်နေ့နေ့ ပြန်ဆုံပြီး ဒီလို ပျော်ပျော်ပါးပါး နေကြရလိမ့်မယ်လို့ မျှော်လင့်ထားတာ"

"ဟုတ်တယ်နော်။ တို့သူငယ်ချင်းတွေ ပြန်လည်တွေ့ဆုံပွဲဟာ ဘတိုးမပါတော့ အစစအရာရာပြည့်စုံနေပေမယ့် တစ်ခုခုလိုနေသလိုပဲ"

ရွှေအိမ်စည်က ထိုစကားကို အမှတ်မထင်ပြောလိုက်ခြင်းဖြစ်၍ ခင်မောင်ဝေ ရွှေအိမ်စည်ကို အဓိပ္ပာယ်ပါသော အကြည့်ဖြင့် တစ်ချက်လှမ်းကြည့်သည်။

ဘတိုးနှင့်ပတ်သက်၍ ငယ်စဉ်ကတည်းက ရွှေအိမ်စည် ထိုသို့ သံယောဇဉ်ကြီးတတ်ကြောင်း ခင်မောင်ဝေသိနေ၏။

ထိုစဉ်က အရွယ်ရောက်၍ အလှသွေးပွင့်စ ရွှေအိမ်စည်ကို ဘတိုးကြောင့် ခင်မောင်ဝေ ချစ်ခွင့်မဆိုဖြစ်ခြင်းပင်။

ဘတိုးနှင့် ရွှေအိမ်စည်တို့မှာ ခင်မောင်ဝေ၏ အချစ်ဆုံးသူငယ်ချင်းများဖြစ်ကြ၍ ခင်မောင်ဝေ သဘောထားကြီးကြီး ထားနိုင်ခဲ့သည်။ ဘတိုးနှင့် ရွှေအိမ်စည်တို့ ချစ်သွားကြလည်း ခင်မောင်ဝေက မနာလိုစိတ်မရှိ။ ခွင့်လွှတ်ကြည်ဖြူနိုင်ပါ၏။

သို့သော် ကာယကံရှင်ဘတိုးရော ရွှေအိမ်စည်တို့ပါ မပြတ်သားကြ၊ ကြားထဲက အားမလိုအားမရ ဖြစ်ရသူမှာ ခင်မောင်ဝေ။

ခုတော့ ဘတိုးသေသွားခဲ့လေပြီ။

သာကြီးဘ၏ချစ်ရသော ရွှေအိမ်စည်သာလျှင် ကျန်ရစ်ဖြစ်ခဲ့ပြီ။

သည့်အတွက် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားဟု မေးလာလျှင် ခင်မောင်ဝေ ဝမ်းလည်းသာတယ်၊ ဝမ်းလည်းနည်းတယ်ဟု အဖြေပေးမိမည်ပင်။ သူငယ်ချင်းဘတိုးကို ခင်မင်သည့်စိတ်၊ ရွှေအိမ်စည်ကို လိုချင်မိသည့်စိတ်တွေက ခင်မောင်ဝေ့အဖို့ ယခုတိုင် ဒွိဟသံသရာမှာလည်နေတုန်းရှိသေးသည်။ မပြတ်မသားရှိနေဆဲ ဖြစ်နေသေးသည်။

သုံးယောက်သား ငယ်ဘဝတွေ ပြောရင်း အချိန်တွေ လင့်လာသည်။

ပြန်ရန် စ၍ပြောသည်မှာ ရွှေအိမ်စည်၏ညီမငယ် ငွေအိမ်စည်ပင်။

ငွေအိမ်စည်လည်း လေယာဉ်မယ်လေးပီပီ သွက်လက်ချက်ချာလှသည်ကို ခင်မောင်ဝေ သတိပြုမိသွားပြန်သည်။

"မမရွှေအိမ် ပြန်ကြရအောင်၊ တော်တော်ကြာ ဒက်ဒီ စိတ်ပူနေလိမ့်မယ်"

သည်တော့မှ ရွှေအိမ်စည် ပြန်ရန် သတိရမိသည့်အလား . . .

"ဟုတ်ပါရဲ့ ညီမလေးရယ်။ အိမ်ကို ဖုန်းလှမ်းဆက်ထားပေမယ့် ဒက်ဒီက စိတ်ချမှာမဟုတ်ဘူး"

ရွှေအိမ်စည်ကော ငွေအိမ်စည်ပါ အိမ်ပြန်ရန် နှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်မပြတ်နိုင်သေးသော ခင်မောင်ဝေက အကဲပိုနေပြန်သည်။

သူ၏ကားဖြင့်ပင် ရွှေအိမ်စည်တို့ အိမ်ကို ရောက်ဖူးသည့်ရှိအောင် တမင်တကာ တကူးတက လိုက်ပို့နေပြန်ချေသေးသည်။ ဒါသည်ပင် သူ့အမှား။

ရွှေအိမ်စည်တို့ဖေဖေ ဦးရွှေရင်က ခင်မောင်ဝေနှင့် ရွှေအိမ်စည် ပြန်လည်ဆက်သွယ်မိခြင်းကို မနှစ်မြို့ချေ။

ဦးရွှေရင်သည် တာဝန်နှင့်ဝတ္တရားကို လေးစားသော ဝန်ထမ်းကောင်းပီပီ ရှုပ်ရှုပ်ရှက်ရှက်ကိုမကြိုက်။ အိမ်ထဲကပင် ထွက်၍မတွေ့။ စာကြည့်ခန်းထဲမှာ စာအုပ်တစ်အုပ်ကို စိတ်ပါ ဝင်စားနေပုံမျိုးဖြင့် မသိကျိုးကျွန်ပြုနေလိုက်သည်။

ဒါပေမည့် သူ့အနီးမှာရှိသော တယ်လီဖုန်း စကားပြောခွက်ကိုကောက်ကိုင်မိသည်။

× × ×

(ရှစ်)

ရွှေဝင်း လောကကြီးကို ဟားဟိုက်ပြီး လှောင်ရယ် ရယ်လိုက်ချင်သည်။ သူ့အချုပ်ထဲကို ဝင်လာခဲ့တာက လူရိုက်မှု။

ကျောက်လက်ဝါးဘတိုးကို ဒက္ခပေးရန် သမ္မာကြီး၏ အစီအစဉ်နှင့် ဝင်လာခဲ့ခြင်းဖြစ်၏။

သမ္မာကြီးဆိုတာက သူတို့ဒုစရိုက်ဂိုဏ်း ခေါင်းဆောင်။

သူလို အဆွယ်အပွားအနေနှင့် သမ္မာကြီးကို တိုက်ရိုက်မဆက်ဆံရ။ နာမည်သာ သိရသည်။ တစ်ဆင့်ခံ အဆက်အသွယ်နှင့် သူတို့အား နိုင်းစေတတ်သည်။

သမ္မာကြီးက ခိုင်းလျှင် ငွေကြေးထိုက်ထိုက်တန်တန် ပေးလေ့ရှိသဖြင့် သမ္မာကြီးခိုင်းလျှင် ဂိုဏ်းဝင်များက ဘာမဆို လုပ်ကိုင်ဆောင်ရွက်ပေးရန် ဝန်မလေးကြ။

ထိုနေ့က သမ္မာကြီးသည် သူတို့ဂိုဏ်းမှ ဂိုဏ်းဝင်ဖြစ်သော အောင်နိုင်ကို နှုတ်ပိတ်ရန် အသတ်ခိုင်းသည်။

မူးယစ်ဆေးဝါးရောင်းဝယ်သည့်ကိစ္စတစ်ခုတွင် အောင်နိုင်၏ ညံ့ဖျင်းမှုကြောင့် ရဲအဖမ်းခံလိုက်ရသည်။ တခြားဂိုဏ်းဝင်တွေ လွတ်အောင်ပြေးနိုင်သော်လည်း အောင်နိုင် လွတ်အောင်မပြေးနိုင်။ နာမည်ကသာ အောင်နိုင်၊ မအောင်နိုင်ဘဲ ရှုံးရသည်။

ရဲလက်ရောက်သွားသော အောင်နိုင်ကြောင့် မီးခိုးကြွက်လျှောက် တစ်ဂိုဏ်းလုံး ဒုက္ခရောက်မည်ကို စိုးရိမ်ပြီး အောင်နိုင့်ကိုသတ်ရန် အစီအစဉ်ဆွဲသည်။ ရိုက်မှု၊ သတ်မှုတွေ လက်ယဉ်နေသော ရွှေဝင်း၏ တာဝန်ဖြစ်လာသည်။ အောင်နိုင်ရှိရာ အချုပ်ခန်းသို့ ရွှေဝင်းသည် ပရိယာယ်ဆင်၍ဝင်ရမည်။

မူးယစ်သောက်စားပြီး ရိုက်မှုနှင့်ဝင်။ အချုပ်ထဲမှာ အောင်နိုင်နှင့်ဆုံလျှင် အောင်နိုင်အား အမြန်ဆုံးသတ်နိုင်အောင်ကြိုးစား။ သည့်အတွက် ရွှေဝင်းစိတ်ကျေနပ်အောင် ငွေကြေးပုံပေးထားသည်။

ဓားစာခံမျိုးမြင့်မှာလည်း သမ္မာကြီးအဖွဲ့ထဲမှဖြစ်၏။ ဒါပေမယ့် ရွှေဝင်း ခေါ်သွင်းလာသော လူသစ်ဝါနု အကင်းကလေး။

သူ့အတွက်လည်း မက်လောက်စရာ ငွေကြေးပေးထားသည်။

လူ့မိုက်လောကတွင် မိုက်မိုက်မဲမဲ အစီအစဉ်တွေဖြင့် အောက်တန်းကျကျ လုပ်ဆောင်ရသည့်အခါ လုပ်ဆောင်လေ့ရှိတတ်သည်။

ရွှေဝင်းသည် တစ်ကောင်ကြွက် ဘာမှစဉ်းစားတတ်သူမဟုတ်။ မျိုးမြင့်နှင့် ငွေရအောင်ကြံစည်ပြီး အချုပ်ထဲဝင်သည်။

မျိုးမြင့်က အရိုက်ခံရပြီး ဆေးရုံတက် ငွေယူသွားသည်။

ရွှေဝင်းက အောင်နိုင်ကို သတ်မှုနှင့်မဟုတ်ဘဲ ကခြားအမှုတွေနှင့် ဒိုပြင်ရဲစခန်းတွေ ရောက်သွားရသည်။

ထိုအမှုခတွေက ရွှေဝင်းအတွက် အသေးအဖွဲ့အမှုတွေ။ သူ မကျူးလွန်ခဲ့သော အမှုတွေ။ သူက လူသတ်မှု၊ ရိုက်မှုတွေမှာပဲ လက်ယဉ်သည်။

မသကာ သူ့ကို အချုပ်ထဲမှာ ထပ်မံဖမ်းဆီးလျှင် လူသတ်မှု ပုဒ်မ ၃၀၂ နှင့်သာ ဖမ်းဆီးရပေမည်။

အမှန်တကယ်လည်း အောင်နိုင်ကို သူသတ်ခဲ့လေသည်။

အောင်နိုင်သည် ဒုရဲအုပ်ဘတိုးလက်ချက်နှင့် တစ်ချက်တည်း သေဆုံးသွားခဲ့ခြင်းမဟုတ်။ ရွှေဝင်း အချုပ်ထဲရောက်သွားတော့ အောင်နိုင် သတိလစ်မေ့မြောနေဆဲရှိသေးသည်။ လူသတ်နေကျ ရွှေဝင်းက အမူးလွန်ပြီး ခေါင်းမထူနိုင်ဟန် ပိပိရိရိ သရုပ်ဆောင်ကောင်းခဲ့သည်။

သတိလစ်မေ့မြောနေသော အောင်နိုင့်ကို အချုပ်ခန်း ခြေရင်းဘက် အိမ်



www.burmeseclassic.com

www.burmeseclassic.com

သာအနီးထောင့်စွန်းတင် ပစ်ထားသည်။ ရွှေဝင်းက အောင်နိုင့်အနီးတွင် နေရာဝင်ယူသည်။ လုံအိပ်ရင်း အချုပ်ခန်းမီးမှိန်မှိန်ကို အသုံးချပြီး အောင်နိုင်၏ အသက်ရှူနေသော နှာခေါင်းကို ပိတ်ပစ်လိုက်ရုံသာ။

အမှန်က လူသတ်နေကျ ရွှေဝင်းအဖို့ ရန်ဖြစ်သလိုနှင့် လည်ပင်းညှစ်သတ်ဖို့ဖြစ်၏။ ခုတော့ လူသတ်သမားရွှေဝင်းအတွက် အတော့်ကို လွယ်လွယ်ကူကူ သက်သက်သာသာ ဖြစ်သွား၏။

လူသတ်သမား ရွှေဝင်းအတွက် လူသတ်မှုနှင့်မဟုတ်တဲ့ ခုတော့ တခြားအရိုက်မှုတွေနှင့် အချုပ်ခန်း တစ်ခုပြီး တစ်ခု ပြောင်းနေရသည်။

သို့သော် သူတကယ်ကျူးလွန်သော အမှုများမဟုတ်၍ ထိုအချုပ်တွေမှာ ကြာရှည်မနေရဘဲ လွတ်ပေးကြရပြန်သည်။

ယင်းကြောင့် ရွှေဝင်း လောကကြီးကို ဟားတိုက်ပြီး ရယ်ပစ်ချင်နေခြင်းပင် ဖြစ်၏။

ရွှေဝင်း အချုပ်မှ လွတ်လာတော့ သူ့အတွက် ထပ်ရမည့်ငွေကြေးအတွက် ဒီထားခေါင်းဆောင် သမ္မာကြီးတို့နှင့် ဆက်သွယ်ရပြန်သည်။

လျှို့ဝှက်ဆက်သွယ် တွေ့ဆုံနေကျအတိုင်း ရွှေဝင်းကို တစ်ယောက်က ခေါ်လာခဲ့သည်။ အခန်းကျယ်ကြီးအတွင်းသို့ ပို့ပေးပြီး တစ်ယောက်တည်း ထားခဲ့သည်။

သူတစ်ယောက်တည်း ထိုင်နေရသည်မှာ အခန်းကြီးက ကျယ်လွန်းခြင်း ကျဉ်းကျပ်လာသည်ဟု စိတ်မှာ ချောက်ချောက်ချားချား အထင်များရတော့သည်။

သည်တွင် လူကိုမမြင်ရဘဲ အသံကိုကြားလိုက်ရသည်။

"ရွှေဝင်း မင်းကို ငါသိန်းငါးဆယ် ပေးမယ်လို့ ပြောခဲ့တယ်နော်"

အသံက လျှို့ဝှက်တစ်နေရာက ပြောနေသော သမ္မာကြီးအသံမို့ သူမှတ်မိနေသည်။ ညထဲနီညထဲနက်များပြီး ရက်စက်တတ်သော သမ္မာကြီးအသံကို ကြားပြီး သူ ကျောထဲစိမ့်တက်လာ၏။

အခန်းထဲမှာ လျှို့ဝှက် အသံဖမ်းစက်၊ အသံလွှင့်စက်တွေ တပ်ဆင်ထား၏။ သို့သော် အပြင်မှဝင်လာသော လူစိမ်းဆိုလျှင် ထိုအသံဖမ်းစက်၊ အသံလွှင့်စက်များကို ရှာဖွေ၍ အလွယ်တကူ မတွေ့နိုင်အောင် ဖန်တီးထားသည်။

အခန်းနံရံမှာ ပန်းချီကားချပ်ကြီးများ ရှိနေသည်။

ရုပ်တုများ ရှိနေသည်။ အသံလွှင့်အသံဖမ်းစက်များသည် ပါးစပ်ဟနေသော ကျားရုပ်၊ ခြင်္သေ့ရုပ်ကြီးတွေထဲမှာလည်း ရှိချင်ရှိနိုင်သည်။ ပန်းချီကားချပ်တွေထဲမှာလည်း ရှိချင် ရှိနိုင်သည်။

ရွှေဝင်း ပြန်ဖြေရန်ခက်နေ၍ ငိုင်တိုင်တိုင်ကြီးဖြစ်နေစဉ် သမ္မာကြီးက မေးခွန်းထပ်မံ၍ ပေါ်ထွက်လာသည်။

"ရွှေဝင်း ငါပြောနေတယ်လေ။ မင်းကို သိန်းငါးဆယ်ပေးမယ်လို့ ပြောထားတယ်နော်"

"ဟုတ်···ဟုတ်ကဲ့"

"အောင်နိုင်ကို မင်းမသတ်ရလိုက်ရဘဲ ဘာတိုးသတ်လို့ သေသွားတဲ့ကိစ္စမှာ ငွေပေးစရာရှိရင် ဘာတိုးကိုပဲ ပေးရတော့မှာပေါ့ ဟုတ်လား"

"ခင်ဗျာ···ဒါ···ဒါဆို ကျွန်ကျွန်တော်မရတော့ဘူးပေါ့လေ။ အောင်နိုင်သေရတဲ့ကိစ္စမှာ ကျွန်တော့်ဘက်ကအရင်းရတဲ့ကိစ္စတွေ ရှိပါတယ် ဆရာကြီး"

"ပြော···အချုပ်ထဲကို ရိုက်ရှုနဲ့ဝင်ရ···ပွရယ်၊ တခြားမသက်ဆိုင်မှုတွေနဲ့ အချုပ်ခန်းပေါင်းစုံမှာ အချုပ်ခံရတာတွေကိုပါ ထည့်ပြောတာလား"

"ဆရာကြီးလည်း ကျွန်တော်တို့လောကသားပဲ။ အဲဒီ ဒုက္ခတွေကို တွေးကြည့်ပါခင်ဗျာ"

"အောင်နိုင် အသတ်ခံရတဲ့ကိစ္စမှာ မင်းလည်းပါတယ်ဆိုရင် တကယ်သတ်မိတဲ့ ဘာတိုးအတွက် ဝေစုတစ်ဝက်ကို ခွဲပေးသင့်တယ်။ ဒါကြောင့် မင်းကို သိန်းငါးဆယ်ထဲက ဝေစုတစ်ဝက်ပဲ ပေးမယ်ဆိုရင်ကော"

"ဒါက နောက်မှဖြစ်လာတဲ့ကိစ္စပဲ။ မူလက ကတိအတိုင်း ကျွန်တော်သိန်းငါးဆယ်အပြည့်ယူချင်တယ်။ အချုပ်ခန်းထဲမှာ လိုက်သတ်ရတဲ့အလုပ်ဟာ မလွယ်ပါဘူး ဆရာကြီးခင်ဗျား"

"မင်းအတွက် သိန်းအစိတ်ဆိုတာ လွန်လှပြီကွာ။ သိန်းငါးဆယ်စလုံး မင်းယူသွားရင် တကယ်သတ်ခဲ့တဲ့ ဘာတိုးက ကျေနပ်မှာမဟုတ်ဘူးနော်"

"ဘာလို့မကျေနပ်ရမှာလဲ။ ဘာတိုးက သေသွားပြီပဲဗျ။ ရှိမှမရှိတော့တာ။ ပြီးတော့ ဒီကိစ္စ သူနဲ့ ဘာမှပတ်သက်စရာအကြောင်းမှ မရှိတာဘဲဗျာ"

"မင်းက ဘာမှ ပတ်သက်စရာအကြောင်းမရှိဘူးလို့ ယူဆရင် ယူပေါ့ကွာ။ ဘာတိုး ဘဝပျက်ပြီး တမလွန်ရောက်

www.burmeseclassic.com

ရောက်သွားရတာ အောင်နိုင်သေခဲ့တဲ့ အမှုကြောင့်နေစ်။ ဘဝပျက်ပြီး တမလွန်ကို ရောက်သွားခဲ့ရတဲ့ ဘတိုးအနေနဲ့ တမလွန်ကနေ သူရသင့်တဲ့ဝေစုကိုတော့ ယူချင်နေမှာပဲ။ ဘတိုး ရင်းသွားရတဲ့ အရင်းအနှီးက မင်းထက်တောင် ပိုများနေသေးတယ်။ အသက်နဲ့ ရင်းသွားရတာကွ"

"ဒါက သူ့အသုံးမကျလို့ ဖြစ်ရတာ။ ကျွန်တော်ကတော့ ကျွန်တော့်ကိုပေးမယ်ဆိုတဲ့ သိန်းငါးဆယ်အပြည့်ပဲ လိုချင်တယ်။ ဆရာကြီး ကျွန်တော့်ကို သတ်ချင်ရင်လည်း သတ်တော့ဗျာ"

"ကောင်းပြီလေ။ ဘတိုးကို တမလွန် ဝေစုမပေးဘဲ မင်းချည်းသာ လိုချင်တယ်ဆိုရင်တော့ ယူသွားလေ။ ဒါပေမယ့် ခေါင်းစဉ်တစ်မျိုးနဲ့ ဘဏ်တစ်ခုမှာ မင်း သွားထုတ်ယူရလိမ့်မယ်"

"ဒီလိုပဲဖြစ်ရမှာပေါ့။ ကျွန်တော်က ဆရာကြီးတို့ကို ယုံကြည်ပြီး ရင်းထားရတဲ့ကောင်ပဲ"

"အေး . . . ဒါဆိုကောင်းပြီ။ မင်းရိုက်လိုက်လို့ ဆေးရုံ ရောက်သွားရတဲ့ မျိုးမြင့်ဆီသွားပေတော့။ သူက သိန်းငါးဆယ် ဘယ်လိုထုတ်ရမယ်ဆိုတာ ပြောပြလိမ့်မယ်"

"ဟင် . . မျိုးမြင့်ဟုတ်လား။ သူက ဒီအထိ ပါလာပြန်ပြီလား"

"ပါလာရတာပေါ့။ အောင်နိုင့်ကို နှုတ်ပိတ်ပစ်နိုင်ရင် သူ့ကို သိန်းအစိပ်၊ မင်းကို ငါးဆယ်ပေးမယ်လို့ ပြောပြီး စီ စဉ်ထားတဲ့ဟာ။ မင်းတို့နှစ်ယောက် တစ်ယောက်က သိန်းအစိတ်၊ တစ်ယောက်က သိန်းငါးဆယ် ထုတ်ကြရမှာကိုး။ မင်းသွားတော့။ နောက်နောင် တို့အတွက် လုပ်စရာအကြောင်း ကိစ္စပေါ်လာရင် မင်းဆက်သွယ်နေတဲ့ စိန်သံမဏိကတစ်ဆင့် တို့ဆက်သွယ်မယ်"

× × ×

(ကိုး)

ဂိုဏ်းခေါင်းဆောင် သမ္မာကြီးညွှန်ကြားချက်အတိုင်း ရွှေဝင်း မျိုးမြင့်နှင့် အဆက်အသွယ် လုပ်ရတော့သည်။

ဆေးရုံကဆင်းသွားတာ ကြာပြီဆို၍ မျိုးမြင့်တို့အိမ်သို့ လိုက်ရသည်။

မျိုးမြင့်တို့အိမ်ကလေးမှာ ဆင်းရဲသားရပ်ကွက်ကလေးအတွင်းမှာ ရှိသည်။ ရွှေဝင်း မျိုးမြင့်တို့အိမ်ရောက်သွားတော့ မမျှော်လင့် မထင်မှတ်ထားသော အဖြစ်မျိုးက ရွှေဝင်းကို ကြိုဆိုနေသည်။

မျိုးမြင့် သေဆုံးပြီး၍ ရည်လည် ဆွမ်းပင် သွတ်ပြီးနေပြီ။ မျိုးမြင့်အမေ မှဆိုးမကြီးက လေဖြတ်ထားသည်။

မျိုးမြင့်၏ ညီမလေးနှင့် ညီလေးက မျိုးမြင့်ကို မှီခိုအားထားနေရသည့် အဖြစ်။

မျိုးမြင့်ညီမလေး ခင်မျိုးအေးသည် အရွယ်ရောက်စ ပွင့်သစ်စပန်းကလေးနှယ် . . .။ ပြည့်ပြည့်တင်းတင်း အလန်းကလေး။

မျိုးမြင့်ညီကလေး မျိုးတင့်က အရွယ်ပင်မရောက်သေး ဆိုဂ္ဂါနင်းနေရသည်။ ခြောက်ကပ်ကပ် ပိန်သေးသေးလေး။ ရွှေဝင်းကို မျိုးမြင့်ညီမလေးက အကြောင်းစုံရှင်းပြသည်။

"အရက်မူးပြီး လူတစ်ယောက်နဲ့ ရန်ဖြစ်ပြီး အရိုက်ခံရတာပါပဲ အစ်ကိုရယ်။ ဆေးရုံတက်နေတုန်း ဦးသံမဏိဆိုတဲ့ လူကြီးက တစ်ဖက်က လျော်ကြေးပေးတယ်ဆိုပြီး ငွေငါးသိန်း တစ်ခါလာပေးတယ်။ ပြီးတော့ အစ်ကိုမျိုး ဆေးရုံကဆင်းလာတော့ ငါးသိန်းတစ်ခါ ယူလာတယ်"

"သူ့နဲ့ ရန်ဖြစ်တဲ့လူ ဘယ်သူဆိုတာ ပြောသွားသေးသလား။ ပြီးတော့ အဲဒီငွေငါးသိန်း . . . ငါးသိန်း နှစ်ကြိမ်ကို လျော်ကြေးပေးတဲ့လူက ဘယ်သူလဲ။ သူ့ကိုရိုက်တဲ့လူလား"

"သူ့နဲ့ ရန်ဖြစ်တဲ့လူနာမည်ကို ကိုမျိုး မပြောနိုင်ပါဘူး။ အရက်ဆိုင်မှာ ရန်ဖြစ်ရင်း အရိုက်ခံရတယ်ပဲ ပြောတယ်။ လျော်ကြေးငွေ ယူလာတာကတော့ ဦးသံမဏိဆိုတဲ့လူကြီးပဲ"

ရွှေဝင်းနာမည်ကို မျိုးမြင့် ဖုံးသွားသည်။

"ကိုမျိုး ဆေးရုံကဆင်းလာပြီးတဲ့နောက်မှာ ပုံမှန်မဟုတ်တော့ပါဘူး။ နေရင်းထိုင်ရင်း မူးမူးနေတယ်လို့ပြောပြီး အိပ်အိပ်နေရာက တစ်ခါတည်းအသက်ပျောက်သွားတော့တာပါပဲ အစ်ကိုရယ်"

မျိုးမြင့်၏ညီမ ခင်မျိုးအေး၏ စကားအသွားအလာကို ကြည့်ခြင်းဖြင့် မျိုးမြင့်သည် ဆေးရုံကဆင်းလာသောအခါ ပုံမှန်အနေအထား မဟုတ်ပုံရတော့။ သူ့အတွက် ရသင့်ငွေ သရုပ်ဆောင်ခငွေ နှစ်ဆယ့်ငါးသိန်းအကြောင်းပင် ပြောသွားပုံမရ။

သူတို့ ဂိုဏ်းခေါင်းဆောင် သမ္မာကြီးကိုယ်တိုင် ဇာတ်လမ်းရေးဒါရိုက်တာလုပ်ပြီး ရိုက်ကူးသွားသော ဇာတ်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းကြီးမှာ သမ္မာကြီးဖြစ်ချင်သော ဇာတ်လမ်းမျိုးအတိုင်း ဖြစ်မသွားသည်မှာ သေချာနေလေပြီ။

ပထမဆုံး ငမိုးရိပ်ချောင်းဘေး သစ်စက်ပေဟာင်းအတွင်းမှာ သိုလှောင်ထားသော ဘိန်းဖြူများကို အရောင်းအဝယ်လုပ်နေကျအတိုင်း ကားကူးကားကြောင်းဖြင့် အရောင်းအဝယ်လုပ်ကြရာမှ ရဲက ခြေရာခံမိသည်။

ဘိန်းဖြူမှုန့်ထုပ်တွေ အသိမ်းခံရပြီး လုလွတ်ရန်ပြေးရာမှ အသုံးမကျသော လူညံ့အောင်နိုင်ကို ဒုရဲအုပ်ဘတိုး ဖမ်းမိသွားသည်။

သမ္မာကြီးတို့ဂိုဏ်းသည် ဘိန်းဖြူချည်း မှောင်ခိုရောင်းဝယ်သည်မဟုတ်။ လူမှောင်ခိုလည်း ကူးသည့်အဖွဲ့ဖြစ်၏။ ငွေကြေး မြီးမြီးမြက်မြက်ရမည့် အလုပ်မှန်သမျှ အကုန်လုပ်သည်။ သမ္မာကြီးတို့ဂိုဏ်းမှာ တစ်ဖက်နိုင်ငံသို့ပင် နာမည် ထွက်နေသည်။

အောင်နိုင်ကို ရဲက လက်ရဖမ်းမိတော့ သူတို့ဂိုဏ်းကို ဖော်ထုတ်မည်စိုး၍ နှုတ်ပိတ်ရန် ဇာတ်ကွက်ရိုက်သည်။ အချုပ်ခန်းထဲရောက်နေသော အောင်နိုင်ကိုသတ်ပစ်ရန်။ ဒါမှ သူတို့ ဂိုဏ်းကို မဖော်နိုင်ဘဲ နှုတ်ပိတ်သွားမည် မဟုတ်လော။

သမ္မာကြီး အောင်နိုင့်ကို နှုတ်ပိတ်သတ်ဖြတ်ဖို့ရာ၌ လူသတ်မှုမှာ လက်သည်သော ရွှေဝင်းကို အမိကဇာတ်ကောင်ထားသည်။ ရွှေဝင်း အချုပ်ထဲရောက်ရေးအတွက် လူရိုက်မှုလောက်နှင့် သွင်းပစ်သည်။

အရိုက်ခံရသော သူတို့ဂိုဏ်းသား အသစ် မျိုးမြင့် ခေါင်းအရိုက်ခံရုံဖြင့် ဆေးရုံတက်ကာ ငွေသိန်းအစိပ်ရမည်ဆိုတော့ မက်မောပြီး ဇာတ်ကောင်အဖြစ် ဝင်ပါလာသည်။ စီးပွားရေး ကျပ်တည်းမှုကြောင့် အသက်အန္တရာယ်ကိုတောင် ထည့်မစဉ်းစားနိုင်အောင် မိုက်မဲသွားစေခဲ့၏။

ရုပ်ရှင်ကားတွေ၊ ဗီဒီယိုဇာတ်လမ်းတွေမှာတော့ ဒါရိုက်တာ ဇာတ်ညွှန်းဆရာကြီး၏ အစီအမံ အညွှန်အကြားအသင်အပြအတိုင်း ဖြစ်သွားချင်ဖြစ်သွားမည်။

ယခု ဒုစရိုက်လောက လူ့ဘဝဇာတ်ခုံ၌ သမ္မာကြီး၏ အသင်အပြအညွှန်အကြားအတိုင်း ဖြစ်မလာနိုင်တော့ချေ။

ပထမဆုံး ရွှေဝင်း လူရိုက်မှုဖြင့် အောင်နိုင်ရှိရာ အချုပ်ခန်းထဲရောက်သွားတော့ အောင်နိုင်က ရဲအုပ်ဘတိုးလက်ချက်နှင့် လောကကြီးကို ယာယီမျက်မှောက်ပြု မေ့မြောနေ၏။

သည်မှာ အတွေ့အကြုံရှိပြီး၊ သမ္မာရင့်နေသော ရွှေဝင်းက ရောင်တော်ပြန်နှင့် ရောလွှတ်ကာ အောင်နိုင်ကို တခြား အချုပ်သားတွေမမြင်အောင် သတ်ပစ်လိုက်နိုင်သည်။ ဘတိုးမှာ အချုပ်သားတရားခံကို ခြေလွှန်လက်လွန်မှုနှင့် အရေးယူခံရပြီး အခေါင့်လျှောကျသွားသည်။

စိတ်ဓာတ်ပြင်းထန်ပြီး မာန်ကြီးသော ဒုရဲအုပ်ဘတိုးသည် ရှက်ရှက်နှင့် ရဲတပ်ဖွဲ့မှ ထွက်သွားသည်။ ပြီးတော့ စိတ်ဓာတ်ကျပြီး ဖြစ်သလိုနေထိုင်ရင်း ယစ်ထုပ်ကြီးဘဝရောက်ကာ အသေဆိုး သေသွားခဲ့သည်။

ဒုရဲအုပ်ဘတိုး ဘဝပျက် သေဆုံးရခြင်းမှာ ဇာတ်ဆရာ သမ္မာကြီးအတွက် အပိုဆုထွက်လာသော အမြတ်ဇာတ်လမ်းဖြစ်၏။ မည်သည့်ဒုစရိုက်သမားမဆို မိမိတို့ကို အချိန်မရွေး နှောင့်ယှက်နေသော ရဲဝန်ထမ်းကို ရှင်းထုတ်ပစ်ချင်နေ သည်ချည်း။ ဒါမှ မိမိတို့အတွက် အန္တရာယ်ကင်းမည်။ ကြွက်ကကြောင်ကို သေစေချင်သည်။ သမင်က ကျားကို သေစေချင်သည်။

ဇာတ်ဆရာသမ္မာကြီး ဇာတ်လမ်းအလွဲတွေက သူ့အတွက် အကောင်းဘက်က အလွဲတွေဖြစ်သလို မကောင်းသည့်ဘက်က အလွဲတွေဖြစ်လာသည်။

အောင်နိုင့်ကို အချုပ်ခန်းအတွင်းမှာ သတ်ခဲ့သည့် ရွှေဝင်းကို ရဲက ဘယ်လိုမှ မရိပ်မိဘဲ လူသတ်မှုနှင့် ဆက်စပ်ခြင်းပင်မပြု။ တခြားဒုစရိုက်သားများ လုယက်ဖောက်ထွင်းမှုများနှင့် သူ့ကိုအခင်းဖြစ်ပွားရာ မြို့နယ်အချုပ်ခန်းများသို့ ပြောင်းရွှေ့ပြီး စစ်ဆေးသည်။

ဒါကလည်း တစ်လွဲချည်းပင်။

ရွှေဝင်းသည် ဖောက်ထွင်းဝိဇ္ဇာမဟုတ်။ လုယက်သမားမဟုတ်။ ယင်းကြောင့် အချုပ်ခန်းများတွင် ကြာရှည်အချုပ်ခံနေရသော်လည်း အမှုစွဲမတင်နိုင်ဘဲ လွတ်မြောက်လာခဲ့သည်။

ထိုသို့သော အလွဲများကြောင့် အောင်နိုင့်ကိုသတ်မှု သိန်းငါးဆယ်ကိစ္စမှာ လွဲချင်သလို ဖြစ်သွားခဲ့၏။ ဒါပေမယ့် ရွှေဝင်းသည်လည်း မြွေပွေးလို အဆိပ်ပြင်းသည့်ကောင်ဆိုတာ သိထားတော့ သမ္မာကြီးတို့ ကိုင်တွယ်ချင်သပ



www.burmeseclassic.com

www.burmeseclassic.com

ကိုင်တွယ်၍မရတော့။

ထိုအရှုပ်တော်ပုံ ဇာတ်လမ်းကြီးတွင် နောက်ဆုံးအလှည့်ကား သူ့အတွက် သိက္ခာကျချင်စရာ အလွဲဖြစ်သွား၏။

အမှန်တော့ ဒုရဲအုပ် ကျော်လက်ဝါးဘတိုး၏ဝဋ် သူလည်းလေပြီလားဟု တွေးထင်ရလောက်အောင်ပင်။

ကျော်လက်ဝါးဘတိုးက အမှုကို ပေါ်အောင်စစ်ရာမှ သူ့လက်စလက်န အချိန်အခါအရ ခေါင်းမာသော တရားခံအောင်နိုင်ကို မေ့မြောလောက်အောင် အပေါ့စားဓာတ်စာ ကျွေးခဲ့သည်။ သူက ရောင်တော်ပြန်နှင့် ရောလွှတ်၍ အသက်ထွက်သွားအောင် အပြင်းစားဓာတ်မြေဩဇာ ဖြည့်တင်းပေးလိုက်သည်။

ဓားစာခံအောင်နိုင်သေပြီ။ သူ၏ အမှုစစ် ကျော်လက်ဝါးဘတိုး ဘဝပျက်ပြီးသေပြီ။

ကိစ္စရှင်းပြီ ပြတ်ပြီထင်ကာမှ မရှင်းမပြတ်တွေ ဖြစ်လာရသည်။

သူ အချိန်အဆနှင့် ရိုက်ခဲ့သော မျိုးမြင့် အရိုက်ခံရသည့် ဒဏ်ရာနှင့် ဆေးရုံကဆင်းပြီးနောက် သေဆုံးသွားရသည်တဲ့။

ထိုဖြစ်ရပ်ဆိုးအတွက် ရွှေဝင်း အကြီးအကျယ် စိတ်ထိခိုက်သွားခဲ့ရလေပြီ။

မျိုးမြင့် ကံဆိုးလွန်းပါသည်။ ခြေစလက်စရှိ၍ ရိုက်နေ ကျရွှေဝင်း ဒီတစ်ခါတော့ အရက်ရှိန်နှင့် လက်စလွန်သွားပုံ ရသည်။

တစ်အိမ်လုံး၏ စီးပွားရေးမှာ မျိုးမြင့်အပေါ် မှီခိုအားထားနေရသည်။ ခု မျိုးမြင့် သေသွားပြီဆိုတော့ . . .

မျိုးမြင့် အမေကြီးက လေဖြတ်ပြီး အိပ်ရာပေါ်မှာ လဲနေသည်။ မျိုးမြင့်၏ အရွယ်ရောက်စ ညီမချောလေးနှင့် လူမမည် ညီလေးမှာလည်း အားကိုးရာမဲ့ အဖြစ်နှင့် ကျန်ရစ်ခဲ့လေပြီ။

ထိုအားကိုးရာမဲ့ မိသားစု၏ တာဝန်ကို သူပခုံးပြောင်းယူရန် သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာ ကြံစားရတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

× × ×

## (တစ်ဆယ်)

ခင်မောင်ဝေ ခေါင်းဖြူကြီး မင်းဒင်ကို လက်ခံတွေ့ဆုံ စကားပြောနေရခြင်းအတွက် စိတ်ထဲတွင် နှစ်မြို့ခြင်း လုံးဝ မရှိလေပါ။

သူ့ထံ တယ်လီဖုန်းနှင့် ဆက်သွယ်သာကတည်းက သူအံ့အားသင့်နေ၏။

ခေါင်းဖြူကြီးမင်းဒင်နှင့်သူ လုံးဝ အဆက်အသွယ် မလုပ်ခဲ့စဖူး။

"ဘယ်...ဘယ်က ခေါင်းဖြူကြီး မင်းဒင်လဲ။ ကျုပ်ဆီကို ခုလို ဒါရိုက်ဆက်သွယ်လို့ မရဘူးလေ။ ကျုပ်ရဲ့ စက္ကရီထေရီဆီကတစ်ဆင့် ဆက်သွယ်ရမယ်ဆိုတာ ခင်ဗျားမသိဘူးလား"

"မင်းက ငါ့ကို တစ်ဆက်တည်းနဲ့ နှစ်ချက်မေးတယ်။ (၁) ဘယ်က ခေါင်းဖြူကြီးလဲဆိုတော့ သေသွားတဲ့ ဒုရဲအုပ် ကျော်လက်ဝါးဘတိုးရဲ့ ဦးလေးလေ။ (၂) ကျုပ်ရဲ့ စက္ကရီတေရီဆီကတစ်ဆင့် ဆက်သွယ်ရမယ်ဆိုတဲ့ အတိုင်း မင်းရဲ့ အတွင်းရေးမှူးမလေးဆီကနေ ဆက်သွယ်နေတာပဲ။ ကဲ . . . မင်းမေးခွန်းနှစ်ခုကို ငါဖြေပြီးပြီ။ မင်းနဲ့ ငါ သာတွေ့ရတော့မလား"

"ဟင် . . . ဒါဆို ခင်ဗျား ကျွန်တော့်ရဲ့ ကုမ္ပဏီရုံးခန်းထဲကိုတောင် ရောက်နေပြီပေါ့လေ။ ကျွန်တော့်လိပ်စာကို ကျွန်တော်မပေးဘဲ ခင်ဗျား ဘယ်ကရတာလဲ"

"အဲဒါ မခက်ပါဘူးကွာ။ မင်းကိုယ်တိုင် လိုလိုလားလား လိပ်စာပေးခဲ့တဲ့ မင်းရဲ့ ရွှေအိမ်စည်ညီအစ်မဆီက ပေါ့ကွယ်"

"ဟင် . . . ခင်ဗျားဘယ်လိုလဲ။ ကွက်ကျော်တွေ သုံးနေပုံထောက်တော့ ကျွန်တော် ခင်ဗျားကို သိပ်မသက်သာဘူး"

"ငါ့ကို မသက်သာရအောင် မင်းဘက်ကလည်း မသက်သာစရာအလုပ်တွေ ဘာတွေများ လုပ်ထားလို့လဲကွာ"

"အင်း . . . ခင်ဗျားတော့ ခက်နေပါပြီ။ ဒီမှာ ဘတိုးဦးလေး ခေါင်းဖြူမင်းဒင်ကြီး။ ကျုပ်ဟာ ငယ်ငယ်က ခင်ဗျားတူ ဘတိုးရဲ့ သူငယ်ချင်းလူငယ်ကလေး ခင်မောင်ဝေ မဟုတ်တော့ဘူး။ ကုမ္ပဏီပိုင်ရှင် လူကြီးတစ်ယောက်ဖြစ်နေပြီ။ တစ်နေ့တာတွေ့ဆုံဖို့ ကြိုတင်ချိန်းဆိုချက် ရှိရတယ်။ ခု ကျုပ်မှာ အစည်းအဝေးတစ်ခု သွားတက်စရာရှိတယ်။ ခင်ဗျား ကို ဒီနေ့ လက်ခံပြီး မတွေ့နိုင်ဘူး။ ကျုပ် အခုပဲ အပြင်ကို ထွက်တော့မလို့"

"အပြင်ကို ထွက်မလို့ဆိုရင် ငါကလည်း ခုပဲ မင်းအခန်းဝကို ရောက်နေတော့ တစ်ခါတည်းပဲ ဝင်လာရတာပေါ့ကွာ"

တယ်လီဖုန်းထဲမှ စကားသံအဆုံး ခင်မောင်ဝေ့အခန်းဝမှ သံမဏိရုပ်တုတံခါးမှာ ရီမုဒ်ကွန်ထရိုးအတိုင်း ညင်



www.burmeseclassic.com

www.burmeseclassic.com

ညင်သာသာကလေး မွှင့်သွားပြီး သေး တစ်ဖျက်တစ်ချက် ကွဲသွားသောအဝ မှ မုတ်ဆိတ်ဖြူကြီးမင်းဒင်ကို ခင်မောင် ဝေ မထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် အံ့အားအသင့်ကြီး သင့်သွားလေသည်။

"ဟင်…ခင်…ခင်ဗျား‥ခေါင်း ဖြူကြီးနဲ့ အရွယ်နဲ့မလိုက်အောင် ဒီ လောက်သွက်နေပုံထောက်တော့ ဘတိုး ရဲ့ ဦးလေးအစစ် ခေါင်းဖြူကြီးမင်းဒင် မဟုတ်နိုင်ဘူး"

မျက်နှာတွင် နှုတ်ခမ်းမွေး မုတ် ဆိတ်မွေး ပါးမြိုင်းမွေး ဖြူဖြူတွေနှင့် ခေါင်းဖြူကြီးမင်းဒင်မှာ ရှောင်လင် သိုင်းသမားလို ဝတ်ရုံဖြူကြီး ဝတ်ထား သဖြင့် အဖြူရောင် မီးခိုးငွေ့လို သွက် သက်ခြင်း အဟုန်နှင့် ခင်မောင်ဝေ၏ စားပွဲရှေ့ ရောက်လာ၏။

ထိုင်ရမလို၊ ထရမလို ကုန်းကုန်း ကွကွ ဖြစ်နေသော ခင်မောင်ဝေကို အညီငြိမ်စွာ လှမ်းပြောသည်။

"တခြားမဟုတ်တရုတ်လုပ်ဖို့ အကြံအစည်တွေ ဘေးချိန်အသာထား ပြီး မင်းနဲ့ငါ အေးအေးဆေးဆေး စကား ပြောကြတာပေါ့ ခင်မောင်ဝေ"

"ခင်ဗျားကြီးနဲ့ ကျုပ် ဘာပြော စရာမှ မလိုအပ်တော့တာဘဲ။ ခင်ဗျား ကြီးက စည်းကျော်ပြီး ကျုပ်အခန်းထဲ အထိအောင် အရောက်ကျူးကျော်ဝင် ရောက်လာခဲ့တော့မှပဲ။ ခင်ဗျား ကျုပ် အခန်းထဲက ခုထွက်သွား"

ခုထွက်သွားဆိုသော စကားသည် အခန်းထဲမှ သူလက်ရုံး သက်တော် စောင့်နှစ်ယောက်ကို ပစ်ခတ်ရန်အချက် ပေးသင်္ကေတနှင့် ဖြစ်ပုံရသည်။

"နိုင်း…"

"နိုင်း…"

အခန်းထဲမှာ သေနတ်သံနှစ်ချက် ပေါ်ထွက်သွားပြီး ခင်မောင်ဝေ၏ လက် ရွေးစင် သက်တော်စောင့်နှစ်ယောက် သေနတ်ထုတ်၍ ပစ်ရန်အလုပ်မှာ ခေါင်းဖြူကြီးမင်းဒင်က သေနတ်ထုတ် ၍ နှစ်ချက်ဆင့်ပစ်ကာ သေနတ်ကိုင် လက်များကို ရိုက်ချိုးပြီး ဖြစ်နေ၏။

ခင်မောင်ဝေကလည်း ပေါ့ပေါ့ တန်တန်ကောင် မဟုတ်လေတော့ သူ့ လူနှစ်ယောက်အား ခေါင်းဖြူကြီး ပစ် ခတ်လိုက်စဉ် သူ့စားပွဲထဲမှ အသင့် ဆောင်ထားသော သေနတ်ကို လှမ်း အဆွဲ ခေါင်းဖြူကြီးက စားပွဲကို ပင့်ကန် ပြီး စားပွဲနှင့် ခင်မောင်ဝေ ဆောင့်မိ ပြီး ဟန်ချက်ပျက်သွားစေသည်။

"ဝုန်း"

"အင့်…"

ခင်မောင်ဝေ သူ့သေနတ်ပင်သူ ထုတ်ကိုင်ချိန်မရလိုက်။

"အဲဒီလို အကြမ်းပတမ်းတွေ လုပ်မနေပါနဲ့ ခင်မောင်ဝေရယ်။ မင်းပဲ ကိုယ်တို့ သူငယ်ချင်းလေးယောက် ဘတိုးအပါအဝင် တစ်နေ့နေ့ ပြန်ဆုံ ပြီး ဒီလိုပျော်ပျော်ပါးပါး နေကြရလိမ့် မယ်လို့ မျှော်လင့်ထားတာလို့ ရွှေအိမ် စည်တို့ ညီအစ်မနှစ်ယောက်ကို ပြောခဲ့ ဖူးတယ် မဟုတ်လား"

"ဟင်…ဒါ…ဒါဆို မင်းဟာ မင်းဦးလေး ခေါင်းဖြူကြီးမင်းဒင် မဟုတ် ဘူး။ သေသွားတဲ့ ဘတိုး‥ဘတိုး‥ မဟုတ်လား"

ခင်မောင်ဝေ ခုမှ လူသေကောင် ကို တွေ့ပြီး အရှင်လတ်လတ် သရဲ အခြောက်ခံရသည့်နယ် ထိတ်လန့် ချောက်ချားသွားတော့သည်။

ခေါင်းဖြူကြီးသည် ခင်မောင်ဝေ ၏ ထိတ်လန့်ချောက်ချားသွားပုံကို ကြည့်ပြီး မထေ့တထေ့နှင့် ပြန်ပြော သည်။

"မင်းက‥‥ငါ့ကို ငါ့ဦးလေး အယောင်ဆောင် ခေါင်းဖြူကြီးမင်းဒင် မဟုတ်တဲ့ ရဲပြုတ် သေသွားတဲ့ ကျောက် လက်ဝါးဘတိုးအဖြစ် သိသွားမှတော့ ငါကလည်း မင်းကို ငါတို့မြို့ကလေးက ငါ့သူငယ်ချင်း ခင်မောင်ဝေဆိုတာထက် မူးယစ်ဆေးဝါးနဲ့ လူမှောင်ခိုဂိုဏ်းကြီး ရဲ့ လျှို့ဝှက်ခေါင်းဆောင် "သမ္မာကြီး" ဆိုတာ သိထားပြီလို့ ဖွင့်ပြောရမှာပေါ့ ကွာ"

"အဲဒီလို သိထားလို့လည်း လျှို့ ဝှက်ချက်တွေနဲ့ ပရိယာယ်သုံးပြီး မင်း အကွက်ဆင်တဲ့ ဇာတ်လမ်းထဲဝင်ပြီး အကွက်ပြင်လာခဲ့တာပဲ။ သိုင်းပြောင် ပြန်သမားဆိုတာ သိုင်းကွက်ကို ပြောင်း ပြန်ကစားတတ်သလို အရှုပ်ထုပ်ဇာတ် ကွက်ကိုလည်း ရန်သူမထင်တဲ့ ထောင့် ကွက်ကနေ ပြင်ဆင်ကပြတတ်တယ် လေ။ ခုအခြေအနေကျမှ မင်းဘာက် ဘာလုပ်ရှားမှုတွေမှ မလုပ်နဲ့တော့။ တို့ ရဲတွေက မင်းတို့ ဒုစရိုက်သမားတွေ ထက် တစ်ကွက်သာနေတာ အမှန်ပဲ။ မင်းခြံထဲမှာ တို့တပ်ဖွဲ့ဝင်တွေ တပ်ဖြန့် ချထားပြီးသား။ အလောင်းတစ်ခုနဲ့ရင်း ပြီး အကွက်ဆင်လိုက်တာပဲ"

**ကျော်မင်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com

# အမြန်ဆုံး ရောင်းလို့ထွက်ပါစေ

## မင်းသူ့ကျော်

ခုတစ်လော အစ်မဖြစ်သူ၏ စတိုးဆိုင်ကလေးက ဟိုးခါတိုင်းလို အရောင်းအဝယ်မသွက်။ အတော်ကလေးကို ဈေးလာဝယ်သူ ပါးလျနေသည်။

သည်လိုမျိုး အခြေအနေဆိုလျှင် အစ်မဖြစ်သူခမျာ မျက်ကလဲဆန်ပျာဖြစ်လျက် ကျွန်ုပ်ထံ ရောက်လာစမြဲ။ ရောက်လာလျှင်ပင် စကားလုံးတွေ ပေါက်ပေါက်ဖောက်လျက် နိုသတ္တဝါကလက်မြှောက်(အတောင်ပံမြှောက်)ရလောက်အောင် ညည်းတွားရစမြဲ။ သည်တော့လည်း စိတ်သောကတွေကင်းပျောက်ဖို့အရေး အကူအညီပေးလိုက်ရစမြဲ။

"အမယ်လေး…ငါ့မောင်ရယ်။ ဒီလိုသာ အရောင်းတွေအေးနေရင် အစ်မတို့မိသားစု ဆန်ကောရောင်းပြီး တောပြောင်းရလိမ့်မယ် ထင်ပါရဲ့"

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသကဲ့သို့ ညည်းတွားခြင်း ခြေဆင်းကို စလိုက်ပချေပြီ။

"နေစမ်းပါဦး။ ဘာပစ္စည်းတွေ အရောင်းထိုင်းနေလို့လဲ အစ်မရဲ့"

"ပြော…မပြောချင်တော့ပါဘူးကွယ်။ မြိုးမြိုးမြက်မြက်ကလေး စားရမလားလို့ အဝတ်အထည်တွေယူထားတာ တောင်ပုံရာပုံဖြစ်နေပြီ။ နို့ဆီတွေဆို အချဉ်ပေါက်မလားတောင် မသိဘူး။ နာရီတွေ၊ ထီးတွေ၊ ဖိနပ်တွေဆိုရင် နွေခေါင်ခေါင်မှာ ရေခဲတုံးတွေဖြစ်တော့မယ်။ ဟူး…သေသာသေလိုက်ချင်တော့တယ်။ အတိုးတွက်နဲ့တွက်ရင် သောက်သောက်လဲကို ရှုံးနေပြီ"

အစ်မပြောဆိုသော ပစ္စည်းများကား စနေနံနှင့်ပတ်သက်သော ပစ္စည်းများဖြစ်ကြ၏။

"ဒါထက် အစ်မပြောတဲ့ပစ္စည်းတွေ အမြန်ဆုံး အရောင်းထွက်သွားရင် ကျေနပ်မလား"

"အမယ်လေးလေး…ဘယ့်နှယ်ပြောလိုက်တာလိမ့် ငါ့မောင်ရယ်…။ အများကြီး ကျေနပ်၊ အားကြီးကို ကျေနပ်ပဲပေါ့။ ကူညီစမ်းပါကွယ်။ အားကိုးပါတယ် တကယ်…တကယ်"

သည်တော့လည်း စနေနံရောင်းကုန်တွေ အမြန်ထွက်သွားစေရေးအတွက် လိုလျှင်ကြံဆ နည်းလမ်းရဆိုသည့်အတိုင်း လေ့လာထားသည်တို့မှ အသုံးတည့်စေမည့် အစီရင်ခံစာလေး တစ်ခုကို ရှာဖွေလိုက်ရသည်။

"ကိုင်း…သေသေချာချာမှတ်သွားနော်။ ဖလားတစ်လုံးထဲကို ပရုပ်လုံး ၉ လုံးထည့်ရမယ်။ ပြီးတာနဲ့ ရောင်းထွက်လိုတဲ့ စနေနံပစ္စည်းတွေကို ၉ ချက်တိတိ အသက်အောင့်ပြီး ရိုက်ပေး။ နောက် 'အမြန်ဆုံး အရောင်းထွက်ပါစေ၊ အမြန်ဆုံး အရောင်းထွက်ပါစေ'လို့ နှစ်နှစ်ကာကာ ဆုတောင်းပေတော့ ဟုတ်ပလား"

"ဟုတ်ပါပြီ ငါ့မောင်ရယ်။ အစ်မ အိမ်ပြန်ရောက်တာနဲ့ ငါ့မောင်ပြောတဲ့အတိုင်း သေသေချာချာကို လုပ်မယ် သိလား"

သို့ဖြင့် အစ်မဖြစ်သူလည်း ဝမ်းသာအားရ သွက်လက်ပေ့ါပါးစွာ ပြန်သွားပါလေ၏။

သိပ်မကြာလိုက်။

ခရီးကြုံသည့်တစ်ရက် အစ်မဖြစ်သူ၏ စတိုးဆိုင်လေးသို့ ဝင်သွားခဲ့လေရာ ကျွန်ုပ်အဖို့ အစ်မ၏ သော်တာငွေလ၊ ရွှင်ပျပျမျက်နှာကြီးကို ဘွားခနဲ တွေ့လိုက်ရပေ၏။

"သိပ်ကျေးဇူးတင်ပါတယ် ငါ့မောင်ရယ်။ မင်းပေးတဲ့ ယကြာက သိပ်စွမ်းတာပဲ။ ခုဆို စနေနံပစ္စည်းမှန်သမျှ တက်တက်ကို ပြောင်သွားပါရောလား။ ကိုင်း…ရောက်တုန်းရောက်ခိုက် ထမင်းစားပြီးမှ ပြန်နော်"

သည်သို့သော လောကွတ်စကားဖြင့်ပင် ကျွန်ုပ်အဖို့ ဝမ်းသာပီတိ ဝွမ်းဆီထိရပါတော့သတည်း။

မင်းသူ့ကျော်



www.burmeseclassic.com

www.burmeseclassic.com



# နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်

## ပညတ်-ပရမတ်

မဟာခထွေနီး

ပညတ်သည်ကား ကျယ်ပြန့်များပြားလွန်းလှသည်။ ကမ္ဘာကျယ်၍ သံသရာရှည်သူလောက် ပညတ်သည်လည်း ကျယ်ပြန့်၊ များပြားနေဦးမည်သာဖြစ်သည်။

ကမ္ဘာအတွင်း၌ တွေ့ရ၊ မြင်ရ၊ ကြားရသော အရာဝတ္ထုအားလုံးသည် ပညတ်များချည်း ဖြစ်ရသလို သံသရာတစ်လျှောက်၌ တွေ့ရ၊ မြင်ရ၊ ကြားရသော အရာဝတ္ထုများသည်လည်း ပညတ်များချည်းသာ ဖြစ်လေသည်။ ထို့ကြောင့် ပညတ်အကြောင်းကို ရေးသားတင်ပြ၍ ပြည့်စုံအောင်လောက်နိုင်ဖွယ်ပင် မရှိပေ။

သည်အထဲ ကုန်ခဲ့ရသည့်က ပညတ်အကြောင်းကို ရေးခဲ့သော စာစုသည်လည်း တွန်းဈေးတာထဲမှာ အမှိုက်ရှင်းရင်း မှားနိုင်မိ၍ ပျက်သွားပြန်သည်။ ဖျက်လိုက်သည်ကလည်း ဒလိနှင့်မတူတဲ့ အမှိုက်ရှင်းသည့် သဘောအတိုင်း ရှစ်ဒလိနှင့်သာ ဖျက်လိုက်မိ၍ တွန်းဈေးထဲမှ အလုံးစုံထွက်သွားသောကြောင့် အမှိုက်ပုံးထဲမှာပင် မရှိတော့ပေ။

လစဉ်၊ ခန်းဆက်စသည့် ရေးသားနေသည့် စာတွေကလည်း များပြားလွန်း၍ ပြန်စဉ်းစားကြည့်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

အလုံးစုံကို မမှတ်မိနိုင်တော့ပေ။ ထို့ကြောင့် ကုန်ခဲ့သည့်လမှ အကြောင်းအရာတချို့တို့ ထပ်ပါလာလျှင်လည်း စာဖတ်သူများအနေဖြင့် ဤစာရေးသူ၏ အားနည်းချက်ကို နားလည်နိုင်ကြလိမ့်မည်ဟု ယုံကြည်သည်။

ဝိပဿနာတရားတော်ဟူသည်မှာလည်း ထပ်ထပ်အခါခါ နာယူဖတ်ရှုခြင်းဖြင့်သာ တရားတော်ကို နားလည်ပြီး သဘောပေါက်ကြရသည့် အကြောင်းရှိလေသည်။ ထို့ကြောင့် ကုန်ခဲ့သည့်လမှ အကြောင်းအရာ တချို့ ထပ်ပါလာလျှင်လည်း မှတ်ဉာဏ်မှာ ပို၍၊ သာ၍ စွဲထင်ဖွယ်ရှိသောကြောင့် တရားရရှိရန်အတွက် အကောင်းဘက်မှသာ ရှုသည်ဟု ယူဆကြစေလိုသည်။

ယခုအခါ အစပိုင်း(ပညတ်ပိုင်း)ဖြစ်သောကြောင့် ပညတ်ကို ပို၍၊ သာ၍ ကြေညက်ရန် လိုပေသည်။ ပညတ်ကို[illegible]သည့်လျှင် ပရမတ်ကိုရောက်သောအခါတွင်လည်း နားလည်လွယ်လေသည်။

ပညတ်၏ ထိုဘက်တွင် ပရမတ်ရှိသည်။ လောကီပရမတ်ဟုဆိုရမည့် စိတ်၊ စေတသိက်၊ ရုပ်တို့၏ ထိုဘက်တွင်လည်း မဂ်ပရမတ်၊ ဖိုလ်ပရမတ် နိဗ္ဗာန်ပရမတ်ရှိသည်။

ပရမတ်လေးပါးကို –

တတ္ထာဝုတ္တာဘိ ဓမ္မတာ စတုဓာ ပရမတ္ထတော့ဟု ဟောတော်မူရာ၌ ပရမတ္ထတရားလေးပါးကို ပေါင်းထားသော်လည်း တစ်ခုစီ ခွဲခြမ်းစိတ်ဖြာ၍ နားလည်ကြရာ၌ လောကီပရမတ်၊လောကုတ္တရာပရမတ်ဟူ၍ သိထားရန် လိုအပ်လေသည်။

ထိုထိုပရမတ် တရားတော်များကို လေ့လာရှုမှတ်ကြရာ၌ ပညတ်ရှေ့က ခံနေသည်။ ပညတ်မကာင်း မပြတ်မစင် မကြည်လင်ဘဲ တရားရှုမှတ်၍လည်း မရပေ။ ခန္ဓာငါးပါး၌ ပညတ်ကင်းစင်၍ ပရမတ်သား ဓာတ်သားကိုရောက်မှရမှ သိမြင်ပြီးမှသာ ဝိပဿနာသို့ ကူးပြောင်းပြီး ရှုမှတ်ရလေသည်။

ခန္ဓာငါးပါးအပေါ်၌ ပညတ်ကို ရှင်းထုတ်၍ ကင်းစင်သွားလျှင်ပင် အသိစိတ်သည် ပရတ်သား၊ ဓာတ်သားကို ရောက်သောကြောင့် မဂ်ရ၊ ဖိုလ်ရ ပုဂ္ဂိုလ်ဖြစ်သွားနိုင်လေသည်။

အောက်ထစ်ဆုံးအားဖြင့် အနုလောမ ခန္တီဉာဏ်တိုင်အောင်လည်း ရောက်နိုင်လေသည်။ အသိဉာဏ်ကား မြင့်လေပြီ။ ထို့ကြောင့် ပညတ်ကို ပြန်ကောက်ကြဦးစို့ –

ကုန်ခဲ့သည့်လမှ ဆိုခဲ့သည့်အတိုင်း ပညတ်ဟူသည်မှာ မရှိတရားဖြစ်သည်။ ပရမတ်ဟူသည်မှာ အရှိတရားဖြစ်သည်။ ထို့ကြောင့် –

*မရှိ ပညတ်၊*

*ရှိပရမတ်*

ဟု ပညာရှိတို့ ဆိုကုန်သည်။

မရှိသော အရာအားလုံးကို ပညတ်ချည်းဟု မှတ်ရာသည်။ ပညတ်လွန်၍ အရှိတရား အားလုံးကို ပရမတ်ဟုချည်း မှတ်ရာသည်။

ပညတ်သည် မရှိတရားဟု ဟောတော်မူရာ၌ "သစ်ပင်တစ်ပင်တည်းကို ကြည့်လျှင် တောပျောက်သည်"ဟုလည်း ပညာရှိတို့ ဆိုကုန်ကြသည်။

ထိုအဆို တိတိကျကျမှန်သည်။ အဝေးကကြည့်လျှင် တောဟုဆိုမည်။ ထိုတောကို တစ်ယောက်မျှ ကိုင်ပြနိုင်ကြမည် မဟုတ်ပေ။ ထို့ကြောင့်လည်း တောဟူသည်မှာ ခေါ်စရာအဖြစ် "တော"ဟု ာမည်ပေးထားသော နာမပညတ်၊ သမ္မုတ္တိအနေဖြင့် မှတ်သားရန်အတွက် သမ္မုတ်ထားသော သမ္မုတ္တိပညတ်မျှသာ ဖြစ်လေသည်။

အမှန်တကယ် တောကိုတွေ့လို၍ တောထဲသို့ဝင်သွားလျှင်လည်း တောကိုမတွေ့ဘဲ သစ်ပင်၊ ဝါးပင်များကိုသာ တွေ့ပေလိမ့်မည်။ သစ်ပင်၊ ဝါးပင် တစ်ပင်ပင်ကို ကွက်ကြည့်လျှင်လည်း တောပျောက်ပေလိမ့်မည်။ ထို့ကြောင့် ကွက်ကြည့်လျှင်လည်း တောပျောက်ပေလိမ့်မည်။ ထို့ကြောင့် တောသည် မရှိတရားသာဖြစ်ကြောင်း (ပညတ်တရားသာဖြစ်ကြောင်း) ထင်ရှားလေသည်။

လူစုလူဝေးကြီးဟု ဆိုလျှင်လည်း ထိုလူစုလူဝေးကြီးကို ကိုင်ပြနိုင်သူ မရှိပေ။ ကိုင်ပြလျှင်လည်း တစ်ယောက်ချင်းသာ ဖြစ်သွားပေမည်။ လူစုလူဝေးဟူသော နေရာသို့သွားပြီး တစ်ယောက်ကို ကိုင်ပြလျှင်လည်း တစ်ယောက်သာ ဖြစ်သွားပေမည်။

ဤသည်မှာလည်း လူစုလူဝေးဟူ၍ မရှိကြောင်း၊ လူစုလူဝေးဟူသော စကားသည် မရှိတရား ပညတ်မျှသာ ဖြစ်ကြောင်း ထင်ရှားနေပြန်သည်။

ထို ကိုင်ပြ၊ ပုတ်ပြသော လူတစ်ယောက်ကိုလည်း ခေါင်းကိုကိုင်ပြလျှင် ခေါင်း၊ လက်ကို ကိုင်ပြလျှင် လက်၊



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကို ကိုင်ပြလျှင် ကိုယ်၊ ခြေထောက်ကိုကိုင်ပြလျှင် ခြေထောက်ဟု တစ်ခုစီ ဖြစ်သွားပြန်သည်။ လူဟူ၍ မရှိသည်မှာ ထင်ရှားသွားပြန်သည်။

လောကအနေဖြင့် မှတ်သားခေါ်ဝေါ်ရန်အတွက် သမုတ်ပေးထားသော နာမပညတ်၊ ပုံစံသဏ္ဍာန်ကို ကြည့်၍ မှတ်သားကြသော သဏ္ဍာနပညတ် စသည်ဖြင့် ပညတ်အမျိုးမျိုးစွာ ရှိနေသော်လည်း ပညတ်သည် မရှိတရား ဖြစ်သောကြောင့် လိုက်လေ မဆုံး၊ ရှာလေ မရလေသာဖြစ်သည်။

ထို့ကြောင့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး စာအုပ်တွင် မိတ္ထီလာဆရာတော်ကြီးက (ထိုအချိန်ကပင် ရဟန္တာဖြစ်နေပြီဟု ယုံကြည်ကြီးနေသော စွန်းလွန်ဂူဆရာတော် ဖြစ်လာမည့်) ရှင်ကြီးကဝိသည် ရဟန္တာ ဟုတ်၊ မဟုတ် သိလိုသော ကြောင့် မေးစစ်ရာတွင် ပညတ်၊ ပရမတ်အကြောင်းလည်း ပါဝင်လေသည်။

ထိုအကြောင်းကို ဖတ်ရှုကြည့်ညှိခဲ့ဖူးသည်မှာ ဆယ်စုနှစ်တော ကြာခဲ့ပြီဖြစ်၍ ယခုတင်ပြရာတွင် စာသားတချို့တို့ ကွဲပြားခြင်း ရှိနေနိုင် သော်လည်း အကြောင်းအရာနှင့် ဆိုလိုရင်းမှာ ပညတ်နှင့် ပရမတ်သာဖြစ်ကြောင်းကို ပြောဆိုရပေသည်။

မိတ္ထီလာဆရာတော် ။ ရှင်ကြီးကဝိ ဤလောက၌ ရှိတရားနှင့် အရှိတရားဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားခြားနားလျက်ရှိပေသည်။ ထိုအရှိတရား နှစ်မျိုးနှစ်စားတို့၏ ကွဲပြားခြားနားပုံကို အဓိပ္ပါယ်တွက်နှင့်တကွ ရှင်းပြပါ။

ရှင်ကြီးကဝိ ။ မှန်လှပါ အရှင်ဘုရား၊ ဤလောက၌ ရှိတရားကို ရှာ၍မရနိုင်သလို ကိုင်၍၊ ယူ၍၊ ပြသ၍လည်း မရနိုင်ပါဘုရား။ အရှိတရားကိုမူ ပညာဘဏ္ဍာနှင့် ပြည့်စုံတော်မူကြကုန်သော ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်တို့သည် ရှာ၍ရပြီး ပြသနိုင်ကြသလို ဉာဏ်မျက်စိ၊ ပညာမျက်စိ ရှိကြကုန်သော ပညာရှိသူတော်ကောင်းအပေါင်းတို့သည်သာလျှင် ထိုအရှိတရားကို ဉာဏ်မျက်စိ၊ ပညာမျက်စိ စသည်တို့ဖြင့် တွေ့နိုင်၊ မြင်နိုင်ကြပါသည် အရှင်ဘုရား"

ရှိတရားဟူသည်မှာ ပညတ်ဖြစ်ပြီး အရှိတရားဟူသည်မှာ ပရမတ်ဖြစ်သည်။

စွန်းလွန်ဂူဆရာတော်ဖြစ်လာမည့် ရှင်ကြီးကဝိသည် စာတတ်သော ပုဂ္ဂိုလ်မဟုတ်ပေ။ စာမတတ်သော ကြောင့် လူ့ဘဝ(ဦးကျော်ဒင်)တုန်းက စာမတတ်လျှင် "သူ၏ဝန်ထမ်း"ဟု ဆိုသည့်အတိုင်း အင်္ဂလိပ် မြို့ပိုင်ရုံးမှာ တစ်လလျှင် ခြောက်ကျပ်နှုန်းဖြင့် ယပ်ခွဲလုပ်ခဲ့ရသည့် အကြောင်းကို သူ၏ ထေရုပတ္တိမှာ ဖတ်ရသည်။

စာတတ်ပုဂ္ဂိုလ်များသည်ပင် ပညတ်နှင့် ပရမတ်ကို ဝိပဿနာ တရားနည်းလမ်းဖြင့် ကွဲပြားပြတ်သားစွာ ခွဲခြားရန် ခက်ခဲပါလျက် ဤစာမတတ်သော ကိုရင်ကြီးတစ်ပါးက အဘယ့်ကြောင့် ပြတ်သားရှင်းလင်းစွာ ဖြေကြားနိုင်ပါသနည်းဟူမူကား ရဟန္တာစစ်မှန်သောကြောင့် သာဖြစ်ကြောင်းကို ကောင်းကောင်းကြီး နားလည်နိုင်လေသည်။

တရားထူးကို သိမြင်၊ ရရှိထားသော သူတော်ကောင်းအပေါင်းတို့သည်ကား ပညတ်ကိုလည်း ပညတ်ဟုသိတော်မူကြသလို ပရမတ်ကိုလည်း ပရမတ်ဟု လင်းရှင်းပြတ်သားစွာဖြင့်ပင် သိရှိတော်မူကြလေသည်။

ထို့ကြောင့် ပညတ်နယ်တွင် ပညတ်ကိုသာ သုံးသလို သန့်ရှင်းစင်ကြယ်ပြီး မြင့်မြတ်သော ပရမတ်နယ်တွင်လည်း ပရမတ်ကိုသာ သုံးတော်မူကြသည်။

"အာနန္ဒာ ငါဘုရားရှင်သည်"

ဟူသော စကားဝစနံသည် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် မိန့်ဆိုခဲ့သည် မဟုတ်ပါလော။ မြတ်စွာဘုရားရှင်သည် မရှိသော "အာနန္ဒာ၊ငါဘုရား"ဟူသည်ကို ဆိုတော်မူပါသလောဟု အချုန်းတက်လာလျှင် အထက်ပါ ရှင်းပြချက်အတိုင်း နားလည်နိုင်လေသည်။

"အာနန္ဒာ၊ ငါ"စသည်မှာ ပညတ်မျှသာဖြစ်သည်။ ဘုရားဂုဏ်တော်ကို တိုးပွားခြင်း၊ ဘုရားရှင်၏ပုံတော်ကို ရှုမှတ်ခြင်းမှာလည်း ပရမတ်မဟုတ်ဟု သိနိုင်သည်။ ထိုမှ သမာဓိဉာဏ် ရှင်သန်လာပြီးနောက် ဝိပဿနာကို ကူးပြောင်းပြီး ပရမတ်တရားတော်ကို ရှုကပွားတတ်မှ မဂ်ဖိုလ်ကို ရနိုင်လေသည်။

ပညတ်နှင့် ပရမတ်ကို ထိုကဲ့သို့ နားလည်နိုင်လေသည်။

ထို့နောက် သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားရှင်သည် ဉာဏ်ရည်ဉာဏ်သွေး အနိမ့်အမြင့် မညီကြသည့် သတ္တဝါအစားစားတို့အား ဒါနတရားကိုလည်း ဟောတော်မူခဲ့သည်။ သီလတရားတော်ကိုလည်း ဟောတော်မူခဲ့သည်။ ဘာဝနာတရားကိုလည်း ဟောတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း မြတ်စွာဘုရားရှင်သည် ဘာဝနာ တရားတော် တစ်မျိုးတည်းကိုသာ ဟောတော်မူလိုသည်။ ဒါန၊ သီလ၊ ဘာဝနာဟု သုံးမြွာခွဲခြားပြီး ဟောတော်မူရသည်မှာ ဆိုခဲ့သည့်အတိုင်း သတ္တဝါအပေါင်းတို့သည် ဉာဏ်ရည်အနိမ့်အမြင့် မညီကြသောကြောင့်သာ ဖြစ်လေသည်။

ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုးလုံးမှာပင် ဒါနပရမတ်၊ သီလပရမတ်၊ ဘာဝနာပရမတ်ဟူ၍ ကွဲပြားစွာ ရှိလေသေးသည်။ ဤ၌ သီလပရမတ်၊ ဂန္ဓီရမဂ္ဂဝင်းကြီး၌ မေတ္တာပရမတ်၊ သုရဋ္ဌ မဂ္ဂဝင်းကြီး၌ ဒါနပရမတ်ဟူ၍လည်း ရေးသားနေခဲ့ဖြစ်သည်။

(သို့သော် ထိုသို့ မဂ္ဂဝင်းကြီးတို့၌ ဝိပရိအနေဖြင့် ရေးခဲ့ဒါန၊ ပရမတ်သီလ၊ ပရမတ်မေတ္တာ စသည်ဖြင့်သာ ရှိလေသည်။ ဒါန၊ သီလ၊ မေတ္တာစသည်များ၏ ပရမတ်စသည်များကို ရလိုက ထိုထိုမဂ္ဂဝင်းများမှာ ရယူကြလေ)

ပညတ်အမြင်၊ဒိဋ္ဌိအမြင် စသည်ကို ပြန်ဆက်ဦးမည်။

လူကို သာမာန်မျက်စိနှင့်ကြည့်လျှင် လူဟုမြင်သည်။

သမာဓိမျက်စိနှင့်ကြည့်လျှင် ရုပ်နာမ်ဟုမြင်သည် (ပရမတ်မျက်စိနှင့်ကြည့်လျှင် သဘောဟုမြင်သည်) ဝိပဿနာမျက်စိနှင့်ကြည့်လျှင် ဖြစ်ပျက်ဟုမြင်မည် စသည်ဖြင့် ဦးရွှေအောင်၏ စာစဉ်ႉသူများအမည်ရှိ စာအုပ်မှာ ရေးသားထားသည်။

ဤသည်မှာ ဉာဏ်စဉ်အဆင့်ဆင့်၊ ဉာဏ်အနိမ့်အမြင့်တို့ ရေးပြထားခြင်းဖြစ်သည်။ တရားသဘောနှင့် ပတ်သက်ပြီး မှတ်သားစွယ်ထိုက်သည်။ ငါတို့ ဝမ်းသတ်များကို ထိုမျှအထိ မြင့်မားသော ဉာဏ်အမြင့်ကို တင်ပေးရန် မသင့်သေးပေ။ ထို့ကြောင့် ပညတ်အခန်းမှာသာ ကြေညက်လောက်သည်အထိ ပြောရပေဦးမည်။

လူကိုလူဟု မြင်ခြင်းမှာ လောကအနေဖြင့် မှန်သည်။ လူရှိသည်။ ဆရာရှိသည်။ ပုဂ္ဂိုလ်သတ္တဝါရှိသည်။ တောတောင်ရေမြေ၊ အိမ်ကျောင်းဇရပ်ရှိသည်။ မြစ်ချောင်း ဝင်လယ် ရှိသည်။ ဤသည်ကို လောကအမြင်၊ ပညတ်အမြင်ဟု ဆိုရသည်။

ဤလောကအမြင်၊ ပညတ်အမြင်ကိုလည်း ပစ်ပယ်၍ မရပေ။ သူ့နေရာနှင့်သူ ရှိနေသည်ဟုသာ သိမှတ်ရသည်။ မိဘမရှိ ဆရာမရှိဟု ဆိုလျှင်ပင် ကံကြီးထိုက်တတ်သည်ကို လူတိုင်းပင် သိကြသည်။

"လျှော့လျှင်မိစ္ဆာ သာလျှင်ဒိဋ္ဌိ"ဟု ပညာရှိတို့ ဆို ကုန်ကြသည်။

အခြားအရာများ မရှိဘဲ မိဘ၊ ဆရာများရှိသည်ဟု ဆိုလျှင် လျှော့ရာရောက်သည်။ ထိုထက်၊ ပို၍၊ သာ၍ မိဘလည်းမရှိ၊ ဆရာလည်းမရှိ၊ ဘာမျှမရှိဟု စွတ်ဆိုလျှင် လည်း မိစ္ဆာဒိဋ္ဌိဟု ပညာရှိတို့ ဆိုကြပြန်သည်။ ထို့ကြောင့် သူ့နေရာ သူ့ပညတ်ပရမတ်ကို ခွဲခြား၍ သုံးတတ်ရန် အရေး ကြီးလေသည်။

လူရှိသည်ဟု လူတစ်ယောက်ကိုပြလျှင် လောက အမြင်၊ ပညတ်အမြင်ဖြင့် မှန်သည်။

ထိုလူကို ခေါင်းပြလျှင်ခေါင်း၊ လက်ကိုင်ပြလျှင်လက် ကိုယ်ကိုင်ပြလျှင်ကိုယ်၊ ခြေထောက်ကို ကိုင်ပြလျှင် ခြေ ထောက်ဟု တစ်ခုစီ ခွဲခြားပြီးကြည့်လျှင် လူဟူ၍ မတွေ့ သောကြောင့် လောကုတ္တရာ၊ သို့တည်းမဟုတ် ပရမတ် အမြင်ဖြင့် မှန်နေပြန်သည်။

ထို့ကြောင့် လောက ပညတ်အမြင်နှင့် လောကုတ္တရာ ပရမတ်အမြင်တို့ကို မရောယှက်သင့်ဟုဆိုလိုသည်။ ပညတ် သည် လောကီနယ်မှာသာရှိပြီး ပရမတ်နယ်တွင် မရှိဟုဆို မှန်လေသည်။

ထိုကဲ့သို့ ပညတ်ကို ပညတ်ဟူ၍၊ ပရမတ်ကိုလည် ပရမတ်ဟူ၍ ကွဲပြားခြားနားစွာဖြင့်သိလျှင် အမှန်သိဟု ရသည်။

အမှန်ကိုသိခြင်းဖြင့် ပရမတ်ဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ် ယထာဘူတဉာဏ်၊ ပညတ်ကိုပညတ်၊ ပရမတ်ကိုပရမ ဟု ယုံမှားဘွယ်မရှိ။ ကွဲပြားခြားနားစွာသိခြင်းကြော ကင်္ခါဝိတရဏဉာဏ် စသည်ဖြင့်လည်း ဆိုရလေသည်။

ဤသည်မှာ ဆင်ခြင်၊ ရှုပွား၊ မှတ်သား၊ နားလည် ခြင်းကြောင့် ပညတ်ထဲမှ ရရှိလာသည့် အမြင်မှန် ပရမ ဉာဏ်ဟု နားလည်ထိုက်လေသည်။

(ဆက်ရန်)

■ မဟာထ

www.burmeseclassic.com


# ဂုဏ်ထူးပဒေသာ

## သင်ရိုးကုန် လေ့ကျင့်ခန်း နှင့် အဖြေစုံ

**အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်(၁၀၀)ပိုး အပြည့်ပါသည်။**

(၂၀၁၄-၂၀၁၅ ခရိုင်မေးခွန်းဟောင်းများ လေ့လာဖို့ပါသည်)

**စာကျက်မှတ်ရ လွယ်ကူအောင် လေ့ကျင့်ရလွယ်ကူအောင် စီစဉ်ထားပါသည်။**

**စတုတ္ထတန်း GRADE - 5**

♦မြန်မာစာ ♦စာရိတ္တနှင့် ပြည်သူ့နီတိ ♦ဘဝတွက်တာကျွမ်းကျင်စရာ ♦သင်္ချာ ♦အခြေခံသိပ္ပံ
♦သမိုင်း ♦ပထဝီဝင် ♦**English Exam Special Guide Book**

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၂၆၃၄၄၁၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၈၄၉၂၇

# ဂုဏ်ထူးပဒေသာ

**အဋ္ဌမတန်း GRADE - 9**

## သင်ရိုးကုန် လေ့ကျင့်ခန်း နှင့် အဖြေစုံ

(နမူနာမေးခွန်း၊ အမှတ်ပေးစည်းမျဉ်းနှင့် လေ့လာရန် မေးခွန်းဟောင်းပါသည်)

♦မြန်မာစာ ♦အထွေထွေသိပ္ပံ ♦ပထဝီဝင် ♦သမိုင်း
♦**MATHS 1 Exam Special Guide Book**
♦**MATHS 2 Exam Special Guide Book**
♦**English Exam Special Guide Book**

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၂၆၃၄၄၁၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၈၄၉၂၇


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အလွမ်းတွေ ဝေခဲ့သည်

မြမြလှိုင်

မြခင်တစ်ယောက် အလျင်စလို ပြေးလာခဲ့သည်…။ မောရမှန်းမသိ၊ ကြောက်ရမှန်းမသိ။ ခြေလှမ်းကိုသာ တတ်နိုင်သမျှ မြန်စေသည်။ သူသွား ရမည့်နေရာမှာ ရွာဦးရှိ ရေဆိပ်သို့ဖြစ် သည်။ မြခင်နေသည့်အိမ်နှင့် ရွာဦး ရေဆိပ်သည် နှစ်ဖာလုံနီးနီး အကွာ အဝေးဖြစ်သည်။ ထို့ပြင် သူပြေးလာခဲ့ သည့်လမ်းသည် ရွာလယ်လမ်းမဟုတ်။ ရွာအပြင် ပင်လယ်ကမ်းခြေ ရေစပ် လမ်းဖြစ်သည်။

ခြေကုန်တင်ကာ အားစိုက်ပြေး လာခဲ့ရသည်။ ခြေဖဝါးအောက်တွင် သဲနုန်းများကို ထိမိသလို ရှုံ့မြေရေစပ် စပ်တို့ကလည်း ခြေလှမ်းကိုချောစေ သည်။ မည်သည့်အရာကိုမှ မြခင်ဂရု စိုက်နိုင်။ ပြေးသည့်အရှိန်ကို မလျှော့ နိုင်။ ရောက်ချင်ဇောနှင့် မြန်နိုင်သမျှ မြန်အောင်ပြေးနေသည်။ မြခင်နေသည့် အင်းနယ်ရွာ၏ အပြင်လမ်းသည် ကျယ် ပြန့်သော သဲနုန်းပြင်ဖြစ်သည်။ ခမင်း သား ငါးဖိသမားတို့၏ ငါးဖိလှန်းစင်၊ ငါးသမားများ၏ ငါးဖိလှန်းစင်၊ ပုစွန် လှန်းစင်၊ ငါးကွန်းရှပ်ပိုင်ရှင်ကြီးများ၏ ငါးခြောက်လှန်းစင်တို့သည် ယခုလို ရေ ကျချိန်ဆိုလျှင် ရွာအနီးကပ်တွင်ရှိသလို ကျန်ရစ်ခဲ့ပြီး ရေတက်ချိန်ဆိုလျှင် မြစ် လယ်ကောင်သို့ ရောက်နေသည့်ပမာ မြင်ရသည်။

မြခင် ပြေးနေရင်းက မြင်ရလေ မလားဆိုသည့် အသိနှင့် ရွာဦးရေဆိပ်သို့ လှမ်းမျှော်ကြည့်သည်။ ဝေဝေဝါးဝါးပင် မတွေ့ရ မမြင်ရ။ နေဝင်ရီတရော ဖြစ် နေပြီ။ အဆီးအတားမရှိ။ တစ်ပြေးညီ တစ်ပြောင့်တည်း ထိုးထွက်နေသော အုန်းပင်တို့သည် မိုးကောင်းကင်သို့ ထိလုဘနန်းထင်ရသည်။ ဆည်းဆာရိပ် တွင် အပင်တို့မှာ နေ၏အရောင်တွင် မှုန်မှုန်မှိုင်းမှိုင်း တွေ့နေရသည်။ ထို့ပြင် ကနစို၊ လမုနှင့် ဓနိပင်တို့မှာလည်း ပင်လယ်ရေတွင်းမှ ဖောက်ထိုးထွက် လာသည့်ပမာ။

ပြေးလာရင်းက ရွာဦးရေဆိပ်ရှိ ရာသို့ နားစွင့်ထားသည်။ တောင်ဘက် မှလေသည် မြောက်ဘက်သို့ ဖွတ်ထိုး ကပဟ တဟူးဟူးတိုက်နေသည်။ လေ ထဲတွင် ပျံလွင့်ပါလာသော ဇာတ်ဝါဒများ တို့၏ ဦးဖမ်းလှေ၊ ဂါးလှေစက်သံကို ခပ်ပါးပါးလေးကြားရသည်။ ပြေးရင်းက မောလည်းမောသည်။ ရင်လည်းခုန် သည်။ ခြေလှမ်းကို မရပ်မနားမိ။ နှုတ် ခမ်းနှစ်လွှာကို ဟထားရသည်။ ပြေးလာ ရင်းက ဟင်းလင်းပွင့်နေသော ပါးစပ် ပေါက်သည် အမောဖြေကြောင့် ဟော ဟဲဖြစ်နေသည်။ ရင်ထဲတွင် သောက အပူမီးသည် မြခင်အား မီးမြိုက်ခံရ သလို တစ်ကိုယ်လုံး ပူလောင်ခွေပွက် နေသည်။

•••

ဂါးစက်သံနှင့်အတူ ရွာဦးရေဆိပ် မှ လူသံ၊ ဆူသံ ညံနေသည်ကို ကြား စပြုလာသည်။ လူတစ်သိုက်၏ အော် သံ၊ ဟစ်သံ၊ ရေရွှတ်သံတို့ဖြစ်သည်။ တဖြည်းဖြည်းနှင့် ကြီးမားပြင်းထန်သော ကြောက်မက်ဖွယ်ရှိသော ပင်လယ်ပြင် ၏ လှိုင်းတံပိုးများသည် မာန်စောင်သော ကျားတစ်ကောင်၏ ဟိန်းဟောက်ခြင်း မျိုးပမာ မြခင်ကြားရသည်။ တဖြည်း ဖြည်းနှင့် ရေဆိပ်သို့ရောက်လာသည်။ မြခင်၏ မျက်စိထဲတွင် မည်သူ့ကိုမှ မမြင်။ ဟိုဟိုသည်သည်ကိုသာ ရှာဖွေ ကြည့်သည်။

"ဟဲ့…မြခင်…လာလာ"

အသံကြားရာသို့ ခေါင်းလှည့် ကြည့်လိုက်သည်။ ဘထွန်းအောင်၏ မိန်းမ အရီးငွေလှဖြစ်သည်။ အရီးငွေ လှသည် မြခင်နှင့်ဆိုလျှင် ဆွေခင်



www.burmeseclassic.com

www.burmeseclassic.com

တော်စပ်သည်။ မြခင်၏အဖေ ဦးတက်လှနှင့် မောင်နှမဝမ်းကွဲဖြစ်သည်။ ယခု မေမင်းရွာမှာပင် အခြေချကာ ငါးဖမ်းလုပ်ငန်း တံငါဘဝနှင့် နေကြသူတွေဖြစ်သည်။

"ဘယ်…ဘယ်လိုများဖြစ်ရတာလဲ အရီးရယ်"

"ငါလည်း ကြားကြားချင်း ညည်းဆီကို တောက်ထွန်းကို လွှတ်ပြီး အကြောင်းကြားခိုင်းရတာ"

အရီးငွေလှသည် အသက်ငါးဆယ်ကျော်အရွယ် ပိန်ပိန်ပါးပါး၊ အရပ်မြင့်မြင့် အသားညိုညိုဖြစ်သည်။ ကွမ်းသီးဖက်ဆေးပေါ့လိပ်ကို လက်တွင်ကိုင်ထားသည်။ မီးညှိလက်စ ဖြစ်သည်။

"သိပ်ပြီး ဒဏ်ရာက ပြင်းသလား မပြင်းသလားဆိုတာ ငါလည်းမသိသေးဘူး။ အေးမောင်ရဲ့ဂိုးက ညနေပိုင်းက ပြန်ဝင်လာတော့ ညည်းယောကျ်ားသတင်းကို ပြောပြတာပဲ"

"ဘယ်လိုဖြစ်တာလဲဟင်။ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ကြတာလား"

စင်စစ် ပင်လယ်ပြင်ကို အားထားကာ ငါးရှာ၊ သားရှာသူတွေအတွက် တော်တော်လေးအန္တရာယ်ကြီးလှသည်။ လှိုင်းလေကြမ်းလာလျှင် ဘုရားတရသည်။ မိုးသက်မုန်တိုင်း ကြမ်းလာလျှင် အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်ရသည်။ ထို့ပြင် ကြီးမားလှသော ရေသတ္တဝါတို့၏ဘေးမှလည်း သတိကြီးစွာထားပြီး ရှောင်ရှားရသည်။ ဂါးမော်တော်ထက်မှ ပင်လယ်ထဲသို့ ခြေချော်လက်ချော် ကျသွားမည်ကိုလည်း သတိထားရသည်။ ထိုအထဲတွင် အဆိုးရွားဆုံးမှာ လူသားအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း ဝန်တိုမစ္ဆရိယစိတ်နှင့် အန္တရာယ်ပြုခြင်းကို ပိုပြီးကြောက်စရာကောင်းသည်။

ပင်လယ်ပြင်ကြီးထဲတွင် ဂါးလုပ်သားအချင်းချင်း ထိုးခုတ်တိုက်ခိုက်ကြခြင်း၊ ဂါးတစ်စင်းနှင့်တစ်စင်း ယှဉ်ပြိုင်တိုက်ခိုက်ကြခြင်း၊ ဂါးမော်တော်တစ်စင်းထဲတွင် အတူတူလုပ်ကိုင်နေရာမှ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ အုပ်စုဖွဲ့ကာ တစ်ဦး၏အလစ်ကို တစ်ဦးက အခွင့်ကောင်းယူပြီး ပင်လယ်ထဲသို့ ရိုက်ချတတ်ခြင်းနှင့် မိုးသက်မုန်တိုင်းကျရောက်လာသည့် အခြေအနေတွင် မိမိရန်သူအား ကိစ္စတုံး ဖျောက်ဖျက်တတ်ကြသည်။ ထို့ကြောင့်ပင် မြခင်က ယောကျ်ားဖြစ်သူအတွက် စိုးရိမ်ပြီး မေးရခြင်းဖြစ်သည်။ မြခင်၏ယောကျ်ား ဘယ်သောအခါမှ ခေါင်းငုံ့မခံ။ အလုပ်ကိုလည်း ဖိဖိစီးစီးလုပ်တတ်သည်။ ဂါးပိုင်ရှင်တို့က လက်မလွှတ်နိုင်သော ဂါးဦးစီးတစ်ဦးဖြစ်သည်။

●●●

"ကဲ…မြခင် ခဏနေဦး။ ဟိုမှာ ဘသင်းဂါးလှေ တစ်စင်းစိုက်လာလို့ အလုပ်သွားလုပ်လိုက်ဦးမယ်"

တဖြည်းဖြည်း မိုးလင်းစပြုလာသည်။ မြခင်သည် ရေစင်ထိပ်တစ်နေရာတွင် ရပ်နေသည်။ ယခုလို ဆောင်းဦးပေါက်ရာသီမှစပြီး ဆောင်းလယ်၊ ဆောင်းနှောင်း ရာသီတစ်လျှောက်လုံးတွင် ပင်လယ်ငါးသလောက်များအထိ အမိများလာသည်။ လှေတိုင်းတွင် မြင်မကောင်း ရှုမကောင်းအောင် ငါးများ တင်းကျမ်းပြည်သိပ်ပါလာပြီး လေအသင့်တွင် တစ်ရွာလုံး ငါးညှီစော်နံနေတော့သည်။

"ဟေး…ရောက်ပြီလား။ ငါးတွေအများကြီးပါလား"

ဂါးလှေတွင် ငါးတွေအပြည့်ပါလာသည်။ ဂါးအလုပ်သမားများသည် ငါးညှီရေတရွှဲရွှဲ၊ ဆားငန်ရည်အလူးလူးနှင့် ဂါးထက်မှငါးများကို တောင်းများတွင်ထည့်ကာ ရေစင်ပေါ်သို့ ထမ်းတင်ကြရသည်။ ဂါးနောက်လိုက် အလုပ်သမားတို့သည် ပုဆိုးဘိုတို၊ အကျႌဗလာ၊ ပခုံးပေါ် အဝတ်စပိုင်းတင်ပြီး ထမ်းတောင်းကြီးများထမ်းကာ ရေစင်ပေါ်သို့ အပြေးအလွှားဘင်ကြရသည်။ ကုန်းဘောင်သည် ငါးညှီရေ၊ ဆားငန်ရည်တို့နှင့် စိုရွှဲကာ ညစ်ပတ်ပေချောနေသည်။ ပင်လယ်ထဲတွင် တစ်ညလုံး ငုတ်တုတ်မိုးလင်းခဲ့ကြရသူတွေ၏ ဘဝ လို့င်း။ လေဒဏ်ကို မှုးမတတ်၊ ရှုးမတတ် ခံစားခဲ့ရသူတွေ။ ထို့ကြောင့် ထိုသူတို့၏အမူအရာ အပြောအဆိုများသည် ပြေပြစ်မှုမရှိကြချေ။ မှန်ကုပ်ကုပ် မအောက်သိုးသိုး အပေါက်ဆိုးဆိုးအသွင် ရှိကြသည်။ ငါးတောင်းများကို ရေစင်တွင်ချရာတွင် နေရာမှားပြီး မချေ မိရန် ဂါးပိုင်ရှင်တို့ သတိထား စော ကြပ်ကြည့်နေရသည်။

အလုပ်သမားများသည် ပင်ပန်း

www.burmeseclassic.com

သွားသည်။ အားအင်ကုန်ခန်းကာ နွမ်းရှနွေ့ယိုင်သည့်အသွင် ဖြစ်နေသည်။ အလေးချိန် လေးဆယ်ကျော် ငါးဆယ်နီးပါးရှိသည့် ငါးတောင်းကြီးများကို အံခဲကာ ချောကျိုနေသော ကုန်းပေါင်ပေါ်မှ တျော့မပြုအောင် မရမရ ကုတ်ကတ်ထမ်းပိုးကြရသည်။

"မြခင်ရေ . . . ဟေး . . . မြခင် . . မြခင်"

ငါးတောင်းတွေချပြီး ဆယ်မိနစ်ခန့်အကြာတွင် စောင်ပုခက်ကို လူနှစ်ယောက်ထမ်းကာ ကုန်းပေါင်မှတက်လာရင်း မြခင်အား လှမ်းခေါ်လိုက်သည်။ လူအုပ်ကြီးရပ်နေသည့် အနားသို့ မြခင်ရောက်လာသည်။ စောင်ပုခက်ထဲတွင်ရှိသူက မြခင်၏လင်ယောက်ျား သက်မောင်ဖြစ်သည်။

"ကိုသက်မောင် . . ကိုသက်မောင်၊ သူ . . . သူ ဘာဖြစ်တာလဲဟင်"

စောင်ပုခက်နားတွင် မြခင်ထိုင်လိုက်သည်။ သက်မောင်သည် မြခင်အား မမြင်ဖူးသလို ကြည့်နေသည်။ မျက်နှာနှင့်ပါးနှစ်ဖက်တို့တွင် ညိုမည်းနေသောဒဏ်ရာ၊ ဖူးရောင်နေသော မျက်လုံးနှစ်ဖက်တို့ကို မြခင်မြင်ရသည်။

"သူ . . . ဘာဖြစ်တာလဲဟင်။ ဘာဖြစ်တာလဲလို့"

"မပြောချင်ပါဘူးဟာ။ အလယ်ကျွန်းပေါ်မှာ ခဏနားနေတုန်း ဘယ်အချိန်က ထွက်သွားတာလဲ မသိဘူး။ ထန်းပင်ပေါ်ရောက်နေပြီ။ အဲဒီအမြင့်ကနေ ခြေချော်ပြီးလိမ့်ကျတာ။ ငါတို့လည်း သူကျလာတာကို သိတာနဲ့ အပြေးသွားကြတာ။ သတိမရဘဲ မေ့နေတယ်။ ဒီလောက်မြင့်တဲ့အပေါ်က ကျပြီး ခေါင်းတွေဘာတွေမကွဲဘဲ မျက်နှာက ဒဏ်ရာလေးပဲ ရတယ်။ အခု လေထဲက ဆင်းလာခါနီးမှ သူ သတိရလာတာ"

အတောင်နှစ်ဆယ်လောက် ရှိသော အမြင့်မှ ကျလာပြီး မကျိုးမပဲ့ သွေးမထွက်ဘဲ မျက်နှာက ဒဏ်ရာလေးသာရသည်ကို ဝိုင်းပြီးကြည့်နေသူတွေ အမျိုးမျိုး ထင်ကြေးပေးကြသည်။

"ဝူး . . . ဝူး . . . ဝရီ . . ဝရီ"

ပုခက်ထဲမှ သက်မောင်က စကားထပြောသည်။ ပီပီသသမရှိ။ ဒေါသမာန်ပါနေသည်။

"ဟဲ့ . . . ဟဲ့ သူ့မျက်လုံးကိုကြည့်ကြည့်။ မျက်ထောင့်နီကြီးနဲ့ မြူးပြီးကြည့်နေတယ်။ ကြက်သီးထလိုက်တာ"

"ဟုတ်ပါရဲ့။ စကားပြောတာက လည်း အသံကြီးက ဘာသံလဲမသိဘူး"

> အသံအက်အက်ကွဲရှရှ၊ မပီမသအသံနှင့် အော်ဟစ်ပြီး မြခင် ပရိတ်ကြိုးစွပ်တာကို အစွပ်မခံ။ လက်ကြမ်းကြီးနှင့် တအား တွန်းထုတ်လိုက်သည်။

သက်မောင်အများ ဗျည်းသူတွေက သူ့ကို ဘယ်လိုပဲ မေးမေး ဘာမှ ဘာမှမသိ။ မြခင်ကိုလက်ညှိုးထိုးပြီး တောလုံး မသဲမကွဲ အော်ပြောလိုက်။ ငိုလိုက်ဖြစ်နေသည်။

"မြခင် . . . အခြေအနေ မဟန်ဘူးနဲ့တူတယ်။ ညည်းသူ့ကို ရွာထဲပြန်ခေါ်လို့တော့ မဖြစ်သေးဘူး"

"ဟုတ်တယ်အေ့။ ဒီလောက်မြင့်တဲ့ ထန်းပင်ပေါ်က ကျတာ ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်ပါ့မလဲ"

"ဒီအမြင့်မှာပဲ တဲထိုးပြီး ဝိုင်းစောင့်ကြတာပေါ့။ အခု လူရုပ်လူသေနဲ့ လာတော့မှ စကားထပြောတာ စဉ်းစားစရာပဲ"

အားလုံးက တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည်။ မြခင်မှာ ငိုရှိုက်လျှက် မည်သို့မျှ တုံ့ပြန်စကားမပြောနိုင်။ လူနာကလည်း ဖူးဖူးဖါးဖါးနှင့် မျက်ထောင့်နီကြီးဖြင့် ချေခွက်ကြည့်ကာ ဟိုလူ့လက်ညှိုးထိုး၊ သည်လူ့လက်ညှိုးထိုးနှင့် ပါးစပ်မှလည်း သွားရည်တမြားမြား ထွက်နေသည်။

"ကဲ . . . ကဲ ဒီလိုပဲထိုင်ကြည့်မနေနဲ့။ တဲလေးတစ်လုံးလောက်တော့ ဝိုင်းပြီးထိုးပေးရအောင်။ မြခင်လည်း စောင့်ပြီးကြည့်လို့ရတာပေါ့"

"အိုတော် . . . သူတစ်ယောက်တည်းဖြစ်ပါ့မလား။ ညဘက်ရောက်လာရင် အခြေအနေက နေရဲပါ့မလား လို့"

"မြခင် . . . ရော့ . . . အဲဒါ ဒို့ကိုရွာဦးကျောင်းကဆရာတော် ဦးသုမဏ ပေးထားတဲ့ ပရိတ်ကြိုး။ သက်မောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

လည်ပင်းမှာ စွပ်ပေးလိုက်"

အရိုးငွေလှ အနားရောက်လာပြီး သူ့လည်ပင်းမှ ပရိတ်ကြိုးကိုဖြုတ်ပြီး မြခင်အား ပေးလိုက်သည်။ မြခင်လည်း ပရိတ်ကြိုးကိုယူပြီး သက်မောင်၏ လည်ပင်းကို စွပ်ရန် ပြင်လိုက်သည်။

"သွား・・・သွား・・・မဝါနဲ့・・・မဝါနဲ့"

အသံအက်အက်ကွဲရှရှ မပီမသ အသံနှင့် အော်ဟစ်ပြီး မြခင် ပရိတ်ကြိုးစွပ်တာကို အစွပ်မခံ။ လက်ကြမ်းကြီးနှင့် တအားတွန်းထုတ်လိုက်သည်။

"သေချာပြီ သေချာပြီ အရိုးရဲ့ ပရိတ်ကြိုးကို သူအစွပ်မခံတာ အဲဒါ မကောင်းဆိုးဝါးကပ်နေလို့။ ဒီခန္ဓာကိုယ်က သက်မောင်မဟုတ်တော့ဘူး။ ဖုတ်・・・ဖုတ်ဝင်နေတာ"

"ဖုတ်ဝင်ရင် အဘာထွန်းရွှတ်တဲ့ ဂါထာကို ရွတ်လိုက်ပါလား"

"အေး・・・အေး・・・အဲဒီဂါထာ ကျုပ်သိတယ်။ ကဲ・・・မြခင်၊ နင်ဖယ် ငါရွတ်ပေးမယ်"

"ဥုံ စတုဒိသာ၊ သီလဝန္တံ ဖျက္ခ ယက္ခ၊ မဟိသကာ၊

မနုဿဟတ္ထိ၊ အဿစောရာနီ၊ သပ္ပေါရာဖာ၊ သဟေ ဒီဝိ၊ ခွရေဂတော"

ပါးစပ်မှ မနားတမ်းရွတ်ပြီး သက်မောင်၏မျက်နှာကို လက်နှင့်သပ်ချလိုက်သည်။

"ဟာကွာ・・・သွားသွာ・・・ဘာရေလဲ"

အောင်ဖေအား ရုတ်တရက် ခြေထောက်နှင့် လှမ်းကန်လိုက်သည်။

"အဲဒီထဲဝင်တဲ့ မကောင်းဆိုးဝါးက တော်တော်ကြီးလိမ့်မယ်။ အောင်ဖေ ဂါထာရွတ်တာ လက်မခံဘူး"

"မြခင်တော့ ညဘက်ဆို ခုက္ခပဲ"

"ဒီလိုလုပ်ပါလား။ အခု အချိန် လည်းရှိသားပဲ။ မြို့နယ်ဆေးရုံကို ပို့ရအောင်။ ဒါမှ အစိုးရဆေးရုံဆိုတော့ မင်းအာဏာစက်အတွင်းမှာဖြစ်တော့ သူနေနိုင်မှာမဟုတ်ဘူး"

"ဟုတ်တယ် ဟုတ်တယ်။ အဲဒါ ပိုကောင်းတယ်။ မြအေး မင်းလှည်းသွားကောက်လိုက်။ ဒီကောင်ကို ဆေးရုံပို့မယ်"

အားလုံးတိုင်ပင်ထားသည့်အတိုင်း သက်မောင်အား လူသုံးလေးယောက် ချုပ်ကိုင်ပြီး လှည်းပေါ်တင်ပြီး မြခင်ကို ပါခေါ်ကာ ဆေးရုံသို့ လာခဲ့ကြသည်။

●●●

ဆေးရုံသို့ရောက်သည့်အခါတွင် သက်မောင်သည် မျက်လုံးအိမ်မှ မျက်ရည်တွေတွေစီးကျလာသည်။

"တွေ့လား တွေ့လား။ မင်းရဲ့ အာဏာစက်ထဲဝင်လာတော့ သူပြေးရတော့မယ်လေ။ ကြောက်လို့ မျက်ရည်ကျတာ"

သက်မောင်အား ခုတင်တစ်ခုပေါ်တွင်ထားပြီး တာဝန်ကျ ဆရာဝန်၊ ဆရာမတွေအား အကျိုးအကြောင်း ပြောပြသည်။ တာဝန်ကျဆရာဝန်မှာ သဘောကောင်းသည်။ သေသေချာချာ နားထောင်သည်။ နားကြပ်နှင့် ခန္ဓာကိုယ်အား စမ်းသပ်သည်။ ဆရာဝန်စမ်းသပ်သည်ကို မျက်လုံးပြူးပြီးကြည့်ကာ သွားရည်တမျှားမျှားကျနေသော ပါးစပ်မှ ဝူးဝူးဝါးဝါးနှင့် စကားတွေပြောနေသည်။ သက်မောင်သည် ငြိမ်ပြီး ကြည့်နေသည်။ ခဏကြာလျှင် အသံကုန် အော်ဟစ်လာသည်။ နားမခံသာအောင် အသံနက်ကြီးဖြင့်အော်ပြီး ရုန်းကန်ကာ လက်၊ ခြေကအစ လှုပ်ရှားနေသည်။ ဆရာဝန်ခမျာ လူနာသက်သာစေရန် အိပ်ဆေးထိုးပေးသော်လည်း မငြိမ်။ ညနေစောင်းလောက်တွင် အသက်ထွက်သွားတော့သည်။

"တွေ့လား။ အဲဒါ မင်းအာဏာစက်ပိုင်တဲ့နေရာမို့ မကောင်းဆိုးဝါး အကောင် ကြာကြာမနေနိုင်တော့တာပေါ့"

"သက်မောင်ရဲ့ ခန္ဓာကိုယ်ထဲက ဖုတ်ကောင်ထွက်သွားပြီ"

"အဲဒါ ်ဝင်တယ်မခေါ်ပါဘူး ဦးလေးတို့ရယ်။ အမြင့်ကကျပြီး ပထမ (Cerebral Concussion) ခေါ်တဲ့ သတိတစ်ချက်လစ်သွားတယ်။ နောက် သတိပြန်ရတယ်။ တဖြည်းဖြည်းနဲ့ ဦးနှောက်ထဲ သွေးယိုလာပြီး အဲဒီသွေးယိုတဲ့ဒဏ်ရာနဲ့ လူနာ ကယောင်ကတမ်းသောင်းကျန်းလာတယ်။ နောက်ဆုံးတော့(Crebral Hae Monhage) ခေါ်တဲ့ ဦးနှောက်ထဲ သွေးယိုတဲ့ရောဂါနဲ့ ဆုံးရတာပေါ့"

အသက်မရှိတော့သည့် ချစ်လင်၏ ရုပ်အလောင်းကို စေ့စေ့ကြည့်ရင်း မြခင်၏မျက်လုံးအိမ်မှ မျက်ရည်တွေ စီးကျလာသည်။

---

**မြမြလှိုင်**

---



www.burmeseclassic.com

www.burmeseclassic.com

■ သုတေသီဆရာငြိမ်း

# အာဟာရပြည့် ဆေးဖက်ဝင် သစ်ပင်သီးနှံများ

## ဇီးရာဖြူပင်

ဇီးရာဖြူပင်သည် ပင်ပျော့အမျိုးအစားတွင် ပါဝင်ပြီး အစာမကြေဖြစ်ခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းနှင့် ချွဲသလိပ်ထခြင်းတို့အတွက် အသုံးပြုလေ့ရှိကြသည်။

ဇီးရာဖြူပင်သည် ဆေးဖက်ဝင် အပင်အမျိုးအစားတွင် ပါဝင်၏။ အရသာအားဖြင့် ချို၏။ စပ်ရှားရှားရှိ၏။ အေး၏။ အနည်းငယ်ပူသော သတ္တိရှိ၏။ နှုတ်ကို မြိန်စေတတ်၏။ ဝမ်းမီးကို တောက်စေတတ်၏။ မျက်စိကို အကျိုးပြု၏။ သွားအိမ်ကို စင်ကြယ်စေတတ်၏။ လေ၊ သည်းခြေကို နိုင်၏။ မီးယပ်ရောဂါ၊ အဆုတ်ရောဂါ၊ သည်းခြေကြောင့်ဖြစ်သော ရောဂါ၊ နှလုံးအဆိပ်နာရောဂါ၊ သွေးဖောက်ပြန်ခြင်း၊ ဝမ်းသက်ရောဂါပိုးတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

### ၁။ ဝမ်းသက်ရောဂါ ခံစားနေရလျှင်

ဇီးရာဖြူစေ့အမှုန့်ကို ဒိန်ချဉ်ထဲသို့ထည့်၍ ရောဖျော်ကာ သောက်သုံးပေးခြင်းအားဖြင့် ဝမ်းသက်ရောဂါကို ပျောက်ကင်းစေပါသည်။

### ၂။ လေရောဂါ၊ သည်းခြေရောဂါ ခံစားနေရလျှင်

ဇီးရာဖြူစေ့၊ နံ့နံ့စေ့တို့ဖြင့် ချက်ထားသော ထောပတ်ကို စားသုံးပေးခြင်းအားဖြင့် ဝမ်းမီးနိုးခြင်းနှင့်တကွ၊ လေရောဂါ၊ သည်းခြေရောဂါတို့ကို သက်သာပျောက်ကင်းစေပါသည်။

### ၃။ ပင့်ကူအဆိပ်တက်လျှင်

ဇီးရာဖြူစေ့ကို ကျောက်ပြင်တွင်သွေး၍သော်လည်းကောင်း၊ ကြိတ်၍သော်လည်းကောင်း ရရှိလာသော ဆေးချောဖတ်ကို ဒဏ်ရာပေါ်တွင် လိမ်းအုံပေးခြင်းအားဖြင့် ပင့်ကူအဆိပ်တက်ခြင်း ဝေဒနာသက်သာပျောက်ကင်းပါလိမ့်မည်။

### ၄။ တစ်ကိုယ်လုံး ယားယံနေလျှင်

ဇီးရာဖြူစေ့တစ်ပင်လုံးကို ပြုတ်ပါ။ ထိုပြုတ်ရည်နှင့် ရေကိုရောစပ်ချိုးပေးပါက တစ်ကိုယ်လုံး ယားယံနေခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၅။ ပျို့အန်၍ ဝမ်းတွေသွားနေလျှင်

ဝမ်းဗိုက်ကြီးတင်း၍ ရောင်ခြင်း၊ ပျို့ခြင်း၊ ဝမ်းသက်ခြင်း၊ အစာမကြေခြင်းတို့အတွက် ဇီးရာဖြူအား မကြာခဏ စားသုံးပေးပါက ဖြစ်ပေါ်လာသော ရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၆။ မြင်းသရိုက်ရောဂါ ဖြစ်နေလျှင်

မြင်းသရိုက်ရောဂါတွင် နာကျင်စွာကိုက်ခဲခြင်းဝေဒနာ ခံစားရလေ့ရှိပါသည်။ ဤတွင် ဇီးရာဖြူကို သကြားနှင့်ရောစပ်ကာ သောက်သုံးပေးခြင်းဖြင့် ရောဂါဝေဒနာ သက်သာရာ ရသွားပါလိမ့်မည်။

ဇီးရာဖြူ၏ အကျိုးသွားကား ထူးခြားလှပါသည်။ ဝမ်းဗိုက်တင်းရောင်ခြင်းကို သက်သာပျောက်ကင်းစေတတ်သည်။ လေကို ငြိမ်သက်စေတတ်သည်။ အသည်းနှင့်အူတို့ကို အားပေးတတ်သည်။ သလိပ်ကို ဖျက်ဆီးတတ်သည်။ ချမ်းခြင်းကို ပျက်စီးစေတတ်ပြီး ကာမသတ္တိကို တိုးပွားစေတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓသရဏံပင်

နာမည်ကလေး ကြားရုံမျှဖြင့် ဗုဒ္ဓဘာသာဝင်များအတွက် ချမ်းမြေ့ကြည်နူးစရာ ကောင်းလှသော အပင်ဖြစ်ပါသည်။ နေရာအတော်များများတွင် အလွယ်တကူ တွေ့မြင်နိုင်ပြီး အလှအပသက်သက်သာမဟုတ်ဘဲ အစွမ်းထက် ဆေးဖက်ဝင်သည့်အပင် အမျိုးအစားလည်း ဖြစ်ပါသည်။

ဗုဒ္ဓသရဏံ၏ အမြစ်ကို အဖျားရောဂါ၊ အဖျဉ်းရောဂါများ၌ သီးများစေရန် အသုံးပြုလေ့ရှိပါသည်။ အာနိသင်မှာ တွန်းကန်တတ်၏။ အစေးသည် ဝမ်းမီးကိုတောက်စေပြီး အနာကို ပျောက်ကင်းစေတတ်ပါသည်။

### ၁။ ဘာရောဂါတွေ ပျောက်သလဲ

ဗုဒ္ဓသရဏံပင်မှ ဥကို ဓားဖြင့်ပါးပါးလှီးပြီး အခြောက်လှန်းပါ။ ထို့နောက် ထန်းလျက်နှင့် ယိုထိုးပါ။ စမုံမျိုးငါးပါး အမှုန့်ကိုထည့်၍ ဖန်ဘူးတွင်ထည့်ကာ လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် စားသုံးပေးခြင်းအားဖြင့် သွေးသားမညီညွတ်ခြင်း၊ အမျိုးသား၊ အမျိုးသမီး ညောင်းညာကိုက်ခဲခြင်း၊ မီးယပ်သွေးဆုံးရောဂါ၊ မီးယပ်ဝမ်းပျက်ရောဂါ၊ ခန္ဓာကိုယ်အတွင်း သွေးလေမလျှောက်ခြင်း၊ ထိပ်ခေါင်းရောဂါ၊ ပန်းညိုရောဂါ၊ အရေပြားခြောက်ကပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ အရေပြားစေးထန်းခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ခါးနာခြင်း၊ အသားဝါရောဂါတို့ကို သက်သာပျောက်ကင်းစေပါသည်။

### ၂။ အဖျားရောဂါနှင့် ဆီးနည်းခြင်းများအတွက်

ဗုဒ္ဓသရဏံအပင်၏ဥကို ပြုတ်ဆေးရည်ဖော်စပ်နည်းအတိုင်း ဖော်စပ်၍ ရရှိသောဆေးရည်တွင် သကြားအနည်းငယ်ရောစပ်၍ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံးခန့် သောက်သုံးပေးခြင်းအားဖြင့် မစားချင်၊ မသောက်ချင်ဖြစ်၍ ပိန်ချုံးခြင်း၊ ခန္ဓာကိုယ်မှ အနံ့ဆိုးများထွက်ခြင်း၊ မီးယပ်အဖြူ/အနီ ဆင်းခြင်း၊ တစ်ကိုယ်လုံးကျိန်းပြီး နာကျင်ခြင်း၊ အသားအရေပြာနှမ်းခြင်း၊ ဦးရေပြားကျိန်းခြင်း၊ အကြောအခြင်တို့ တောင့်တင်းခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးပုပ်ဆန်ခြင်း၊ ဆီးရောဂါဖြစ်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

### ၃။ အဖျားနှင့်သလိပ်ရောဂါအတွက်

ဗုဒ္ဓသရဏံပင်၏ အမြစ်ကိုကျို၍ ရရှိသော ဆေးရည်အား တစ်ကြိမ်လျှင် လက်ဖက်ရည်ကြမ်းပန်းကန်လုံးတစ်ဝက်ခန့်၊ ဆားပုပ်အနည်းငယ်ရောစပ်လျက် သောက်ပေးခြင်းအားဖြင့် အဖျားရောဂါကို သက်သာပျောက်ကင်းစေနိုင်ပါသည်။ လည်ချောင်းပူခြင်း၊ ချွဲသလိပ်ကပ်ခြင်း၊ လည်ချောင်းနာခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

### ၄။ အဖျားရောဂါနှင့် ဆီးနည်းခြင်းတို့အတွက်

ဗုဒ္ဓသရဏံပင်၏ အရွက်နုများကို ရေနွေးဖျော၍ တို့စားပေးခြင်း၊ သုပ်စားပေးခြင်းတို့ဖြင့် ဆီးနည်းခြင်း၊ ဆီးချုပ်ခြင်းနှင့် အဖျားရောဂါတို့ကို သက်သာပျောက်ကင်းစေပါသည်။

### ၅။ အစွမ်းထက်သည့် ဗုဒ္ဓသရဏံအပွင့်

ဗုဒ္ဓသရဏံပင်၏ အပွင့်များကိုပြုတ်၍ ရရှိလာသောရေဖြင့် ငါးမြွေထိုး၊ ငါးကင်များချက်ရာတွင် လောင်းချကာ စားသုံးပေးပါ။ ခါးကိုက်ခြင်း၊ မြီးညောင်းရိုးကိုက်ခဲခြင်း၊ ပိတ်ဝမ်းသွားခြင်း၊ ဇက်ကြောတက်ခြင်း၊ အနာရင်း၍ ကိုက်ခဲခြင်း၊ ဝမ်းပျက်ခြင်း၊ ခံတွင်းပျက်ခြင်း၊ ခြေဆစ်လက်ဆစ် ညောင်းညာခြင်း၊ ပါးစပ်ချွဲခြင်းတို့ သက်သာပျောက်ကင်းစေပါသည်။

### ၆။ အဖျဉ်းကြီးရောဂါအတွက်

ဗုဒ္ဓသရဏံပင်၏အမြစ်ကို ထန်းလျက်နှင့်ပြုတ်ဆေးလုပ်၍ ဆေးတစ်ခွက်စာ အကြမ်းပန်းကန်လုံးတစ်လုံးခန့် နံနက်တိုင်း သောက်ပေးခြင်းအားဖြင့် အဖျဉ်းကြီးရောဂါကို သက်သာပျောက်ကင်းစေပါသည်။ ထို့အပြင် ကိုယ်လက်နာကျင်ကိုက်ခဲခြင်း၊ ဝမ်းတွင်းရစ်၍ နာကျင်ခြင်း၊ အရေပြားနာကျင်ခြင်း၊ ပူလွန်းခြင်း၊ အေးလွန်းခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

### ၇။ အမျိုးသားများအတွက်

ဗုဒ္ဓသရဏံပင်မှ အပွင့်နုကိုဖြစ်စေ၊ အသီးနုကိုဖြစ်စေ၊ ဆိတ်သားနှင့် စွပ်ပြုတ်အဖြစ် သောက်ပေးခြင်းအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပန်ညိုးသူများကို လျင်မြန်စွာ ပန်းလန်းစေပါသည်။ ကုန်ခမ်း သွားသော အင်အားများကို ပြန်လည်ရရှိစေပါသည်။ ထို့ အပြင် ဝက်သားကိုဖြစ်စေ၊ အမဲသားကိုဖြစ်စေ စွပ်ပြုတ် အဖြစ် သောက်သုံးပေးခြင်းအားဖြင့် ကိုယ်ရောစိတ်ပါ ရွှင် လန်းစေပါသည်။

## ၉။ ဗုဒ္ဓသရဏံပင် ဆေးစွမ်းထက်မှုအဖုံဖုံ

ဗုဒ္ဓသရဏံအစေ့ကို အမှုန့်ပြုလုပ်၍ အရက်နှင့်ရော စပ်ပြီး လိမ်းကျံပေးပါက အမျိုးသမီးများ နို့ခဲခြင်း၊ နို့လမ်း ကြောင်းပိတ်ခြင်း၊ ပြည်တည်ခြင်းများ သက်သာပျောက်ကင်း စေပါသည်။

ထို့အပြင် ဗုဒ္ဓသရဏံအစေ့ကိုပင် ရေနံ့ချေးနှင့် လိမ်း ပေးပါက ဝဲစိုဝဲခြောက်၊ ရေယုန်နာများ သက်သာပျောက်ကင်း စေပါသည်။

တစ်ပင်လုံးနီသည့် ဗုဒ္ဓသရဏံပင်မှ ဥကိုယူပြီး ပါးပါး လှီး၍ အခြောက်လှန်းပါ။ အမှုန့်ပြုလုပ်ပါ။ ၎င်းအမှုန့် ၂၅ ကျပ်သားနှင့် ထန်းလျက် ၂၅ ကျပ်သားတို့ကို ယိုထိုးပါ။ စမုံမျိုးငါးပါးကို အမှုန့်ပြုလုပ်ပြီး ယိုထဲသို့ဖြူးပါ။ ပြီးနောက် ဖန်ဘူးအတွင်းထည့်ကာ လေလုံအောင်ပိတ်ပါ။ ၎င်းယိုကို နံနက်တစ်ခါ၊ ညတစ်ခါ အမြဲမပြတ်စားပေးပါက ယောကျာ်း မိန်းမ မီးယပ်၊ ဒူလာ၊ သွေးသားမညီညွတ်သောရောဂါ၊ မီးယပ် ဝမ်းပျက်ခြင်း၊ သွေးဆုံးခြင်း၊ ပန်းညိုးခြင်း၊ လိပ်ခေါင်းဖြစ် ခြင်း၊ အားအင်ကုန်ခန်းညှိုးနွမ်းခြင်း၊ အသားဝါခြင်း၊ ခါးနာ ခြင်း၊ အသားအရေခြောက်ခန်းခြင်း၊ ထုံကျင်ကိုက်ခဲခြင်း စသည့်ရောဂါများကို သက်သာပျောက်ကင်းစေပါသည်။

ဗုဒ္ဓသရဏံဥအခြောက်ကို အမှုန့်ပြုပြီး ပျားရည်၊ ထောပတ်တို့နှင့် သမအောင်ဘေပါ။ ပြီးလျှင် ဖန်ဘူးအတွင်း ထည့်ကာ လေလုံအောင်ပိတ်ပါ။ စပါးပုပ်ထဲသို့ ခုနစ်ရက်ပြည့် အောင်မြှုပ်ပါ။ ခုနစ်ရက်ကျော်မှ ၎င်းဘေဆေးကို နံနက်၊ ည ဆီးသီးလုံးခန့် စားပေးပါလျှင်···

သွေးတဂွ၊ လေတဂွ၊ အသံဝင်၊ မျက်စိမှုန်၊ ဒူလာ သွေးဝမ်း၊ မီးယပ်ဝမ်းဖြစ်ခြင်း၊ အစွယ်မရောက်မီ ဆံပင်ဖြူ ခြင်း၊ ကိုယ်လက်တို့ယားယံခြင်း၊ ဆီးပူခြင်း၊ ဆီးကျင်ခြင်း၊ ဆီးကိုက်ခြင်း၊ ဆီးအိမ်၌ အနာဖြစ်ခြင်း၊ ဆီးပုပ်ခြင်း၊ ဆီးကျန် ခြင်း၊ ဘေလုံးများစွဲခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ လေးဖက် နာဖြစ်ခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

ဗုဒ္ဓသရဏံအပွင့်ကို အခြောက်လှန်းပြီး ရေနွေးပူပူ ထဲသို့ခတ်၍ သောက်ပေးပါက ချွေးငုပ်ခြင်း၊ ဖျားခြင်းတို့ကို သာမက ဆီးချုပ်ခြင်းကိုပါ သက်သာပျောက်ကင်းစေပါသည်။

ဗုဒ္ဓသရဏံအစေ့ကို နှမ်းဆီစစ်စစ်နှင့် သွေး၍ လိမ်း ကျံပေးပါက မကွဲရနာကို သက်သာပျောက်ကင်းစေပါသည်။ ဗုဒ္ဓသရဏံအစေ့ကိုပင် အမှုန့်ပြုလုပ်ကာ နံ့သာဖြူသွေးရည် နှင့်ဖျော်ပြီး ရှူပေးပါက နှာပုပ်ရောဂါ၊ ထိပ်ခတ်နာနှင့် နာစေး ခြင်းရောဂါတို့ကို သက်သာပျောက်ကင်းစေပါသည်။

## ပွေးကိုင်းပင်

ပွေးကိုင်းပင်ကို သဘော်မယ်ဇလီဟုလည်း ခေါ်ကြ သည်။ ရိုးရိုးမယ်ဇလီမှာမူ အခါးအရသာကို ကြိုက်နှစ်သက် သူတို့ ချက်ပြုတ်စားသုံးကြသည်။ ဟင်းသီးဟင်းရွက်ထဲ၌ ပါဝင်သည်။ အရွက်နုကလေးများကို ဟင်းချိုအဖြစ် ချက် ပြုတ်၍စားကြပြီး အဖူးကလေးများကိုမူ တို့မြှုပ်၍လည်း ကောင်း၊ အသုပ်သုပ်၍လည်းကောင်း စားသုံးကြသည်။

သဘော်မယ်ဇလီတစ်ဖြစ်လဲ ပွေးကိုင်းကို ဝမ်းချုပ် သည့်အခါတွင် တောင်သူလယ်သမားကြီးများက အရွက်နု ကလေးများအား ရေနွေးဖျောလျက် တို့မြှုပ်စားသောက်တတ် ကြသည်။ ဝမ်းချုပ်ခြင်း ပျောက်ကင်းလျက် ဝမ်းသွားသည့် အခါ သန်ကောင်၊ တုပ်ကောင်များရှိပါက ကျခင်းတတ်ပါသည်။

### ၁။ ပွေးကွက်များပေါက်လျှင်

ပွေးကိုင်းမယ်ဇလီရွက် မနမရင့်ကို ခူးယူပြီး အနည်း ငယ်ထုထောင်းကာ ရရှိသည့် အဖတ်များနှင့် ၅ မိနစ်ခန့် မပြတ် ပွတ်တိုက်ပေးပါ။ ထို့နောက် ၁၀ မိနစ်ခန့် ရပ်နားပါ။ ပြီးလျှင် သံပုရာသီးကိုခြမ်း၍ ပွေးကျက်ပေါ်တွင် ၅ မိနစ် ခန့် ပွတ်တိုက်ပေးပါ။ တစ်နေ့ နှစ်ကြိမ်ခန့် ပြုလုပ်ပေးပါ။ တစ်ပတ်ခန့် ဆက်တိုက်ပြုလုပ်ပေးပါ။ ပိုးများသေစေပြီး အလွှားလိုက်ကွာကျကာ ပွေးကွက်များ ပျောက်ကင်းသွားပါ လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂။ ကလေးများအတွက် အစွမ်းထက်

ဆေးကြောက်တတ်သော ကလေးသူငယ်များ စအို ယားယံ၍ မကြာခဏကုတ်ဖွဲ့ နှိုက်ချွတ်နေသည်ကို တွေ့ရလျှင် ကလေးများ ညဉ့်ဦးယံ အိပ်မောကျချိန်၌ စအိုကိုဖြဲ၍ ကြည့်လိုက်ပါ။ တုတ်ကောင်ကလေးများ အပေါက်ဝ၌ ထွက်၍ ကျက်စားနေသည်ကို တွေ့ရပေလိမ့်မည်။

ထိုကလေးသည် အစားအသောက် အနည်းငယ်ပျက်ခြင်း၊ ဝမ်းလျှော၍ ခပ်ပျစ်ပျစ်သွားခြင်း၊ မျက်စိအရောင်ဖြူဖျော့နေခြင်း၊ ဝမ်းဗိုက်ထဲတွင် သရိုးသရီနာခြင်း၊ တစ်ဖန်ချက်ခြင်း ပြန်၍ကောင်းသွားတတ်ခြင်း စသည့်လက္ခဏာများ ဖြစ်တတ်သည်။

ထိုအခါများတွင် ပွေးကိုင်းမယ်ဇလီရွက်(မနုမရင့်)ကို ခူးပြီး ဓားဖြင့် ပါးပါးလှီးပါ။ ထို့နောက် ဆန်မှုန့်နှင့်ရောနယ်ပြီး ပုစွန်တုပ်ကလေးများကိုပါထည့်၍ ပုစွန်ပေါင်းကြော်သလို ဆီနှင့်အချပ်လိုက်ကြော်၍ ကျွေးပေးပါက တုတ်ကောင်ကလေးများသည် ချည်စကလေးများကို ကပ်ကျေးနှင့် တိုတိုကလေးညှပ်၍ချလိုက်သကဲ့သို့ ဝမ်းနှင့်ရော၍ အထွေးလိုက်ကျသွားပေမည်။

## ၃။ အသုံးဝင်လှသည့် ပွေးကိုင်းမယ်ဇလီဖူး

ပွေးပိုင်းမယ်ဇလီပင်မှာ အဖူးကလေးများကို ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုလိုပါက -

(၁) စမုံမျိုးငါးပါး ရှစ်ပဲသား

(၂) ဆားပုပ် နှစ်ကျပ်သား

(၃) ရှောက်သီးခပ်ကြီးကြီး တစ်လုံး
(ပါးပါးလှီး၍ထားပါ)

(၄) ပွေးကိုင်းမယ်ဇလီအခဲ ၂၅ ကျပ်သား

၎င်းပစ္စည်း လေးမျိုးကို လေလုံသော ဖန်ပုလင်းထဲ၌ ရောစပ်၍ထားပါ။ ခုနစ်ရက်ခန့်ကြာလျှင် နူးနူးနပ်နပ်နှင့် သမ၍သွားပါလိမ့်မည်။ ထို့နောက် ညအိပ်ရာဝင်တိုင်း ဝမ်းကိုချင့်ချိန်၍ ညစဉ် (သို့မဟုတ်) ရက်ခြား စားပေးပါက အပူအပုပ်ကင်းစင်၍ တုတ်ပိုးများပါ ကင်းစင်စေပါသည်။

## ၄။ ချောင်းဆိုးပန်းနာ ကင်းပြတ်လိုပါလျှင်

ပွေးကိုင်းမယ်ဇလီ အရွက်ကြီးများကို ဆားဖြင့်ပွတ်၍ အရည်ရအောင်ညှစ်ပါ။ ၎င်းအရည်နှင့် ဆတူရောစပ်ပါ။ ထို့နောက် ကြွေပန်းကန်တွင်းသို့ထည့်၍ ပွက်ပွက်ဆူနေသော ရေနွေးပေါ်တွင် ပေါ်လောပေါ်ပြီး ရေနွေးအိုးအဖုံးကို ပိတ်ထားပါ။ ဆေးရည်များ ပူနွေးလာပါက ပန်းကန်ကိုထုတ်ပါ။

အဆိုပါဆေးရည်ကို ဟင်းစားဇွန်းဖြင့် ထမင်းမစားမီ နံနက်တစ်ဇွန်း၊ ညအိပ်ရာဝင်တစ်ဇွန်း သောက်ပါက (တစ်နေ့နှစ်ကြိမ် ပုံမှန်သောက်ပေးပါက) နာတာရှည်စွဲကပ်နေသော ချောင်းဆိုးပန်းနာဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။ (အဆုတ်နာတီဘီဖြစ်လျှင် ၁၅ ရက်ခန့် စွဲမြဲစွာ သောက်ပေးပါက အမြစ်ပြတ် ပျောက်ကင်းသွားပါသည်။)

## ၅။ ပွေးဝဲယားနာ အဝေးခွာဖို့

ပွေးကိုင်းမယ်ဇလီ ခုနစ်ရွက်ကို ဘယ်ပြန်ညာပြန်ထပ်ပြီး ထိပ်နှစ်ဖက်ကို တိတိဖြတ်၍ မီးနွေးနွေးကင်ကာ ပွေးကိုတို့ကပ်ပေးပါက ပွေးဝဲယားနာများ ပျောက်ကင်းသွားပါလိမ့်မည်။

## ၆။ ဝမ်းမှန်လိုလျှင်၊ ဝမ်းနုတ်လိုလျှင်

ပွေးကိုင်းမယ်ဇလီ အဝါရောင်အဖူးကလေးများကို ခူးပြီး ပွင့်ဖတ်ခြွေကာ အခြောက်လှန်းပါ။ ခြောက်လျှင် အမှုန့်ကြိတ်ပြီး ရှောက်ရည်၊ ဆားသင့်ရုံဖြင့် နယ်ကာ ဆီးစေ့ခန့်လုံး၍ နေလှန်းပါ။ ညဘက်တွင် ဆေးတစ်လုံး ရေနှင့်မျှော်ချပါ။ ညဘက်စားလျှင် မနက်ဘက် ဝမ်းသွားလိမ့်မည်။ များများစားလျှင် များများဝမ်းသွားပါလိမ့်မည်။

## ၇။ သက်ရှည်ကျန်းမာလိုလျှင်

ပွေးပိုင်းမယ်ဇလီရွက်၊ လောက်သေရွက်၊ ဥန္နဲရွက်၊ ကုန်းထိကရုန်းရွက်၊ ဆင်တုံးမနွယ်ရွက် ငါးမျိုးတို့ကို အညီအမျှစပ်၍ကျိုပါ။ နေ့စဉ် လက်ဖက်ရည်(ရေနွေးကြမ်း) သောက်သကဲ့သို့ သောက်ပေးပါက သက်ရှည်ကျန်းမာပါလိမ့်မည်။

သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံများ

သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)

## ခြင်္သေ့

ခြင်္သေ့များသည် အကောင်ကြီး ကိုယ်လုံးထွား ကျိုင်းကြ၏။ အလျား ၉ ပေကျော်ရှည်ပြီး အမြင့် ၄ ပေ ခန့် မြင့်၏။ ခြင်္သေ့ကြီးများသည် ကိုယ်အလေးချိန် ပေါင် [illegible] ကျော် ၅၀၀ ထိ ရှိကြ၏။ ခြင်္သေ့၏ခွန်အားသည် အလွန်ကြီးမားသောကြောင့် ၎င်း၏လက်ဖြင့် ပုတ်လိုက် ပါက နွား၏ဦးခေါင်းပင် ကွဲသွား၏။ နွားပေါက်ကလေး များကို ချီ သွားနိုင်၏။ ခြင်္သေ့များသည် ပေါ့ပါးဖျတ်လတ် လျင်မြန်ကြ၏။ ခြင်္သေ့၏ ကိုယ်ခန္ဓာအရှေ့ပိုင်း ရင်အုံသည် ကြီးမား ကိုယ်နောက်ပိုင်းမှာ သေး၏။ သားကောင်များ အား မိမိ၏ကိုယ်ဖြင့် ခွဲလှဲပြီး ကိုက်ချီနိုင်သည်။

ခြင်္သေ့ဟူသော ဝေါဟာရသည် ကေသရီဟူသော ပါဠိမှ ကြေသရီ၊ ၎င်း ကြေသရီမှ ကြသေ့၊ ကြသေ့မှ ခြင်္သေ့ဟူ ဆင်းသက်လာကြောင်း လေ့လာတွေ့ရှိ၏။ အဘိဓာန်တွင် မိဂိန္ဒြေခြင်္သေ့၊ ကေသရီခြင်္သေ့၊ သီဟော ခြင်္သေ့ ဟူ သုံးပုဒ်ပြထားသည်ကို တွေ့ရှိရ၏။ ထို့ကြောင့် ကေသရာဇာခြင်္သေ့ဟု ရေးသားထားသည်ကို တွေ့ရှိရ၏။

ခြင်္သေ့တို့သည် ကုန်းတွင်ပေါက်ဖွား၊ ကုန်းတွင် ကျက်စားသော ကုန်းနေသတ ဝါများ ဖြစ်ကြ၏။ ခြင်္သေ့ အမျိုးအစားကို အင်္ဂုတ ရအဋ္ဌကထာ၌ ငါးမျိုးခွဲခြားပြထား သည်ကို တွေ့ရှိရ၏။

အင်္ဂုကုတ ရအဋ္ဌကထာတွင် ဖော်ပြထားသော ခြင်္သေ့ ငါးမျိုးမှာ –

(၁) **တိဏသီဟ** = ပြောက်ကျားသော ကိုယ် ရေအဆင်းရှိသော နွားမနှင့်တူသည့် မြက်စားသော ခြင်္သေ့။

(၂) **ပဏ္ဍုသီဟ** = သစ်ရွက်လျှော်ကဲ့သို့ အဆင်း ရှိသော အသားစားသော ခြင်္သေ့။

(၃) **ကာဠသီဟ** = မည်းနက်သောအဆင်းရှိပြီး မြက်နှင့် သားသေကောင်များ စားသော ခြင်္သေ့။

(၄) **ကေသရသီဟ** = နီသောနှုတ်သီးများ၊ အမြီး များနှင့် နီမြန်းသောအစင်း သုံးစင်းတို့သည် ဦးခေါင်းမှ ကျောကုန်းအလယ်သို့ရောက်အောင် ဆင်းသွားလျက် ချက် တွင် လက်ျာရစ်ပတ်ကာ တည်ရှိနေ၏။ ၎င်း၏ လည်ဆံ မွေးများသည် ရွှေကွန်ယက်ကဲ့သို့ ဖြန့်ကြက်လျက် ကြွင်း သော အစိတ်အပိုင်းတို့၌ ဖြူစင်သော ခ ့သင်းကဲ့သို့ ရှိကြ ၏။ သားကောင်အရှင်များကိုသာ ဖမ်းယူစားသောက်လေ့ ရှိ၏။

(၅) **မနုသီဟ (ခေါ်) နရသီဟ** = ခြင်္သေ့မျက်နှာ နှင့် လူပုံသဏ္ဍာန် ကိုယ်ဟန်ရှိပြီး အဝတ်တန် ဆာဆင်မြန်း ထားသော ခြင်္သေ့ဖြစ်သည်။ အခါခပ်သိမ်း ရှိနေသည် မဟုတ်ဘဲ မြတ်စွာဘုရားပွင့်တော်မူစဉ် တန်ခိုးရှင်တို့ ဖန် ဆင်းသောအခါမှသာ ရှိသည်ဟု သိရှိရ၏။

ခြင်္သေ့များကို ရှေးခေတ်က အာဖရိကတိုက်၊ အာရှ



www.burmeseclassic.com

တိုက် တောင်ပိုင်း၊ ဥရောပတိုင် အရှေ့တောင်ပိုင်းများတွင် တွေ့ရသော်လည်း ယခုအခါ အာဖရိကတိုင်နှင့် အာရှတိုက်များမှာပါ အနည်းငယ် တွေ့ရှိရပေသည်။ ခြင်္သေ့များသည် ပေ ၃၀ ခန့်အမြင့်ထိ ခုန်နိုင်ကြပြီး အပြေးလည်း လျင်မြန်သည်။ ခြင်္သေ့အရောင်သည် နီကြန့်ကြန့်အရောင်ရှိ၍ ခပ်လှမ်းလှမ်းမှ ရုတ်တရက်မမြင်ရပေ။

ခြင်္သေ့များသည် အလွန်ဆာလောင်မှသာလျှင် အစာရှာထွက်ပြီး ကျန်အချိန်တွင် အိပ်နေလေ့ရှိသည်။ အိပ်လျှင် မျက်လုံးတစ်ဖက်ဖွင့်ပြီး အိပ်သဖြင့် ၎င်းအားဖမ်းရန် အလွန်ခက်သည်။ ခြင်္သေ့များသည် ညနေအစာရှာထွက်လျှင် ရေအိုင်သို့သွားပြီး ရေသောက်ပြီးလျှင် ပတ်ဝန်းကျင်တွင် သားကောင်များ ရှိမရှိ အနံ့ခံ၍ ကြည့်ကြသည်။

၎င်းနောက် ရေအိုင်အနီးရှိ ချုံပုတ်တွင်းပုန်းကွယ်ကာ ရေသောက်ဆင်းလာမည့် သားကောင်များကို စောင့်၍ ချောင်းနေတတ်သည်။ အတန်ကြာသည့်တိုင် သားကောင်များ ပေါ်မလာပါက ကျယ်လောင်သောအသံဖြင့် အော်မြည်တတ်သည်။ ခြင်္သေ့များ သားကောင်လိုက်၍ရလျှင် အကောင်သေးပါက ကိုက်ချီ၍ မိမိဂူအထိ ချီသွားပြီးမှ စားသည်။ သားကောင်ကြီးပါက ဆွဲ၍သွားပြီး သိပ်ကြီးသော သားကောင်များအား ကိုက်ဖဲ့၍ ချီသွားတတ်ကြသည်။ ခြင်္သေ့မသည်လည်း ခြင်္သေ့ထီးကဲ့သို့ ခွန်အားဗလကြီးသည်။ ခြင်္သေ့များသည် တစ်ကောင်ချင်း သားကောင်လိုက်ဖမ်းရသည်ကို နှစ်သက်ကြသည်။ သားပေါက်ကလေးများ အရွယ်ရောက်လာပါက မိသားစုလိုက် သားကောင်ကို လိုက်၍ ဖမ်းကြသည်။ ခြင်္သေ့ကလေးများသည် ၇ နှစ် ၈ နှစ် ကြာမှ အရွယ်ရောက်လာပြီး မိဘများနှင့် သားကောင်လိုက်ဖမ်းပြီး သားကောင်ဖမ်းသည့်အတတ်ကို လက်ထပ်သင်ကြသည်။

ခြင်္သေ့သည် သားသတ္တဝါတို့၏ အထွတ်အမြတ်အကြီးအမှူးဘုရင်ပင် ဖြစ်သည်။ မြတ်စွာဘုရားလက်ထပ်မှစပြီး ရှေးခေတ်အဆက်ဆက် ခြင်္သေ့ကို ပဓာနထား၍ ဦးစားပေး သုံးစွဲခဲ့ကြသည်။ ရှေးခေတ်ဘုရင်များ အဆက်ဆက် အသုံးပြုခဲ့သော ပလ္လင်ရှစ်ခန်းတွင် သီဟာသနပလ္လင် (ခြင်္သေ့ရုပ်ခံသောပလ္လင်)သည် ရှေ့ဆုံးမှ ပါဝင်ခဲ့သည်။ ကမ္ဘာပေါ်တွင် အလွန်ထင်ရှားခဲ့သော သီရိဓမ္မာသောကမင်းကြီးသည် ခြင်္သေ့ကို စေ့ငုစွာ ထောင့်စေ့အောင် သုံးစွဲခဲ့သည်။ သာသနာရေး၊ လောကရေးနှင့်သက်ဆိုင်သော ကျောက်တိုင်များ စိုက်ထူခဲ့ရာ ကျောက်တိုင်တိုင်း၏ ထိပ်တွင် ခြင်္သေ့ရုပ်များကိုသာ အသုံးပြုခဲ့သည်။ ယနေ့ထက်တိုင် တည်ရှိနေသည်ကို ဗုဒ္ဓဂယာ ဘုရားဖူးသွားခဲ့စဉ် တွေ့ရှိခဲ့ရပေသည်။ သာသနာရေးအတွက် စစ်တိုက်ထွက်ရာတွင်လည်း ခြင်္သေ့ရုပ်ကို ရှေ့မှာထားပြီး ရဲသွေးရဲမာန်ထက်သန်စေရန်နှင့် ခြင်္သေ့၏ စွမ်းပကားကဲ့သို့ ယောကျ်ားပီသစေရန် စီမံဆောင်ရွက်ပေးခဲ့လေသည်။

ခြင်္သေ့၏ မြင့်မြတ်ထူးခြားပုံကို တင်စားသောအနေဖြင့် ရှေးဟောင်းရာဇဝင်အဆက်ဆက် ထင်ရှားသောဘုရင်များနှင့် စစ်သူကြီးတို့သည် မိမိတို့၏ ဘွဲ့အမည်ကို သီဟသူ၊ သီဟသူရ၊ သီဟပတိ(သီဟပတေ့)ဟူ၍ လည်းကောင်း၊ ခြင်္သေ့အမည်များ ထည့်သွင်းကာ မှည့်ခေါ်သတ်မှတ်ခဲ့ကြလေသည်။

မြန်မာလ၏ ဆယ့်နှစ်လရာသီတွင် သီဟ(သိဟ်)ရာသီဟု ပါရှိ၏။ သီဟ (သိဟ်)(သိန်) ဟု အသံထွက်သောကြောင့် နရသီဟကို (နရသိန်)၊ မဟာသီဟ (မဟာသိန်) ဟုလည်း သုံးစွဲ ခေါ်တွင်ကြသေး၏။ ယခုအခါ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ပန်ဂျာပီလူမျိုးတို့သည် ၎င်းတို့၏ အမည်ရှေ့၌ သီဟ(သိန်)၊ သိန်မှ(ဆိန်)၊ ဆိန်မှ ဆင်းဟု အသံထွက်ကြ၏။ ဥပမာ–ဂျက်ကြီးဆိန်ကို ဂျက်ကြီးဆင်းဟုလည်းကောင်း၊ ပါရဆိန်ကို ပါရဆင်းဟုလည်းကောင်း ခေါ်ဆိုကြပေသည်။

ခြင်္သေ့များသည် ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ မဆုတ်နစ်ခြင်း၊ ဖွဲ့လုံလဝီရိယရှိခြင်းတို့ကြောင့် သီဟဘွဲ့ကို ခံယူကြခြင်းဖြစ်ပေမည်။ သီဟဘွဲ့ပါသော ပုဒ်များကို ဖော်ပြရာ၌ –

(၁) **သီဟစာရီ** – မြတ်သောအကျင့်နှင့် ရဲရင့်သူ။

(၂) **သီဟတိ** – ပြည့်ရှင်မင်း (အသင်္ခယာစောယွမ်းသမီး၊ စိုးမင်းကိုယ်တော်ကြီး၊ စိုးမင်းကျော်စွာတွင် "တစ်မိသားချင်း မင်းသုံးဆက်တို့ နတ်ရွာလားပြီး သီဟပတိမည်သော ဆင်ဖြူသခင် မြောက်သားမင်း (ကြီး)"ဟု ရေးထိုးထားပေသည်။

(၃) **အာကာသီဟ** – ယောကျ်ားမြတ် အာကာပုရိသပုဒ်ရင်း။

(၄) **မင်းရဲဟီဟရာဇ်** – ဟကိုသပြုပြီး သီဟရာဇ်



www.burmeseclassic.com

www.burmeseclassic.com

လည်း ရှိ၏။

(၅) **မင်းရဲသီဟသူ** – ဘုရင်နောက် ခမည်းတော်၏ဘွဲ့။

(၆) **သီဟပတေ်** – သိဟ်မတေ့လည်း ရှိ၏။

(၇) **မဟာသီဟသူရ** – (အနော်ရထာ၊ နွယ်သညာနှင့် မဟာသီဟ၊ သူရရင်နှစ် မင်းညွှန့် ဖြစ်သောဟု တံတားဦးတည်မော်ကွန်းတွင် တွေ့ရ၏။)

(၈) **သီဟသူ** – (သီဟသူရမည်မှတ်၊ ဝစနက်ကား၊ လျောက်မတ်ညီအောင် ရဲရင့်ဆောင်သား၊ သုံးထောင်တောစိုး ခြင်္သေ့မျိုးသို့၊ မိုကြိုးသံပြင်း နားရင်းထစ်ထစ်၊ ပစ်သည့်ရှိလည်း၊ မသိန္နိုးနား မကြားကျိုးကျွန်နေအံ့၊ မှန်သားအလွှန်၊ ခိုင်ကြည်သဘောထည်လျက်)ဟု တံတားဦးသံပိုင်းတွင် တွေ့ရပြန်၏။

(၉) **သီဟယောတ** – ရဲရင့်သော သူရဲကောင်း။

(၁၀) **နရသီဟပတေ့** – ပုဂံပြည် မင်းခွေးချေးဘွဲ့။

(၁၁) **သီရိမဟာ** – သီဟသူရဓမ္မရာဇာဘွဲ့၊ ညောင်ရမ်းမင်းဆက်၊ ခနမင်း၏ဘွဲ့။

(၁၂) **တစီးရှင် သီဟသူ** – ပင်းယမြို့ ပထမတည်သော ဆင်ဖြူတစ်စီးရှင်ဘွဲ့။

(၁၃) **နေမျိုးသီဟပတေ့** – ကုန်းဘောင်မင်းဆက် တတိယမြောက် ဆင်ဖြူရှင်က ဗိုလ်ချုပ်ကြီးအား ပေးသောဘွဲ့။

(၁၄) **မဟာသီဟသူရ** – တတိယမြောက် ဆင်ဖြူရှင်က စစ်ဗိုလ် ဝန်ကြီးအား ပေးသောဘွဲ့။

(၁၅) **နေမျိုးသီဟသူရ** – တတိယမြောက် ဆင်ဖြူရှင်က ဗိုလ်မှူးအမြောက်ဝန်ကို ပေးသောဘွဲ့။

(၁၆) **သီရိမဟာသူရ ဓမ္မရာဇာ** – ပုဂံမင်းက ညီတော် မင်းတုန်းမင်းသားအား ပေးသောဘွဲ့။

(၁၇) **မင်းရဲသီဟ** – ပုဂံမင်းက မှော်ဘီမြို့စားမင်းသားမောင်လတ်အား ပေးသောဘွဲ့ စသည်တို့ ဖြစ်ပါသည်။ အထူးသဖြင့် ကီဝင်မှ ဆင်းသက်လာသော မင်းမျိုးဟူသမျှ "နရသီဟ"ဘွဲ့ ချီးမြှင့်ခံရသောမင်းများ ဖြစ်ကြပြီး ကွယ်လွန်နတ်ရွာစံသောအခါ ရွှေရုပ်တုများ ထုလုပ်ကိုးကွယ်ကြရသည်ဟု သိရှိရ၏။ သီဟပုဒ်သည် သူချည်းသက်သက် ဖြစ်လျှင် ခြင်္သေ့ဟူသော ရှေ့ကပုဒ်နှင့်တွဲပါ က "မြတ်သော ထူးသော"အနက်ကို ဟော၏ဟု လေ့လာမှတ်သားရပေသည်။

ခြင်္သေ့၏ရဲရင့်ပုံကို ပိဋကတ်တော်လာ အကြောင်းအရာကို ဗဟုသုတအဖြစ် အနည်းငယ် တင်ပြလိုပါသည်။ ရှေးအခါက ဗာရာဏသီပြည်မှ မင်းတစ်ပါးသည် သူပုန်နှိမ်နင်းရန် စစ်သည်ဗိုလ်ပါများ ခြံရံလျက် ထွက်ချီလာရာ တောနက်အတွင်းသို့ရောက်၏။ တောနက်တွင်း တောင်ခြေတွင် ခြင်္သေ့တစ်ကောင် အိပ်နေသည်ကို မြင်သောအခါ ခြင်္သေ့များသည် အသံကြားရုံဖြင့် မကြောက်တတ်ဖူးဟု သိရှိရသဖြင့် စမ်းသပ်လိုသောကြောင့် စစ်သည်များအား စည်ကြီးသံ၊ စစ်ခရာသံ၊ ခရုသင်းသံများ ညံစွာ တီးမှုတ်ခြောက်လှန့်စေဟု မိန့်ကြား၏။ စစ်သည်တို့ကလ ့ပြီး ဘုရင်မင်းမြတ်အမိန့်တော်မှတ်သည့်အတိုင်း ဆူညံစွာ တီးမှုတ်ခြောက်လှန့်သော်လည်း ခြင်္သေ့ကြီးက အိပ်မြဲအိပ်နေ၏။ ခေတ္တနားပြီး ကျယ်လောင်စွာ တီးမှုတ်သော်လည်း မရှုံ့ဘဲ အိပ်နေ၏။ တိုင်းပြည်အတွက် သက်စွန့်ဆံဖျား ထမ်းဆောင်ခဲ့သူများအား သီဟဘွဲ့၊ သီဟသူရဘွဲ့ စသည်တို့ ပေးအပ်ချီးမြှင့်လျက် ရှိနေပေသည်။

ရှေးဟောင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအနေဖြင့် ခြင်္သေ့ ပန်းချီ၊ ပန်းပုလက်ရာများ၊ လူသုံးပစ္စည်းကွမ်းအစ်၊ ရွှေလင်ပန်း၊ ငွေလင်ပန်း၊ ရွှေဖလား၊ ငွေဖလား၊ ကြေးဖလား စသည်တို့တွင်လည်း ခြင်္သေ့ရုပ်များ ပါရှိလျက် ရှိနေပေသည်။

ခြင်္သေ့နှင့်ပတ်သက်၍ အသုံးဝင်ပုံ၊ အကျိုးရှိပုံများ ဖော်ပြရမည်ဆိုပါလျှင် ဆုံးအံ့မထင်ပါသဖြင့် ဤမျှနှင့်ပင် နိဂုံးချုပ်လိုက်ပါသည်။

□□□

## စာကလေးငှက်

စာကလေးငှက်များသည် အမျိုးပေါင်းများစွာရှိသော်လည်း လူသိများသော စာကလေး သုံးမျိုးအကြောင်းကို ဖော်ပြသွားပါမည်။ စာကလေးများသည် ကျွန်ုပ်တို့ နေ့စဉ်မြင်တွေ့နေရသော ငှက်မျိုးဖြစ်၏။ စာဟု ခေါ်ဆိုရခြင်းမှာ ပါဠိဘာသာ စာတကဟူသောပုဒ်မှ တကယူသော အက္ခရာနှစ်လုံးကို ချေ၍ 'စာ'ဟု တစ်လုံးတည်း ခေါ်ဆိုလာခြင်းဖြစ်သည်။ မာဂဓအဘိဓာန်တွင် 'အကြင်ငှက်သည် ကလား–


www.burmeseclassic.com

www.burmeseclassic.com

စိုးစိုးစိစိငြင်းခုံခြင်းကို ပြုလျက်၊ ရဝတိ–မြည်တတ်၏”ဟု ဖွင့်ဆိုထားသည်ကို လေ့လာတွေ့ရှိရ၏။

မြန်မာနိုင်ငံတွင် စာမျိုးပေါင်းများစွာရှိသော်လည်း ထင်ထင်ရှားရှား လူသိများသော စာဝတီး၊ စာဝတီးဖင်ဖြူ (သို့မဟုတ်) သင်ပေါင်းစာ၊ စာဝတီးနီ၊ စာပြောက်၊ စာဘုန်းကြီး၊ အိမ်စာ၊ တောစာကလေး (စာဖောင်း၊ စာဘူးတောင်း)၊ ပသျှူးစာ၊ ပဲခူးစာ၊ စာနီ စသည်တို့ဖြစ်သည်။

အထင်ရှားဆုံးနှင့် အတွေ့အမြင်အများဆုံး စာများမှာ စာဝတီးများ ဖြစ်ကြ၏။ ၎င်းစာဝတီးကို စာခေါင်းကွက်ဟုလည်းကောင်း၊ မှို့စာဟုလည်းကောင်း ခေါ်ဆိုကြသေး၏။ စာဝတီးငှက်၏ အရွယ်အစားမှာ ရှည်၏။ အုပ်စုဖွဲ့ အသင်းအဖွဲ့လိုက် နေတတ်ကြ၏။

စာဝတီးများသည် အုပ်စုလိုက် လယ်သီးနှံများပေါ် ကျရောက်နားနေပြီး သီးနှံဖျက်ပိုးများနှင့် အခြားသော ပိုးမွှားတို့ကို စားသောက်ပြီး တောင်သူကြီးများကို အကျိုးပြု၏။ စာဝတီးများသည် ထန်းပင်၊ အုန်းပင်၊ သူးချုံများ၊ လူနေအိမ်ခေါင်မိုးများတွင် အသိုက်ဖွဲ့ နေတတ်ပြီး မိုးဥတုတွင် သားပေါက်ကြ၏။

စာဝတီးကဲ့သို့ လူသိများသော “စာပတီး”လည်း ရှိသေး၏။ စာပတီးသည် အဖောင်သေး၏။ စာပတီးတွင် စာပတီးဖင်ဖြူ၊ စာပတီးနီ၊ စာပြောက်၊ စာဘုန်းကြီးဟု ရှိသေး၏။ စာပတီးများသည် မြန်မာနိုင်ငံနှင့် အရှေ့နိုင်ငံအားလုံးတွင် နေရာအနှံ့အပြား တွေ့ရှိရ၏။ စာပတီးဖင်ဖြူကို သင်ပေါင်စာဟုလည်း ခေါ်ဆိုကြသေး၏။ ၎င်းစာသည် ၎င်းစာပတီးထက် သေးငယ် ဖင်ပိုင်း၌ အဖြူရောင်ပါရှိ၏။ စာပတီးများသည် စာဝတီးများကဲ့သို့ အုပ်သင်းဖွဲ့နေထိုင်ပြီး လယ်တောများတွင် စပါးများနှင့် လယ်ဖျက်ပိုးများကို စားကြ၏။ ၎င်းစာအုပ်ကျလျှင် လယ်ထွက်သီးနှံများ အနည်းအကျဉ်း ပျက်စီးသောကြောင့် လယ်သမားကြီးများသည် လယ်ကန်သင်းရိုးများပေါ်တွင် စာခြောက်ရုပ်ကြီးများ ပြုလုပ်ထားကြသည်ကို တွေ့မြင်ရ၏။

အိမ်စာသည် ဦးခေါင်း၏အရောင်မှာ မွဲပြာရောင်ဖြစ်ပြီး ရင်အုပ်တွင် အနက်ရောင်ပါရှိသည်။ အိမ်စာများသည် နွေရာသီ ပူအိုက်သော ကာလများတွင် ဆူညံစွာအော်မြည်တတ်ကြ၏။ အထူးသဖြင့် စာကလေးများသည် သားပေါက်သောအချိန်တွင် ပို ဆူညံတတ်ကြ၏။ အိမ်စာများကို တောအရပ်ဒေသများထက် မြို့အရပ်ဒေသများတွင် ပို တွေ့မြင်ရ၏။ ၎င်းစာကလေးများသည် အိမ်ကျောင်းဇရပ်တို့တွင် အသိုက်ဖွဲ့နေထိုင်ပြီး ၁၂ လ ရာသီပတ်လုံး သားပေါက်လေ့ရှိကြ၏။ ၎င်းစာကလေးများသည် နိုင်ငံတကာ အရပ်တကာတွင် ရှိကြ၏။

တောစာ (စာဘူးတောင်း၊ စာဖောင်း)များသည် အိမ်စာနှင့်ဆင်တူ၏။ ၎င်းတို့၏ အသိုက်သည် တောတွင်းရှိ ကိုင်းတောကြီးများထဲတွင် ရေတကောင်းသို့မဟုတ် လည်ပင်းရှည်ဘူးတောင်းကို စောက်ထိုးဆွဲထားသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် စာဘူးတောင်းဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ၎င်း အသိုက်သည် စာမအတွက်ဖြစ်၏။ ထိုဖောင်းနေသော အသိုက်အောက်တွင် ဥများဥ၏။ ထူးခြားသည်မှာ တီကျစ် အခဲများယူ စာသိုက်ခေါင်တွင် ကပ်ပြီး ပိုးစုန်းကြူးများကို ဖမ်းကာ ကပ်ထားပြီးနောက် အလင်းရောင်ကို ရယူကြ၏။ တောစာအဖို၏ အသိုက်မှာ ဘူး ဘောင်းနှင့်မတူဘဲ ဖောင်း (ဆောင်းအုပ်) ထားသကဲ့သို့ ဥထားရန်မလိုဘဲ အိပ်စက်နားနေရန်သာ ပြုလုပ်ထားကြ၏။ တောစာအဖိုများသည် နွေရာသီ ပူအိုက်သောကာလ၌ ၎င်း၏ ဦးခေါင်းနှင့် လည်ပင်းတွင် အဝါရောင်ပြောင်း၏။ စာမများသည် အရောင်ပြောင်းလဲမှုမရှိပေ။

စာဝတီးငှက်များသည် အကောင်ပင်သေးသော်လည်း ဇာတ်ပညာကြွယ်ဝသော ငှက်ဖြစ်ကြောင်း နိပါတ်တော်လာ (စတုတ္ထ နိပါတ်၊ ကုဋိဒူသကဇာတ်) ဘုရားအလောင်းသိဂ လ လက်၊ ခြေ ခေါင်း ရှိနေပါလျက် နေစရာ အိမ်မရှိသည်ကို မေး တရားပြခဲ့ကြောင်း သိရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com

## စာကလေးများ၏ ဂုဏ်သတ္တိအကျိုးသွားနှင့် ဆေးဘက် အသုံးဝင်ပုံများ

တောစာသည် ဆိမ့်၏။ သုက်နှင့် သလိပ်တို့ကို ပွားစေ၏။ ရတ္တပိတ်နာကို နိုင်၏။ အိမ်စာသားသည် သုက်ကို အလွန်ပွားစေ၏။ အားကိုဖြစ်စေ၏။ သလိပ်ကိုလည်း ပွားစေတတ်၏။

(၁) စာကလေးသားကို ချက်စားပါက အားကုန်ခန်းသော ရောဂါကို ပျောက်ကင်းစေ၏။ အမျိုးသမီးများ သွေးလွန်ရောဂါကိုလည်း ပျောက်ကင်းစေ၏။

(၂) နားအူ၊ နားလေးရောဂါဖြစ်ပါက ကွမ်းရွက်သ်တ္တုရည်တွင် စာကလေးဦးနှောက် အနည်းငယ်ထည့်၍ နားကြပ်ပေးက ပျောက်၏။

(၃) ဝမ်းချုပ်ရောဂါပျောက်ဆေး – စာကလေးချေး နှစ်ကျပ်သားကို အရက် ၂၀ သားတွင်ထည့်၍သောက်ပျောက်၏။

(၄) လည်ပင်းကြီးရောဂါပျောက်ဆေး – ငရုတ်ကောင်း ၂၈စေ့၊ ၎င်းအလေး စာကလေးချေး၊ ထိပ်ပါအလေး ဒုတ္တာ ၎င်းဆေးစုကို သံပရာရည်ဖြင့်၊ ကြိတ်ပြီးထားပါ။ အသုံးပြုလိုသောအခါ သံပရာရည်ဖြင့်ဖျော်ပြီး ကြေးစုပ်ဖြင့် ထိုးပေးပါက ပျောက်ကင်းစေ၏။

(၅) စာကလေးအားဆေး – စာကလေးသားကို အဝချက်စားပြီးနောက် နွားနို့သောက်ပေးပါက ယောက်ျားအားကောင်း၍ ယောက်ျားပီသပါသည်။

(၆) သုက်ထိန်းဆေး – စာဝတီဥ ၁၀ လုံးကို ထောပတ်ဆီဦးဖြင့် ဖျော်ပြီးနောက် ပေါင်ခြံနှင့် ခြေထောက်ကို လိမ်းကျံပေးပါက သုက်ထိန်းပြီး သုက်လွှတ်ရောဂါပါ ပျောက်၏။

(၇) သုက်ပွားဆေး–စာကလေးဥ၊ ဘဲငန်းဥ၊ ကြက်ဥ၊ ဥဒေါင်းဥ၊ ဖွတ်ဥ၊ မိချောင်းဥတို့ကို ဂျုံမှုန့်၊ ဆန်မှုန့်များဖြင့်ရော၍ မုန့်လုပ်စားပါက သုက်ပွား၍ အားတိုးစေပါသည်။

(၈) တိမ်သလာပျောက်ဆေး – လူနို့ရည်တွင် စာကလေးချေး အနည်းငယ်ထည့်၍ မျက်စဉ်းခတ်ပေးပါက တိမ်များ လွင့်စဉ်ပျောက်ကင်းစေပါသည်။

(၉) ဝါဇီကရဏအားဆေး – စာကလေး၏ ဝမ်းတွင်းမှ အူ၊ အသည်း၊ အဆုတ် စသည့် ကလီစာများ ထုတ်ပစ်ပြီးနောက် ၎င်းဝမ်းတွင်း ဘိန်း နှစ်ကျပ်သား၊ ဇာတိပ္ဖိုလ်သီး တစ်လုံး ထည့်ပြီး လုံအောင်ပိတ်၍ မီးကျွမ်းဖုတ်ပါ။ ၎င်းနောက် အမှုန့်ကြိတ်ပြီး နံနက် ၄ ပဲသား ည ၄ ပဲသား သောက်ပေးပါက ခွန်အားကိုဖြစ်စေ၍ အဆင်းလှခြင်း၊ ကာမအားပြည့်ဝခြင်း ဖြစ်စေပါသည်။ (ကျားမ စွယ်စုံရ) အားဆေးဖြစ်ကြောင်း သိရှိရပါသည်။

စာကလေးများ၏ အကျိုးသွားဂုဏ်သတ္တိများကို လိုအပ်သလို အသုံးပြုနိုင်ရန် ဖော်ပြလိုက်ပါသည်။

□□□

## ခွေးတူဝက်တူ သတ္တဝါ

ခွေးတူဝက်တူသတ္တဝါများသည် ခြေလေးချောင်းရှိ ကုန်းနေသတ္တဝါများ ဖြစ်ကြသည်။ ခွေးနှင့်လည်းတူ၊ ဝက်နှင့်လည်းတူသဖြင့် မြန်မာတို့ခေါ်ဝေါ်သော ဝေါဟာရဖြစ်သည်။ ကုန်းနေသတ္တဝါဖြစ်သော်လည်း အေးသော ဒေသများတွင် တွင်းတူး၍ တွင်းအောင်းနေလေ့ရှိ၏။ မာကျောသော ခြေသည်း၊ လက်သည်းရှည်များ ပါရှိသဖြင့် တွင်းတူးရာတွင် အလွန်လျင်မြန်ကြ၏။ အမွေးရှည်များသည် လက်သည်း၊ ခြေသည်းများပေါ် ရှည်ကျပြီး အုပ်ထားသောကြောင့် လမ်းသွားလျှင် မမြင်ရပေ။ အရောင်မှာ ကိုယ်တွင်း မီးခိုးရောင်ရှိ၏။ ခြေ၊ လက်၊ လည်ပင်း၊ ဝမ်းဗိုက်တို့တွင် အမည်းရောင်ဖြစ်၏။ မျက်နှာတွင် အနက်ရောင်ရှိပြီး နှာတံတွင် အဖြူအစင်းကြောင်း တစ်ကြောင်းပါရှိသည်။

ခွေးတူဝက်တူများ ပေါက်ဖွားရာဒေသတို့ကား ဥရောပတိုက် မြောက်ပိုင်း၊ အာရှတိုက်နှင့် အမေရိကတိုက်တို့တွင် ဖြစ်၏။ ခွေးတူဝက်တူများသည် လူကိုကြောက်တတ်၍ နေ့တွင် တွင်းအောင်းပြီး ညပိုင်းမှ ထွက်၍ အစာရှာ၏။

ခွေးတူဝက်တူများ၏ အစာမှာ ပုရစ်၊ နှံကောင်၊ မြေကြွက်၊ ရှဉ့်၊ ဖွတ်၊ ပုတတ်၊ ကင်းလိပ်ချော၊ ငှက်သိုက်တွင်းမှ ငှက်ဥများအပြင် သစ်ဥသစ်ဖုများလည်း စားကြ၏။ အထူးသဖြင့် ဝက်ဝံများကဲ့သို့ ပျားအုံများကိုလည်း ဖွတ်စားကြ၏။ ပျားတုပ်သော်လည်း အမွေးထူရှိသဖြင့် မနာတတ်ကြပေ။ နကျယ်အိမ်များအတွင်းမှ အကောင်ငယ်လေးများကိုလည်း စားသောက်တတ်ကြ၏။ ခွေးတူဝက်တူများ



www.burmeseclassic.com

www.burmeseclassic.com



သည် လူကိုတွေ့လျှင်သော်လည်းကောင်း၊ ရန်သူတွေ့လျှင်သော်လည်းကောင်း တွင်းစီသို့ ပြေးဝင်လေ့ရှိ၏။ မိမိတွင်းနှင့်ဝေးလျှင် ခေါင်း၊ ခြေလက်တို့ကို ဗိုက်အောက်သွင်းပြီး မြေကြီးပေါ် ပြားပြားဝပ်နေတတ်ကြ၏။ တိတ်တရတ်ကြည့်လျှင် ကျောက်တုံးကျောက်ခဲနှင့် တူသလောက် ထင်ရ၏။ ခွေးတူဝက်တူများသည် ရန်သူနှင့်တွေ့ ပြေးမလွတ်ပါက ရှည်လျားသော လက်သည်းများဖြင့် ကုတ်ဖဲ့ပြီး ပါးစောင်ဖြင့် မလွှတ်တမ်း ကိုက်ခဲထားပါက တစ်ဖက်ရန်သူ သေသည်အထိ မလွှတ်တမ်း တိုက်ခိုက်သောသတ္တိရှိ၏။ ခွေး လေးငါးကောင်ကို နိုင်အောင်ကိုက်နိုင်၏။ ရှေးခေတ်က ဥရောပတိုက်တွင် ခွေးတူဝက်တူတစ်ကောင်နှင့် ခွေး လေးငါးကောင် တိုက်သည့် ကစားပွဲများ ပြုလုပ်ခဲ့သည်ဟု သိရှိရ၏။ နောက်ပိုင်းတွင် ဥပဒေဖြင့် တားမြစ်ပိတ်ပင်လိုက်သည်ဟု ဆိုသည်။

ခွေးတူဝက်တူများသည် တစ်ကြိမ်သားပေါက်လျှင် တစ်ကောင်မှ ငါးကောင်ထိ ပေါက်ကြ၏။ သားပေါက်ကလေးများကို မိခင်က တစ်လခွဲ၊ နှစ်လခန့် အစာရှာကျွေးပြီးနောက် ကလေးများသည် ၎င်းတို့ကိုယ်တိုင် အစာရှာ စားကြ၏။ ခွေးတူဝက်တူ၏ အသားသည် နံ့ မစားကြသော်လည်း သားမွေးသည် တန်ဖိုးကြီး၏။ အမွေးအမှင်များကိုလည်း ပန်းချီစုတ်တံအဖြစ် အသုံးပြုကြ။

ခွေးတူဝက်တူသားကို မစားသော်လည်း ၎င်း၏ အ ိုးကို ဆေးဘက်တွင် အသုံးပြုပုံများကို ဖော်ပြပါမည်။

**(၁) ထုံကျင်ကိုက်ခဲသော ရောဂါပျောက်နည်း**

ခွေးတူဝက်တူ ိုးနှင့် ဒန့်သလွန်မြစ်ရော သွေးလိမ်းပေးက ပျောက်၏။

**(၂) တစ်ကိုယ်လုံး နာကျင်ကိုက်ခဲသော ဝေဒနာ ပျောက်ဆေး**

ခွေးတူဝက်တူ ိုးနှင့် ရှောက်မြစ် ရောသွေးပြီး ဝါးချွန်စုတ်ဖြင့် ထိုးပေးပါ။ လိမ်းလည်း လိမ်းပေးပါက ပျောက်ကင်းစေပါသည်။

**(၃) ကျောက်ပေါက်ရောဂါပျောက်ဆေး**

ဝက်ချေးဖက်မြစ်နှင့် ခွေးတူဝက်တူ ိုးသွေးပြီး ၄ ပဲသားခန့် တစ်နေ့နှစ်ကြိမ်တိုက်ပါ။ အနာပေါ်တွင် လိမ်းလည်း လိမ်းပေးပါက ပျောက်ကင်းစေပါသည်။

**(၄) ဝက်သက်ပေါက်ရောဂါပျောက်ဆေး**

ခွေးတူဝက်တူ ိုးနှင့် ဝက ဘိုင်ဖြင့် ရောသွေးပြီး ၄ ပဲသားခန့် တစ်နေ့နှစ်ကြိမ် တိုက်ပေးပြီး တစ်ကိုယ်လုံးလိမ်းပေးပါက ပျောင်ကင်းနိုင်၏။

**(၅) သွေးလေ၊ သွေးမြစ်ခွဲရောဂါပျောက်ဆေး**

ခွေးတူဝက်တူ ိုးကို သံပုရာရည် (သို့) ရှောက်ရည်ဖြင့် သွေးပြီး လိမ်းပေးပါ။ စုတ်ဖြင့်လည်း ပေါက်ပေးပါက ပျောက်၏။

**(၆) ခွေး ူးကိုက်ဝေဒနာပျောက်ဆေး**

ပဒိုင်းသုံးဆင့်ပွင့်အမြစ် – ပဒိုင်းခတ ၁ဟုလည်းခေါ်သည်။ ထို ခွေးတူဝက်တူ ိုးဖြင့် သွေး ၈ ပဲသားခန့် တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ် တိုက်ပေးပါက အဆိပ်များ အန်ချပါမည်။ ကိုက်သောဝေဒနာတွင်လည်း လိမ်းပေးခြင်းဖြင့် ပျောက်ကင်းချမ်းသာစေပါသည်။

ခွေးတူဝက်တူ ိုး ဆေးအသုံးဝင်ပုံကို လိုအပ်သလို သုံးနိုင်ရန် ဖော်ပြလိုက်ပါသည်။

သမားတော်ကြီးဒေါက်တာသက်ဆွေ (ရွှေဆောင်တင်ဆွေ)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကိုသီဟပြောတဲ့

# အနာပဆုပ်

## သစ္စာဝါဒီ ဆရာမြတ်စောလင်း

ကျွန်ုပ်၏ ကျန်းမာရေးကိစ္စများနှင့် ပတ်သက်၍ တောင်ဥက္ကလာပမြို့ ဝေယျာ(၇)လမ်း (၁၀)ရပ်ကွက်မှာရှိတဲ့ ကျန်းမာပါစေ ဇီဝိတဒါနဆေးခန်းသို့ မကြာခဏ ရောက်ရ၏။ ထိုသို့ မကြာမကြာရောက်နေသောအခါ ဆရာကိုသီဟနှင့် ကျွန်ုပ်သည် ခင်မင်သိကျွမ်းရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြ၏။ သို့ကြောင့် စာရေးခြင်းအကြောင်းကိုလည်း သိသွားခဲ့၏။ ကျွန်ုပ်လည်း တိုင်းရင်းဆေးပညာကို ဝါသနာပါသူဖြစ်ခြင်းကြောင့် ရောဂါဝေဒနာများနှင့် ပတ်သက်၍လည်းကောင်း၊ ဆေးပင်ဆေးမြစ်တို့နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးမိကြ၏။ ဒီနေ့တွင် ကိုသီဟနှင့် ကျွန်ုပ်တို့သည် အနာပဆုပ်ရောဂါအကြောင်းကို စကားစပ်မိကြ၏။ အနာပဆုပ်ရောဂါဝေဒနာနှင့်ပတ်သက်၍ ရောဂါဖြစ်ပုံ လက္ခဏာတို့ကိုလည်းကောင်း၊ ကုသပုံကုသနည်းနှင့် ပတ်သက်၍လည်းကောင်း၊ အနာပဆုပ်ရောဂါအတွက် ဆေးနည်းကိုလည်းကောင်း ဆရာကိုသီဟသည် ကျွန်ုပ်မေးသမျှကို လူနာများစစ်ဆေးရင်း ဆေးကုရင်းမှ ရောဂါသည်အား တစ်လှည့်၊ ကျွန်ုပ်ကိုတစ်လှည့် ပြောကြားနေ၏။ ကျွန်ုပ်လည်း အချိန်ပေး၍ မှတ်ယူနေမိခဲ့၏။ ကျွန်ုပ်၏ စာဖတ်ပရိသတ်များ ဤသို့သော ရောဂါဝေဒနာများ ခံစားနေရလျှင် ငွေများများတောင်းတတ်သော ဝိသမလောဘဆေးခန်းနှင့် ဆရာများထံသို့မသွားဘဲ အလွယ်တကူ ငွေကုန်သက်သာ၍ ထိထိရောက်ရောက် ပျောက်ကင်းချမ်းသာမှုရရှိအောင် စေတနာထား၍ မေးမြန်းမှတ်သားရ၏။ ဆရာကလည်း စိတ်ရှည် သဘောကောင်းစွာဖြင့် အောက်ပါအတိုင်း ဖြေကြားခဲ့ပေသည်။

### အနာပဆုပ်ဖြစ်ပုံ

"ဒီလိုဗျ ဆရာမြတ်စောလင်းရေ၊ အနာပဆုပ်ဆိုတာ ပထမ မိတ်ဖုငယ်လေးပဲ။ မိတ်ဖုငယ်လေးကနေ မိတ်ဖုကြီးဖြစ်လာတာပဲ။ အဲဒီမိတ်ဖုကြီးကနေ အရေပြား တင်းမာလာပြီး တဖြည်းဖြည်း မန်းဝင်လာတာပဲ။ အဲဒီလို မန်းတက်လာရာကနေ ပျားအုံကြီးလိုဖြစ်ပြီး ကြီးထွားလာတာပဲ။ အဲဒီအနာပဆုပ်ဟာ ကျောကုန်းတစ်ခုလုံးပတ်ဝန်းကျင်နှင့် စအိုပတ်ဝန်းကျင်တွေမှာ ဖြစ်တတ်တယ်။ အဲဒါကို အနာစိမ်းနှင့်မှားပြီး ဆေးကုတတ်ကြတယ်။ အနာတခြား၊ ဆေးတခြားဖြစ်ပြီး မပျောက်နိုင်ဘဲ ရောဂါကြာရှည်နေတတ်တယ်။ ရောဂါကြီးထွားလာပြီး ဆေးကုသ၍မရနိုင်ဘဲ အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်တတ်တယ် ဆရာမြတ်ရေ။

### ရောဂါလက္ခဏာ

အဲဒီလို ဖြစ်လာတဲ့အခါ တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီဆိုတဲ့ ဓာတ်လေးပါး အဲဒီဓာတ်ကြီးလေးပါး ချွတ်ယွင်းပြီး ကိုယ်ရေကိုယ်သားပူခြင်း၊ ဆီးချုပ်ဝမ်းချုပ်ဖြစ်ခြင်း၊ တံတွေးခွဲခြင်း၊ အစားပျက်ခြင်း၊ ကိုက်ခဲနာကျင်ခြင်းတို့ ဖြစ်လာတော့တာပဲ။ အဲဒီလိုဖြစ်တာနဲ့ ငန်းမန်းဝင်ပြီး ဖျားတော့တာပဲ။ အကယ်၍ ဆီးချိုရောဂါရှိမယ်ဆိုရင် ဆီးချုပ်တတ်လာတော့တာပေါ့။ အနာကလည်း ပွပြီးထူလာမယ်။ ထုံကျင်တာမျိုးတွေ ဖြစ်လာမယ်။ အနံ့ဆိုးတွေလည်း ထွက်လာမယ်။ အနာရဲ့မျက်နှာပြင်လည်း မသန့်ရှင်းတော့ဘူး။ အနာရဲ့ နှုတ်ခမ်းပတ်ဝန်းကျင်တစ်ခုလုံး ထူပြီးတော့ မာနေလိမ့်မည်။ ပြည်



www.burmeseclassic.com

www.burmeseclassic.com

တွေ၊ သားနံ့ရည်တွေ၊ မန်းရည်တွေ တစိုစိုထွက်နေပြီး ရွံစရာကောင်းအောင် ဖြစ်နေမယ်။ ဒါတွေဟာ အနာရဲ့ လက္ခဏာတွေပဲ။

## ဆင်ခြင်ရမည့်အချက်

အနာပဆုပ်ရောဂါဟာ ပူသောဆေး၊ ပူစပ်သော အစာအာဟာရတွေနှင့် လုံးဝမသင့်မြတ်တဲ့ရောဂါ။ ဒါကြောင့် ပူသောဆေး၊ ပူသောအစာကို မသုံးစွဲသင့်ဘူး။ ပူသောရာသီဥတုမှာ အေးမြသော နေရာဌာနမှာနေခြင်း၊ အေးမြနေအောင် စီမံဆောင်ရွက်ထားခြင်း ရှိနေရမယ်။ ဆရာ့ဆီမသွားခင်မှာ ကွမ်းရွက်ကို စင်ကြယ်သန့်ရှင်းအောင်ပြုလုပ်ပြီး အနာပေါက်ကို ကပ်ထားရမယ်။ ကွမ်းရွက်က အေးတယ်။ မန်းစုတယ်။ ဒါကြောင့် ငန်းမန်းကျပြီး အနာသက်သာမှုရမယ်။ ဖြစ်နိုင်ရင် နီးစပ်ရာ တိုင်းရင်းဆေးခန်းများကိုသွားပြီး သမားတော်များနှင့်ပြ၍ စစ်ဆေးကုသမှုခံယူသင့်တယ်။ ရောဂါဟာ မကြီးထွားခင်မှာ ဆေးကုသမှုပြုလုပ်ခြင်းက ပိုကောင်းတယ်။ ဒါ့ထက် ရောဂါတစ်ခုမဖြစ်ခင်က ရာသီအလိုက်၊ ဥတုအလိုက် မှီဝဲသင့်တဲ့ ဆေးနှင့်အစာအာဟာရတွေကို မှီဝဲသုံးဆောင်သင့်တယ်။ ကြိုတင်ကာကွယ်မှုက ပိုပြီးကောင်းပါတယ်။ ရာသီဥတုနှင့် သင့်မြတ်အောင်နေထိုင်စားသောက်တတ်ဖို့က ပိုပြီး အရေးကြီးပါတယ် ဆရာမြတ်ရယ်။

## အနာပဆုပ်ဆေးနည်း

ကုလားပိန္နဲခေါက် (ဒ)သား၊ ကြက်ဟင်းခါးရွက် (ဒ)သား ၎င်းဆေးနှစ်မျိုး ညက်အောင်ကြိတ်၍ နွမ်းကြီးဆီနှင့် မီးနွေးနွေးဖြင့် ကျက်အောင်ချက်၊ ဆေးအနှစ်အရည်များ ဆီထဲသို့ဝင် ရောက်လာပြီး ကျက်လာပြီထင်လျှင် အအေးခံ၍ ဂွမ်းနုနုဖြင့်ဆေးကိုဆွတ်၍ အနာတွင် တစ်နေ့လျှင်သုံးကြိမ် ဖြည်းညင်းစွာ သုတ်လိမ်းပေးပါ။ ငါးကြိမ်ထိ ပြုလုပ်နိုင်လျှင် ပိုကောင်း၏။

ဖန်သော၊ အေးသောအရသာရှိသည့် ဆေးခေါက်၊ ဆေးရွက်တို့ကို ဖန်ရည်ကျို၍လည်းကောင်း၊ လက်ဖက်ခြောက်ဖန်ခါးခါးကိုလည်းကောင်း ဆားအနည်းငယ်ခတ်၍ ဖန်စိမ်ခြင်း၊ ဖန်ဆေးခြင်းပြုလုပ်ပေးပါ။ အနံ့ဆိုးထွက်၍ ယင်အုံနေလျှင် အရက်ကောင်းကောင်း ဘီလပ်ရည်ပုလင်းတစ်လုံး၊ လက်ဖက်ဆိုင်ကြီးများမှ လက်ဖက်ခေါင်းပုပ် ၅ သား၊ ပရုပ် ဒ သား၊ မင်သော် ၁ဲ တို့ဖြင့် စပ်၍ ၎င်းဆေးရည်ဖြင့် ဆေးကြောပေးပါ။ အပုပ်နံ့ပျောက်၍ အနာပျောက်လွယ်၏။

## အနာပဆုပ်သောက်ဆေး

တိုင်းရင်းဆေး အမှတ်(၁၅)၊ အမှတ်(၁၆) ဆေးနှစ်မျိုး ရေနွေးရေကျက်အေးတို့ဖြင့် သောက်ပါ။ ညအိပ်ရာဝင် အမှတ်(၁၂) သောက်ပါ။ ဖျားလျှင် အမှတ်(၆) သောက်ပါ။ သိသိသာသာ ရက်တစ်ပတ်အတွင်းမှာ ပျောက်ကင်းချမ်းသာသွားပါလိမ့်မည် ဆရာမြတ်စောလင်းရယ်"

"ကျေးဇူးတင်ပါတယ် ဆရာ။ ခု ဆရာပြောတဲ့အတိုင်း ဇီ ကျွန်တော်ရေးလိုက်ပါ့မယ်။ ဒါ့ထက် ဆရာ··အကယ်၍ ဆောင်းပါးဖတ်ပရိသတ်ထဲက အကြောင်းအမျိုးမျိုးကြောင့် သူတို့ကိုယ်တိုင် ဆေးဖော်၊ ဆေးဝယ်မလုပ်နိုင်၊ မလုပ်ချင်တဲ့ သူတွေ ဆရာကိုသီဟာဆီလာပြီး ကုသမှုခံယူချင်ရင်ကော ဆရာကုပေးပါသလား"

"ဟုတ်ကဲ့ ကုပေးပါတယ်။ နံနက် ၉ နာရီမှ ၁၁ နာရီ၊ ညနေ ၃ နာရီမှ ၆ နာရီထိ ဥပုသ်နေ့ကလွဲပြီး လက်ခံကုသပေးပါတယ်။ ကုသတဲ့အတွက် ရောဂါစစ်ဆေးခ လုံးဝမယူပါဘူး။ ဆေးအတွက်လည်း တစ်ပုလင်း ၅၀ဝိ၊ ၁၀၀ဝိ သတ်မှတ်ထားတဲ့ ဆေးဖိုးငွေအတိုင်း လိုအပ်တဲ့ဆေးအတွက် ရက်တစ်ပတ်စာ ကျသင့်ငွေလေးပဲ ကုန်ရပါတယ်။ အကယ်၍ အဲဒီ ၅၀ဝိ/၁၀၀ဝိ တောင်ခက်ခဲနေတဲ့ စားဝတ်နေရေးမပြေလည်သူတွေကို ဇီဝိတဒါနအဖြစ် အခမဲ့ ကုသပေးပါတယ်။ လာခဲ့ကြပါ။ အားမနာပါနဲ့လို့ ရေးလိုက်ပါ ဆရာမြတ်စောလင်းရယ်"

ကျေးဇူးရှင်အား ရှိခိုးပါ၏။

သစ္စာဝါဒီ ဆရာမြတ်စောလင်း
ဖုန်း-၀၉-၄၂၁၀၈၂၈၃၉



www.burmeseclassic.com

www.burmeseclassic.com



# အစွမ်းထက်တဲ့ ထန်းလျက်ယိုတွေ

## တက်လူမျိုးသစ်

"ဖွင့်ခါစတုန်းက ဟုတ်မလိုလိုနဲ့။ နောက်တော့ ဘယ်လိုဖြစ်တယ်မသိဘူး။ ဆိုင်ကို လူသိပ်မဝင်တော့ဘူး ဆရာ။ လပေးစားသူတွေလည်း လျော့လာတယ်။ ကြာရင် ကျွန်မရဲ့ 'ကောင်းထက်လျှံ' မြန်မာထမင်းဆိုင်လေးတော့ ပြုတ်လိမ့်မယ်ထင်ပါရဲ့ ဆရာ"

ရန်ကုန်တစ်ဖက်ကမ်းရှိ ကောင်းထက်လျှံ မြန်မာထမင်းဆိုင်ကလေးကား ကျွန်ုပ်မကြာခဏဆိုသလို အားပေးစားသောက်ရာ ဆိုင်ကလေးတစ်ဆိုင် ဖြစ်ပါ၏။ ဟင်းမျိုးစုံစွာရ၏။ ချက်ထားပြုတ်ထားသည်မှာလည်း အစပ်အဟပ်တည့်လှ၏။ အဓိကမှာယူစားသောက်သော ဟင်းအဖြစ် ဟင်းအရန်များကိုလည်း ပေးပါသေး၏။ တို့စရာ အသီးအနှံအရွက်တွေကလည်း လတ်လတ်ဆတ်ဆတ် ဖွယ်ဖွယ်ရာရာ။ ငါးပိရည်ကျိုကလေးမှာလည်း လှော်ထောင်းငရုတ်သီးစပ်စပ်ကလေးဖြင့် မွှေးကြိုင်လှ၏။ ချက်ထားသော ဆန်ကလည်း အကောင်းစား။ ပေါ်ဆန်းရှယ်။ တစ်ခါတစ်ရံ တောင်ပြန်ဆန်။ သည်တော့လည်း စားကောင်းသောက်ကောင်းကို ခုံမင်လှသော ကျွန်ုပ်အဖို့ အဆိုပါ ကောင်းထက်လျှံ မြန်မာထမင်း ဆိုင်ကလေးအပေါ် စိတ်ကျသည်မှာ ဘာဆန်းမှာဝှနည်း။

ဤဆိုင်၏ ပိုင်ရှင်ကား အသားအရေ စိုစိုပြည်



www.burmeseclassic.com

www.burmeseclassic.com

ပြည်နှင့် ခုံညားလှစွာသော ဒေါ်ခင်စန်းရီ ဆိုသူဖြစ်၏။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်းနှင့် ရွှေခေတ်နိုင်ငံကျော်မင်းသမီးကြီး အကယ်ဒမီ သီသီအလား။ ဒေါ်ခင်စန်းရီ၏ခင်ပွန်းမှာလည်း မင်းသားကြီး မောင်ဗမာ ဘကွန်းလိုမျိုး ဘော်ဒီဝိတ်တောင့်တောင့်တင်းတင်းနှင့် လွန်စွာမှ အရွယ်တင်လှပေ၏။ ဆိုင်ရှင် ဒေါ်ခင်စန်းရီမှာ သူ့ဆိုင်သို့ လာရောက်စားသုံးကြသူအပေါင်းအား ပြေပြစ်စွာ ဆက်ဆံ၏။ စေတနာသဒ္ဓါတရား ထက်သန်၏။ ရောင်းချသော ဈေးနှုန်းကလည်း အများကြီးမဟုတ်။ ချိုသာသော ဈေးနှုန်းဖြစ်ရကား စားပျော်၏။

သို့သော်ငြား အဆိုပါဆိုင်ကလေးသည် လူပါးလာသည်ဟု ဆိုခြင်းကြောင့် ကျွန်ုပ်လည်း အံ့အားသင့်ဖွယ်ဖြစ်ရပါချေ၏။ အမြဲတမ်း ဖောက်သည်လိုဖြစ်နေ၍ ခင်မင်ရင်းစွဲရှိသော ကျွန်ုပ်အား ယခုလိုမျိုး ဖွင့်ဟပြောဆိုလာခြင်းအတွက် ကျွန်ုပ်လည်း စိတ်မကောင်းဖြစ်ရပါ။

"အရောင်းအဝယ်ကောင်းအောင် ဘယ်လိုများ လုပ်ရပါ့မလဲ ဆရာရယ်"

ညည်းညည်းညူညူဖြင့် ထပ်မံပြောဆိုလာတော့ ကျွန်ုပ်လည်း နေသာ၍ မဖြစ်တော့ပါချေ။ ဆိုင်အခြေအနေကို သုံးသပ်ကြည့်တော့ အပြစ်ဆိုဖွယ်ရာ မတွေ့ရ။ ဆိုင်၏အပြင်အဆင်က ခေတ်မီ၏။ သန့်ရှင်းသပ်ရပ်၏။ သို့တိုင် ဘာကြောင့်များ လူပါးရလေသနည်း။

"မနက်ဆို ဆိုင်စဖွင့်တာနဲ့ ပရိတ်ကြီး ၁၁ သုတ်တရားခွေကို ဖွင့်တယ်ဆရာ။ ဆွမ်းခံကိုယ်တော်တွေ ကြွလာရင်လည်း လှူတာပါပဲ"

ကောင်းသောကိစ္စတွေ ဖြစ်ပါ၏။ တစ်ဖန် ဆိုင်၏နံရံများ၌ မင်္ဂလာရှိသော ပိုစတာများကို ကျွန်ုပ်ကပ်ခိုင်း၍ ကပ်ထားသည်ကိုလည်း တွေ့ရ၏။ ထိုစဉ်မှာပင် ကျွန်ုပ်၏ အာရုံထဲ လက်ခနဲဖြစ်သွား၏။

"တိုင်း ... ဘာမှမပူနဲ့တော့ ဒေါ်ခင်စန်းရီရေ၊ အံ့ဩလောက်အောင် ပြောင်းလဲသွားစေမယ့် ယတြာလေး တစ်ခု ပေးလိုက်မယ်။ ယုံယုံကြည်ကြည်နဲ့ လုပ်ကိုင်မယ် ဆိုရင် အကျိုးပေးမှာ အမှန်ပဲ"

"ပြောပါဆရာရယ်၊ ယုံယုံကြည်ကြည်နဲ့ကို လုပ်မှာပေါ့"

"ဟုတ်ပြီ ... လုပ်ရမယ့်ယတြာကတော့ အစွမ်းထက်တဲ့ ထန်းလျက်ယတြာပါပဲ။ ဆိုင်မှာရှိနေတဲ့ ဘုရားကျောင်းဆောင်မှာ နေ့စဉ် ထန်းလျက်ခဲကို ဆွမ်းတော်တင်ပေးရမယ်"

"ဟုတ်ကဲ့"

"ရဟန်းသံဃာတွေကို ဆွမ်းလောင်းတဲ့အခါမှာလည်း ထန်းလျက်ခဲပါပါစေ"

"စိတ်ချ ဆရာ"

"ကိုယ့်ဆိုင်ကို ဧည့်သည်တွေလာတဲ့အခါ ဧည့်ခံတဲ့အထဲ ထန်းလျက်ခဲပါပါစေ"

"ပါရစေ့မယ်ဆရာ"

"အသက်ကြီးတဲ့ အဘိုးအဘွားတွေကို လှူတဲ့အခါလည်း ထန်းလျက်ခဲပါဖို့ မမေ့နဲ့"

"ဟုတ်ကဲ့"

"ပြီးတော့ ဆိုင်က စားပွဲတိုင်းမှာ ထန်းလျက်ခဲကို အချိုတည်းရန် ဖန်ပုလင်းကလေးနဲ့ အမြဲတမ်းတင်ထားပါ။ ဒါဆိုရင်ဖြင့် ခင်ဗျားရဲ့ဆိုင် ရောင်းကောင်းသွားမယ်ဆိုတာ မှတ်လိုက်ပါတော့ ဒေါ်ခင်စန်းရီရေ့။

ခရီးဝေးသွားတဲ့အခါ ရောင်းကောင်းပါတယ်ဆိုတဲ့ ဆိုင်ကြီးတွေကို လေ့လာကြည့်ပါ။ စားပွဲပေါ်မှာ ထန်းလျက်ပုလင်း ချထားတာကို တွေ့ရလိမ့်မယ်"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ ဆရာပြောတဲ့အတိုင်း သည်ကနေ့ကစပြီး ထန်းလျက်ယတြာကို လုပ်ပါတော့မယ် ဆရာ"

အမှန်တကယ်လည်း ထန်းလျက်ယတြာကို ယုံကြည်စွာဖြင့်လုပ်သည်။

ယုံကြည်မှုက အကျိုးပေးလာသည်ထင့်။

နောက်ရက် နောက်ရက်များ၌ ဒေါ်ခင်စန်းရီ၏ ကောင်းထက်လျှံ မြန်မာထမင်းဆိုင်ကလေးသည် လာရောက် စားသောက်ကြသူများ၊ လပေးစားသူများ၊ ချိုင့်ဆွဲစားသူများဖြင့် စည်ကားနေလေတော့၏။ သည့်အတွက် ဒေါ်ခင်စန်းရီမှာ ရွှင်တပြုံးပြုံး။

**တက်လူမျိုးသစ်**

www.burmeseclassic.com

www.burmeseclassic.com


# သီသာစေကြောင်း
# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိခ်၏ နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာဇော်ယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ ဘစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည့်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း ဘစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မိုးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀


www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အပင်ပန်းခံသလောက် အကျိုးမရှိတတ်ဘူး။ အနစ်နာခံပြီး အရှုံးပေးထားတာတောင် ဖိနှိပ်တဲ့သူ များနေတတ်တယ်။ လုပ်ငန်းသစ်လုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ ဆိုင်တစ်ဆိုင် ဖွင့်မယ်ဆိုရင် ယခုအချိန်မှာ ဖွင့်ရင်ကောင်းပါတယ်။ စပ်တူလုပ်မယ်ဆိုရင် တနင်္ဂနွေ၊ အင်္ဂါက အကောင်းဆုံးပါပဲ။ စက်ပစ္စည်းတွေလည်း ဝင်လာတတ်တယ်။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးရွားရွား ညံ့သွားတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့၏ မိမိအပေါ် အထင်လွဲတတ်တယ်။ အိမ်ငှား၊ မြေငှား အမှုအခင်းသေးသေးလေးတွေ လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ ပြည်ပခရီးထွက်ဖို့ကြံရွယ်ထားရင် ကျန်းမာရေးကြောင့် ခရီးစဉ် နောက်ဆုတ်ရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလနဲ့ ကဆုန်လများ ပါဝင်နေရင် မမျှော်လင့်ဘဲ ငွေရတတ်တယ်။ သားသမီး ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိရင် အိမ်ကနေ ထွက်သွားတတ်တယ်။ ရွှေထည်ပစ္စည်းလည်း ထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေ ထွက်တတ်တယ်။ ကျန်းမာရေး အနေဖြင့် လေနှင့်ပတ်သက်သော ဝေဒနာ၊ ဝမ်းပျက်ဝမ်းလျှော ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ကုက္ကားအဖြူရောင်(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညံ့သောရက်**

တနင်္လာ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၄၇၊ ၃၀၊ ၁၃၊ ၁၅

**အထူးသတိပြုရန်**

ယခုကာလတွင် အမှုမဖြေရှင်းရပါ။ လုပ်ငန်းလည်း မတိုးချဲ့ပါနှင့်။ မပြောင်းပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူတွင် ဆီဆမ်း ဆားဖြူး၍ အုန်းသီးစိတ်တင်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ရမယ့်အချိန် ဖြစ်ပါတယ်။ အဖက်ဖက်မှ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ မမျှော်လင့်ဘဲ အလှူတစ်ခုလည်း လုပ်ရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေးအောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မိမိကို မခေါ်တဲ့သူတွေက ပြန်ခေါ်၊ နှိမ်ချခဲ့တဲ့သူတွေက ပြန်မြှောက်ပင့်ပြီး ပခုံးပေါ် ထမ်းတင်ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ဒါပေမဲ့ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများလည်း ဖြေရှင်းပေးရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ ဂရုစိုက်ပါ။ အထင်အမြင်လွဲခြင်း၊ အစွပ်အစွဲခံရခြင်းမျိုး ဖြစ်တတ်တယ်။ ယခုရောက်ရှိနေသောကာလတွင် တပို့တွဲလ၊ တပေါင်းလများ ပါနေရင် အနည်းငယ် ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အစားမှား၊ သောက်မှားခြင်း၊ သွားဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ အဆိပ်ရှိသောအကောင် အကိုက်ခံရတတ်တယ်။ ဒါကြောင့် လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူညွှန့်(၅)ညွှန့်၊ ယပ်အဖြူရောင်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ဗုဒ္ဓဟူး၊ တနင်္လာ

**ညံ့သောရက်**

အင်္ဂါ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၂၄၊ ၄၂၊ ၄၆

**အထူးသတိပြုရန်**

ယခုကာလတွင် မိသားစုအားလုံး ဆိတ်သားဟင်း မစားရ။
အင်္ဂါနေ့နှင့် သောကြာနေ့များတွင် သဇင်ပန်း မလှူရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် မွေးနေ့တိုင်း ခတ်ကြီးလေးပါးဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါလိမ့်မယ်။ မိမိအိမ်ရဲ့ မြောက်အရပ်၊ တောင်အရပ်တွေမှ လာဘ်လာဘများ ဝင်လာလိမ့်မယ်။ ပြည်ပခရီးဝေးသွားဖို့ အခွင့်အရေးတွေ ရနိုင်တဲ့ကာလ ဖြစ်ပါတယ်။ သင်တန်းကောင်းတစ်ခု တက်ရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ အတိုက်အခံ အနည်းငယ်တော့ ရှိတယ်။ စပ်တူရှယ်ယာလုပ်ငန်း လုပ်ကိုင်ရန် လမ်းစပေါ်လာလိမ့်မယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လာတတ်တယ်။ ငွေရှာရလွယ်သလောက် ငွေဝင်ငွေထွက် ကြမ်းနေတတ်တယ်။ ဆွေမျိုးသားချင်းများထဲမှ ကျန်းမာရေး မကောင်းသတင်း ကြားရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကန္တက္ကဒါန်ထီးဖြူ (၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၆၊ ၅၃၊ ၃၄၊ ၃၅

### အထူးသတိပြုရန်

မိမိအိမ်ရှေ့ခေါင်းရင်းပိုင်း သစ်ပင်အမြင့်တွင် ပျားစွဲနိမိတ်တွေ့ပါက ပညာထူးရခြင်း၊ ရာထူးတိုးတက်ခြင်းများ ကြုံတွေ့ရပါလိမ့်မယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

ယခုကာလတွင် အသုဘ မပို့ရ။ သချိုင်းမြေ မနင်းရ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အလုပ်နေရာ၊ အိမ်နေရာ အပြောင်းအလဲ ဖြစ်တတ်တယ်။ အိမ်အသစ်ဆောက်လျှင် ကိုယ့်အတွက်အကျိုးပေးသော အိမ်မျိုးဖြစ်တတ်တယ်။ လုပ်ငန်းနှဲ့ပတ်သက်ပြီး လက်ရှိအလုပ်အပြင် လုပ်ငန်းသစ်များလည်း ပေါ်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းတိုးချဲ့ရတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတက်ခြင်း၊ ပူးတွဲတာဝန်ထမ်းဆောင်ရခြင်းမျိုး ကြုံရတတ်တယ်။ အိမ်ထောင်မရှိသေးသူများအဖို့ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲမျိုးဖြစ်မယ်။ ဘုရားဆင်းတုတော်များ၊ ဓာတ်တော်များ၊ ရှင်သီဝလိရဟန္တာပုံတော်များ ကြွရောက်လာတတ်ပါတယ်။ လူမျိုးခြား၊ ဘာသာခြားတွေ မစတတ်တယ်။ အလုပ်ကောင်းပေမယ့် အတိုက်အခံ ရှိတယ်။ မိမိအထက်လူကြီးမှ အထင်အမြင် လွဲမှားတတ်တယ်။ အိုးပိုင် အိမ်ပိုင် ရနိုင်သောကာလ ဖြစ်သောကြောင့် မိမိအိမ်ခြံဝင်းအတွင်းသူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများ လက်ခံထားခြင်း မပြုပါနှင့်။ မိတ်ဆွေရင်းများနှင့် အထင်မြင် လွဲမှားတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျခြင်း၊ ခန္ဓာကိုယ်မှာ အနာလေးတွေ ပေါက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ပြိုဟ်ရှပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ဗုဒ္ဓဟူး၊ သောကြာ

**ညံ့သောရက်**

တနင်္ဂနွေ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၆၅၊ ၆၄၊ ၄၆၊ ၄၃

**အထူးသတိပြုရန်**

မိမိအိမ်အနီးအနားတွင် အိမ်ဖျက်ချခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မိန်းမအရှုပ်အထွေး ပြဿနာဖြစ်ခြင်းများ ကြုံတွေ့ရလျှင် သင့်အဖို့ ညံ့သွားတတ်ပါတယ်။ ထိုကဲ့သို့ ကြုံတွေ့ရပါက အကြောင်းကြားပါ။

**ကံကောင်းပြီး လာဘ်ရှင်စေရန်**


မိမိနေအိမ်ဘုရားတွင် မကြာခဏ မုန့်လုံးရေပေါ် လှူ[illegible]ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့တတ်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေ ပျက်ပြီး မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါး ကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ လူမျိုးခြား ကူညီမှုပေးတတ်တယ်။ ပြည်ပခရီးသွားမယ်ဆိုလျှင် ယခုကာလတွင် သွားလိုက်ပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ် ကြုံရပေမယ့် အောင်မြင်မှု ရရှိပါလိမ့်မယ်။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံရတတ်တယ်။ ကိုယ်ရည်ရွယ်တာတခြား၊ မိသားစု ဖြစ်ချင်တာတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့်ပတ်သက်တဲ့ သင်တန်းတက်ရခြင်း၊ စာမေးပွဲဖြေဆိုရခြင်းများ ကြုံရတတ်တယ်။ ပညာရေးကောင်းပါတယ်။ တယ်လီဖုန်းကိစ္စ ဆောင်ရွက်ရတတ်တယ်။ ငွေဝင်နည်းပေမယ့် ထိုက်ကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက် အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေတတ်တယ်။ လက်ရှိအလုပ် ပြောင်းချင်စိတ် ပေါ်လာမယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲများ အထစ်ငေါ့ဖြစ်ခြင်း၊ ရက်ရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ဖြစ်တတ်တယ်။ မိမိနှင့် ပတ်သက်သော သူ၏ အမှုကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ သွား ဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့် ၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ

**ညံ့သောရက်**

တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၅၀၊ ၅၃၊ ၉၅၊ ၉၃

**အထူးသတိပြုရန်**

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှ မငှားပါနှင့်။

**ကံကောင်းပြီး လာဘ်ရှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

### သောကြာ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်တဲ့ အပြောင်းအလဲတွေ ကြုံတွေ့ရတတ်ပါတယ်။ မိမိလုပ်နေတဲ့ အလုပ်နေရာ ပြောင်းရွှေ့ရခြင်းမျိုး ကြုံရတတ်တယ်။ အလုပ်သစ်တစ်ခုလည်း လုပ်ရတတ်တယ်။ အိမ်နေရာအသင့် ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ အလုပ်သစ်တစ်ခုလည်း လုပ်ရတတ်တယ်။ ခရီးများ သွားနေရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးထူးစေပါလိမ့်မယ်။ မထင်မှတ်ဘဲ ငွေတစ်ခု သင်ကြားရတတ်တယ်။ မထင်မှတ်ဘဲ မြေဝင်တတ်တယ်။ အလုပ်ကောင်းသော်လည်း မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်သောကြောင့် သတိထားပါ။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ လက်အောက်ငယ်သား အတွက် စိတ်ညစ်ရတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတက်တာနှင့်အမျှ ဝစ်စာ၊ တိုင်စာမျိုးတွေလည်း ကြုံတွေ့ရတတ်တယ်။ အကြီးအကဲများက အကူအညီကောင်း ပေးလာလိမ့်မယ်။ အင်၊ စနေ နာမည်ပါသော ကျန်းမာရေးညံ့သည့် သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ပြည်ပခရီးဝေးသွားလျှင် အကျိုးပေးသော ကာလဖြစ်သောကြောင့် စာရွက်စာတမ်းကိစ္စများ ယခုကာလတွင် ပြုလုပ်ငှိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ ခြေထောက်တွင် အန္တရာယ် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူညွှန့်(၅)ညွှန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

သောကြာ၊ တနင်္ဂနွေ

**ညံ့သောရက်**

အင်္ဂါ၊ စနေ

**ကံကောင်းသောနံပါတ်**

၁၆၊ ၆၁၊ ၁၂၊ ၆၇

**အထူးသတိပြုရန်**

ယခုကာလတွင် မိမိခြံ၊ ကား ရောင်းချ၍ လုပ်ငန်းသစ် စတင်လုပ်ခြင်းမျိုး မပြုလုပ်ရပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းဆွမ်း ၆ ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မရသေးတာတွေ ရလာလိမ့်မယ်။ ရပြီးသားတွေ တိုးပွားလာမယ်။ အလှူအတန်းကိစ္စတွေ ကြုံရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်နေသူများ လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်မယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညံ့တဲ့သတင်း ကြားရတတ်တယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အမည်ပါတဲ့သူတွေ ရှိရင် တခြားကို ရွှေ့ထားပါ။ လက်အောက်ငယ်သားများနဲ့ ပတ်သက်ပြီး စိတ်ပူရတတ်တယ်။ လုပ်ငန်းတွေကို အင်နဲ့အားနဲ့ တိုးချဲ့ပါ။ ဖြတ်လမ်းနည်းတော့ မလိုက်ပါနှင့်။ လက်ရှိလုပ်နေတဲ့ အလုပ်ကို တိုးချဲ့လုပ်ပါ။ အလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီး သွားရတတ်တယ်။ မကြာခဏ ခရီးသွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်၊ ဦးခေါင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူညွှန့်(၅)ညွှန့်၊ ကနက္ကကဒါန်ထီးဖြူ(၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၁၊ ၂၇၊ ၇၂၊ ၇၆

### အထူးသတိပြုရန်

မိမိအိမ်အနီးတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်၊ အရူးတစ်ယောက် ကခုန်သောနိမိတ်တွေ့ပါက ဝင်လာစရာရှိသော လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ အဖွဲ့အစည်းတစ်ခုအတွင်းသို့လည်း ဝင်ရောက်ရတတ်တယ်။ အလုပ်တွေများပြီး နားချိန်မရလောက်အောင် ပင်ပန်းနေရတတ်တယ်။ အမွေရခြင်း(သို့မဟုတ်)မြေရတတ်တယ်။ ယခုကာလတွင် လက်ခံလိုက်ပါက အလဟဿ ကုန်သွားတတ်တယ်။ အထက်လူကြီး ကူညီမစတတ်တယ်။ ကြာသပတေး၊ စနေသားသမီးများ ကူညီစောင့်ရှောက်တတ်တယ်။ နိုင်ငံရပ်ခြားသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် ဆောင်ရွက်ပါ။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းဖို့ စိတ်မကူးပါနှင့်။ သူခိုးခိုးခံရတတ်တယ်။ မိမိမှာရှိတဲ့ ပစ္စည်းတွေကို ထုခွဲရောင်းချရတတ်တယ်။ ယခုရောက်ရှိနေတဲ့ ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါဝင်နေရင် ဂရုစိုက်ပါ။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်တတ်တယ်။ ဆွေမျိုးသားချင်းထဲမှ အသက်အရွယ်ကြီးသူတွေ ဆုံးပါးတတ်တယ်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျ၍ အိမ်ထောင်ရှိပြီးသူများ သားသမီးရတနာများ ထွန်းကားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ယပ်အံဝါ(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| ကြာသပတေး၊ စနေ |
| **ညံ့သောရက်** |
| တနင်္လာ၊ သောကြာ |
| **ကံကောင်းသောနံပါတ်** |
| ၅၆၊ ၅၇၊ ၇၁၊ ၇၅ |

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရ။
အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ထောပတ်သုတ်(သကြားမပါ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

**(၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလ)**

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ဗိုလ်တောက်(၅)လမ်း၊ မြို့သစ်(၇)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၁၀

## တနင်္ဂနွေသားသမီးများအတွက်

စက်ပစ္စည်းအဟောင်းတွေ ဝင်လာမယ်။ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရမယ်။ သားသမီးအတွက် စိတ်ပူရတတ်တယ်။ လူမျိုးခြား အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ရောက်ရမယ်။ ငွေနှင့်ပတ်သက်၍ ပူမင်သောက ရောက်ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို စာအုပ်တစ်အုပ် လက်ဆောင်ပေးပါ။

## တနင်္လာသားသမီးများအတွက်

ပျော်ရွှင်စရာကောင်းတဲ့ အလုပ်တွေ လုပ်ရတော့မယ်။ ငွေတွေလည်း ရမယ်။ ကိုယ်လုပ်သမျှ အောင်မြင်ပြီး အရာထင်တတ်တယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာတွေ ကြားရမယ်။ ငယ်ရွယ်သူများ ယခုကာလတွင် အိမ်ထောင် မပြုသင့်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရေခွက်တစ်ခွက် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ငွေကုန်ကြေးကျ များနေမယ်။ အညှံများ ရှိနေတတ်တယ်။ အစစအရာရာ သတိကြီးစွာ ထားရမယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ တရားရုံးနှင့် ပတ်သက်ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဒူးရင်းသီးမုန့် လက်ဆောင်ပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

အလုပ်တွေ များများလုပ်ရမယ်။ ဝန်ထမ်းတွေအဖို့ သင်တန်းတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုအတွင်း ဝင်ရခြင်းများ ကြုံရမယ်။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စမယ်။ ဘာသာရေးနှင့် ပတ်သက်သောပုံများ ဝင်လာမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်မုန့်တစ်ခု လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

လူပျို၊ အပျို ဖြစ်ပါက ချစ်သူကြင်ဖက်နှင့် တွေ့ရတတ်တယ်။ စက်ပစ္စည်းတစ်ခု ဝင်လာတတ်တယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ငွေရှာရလွယ်ပေမယ့် အဆင်မပြေ ဖြစ်တတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို စပါကလင် ဝယ်တိုက်ပါ။

---

## သောကြာသားသမီးများအတွက်

အချစ်ရေးတွင် သဘောထားကွဲလွဲတတ်တယ်။ ပြည်ပခရီး သွားရတတ်တယ်။ အလုပ်တွင် အတိုက်အခံ ပြိုင်ဘက်ပေါ်တတ်တယ်။ အကြီးအကဲက ကိုယ့်ကို ငြိုငြင်တတ်တယ်။ အလုပ်ပြောင်း၊ နေရာပြောင်းရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရွှေကြည်ဆနွင်းမကင်း ဝယ်ကျွေးပါ။

---

## စနေသားသမီးများအတွက်

မထင်မှတ်သောခရီး သွားရမယ်။ လူမျိုးခြားနှင့် အကျိုးပေးမယ်။ ငွေများဝင်ပေမယ့် အကုန်အကျ များနေမယ်။ မိမိလုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေဖြစ်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဗူး လက်ဆောင်ပေးပါ။

---

## ရာဟုသားသမီးများအတွက်

ငွေအစုလိုက် အပုံလိုက် ဝင်တတ်တယ်။ အလှူအတန်း မုချပြုလုပ်ရတတ်တယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ခရီးမကြာခဏ ထွက်ရတတ်တယ်။ စွပ်စွဲပြောဆိုခြင်း ခံရမယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို နန်းတင်ိုင်မုန့် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်ဂူဆရာတော် (၆၆)နှစ်မြောက် ဝိဇာတမင်္ဂလာ



မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကန်(၅)ရွာ ပရယိတ ရေထွက်တောရ ဘိုးဘွားမေ့စာရ ပဋိပတ္တိသာသနာ့ ရိပ်သာ ကျောက်ဂူတောရဆရာတော် ဦးကုန္ဒာစရိယ၏ သက်တော်(၆၆)နှစ်မြောက် ဝိဇာတမင်္ဂလာ အလှူတော်ပွဲကြီး ကို ၁၃၇၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်(၂၂-၁၀-၂၀၁၆)စနေနေ့တွင် အဆိုပါ တရားမေ့ရိပ်သာ၌ စည်ကား ခမ်းနားစွာ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ကျောက်ဂူတောရ ဆရာတော်မှ ဝိဇာတမွေးနေ့တွင် သံဃာတော်အရှင်မြတ်များအား ဆွမ်းဆောင်းလှူပွဲကြီး ကျင်းပ ပြီး ဘိုးဘွားများကိုလည်း တစ်ဦးလျှင် ၁၀၀၀၀ ကျပ်စီ လှူဒါန်း ပါသည်။

နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရား ဟောကြား တရားမေ့ ကျင်းပ၊ အစာအာဟာရများကျွေးမွေး၊ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးကာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ ပါသည်။

ဆရာမျိုး

---

## လေးကျွန်းသူဖောင်ဒေးရှင်း၏ ဒုတိယအကြိမ်မြောက် စုပေါင်းကထိန်

(၉-၁၁-၂၀၁၆)ရက်နေ့တွင် လေးကျွန်းသူ ဖောင်ဒေးရှင်း၏ ဒုတိယအကြိမ်မြောက် စုပေါင်းကထိန် အလှူတော် မင်္ဂလာကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

လေးကျွန်းသူဖောင်ဒေးရှင်း၏ ဒုတိယအကြိမ် စုပေါင်းကထိန်အလှူတော်တွင် ဘုရားအမှူးပြုသော သံဃာတော် ၄၅ ပါးအား ကထိန်သင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com





## လိုတာရ စွယ်စုံရှင် ရုပ်ပွားတော်မြတ်ကြီး ကြွချီတော်မူ

လိုတာရ စွယ်စုံရှင် ရုပ်ပွားတော်မြတ်ကြီးသည် ၁၃၇၈-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့(၁၄-၁၁-၂၀၁၆)တနင်္လာနေ့တွင် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ ၁၅ ရပ်ကွက်၊ ပန်းခြံ ၂၈၊ အောင်သုခ ၃ လမ်း၊ လှော်ကားအောက်ထိပ် ၁၂၄ ကားဂိတ်အဆုံးအနီးရှိ လိုတာရကျောင်းတိုက် ပရဟိတ မွေ့ရိပ်သာ မိတမဲ့ဂေဟာကြီးသို့ ကြွချီတော်မူခဲ့ကြောင်း သိရှိရသည်။

လိုတာရ စွယ်စုံရှင် ရုပ်ပွားတော်မြတ်ကြီးအား ပူဇော်ရသူတို့အဖို့ လာဘ်လာဘ ပေါ်ကြွယ်ဝခြင်း၊ ကျန်းမာဝဖြိုး စီးပွားတိုးစေခြင်း၊ ဉာဏ်ပညာထက်မြက်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရှိရသည်။

ဘုရားကြီး၏ ဗုဒ္ဓါဘိသေကပွဲတော်ကို ၂၀၁၇-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

## လယ်တီဝိပဿနာ စောင့်ရှောက်ထိန်းသိမ်းရေး သံဃာတော်များ ဗဟိုအဖွဲ့ ဖွဲ့စည်း

လယ်တီမှ အနာဂါမ်ဆရာသက်ကြီးနည်း ဝိပဿနာ သံဃာတော်များ ၄၅ ရက် တရားစခန်း ပျော်ဘွယ်ကြီးကျေးရွာ၊ ဒလမြို့နယ်၌ ကျင်းပသော ကမ္မဋ္ဌာနာစရိယ တရားစခန်းများသို့ တက်ရောက်ပွား များ အားထုတ်ခဲ့ပြီး ကမ္မဋ္ဌာနာစရိယ ဘွဲ့လက်မှတ် ရရှိခဲ့သော အရှင်မြတ်များဖြင့် ဖွဲ့စည်းမည်။

ထိုဌာန၏ နာယကဆရာတော်ကြီး ၉ ပါးမှ ကြီးကြပ်ရွေးချယ် ဖွဲ့စည်းတော်မူပါမည်။

ပွားများအားထုတ်ခဲ့ကြပြီး ကမ္မဋ္ဌာနာစရိယဘွဲ့ ရရှိတော်မူခဲ့သော အရှင်မြတ်တို့သည် အနာဂါမ်ဆရာ သက်ကြီး မွေးရပ် ပျော်ဘွယ်ကြီးရွာသို့ ကြွရောက်တော် မူကြရပါမည်။

မိမိတို့သက်ဆိုင်ရာ တိုင်းများအလိုက် ကိုယ်စားလှယ် ၂ ပါးကျစီ ရွေးချယ်ပေးရပါမည်။ တိုင်းကိုယ်စားလှယ်အသီးသီးမှ ရွေးချယ်သော သံဃာများထဲမှ ဗဟိုကိုယ်စားလှယ်နှင့် တိုင်းခေါင်း ဆောင် သံဃာတော်ကို ဗဟိုနာယကအဖွဲ့ဝင် သံဃာတော်ကြီး ၉ ပါးမှ ထပ်မံရွေးချယ်ပါမည်။

လယ်တီဝိပဿနာ ထိန်းသိမ်းစောင့်ရှောက်ရေး ဗဟို သံဃနာယကအဖွဲ့ဝင်များအဖြစ် ရွေးချယ်ခံရသော သံဃာတော် များနှင့် ပြည်နယ်၊ တိုင်း တာဝန်ခံ ဆရာတော်များအဖြစ် ရွေးချယ် ခံရသော သံဃာတော်များ မျက်နှာစုံညီ အစည်းအဝေးကို (၂၇-၁၂-၂၀၁၆)နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဒေါက်တာသက်ဆွေ


## သုံးရောင်ခြည်ဘုရားများ ဝယ်ယူပူဇော်နိုင်

ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြည်ဘုရား(ဦးရွှေအိုးဘုရား)များကို ဉာဏ်တော်အမြင့် ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မ မိမိ နှစ်သက်ရာ ဉာဏ်တော်ကို ဘုန်းရောင်ဂျာနယ်တိုက်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။ (ဖုန်း-၀၉-၂၅၁၀၂၂၃၁)

www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ထီးရိုးဆံတော်ရှင် ကျောက်လုံးတော်ကြီးအား ပထမဦးဆုံးအကြိမ် ဘုရားအနေကဇာတင်၊ ရေသပ္ပာယ်အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပပြုလုပ်



ကျိုက်ထီးရိုးဆံတော်ရှင် ကျောက်လုံးတော်ကြီးအား ပထမဦးဆုံးအကြိမ် ဘုရားအနေကဇာတင်အခမ်းအနား၊ ရေသပ္ပာယ်အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ကို (၂၄-၁၁-၂၀၁၆)ရက်နေ့ နံနက်ပိုင်းတွင် သာသနာရေးဝန်ကြီးဌာနက ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထိုအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒစရိယ ဆရာတော် (၄၇)ပါး ကြွရောက်ခဲ့ကြကြောင်း သိရှိရသည်။ ကြွရောက်ခဲ့ကြသော ဆရာတော်ကြီးများအား ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။



## တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်းမိသားစု ဝါတွင်း ဝါပ သောကြာဆွမ်းလောင်းအဖွဲ့၏ တတိယအကြိမ်မြောက် မဟာဒုတ်ဘုရားမဲနှင့် စာရေးတံမဲပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း မိသားစု ဝါတွင်း ဝါပ သောကြာဆွမ်းလောင်းအဖွဲ့၏ တတိယအကြိမ်မြောက် မဟာဒုတ်ဘုရားမဲနှင့် စာရေးတံမဲပွဲကို (၂၇-၁၁-၂၀၁၆) တနင်္ဂနွေနေ့တွင် စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကိုယ်စိတ် မြဲကြပါစေဟု ဆုပေးလျှက်ရှိရာ ချမ်းသာခြင်းတရားကို ကိုယ်နှင့်စိတ်တွဲလျှက် ရှိကြစေရ ဆုပေးခြင်းဖြစ်၏။

ချမ်းသာခြင်းဆိုသည်မှာလည်း ကိုယ်စိတ်နှစ်ပါးလုံး ချမ်းသာမှုကို ဆိုလို၏။

တချို့က ကိုယ်ချမ်းသာပြီး စိတ်မချမ်းသာ၊ စိတ်ချမ်းသာပြီး ကိုယ်မချမ်းသာနှင့် ရှိနေပြန်၏။

ကိုယ်ရောစိတ်ပါ ချမ်းသာမှုရှိစေရန်မှာ ရတနာမြတ်သုံးပါး အနန္တငါးပါး အမြဲမပြတ် ဆည်းကပ်နေမှသ ပြည့်စုံမည် ဆိုပါလျှင် • • •

www.burmeseclassic.com